# ရခိုင် နိဒါန်း

မောင်ပြူး(သံတွဲ)

# စာရေးသူ၏အမှာ

ဝသန္တမိုးရာသီ၏တောင်လေပြင်းပြင်းတိုက်ခတ်ချိန်များတွင်၊ လှိုင်းတံပိုးကြီးမားပြင်းထန်တတ်သည့် ကစ္ဆပနဒီကုလားတန်မြစ်ဝကို၊ လှိုင်းလေအလွန်ကြောက်ရွံ့တတ်သောကျွန်တော်သည်၊ အသဲတထိတ်ထိတ် ရင်တဖိုဖိုနှင့် နှစ်၂၀နီးပါးမျှစက်လှေစီး၍ ဖြတ်သန်းသွားလာခဲ့ပါပြီ။

အသက် ၂၅နှစ်ခန့်အထိ၊ ကျဉ်းမြောင်းသော ဒွါရာဝတီသံတွဲမြစ်ကမ်းနံဘေး ရွာတစ်ရွာတွင် ကြီးပြင်းခဲ့ရသဖြင့်၊ ဤမျှကြီးမားသော လှိုင်းတံပိုးတို့ကို မကြုံဖူး၊ မမြင်ဖူးခဲ့။ ထို့ကြောင့်ငယ်စဉ်ကပင် ကျွန်တော်လှိုင်းလေကို ကြောက်ရွံ့တတ်ခဲ့ပါသည်။ ယင်းသို့လှိုင်းတံပိုးကြောက်ရွံ့တတ်သော်လည်း၊ မဂဓမှသည် ဓညဝတီထိ ထွန်းကားခဲ့သော ယဉ်ကျေးမှုအမွေကို ဆက်ခံခဲ့သော ဝေသာလီသုတေသနနတ်၊ ပူးဝင်ညှို့ယူခြင်းကိုခံနေရသော ကျွန်တော်သည်၊ စစ်တွေမြို့နှင့် မိမိနေသောရွာကို၊ ရာဇဝင်ကျမ်းများ၊ ရှေးခေတ်သမိုင်းမှတ်တမ်းများ၊ သုတေသနမှတ်တမ်းများ တပွေ့တပိုက်နှင့် သည်လှိုင်းသည် လေကိုစက်လှေဖြင့် အကြိမ်ကြိမ်ဖြတ်ကျော်နေခဲ့ပါသည်။ ခေတ်ဟောင်းရခိုင်နှင့် ဝေသာလီသုတေသနနတ်၏ညှို့ငင်မှုဖြင့် လိုအပ်သောအထောက်အထားများ အနက်၊ ရာဇဝင်ကျမ်း၊ သမိုင်းကျမ်း၊ သုတေသနမှတ်တမ်းများကို စစ်တွေမြို့မှသာ ရရှိနိုင်ပေသည်။ စစ်တွေမြို့၌ရှာဖွေ၍၊ ငှားရမ်း၍မရနိုင်လျှင်၊ စစ်တွေမြို့မှတဆင့် ရန်ကုန်သို့မှာရသည်။ ထို့ကြောင့် စစ်တွေမြို့နှင့် ကျွန်တော်နေသောရွာကို နှစ် ၂၀ နီးပါးမျှမရပ်မနားသွားလာနေခဲ့ရလေသည်။

ကျွန်တော်စာစ၍ရေးချိန်ကို ၁၉၇၉–ခုနှစ်ဟု အမှတ်ရပါသည်။ စာရေးစက ကျွန်တော်ရေးသားသည်မှာ ဝတ္ထုတိုဖြစ်ပါသည်။ ကျွန်တော်ဖြစ်ချင်ခဲ့သည်မှာ ဝတ္ထုတိုဆရာဖြစ်ပါသည်။ သမိုင်းရေးရာများ၊ သမိုင်းသုတေသနဆောင်းပါး၊ စာတမ်းများရေးသားရန်မရည်ရွယ်ခဲ့ပါ။ သို့သော်သမိုင်းနှင့်ဗုဒ္ဓဘာသာဆိုင်ရာစာအုပ်အတော်အသင့်ကို လေ့လာဖူးခဲ့သည်။ သမိုင်းကိုနားလည်အောင်လေ့လာဖူးပါသည်။ ဝတ္ထုဆရာအနေဖြင့် ဝတ္ထုပင်ရေးရေး၊ ကဗျာပင်ရေးရေး၊ စာရေးရန်ကြိုးစားသူတစ်ဦးသည် သမိုင်းကိုနားမလည်ပဲရေးလျှင်၊ ပြည်သူ့အကျိုးပြုစာပေမဖြစ်နိုင်ဟူသော ခံယူချက်ကြောင့်ဖြစ်ပါသည်။ မှတ်မိသလောက် ၁၉၇၉–ရခိုင်တန်ဆောင်မဂ္ဂဇင်းမှ 'အမေ' ဝတ္ထုတို၊ ၁၉၈၀–ရခိုင်တန်ဆောင်မဂ္ဂဇင်းမှ 'အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့မျှော်လိုက်ရင်'ဝတ္ထုတို၊ ၁၉၈၁–ဖေဖော်ဝါရီလထုတ် စန္ဒာမဂ္ဂဇင်းမှ 'ဝေဒနာလား ရသလား'ဝတ္ထုတိုတို့သည် ကျွန်တော်စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သောဝတ္ထုတိုများဖြစ်ကြပါသည်။

၁၉၈၁–ခုနှစ်အတွင်း ကျွန်တော်သည် ဆရာကြီးမောင်ဗသိန်းနှင့် စတင်ရင်းနှီးခွင့်ရခဲ့ပါသည်။ ၁၉၈၅–ခုနှစ်ခန့်က စစ်တွေကောလိပ်မဂ္ဂဇင်းတွင် ကျွန်တော်'ရခိုင်ပြည်ဗုဒ္ဓဘာသာသမိုင်းဦး'ဆောင်းပါးကိုရေးသားပြီးနောက်၊ ဆရာကြီးမောင်ဗသိန်းက 'ဆရာ၊ ရခိုင်ခေတ်ဦးသမိုင်းနဲ့ ရခိုင်ဗုဒ္ဓဘာသာခေတ်ဦးသမိုင်းကို လေ့လာပြီး ဆောင်းပါးတွေ၊ စာတမ်းတွေရေးစေချင်တယ်၊ လိုအပ်တဲ့အကူအညီကို ကျွန်တော်ပေးမယ်။"ဟု အကြံပြုပါသည်။ ထိုအချိန်မှစ၍ သမိုင်းဦးသုတေသနဘက်သို့ ကျွန်တော်ဦးလှည့်ခဲ့ပါတော့သည်။

ဆရာကြီးမောင်ဗသိန်းက စစ်တွေမြို့သူ၏နေအိမ်သို့ဖိတ်ခေါ်၍၊ သူ၏ကိုယ်ပိုင်စာကြည့်တိုက်ကိုမွှေနှောက်ရှာဖွေခွင့်ပြုသည်။ ဆရာကြီး၏စာကြည့်တိုက်ကို အချိန်မရွေးအသုံးပြုခွင့် ရရှိခဲ့သည်။ စာအုပ်စာတမ်းငှါးရမ်းပေးကမ်းရာတွင် ဆရာစားမချန်၊ တွန့်တိုမှုမရှိသော ဆရာကြီး၏စာကြည့်တိုက်ကိုအသုံးပြုခွင့်ရခြင်းသည် ကျွန်တော့်အဖို့အခွင့်ကောင်းဖြစ်သည်။ ထိုအခွင့်အရေးကို ကျွန်တော်လက်လွှတ်မခံ။ တန်ဘိုးရှိရှိအပြည့်အဝအသုံးချခဲ့သည်။ ဆရာကြီးထံမှ၊ ရာဇဝင်၊ သမိုင်း၊ စာတမ်းများစွာကို ငှါးရမ်း၍ ခြောက်နှစ်ခန့်မနားမနေကူးယူခဲ့ပါသည်။ ထိုစဉ်က စစ်တွေမြို့တွင် မိတ္တူကူးစက်မရှိသေး။

အချို့ကျမ်းများကို၊ တကျမ်းလုံးကူးယူရသည်။ အချို့ကျမ်းများကမူ မှတ်စုထုတ်ယူသည်။ ကိုယ်ပိုင်လိုအပ်သောစာအုပ်များကို ဝယ်ယူရပါသည်။ ငွေကြေးမတတ်နိုင်သောအချို့စာအုပ်များကို ဆရာကြီးကဝယ်ပေးပါသည်။ ဆရာကြီး၏စာကြည့်တိုက်တွင် မရှိ၍၊ ကျွန်တော်လိုချင်သောစာအုပ်များကို ဆရာကြီးကရှာဖွေငှါး

ပေးပါသည်။ မိတ္တူကူးစက်ပေးလာသောခါ စစ်တွေတွင် မိတ္တူကူးပေးသည်။ ဤသို့ဖြင့် ကျွန်တော်တွင် ရာဇဝင်ကျမ်းများ၊ သမိုင်းမှတ်တမ်းများ၊ ကျောက်စာဓါတ်ပုံများ၊ သုတေသနမှတ်တမ်းများ၊ ပြည်ပသုတေသီများ၏သမိုင်းစာတမ်းများ အတော်အသင့် ပြည့်စုံလာသည်။ ယင်းတို့ကိုရှာဖွေယင်း၊ စုဆောင်းယင်း။ လေ့လာယင်းပင် သမိုင်းဦးဆိုင်ရာဆောင်း ပါးများကျွန်တော်ရေးသားခဲ့ပါသည်။

မြောက်ဦးမြို့ရှိ၊ အာနန္ဒစန္ဒြကျောက်စာအထောက်အထားအရ၊ ရခိုင်တွင် ဘီစီ–၇–ရာစုတွင် မြို့ပြနိုင်ငံ ထူထောင်ပြီးဖြစ်ပါသည်။ အေဒီ–၃၇၀–မှအစပြုသော စန္ဒြမင်းဆက်ကို ဝေသာလီခေတ်ဟုသတ်မှတ်လျှင်၊ ဘီစီ–၇ရာစုမှအေဒီ ၃၇၀–ထိမင်းဆက်ကို ရာဇဝင်ကညွှန်ပြသောဓညဝတီမင်းဆက်ဟု သတ်မှတ်ရပေမည်။ ထို့ ကြောင့် ရခိုင်ခေတ်ဦးမှ ဓညဝတီမြို့ပြယဉ်ကျေးမှုသည်၊ ကျောက်စာအထောက်အထားအရ မြန်မာနိုင်ငံတွင် ရှေးအကျဆုံး မြို့ပြယဉ်ကျေးမှုဖြစ်သည်ဟုဆိုရပါမည်။ ရှေးခေတ်ရာဇဝင်ကျမ်းများ၊သုတေသီတို့ ရေးသားချက်များနှင့်၊ ကျွန်တော်တို့ ကွင်းဆင်းလေ့လာမှုများအရ၊ ရခိုင်၊ဓညဝတီ၊ ဝေသာလီခေတ်တို့တွင် ထွန်းကားခဲ့သော ရခိုင် ယဉ်ကျေးမှုသည်၊ ဂင်္ဂါမြစ်ဝှမ်းယဉ်ကျေးမှုမှဆင်းသက်လာသော ယဉ်ကျေးမှုဖြစ်ကြောင်းတိတိကျကျ သိရပါ သည်။

မဂဓ၊ ကောသလစသောနယ်မြေများ၌ ဘီစီ–၇–ရာစုမတိုင်မီမှ အေဒီ–၅–ရာစုထိပျံ့နှံ့နေထိုင်ခဲ့ကြသော၊ ရခိုင်တို့၏ဘိုးဘွားများဖြစ်သည့် ‘ကိရာတ’ခေါ်‘အင်ဒိုမွန်ဂိုလွိုက်’ တို့သည်။ အာရိယံယဉ်ကျေးမှုကိုရော၊ မွန်ဂို လွိုက်ယဉ်ကျေးမှုကိုပါ၊ ရခိုင်ဒေသသို့သည်ဆောင်ခဲ့ကြပါသည်။ ရခိုင်ဒေသ၊ ကုလားတန်မြစ်ဝှမ်းနှင့်၊ လေးမြို့ မြစ်ဝှမ်းတို့တွင် ထွန်းကားခဲ့သည့် ရခိုင်ယဉ်ကျေးမှုသည်၊ ထိုယဉ်ကျေးမှုများကို အမွေခံယူထားသောယဉ်ကျေး မှုများဖြစ်ကြပါသည်။

မြန်မာနိုင်ငံတွင် ပျူ၊ ရခိုင်နှင့်မွန်တို့သည် အစောဆုံးယဉ်ကျေးသူများဖြစ်ကြပါသည်။ ရခိုင်ယဉ်ကျေး မှုသည် အာရိယံယဉ်ကျေးမှုနှင့် မွန်ဂိုလွိုက်ယဉ်ကျေးမှုတို့မှ ဆန်ခါချစစ်ယူထားသော ယဉ်ကျေးမှုဖြစ်ပါသည်။ ကျွန်တော်သည်ခေတ်ဦးရခိုင်ယဉ်ကျေးမှုနှင့်သမိုင်း၊ အထူးသဖြင့် ကိုးကွယ်ယုံကြည်မှုဆိုရာ ဘာသာယဉ်ကျေး မှုကိုရရှိသမျှ အထောက်အထားအားဖြင့် စူးစမ်းမိပါသည်။ ယခုစုပေါင်းတင်ပြထားသော ဆောင်းပါးများမှ ထိုစူးစမ်းလေ့လာမှု၏အသီးအပွင့်အချို့ဖြစ်ပါသည်။ ကြီးမားကျယ်ပြန့်သော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထုထည်ကြီးမားသောယဉ်ကျေးမှုအထောက်အထားများကို ရှာဖွေ၊ ဖော်ထုတ်ထိန်းသိမ်းရန်၊ ရှေ့သို့ပိုမိုတိုးတက် အောင် ဆောင်ရွက်ရန် ကျွန်တော်တို့တွင် တာဝန်ရှိပါသည်။ ယခုတင်ပြချက်များသည်၊ အထောက်အထား၊ အကိုးအကားပြည့်စုံလုံလောက်မှုမရှိပဲ ရေးသားထားချက်များဖြစ်သဖြင့် ပြီးပြည့်စုံသည်ဟုမယူဆပါ။ ဘာသာ ယဉ်ကျေးမှုကဏ္ဍ၏အစိတ်အပိုင်းအချို့သာဖြစ်ပါသည်။ သို့သော် အနာဂတ်လူငယ်များ၊ သည်ကဲ့သို့တာဝန် များဆောင်ရွက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှအထောက်အကူဖြစ်နိုင်ရန် ရည်ရွယ်ပါသည်။

၁၉၉၅–ခုနှစ်တွင် အေဒီ–၁၀ရာစုထိအမြင်သစ်ရခိုင်ပြည်ဗုဒ္ဓသာသနာသမိုင်းကို ကျွန်တော်ပြုစုပြီးဖြစ်ခဲ့ ပါသည်။ ယင်းသမိုင်းစာတမ်းကို၊ ယင်းနှစ်ဒီဇင်ဘာလတွင်၊ စစ်တွေမြို့၌၊ စာရေးဆရာများ၊ သုတေသီများကို ပင့်ဖိတ်၍ ဖတ်ကြားတင်ပြခဲ့ပါသည်။ သို့သော်ဤစာအုပ်ပါဆောင်းပါးများသည် ယင်းစာတမ်းပါစာတမ်းငယ် များမဟုတ်ပါ။ ၁၉၈၆–ခုနှစ်မှ၂၀၀၂–ခုနှစ်အတွင်း မဂ္ဂဇင်းများတွင် ကျွန်တော်ရေးသားခဲ့သောဆောင်းပါအချို့ ကိုခေတ်အလိုက်၊ ကဏ္ဍာအလိုက်စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

ရခိုင်တွင် သမိုင်းမတင်မီခေတ်အထောက်အထားနှင့်ပတ်သက်၍ တွေ့ပင်တွေ့ရှိရသော်လည်း နည်းပါး သေးသဖြင့် ပညာရှင်များ၏ရေးသားထားချက်များ၊ အရှေ့တောင်အာရှ၊အိန္ဒိယဘင်္ဂလားစသောနယ်မြေများနှင့် ဆက်စပ်၍ တွေးဆရေးသားပါသည်။ ရခိုင်တို့ရခိုင်မြေသို့ဝင်ရောက်လာမှုနှင့် ပတ်သက်၍၊ ဤလမ်းကြောင်း သည်အမှန်ပင်ဖြစ်ငြားသော်လည်း၊ အကိုးအကားမပြည့်စုံသဖြင့် မဝန့်မရဲရေးရပါသည်။ ဓညဝတီမြို့ တည်ဆောက် မှုနှင့်ပတ်သက်သောအယူအဆကိုကား ရဲရဲဝန့်ဝန့်ပင်တင်ပြထားပါသည်။ အခိုင်မာဆုံးအနေ ဖြင့်တင်ပြထားသည်မှာ ဝေသာလီမင်းဆက်ပြဿနာဖြစ်ပါသည်။ ကျောက်စာနှင့် ရာဇဝင်ကိုညှိနှိုင်းတင်ပြ သော

ကျွန်တော်၏အယူအဆဖြစ်ပါသည်။ ရာဇဝင်လာစန္ဒြမင်းဆက်သည် အာနန္ဒစန္ဒြနောက်ဝေသာလီတွင် စိုးစံ ခဲ့သောမင်းဆက်ဖြစ်ပြီး၊ ပဥ္စာမြို့တည်နှစ်သည် အေဒီ ၈၁၈–မဟုတ်ပဲ၊ အေဒီ–၁၀၁၈–ဖြစ်ကြောင်းခိုင်မာစွာ တင်ပြထားပါသည်။ ယင်းအပြင်ကျောက်စာတွင် မင်း–၁၆ပါးဟုဆိုသော်လည်း၊ ၁၃–ပါးသာရေတွက်ရသဖြင့်၊ ကျောက်စာရေးထိုးရာတွင် ချန်ထားခဲ့သောမင်းတစ်ပါးကို ဒင်္ဂါးအထောက်အထားဖြင့် ရှာဖွေတင်ပြထားပါသည်။

ဓညဝတီခေတ်နောက်ပိုင်း၊ ဝေသာလီခေတ်ရခိုင်ပြည်ဗုဒ္ဓသာသနာကိုတင်ပြရာတွင် ရုပ်ဝတ္ထုပစ္စည်းအထောက်အထားများနှင့်၊ သာသနာ့သမိုင်းမှတ်တမ်းများ၊ သုတေသီပညာရှင်များ၏ရေးသားမှုများကို ကိုးကား၍တင်ပြထားသဖြင့် ရာဇဝင်ဆရာများ၏ရေးသားမှုနှင့်ကွဲပြားခြားနားသည်ကို တွေ့ရပါသည်။ ဝေသာလီခေတ်က ရခိုင်ပြည်တွင် ထေရဝါဒဗုဒ္ဓသာသနာနှင့် ခေတ်ဦးမဟာယနဗုဒ္ဓသာသနာလည်းယှဉ်တွဲထွန်းကားလျှက်ရှိခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့ရပါသည်။ နောက်ဆုံးအနေဖြင့် ရခိုင်သမိုင်းနှင့်ပတ်သက်၍ အရေးပါသည်ဟုထင်ရသော ဆောင်းပါးအချို့ကိုရွေးချယ်၍တင်ပြထားပါသည်။

သမိုင်းစဉ်နှင့်ပတ်သက်၍လည်းကောင်း၊ သာသနာထွန်းကားခဲ့ပုံနှင့်ပတ်သက်၍လည်းကောင်း၊ ကျောက်စာ၊ ရုပ်ထု၊ ရုပ်ကြွများ၊ ခေတ်ပြိုင်မှတ်တမ်းများ၊ သမိုင်းသုတေသီတို့ရေးသားချက်များသည်၊ ရာဇဝင်များထက်ပို၍ ခိုင်မာပါသည်။ ရုပ်ထုရုပ်ကြွင်းကျောက်စာများကား၊ ထိုခေတ်ကအခြေအနေကိုဖော်ပြနေသည့် ခိုင်မာသောအထောက်အထားများဖြစ်ကြပါသည်။

ရာဇဝင်များတွင် ကိုယ့်အမျိုးကိုမြင့်တင်လိုစိတ်ဖြင့်၊ ၅၅၀–ထဲမှ သာကေအချို့ကိုမိမိတို့မြေပေါ်တွင် ဖြစ်ခဲ့လေဟန်ရေးသားမှုများရှိခဲ့၏။ ဤသို့ရေးသားမှုမျိုးကား မြန်မာ၊ ရခိုင်၊ မွန်နှင့် ရှမ်းရာဇဝင်များတွင်သာမက၊ အေဒီ–၄ရာစုကဒီပဝံသ၊ အေဒီ–၆–ရာစုကမဟာဝံသကျမ်းများ၌ပင် မလွတ်ကင်းချေ။ လူမျိုးတမျိုး၏ကောင်းသောအရည်အချင်းကို အကဲခတ်ကာ၊ အမှန်ကိုတွေ့ရှိအောင် သုတေသနပြုဖော်ထုတ်ရေးသားမှသာလျှင်၊ ထိုလူမျိုးကိုဂုဏ်ပြုအမွှမ်းတင်ရာရောက်မည်ဖြစ်၍ ထိုနည်းကိုကျွန်တော်နှစ်သက်ပါသည်။ သမိုင်းကိုယထာဘူတကျကျ တင်ပြသုံးသပ်ပြီး၊ အကောင်းအဆိုးကို သင်ခန်းစာယူကာ၊ အမှန်ကိုလျှောက်လှမ်းရန် ကြိုးပမ်းမှု၊ တိုးတက်အောင်ဆောင်ရွက်မှုသည်ပင် သမိုင်းလေ့လာမှု၏ပန်းတိုင်ဖြစ်သင့်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် မိမိတို့သမိုင်းကို ပြန်လည်သုံးသပ်၍ နိုင်းနိုင်းချိန်ချိန်ရေးသားချိန်တန်ပါပြီ။

အမှန်တော့ ရခိုင်ခေတ်ဦးအကြောင်းကို ရေးသားရာတွင် မြန်မာနိုင်ငံရှိ စာအုပ်စာတမ်းအထောက်အထားမျှဖြင့် ပြည့်စုံမည်မထင်ပါ။ စစ်တကောင်း၊ ကာလကတ္တား၊ နယူးဒေလီ၊ ကိုလံဘို၊ ပီကင်း၊ ပဲရစ်၊ လန်ဒန်၊ မော်စကိုစာကြည့်တိုက်များအပြင် အောက်စဖို့တက္ကသိုလ်စာကြည့်တိုက်၊ ကင်းဗရစ်တက္ကသိုလ်စာကြည့်တိုက်ကိုပါ ဝင်ရောက်လေ့လာဖို့လိုအပ်ပေမည်။ ယင်းစာကြည့်တိုက်များတွင် ၁၅–နှစ်ခန့်လေ့လာ၍၊ ကွင်းဆင်းသုတေသနနှင့်ပေါင်းစပ်လျှင် အတော်အတန်ပြည့်စုံနိုင်ပါမည်။

ကျွန်တော်သည် ဝန်ထမ်းဘဝဖြင့် အကြပ်အတည်းရှိသဖြင့်၊ စစ်တွေ၊ ရန်ကုန်တို့မှစာအုပ်တစ်အုပ်စ နှစ်အုပ်စဝယ်ယူရန်ပင် အခက်အခဲရှိသူဖြစ်ပါသည်။ အစားမမှန်၊ အအိပ်မမှန်ဖြင့် စာအုပ်စာတမ်းများအကြားတွင် သုတေသန ရူးရူးနေသော ကျွန်တော်သည် မိသားစုစားဝတ်နေရေးကြပ်တည်းမှုကိုလည်း လှည့်မကြည့်ခဲ့ပါ။ ကျွန်တော်တို့ဇနီးမောင်နှံ လစာငွေဖြင့် မိသားစုစားဝတ်နေရေး၊ သားသမီးပညာရေးအတွက် မလုံလောက်ပါ။ မိမိ၏လစာငွေကိုစာအုပ်စာတမ်းဝယ်ရန်သာ ကျွန်တော်စဉ်းစားပါသည်။ ဇနီးမှာကျန်းမာရေးဌာနဝန်ထမ်းဖြစ်၍၊ ကျေးလက်ဒေသတွင် သူမ၏အပြင်ဝင်ငွေဖြင့် မိသားစုပြဿနာကိုဖြေရှင်းရှာပါသည်။ တခြားသူများ၊ စီးပွားရေးလုပ်ငန်းဖြင့်၊ ပြင်ပဝင်ငွေမနားမနေရှာဖွေကာ၊ ပစ္စည်းဥစ္စာတိုးတက်များပြားလာစေရန် ကြိုးစားနေသည့်ယခုအချိန်မျိုးတွင်၊ ခေတ်ဦးရခိုင်နှင့် ဓညဝတီ၊ ဝေသာလီကိုလိုက်ရှာယင်း၊ စာအုပ်စာတမ်းများအကြားတွင် သုတေသနမှော်ဝင်နေသော ကျွန်တော်အား တစ်ကြိမ်တစ်ခါမျှအပြစ်ဆို၊ ငြီုငြင်မှုမရှိခဲ့ပါ။ လိုအပ်လျှင်တတ်စွမ်းသရွေ့ပင် ကူညီအားပေးခဲ့ပါသည်။ သူမသည်ကျွန်တော့်အား နားလည်ခွင့်လွှတ်သောဇနီးကောင်း တစ်ဦးမဟုတ်ခဲ့လျှင်၊ ကျွန်တော်သည် စာရေးခြင်းအလုပ်ကို လုပ်နိုင်ခဲ့မည်မဟုတ်ပါ။

ယခုမူ အခက်အခဲအမျိုးမျိုးအကြားမှ ဒုက္ခခံ၍လေ့လာရေးသားခဲ့သည့်၊ မဂ္ဂဇင်းဆောင်းပါးအချို့ကို၊ စာရှုသူများထံမှ စုစည်းတင်ပြခွင့်ရသဖြင့် ထုတ်ဝေသူ ဦးလှမြင့် (ရခိုင်သားကြီးစာပေ)အားလည်း အထူးပင် ကျေးဇူးတင်မိပါသည်။ ကျွန်တော်၏ခေတ်ဦးရခိုင်နှင့်ပတ်သက်သောရေးသားမှု၊ တင်ပြမှုများနှင့်ပတ်သက်၍ စာဖတ်သူများ၏ကောင်းသောရည်ရွယ်ချက်ဖြင့် အကြံပြုဝေဘန်မှုကိုအမှန်ပင်လိုလားပါသည်။

နိဂုံးအားဖြင့်၊ ယခုကဲ့သို့လေ့လာရေးသားနိုင်ရန်၊ ကိုယ်ပိုင်စာကြည့်တိုက်ကို မွေနှောက်ရှာဖွေခွင့်ပြုကာ၊ အဖက်ဖက်ကမှ အကြံပြု၊ အကူအညီပေးခဲ့သော သုတေသီဆရာကြီး မောင်ဗသိန်းအား၊ အထူးလေးစားစွာဖြင့် ကျေးဇူးတင်ရှိပါကြောင်း ရေးသားလိုပါသည်။

ယင်းအပြင်၊ စီးပွားရေးအကြပ်အတည်းများအကြားမှ ငြိုငြင်တားဆီးခြင်းမပြုပဲ၊ စာပေလေ့လာရေသားမှုကို အားပေးကူညီခဲ့သော၊ ဒုက္ခခံဘက်ဖြစ်သည့် ကျွန်တော်၏ဇနီးဒေါ်ခင်သိန်းအားလည်း ကျေးဇူးစကားမဆိုလျှင် ပြည့်စုံမည်မဟုတ်ပေ။

**မောင်ပြုး(သံတွဲ)**

# စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်း 'ဦးတင်ဖေ'ဖြစ်သည်။ ဖခင်ဦးညီငွေ၊ မိခင်ဒေါ်တင်ခတို့မှ၊ ၁၉၅၄–ခုနှစ်တွင်၊ သံတွဲမြို့နယ်၊ ကင်းမော်ရွာ၌မွေးဖွားခဲ့သည်။ ငယ်မည် 'မောင်ပြုံး'ဖြစ်သည်။ ၁၉၆၄–ခုနှစ်တွင်၊ ကင်းမော်ရွာအစိုးရမူလတန်းကျောင်းမှ စတုတ္ထတန်းအောင်မြင်သည်။ ၁၉၇၁–ခုနှစ်တွင် ကင်းမော်ရွာအခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကိုအောင်မြင်ခဲ့သည်။ ၁၉၇၂–တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ဆက်လက်ပညာသင်ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်များ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီတွင်၊ သံတွဲခရိုင်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဂီတမှူးအဖြစ်လည်းကောင်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်းကောင်မတီဝင်အဖြစ်လည်းကောင်း၊ 'တောင်ကုတ်၊ သံတွဲ၊ ဂွ(မိသားစုပိုင်း)ပညာသင်ထောက်ပံ့ရေးအသင်း"တွင် သံတွဲမြို့နယ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တာဝန်များထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၇–ခုနှစ်တွင် ၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ 'ဒဿနိကဗေဒ'ပညာရပ်ကို 'ဒဿနိကဗေဒ ပြဿနာများ' ဘာသာရပ်၌ ဂုဏ်ထူးဖြင့် အောင်မြင်၍၊ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၇၉–ခုနှင့်၊ ၁၉၈၀–ခုနှစ်ထုတ် ရခိုင်တန်ဆောင်မဂ္ဂဇင်းများတွင် 'အမေ'အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့မျှော်လိုက်ရင်' ဝတ္ထုတိုများ၊ ၁၉၈၁–ခုနှစ်ဖေဖော်ဝါရီလထုတ် စန္ဒာမဂ္ဂဇင်းတွင် 'ဝေဒနာလားရသလား' ဝတ္ထုတိုဖြင့်၊ စာရေးသားမှုကိုစတင်ခဲ့သည်။

၁၉၈၁–ခုနှစ်မှစ၍ ရခိုင်ပြည်နယ်အတွင်း၊ မြို့နယ်မဂ္ဂဇင်းများတွင် ဝတ္ထုတိုများရေးသားခဲ့သည်။ ၁၉၈၆–ခုစစ်တွေကောလိပ်မဂ္ဂဇင်းမှ 'ရခိုင်ပြည်ဗုဒ္ဓသာသနာသမိုင်းဦး' ဆောင်းပါးဖြင့် ရခိုင်ခေတ်ဦးသမိုင်း သုတေသနဆောင်းပါးများစတင်ရေးသားခဲ့သည်။ ၁၉၉၄–ခုနှစ်တွင်၊ နှစ်၂၀–ပြည့် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ်ကျင်းပသော 'ရခိုင်ပြည်နယ်လုံးဆိုင်ရာ၊ ဌာနဆိုင်ရာ စာတမ်း/ရတု/စာစီစာကုံးပြိုင်ပွဲ'တွင် "ရခိုင်ပြည်နယ်အတွင်းသာသနာတော်ထွန်းကားပြန့်ပွားရေး" စာတမ်းဖြင့် ပထမဆုရရှိခဲ့သည်။ ၁၉၉၅–ခုနှစ်တွင် 'အမြင်သစ် ရခိုင်ပြည်ဗုဒ္ဓသာသနာသမိုင်း(အေဒီ–၁၀ရာစုထိ)' စာတမ်းကိုစစ်တွေမြို့တွင် ဖတ်ကြားခဲ့သည်။

ယခုအခါ ရခိုင်ပြည်နယ် အ.ထ.က(၄)စစ်တွေတွင် အလယ်တန်းပြဆရာအဖြစ်တာဝန်ထမ်းဆောင်လျက်၊ ရခိုင်ပြည်နယ်အတွင်းမှထုတ်ဝေသောမဂ္ဂဇင်းများ၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ရွှေအောင်လံမဂ္ဂဇင်းများတွင်၊ သမိုင်းသုတေသနဆောင်းပါးများ၊ ဝတ္ထုတိုများ၊ ဘာသာရေးဆောင်းပါးများရေးသားလျက်ရှိပြီး၊ ပေါက်တောရွှေမြေမဂ္ဂဇင်းတွင် တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

# သမိုင်းမတင်မီ ရခိုင်ခေတ်ဦးလူမျိုးနွယ်များ

သမိုင်းမတင်မီရခိုင်ခေတ်ဦးလူမျိုးနွယ်များကို ရှာဖွေရန်ကြိုးစားပါသည်။ သုတေသနတူးဖေါ်မှုနည်းပါးခြင်း၊ လက်လှမ်းမမှီသော စာအုပ်စာတမ်းများရှိနေသေးခြင်းတို့ကြောင့် ပြည့်စုံလုပြီဟုမယူဆပါ။ သို့သော် ရရှိသမျှ၊သိရှိထားသမျှတို့ကို ညှိနှိုင်းတိုက်ဆိုင်ကြည့်သောအခါ ရခိုင်ခေတ်ဦးအခြေအနေရုပ်လုံးပေါ်လာပါသည်။ သမိုင်းမတင်မီရခိုင်ခေတ်ဦးအခြေအနေအတွက် အထောက်အထား နည်းပါးသေးသဖြင့်၊ စစ်တကောင်း၊ အိန္ဒိယ၊ တရုပ်၊ အင်ဒိုချိုင်းနား၊ မြန်မာပြည် စသည့်အိမ်နီးချင်းများနှင့် ပတ်သက်သော ခေတ်ပြိုင်အခြေအနေတို့ကို ရခိုင်ပြည်နယ်မှတွေ့ရှိချက်များနှင့် တိုက်ဆိုင်ညှိယူပါသည်။ ကမ္ဘာတဝှန်းကရော၊ မြန်မာနိုင်ငံကပါလေးစားသော သုတေသီတို့၏အဆိုများကို ကိုးကားပါသည်။ ယင်းတို့၏အဆိုများနှင့် ရခိုင်ဒေသခေတ်ဦးအထောက်အထားများကို ညှိ၍တွေးဆပါသည်။ ထို့ကြောင့် မိမိ၏အနုမာနလည်းပါသည်။ အချို့နေရာများတွင် ယူဆချက်ကို အတိအကျပြောရပါသည်။ အတော်ကျယ်ကျယ်ပြန့်ပြန့်ပြောချင်သော်လည်း မဂ္ဂဇင်းစာမျက်နှာခွင့်ပြုသည့် အတိုင်းအတာအတွင်း သရုပ်ပေါ်အောင်ကြိုးစားတင်ပြထားပါသည်။

ရခိုင်ကမ်းရိုးတန်းဒေသတွင် သမိုင်းမတင်မီခေတ်ဦးလူသားတို့နေထိုင်ခဲ့သည့် အထောက်အထားများကျန်ရစ်ပါသည်။ အထောက်အထားများရရှိနိုင်သောနေရာများစွာ ရှိပါသည်။ သို့သော်၊ မြစ်ရေ၊ ချောင်းရေ၊ မိုးရေ၊ မီး စသည်တို့ဖျက်ဆီး၍များစွာပျောက်ကွယ်ခဲ့ပါသည်။ ကုလားတန်မြစ်ဝှမ်း၊ လေးမြို့မြစ်ဝှမ်း၊ဒွါရာဝတီမြစ်ဝှမ်းနှင့် တောင်ကုန်းတောင်တန်းများတွင် သမိုင်မတင်မီခေတ်ဦးဆိုသည်မှာ ကျောက်ခေတ်ကိုရည်ညွှန်းပါသည်။ သို့သော်ကြေးခေတ်သံခေတ်ထိတစွန်းတစရေးရပါသည်။ သို့မှသာသမိုင်းဖြစ်ပေါ်တိုးတက်မှုအဆက်အစပ်ကိုမြင်သာပါမည်။

ဝမ်းရေးအတွက် မုဆိုး၊ တံငါးအဆင့်တွင်ရှိနေပြီး၊ ကျောက်ဂူများအတွင်းနေထိုင်ရသေးလျှင်၊ ယဉ်ကျေးမှုအဆင့်နိမ့်ပြီးကျောက်ခေတ်ဦး(**PALEOLITHIC**) ယဉ်ကျေးမှုအဆင့်ရှိသူများဖြစ်ကြပါသည်။ အနည်းငယ်ချောမွတ်သော လက်နက်များသုံးစွဲလာသောခေတ်ကို ကျောက်ခေတ်လယ်(**MESOLITHIC**) ယဉ်ကျေးမှုဟုဆိုပါသည်။ မွေးမြူရေးစိုက်ပျိုးရေလုပ် ကိုင်တတ်လာပြီး၊ ချောမွတ်လုပသောကျောက်လက်နက်ပစ္စည်းများလုပ်ကိုင်တတ်လာသောခေတ်ကို ကျောက်ချောခေတ်(**NEOLITHIC**) အဆင့်ရောက်ပြီဟု (ကိုး–၁။ စာ–၁၇) ဆိုပါသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတွင် ကျန်ရစ်သောကျောက်လက်နက်များ၊ အိုးခွက်များ၊ စားကြွင်းစားကျန်များကိုလေ့လာ၍၊ ကျောက်ခေတ်လယ်ထိတိုးတက်သောလူသားတို့နေထိုင်ခဲ့ကြကြောင်းကို သိရသည်။ သို့သော်ထိုထက်စော၍၊ ကျောက်ကြမ်းခေတ်တွင်လည်း၊ မြန်မာနိုင်ငံတွင် ခေတ်ဦးလူသားတို့နေထိုင်ခဲ့ကြကြောင်းသိရသည်။ (မြန်မာနိုင်ငံတွင်ဆိုခဲ့ပြီးသော ခေတ်ဦးလူသားတို့အသက်မွေးနေထိုင်ပုံသည်၊ ဂျားဗား၊ တရုပ်၊ အိန္ဒိယမြောက်ပိုင်းစသော အာရှအရှေ့ပိုင်းနိုင်ငံတို့၌ ပေါ်ထွန်းခဲ့သော လူသားတို့နှင့် တခေတ်တည်းဖြစ်သည်ဟု၊ မြန်မာ့ကျောက်ခေတ်ကိုလာရောက်သုတေသနပြုခဲ့သည့် **H.L.MOVILIS** က(ကိုး–၂။စာ–၇၂) ဆိုပါသည်။) ရခိုင်ဒေသတွင်လည်း ကျောက်ခေတ်ကလူသားတို့နေထိုင်ခဲ့ကြသော အထောက်အထားများကို တွေ့ရပါသည်။

(သမိုင်းပညာရှင်များက မြန်မာနိုင်ငံတဝှန်းလုံး၏ ကျောက်ခေတ်လယ်ကာလကို**BC** ၁၆၀၀၀မှ **BC** ၅၀၀၀ အတွင်း ဟုခန့်မှန်းကြပါသည်။) မြန်မာနိုင်ငံတွင် ကျောက်ခေတ်လယ်နှင့်ပတ်သက်သော အထောက်အထားနည်းပါးပါသည်။ **PLEISTOCENE** ခေါ်နှင်းခဲခေတ်ကိုလွန်မြောက်၍ အချိန်ကာလအတန်ကြာညောင်းလာသောအခါ ကျောက်ချော ခေတ်ကို **BC** ၅၀၀၀–မှ**BC** ၂၀၀၀အတွင်းဟု ပညာရှင်များသတ်မှတ်ကြပါသည်။

မြန်မာနိုင်ငံတွင် ကျောက်ချောခေတ်လက်နက်များကို မိုးကြိုးသွားဟုခေါ်ကြပါသည်။ ယင်းကဲ့သို့သော မိုးကြိုးသွားများကို မြောက်ဘက် ကချင်တောင်တန်းမှ တောင်ဘက် မြိတ်အထိလည်းကောင်း၊ အရှေ့ဘက်ရှမ်းကုန်း

ပြင်မြင့်မှ အနောက်ဘက်သံတွဲနယ်အထိလည်းကောင်း တွေ့ရှိရပါသည် (ကိုး–၆)။

ရခိုင်ပြည်နယ်အတွင်း၌ အဆိပါမိုးကြိုးသွားဆိုသည်ကို မြောက်ပိုင်းမှတောင်ပိုင်းအထိတွေ့ရပါသည်။ အချို့ကမိုးကြိုးသွားဟုခေါ်၍၊ အချို့ကကျောက်ဒါး၊ ကျောက်ပုဆိန်ဟုပုံစံကိုလိုက်၍ခေါ်ပါသည်။ ထိုမိုးကြိုးသွားများကို ရခိုင်ပြည်နယ်တောင်ပိုင်းကျေးရွာများတွင် ဘေးအန္တရာယ်ကင်းရှင်းသည်ဟုယုံကြည်၍ သိမ်းဆည်းထားတတ်ကြသကဲ့သို့၊ ရခိုင်ပြည်နယ်မြောက်ပိုင်းကျေးရွာအချို့တွင်မူ၊ ဆေးဘက်ဝင်သည်ဟုယူဆ၍ သွေးပြီးဆေးဖေါ်စပ်ရန်သိမ်းဆည်းထားတတ်ကြပါသည်။

ဒေါက်တာသန်းထွန်းက (ရခိုင်ပြည်နယ်အပါအဝင်ဖြစ်သော) အင်ဒိုချိုင်းနားကျွန်းဆွယ်တွင်၊ ကျောက်ခေတ်သုံးဆင့်ကိုပြသောနေရာ(၄)ခုကို ရွေးချယ်ပါသည်။ ယင်းတို့မှာ၊ဟွာဘင်း(HOA -BINH)၊ ဘက်ဆွန်(BAC-SON)၊ ဒွန်ဆွန်(DONG-SONG)နှင့် ဆွန်မရုံဆင်(SOMRONG-SEN) တို့ဖြစ်ကြပါသည်။ ကျောက်လက်နက်ပစ္စည်းများတွင်၊ ဟွာဘင်းထက်ဘက်ဆွန်ကသာလွန်သည်။ ဆွန်မရုံ ဆင်တွင် ကျောက်လက်နက်ပစ္စည်းများချောမွတ်၍၊ကြေးပစ္စည်းကား တရုပ်ဟန်ခေတ်(BC၂၂၁–အေဒီ–၂၂၀)ကြေးပစ္စည်းနှင့်တံပိုးထမ်းလိုက်သည်။ ထိုကြောင့်ဒွန်ဆွန်ကြေးလက်ရာကို ဟန်ခေတ်နှင့်ခေတ်ပြိုင်သတ်မှတ် ပါလျှင် (အရှေ့တောင်အာရှတစ်ခုလုံး၏ ကျောက်ခေတ်ကား BC –၁၀၀၀အတွင်းကဖြစ်၍၊ ခရစ်တော်ပေါ်ချိန်တွင် ကြေးလောဟာခေတ်သို့ ကူးပြောင်းသည်ဟုယူဆပါသည်။ **<u>(ကိုး–၁။စာ–၁၄)</u>**။တဖန်မြန်မာနိုင်ငံမှပြဒါးလင်းဂူသည်ဗီယက်နမ်မြောက်ပိုင်း"ဘက်ဆိုနီယမ်" ကျောက်ချောခေတ်နှင့်ခေတ်ပြိုင်ဖြစ်၍၊ အရှေ့တောင်အာရှကျောက် ချောခေတ်၌အကျုံးဝင်ပါသည်<u>(ကိုး–၂။စာ–၁၀၇)</u>။(ယင်းအပြင် မြန်မာပညာရှင်များက၊ မြန်မာနိုင်ငံကျောက်ချောခေတ်တွင်၊ မြို့ပြတည်ထောင်နေထိုင်သော ယဉ်ကျေးမှုအဆင့်ကိုမတွေ့ရဟု <u>(ကိုး–၂။ စာ–၁၂၁)</u>ဆိုသဖြင့်၊ ခရစ်မပေါ်မီတွင်၊ မြန်မာနိုင်ငံ၌မြို့ပြတည်ထောင်မှုမရှိသေးဟုဆိုလိုခြင်းဖြစ်ပါသည်။ သို့သော် ရခိုင်ပြည်အာနန္ဒစန္ဒြကျောက်စာ (AD–၈–ရာစု) တွင်ပါဝင်သောမှတ်တမ်းကိုလေ့လာ၍၊ ရခိုင်ဒေသတွင်BC–၆–ရာစုတွင်၊ မြို့ပြတည်ထောင်ပြီး၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားနေပြီကို သိရှိရပါသည်။

မြန်မာပညာရှင်အချို့ကမူ မြန်မာနိုင်ငံတွင် ကျောက်ချောခေတ်မှကြေးခေတ်သို့ BC –၄၀၀၀ခန့်ကပင်ကူးပြောင်းလိမ့်မည်ဟု မှန်းဆကြပါသည်။ ယင်းသို့မှန်းဆသည့်အကြောင်းပြချက်မှာ–၁၉၇၆–ခုနှစ်မေလ(၃၁)ရက်နေ့ထုတ် NEWSWEEK မဂ္ဂဇင်းပါ ဆောင်းပါးတစ်ပုဒ်ကြောင့်ဖြစ်ပါသည်။ ယင်းဆောင်းပါးတွင်၊ ထိုင်းနိုင်ငံ "ဗင်းချင်းမြို့" အနီး"ခိုရတ်"ကုန်းမြင့်တွင်၊ ရှေးဟောင်းသုတေသနတူးဖေါ်မှုအရ၊ လက်ရာမြောက်သောကြေးပစ္စည်းအသုံးအဆောင်များကိုတွေ့ရပြီး၊ BC–၄၀၀၀ကျော်ကလက်ရာများဖြစ်သည်ဟု ဖေါ်ထုတ်ခဲ့ကြောင်းရေးသားခဲ့ပြီး၊ ကြေးခေတ်ကိုအရှေ့တောင်အာရှမှပင်စတင်ခြင်းဖြစ်နိုင်ကြောင်း ဆိုထားပါသည်။ ထို့ကြောင့်ထိုင်းနိုင်ငံနှင့်မြေတ ကြောတည်းဆက်စပ်နေသည့် မြန်မာနိုင်ငံတွင်လည်း ကြေးခေတ်သည်BC–၄၀၀၀ခန့်ကပင် စတင်ဘွယ်ရှိသည် ဟု ယူဆခြင်းဖြစ်ပါသည်။ **<u>(ကိုး–၂။ စာ–၁၂၁)။</u>**

တရုပ်နိုင်ငံဘက်သို့ လှည့်ကြည့်ပါဦးမည်။ မန်ချူးရီးယားတောင်ပိုင်း၊ မွန်ဂိုလီးယအတွင်းပိုင်း၊ တရုပ်ပြည်အနောက်မြောက်ပိုင်း၊ အနောက်ဘက်တောင်တန်းများ၊ တရုပ်ပြည်၏တောင်ပိုင်းဒေသများတွင် BC–၂၅၀၀ခန့်ကတည်ရှိခဲ့သည့်၊ ကျောက်ကြမ်းခေတ်။ ကျောက်ချောခေတ် အထောက်အထားများကို တွေ့ရပါသည်။ ယင်းခေတ်က မြစ်ဝါမြစ်ဝှမ်း၌ "ယို"နှင့်"တိုင်" ယဉ်ကျေးမှုထွန်းကားနေပြီး၊ ထိုယဉ်ကျေးမှုကို "လန်ရှန်"ဟုခေါ်ပါသည်။ **<u>(ကိုး–၃။စာ–၁၀၉)</u>**။တရုပ်တို့၏ပထမနန်းဆက်မှာ BC–၁၅၂၃ မှ ၁၀၅၀ ထိကြာမြင့်ခဲ့သော "ရှန်"နန်းဆက်ဖြစ်ပါသည်။ ယင်းနောက် "ချင်"နန်းဆက်စိုးစံပါသည်။ BC–၂၀၂တွင်မှ ဟန်မင်းဆက်ကို စတင်ပါသည်။ ဤအထောက်အထားများအရ တရုပ်ပြည်တွင် BC–၂၅၀၀–ခန့်က ကျောက်ခေတ်ဖြစ်၍၊ မြို့ပြတည်ထောင်ကာ၊ ဘုရင်အုပ်စိုးလာသောခေတ်မှာ BC–၁၅၀၀ခန့်ကဖြစ်ကြောင်း သိရပါသည်။

တဖန်အိန္ဒိယနိုင်ငံခေတ်ဦးကို လေ့လာရန်လိုအပ်ပေဦးမည်။ (သမိုင်းပညာရှင်များက အိန္ဒိယနိုင်ငံ၏ကျောက်ခေတ်ကို BC–၁၀၀၀၀မှBC–၄၀၀၀ထိကာလကို သတ်မှတ်ပါသည်။ **<u>(ကိုး–၇။စာ–၁၃။)</u>**BC–၄၀၀၀ခန့်တွင် အိန္ဒုမြစ်ဝှမ်း၌ ကြေးခေတ်သို့ကူးပြောင်းပါသည်။ မိုဟင်ဂျိုဒါရို(MOHENJO-DARO)နှင့် ဟာရပ္ပ

(HARAPPA)ကဲ့သို့သောမြို့ကြီးများပေါ်ထွန်းခဲ့ပါသည်။ အိန္ဒိယနိုင်ငံတဝှန်းလုံးတွင် ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ်ပစ္စည်းများတွေ့ရ၍၊ အိန္ဒိယပြည်အနှံ့အပြား၌ ရှေးဟောင်းယဉ်ကျေးမှုလူ့အဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့ကြသည်။ **(ကိုး–၃။စာ–၉၃)**(သမိုင်းပညာရှင်ကြီး H.G WELLS ကဂင်္ဂါမြစ်ဝှမ်းမှဒြာဗီဒီယန်း (DRAVIDIANS)တို့၏ယဉ်ကျေးမှုသည်၊ ဆူမေးရီးယန်းယဉ်ကျေးမှု၊ အီဂျစ်ယဉ်ကျေးမှုတို့နှင့်ခေတ်ပြိုင်ထွန်း ကားခဲ့ဖွယ်ရှိသည်ဟု ဆိုပါသည်။**(ကိုး–၈။စာ–၁၇)**။ (ဆူမေးရီးယန်းတို့သည် BC–၄၀၀၀ကျော်ခန့်ကပင် ရှေးကျ၍ ယဉ်ကျေးသောလူ့အဖွဲ့အစည်းကို ထူထောင်ခဲ့ကြပါသည်။**(ကိုး–၃။စာ၂၄)**။ ဆူမေးရီးယန်းတို့ကိုဆက်ခံသော အကာဒီယန်း၊ ဘေဘီလုံနီးယားကိုဝင်တိုက်စိုးမိုးခဲ့သော ဟစ်တိုက်များ၊ BC–၁၂၀၀တွင် အင်ပါယာပြန်လည် တည်ဆောက်ခဲ့သော အာဆီးရီးယန်းများသည်လည်း ဆူဗေးရီးယန်းယဉ်ကျေးမှုကို ကျင့်သုံးခဲ့သည်။ (BC–၁၅၀၀ မတိုင်မီတွင် အာဆီးရီးယန်းတို့ ကြေးနီလက်နက်များကို စတင်သုံးစွဲပါသည် (ကိုး–၃။စာ–၂၄)။ ထို့ကြောင့် ဆူဗေးရီးယန်းယဉ်ကျေးမှုသည် BC–၄၀၀၀ခန့်မှ ၁၂၀၀ခန့်ထိထွန်းကားခဲ့ကြောင်းသိရသည်။ ပြင်သစ်သမိုင်း ဆရာတစ်ဦးကBC–၅၀၀၀ခန့်တွင် အီဂျစ်ပြည်၌ ကျောက်ချောအဆင့်အတန်းရှိပြီဟု ဆိုပါသည်။ သမိုင်းသုတေ သီတို့အဆိုအရမူ၊ (အီဂျစ်လူမျိုးဟု ပေါ်ပေါက်လာပြီးနောက် အီဂျစ်ပြည်သည် BC–၂၇၄၀နှင့် ၂၂၇၀ကြားတွင် ယဉ်ကျေးမှုအမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့ပြီဟု ဆိုပါသည်။**(ကိုး–၃။စာ–၇၅)**။ ဤအထောက်အထားများကို အကြောင်းပြု၍ ယင်းတို့နှင့်ခေတ်ပြိုင်ထွန်းကားဖွယ်ရှိသော ဂင်္ဂါမြစ်ဝှမ်းယဉ်ကျေးမှုသည်BC–၂၅၀၀ ခန့်တွင် ထွန်းကားခဲ့ကြောင်းယူဆရပေသည်။

(မြန်မာ့ကျောက်ခေတ်တွင် မြို့ပြနှင့်ဆိုင်သောယဉ်ကျေးမှုကို မတွေ့ရဟု မြန်မာပညာရှင်များက **(ကိုး–၂။ စာ–၁၂၀)**ဆိုပါသည်။ အစောဆုံးမြို့ပြနိုင်ငံဟု သုတေသီတို့သတ်မှတ်ကြသည့် ဗိဿနိုးပျူတို့ကား သံကိုပင် ကောင်းစွာသုံးစွဲနေပါပြီ**(ကိုး–၂။စာ–၅၂)**၊ သုတေသနဆန်းစစ်လေ့လာချက်များအရမူ ဗိဿနိုးမြို့ကို AD–၁ရာစု အတွင်းကစတင်တည်ထောင်သည်ဟု **(ကိုး–၄။စာ–၁၅၂)**သိရပါသည်။) သို့သော် ကျောက်ခေတ်မှကြေးခေတ် သို့ကူးပြောင်းသည့်သမိုင်းကွင်းဆက်ကိုကား မဖော်ထုတ်နိုင်ကြသေးပေ။

(မြန်မာနိုင်ငံတွင်BC–၄၀၀၀ခန့်ကပင် ကြေးခေတ်သို့ကူးပြောင်းခဲ့မည်ဟုမှန်းဆကြသော်လည်းBC–၂၀၀၀ ခန့်က ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့်အထောက်အထားများတွေ့ရပါသည်**(ကိုး–၃။စာ–၄၅)**။ (ဒေါက်တာQANUNGOက၊ ရခိုင်နှင့်စစ်တကောင်းဒေသတို့မှ တွေ့ရသောကျောက်ချောခေတ်ပစ္စည်းများကို BC–၂၀၀၀မတိုင်မီဟု **(ကိုး–၉။စာ–၃၂)**သတ်မှတ်သည်။) လူ့သမိုင်းသည် ကျောက်ခေတ်။ ကြေးခေတ်၊ သံခေတ် စသည်ဖြင့်၊ အဆင့်ဆင့်တိုးတက်လာသည်မှာမှန်သော်လည်း၊ တနေရာနှင့်တနေရာတပြိုင်နက်တည်း တိုးတက် ပြောင်းလဲခဲ့သည်မဟုတ်ပါ။ အချို့လူအဖွဲ့အစည်းကစော၍၊ အချို့လူအဖွဲ့အစည်းက နောက်ကျပါသည်။ နှစ် ပေါင်းထောင်နှင့်ကွာ၍ ကွာခြားလျှက်၊ ပြောင်းလဲတိုးတက်သည်လည်းရှိပါသည်။

အိမ်နီးချင်းများအကြောင်းပြောပြီး၍၊ ရခိုင်ဒေသအကြောင်းပြောပါမည်။ ရခိုင်ပြည်နယ်အတွင်း မြောက်ပိုင်း နှင့် တောင်ပိုင်းတို့တွင် ကျောက်ခေတ်လက်နက်များ တွေ့ရှိကြောင်းဆိုခဲ့ပါပြီ။ (၁၈၈၆–ခုနှစ်က စစ်တကောင်း နယ် သီဒါကွန်ဒါ (SITAKONDA)တောင်ကုန်းအနီးမှ ရရှိခဲ့သော ကျောက်ဒါးရှည်သည်၊ ရခိုင်ဒေသတွင် တွေ့ရ သော ကျောက်လက်နက်ပစ္စည်းများနှင့် တခေတ်တည်းဖြစ်ပြီး BC–၂၀၀၀မတိုင်မီကဖြစ်ကြောင်း ဆိုပါသည်။ (ကိုး–၉။ စာ–၃၂)။ အိန္ဒိယ၊ တရုပ်၊မြန်မာ၊ ယိုးဒယား၊ အရှေ့တောင်အာရှ၊ စစ်တကောင်း စသည့်အိမ်နီးချင်း များမှ အထောက်အထားများ၊ သမိုင်းပညာရှင်များ၏အဆိုများနှင့် တိုက်ဆိုင်ကြည့်ပါက၊ BC–၂၀၀၀ခန့်က၊ ရခိုင်ပြည်တွင်ကျောက်ချောခေတ်သည် ယဉ်ကျေးမှုထွန်းကားခဲ့သည်ဟုဆိုလျှင်ယုတ္တိမတန်ဟုမဆိုသာချေ)။

ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတွင် ရှေးရှေးကာလ ကျောက်ခေတ်လူသားတို့၏ အမျိုးအနွယ်နှင့် စပ်လျဉ်း၍၊ ပညာရှင်များအယူအဆ အနည်းငယ်ကွဲလွဲကြပါသည်။ သို့သော်လည်း ကျောက်ချောခေတ်မတိုင်မီ အရှေ့တောင်အာရှတခွင်လုံးတွင်၊ ယခုနေထိုင်ကြသော လူမျိုးများ၏ ရှေးဟောင်းလူမျိုးဆက်ကြီးတစ်ခုလုံးပျံ့ နှံ့ခဲ့သည်ဟု ပညာရှင်တို့ဆိုကြပြါသည်။ ယူနန်နှင့် တိဘက်နယ်စပ်တို့သည် ထိုလူမျိုးဆက်ကြီး၏မူလဒေသ ဖြစ်သည်ဟုလည်း ယူဆကြပါသည်။ ယင်းဒေသမှ အာရှေ့တောင်အာရှတခွင်လုံးပျံ့နှံ့သွားပြီး၊ ယင်းတို့၏

ယဉ်ကျေးမှုအကြွင်းအကျန်များကို ဒေသတခွင်လုံးတွင် တွေ့ရသည်ဟုဆိုကြသည်။ ယင်းခေတ်က လူဦးခေါင်းခွံတို့ကိုလေ့လာကြည့်ရာ၊ ရှေးအကျဆုံးပင်မဥရောပမျိုးဆက်၊နီဂရိုက်မျိုးဆက်နှင့် သြစတြိုလွိုက်မျိုးဆက်ဟူ၍၊ အဓိကမျိုးဆက်ကြီး(၃)ခု၏ မူလရင်းမြစ်လက္ခဏာများပါဝင်ရောယှက်နေသည်ကိုတွေ့ရသည်။**(ကိုး-၁၀၊စာ-၁၃)**။ သို့သော်(ပါမောက္ခ C.S.COONကမူကျောက်ခေတ်လယ်နှင့် ကျောက်ချေခေတ်တွင်၊ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတခွင်လုံးသည်၊ သြစတြိုလွိုက် (AUSTRCLCID) မီလာနီဆီယမ် (MELANESIAN)၊နီဂရက်တို (NEGRITTO)နှင့်မွန်ဂိုလွိုက်(MONGOLOID)မျိုးရင်းများဟုလေးမျိုးတည်ရှိကြောင်း၊ သို့သော်ရှေးအခါက၊ မွန်ဂိုလွိုက်တို့စိမ့်ဝင်မှုနည်းပါးခဲ့ကြောင်း၊ လက်ရှိအရှေ့တောင်အာရှလူမျိုးနွယ်စုတို့တွင် မွန်ဂိုလွိုက်မျိုးရင်း အသွင်သဏ္ဌာန်အမျိုးအစားလွှမ်းမိုးထားမှုမှာ၊ မကြာသေးသောသမိုင်းတင်ပြီးခေတ်မှဖြစ်ထွန်းခဲ့ သည်ဟုဆိုပါသည်။ **(ကိုး-၁၁။စာ-၁၆၁)။**

ဒေါက်တာS.K.CHATTERJIက သမိုင်းမတင်မီခေတ်တွင်၊ ရခိုင်စစ်တကောင်းဒေသ၌ သြစတြိုအာရှရခိုင်နွယ်များနှင့် တရုပ်တိဘက်နွယ်များ နေထိုင်ခဲ့ကြသည်ဟု အတိအကျရေးပါသည်။ သို့သော်ခေတ်သစ်သုတေသီများကမူရခိုင်တို့သည် တိဘက်အနွယ်ဖွားများသာဖြစ်သည်ဟု ဆိုကြပါသည်။ ဒေါက်တာ QANUNGOက "ရခိုင်လူမျိုးတွင် သြစတြစ်သွေးပါဝင်သည်ကိုမငြင်းနိုင်ပါ(ကိုး-၉။စာ-၃၂)ဆိုပြန်ပါသည်။ ဤအချက်ကို ဆန်းစစ်ရပေမည်။

(သုတေသီများယူဆထားကြသည်မှာ သြစတြိုလွိုက်(သို့မဟုတ်) ရှေးပြေးသြစတြိုလွိုက်တို့သည်၊ ရခိုင်စစ်တကောင်းနယ်မြေသာမက အရှေ့တောင်အာရှတခွင်လုံး၌ ပျံ့နှံ့နေထိုင်ခဲ့ကြသည်ဟူ၍ဖြစ်သည်။ ကျောက်ခေတ်ကာလတွင် သြစတြိုအာရှဘို့၊နာဂါလန် (NAGALAND)မဏိပူရ(MANIPUR)၊ကချာ(KACHAR)၊တြိပူရ (TRIPURA)၊ မီဇိုရမ် (MIZORAM)၊စစ်တကောင်း(HITTAGONG)နှင့် ရခိုင် (ARAKAN)ဒေသများတွင် လှည့်လည်နေထိုင်ခဲ့ကြသည်**(ကိုး-၉။စာ-၃၂)**။စူးထိုးစိုက်ပျိုးနည်းကို တတ်ကျွမ်းနေပြီဖြစ်သော်လည်း၊ အမဲလိုက်ခြင်း၊ သားငါးရှာခြင်းဖြင့် အသက်မွေးကြသည်ဟုလည်း ယူဆကြပါသည်။ မီးကိုမတွေ့မီ။ အသုံးမပြုတတ်မီကဆိုလျှင် သားစိမ်း၊ ငါးစိမ်းစားသောလူရိုင်းများဖြစ်ခဲ့ကြသည်။ အချို့ရာဇဝင်များတွင် ဖော်ပြသော "ရက္ခများ" ဆိုသည်မှာ ထိုသူတို့ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။)

အချို့သောသုတေသီများက ရခိုင်ဒေသတွင် အစောဆုံးနေထိုင်သူများအနက် မွန်လူမျိုးများလည်းပါဝင်သည်ဟုဆိုကြသည်။ သူတို့သည် ရခိုင်ကမ်းခြေတွင် နေထိုင်ကြသည့် သြစတြေးနီးရှင်းများကို အနောက်ဘက်နှင့် တောင်ဘက်များသို့မောင်းထုတ်၍ နေထိုင်ခဲ့ကြသည်ဟုယူဆကြသည်။ မွန်တို့သည် မြန်မာနိုင်ငံအလယ်ပိုင်း လွင်ပြင်နှင့် မုတ္တမပင်လယ်ကွေ့ပတ်ဝန်းကျင်ကိုကြီးစိုးခဲ့ကြပြီး၊ ခမာ(ရာဇဝင်များတွင်လာသောဂျွမ်းစစ်သည်များ)တို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့်၊ မြန်မာနိုင်ငံအနောက်တောင်ဘက် ပင်လယ်ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်း)သို့ ဆုတ်ခွါခဲ့ကြသည်ဟုလည်း ယူဆကြပါသည်**(ကိုး-၉။စာ-၃၄)**။

အချို့ကမူရခိုင်ဒေသတွင် ခေတ်ဦးနေထိုင်သွားသူများကို နီဂရက်တိုများဖြစ်သည်ဟု ပြောဆိုကြပါသည်။ သုတေသီများ၏ရေးသားချက်များကိုလေ့လာသောအခါ "နီဂရက်တို့ကို ဒြာဗီးဒီးယန်းဟူ၍လည်း ဆိုကြသေးရာ" ဟုလည်းကောင်း၊ "နီဂရက်တိုဟုခေါ်ဆိုထားသော မွန်ခမာတို့နှင့်"ဟုလည်းကောင်း (ကိုး-၂။ စာ-၁၁၄)ဆိုကြသည်ကိုထောက်၍၊ နီဂရက်တိုဆိုသည်မှာ ဒြာဗီးဒီယန်းများပင်ဖြစ်၍ သြစတြစ်နွယ်ဝင် မွန်ခမာတို့၏မျိုးရင်းဖြစ်သည်ကိုတွေ့ရပါသည်။ အချို့သမိုင်းပညာရှင်များက မုတ္တမကွေ့ဝန်းကျင်တွင် မွန်တို့သည်နီဂရက်တိုများကို တိုက်ခိုက်ခဲ့ရသေးသည်ဟုဆိုပြန်ရာ (ကိုး-၁။စာ-၈၁)မွန်တို့သည် နီဂရက်တိုတို့နှင့် သွေးနှောဖူးသော သြစတြိုလွိုက်များဖြစ်ကြပြီး နောင်အခါတွင် မွန်ဂိုလွိုက်တို့နှင့်လည်း ရောယှက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘာသာစကားနီးစပ်၍ သြစတြစ်အုပ်စုတွင် မွန်ခမာဟုပြောဆိုနေကြသော်လည်း မွန်နှင့်ခမာကားလူမျိုးချင်းမနီးစပ်ကြောင်း ပညာရှင်များရေးသားပါသည်။ **(ကိုး-၁။စာ-၈၆)**။ သြစတြစ်အုပ်စုတွင် နီဂရက်တိုဟုခေါ်ဆိုထားသော မွန်ခမာတို့မှာ သြစတြိုအာရှများဖြစ်၍၊ ဆလုံ၊ မလေး၊ အင်ဒိုနီရှ၊မီလေနီရှ၊ ပိုလီနီရှတို့မှာ သြစတြေးနီးရှင်းများဖြစ်ကြပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် သြစတြိုလွိုက်တို့သည် အိန္ဒိယနိုင်ငံအတွင်းသို့ အနောက်ဘက်မှ ဝင်ရောက်ခဲ့ကြပါသည်။ BC–၅၀၀၀ခန့်တွင် အိန္ဒိယတနိုင်ငံလုံးပျံ့နှံ့နေထိုင်ကြပြီးဖြစ်ပါသည်။ သုတေသီများကယင်းတို့ကို ဌာနေတိုင်းရင်းသားဒြဗီးဒီးယန်းများဟု ဆိုကြသည်။သြစတြိုလွိုက်တို့သည် အိန္ဒိယ၊ရခိုင်၊မြန်မာနှင့် အရှေ့တောင်အာရှဒေသကိုကျော်လွန်၍ သြစတြေးလျတိုက်ထိ ပျံ့နှံ့နေထိုင်ကြပါသည်။ (ကိုး–၁၂။စာ–၁၄၈/၉)။ S.K.CHATTERJIကသြစတြစ်မျိုးဆက်မှ မွန်တို့သည် အထက်ပါကဲ့သို့ အနောက်မှအရှေ့သို့သွားသည်ဟုဆိုပါသည်။ G.H.LUCEကမူ မွန်သည် အရှေ့မှအနောက်သို့သွားသည်ဟုဆိုပါသည်။

မည်သို့ပင်ဖြစ်စေ၊ မွန်တို့၏မျိုးရင်းဖြစ်သော နီဂရက်တို(ခေါ်) ဒြဗီးဒီးယန်း(သို့မဟုတ်) သြစတြိုအာရအနွယ်ဝင်တို့ ရခိုင်ဒေသကိုရောက်ရှိခဲ့သည်မှာ သုတေသီတို့မငြင်းပယ်ကြပါ။ ယင်းတို့ရောက်ရှိခဲ့ကြသည်မှာ BC–၁၅၀၀ခန့်ကဖြစ်ပါသည်။ သူတို့သည် ရခိုင်ဒေသသို့ဝင်ရောက်လာသောအခါ၊ ရခိုင်ဒေသတွင် ယင်းတို့မတိုင်မီရှိနှင့်ပြီးဖြစ်သော သြစတြေးနီးရှင်းများကို တိုက်ထုတ်ခဲ့ရသည်။ မွန်တို့၏မျိုးရင်းမှာ သြစတြိုအာရဖြစ်သောကြောင့် ရခိုင်ဒေသ၏ကျောက်ချောခတ်အဆုံး ကြေးခေတ်ယဉ်ကျေးမှုအစသည် သြစတြစ်ယဉ်ကျေးမှုဖြစ်သည်ဟု ယူဆပါသည်။

BC–၂၅၀၀ ခန့်ကဂင်္ဂါမြစ်ဝှမ်း၌ ဒြဗီးဒီးယန်းတို့ ယဉ်ကျေးမှုအဆင့်မြင့်မားစွာထွန်းကားခဲ့ကြကြောင်းဆိုခဲ့ပါပြီ။ BC–၂၀၀၀ နှင့် BC–၁၅၀၀ကြားကာလတွင် အနောက်ဘက်မှ အာရိယန်(ARYAN)တို့ဝင်ရောက်တိုက်ခိုက်လာသဖြင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ဒြဗီးဒီးယန်းအများစုမှာ အရှေ့ဘက်သို့ထွက်ခွါခဲ့ကြသည်။ ယင်းတို့သည် အလုံးအရင်းနှင့်ဝင်လာသဖြင့် ရခိုင်ဒေသမှ သြစတြေးနီးရှင်းတို့ဆုတ်ခွါခဲ့ကြပါသည်။ သုတေသီများရေးသားချက်များကို ဆက်စပ်ကြည့်သောအခါ အိန္ဒိယအရှေ့ဖျားနိုင်ငံများသို့ထွက်ခွါကြသော ရှေးဦးဒြဗီးဒီးယန်တို့ ရခိုင်ဒေသကို ဖြတ်သန်းသွားကြပြီးနောက်၊ နောက်ဆုံးအသုတ်အနေဖြင့် ရခိုင်ဒေသသို့ရောက်ရှိ၍၊ အခြေချကာနေထိုင်ခဲ့ကြသည်မှာ BC–၁၀၀၀ခန့်ကဖြစ်မည်ဟု မှန်းဆရပါသည်။ ဒေါက်တာ(CHATTERJI)ပြောသော သြစတြိုအာရဆိုသည်မှာ ယင်းဒြဗီးဒီးယန်းများကို ဆိုလိုခြင်းဖြစ်ပါသည်။ မွန်တို့၏မူလမျိုးဆက်ဖြစ်ပါသည်။ ထို့ကြောင့်သမိုင်းမတင်မီခေတ်က ရခိုင်ဒေသတွင် မွန်တို့နေထိုင်ခဲ့ကြသည်ဟုဆိုခြင်းမှာ ဖြစ်နိုင်ဘွယ်ရှိပါသည်။ မွန်တို့၏ရှေးခေတ်ကပင်သီဆိုလာခဲ့သော သားချော့တေးများတွင် ယင်းတို့၏ဇာတိဌာနေမှာ အိန္ဒိယအရှေ့ဘက်ကမ်းခြေမှ ကိုရာမန်ဒေးလ်ဒေသဖြစ်သည်ဟု ဖေါ်ပြချက်များပါရှိပါသည်။ မွန်တို့သည်အရှေ့တောင်အာရှတခွင်ပျံ့နှံ့အောင်သွားကြပါသည်။ ခရစ်နှစ်ဆန်းစတွင် မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်၍မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မုတ္တမကွေ့ပတ်ဝန်းကျင်ကိုစိုးမိုးခဲ့ပါသေးသည်။ ပျူများဝင်ရောက်လာသည့်အခါ၊ ထိုင်းနိုင်ငံဘက်သို့ပြန်လည်ဆုတ်ခွါ၍၊ AD–၆–၇ရာစုများအတွင်း"ဒွါရာဝတီ (DWARWADY)နှင့် "လောပူရီ"(LOPBURI)ကဲ့သို့သော ယဉ်ကျေးမှုအဆင့်မြင့်သည့်မြို့ကြီးများ တည်ဆောက်ခဲ့ကြပါသေးသည်။

အိန္ဒိယနိုင်ငံသမိုင်းမတင်မီခေတ်တွင် အိုးလုပ်ငန်းအတတ်နှင့်၊ ဆန်စပါးစူးထိုးစိုက်ပျိုးခြင်း၊ ထိုမှတဆင့်လေ့ကားထစ်တောင်ယာစိုက်ပျိုးခြင်း၊ စသည်တို့မှာ သြစတြိုလွိုက်များစတင်ခဲ့ကြပြီး၊ ထိုမှတဆင့်အရှေ့တောင်အာရှတခွင်ပျံ့နှံ့ခဲ့ဟန်ရှိပေသည်။(ကိုး–၁၂။စာ–၁၄၉)။ဒြဗီးဒီးယန်းတို့ရခိုင်ကမ်းခြေသို့ဝင်ရောက်အခြေချပြီးသည့်အချိန်တွင်၊ ဆွေမျိုးစုလူ့အဖွဲ့အစည်းမှကျေးရွာ၊ မြို့ပြယဉ်ကျေးမှုလူ့အဖွဲ့အစည်းသို့ တဖြည်းဖြည်းပြောင်းလဲနေချိန်ဖြစ်သည်ဟု ယူဆရပါသည်။

အချို့သောရခိုင်ရာဇဝင်များက အာနန္ဒစန္ဒြကျောက်စာလာ အစောဆုံးမြို့ပြတည်ထောင်ချိန်ဖြစ်သည့် BC–၆–ရာစုထက်စော၍၊ BC–၃၃၂၅ထိဖေါ်ပြကြပါသည်။ သုတေသီဦးချန်ထွန်းကမူ၊ ရှေးဝေသာလီ ဗြဟ္မဏရာဇာမင်းလက်ထက်ကို BC–၅၃၁၅ထိရှေးကျ၍ တွက်ပြခဲ့ပါသည်။ ဤမျှကာလရှည်လျှားခဲ့သည်မှာ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည်ဖြင့်၊ အဆင့်ဆင့်ကူးပြောင်းလာသည့် မြို့ပြပြည်ရွာငယ်များလောဟုတွေးတောဘွယ်ဖြစ်ပါသည်။ ယင်းခေတ်ကလူတို့သည် ဦးစွာဆွေမျိုးစုလူ့အဖွဲ့အစည်းများဖြင့် အုပ်စုလိုက်နေထိုင်ခဲ့ကြပေမည်။ နောင်တွင်လူမျိုးစုလူ့အဖွဲ့အစည်းအဖြစ်ပေါင်းစည်း၍ စည်းလုံးမိကာယဉ်ကျေးမှုတဟုန်ထိုးတိုးတက်လာဖြင်းဖြစ်သည်ဟု ယူဆရပါသည်။ ဓညဝတီပြည်တည်ထောင်မိသည့်အချိန်တွင်ကား လူမျိုးစုတစ်စုလုံးစည်းလုံးမိ

ကာ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားနေပြီဖြစ်ပါသည်။

(အာနန္ဒစန္ဒြကျောက်စာကိုအခြေခံ၍ပြောရလျှင် ၊ ဓညဝတီမြို့ကို BC–၆–ရာစုတွင်တည်ထောင်သည်ဟု ပြောရပါမည်။ ကျောက်စာပါ BC–၅၁၈မှ AD–၃၇၀ထိ မင်းဆက်ကို၊ ဓညဝတီမင်းဆက်ဟု ဆိုရပါမည်။ ကျောက်စာပါမင်းများ၏အမည်များမှာ ပါဠိသို့မဟုတ် သက္ကဋစစ်စစ်များမဟုတ်၍ အိန္ဒိယယဉ်ကျေးမှုစက်ရိပ်မထင်သေးဟု(ကိုး–၁။စာ–၇၂)ဟု ဒေါက်တာသန်းထွန်းရေးသည်။ PAMELA GUTMAN–ကလည်း အိန္ဒိယအမည်၊ သက္ကဋအမည်မဟုတ်ဟု (ကိုး–၁၄။စာ–၃၉)ဆိုပါသည်။ အာရိယန်များမဟုတ်သည်မှာသေချာပါသည်။ ယင်းအချိန်ကမွန်ဂိုလွိုက်တို့ ရခိုင်ဒေသသို့မရောက်ကြသေးပါ။ BC–၁၀၀၀ခန့်ကမှ တရုပ်ပြည်အရှေ့ပိုင်း "ကိုကိုနော်"KOKONORအရပ်မှတောင်ဘက်သို့ဆင်းလာရာ BC–၆–ရာစုခန့်တွင် ရခိုင်ဒေသသို့ရောက်ရှိနိုင်ဘွယ်မရှိသေးပါ။ ထို့ကြောင့်အာနန္ဒစန္ဒြကျောက်စာပါ ပထမဆုံးမင်းဆက်သည်၊ ဂင်္ဂါမြစ်ဝှမ်းမှရောက်လာသော ဒြာဗီးဒီးယန်းတို့တည်ထောင်ခဲ့သည့် မင်းဆက်ဖြစ်သည်ဟု ဆိုရပါမည်။)

TIBETO-BURMANဟုခေါ်သော တိဘက်မြန်မာနွယ် မွန်ဂိုလွိုက်တို့ ရှေးကနေခဲ့ဖူးသောအရပ်သည်၊ တရုပ်နိုင်ငံအနောက်မြောက်ဘက်နှင့်၊ တိဘက်ပြည်အရှေ့မြောက်ဘက်ရှိ ကန်စုနယ်မှ "ထောင်မြစ်ဝှမ်း"ဖြစ်ပါသည်။ BC–၂၀၀၀ခန့်က ထိုဒေသတွင် ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုရှိနေပါသည်။ ခေတ်ချင်းပြိုင်လျှင် သာလွန်သူမရှိလောက်အောင်သူတို့ပြုလုပ်သော အိုးခွက်များအဆင့်အတန်းမြင့်ပါသည်။ သူတို့ကို တရုပ်တို့က "ချိအန်"ဟုခေါ်ပါသည်။ တရုပ်တို့က မကြာခဏ လာရောက်တိုက်ခိုက်သဖြင့်၊ တိဘက်ပြည်အရှေ့မြောက်ဘက်မြစ်ဝါမြစ်ဖျားခံရာအရပ်နှင့် "ကိုကိုနော်"သို့ပြောင်းရွှေ့ကြပါသည်။(ကိုး–၁။စာ–၁၀၇)။ BC–၁၀၀၀ခန့်တွင် တရုပ်တို့လာရောက်နှောက်ယှက်ပြန်သဖြင့် တောင်ဘက်သို့ပြောင်းရွှေ့လာကြပါသည်။ ယင်းမွန်ဂိုလွိုက်မျိုးရင်းမှ အချို့လူမျိုးနွယ်များမှ တိဘက်ပြည်အတွင်းဝင်ရောက်ခဲ့ကြပြီး၊ အချို့မှာ အိန္ဒိယနိုင်ငံတွင်းသို့ မြောက်ဘက်မှ ဝင်ရောက်ကြသည်။ အချို့ကားမြန်မာနိုင်ငံမြောက်ဖျားရှိ သံလွင်နှင့်မဲခေါင်မြစ်ဖျားဒေသတွင်နေထိုင်ကြပါသည်။ အချို့လူမျိုးနွယ်စု (TRIBES)များမှာ ဗြဟ္မပုတ္တရမြစ်ကြောင်းအတိုင်းစုန်ဆင်းလာကြပြီး ဂင်္ဂါမြစ်ဝှမ်းကိုကျော်ကာ မဂဓတိုင်းထိပျံ့နှံ့နေထိုင်ခဲ့ကြပါသည်။

ဤနေရာတွင်အတိအကျပြောစရာတစ်ခုရှိပါသည်။ တိဘက်မြန်မာမျိုးစိတ်တွင်၊ တိဘက်ဟိမဝန္တာ၊ မြောက်အာသံနှင့် အာသံမြန်မာဟု မျိုးခွဲ(၃)မျိုးပါဝင်ပါသည်။ အာသံမြန်မာမျိုးခွဲတွင် နဂါး၊ ချင်း၊သက်၊ ကချင်၊ မြန်မာနှင့်လိုလို၊ဟူ၍လူမျိုးနွယ်(၆)မျိုးရှိရာ၊ ရခိုင်လူမျိုး (RAKHINE NATIONALITY)သည် မြန်မာမျိုးနွယ်စု (TRIBE)တွင်ပါဝင်သည်။ ယနေ့ရခိုင်လူမျိုးဟုဆင်းသက်လာစေမည့် ထို"ရှေးဦးရခိုင်များ"သည် BC–၁၀၀၀ အတွင်းကဗြဟ္မပုတ္တရမြစ်ကြောင်းအတိုင်း စုန်ဆင်း၍မဂဓတိုင်းထိပျံ့နှံ့နေထိုင်ခဲ့သော မွန်ဂိုလွိုက်တို့ အုပ်စုသုံးစုတွင် ပါဝင်ပါသည်။

ဆက်၍ရှင်းပါဦးမည်။ ထိုသံလွင်နှင့်မဲခေါင်မြစ်ဖျားဒေသမှ မွန်ဂိုလွိုက်တို့အုပ်စုသုံးစုခွဲကြပါသည်။ ရှေးဦးရခိုင်တို့ပါဝင်သော အုပ်စုကြီးတစ်စုက၊ တိဘက်၊ အိန္ဒိယ၊ အာသံစသည့်အနောက်ဘက်သို့ခွဲထွက်ပါသည်။ အခြားလူမျိုးနွယ်များအနက်မှ မြန်မာလူမျိုးနွယ်စုနှင့် အချို့သောလူမျိုးစုတို့က မြန်မာနိုင်ငံအရှေ့မြောက်ဘက် "ယုန်ဂ်ချန် (YONGCHANG)"ဒေသသို့ပြောင်းရွှေ့ပါသည်။ သက်လူမျိုးနွယ်များ။ ချင်းလူမျိုးနွယ်များ၊ ကချင်လူမျိုးနွယ်များမှာ ယင်းနေရာတွင်ကျန်နေခဲ့ပါသည်။

ဖေါ်ပြပါတိဘက်မြန်မာအုပ်စုဝင်များအနက်တွင် မြန်မာနိုင်ငံတွင်းသို့အစောဆုံးဝင်လာသူ၊ မြန်မာနိုင်ငံအတွင်းနှင့် အပြင်တွင်နေရာအကျယ်ပြန့်ဆုံးစတင်ယူသူမှာ သက်လူမျိုးနွယ်များဖြစ်သည်။ ခရစ်နှစ်မတိုင်မီကပင်အာသံ၊ မဏိပူရနယ်များအပြင်၊ မြန်မာနိုင်ငံမြောက်ပိုင်းနှင့်အလယ်ပိုင်းမြေပြန့်အထိ ဝင်ရောက်ခဲ့ကြပါသည်။ သမိုင်းမှတ်တမ်းများအရ၊ BC–၁၃၈တွင်အသုံးပြုနေပြီဖြစ်သော တရုပ်အိန္ဒိယလမ်းမကြီးကို အကြောင်းပြု၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုကိုရရှိနေပါပြီ။ ခရစ်နှစ်များဆန်းစတွင် သက်တို့ကို မြန်မာနိုင်ငံအတွင်း၌တွေ့ရပါသည်(ကိုး–၅။စာ–၁၆)။ AD–၁ရာစုတွင်တည်ထောင်သည့် ဗိဿနိုးပျူများထက် ပို၍စောစီးစွာရောက်ပါသည်။ သက်တို့နောက်မှ မကြာမီချင်းလူမျိုးနွယ်များ ဟူးကောင်းတောင်ကြားမှသက်တို့နယ်မြေကိုဖြတ်၍ ဝင်လာပါ

သည်။နာဂတောင်တန်း၊ချင်းတောင်တန်းများထိပျံ့နှံ့ရှိမှုမက၊ တောင်းပိုင်းချင်းတို့မှာ သံတွဲခရိုင်ထိရောက်အောင် ရခိုင်ရိုးမကိုစုန်၍ဆင်းကြပါသည်။ ခရစ်နှစ်ဆန်းစကပျူများဝင်ရောက်လာသည့်အခါ၊ သက်တို့သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အကွဲကွဲအပြားပြားဖြစ်သွားပြီး၊ ရခိုင်မြောက်ဖျားဒေသများနှင့်၊ မြစ်ဝကျွန်းပေါ်ဒေသများသို့ ပျံ့နှံ့သွားကြပါသည်။

AD–၉ရာစုတွင် ပျူမြို့တော်သရေခေတ္တရာ(AD–၈၃၂)နှင့် (ဒေါက်တာသန်းထွန်းကမွန်တို့၏မြို့ဟုယူဆ၍၊ ဒေါက်တာLUCEကရှေးပဲခူးမြို့ဟုယူဆသော)"မဲချန်(AD–၈၃၅)ကိုနန်ကျောင်တို့ဝင်ရောက်ဖျက်၍၊ ယင်းတို့အင်အားပြိုကွဲသွားသောအခါ၊ မြန်မာတို့ကျောက်ဆည်နယ်ကို စတင်ဝင်ရောက်နေထိုင်သည်ဟု ဒေါက်တာLUCEကစွဲစွဲမြဲမြဲယုံကြည်သည်။ မွန်တို့ကတောင်ဘက်မုတ္တမကွေ့ဘက်သို့ဆုတ်ခွါပါသည်။ ပျူတို့ကားနှစ်ပေါင်း ၅၀၀ခန့်အတွင်း မြန်မာများအတွင်း ပျံ့နှံ့ပျောက်ကွယ်သွားပါသည်။

အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း ရှေးဦးရခိုင်များအပါအဝင်များစွာသောမွန်ဂိုလွိုက်တို့သည် ရှေးဦးမြန်မာများနှင့်BC–၅၀၀ခန့်ကလမ်းခွဲ၍ အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသသို့ဝင်ရောက်သွားသည့်အခါ အိန္ဒိယနိုင်ငံတွင် အာရိယန် ယဉ်ကျေးမှုကလွှမ်းမိုးထားပြီးဖြစ်ပါသည်။ အာရိယန်ယဉ်ကျေးမှုက မွန်ဂိုလွိုက်ယဉ်ကျေးမှုထက်ပို၍ အဆင့် အတန်းမြင့်မားပါသည်။ မွန်ဂိုလွိုက်တို့သည် အာရိယန်တို့နှင့် ရောယှက်နေထိုင်ခဲ့ကြပြီး၊ အာရိယန်ယဉ်ကျေးမှု ကိုလက်ခံကျင့်သုံးကြပါသည်။ ဒေါက်တာS.K.CHATTERJI ကမွန်ဂိုလွိုက်တို့ဝင်ရောက်လာရာလမ်းကြောင်းကို အရှေ့ဘက်နှင့်မြောက်ဘက်ဟုဖေါ်ပြပါသည်။**(ကိုး–၁၃။စာ–၈၆)**။ ရှေးဟောင်းခေတ်ကောလိယ၊ဒေဝဒဟ၊ ကပိလဝတ်၊ ဝေသာလီ၊ ဝိဟာရ၊ပါဠိလိပုတ်စသည့်ပြည်များသည် ယင်းဒေသများတွင် ပါဝင်သည် **(ကိုး–၂။စာ–၁၄၈)**။ အာရိယန်တို့နှင့်သွေးနှော၍၊ ယှဉ်တွဲနေထိုင်သောမွန်ဂိုလွိုက်တို့ကို သမိုင်းဆရာတို့က"အင်ဒိုမွန်ဂိုလွိုက် (INDO-MONGOLOID)"များဟုခေါ်ကြပါသည်။ ယင်းအင်ဒိုမွန်ဂိုလွိုက်တို့သည် အာရိယန်တို့၏ အမျိုးလေးပါးဇာတ်ခွဲခြားမှုတွင် ခတ္တိယမျိုးတွင် ပါဝင်ကြပါသည်။ ယင်းခတ္တိယမျိုးတို့ကို ရှေးခေတ်ရာမာယန၊ မဟာဘာရတကျမ်းများတွင် "ကိရာတများ"(KRATA)ဟုဖေါ်ပြထားပါသည်။ ယင်းခတ္တိယများသည် အုပ်ချုပ်သူ လူတန်းစားများဖြစ်လာ၍ သကျသာကီဝင်များဟု ခေါ်တွင်ခဲ့ကြပါသည်။

အဆိုပါအင်ဒိုမွန်ဂိုလွိုက်အနွယ်ဝင်လူမျိုးစုများအနက် အများစုသည် အာရိယန်ဘာသာစကားပြောသောဟိန္ဒူများဖြစ်လာကြ၍၊ ဟိန္ဒူယဉ်ကျေးမှုနယ်ပယ်အတွင်းသို့ မှန်မှန်ပေါင်းစည်းဝင်ရောက်ခဲ့ကြပါသည်။ အချို့မှုကားအိန္ဒိယအက္ခရာကိုသုံး၍၊ မိမိတို့ရင်းမြစ်ဘာသာစကားကို ပျိုးထောင်ခဲ့ကြသည်ဟု အချို့သုတေသီများ **(ကိုး–၁၃။စာ–၈၈)**။ရေးသားကြပါသည်။ ယင်းအင်ဒိုမွန်ဂိုလွိုက်များသည်ပင်။ ခတ္တိယအမျိုးအမည်သာကီဝင်မင်းမျိုးနွယ်များဖြစ်ကြပါသည်။ ဝေသာလီမှလစ္ဆဝီများနှင့်။ ရှေးဟောင်းခေတ်၊ ဒေဝဒဟ၊ ကောလိယ၊ ကပိလဝတ်ပြည်တို့မှ ၊ ဂေါတမဗုဒ္ဓ၏အမျိုးအနွယ်များဖြစ်ကြသော သာကီဝင်များသည်ပင်လျှင်။ မဇ္ဈိမဒေသ၌ခတ္တိယအမည်ခံယူ၍၊ အာရိယန်ဘာသာစကားပြောဆိုနေကြသော်လည်း၊ မွန်ဂိုလွိုက်စစ်စစ်များ(သို့မဟုတ်) မွန်ဂိုလွိုက်နှင့်အာရိယန်၊ ဒြာဗီးဒီယန်း၊သြစတြစ်သွေးနှောသူများဖြစ်ချင်ဖြစ်မည်။ မူလမျိုးနွယ်ရင်းမြစ်မှာမူကား မွန်ဂိုလွိုက်များဖြစ်သည်ဟု THE CULTURALHERITAGE OF INDIAကျမ်းဆရာက ရေးသားပါသည်။

အိန္ဒိယတွင် အင်ဒိုမွန်ဂိုလွိုက်များသည် အာရိယန်ဘာသာစကားကိုလည်းကောင်း၊ မိမိတို့ရင်းမြစ်ဘာသာစကားကိုလည်းကောင်း ပြောဆိုကြသည်။ နီပေါ(NEPAL)နိုင်ငံရှိ၊ မွန်ဂိုလွိုက်အနွယ်ဝင် "နီဝါ(NEWARS)"လူမျိုးစုသည်အိန္ဒိယအက္ခရာကိုသုံး၍၊ မိမိတို့ရင်းမြစ်ဘာသာစကားနှင့်တွဲစပ်ရေးသားသော အထောက်အထားရှိသည်။ ထို့ပြင်ဂေါတမဗုဒ္ဓပွင့်ပြီးနောက် BC–၃၂၄–၃၀၈တွင် စိုးစံသော စန္ဒဂုတ်မင်းလက်ထက်တွင် အိန္ဒိယကိုကျူးကျော်လာသည့် မဟာအလက်ဇန္ဒားကိုတိုက်ခိုက်ရန် စစ်တပ်များဖွဲ့စည်းသည့်အခါ မွန်ဂိုလွိုက်နွယ်များဖြစ်သောကိရာတများပါဝင်ခဲ့ဘူးပါသည်။ ထို့ကြောင့်ရှေးခေတ်မြန်မာနိုင်ငံသို့ သာကီဝင်မင်းများဝင်ရောက်လာရာတွင်လည်း၊ ထိုကဲ့သို့ပင်အာရိယန်ဘာသာစကားနှင့်အတူ၊ ယဉ်ကျေးမှုကိုလက်ခံပြောဆိုသူများရော။ မိမိတို့၏ရင်းမြစ်မွန်ဂိုလွိုက်ဘာသာစကားပြောဆိုသူများပါ၊ ရောပြွမ်းပါလာမည်ဖြစ်ပါသည်**(ကိုး–၂။စာ–၁၅၄)**။

အင်ဒိုမွန်ဂိုလွိုက်ဟုခေါ်သော ခတ္တိယအမျိုးအနွယ်များအနက်မှ ရှေးဦးရခိုင်များ၊ ရခိုင်ဒေသသို့အစောဆုံး

ဝင်ရောက်လာသည်ဟု အတိအကျပြောနိုင်သည့်ကာလမှာ AD–၃ရာစုအတွင်းကဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိရာတခေါ်အင်ဒိုမွန်ဂိုလွိုက်တို့ AD–၃ရာစုအတွင်းက ရခိုင်ဒေသတွင်ရောက်ရှိနေပြီဖြစ်သည့် အထောက်အထားများရှိသောကြောင့်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းမှ နာဂဂျုနိကွန်ဒါဒေသတွင် AD–၃ရာစုကရေးထိုးခဲ့သော ကျောက်စာတစ်ချပ်၌ သီဟိုဠ်မှထေရဝါဒရဟန်းတော်များသာသနာပြုခရီးထွက်ခဲ့သည်ဒေသများကိုဖော်ပြရာတွင် "ကိရာတဒေသ"လည်းပါဝင်သည်ကိုတွေ့ရပါသည်။ ယင်းအချိန်က ယင်းကျောက်စာတွင် ဖော်ပြထားသော ကိရာတဒေသဆိုသည်မှာ"ဟိမဝန္တာတောင်၏တောင်ဘက်နီပေါ၊ ဘူတန်နယ်များမှစ၍ အာသံ၊ မဏိပူ၊ စစ်တကောင်း၊ ရခိုင်ကမ်းဒေသနှင့် မြန်မာနိုင်ငံအောက်ပိုင်းမြစ်ဝကျွန်းပေါ်ထိ" ဖြစ်ကြောင်း သုတေသီများက၊ မဟာသာရတကျမ်း၊ ဟာရိဝံသကျမ်း၊ မာကဏ္ဍေးယပူရာမ်ကျမ်း၊ AD–၁၅၀ခန့်က တိုလေမီ(PTOLEMY)၏မှတ်တမ်းတို့ကို ကိုးကား၍ပြဆိုထားကြပြီးဖြစ်ပါသည်**<u>(ကိုး–၁၅။စာ–၁၅)</u>**။**<u>(ကိုး–၉။ စာ–၅၁)</u>**။ ရှေးဦးရခိုင်တို့သည် အာရိယန်ယဉ်ကျေးမှုနှင့်အတူ။ ဂုပ္ပတအက္ခရာ၊ သက္ကတဘာသာအရေးအသားတို့ကိုသည်ဆောင်ခဲ့ကြပါသည်။ ရှေးဦးရခိုင်များသည် မွန်ဂိုလွိုက်များဖြစ်၍၊ အိန္ဒိယနိုင်ငံတွင် အာရိယန်တို့နှင့် ရောယှက်နေထိုင်ကာ အာရိယန်ယဉ်ကျေးမှုကိုလက်ခံကျင့်သုံးခဲ့ကြသော်လည်း၊ အာရိယန်ဘာသာစကားကို ပြောင်းလဲပြောဆိုခြင်းမရှိခဲ့ပါ။ မိမိတို့၏မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကိုသာ ပြုစုပျိုးထောင်ပြောဆိုခဲ့ကြသူများဖြစ်ပါသည်။ သို့သော် AD–၃ရာစုအတွင်းက ရခိုင်ဒေသသို့ မူလရခိုင်များဝင်ရောက်သည့်အခါ၊ အထက်တွင်မြန်မာသုတေသီအချို့တွေးဆခဲ့သကဲ့သို့ အာရိယန်ဘာသာစကားပြောဆိုသော အင်ဒိုမွန်ဂိုလွိုက်များလည်း ရောပြွမ်းပါလာခဲ့မည်ဖြစ်ပါသည်။ သူတို့သည် ရခိုင်ပြည်တွင်းသို့ဝင်ရောက်လာပြီးနောက် ရခိုင်ပြည်တွင် ရှိရင်းစွဲဖြစ်သော ဒြာဗိဒီးယန်းမင်းဆက်(အာနန္ဒစန္ဒြကျောက်စာပါ ပထမမင်းဆက်ကိုဆိုလိုပါသည်)ကို ဖြုတ်ချကာ AD–၃၇၀တွင် "ဒွင်စန္ဒြ"အစရှိသော အင်ဒိုမွန်ဂိုလွိုက်မင်းဆက်ကို စတင်တည်ထောင်သည်ဟုယူဆပါသည်။ ယင်းတို့တည်ထောင်အုပ်စိုးခဲ့သောမြို့တော်သည် ဝေသာလီမြို့ဖြစ်သောကြောင့်၊ ယင်းမင်းဆက်သည် အိန္ဒိယနိုင်ငံဝေသာလီပြည် သကျသာကီယအနွယ်ဝင် မင်းမျိုးမင်းနွယ်များမဟုတ်ခဲ့လျှင်၊ ဝေသာလီပြည်တွင်နေထိုင်ခဲ့ကြကာ၊ အာရိယန်ယဉ်ကျေးမှုကိုလက်ခံကျင့်သုံး၍၊ မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကို ပျိုးထောင်ပြောဆိုနေခဲ့ကြသောရှေးဦးရခိုင်များမှတပါးအခြားမဖြစ်နိုင်ပေ။ အင်ဒိုမွန်ဂိုလွိုက်တို့ ရခိုင်ပြည်ကိုအောင်နိုင်ပြီးနောက်ရှိရင်းစွဲဒြာဗီးဒီးယန်းများသည်၊ အင်ဒိုမွန်ဂိုလွိုက်များအတွင်း ရောယှက်စိမ့်ဝင်၍ တဖြည်းဖြည်းပျောက်ကွယ်သွားပါသည်။ ထို့ကြောင့်ရခိုင်လူမျိုးများတွင် ဩစတြစ်သွေးပါသည်ဟူသောဒေါက်တာS.K-CHATTERJIနှင့်ဒေါက်တာS.B.QANUNGOတို့၏အယူအဆများမှာ ယုတ္တိမတန်ဟုမဆိုသာချေ။

အင်ဒိုမွန်ဂိုလွိုက်တို့သည် AD–၃ရာစုမှ ၁၀ရာစုအတွင်း ရခိုင်ပြည်အတွင်းသို့ အသုတ်လိုက်။ အသုတ်လိုက်ဝင်ရောက်ခဲ့ကြပါသည်။ အင်ဒိုမွန်ဂိုလွိုက်တို့သည် AD–၆ရာစုတွင် တစ်ကြိမ်ဝင်ရောက်ခဲ့ပြီး"ဝီတိစန္ဒြမင်း"ကိုဖြုတ်ချာကာ"မဟာဝီရ"ကိုနန်းတင်ခဲ့ကြသည်။ AD–၇၂၉နောက်ပိုင်းတွင် အာနန္ဒစန္ဒြမင်းကွယ်လွန်ပြီးနောက် AD–၈ရာစုအတွင်း အင်ဒိုမွန်ဂိုလွိုက်တို့အလုံးအရင်းနှင့်ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး AD–၇၈၈တွင် "မဟာတိုင်းစန္ဒြမင်း"ကိုနန်းတင်ခဲ့ကြပြန်ပါသည်။ မဟာတိုင်းစန္ဒြမင်းသည် နှစ်ပေါင်း ၅၀ခန့်ကြာညောင်းသည့် စစ်ပွဲအတွင်း၌ပျက်စီးသွားခဲ့သောဝေသာလီမြို့တော်ကို ပြန်လည်ပြုပြင်ခဲ့ရဟန်ရှိပါသည်။ AD–၁၀ရာစုတွင် မွန်ဂိုလွိုက်တို့နောက်ဆုံးအကြိမ်ဝင်ရောက်တိုက်ခိုက်ပြီး ဝေသာလီမြို့တော်ကိုဖျက်ဆီးလိုက်ကြပါသည်။ ယင်းသို့ဝင်ရောက်လာသော အင်ဒိုမွန်ဂိုလွိုက်များသည်၊ ရှိရင်းစွဲလူတို့ရောယှက်နေထိုင်လာကြရာ ယနေ့ရခိုင်လူမျိုးများဆင်းသက်ခဲ့ကြပြီး၊ မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကို ပျိုးထောင်ပြောကြားလာရာမှ၊ လက်ရှိရခိုင်ဘာသာစကားတိုင်အောင် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။

ဤသို့ဆိုလျှင် လက်ရှိရခိုင်ဘာသာစကားသည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ဗမာစကားနှင့် အဘယ်ကြောင့်နီးစပ်နေရပါသနည်းဟုမေးဘွယ်ရှိပါသည်။ အကျဉ်းအားဖြင့်ဆိုရလျှင် ဗမာနှင့်ရခိုင်တို့သည် မူလမွန်ဂိုလွိုက်ရင်းမြစ်မှဆင်းသက်လာကြပြီး၊ မြန်မာလူမျိုးနွယ်စု(MYANMAR TRIBES)တစ်ခုတည်းတွင် အတူနေထိုင်ခဲ့ကြ၍ရင်းမြစ်ဘာသာစကားတူညီခြင်း၊ လူမျိုးနွယ်စုတစ်ခုတည်းနေထိုင်ခဲ့ကြခြင်း၊ AD–၁၀ရာစုခန့်မှစ၍ အနောက်

ဘက်နိုင်ငံများနှင့်အဆက်အသွယ်နည်းပါးခဲ့ပြီး၊ အရှေ့ဘက်မြန်မာပြည်အလယ်ပိုင်းနှင့်သာဆက်ဆံမှုပိုမိုများပြားလာခြင်းတို့ကြောင့်ဖြစ်သည်ဟုဆိုရပါမည်။ ပုဂံခေတ်ကျောက်စာများတွင် ရခိုင်အသုံးအနှုန်း၊ ရခိုင်အသံများပါဝင်နေသည်ကလည်း အထောက်အထားဖြစ်ပါသည်။ AD–၆ရာစုမတိုင်မီက ရခိုင်ဘာသာစကားပြော၍၊ ဂုပ္ပတအက္ခရာ၊ သက္ကဋ္ဌပါဠိဘာသာတို့ရေးသားသော ရှေးဦးရခိုင်လူမျိုးများ သံတွဲခရိုင်ထိရောက်ရှိနေကြပါပြီ။ ငလုံးမော်ကျောက်စာတွင် "မဲကာ"ဟူသော ရခိုင်အမည်ကိုဗျည်းနှင့်သရတွဲ၍ ရေးသားနေသည့်အထောက်အထားတွေ့ရပါသည်။

ရှေးဦးရခိုင်တို့သည် အိန္ဒိယမြေပေါ်တွင် နှစ်ပေါင်းများစွာနေခဲ့ကြပြီး၊ အာရိယန်ယဉ်ကျေးမှုကို လက်ခံကျင့်သုံးခဲ့ကြသော်လည်း၊ အာရိယန်ဘာသာစကားပြောဆိုသွားသော လူမျိုးစုများတွင် မပါဝင်ပါ။ မိမိတို့၏ရင်းမြစ်ဘာသာစကားကိုသာ ပြောဆိုခဲ့ကြပါသည်။ ထိုစဉ်ကပြောဆိုခဲ့သော ရခိုင်ဘာသာစကားသည် ယနေ့ပြောဆိုနေကြသော ရခိုင်ဘာသာစကားနှင့် တထေရာတည်းမတူညီသည့်အပြင်၊ "ရခိုင်"ဟုသောအမည်ကိုလည်း မရရှိသေးပါ။ လက်ရှိရခိုင်ဘာသာစကားသည် ရှေးဦးရခိုင်များပြုစုပျိုးထောင်ပြောဆိုလာခဲ့သည့်မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားမှ ဖွံ့ဖြိုးတိုးတက်လာသော ဘာသာစကားဖြစ်ပါသည်။

မိမိတို့လူမျိုးမပပျောက်စေရန်။ မိမိတို့ဘာသာစကားမပပျောက်စေရန်။ မိမိတို့ယုံကြည်သော ဗုဒ္ဓသာသနာမပပျောက်စေရန်။ ဗြဟ္မဏဝါဒပြန်လည်ခေါင်းမော့လာသော၊ ဗြဟ္မဏဝါဒီများစိုးမိုးလာသော AD–၃–၄–၅ရာစုများအတွင်းမှစ၍ အိန္ဒိယအရှေ့ဖျားဒေသ စစ်တကောင်းနယ်မြေကိုဖြတ်သန်းကာ ရခိုင်ကမ်းမြောင်ဒေသသို့ပြောင်းရွှေ့အခြေချလာကြသော အင်ဒိုမွန်ဂိုလွိုက်တို့ကို ကျန်ရစ်သောမဂဓတိုင်းသားများက "ရက္ခိတများ" ဟုခေါ်၍၊ သူတို့နေထိုင်သောနယ်မြေကို "ရက္ခိတပူရ"သို့မဟုတ်"ရက္ခပူရ"ဟုခေါ်ဆိုခဲ့ကြပါသည်။ ထိုမဂဓတိုင်းသားတို့ခေါ်ဆိုသော "ရိက္ခိတ"ဟူသောပုဒ်ကိုအစွဲပြု၍ "ရက္ခိတ" "ရက္ခိုက်""ရက္ခိုင်" "ရခိုင်"ဟုပြောင်းလဲခေါ်ဝေါ်လာခြင်းဖြစ်ပါသည်။

သို့ကြောင့်ကျွန်တော်တို့ရခိုင်လူမျိုးများသည် ဩစတြစ်(သို့မဟုတ်)ဒြာဗီးဒီးယန်းသွေးပါသော အင်ဒိုမွန်ဂိုလွိုက်များမှ ဆင်းသက်လာသူများဖြစ်ပြီး၊ လက်ရှိရခိုင်ဘာသာစကားမှာလည်း၊ ရှေးဦးရခိုင်များပြုစုပျိုးထောင်ရာမှဖွံ့ဖြိုးတိုးတက်လာခဲ့သည့်မွန်ဂိုလွိုက်ရင်းမြစ် ဘာသာစကားမှဆင်းသက်ဖွံ့ဖြိုးလာသောဘာသာစကား ဖြစ်ကြောင်းတင်ပြအပ်ပါသည်။

မောင်ပြုး(သံတွဲ)

**ကိုးကားသောစာအုပ်စာတမ်းများ**


(၁)ခေတ်ဟောင်းမြန်မာရာဇဝင်(၁၉၆၉–ရန်ကုန်) ဒေါက်တာသန်းထွန်း

(၂)အခြေပြမြန်မာနိုင်ငံရေးသမိုင်း ပ–တွဲ (၁၉၈၃) လမ်းစဉ်ပါတီ

(၃)ကမ္ဘာ့သမိုင်း၏မှတ်တိုင်များ–ပ–တွဲ(၁၉၆၄) လမ်းစဉ်ပါတီ

(၄)ဗိဿနိုးမြို့ဟောင်းနှင့်သမိုင်းအမြင် ဦးဘရှင်
(တက္ကသိုလ်ပညာပဒေသာစာစောင် တွဲ(၁)၊ ပိုင်း(၃)၁၉၆၆–စက်တင်ဘာလ)

(၅)ရခိုင်မြောက်ဖျားဒေသမှသက်တိုင်းရင်းသားများ(၁၉၈၈) ထွန်းရွှေခိုင်

(၆) **The New Stone Age of Burma (Working Peoples' Daily 29/3/64)** **Prof: Nyi Nyi**

(၇) **The Story of Indo-Pakistan (Karachi-1969)** **S.F. Mahmud**

(၈) **The OutLine of History** **H.G.Wells**

(၉) **A History of Chittagong (vol-1)(Chittagong University 1988)** **S.B.Qanungo**

(၁၀) **The Making of South East Asia (Landon-1966)** **G.Coedes**

(၁၁) **The Living Races of Man (London-1965)** **G.S Coon**

(၁၂) **The History and Culture of Indian People (Vol-1)(London-1952)** **S.K Chatterji**

(၁၃) **The Culture Heritage of India (London-1954)** **S.K Chatterji**

**(14)Ancient Arakan (Ph.D Thcsis) (National University, Australlia-1977) P.Gutman**
**(15)An Introduction to the Study of Theravada N.R. Ray Buddhism in Burma (Calcutta University-1946)**


# အမြင်သစ် "ရခိုင်" နိဒါန်း


**မောင်ပြုး(သံတွဲ)**


လူ့သမိုင်းတွင် လူ့ယဉ်ကျေးမှုသည်ဆယ်စုနှစ်။ ရာစုနှစ်အလိုက် လူ့အနွယ်တစ်ဆက်ပြီး တစ်ဆက်တွင် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာခဲ့၏။ လူသားသည် လူသားအဖြစ်ကိုရရှိပြီး ဆက်လက်တည်တံ့နိုင်ရေး အတွက် ကြမ်းတမ်းသောခရီးကိုဖြတ်သန်းခဲ့ရ၏။ သဘာဝရုပ်တရား၏လိုအပ်သော အချိုးအစားအတိုင်း ဖွဲ့စည်းမှုဖြင့် အသက်သာမကအသိရှိသော သတ္တဝါအဆင့်ရောက်ရှိခဲ့ပြီး ထိုသို့အသိရှိသော သတ္တဝါမျိုးစုများစွာအနက် တစ်မျိုးသည် နှစ်သန်းပေါင်းများစွာအတွင်း တစ်ဆင့်ပြီးတစ်ဆင့် လူ့အနွယ်အဖြစ်လမ်းကွဲ၍ ပြောင်းလဲတိုးတက်လာကာ ထိုသို့တိုးတက်လာသော လူ့အနွယ်အဆက်ကြီးမတိမ်ကောမပပျောက်စေရန် ကြီးမားလှစွာသော အတားအဆီးများနှင့်အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ မြန်မာမှုတွင်ရှိသော "မနုဿတ္တဘာဝေါ ဒုလ္လဘော" လူ့အဖြစ်သည်ရခဲသည်ဟူသော စကားသည်မှန်၏။ ဩစတြိုလိုပီသီကပ် (Austrolopithicas)၊နီယန်ဒါးသဲ (Neenderthal)၊ပီကင်းမင်း(Peking Man)၊ခရိုမဂ္ဂနွန် (Chromagrnon)၊ဂျဗားမင်း(Peking Man)၊(ခရိုမဂ္ဂနွန် (Chromagrnon)၊ဂျာဗားမင်း(Java Man))၊စသည့် လူ့အဖြစ်ကိုမရောက်တရောက်အဖြစ်မှ မျက်မှောက်ခေတ် စက်ဦးနှောက်ကွန်ပျူတာနှင့် အနုမြူယဉ်ကျေးမှုခေတ်အထိကာလ မနုဝင်တစ်လျှောက်လုံး၌ သဘာဝအရိုင်း၏ မသထာရေစာကို လုယူစားသုံးသောက်လျက် ရန်းကန်လှုပ်ရှားရင်း သဘာဝအရိုင်း၏လျှို့ဝှက်ချက်များကို လက်တစ်ဆုံးနှိုက်ကာ ကြံဆဖော်ထုတ်ရင်းဤပံသုပထဝီကို ကျောခိုင်းကာ အာကာသစကြဝဠာကိုစိုးမိုးရန် ကြိုးစားလာသော လူသားအဆင့်အထိ လုံ့လဝရိယဖြင့် ကြိုးစားလာသောလူသား၏ စွမ်းပကားသည် အံ့ချီးမကုန်နိုင်စရာဖြစ်၏။

သက်ရှိသတ္တဝါစတင်ပေါ်ပေါက်လာချိန်မှ မျက်မှောက်ခေတ်အထိဖြစ်စဉ်ကို ပြန်ကြည့်လျှင် ရုပ်ဒြပ်ခန္ဓာ မည်မျှပင်ကြီးမားသော်လည်း အသိလိမ္မာတရားခေါင်းပါး၍ သဘာဝအရိုင်းနှင့် ဆင်နွှဲရသည့်တိုက်ပွဲများတွင် အရှုံးပေးကာ မိမိတို့၏မျိုးနွယ်ဇာတ်ကြောင်းကို အမြစ်မကျန်အဖြတ်ခံခဲ့ရသော ဒိုင်နိုဆောလို သတ္တဝါမျိုးများ မည်မျှရှိလေမည်နည်း။ ရုပ်ဒြပ်ခန္ဓာငယ်ပင်ငယ်ငြားသော်လည်း အသိလိမ္မာနှင့် ဆင်ခြင်တုံတရားတိုးတက်လာသော လူသားသည်လူ့အဖြစ်ကိုမရမီမှ လူ့အဖြစ်ကိုရရှိ၊ ခိုင်မြဲ၊ တိုးတက်။ ယဉ်ကျေးလာသည့် အခြေတိုင်အောင် ကြိုးစားခဲ့ရသော မနုဝင်တစ်လျှောက်လုံးနှင့် လူ့သမိုင်းဖြစ်စဉ်ကို ယထာဘူတကျကျရှုကြည့်လျှင် လူ့အဖြစ်ကို လွယ်လွယ်နှင့်ရခဲ့သည်မဟုတ်။ လူ့ယဉ်ကျေးမှုကိုလွယ်လွယ်နှင့်တည်ဆောက်ခဲ့ခြင်းမဟုတ်။ လူ့အနွယ်တစ်စု၊ လူမျိုးတစ်မျိုးအဖြစ်ကိုလွယ်လွယ်နှင့် ထိန်းသိမ်းခဲ့ရခြင်း မဟုတ်သည်ကိုတွေ့မြင်ကြရပေမည်။ ထို့ကြောင့်လည်း "မနုဿတ္တဘာဝေါ ဒုလ္လဘော" ဟူသောစကားသည် မှန်၏ဟုဆိုခဲ့ခြင်းဖြစ်ပါသည်။

ရခိုင်လူမျိုးတို့၏သမိုင်းသည် လူ့သမိုင်း၏တစ်စိတ်တစ်ဒေသဖြစ်၏။ ရခိုင်လူမျိုးဟူ၍ မိမိ၏ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဂီတဖြင့် လူ့ဘဝဇာတ်ခုံတွင် ဝင်ရောက်လာပြီးနောက် အခြားသောလူမျိုးများ၏တိုက်ခိုက်မှု၊ သဘာဝအရိုင်း၏တိုက်ခိုက်မှုစသည့်အန္တရာယ်များကြားမှ အမျိုးမပြုတ်၊ အစမတုံးအောင် အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရသည့်အဖြစ်အပျက်ကို ရခိုင်သမိုင်းတွင် တွေ့မြင်ကြရသည်။ အမျိုးသီလ နှစ်ဌာနကိုတိတိကျကျ ဆောင်ရွက်နိုင်၍သာ ရခိုင်ဟူသောလူမျိုးစုသည် ယနေ့တိုင်အောင် တည်တံ့ခိုင်မြဲနေဆဲဖြစ်သည်။ ထို့ကြောင့်လည်း အေဒီ ၁၀ရာစုအလယ်ပိုင်းက ရေးထိုးခဲ့သော အာနန္ဒစန္ဒြကျောက်စာတိုင်မြောက်ဘက်မျက်နှာတွင် ဤနယ်မြေကို "အာရက္ခဒေသ" ဟုရေးထိုးခဲ့ခြင်း မဟုတ်ပါလော။

ဤသို့ဆိုလျှင် ကျွန်တော်တို့ ရခိုင်လူမျိုး၏အစသည် အဘယ်နည်း။ ရခိုင်လူမျိုးသည် အဘယ်ကဲ့သို့ ဆင်းသက်လာသနည်းဆိုသည်ကို ဆန်းစစ်ကြည့်ရန် လိုပေလိမ့်မည်။ဤဆောင်းပါးတွင် စာရေးသူသည် ရခိုင်လူမျိုး၏မူလဘူတနှင့် ရခိုင်နယ်မြေသို့ဝင်ရောက်လာပုံကို လက်လှမ်းမီသမျှကြံဆတင်ပြထားခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လူ့ယဉ်ကျေးမှုစတင်ရာဒေသများအဖြစ် အာရှအလယ်ပိုင်း အီဂျစ်၊ ဘေဘီလုံးနီးယား၊ အိန္ဒုမြစ်ဝှမ်း၊ မြစ်ဝါမြစ်ဝှမ်းအစရှိသည်ဖြင့် သမိုင်းသုတေသီများ၏ တင်ပြချက်များကို ခြုံငုံသုံးသပ်လျှင် အာရှအလယ်ပိုင်းသည် ပင်မအချက်အချာဒေသဖြစ်သည်ဟု ယူဆရာ၏။ အဆိုပါဒေသမှ လူမျိုးနွယ်စုများသည် ရေကြည်ရာမြက်နုရာကို ရှာဖွေလာကြရပြီး လူမျိုးစုများကွဲပြားသွားပြီးနောက်သဘာဝပတ်ဝန်းကျင် အလျောက်လုပ်ကိုင်စားသောက်မှုများနှင့် ဘာသာစကားဓလေ့ထုံးစံများသည် မသိမသာမှုကြာမြင့်လာသောအခါတွင် သိသိသာသာကွဲပြားမှုများပေါ်ပေါက်လာခဲ့ကြရ၏။

ခေတ်ဦးရခိုင်ပြည်သို့ အတော်အတန်ယဉ်ကျေးသောသူများ ဝင်ရောက်လာသောအခါ ကြမ်းတမ်းခက်ထန်၍ အသားစိမ်းစားသော လူရိုင်းတစ်မျိုးရှိနှင့်ပြီးဖြစ်ကြောင်းကို ရာဇဝင်များက ညွှန်ပြနေသည်။ ထိုသူတို့အား နီဂရစ်အနွယ်ဝင်များဖြစ်သည်ဟု ယူဆသူများရှိ၏။ သို့သော်ထိုသူတို့မှာ ဘီစီ ၁၀၀၀မတိုင်မီကာလ၌ ရခိုင်ကမ်းခြေတွင် နေထိုင်ခဲ့သည့် ဩစတြေးနီးရှင်းများဖြစ်ရန် ပိုများပါသည်။ သမိုင်းမတင်မီကာလများက အာသံ၊ မဏိပူရ၊ စစ်တကောင်းနှင့် ရခိုင်ဒေသများတွင် ဩစတြိုနီရှအုပ်စုများ နေထိုင်ခဲ့ကြသည်ဟု ပါမောက္ခ ကနန်ဂိုကဆို၏။ ဒေါက်တာသန်းထွန်းကမူ ဩစတြစ်နှစ်မျိုးတွင်ဩစတြိုအာရှများက ကုန်းပိုင်း၊ ဩစတြိုနီရှများက ကျွန်းပိုင်းတွင် နေသူများဟု အကြမ်းခွဲဝေ၍ ရပါသည်။ ဩစတြိုအာရှအုပ်စုမှ ယနေ့တိုင်မြန်မာနိုင်ငံ၌ နေထိုင်သူများကား၊ မွန်၊ ပလောင်၊ ဝ၊ ရီအန်နှင့် ခစီများဖြစ်ကြသည်ဟုဆိုပါသည်။

ကျောက်ခေတ်နှောင်း အကြွင်းအကျန်ဖြစ်သော ဩစတြိုနီးရှင်းများသည် အာရှအလယ်ပိုင်းမှ မွန်ဂိုလွိုက်တို့အလုံးအရင်းနှင့် ဆင်းလာသောအခါ ယင်းတို့နေထိုင်ရာ အာသံ၊ မဏိပူရ၊ စစ်တကောင်း၊ ရခိုင်ဒေသတို့ကို စွန့်ခွာ၍ ယခုအာရှတောင်ပိုင်းကျွန်းစုများသို့ ပျံ့နှံ့ခဲ့ကြဟန်ရှိပါသည်။ ဩစတြစ်များထက် ယဉ်ကျေးမှုအရသာလွန်သော မွန်ဂိုလွိုက်တို့မှာ မြောက်ပိုင်းမှဟန်လူမျိုးတို့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် တိဘက်ကုန်းမြင့်ကိုဖြတ်သန်းပြီး တောင်ပိုင်းသို့ဆင်းလာသူများဖြစ်ကြ၏။ မွန်ဂိုလွိုက်တို့သည် အာသံ၊ မဏိပူရ၊ ဘင်္ဂလား၊ ဘီဟာ၊ မဂဓတိုင်းဒေသများထိပျံ့နှံ့နေထိုင်ခဲ့ကြ၏။ ယင်းတို့သည် နှစ်ပေါင်းများစွာအတွင်း ဘီစီ၁၅၀၀မတိုင်မီကတည်းက အိန္ဒိယအရှေ့ဖျားဒေသများသို့ ရောက်ရှိနေခဲ့ကြသည်။ အာရိယံတို့နှင့် သွေးနှောခဲ့ကြ၏။ မွန်ဂိုလွိုက်တို့သည် အာရိယံတို့နှင့် နှစ်ပေါင်း၁၀၀၀ခန့်ရောနှောနေထိုင်ခဲ့ကြပြီး အာရိယံယဉ်ကျေးမှုလွှမ်းမိုးမှုခံခဲ့ရသည်ဟု ကနန်ဂိုကရေးသားထား၏။ သူကဆက်၍ ပထဝီအနေအထားအရ မဏိပူရ၊ ကချာ။ တြိပူရ၊ စစ်တကောင်း၊ရခိုင်ဒေသများသည် တစ်ဆက်တစ်စပ်တည်းဖြစ်၏။ ဤဒေသများတွင် တွေ့ရသောကျောက်ခေတ်သစ်လက်နက်ပစ္စည်းများမှာ တစ်ပုံစံတည်းဖြစ်ကြ၏။ ဤနယ်မြေများ၌တွေ့ရသော ကျောက်လက်နက်ပစ္စည်းများမှာ ဘီစီ၂၀၀၀ထက် နောက်မကျသောအချိန်က ထွန်းကားခဲ့သော ကျောက်ခေတ်နှောင်းအထောက်အထားများဖြစ်သည်ဟုလည်းဖော်ပြပါသည်။ ဒေါက်တာသန်းထွန်းကမူ ဒွန့်ဆွန်ကြေးလက်ရာကို ဘီစီ၂၀၀နှင့် အေဒီ၂၀၀ ဝန်းကျင်ဟု သတ်မှတ်နိုင်ပါလျှင် အရှေ့တောင်အာရှတစ်ခုလုံး၏ကျောက်ခေတ်ကား ဘီစီ၁၀၀၀အတွင်းကဖြစ်၍ ခရစ်တော်ပေါ်ချိန်၌ ကျောက်ခေတ်မှ ကြေးလောဟာခေတ်သို့ကူးပြောင်းဆဲဟု ယူဆရပေမည်ဟုဆိုပြန်ပါသည်။ သို့သော် ဤအယူအဆသည်“မွန်တို့သည် ခရစ်နှစ်ဆန်းစတွင် အနောက်ဘက်သို့ပြောင်းရွှေ့လာပြီး မုတ္တမပင်လယ်ကွေ့၊ ဧရာဝတီမြစ်နှင့် ကျောက်ဆည်နယ်ထိနေရာယူလာသည်။” ဟူသောယင်း၏အရေးအသား၊ ရခိုင်ပြည်အာနန္ဒစန္ဒြကျောက်စာအရ ဘီစီ ၃၈မှ အေဒီ ၈၂ထိ ရခိုင်ပြည်တွင် ရဟုပတိမင်းစိုးစံနေချိန်တို့နှင့် တိုက်ဆိုင်ကြည့်လျှင် ရခိုင်ဒေသနှင့် အရှေ့တောင်အာရှ၏ ကျောက်ခေတ်နှောင်းသည် ဘီစီ၁၀၀၀မတိုင်မီ သို့မဟုတ် ပါမောက္ခကနန်ဂိုယူဆသကဲ့သို့ ဘီစီ၂၀၀၀ထက်နောက်မကျသောအချိန်တွင်သာ ဖြစ်သင့်၏။ ကျောက်ခေတ်နှောင်းကာလက ရခိုင်ဒေသတွင် နေထိုင်ခဲ့ကြသော ဩစတြေးနီးရှင်းများသည် ရခိုင်ပြည်သို့ မွန်ဂိုလွိုက်တို့ ဝင်ရောက်လာသောအခါ မဏိပူရ၊ အာသံ၊ ကချာ၊ စစ်တကောင်းဒေသများမှ ဩစတြေးနီးရှင်းများနှင့်အတူ

တောင်ပိုင်းဒေသသို့ ဆုတ်ခွာခဲ့ကြပြီး ယခုအခါ ယင်းတို့၏အကြွင်းအကျန်များကို တောင်အာရှ၊ အင်ဒိုချိုင်းနား၊ ဆော်လမွန်ကျွန်းစု၊ ဖီဂျီ၊ မလေးရှား၊ ဘော်နီယို၊ နယူးဂီနီနှင့် ဩစတြေးလျတိုက်ရှိ တောနက်များတွင် တွေ့မြင်နိုင်သေးကြောင်း ပါမေက္ခကနန်ဂိုက ဆိုပါသည်။

ရခိုင်ရာဇဝင်တွင် ဖော်ပြသော"တောတောင်ကိုမှီ အဘဇ္ဇီဘီလူး"ဟူသည်မှာ ထိုဩစတြေးနီးရှင်းများဟု ယူဆရာ၏။ ဖေယာက မွန်ဂိုလွိုက်မျိုးနွယ်စုများဝင်ရောက်လာချိန်တွင် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ လူရိုင်းများပျံ့နှံ့နေထိုင်ကြပြီးဖြစ်သည်။ ဗုဒ္ဓသာသနာဝင်ရောက်လာချိန်တွင် အဆိုပါလူရိုင်းများ၏ အကြွင်းအကျန်များရှိနေသေးသည်ဟု မှတ်ယူရပေမည်ဟုဆိုသည်။ ဒေါက်တာချတ္တာဂျီ၏ အယူအဆမှာ "ဩစတြို့အာရှအနွယ်များနှင့် တရုတ်တိဘက်နွယ်ဖွားများသည် ရခိုင်နှင့် စစ်တကောင်းဒေသသို့အစောဆုံးရောက်ရှိသူများတွင်ပါဝင်သည်"။ ဟူ၍ဖြစ်ပါသည်။

မွန်ဂိုလွိုက်တို့သည် ရခိုင်ပြည်သို့မည်သည့်အချိန်က စတင်ဝင်ရောက်ခဲ့သည်ဆိုသည်ကို အတိအကျပြောမပြောနိုင်ပေ။ မွန်ဂိုလွိုက်တို့သည် ရခိုင်ပြည်တွင်းသို့ တစ်ကြိမ်တည်းမဟုတ်ဘဲ အကြိမ်ကြိမ်ဝင်ရောက်ခဲ့ကြ၏။ ထို့ကြောင့် ရခိုင်တို့၏ဆင်းသက်လာပုံမှာ ရှုပ်ထွေးပွေလီလှ၏။

ဘီစီ ၁၅၀၀ခန့်က တရုတ်ပြည်မြောက်ပိုင်းမှ ဟန်လူမျိုးများတောင်ပိုင်းသို့ ဆင်းသက်လာသည့်အခါ မွန်ဂိုလွိုက်တို့သည် တောင်ပိုင်းသို့ပြောင်းရွှေ့ခဲ့ကြ၏။ ရခိုင်ဒေသသို့ကား နောက်နှစ်ငါးရာဝန်းကျင်ခန့်တွင်မှစ၍ တြိပူရ၊ လူရှေ၊ စစ်တကောင်းဒေသများမှတစ်ဆင့် အသုတ်လိုက်ဝင်ရောက်ခဲ့ကြ၏။ ဤသို့တစ်သုတ်ပြီးတစ်သုတ်ဝင်ရောက်လာခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာအတွင်းဖြစ်၏။ ယင်းအခြေအနေဝန်းကျင်တွင် အိန္ဒိယမြောက်ပိုင်းသားတို့လည်း အကြိမ်ကြိမ်ဝင်ရောက်ခဲ့၏။ အာနန္ဒစန္ဒြကျောက်စာနှင့် အခြားကြေးနီပြားစာ၊ ကျောက်စာများရေးထိုးသောဘာသာစကားနှင့် အက္ခရာ၊ဒင်္ဂါးများအရ အေဒီ ၄ရာစုအစပိုင်းတွင် အာရိယန်ယဉ်ကျေးမှုသည် အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်ခဲ့ပြီး မွန်ဂိုလွိုက်တို့အား အာရိယန်ယဉ်ကျေးမှုလွှမ်းမိုးခဲ့လေသည်။

အာရိယံတို့သည် အိန္ဒိယအနောက်မြောက်ပိုင်းသို့ ဘီစီ၂၀၀၀နှင့် ဘီစီ ၁၅၀၀ကြားကာလတွင် ဝင်ရောက်ခဲ့ကြပြီး ပန်ဂျပ်နယ်တွင် ကာလရှည်ကြာမနေခဲ့ကြပေ။ အိန္ဒိယအရှေ့ပိုင်းသို့ပြောင်းရွှေ့လာကြပြီး ဂင်္ဂါ၊ ယမုနာမြစ်ဝှမ်းများတွင် အခြေချနေထိုင်ခဲ့ကြသည်။ ဒေသခံလူမျိုးများနှင့် ရောနှောခဲ့ပြီး အာရိယံယဉ်ကျေးမှုလွှမ်းမိုးခဲ့သည်ဟု သမိုင်းပညာရှင်အိပ်–ဂျီ–ရော်ဘင်ဆန်က ဆိုသည်။ တဖန် ကေ–အက်စ်လိုတိုရီကလည်း အာရိယံတို့နှင့် မွန်ဂိုလွိုက်တို့သည် အိန္ဒိယအရှေ့မြောက်ပိုင်းတွင် ကာလရှည်ကြာသွေးနှောခဲ့ကြ၏။ အာရိယံတို့သည် ဘီစီ ၁၀၀၀မတိုင်မီ ဘင်္ဂလားဒေသထိပျံ့နှံ့နေထိုင်ခဲ့ကြ၏။ မွန်ဂိုလွိုက်တို့သည် အာရိယံတို့ဝင်ရောက်ပြီးနောက် ဟိမဝန္တာတောင်တန်းဒေသ၊ ကာမရူပ၊ အာသံ၊ မဂဓ၊ ဂင်္ဂါမြစ်ဝှမ်း၊ ဘင်္ဂလားဒေသများသို့မွန်ဂိုကုန်းမြင့်မှ ဝင်ရောက်ခဲ့ကြ၏ဟု ဆိုပါသည်။

ခရစ်နှစ်အစပိုင်းကာလများတွင် မွန်လူမျိုးတို့သည် အာရှအရှေ့ပိုင်းမှမြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ကြ၏။ မကြာမီတွင် မြန်မာနိုင်ငံမြောက်ပိုင်းဖျားသို့ရောက်ရှိနေသော မွန်ဂိုလွိုက်တို့သည် မဲခေါင်နှင့် သံလွင်မြစ်ဖျားဒေသမှနေ၍အုပ်စုဖွဲ့ကာ မြန်မာနိုင်ငံအတွင်းသို့ မြောက်ဘက်မှလည်းကောင်း၊ အနောက်မြောက်ဘက်မှလည်းကောင်း၊ ဝင်ရောက်လာကြ၏။ မြန်မာနိုင်ငံအနောက်မြောက်ဘက်၊ အာသံ၊ မဏိပူရနှင့်အိန္ဒိယအရှေ့မြောက်ပိုင်းသို့ဆင်းခဲ့ကြသောမွန်ဂိုလွိုက်များတွင် မြန်မာပြည်တွင်းသို့ ဝင်ရောက်လာမည့်အစုမှ မူလရခိုင်များပါဝင်ခဲ့သည်ဟု မှန်းဆရသည်။ မူလရခိုင်တို့သည် အာရိယံယဉ်ကျေးမှုလွှမ်းမိုးခံရသော်လည်း မူလကိုယ်ပိုင်ဘာသာစကားကိုပင် ပြောဆိုကြ၏။ ရခိုင်တို့သည် မွန်ဂိုလွိုက်အနွယ်အဖြစ်တည်ရှိခဲ့စဉ်က ရခိုင်ပြည်သို့မဝင်ရောက်မီတွင်လည်းကောင်း၊ ရခိုင်ပြည်တွင်းသို့ရောက်ရှိပြီးမှလည်းကောင်း အာရိယန်တို့နှင့် သွေးနှောခဲ့ကြ၏။

အနန္ဒစန္ဒြကျောက်စာအရ ရခိုင်ပြည်တွင် ဓညဝတီမြို့သည်ဘီစီ၇ရာစုကပင် တည်ထောင်ပြီးဖြစ်၏။ မင်းများ၏အမည်များအရ ဓညဝတီမြို့ကို မွန်ဂိုလွိုက်တို့တည်ထောင်ခဲ့၏။ ယင်းမွန်ဂိုလွိုက်တို့သည် ရခိုင်ပြည်သို့ဝင်ရောက်လာသည့်အခါ ရှိရင်းစွဲဩစတြေးနီးရှင်းများကို နှိမ်နင်းခဲ့ကြရ၏။ ဤအချိန်မှာ ဘီစီ၁၀၀၀ခန့်ကဖြစ်မည်။ မွန်ဂိုလွိုက်တို့ ဒုတိယအကြိမ်ဝင်ရောက်လာချိန်မှာ အေဒီ၄ရာစုအစပိုင်းဖြစ်၏။ ဤတစ်ကြိမ်ဝင်ရောက်

လာသောအခါ မွန်ဂိုလွိုက်တို့နှင့်အတူ အိန္ဒိယအရှေ့ပိုင်းဒေသမှ ဂုပ္ပတအက္ခရာနှင့် သက္ကတဘာသာစာပေအရေးအသားကိုယူဆောင်ခဲ့ကြ၏။ ရခိုင်ပြည်၌တွေ့ရသော အစောဆုံးဂုပ္ပတအက္ခရာနှင့် သက္ကတစာပေတို့မှာ ယင်းတို့နှင့်အတူပါလာသော ယဉ်ကျေးမှုဖြစ်၏။ တဖန်အေဒီ ၇၂၉မှ အေဒီ ၇၈၉ကြားကာလတွင် ဝေသာလီ၌ ခေတ္တမျှ မင်းဆက်ပြတ်တောက်ခဲ့ခြင်းမှာ မွန်ဂိုလွိုက်တို့အင်အားကြီးမားစွာဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟုယူဆ၏။ အေဒီ ၉၅၇ခုနှစ်စူလစန္ဒြမင်းလက်ထက် ဝေသာလီထီးနန်းပျက်သုဉ်းခဲ့ရခြင်းမှာ မွန်ဂိုလွိုက်တို့ နောက်ဆုံးအနေဖြင့် အင်အားကြီးမားစွာ ဝင်ရောက်တိုက်ခိုက်၍ဖြစ်သည်ကို ရာဇဝင်တွင်အထင်အရှားတွေ့ရပါသည်။

ရခိုင်တို့သည် ရခိုင်ပြည်တွင်းသို့ ပထမဆုံးအကြိမ်ဝင်ရောက်လာသောအခါ ရခိုင်ပြည်တွင်း၌ မြို့လူမျိုးအစု၊ သက်လူမျိုးအစုတို့ ကြိုတင်ရောက်နှင့်နေပြီးဖြစ်သည်ဟု ပင်မလာဂတ်တမင်ကဆိုသည်။ ရခိုရာဇဝင်များတွင် မာရယုသည်မြို့လူမျိုးအကြီးအကဲ၏သမီးနှင့် လက်ထပ်ခြင်း၊ အဇ္ဈနုရသေ့သည် ဆတ်မ(သက်အမျိုးသမီး)နှင့် ကြုံတွေ့ခဲ့ရခြင်းသည် ဇာတ်လမ်းများမှာ ယင်းအချက်ကိုဖော်ပြနေသယောင်ဖြစ်၏။ မူလမွန်ဂိုလွိုက်အုပ်စုတွင် ပါဝင်သောရခိုင်တို့သည် အိန္ဒိယအရှေ့မြောက်ဒေသမှ အာရိယံယဉ်ကျေးမှုကို သယ်ဆောင်ကာ ရခိုင်ပြည်သို့ဝင်ခဲ့ကြ၏။

ပညာရှင်များအလိုအရ မွန်ဂိုလွိုက်အုပ်စုမှ သက်အစုသည်ရခိုင်ပြည်သို့ ပထမဆုံးဝင်ရောက်ခဲ့၏။ ပြီးနောက်မြို့နှင့် ချင်းအစုဝင်ရောက်ခဲ့၏။ ခမီးမှာချင်းအစုတွင် ပါဝင်၏။ ယင်းနောက်ရခိုင်အစုဝင်ရောက်ခဲ့၏။ ရခိုင်တို့သည် အာရိယံယဉ်ကျေးမှုကို သယ်ဆောင်ခဲ့ကြ၏။ သို့သော်ဝေသာလီမြို့ဟောင်းတူဖော်မှုတွင် သက်အမျိုးသမီးကြီးများ ဝတ်ဆင်လေ့ရှိသောနားကွင်းကြီးများကို တွေ့ရခြင်းဖြင့် မွန်ဂိုလွိုက်တို့၏ယဉ်ကျေးမှုလည်း အာရိယံယဉ်ကျေးမှုအတွင်း အတော်အတန်ပျံ့နှံ့ခဲ့သေးသည်ဟု မှန်းဆရ၏။ ဆက်လက်၍ မွန်ဂိုလွိုက်အုပ်စုကြီးမှ ရခိုင်တို့နောက်ဆုံးအကြိမ်ဝင်ရောက်လာမှုကို ဖော်ပြလိုပါသည်။

ဖန်ချီအမည်ရှိသူသည် အေဒီ ၈၆၃တွင်“မန်ရှု”အမည်ရှိ ဘာသာရေးကျမ်းတစ်စောင်ကို ရေးသားထားခဲ့၏။ ဤကျမ်းတွင် နောင်အခါ မြန်မာဒေသအတွင်းဝင်ရောက်နေထိုင်ကြသည့် လူမျိုးစုများအကြောင်းကို အတန်ငယ်ပြည့်စုံအောင်ရေးသားခဲ့သည်ဟု သိရ၏။ ထိုလူမျိုးစုများတွင် မြို၊ လရှီ၊ အတ်စီ၊ တဆဲ၊ အချန်၊ ဖွန်၊ ခနု၊ အင်းသား၊ ထားဝယ်။ ရခိုင်နှင့်တောင်ရိုးတို့ပါဝင်ကြ၏။ ယင်းတို့သည် အေဒီ၈ရာစုမတိုင်မီ နှစ်ပေါင်းများစွာကပင် သံလွင်၊ မဲခေါင်နှင့် ယန်စီမြစ်ဖျား၊ တိဘက်အရှေ့ပိုင်းဒေသသို့ရောက်ရှိနေခဲ့ကြ၏။ အေဒီ၈ရာစုအတွင်း ယင်းနေရာ၌အခြေချနေသော မြန်မာအစုမှာ နောက်ဆုံးကျန်ရှိနေသော အကြွင်းအကျန်များဖြစ်ဟန်ရှိသည်ဟု ဒေါက်တာသန်းထွန်းက ယူဆ၏။ အထက်ဖော်ပြပါအတိုင်း အေဒီ၄ရာစုခန့်ကပင် ယင်းဒေသမှ လူမျိုးစုများသည် တဖြည်းဖြည်းစွန့်ခွာထွက်သွားခဲ့ကြပြီဖြစ်၏။ မြို့လူမျိုးအစုမှာ မြန်မာဒေသအတွင်းသို့ ပထမဆုံးဝင်ရောက်သောအုပ်စုဖြစ်ဟန်ရှိ၏။ သို့သော်မြို၊ရခိုင်၊ ချင်းတို့သည် သက်အစုအပါအဝင် ရခိုင်ပြည်သို့ဝင်ရောက်လာချိန်သည် တစ်စုနှင့်တစ်စုများစွာအချိန်ကွာခြားမှုမရှိသည်ကို ရခိုင်ရာဇဝင်များကို ဖော်ပြနေ၏။ အာရိယံအနွယ် အဇ္ဈနုရသေ့သည် သက်အမျိုးသမီးတစ်ဦးနှင့် ကြုံကြိုက်၍ မာရယုဟူသောရခိုင်ကို မွေးဖွားပြီးမာရယုသည် မြို့အမျိုးသမီးတစ်ဦးနှင့်လက်ထပ်ခဲ့သည်ဟူသော ရာဇဝင်ကြောင်းများကို ပြန်ပြောင်းတွေးတောကြည့်ရာ၏။

ဒေါက်တာသန်းထွန်းက “မြန်မာအစုကား ၉ရာစုနောက်ပိုင်းတွင်မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြဟန်ရှိပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း၊ ပူအိုက်ခြောက်သွေ့သောမြေပြန့်လွင်ပြင်သို့ဆင်းရာ၌ မပါသူ(သို့မဟုတ်)ထိုမှဆက်လက်ထွက်ခွာသူတို့ကား မြို၊ လချီကွာ၊ ဟတ်စီနှင့် တစီ၊ မိုင်သာ၊ဖွန်၊ ခနု၊ အင်းသား၊ တောင်ရိုး၊ ထားဝယ်နှင့် ရခိုင်တို့ဖြစ်သည်”ဟုဆိုသည်။ သို့သော်မြို့နှင့် ရခိုင်တို့သည် အေဒီ၉ရာစုနောက်ပိုင်းမှ မြန်မာနိုင်ငံအလယ်ပိုင်းမှတစ်ဆင့် ရခိုင်ပြည်သို့ကူးသန်းလာသည့် အထောက်အထားအစအနပင်မရှိပေ။ အေဒီ၉ရာစုနောက်ပိုင်းမှ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့သူများအထဲတွင် မြို့နှင့် ရခိုင်မပါဘဲယင်းတို့သည် အေဒီ၉ရာစုမတိုင်မီကပင် လမ်းခွဲထွက်ပြီးနောက် မြန်မာနိုင်ငံအနောက်မြောက်ပိုင်းမှ ဗြဟ္မပုတ္တရမြစ်ကြောင်းအတိုင်းဆင်းသက်ခဲ့ပြီး စစ်တကောင်းတောင်တန်းဒေသကို ဖြတ်ကျော်ကာ ရခိုင်ပြည်အတွင်းသို့ ဝင်ရောက်ခဲ့

ကြပြီးဖြစ်ပေသည်။ သို့မဟုတ် နောက်ဆုံးအသုတ်ကျန်ရှိနေသော ရခိုင်များမှာ အာသံ၊ မဏိပူရနှင့် စစ်တကောင်း ဒေသများသို့ရောက်နှင့်ပြီဖြစ်ပေမည်။

ဖန်ချို၏မန်ရှုကျမ်းအရ အေဒီစရာစုမတိုင်မီကပင် သံလွင်၊ မဲခေါင်းနှင့်ယန်စီမြစ်ဖျား၊ တိဘက်အရှေ့ပိုင်းတွင် ရောက်ရှိနေသောအုပ်စုများကို "မင်း"သို့မဟုတ်"မင်းစော"ဟုဖော်ပြထားသည်။ ထိုသူတို့သည် ယူနန်၏မြင်းသည်အကျော်များဖြစ်ကြသည်။ စစ်ရေးစစ်ရာ၌ ပထမတန်းစားများဖြစ်ကြသည်။ ထိုသူတို့သည် ဖန်ချိုမှတ်တမ်းတင်ချိန်၌ မြန်မာနိုင်ငံအတွင်းသို့ ရှမ်းပြည်မြောက်ပိုင်းမှစတင်ဝင်ရောက်ချိန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် "နန်ကျောင်"၏ နှိပ်စက်မှုအန္တရာယ်မှရှောင်ရှားရန်ဖြစ်သည်။ အေဒီစရာစုကပင် ယင်းဒေသတွင် မြို့အစုနှင့်ရခိုင်အစုမရှိတော့ပြီဟု ခန့်မှန်းရပါသည်။ ရှမ်းပြည်မြောက်ပိုင်းမှဝင်ရောက်လာသူများတွင် ရခိုင်အစုနှင့်မြို့အစုမပါဝင်ပေ။ ချင်းအစုလည်းပါဝင်ခဲ့သည့်အထောက်အထားမရှိပေ။ ရခိုင်၊ မြို့နှင့်ချင်းအစုတို့မှာ ၉ရာစုမတိုင်မီနှစ်များစွာကပင် ထိုနေရာမှခွဲထွက်ခဲ့ပြီးဖြစ်သည်ဟု အခိုင်အမာမှတ်ယူနိုင်ပါသည်။

အေဒီ ၇၁၃တွင် နန်ကျောင်မင်း"ရှန်လေဖိ"သည် သံလွင်နှင့်မဲခေါင်မြစ်ညှာပိုင်းမှ မင်းစောတို့ကို ပထမဆုံးအကြိမ်အောင်နိုင်သည်။ အေဒီ ၇၆၂တွင် တဖန်နန်ကျောင်မင်း"ကော်လော်ဖန်"သည် တိဘက်။ အာသံနှင့် မြန်မာနိုင်ငံမြောက်ဖျားဒေသများသို့ ထိုးစစ်များအလီလီဆင်နွှဲခဲ့သဖြင့် ထိုဒေသမှလူမျိုးစုများဘေးကင်းရာဒေသသို့တိမ်းရှောင်ခဲ့ရပြန်သည်။ ကော်လော်ဖန်၏မြေးတော်"ယီမိုယုန်"သည် အေဒီ၇၉၄တွင် မင်းစောတို့ကိုနှိပ်ကွပ်ပြန်သည်။

ထို့ကြောင့် ထိုအစုမှရခိုင်နှင့်မြို့သည် မြန်မာများအေဒီ ၉ရာစုအတွင်း မြန်မာနိုင်ငံအတွင်းသို့ ရှမ်းပြည်မြောက်ပိုင်းမှတစ်ဆင့် မဝင်ရောက်မီကပင် နန်ကျောင်တို့အန္တရာယ်မှ ရှောင်ကျဉ်၍ရခိုင်ပြည်တွင်းသို့ အေဒီစရာစုအစောပိုင်းကပင် ဝင်ရောက်ခဲ့ကြသည်ဟု မှတ်ယူရပေမည်။ ထူးခြားသည်မှာ အေဒီစရာစုအစပိုင်းတွင် နန်ကျောင်တို့တန်ခိုးသြဇာကြီးမားလာ၍ သံလွင်၊ မဲခေါင်နှင့် ယန်စီမြစ်ဖျား၊ တိဘက်အရှေ့ပိုင်းဒေသတွင် ရောက်ရှိနေသောလူမျိုးစုများကို တိုက်ခိုက်ချိန်သည် ဝေသာလီတွင် အာနန္ဒစန္ဒြနတ်ရွာစံပြီးနောက် အေဒီ၇၂၉မှ အေဒီ၇၈၈ထိမင်းဆက်ပြတ်တောက်နေခြင်းနှင့် တိုက်ဆိုင်နေပါသည်။ နန်ကျောင်တို့၏အန္တရာယ်ကိုရှောင်ရှား၍ မြန်မာနိုင်ငံအနောက်မြောက်ပိုင်း မဏိပူရ၊ အာသံ၊ စစ်တကောင်းနယ်များကိုဖြတ်၍ ဝင်ရောက်လာသော ရခိုင်အုပ်စုသည် ဝေသာလီမှအာရိယံအနွယ်များကိုတိုက်ခိုက်၍ ဝေသာလီမင်းဆက်ကိုပြတ်တောက်စေခဲ့ပြီး အေဒီ၇၈၈တွင် စတင်နန်းတက်သော မဟာတိုင်းစန္ဒြမှစ၍ ရခိုင်တို့သည် အာရိယံယဉ်ကျေးမှုကို ကျင့်သုံး၍ရခိုင်ပြည်ကို စတင်အုပ်ချုပ်ခဲ့သည်ဟု မှန်းဆပါသည်။

ရခိုင်တို့တွင် အာရိယံသွေးနှောမှုရှိသော်လည်း ဇာတိအားဖြင့် မွန်ဂိုလွိုက်များသာဖြစ်ကြသည်။ မြန်မာအစုမှ အင်းသား၊ ထားဝယ်နှင့် ဓနုတို့သည် ရခိုင်တို့နှင့် မရှေးမနှောင်းမှာပင် မြန်မာအစုမှခွဲထွက်ကာ မြန်မာတို့ထက်စော၍ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့ကြ၏။ ယင်းတို့သည် မူလကမြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေထိုင်ပြီးအေဒီ၁၀ရာစုတွင် မြန်မာများ အလုံးအရင်းနှင့် ဝင်ရောက်လာသောအခါမှ ယခုနေထိုင်ရာဒေသများသို့ ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်ပေသည်။

အေဒီစရာစုတွင် ရခိုင်ပြည်အနှံ့တွင် ရခိုင်လူမျိုးတို့အမြစ်တွယ်နေထိုင်ခဲ့ကြပြီး ရခိုင်ဘာသာစကားကိုတွင်ကျယ်စွာအသုံးပြုနေသည်ဆိုသည့်အချက်မှာ ခိုင်မာသောအကြောင်းပြချက်ရှိနေ၏။ သို့သော်ယခုသုံးစွဲနေသောအက္ခရာအရေးအသားမပေါ်ပေါက်သေးပေ။ ဂုပ္ပတပွားအက္ခရာဖြင့် ရခိုင်အသံနှင့်အမည်နာမကိုရေးသားရန် ကြိုးစားနေပြီဖြစ်ကြောင်း ဆရာရွှေမင်း၏ဖော်ပြချက်ဖြင့် သိသာနိုင်ပါသည်။

ဆရာရွှေမင်းက သံတွဲငလုံးမော်ကျောက်စာတွင် အလှူရှင်တစ်ဦး၏အမည်ကို "မဣကာ"ဟုဖော်ပြထားသည်။ ယခုခေတ်စကားသံဖြင့် (မည်း–မဲ)ဟု ရပါသည်။ မောင်မဲကာအမည်မျိုးသည် ရခိုင်ပြည်တွင်အများသုံးအမည်တစ်ခုဖြစ်သည်။ ကျောက်စာပါရေးထုံးကို ဆန်းစစ်လျှင် ဗျည်းတစ်လုံးလျှင် သရတစ်လုံး(မဣ–မည်း)ယှဉ်ကပ်ထားသည်ကိုတွေ့ရသည်။ ကျောက်စာရေးထိုးသူသည် စကားသံအတိုင်းရေးထိုးရန် ကြိုးပမ်းခဲ့ကြောင်းယူဆနိုင်သည်။ထို့ကြောင့်ဝေသာလီခေတ်ကပင် ဇကေဝဏ္ဏဘာသာစကားပြောဆိုနေသူရှိနိုင်ကြောင်း၊

ယင်းဧကဝဏ္ဏာဘာသာစကားကိုအရေးအသားအဖြစ် ကျောက်ထက်အက္ခရာတွင်မှတ်နိုင်ရန် ကြိုးစားခဲ့သည်ဟုယူဆိုနိုင်သည်ဟု တွေးဆထားပါသည်။ သံတွဲငလုံးမော်ကျောက်စာကို အေဒီ၇ရာစုအစပိုင်းဟုပညာရှင်များသတ်မှတ်ထားပေရာ ယင်းအချိန်တွင် ရခိုင်တို့သည်ရခိုင်ပြည်တောင်ပိုင်းဒေသအထိ ပျံ့နှံ့နေထိုင်လျက်ရှိကြပြီဟု မှတ်သားရမည်ဖြစ်ပါသည်။

မောရစ်ကောလစ်က "ဝေသာလီခေတ်ရခိုင်ပြည်တွင် အိန္ဒိယမှဟိန္ဒူမင်းများလာရောက်အုပ်စိုးကြ၏။ အေဒီ၉၅၇တွင် ဝင်ရောက်လာသော မွန်ဂိုလွိုက်တို့သည် ဟိန္ဒူမင်းများကိုဖြုတ်ချ၍ မွန်ဂိုလွိုက်တို့ကိုနန်းတင်ခဲ့ကြ၏။ မူလရှိနှင့်ပြီးသူများနှင့် နောက်ဝင်ရောက်လာသူများ သွေးနှောပြီးယခု ရခိုင်ခေါ်မျိုးဆက်သစ်ဖြစ်ပေါ်လာခဲ့၏။"ဟုရေးသားခဲ့ပါသည်။အမှန်မှာဝေသာလီစန္ဒြာမင်းတို့သည် ဟိန္ဒူဘာသာဝင်များမဟုတ်ကြဘဲ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း ကျောက်စာ၊ ကြေးနီပြားစာ အထောက်အထားများအရသိရှိရပြီးဖြစ်ပါသည်။ ထို့ပြင် အထက်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်တွင်း၌အေဒီ၁၀ရာစုမှ စတင်ဖြစ်ပေါ်ခဲ့သောမျိုးဆက်သစ်မဟုတ်ပေ။ ရခိုင်တို့သည်အာရိယံသွေးနှော၍ အာရိယံယဉ်ကျေးမှုလွှမ်းမိုးသော မွန်ဂိုလွိုက်တို့ဖြစ်ကြပါသည်။ ရခိုင်တို့၏သမိုင်းမတင်မီခေတ်က ဇာတိဌာနေမှာ မွန်ဂိုလီးယားကုန်းမြင့်ဖြစ်သည်။ ရခိုင်ပြည်တွင်းသို့ ရခိုင်တို့ဝင်ရောက်လာချိန်မှာ တစ်ကြိမ်တည်းမဟုတ်သောကြောင့် အတိအကျမသတ်မှတ်နိုင်သော်လည်း အေဒီ၆ရာစုခန့်မှ ၁၀ရာစုအတွင်း တစ်သုတ်ပြီးတစ်သုတ်ဝင်ရောက်ခဲ့ကြသည်ဟု မှန်းဆနိုင်ပါသည်။

ရခိုင်တို့သည် အေဒီ၈ရာစုတွင် ရခိုင်ပြည်အနှံ့နေထိုင်ကြပြီးဖြစ်သည်။ အေဒီ၁၀ရာစုအတွင်း နောက်ဆုံးဝင်ရောက်လာသော မွန်ဂိုလွိုက်တို့သည် ရှိရင်းစွဲသူများအတွင်း စိမ့်ဝင်ပျံ့နှံ့သွားခဲ့သည်။ သွေးနှော၍ဖြစ်ပေါ်လာသော မျိုးဆက်သစ်ကို ရခိုင်ဟုခေါ်ဆိုရမည်ဖြစ်သော်လည်း ရခိုင်လူမျိုးနှင့် ရခိုင်ဘာသာစကားမှာ ရှေးပဝေသထီကပင်ရှိပြီးဖြစ်ပါသည်။ အေဒီ၁၀ရာစုတွင် မြန်မာနိုင်ငံအလယ်ပိုင်းသို့ဆင်းသက်လာသူတို့မှာ ယင်းတို့မတိုင်မီရောက်နှင့်ပြီးဖြစ်သော သက်၊ ကန္တူး၊ ပျူ၊ ကရင်၊ မွန်တို့အနက်မှ အထူးသဖြင့် ပျူဘာသာစကားပင်ရောနှောခဲ့ဟန်ရှိပေသည်။

ကမ္ဘည်းကျောက်စာအထောက်အထားအရ ရှစ်သောင်းဘုရားကျောက်စာတိုင် မြောက်ဘက်မျက်နှာရှိ အေဒီ၁၀ရာစုတွင် ရေးထိုးခဲ့သောကျောက်စာ၌ ရခိုင်ပြည်ကို "အာရက္ခဒေသ"ဟု ရေးထိုးထားသည်ကိုတွေ့ရ၏။ "အမျိုးအနွယ်စောင့်ရှောက်သူတို့၏တိုင်းပြည်"ဟု အဓိပ္ပါယ်ရပြီး ဤအခေါ်အဝေါ်သည် အေဒီ၁၀ရာစုမတိုင်မီကပင်တွင်ကျယ်ခဲ့ပေသည်။ ယင်းအခေါ်အဝေါ် "အာရက္ခ"မှ "ရက္ခ"၊ "ရက္ခိုက်"၊ "ရက္ခိုင်"၊ "ရခိုင်"ဟု ပြောင်းလဲခဲ့၏။

ဆာဟင်နရီယူးလ်က ရခိုင်ဟူသောအမည်မှာ ရှေးကျပြီး အေဒီ၂ရာစုက တိုလေမီဖော်ပြခဲ့သော ဂင်္ဂါမြစ်အရှေ့ဘက်မှရွှေမြေ၊ ငွေမြေများတွင် ငွေမြေဆိုသည်မှာ ရခိုင်ဒေသပင်ဖြစ်ပါသည်ဟုဆိုသည်။ အေဒီ၁၅ရာစုတွင်းက ရေးဖွဲ့ခဲ့သည့် မြန်မာကဗျာတစ်ပိုဒ်တွင် "ရက္ခိုင်"ဟုဖော်ပြခဲ့၏။ အေဒီ၁၆၀၈ခုနှစ်တွင် တိဘက်ရာဇဝင်ဆရာဘုန်းတော်ကြီးတာရာနာထသည် "ရခိုင်"ဟုပင်ရေးသားခဲ့၏။

ရခိုင်ပြည်သို့ ရှေးဦးစာရောက်ရှိခဲ့သော ပေါ်တူဂီများနှင့်ဥရောပကုန်သည်များက"ရီကွန်"၊"ရကန်"၊"အာရေကမ်း"၊ "အာရာကာအို"၊"အိုရကန်"စသည်ဖြင့်မှတ်တမ်းတင်ခဲ့ကြပြီး အေဒီ၁၅၁၆ခုနှစ်တွင် တဘိုဆာသည်"အာရကန်"ဟုစတင်သုံးစွဲခဲ့ပြီး နောက်ပိုင်းတွင် ဥရောပတိုက်သားများက "အာရကန်"ဟုပင်ဆက်လက်ခေါ်ဝေါ်ကြလေသည်။

မောင်ပြူး(သံတွဲ)


ကိုးကားသောကျမ်းများ

၁။ ရွှေမင်း–ဝေသာလီနှင့်ဧကဝဏ္ဏာ ရခိုင်သဟာယအသင်းငွေရတုစာစောင်၊၁၉၈၇)

၂။ သန်းထွန်း ခေတ်ဟောင်းမြန်မာရာဇဝင်။

၃။ **Dr. S.B Qanungo-A History of Chittagong.**

၄။ **H.G Rawlinson-The Concise History of Indian People.**

၅။ **K.S Latourette-A History of Far East.**

၆။ **Pamela Gutman-Ancient Arakan.**

၇။ **Maurice Collis-Arankan's Place in the Civilization of the Bay.**

# ရခိုင်၏ဇစ်မြစ် နှင့် လမ်းကြောင်း

**မောင်ပြုး(သံတွဲ)**

ရခိုင်လူမျိုးတို့၏ဇစ်မြစ်၊ ရခိုင်လူမျိုးများဆင်းသက်လာသည့်လမ်းကြောင်းနှင့်ပတ်သက် ၊ စာရေးသူ၏ အမြင်ကိုရေးသားရန်။ စာဖတ်သူအချို့ကတိုက်တွန်းပါသည်။ သုတေသနတွေ့ရှိမှုနည်းပါးသေးခြင်း၊ ကိုးကားရန် စာအုပ်စာတမ်းများမလုံလောက်သေးဟုယူဆခြင်းတို့ကြောင့် မရေးသားခြင်းဖြစ်ပါသည်။ ဤအကြောင်းနှင့်ပတ် သက်၍ စာရေးသူသည် ၁၉၉၆ခုနှစ်ထုတ် ရခိုင်တန်ဆောင်မဂ္ဂဇင်းအမှတ်(၁၉)တွင် "အမြင်သစ်ရခိုင်နိဒါန်း" အမည်ဖြင့်အစအနမျှကိုအနည်းငယ်ရေးသားခဲ့ဘူးပါသည်။ သို့သော်ယခုလက်လှမ်းမီသမျှ စာအုပ်စာတမ်းများကို ထပ်မံလေ့လာဆင်ခြင်၍၊ ရခိုင်လူမျိုးများ၏ ဇစ်မြစ်နှင့်လမ်းကြောင်းကိုတင်ပြပါသည်။ အတော်ကျယ်ကျယ် ပြန့်ပြန့်ရေးသားလိုသော်လည်း မဂ္ဂဇင်းစာမျက်နှာခွင့်ပြုနိုင်သည့်အတိုင်းအတာအတွင်း၊ စာရှုသူနားလည်အောင် ကြိုးစား၍ ရေးသားတင်ပြလိုက်ပါသည်။

ဦးစွာအားဖြင့်၊ ရခိုင်တို့၏ဇစ်မြစ်နှင့်ပတ်သက်၍၊ ရခိုင်တို့၏သမိုင်းဦးအကြောင်းကိုရေးသားထားသော ရခိုင်ရာဇဝင်များ၏အဆိုများကို အနည်းငယ်မျှတင်ပြလိုပါသည်။ ရာဇဝင်များတွင် ရခိုင်၏ဇစ်မြစ်နှင့်ပတ်သက် ၍ ရေးသားထားမှုများအားလုံးတူညီကြသည်ဟုဆိုရမည်ဖြစ်သော်လည်း "ရခိုင်"ဟူသောအခေါ်အဝေါ်နှင့်ပတ် သက်၍အယူအဆကွဲကွားခြားနားကြပါသည်။ အကျဉ်းမျှရေးရလျှင်"ရခိုင်ဇာတိဝံသမော်ကွန်းစာ"ပေမူ၌၊ကစ္ဆပ နဒီမြစ်ဝတွင် "ရအိုင်ပင်"တို့ကို ခုတ်ထွင်ရှင်း၍နေလာခဲ့ကြ၍ "ရဂိုင်သား"ဟုခေါ်ဆိုရာမှ "ရခိုင်သား"ဖြစ်လာ ကြောင်းတွေ့ရပါသည်။ တဖန်ညေဝတီရာဇဝင်တွင်ဖေါ်ပြသည့် "ရေက္ခိုက်"ဘီလူးကိုအစွဲပြု၍ "ရက္ခိုက်""ရက္ခိုင်" "ရခိုင်"ဖြစ်လာသည်ဟုယူဆပြီး၊ ရခိုင်အစ ရေက္ခိုက်ကဟုဆိုသူကဆိုပါသည်။ အစဉ်အလာအရအများစုလက်ခံ လာကြသည်မှာBC- ၃၃၀၀ခန့်က၊ ပထမညေဝတီကို စတင်တည်ထောင်ခဲ့သည့် သကျသာကီယအမျိုး၊ ခတ္တိယ အနွယ်ဖြစ်သည့် 'မာရယု'မှစတင်ခဲ့သောကြောင့် "ရခိုင်အစမာရယုက"ဟူ၍ဖြစ်ပါသည်။ ယင်းတို့အပြင်မကြာ သေးမီကမှ နောက်ဆုံးပေါ်ပေါက်လာသောအယူအဆမှာ "ရခိုင်အစဒွါရာဝတီက"၊"ရခိုင်အစ ဝါသုဒေဝက"ဟူ ၍ဖြစ်ပါသည်။ ယင်းအယူအဆကို တင်ပြသောရာဇဝင်ဆရာက၊ ရခိုင်အစမာရယုက၊ ရခိုင်အစရီကြိုင်ကဟုယူ ဆလျှင် သံတွဲခရိုင်မှာ သီးခြားဖြစ်သွားမည်ဖြစ်၍၊ ရခိုင်အစဝါသုဒေဝကဆိုသည်ကို အမှန်ယူသင့်ကြောင်း၊ ဓါသုဒေဝ၊ ဗလဒေဝတို့သည် ရခိုင်လူမျိုး၏အစဖြစ်ပြီး၊ ရခိုင်ဘာသာစကားသည် ယင်းအခါကပင်ရှိနေခဲ့ကာ၊ "ရခိုင်""ရိက္ခိတပူရ"ဟူသောအမည်များသည် ယင်းအချိန် BC-၆၀၀၀ခန့်ကပင်ရှိနေခဲ့သည်ဟူ၍ (ရခိုင်ညွန့်ဖူး အမှတ်၅တွင်)ရေးသားထားပါသည်။ ရမ်းပြည့်တောင်ကျောင်းဆရာတော်ကြီးကမူ၊ ရခိုင်ရာဇဝင်လာဤ အကြောင်း အရာသည် ဒဏ္ဍာရီသဖွယ်ဖြစ်ကြောင်း၊ ဝါသုဒေဝတို့ရောက်ရှိခဲ့သည့်ဒွါရဝတီသည် ယခုအခါ ရခိုင်ဒေသရှိ သံတွဲမြို့ မဖြစ်နိုင်ကြောင်း၊ ဒွါရဝတီမြို့သည် အိန္ဒိယပြည်မြောက်ပိုင်းတွင်သာရှိသင့်ကြောင်းကို ဝေဘန်သုံးသပ်ပြခဲ့သည့်အပြင် (အကျယ်ကို၊ ရခိုင်ရာဇဝင်သစ်ကျမ်း ပ–တွဲတွင်ရှုပါ)၊ ခေတ်သစ်သုတေသီအချို့ ကလည်း၊ ဝါသုဒေဝ၊ ဗလဒေဝတို့ခေတ်သည်BC- (၇)ရာစုသာဖြစ်ပြီး၊ အိန္ဒိယမြေပေါ်တွင်ဖြစ်ကြောင်း ရေးသားကြ ပါသည်။

ဤသို့ဖြင့်ရာဇဝင်ကြောင်းအရ ယူဆလာခဲ့ကြသည့်အမြင်များ အကွဲကွဲအပြားပြားတွေ့ရသည့်အပြင်၊ ရာဇဝင်ကြောင်းများအရ ယူဆကာ ရခိုင်လူမျိုးများသည်၊ အာရိယန်များ (ARYANS)- ဖြစ်သည်ဟု လည်းကောင်း၊ အာရိယိုဒြာဗိဒီယန်များ(ARYO-DRAVIDIANS) ဖြစ်သည်ဟုလည်းကောင်း၊ မွန်ဂိုလိုဒြာဗိဒီယန်များ (MONGOLO-DRIVIDIANS)ဖြစ်သည်ဟုလည်းကောင်း ယူဆရေးသားခဲ့ကြသည်များကိုတွေ့ရပါသည်။ ထို့ကြောင့် ရခိုင်တို့၏ဇစ်မြစ်နှင့် လမ်းကြောင်းကို သုတေသနအမြင်ဖြင့် လေ့လာသုံးသပ်ကြည့်မိပါသည်။

မြန်မာနိုင်ငံတဝှန်းလုံး၏ဘူမိမြေလွှာတူးဖေါ်မှုများအရ BC- ၁၆၀၀မှ ၅၀၀၀အတွင်းတွင် ကျောက်ခေတ်

လယ်ဖြစ်တည်ခဲ့ပါသည်**(ကိုး–၁၊စာ–၈၀)**။ ကျောက်ကြမ်းခေတ်သည် BC- ၁၆၀၀၀မတိုင်မီဖြစ်၍၊ ကျောက်ခေတ်နှောင်းသည် BC- ၅၀၀၀နောက်ပိုင်းဖြစ်ပါသည်။ စစ်တကောင်း၊ ကချား၊ မဏိပူရ၊ ရခိုင်ဒေသများသည် ကျောက်ခေတ်ယဉ်ကျေးမှုတပြိုင်နက်တည်းထွန်းကားရာဒေသများဖြစ်ကြသည်။ ယင်းဒေသများတွင်တွေ့ရသည့်ကျောက်ခေတ်သုံးပစ္စည်းများမှာBC-၂၀၀၀မတိုင်မီကယဉ်ကျေးမှုအထောက်အထားများ ဖြစ်ကြသည် **(ကိုး–၆၊စာ–၃၁/၂)**။ ရခိုင်ဒေသ၏ကျောက်ခေတ်နှောင်းကာလသည် BC- ၅၀၀၀မှ ၂၀၀၀ခန့်ထိဖြစ်ပြီး၊ BC-၂၀၀၀ခန့်တွင် ကြေးခေတ်သို့ကူးပြောင်းသည်ဟုယူဆရပါမည်။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်လက်နက်ပစ္စည်းများကို မြောက်ဘက်ကချင်တောင်တန်းများမှ တောင်ဘက်မြိတ်အထိလည်းကောင်း၊ အရှေ့ဘက်ရှမ်းပြည်နယ်မှ အနောက်ဘက်သံတွဲထိလည်းကောင်းတွေ့ရပါသည်(ကိုး–၁၊စာ–၈၃)။သို့သော်မြန်မာနိုင်ငံ၌ ဖြစ်ထွန်းခဲ့သော ကျောက်ချောခေတ်တွင် မြို့ပြနှင့်ဆိုင်သောယဉ်ကျေးမှုကို မတွေ့ရပေ(ကိုး–၁၊ စာ–၁၂၀)။ ထို့ကြောင့်ရခိုင်ဒေသအပါအဝင် မြန်မာနိုင်ငံတဝှန်းလုံးတွင် BC- ၂၀၀၀မတိုင်မီကာလကမြို့ပြယဉ်ကျေးမှုမရှိဟု ယူဆရမည်ဖြစ်ပါသည်။

ဒေါက်တာသန်းထွန်းက"အရှေ့တောင်အာရှတခုလုံး၏ကျောက်ခေတ်ကား BC- ၁၀၀၀အတွင်းကဖြစ်၍၊ ခရစ်တော်ပေါ်ချိန်၌ ကျောက်ခေတ်မှကြေးလောဟာခေတ်သို့ကူးပြောင်းဆဲဖြစ်သည်"ဟု (ကိုး–၃၊စာ–၁၄) ဆိုသည်။ သို့သော်ရခိုင်ဒေသရှိအာနန္ဒစန္ဒြကျောက်စာအရ BC- ၇ရာစုခန့်ကပင် ယဉ်ကျေးမှုအဆင့်မြင့်မားသောမြို့ပြတည်ထောင်ထားပြီးဖြစ်ကြောင်း ဖော်ပြထားပေရာ၊ ရခိုင်ဒေသ၏ကျောက်ခေတ်သည် BC- ၁၀၀၀အတွင်းက မဖြစ်နိုင်သည်မှာ ထင်ရှားပါသည်။ သို့သော် သတိပြုရန်အချက်မှာ ကျောက်စာပါ အစောဆုံးမင်းများ၏အမည်များမှာ၊ သက္ကတ၊ သို့မဟုတ် ပါဠိအမည်များမဟုတ်သဖြင့် ထိုမျှစောသောအခါက ရခိုင်ဒေသသို့အိန္ဒိယယဉ်ကျေးမှုမရောက်ရှိနိုင်သေးဟု **(ကိုး–၃၊စာ–၇၂)**လည်းယူဆကြပါသည်။

စာရေးသူသည် ရခိုင်ပြည်နယ်အတွင်း ကျောက်ချောခေတ်လက်နက်ပစ္စည်းများကို မြောက်ပိုင်းမှာရော၊ တောင်ပိုင်းတွင်ပါတွေ့ဖူးပါသည်။ အချို့ကမိုးကြိုးသွားဟုခေါ်၍၊ အချို့ကကျောက်ပုဆိန်ဟုခေါ်ကြပါသည်။ စာရေးသူသတိပြုမိသလောက် ယင်းမိုးကြိုးသွားများကို ရခိုင်ပြည်နယ်တောင်ပိုင်းကျေးရွာများတွင်မူ၊ ဆေးဘက်ဝင်သည်ဟု ယူဆပြီး၊ သွေး၍ဆေးဖော်စပ်ရန်အတွက် သိမ်းယူထားတတ်ကြပါသည်။

မြန်မာနိုင်ငံတွင် BC- ၄၀၀၀ ခန့်ကပင် ကြေးခေတ်သို့ကူးပြောင်းသည်ဟု (ကိုး–၁၊စာ–၁၂၁)အချို့ကယူဆကြသော်လည်းBC- ၂၀၀၀ခန့်က ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် အထောက်အထားများတွေ့ရှိရသည့် **(ကိုး–၂၊စာ–၄၅)**အပြင်။ ၁၈၈၆ခုနှစ်က စစ်တကောင်းခရိုင်၊ သီဒါကွန်ဒါဒေသတောင်ကုန်းမှတွေ့ရသော ကျောက်ဒါးရှည်မှာ၊ ရခိုင်ဒေသကျောက်လက်နက်ပစ္စည်းများနှင့် တခေတ်တည်းဖြစ်၍ BC- ၂၀၀၀မတိုင်မီက ဖြစ်သည်ဟု **(ကိုး–၆၊စာ–၃၂)** သိရပါသည်။

ရခိုင်ပြည်နယ်အတွင်း ထိုခေတ်က နေထိုင်ခဲ့ကြသည့် လူသားတို့၏အမျိုးအနွယ်နှင့်စပ်လျဉ်း၍ ပညာရှင်များအယူအဆမတူညီကြပါ။ သို့သော်ကျောက်ချောခေတ်မတိုင်မီ အရှေ့တောင်အာရှတခွင်လုံးတွင် ယခုနေထိုင်သောလူမျိုးများ၏ရှေးဟောင်းလူမျိုးဆက်ကြီးတစ်ခုပျံ့နှံ့ခဲ့သည်ဟုပညာရှင်တို့ ဆိုကြသည်။ ယူနန်နှင့်တိဘက်နယ်စပ်သည်၊ ထိုလူမျိုးဆက်ကြီး၏မူလဒေသဖြစ်သည်ဟုလည်းယူဆကြပါသည်။ ယင်းဒေသမှအရှေ့တောင်အာရှတစ်ခွင်လုံးပျံ့နှံ့သွားပြီး၊ ယင်းတို့၏ယဉ်ကျေးမှုအကြွင်းအကျန်များကို ဒေသတခွင်လုံးတွင်တွေ့ရသည်ဟုဆိုပါသည်။ ယင်းခေတ်ကလူ့ဦးခေါင်းခွံများကို လေ့လာကြည့်ရာ၊ ရှေးအကျဆုံးပင်မဥရောပမျိုးဆက်။ နီဂရွိုက်မျိုးဆက်နှင့် သြစတြိုလွိုက်မျိုးဆက်ဟူ၍၊ အဓိကမျိုးဆက်ကြီး (၃)ခု၏မူလရင်းမြစ်လက္ခဏာများပါဝင်ရောယှက်နေသည်ကိုတွေ့ရသည်(ကိုး–၇၊စာ–၁၃)။ ပါမောက္ခ C.S.COON ကမူကျောက်ခေတ်လယ်နှင့် ကျောက်ချောခေတ်တွင်၊ မြန်မာနိုင်ငံနှင့်အရှေ့တောင်အာရှတစ်ခွင်လုံးသည် သြစတြိုလွိုက်၊ မီလာနီဆီယမ်၊ နီဂရစ်တို့နှင့် မွန်ဂိုလွိုက်မျိုးရင်းများဟု (၄)မျိုးတည်ရှိကြောင်း၊ သို့သော်ရှေးအခါက မွန်ဂိုလွိုက်တို့စိမ့်ဝင်မှုနည်းပါးခဲ့ကြောင်း။ လက်ရှိအရှေ့တောင်အာရှလူမျိုးနွယ်စုတို့တွင်၊ မွန်ဂိုလွိုက်မျိုးရင်းအသွင်သဏ္ဌာန်အမျိုးအစားလွှမ်းမိုးထားမှုမှာ မကြာသေးသောသမိုင်းတင်ပြီးခေတ်မှဖြစ်ထွန်းခဲ့သည်ဟု THE LIVING RACES OF MAN ကျမ်းစာတွင်

ရေးသားထားပါသည်။

ဒေါက်တာS.K CHATTERJI ကသမိုင်းမတင်မီသော်က ရခိုင်စစ်တကောင်းဒေသတွင် ဩစတြိုအာရှ ရခိုင်နွယ်များနှင့်၊ တရုတ်တိဘက်နွယ်များနေထိုင်ခဲ့ကြသည်ဟု အတိအကျရေးပါသည်။ သို့သော်မျက်မှောက် သုတေသီများကမူ ရခိုင်တို့သည်တိဘက်နွယ်ဖွားများသာဖြစ်ကြသည်ဟု ပြောကြသည်။ ဒေါက်တာQANUNGO ကမူ ရခိုင်လူမျိုးတွင်ဩစတြစ်သွေးပါသည်ဟု (ကိုး–၆။စာ–၃၂)စွဲစွဲမြဲမြဲယုံကြည်သည်။ ဩစတြိုလွိုက်တို့ ရခိုင်။ စစ်တကောင်းဒေသအပါအဝင် အရှေ့တောင်အာရှတခွင်ပျံ့နှံ့နေထိုင်ခဲ့ကြသည်။ ကျောက်ခေတ်က ဩစတြိုလွိုက်တို့၊ နာဂါလန်၊ မဏိပူရ၊ တြိပူရ၊ မီဇိုရမ်။ စစ်တကောင်းနှင့် ရခိုင်ဒေသများတွင် လှည့်လည် နေထိုင်ခဲ့ကြသည်။ စူးထိုးစိုက်ပျိုးနည်းကိုတတ်ကျွမ်းနေပြီဖြစ်သော်လည်း၊ အမဲလိုက်ခြင်း၊သားငါးရှာခြင်းဖြင့် အသက်မွေးကြသည်ဟု (ကိုး–၆။စာ–၃၂)ယူဆသည်။ ရာဇဝင်များကဖော်ပြသော၊ သားစိမ်း၊ ငါးစိမ်းစားသော "ရိက္ခများ" မှာထိုသူများ ဖြစ်မည်ဟု PHAYRE တွေးဆခဲ့ဘူးသည်။

အချို့သုတေသီများက ရခိုင်ကမ်းရိုးတန်းတွင် အစောဆုံးနေသွားကြသူများတွင် မွန်တို့လည်းပါဝင်သည် ဟုဆိုကြပါသည်။ သူတို့သည် ရခိုင်ဒေသသို့ရောက်သောအခါ ရှိရင်းစွဲဩစတြေးနီးရှင်းများကို အနောက်ဘက် နှင့် တောင်ဘက်ဒေသများသို့တိုက်ထုတ်ခဲ့သည်ဟု ယူဆကြသည်။ မွန်တို့သည် နောင်အခါတွင် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မုတ္တမကွေ့ပတ်ဝန်းကျင်ကိုလွှမ်းမိုးခဲ့ကြပြီး ခမာတို့ဝင်ရောက်တိုက်ခိုက်သောအခါ မြန်မာနိုင်ငံ အနောက်တောင်ဘက်ပင်လယ်ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်း)သို့ဆုတ်ခွါခဲ့ပါသည် (ကိုး–၆။စာ–၃၄)။ အချို့ကမူ ရခိုင်ဒေသတွင် အစောဆုံးနေထိုင်ခဲ့သူများကို နီဂရက်တိုများဖြစ်သည်ဟုဆိုကြ ပါသည်။ သုတေသီများ၏ရေးသားချက်များကိုလေ့လာသောအခါ "နီဂရက်တိုများကို ဒြာဗီးဒီးယန်းများဟူ၍ လည်းဆိုကြသေးရာ"ဟုလည်းကောင်း၊ "နီဂရက်တိုဟုခေါ်ဆိုထားသောမွန်ခမာ"ဟုလည်းကောင်း(ကိုး–၁။စာ–၁၁၄)ဆိုကြသည်ကိုထောက်ရှု၍၊ နီဂရက်တိုတို့သည်၊ ဒြာဗီးဒီးယန်းများပင်ဖြစ်၍၊ ဩစတြိုအာရှနွယ်ဝင် မွန်ခမာ တို့၏မျိုးရင်းဖြစ်သည်ကိုတွေ့ရပါသည်။ အချို့သမိုင်းသုတေသီများက မုတ္တမပင်လယ်ကွေ့ဝန်းကျင်တွင်၊ မွန်တို့သည် နီဂရက်တိုတို့ကိုတိုက်ခိုက်ခဲ့ရသည်ဟု (ကိုး–၃။စာ–၈၁)ဆိုပေရာ မွန်တို့သည် နီဂရက်တိုတို့နှင့် သွေးနှောထားသည် ဩစတြစ်များဖြစ်၍၊ နောင်အခါတွင် မွန်ဂိုလွိုက်တို့နှင့်လည်းရောယှက်ခဲ့ကြောင်းလေ့လာ တွေ့ရှိရပေသည်။ ဩစတြစ်အုပ်စုတွင် နီဂရက်တိုဟုခေါ်သော မွန်ခမာတို့မှာ ဩစတြိုအာရှများဖြစ်၍၊ ဆလုံ၊ မလေး၊ အင်ဒိုနီရှ၊ ပိုလီနီရှ၊ မီလေနီရှတို့မှာ ဩစတြေးနီရှင်းများဖြစ်ကြပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် ဩစတြိုလွိုက်တို့သည်။ အိန္ဒိယနိုင်ငံအတွင်းသို့ အနောက်ဘက်မှဝင်ရောက်ခဲ့ ကြပါသည်။ BC –၅၀၀၀ခန့်တွင် အိန္ဒိယတနိုင်ငံလုံးပျံ့နှံ့နေထိုင်ပြီးဖြစ်ပါသည်။ သူတို့ကို ဌာနေတိုင်းရင်းသား ဒြာဗီဒီးယန်းများဟုလည်း ဆိုပါသည်။ ဩစတြိုလွိုက်တို့သည် အိန္ဒိယ၊ မြန်မာနှင့် အရှေ့တောင်အာရှဒေသများ ကို ကျော်လွန်၍ ဩစတြေလျတိုက်ထိပျံ့နှံ့နေထိုင်ကြပါသည်။(ကိုး–၈။စာ–၁၄၈/၉)။ S.K CHATTERJI က ဩစတြစ်ဘာသာစကားပြောသူ "မုဏ္ဍာ"နှင့် "ခါဆီ" တို့ယခုတိုင် အိန္ဒိယတွင် ရှိနေသေးပြီး၊ မွန်တို့၏ရှေးခေတ် သားချော့တေးကဗျာတစ်ပုဒ်တွင်။ ယင်းတို့၏မူလနေရာကို အိန္ဒိယအရှေ့ဘက်ကမ်းမှ'ကာရာမန်ဒေးလ်'ဒေသဖြစ် ကြောင်း ဖော်ပြထားပါသည်**(ကိုး–၁။ စာ–၈၉)**။

မွန်တို့၏မျိုးရင်းဖြစ်သော ဒြာဗီးဒီးယန်းတို့ ရခိုင်ဒေသကိုရောက်ရှိနေထိုင်ခဲ့ကြသည်မှာ BC၁၅၀၀ခန့်က ဖြစ်ပေမည်။ ယင်းတို့သည် ဩစတြစ်အနွယ်များဖြစ်သဖြင့်။ ရခိုင်ဒေသ၏ကျောက်ချောခေတ်ယဉ်ကျေးမှုမှာ ဩစတြစ်ယဉ်ကျေးမှုဖြစ်သည်ဟု ယူဆပါသည်။ ဒြာဗီးဒီးယန်းတို့ ရခိုင်ဒေသ၌နေခဲ့ကြသည်ကိုပင်။ မွန်တို့ သည် ဩစတြစ်နွယ်ဝင်ဒြာဗီးဒီးယန်းတို့နှင့် မျိုးရင်းတူသည်ကိုအကြောင်းပြု၍ သုတေသီများက၊ ရခိုင်ဒေသတွင် အစောဆုံးနေထိုင်သွားကြသူများတွင် မွန်လူမျိုးများပါဝင်သည်ဟု ဆိုခဲ့ကြခြင်းဖြစ်ပေသည်။ ဒြာဗီးဒီးယန်းတို့ ရခိုင်ဒေသသို့ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည့် အကြောင်းရင်းနှင့် အခြေအနေကိုအနည်းငယ်ရေးပါမည်။

သမိုင်းပညာရှင်များက အိန္ဒိယနိုင်ငံ၏ကျောက်ခေတ်ကို BC-၁၀၀၀၀မှ ၄၀၀၀အတွင်းသတ်မှတ်ပါသည်။ **(ကိုး–၈။စာ–၁၃)**။ BC-၄၀၀၀ခန့်တွင် အိန္ဒုမြစ်ဝှမ်း၌ ကြေးခေတ်ယဉ်ကျေးမှုသို့ ကူးပြောင်းပါသည်။ အိန္ဒိယ

နိုင်ငံတဝှန်းလုံးတွင် ကျောက်ကြမ်းခေတ်နှင့် ကျောက်ချောခေတ်ပစ္စည်းများတွေ့ရ၍၊ အိန္ဒိယပြည်အနှံ့အပြား၌ ရှေးဟောင်းယဉ်ကျေးမှုလူ့အဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့သည်။ **(ကိုး–၂။ စာ–၉၃)**။ H.G. WELLS ကဂင်္ဂါမြစ်ဝှမ်းမှာ ဒြာဗီးဒီးယန်းတို့၏ယဉ်ကျေးမှုသည်၊ ဆူမေးရီးယန်းယဉ်ကျေးမှု၊ အီဂျစ်ယဉ်ကျေးမှုများနှင့် ခေတ်ပြိုင်ထွန်းကားခဲ့ဘွယ်ရှိသည်ဟု THE OUTLINE OF HISTORY စာ–၁၇တွင်ရေးသားခဲ့၏။ ကမ္ဘာ့သမိုင်းသုတေသီများ၏ရေးသားချက်များအရ ဆူမေးရီးယန်းယဉ်ကျေးမှုသည် BC -၄၀၀၀မှ ၁၂၀၀ကြားကာလတွင်ထွန်းကားခဲ့ပါသည်။ သုတေသီတို့၏အဆိုအရ အီဂျစ်လူမျိုးဟူ၍ ပေါ်ပေါက်လာပြီးနောက်။ အီဂျစ်ပြည်သည် BC -၂၇၄၀နှင့် ၂၂၇၀ကြားတွင် ယဉ်ကျေးမှုအမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့သည်(ကိုး–၂။စာ–၇၅)။ ဤအထောက်အထားများနှင့် နှိုင်းစာလျှင် ဂင်္ဂါမြစ်ဝှမ်းယဉ်ကျေးမှုထွန်းကားချိန်သည် BC -၂၅၀၀ခန့်ဟုသတ်မှတ်လျှင် မယုတ်မလွန်ရှိပေမည်။ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုနှင့် နှိုင်းစာလျှင် နှစ် ၁၀၀၀နီးပါးခန့်နောက်ကျမည်ဖြစ်သည်။

ဤကဲ့သို့ဒြာဗီးဒီးယန်းတို့ အိန္ဒုမြစ်ဝှမ်းနှင့်ဂင်္ဂါမြစ်ဝှမ်းတို့၌ ယဉ်ကျေးသောလူ့အဖွဲ့အစည်းများထွန်းကားနေချိန် BC -၂၀၀၀ခန့်တွင်၊ အာရှအလယ်ပိုင်းမှ အာရိယန်လူမျိုးတို့သည်၊ အိန္ဒိယနိုင်ငံအနောက်မြောက်ဘက်မှ အလုံးအရင်းနှင့်ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ အိန္ဒုမြစ်ဝှမ်းကိုဦးစွာသိမ်းပိုက်၍ ပန်ဂျပ်ပြည်နယ်တွင် အခြေချကြသည်။ ယင်းနောက်အာရိယန်တို့သည် BC -၁၀၀၀မတိုင်မီ အရှေ့ဘက်သို့ဆက်၍ နယ်မြေချဲ့ထွင်လာကာ ဂင်္ဂါမြစ်နှင့် ယမုံနာမြစ်ဝှမ်းဒေသများကို သိမ်းယူက မဂဓနိုင်ငံကိုထူထောင်လိုက်ကြပါသည်(ကိုး–၉။စာ၁၃/၁၄)။ ယင်းအချိန်မှစ၍ ဒြာဗီးဒီးယန်းယဉ်ကျေးမှုပြိုကွဲသွားကာ၊ အာရိယန်တို့၏ဝေဒယဉ်ကျေးမှုလွှမ်းမိုးလာပါသည်။ အာရိယန်တို့ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ဒြာဗီးဒီးယန်းတို့၊ အိန္ဒိယတောင်ပိုင်းဒေသများနှင့် အရှေ့ဖျားဒေသများသို့ ဆုတ်ခွါခဲ့ကြပါသည်။

BC -၇၅၀ခန့်တွင် အာရိယန်တို့ အိန္ဒိယတနိုင်ငံလုံးကို လွှမ်းမိုးပြီးဖြစ်ပါသည်(ကိုး–၁။စာ–၁၅၃)။ အာရိယန်တို့တိုက်ခိုက်မှုများကြောင့်၊ ဂင်္ဂါမြစ်ဝှမ်းမှဆုတ်ခွါခဲ့ကြသည့် ဒြာဗီးဒီးယန်းတို့သည်၊ အိန္ဒိယအရှေ့ဖျားရှိနိုင်ငံ၊ နယ်မြေများသို့ဝင်ရောက်ခဲ့ကြရာ၊ ရခိုင်ဒေသသို့ဒြာဗီးဒီးယန်းတို့အစုလိုက်အပြုံလိုက်ဝင်ရောက်ကာ အခြေချနေထိုင်ခဲ့ကြသည်မှာ BC -၁၀၀၀ပတ်ဝန်းကျင်ကဖြစ်မည်ဟု ယူဆပါသည်။

သမိုင်းမတင်မီခေတ် အိန္ဒိယပြည်တွင် အိုးလုပ်ငန်းအတတ်။ ဆန်စပါးစူးထိုးစိုက်ပျိုးခြင်းအတတ်၊ လှေကားထစ်တောင်ယာစိုက်ပျိုးခြင်းစသည်တို့မှာ ဩစတြိုလွိုက်များ စတင်ခဲ့ကြပြီး၊ ယင်းမှတဆင့် အရှေ့တောင်အာရှတခွင် ပျံ့နှံ့ခဲ့ဟန်ရှိသည်(ကိုး–၈။စာ–၁၄၉)။ ဒြာဗီးဒီးယန်းတို့ ရခိုင်ဒေသသို့ဝင်ရောက်လာသည့်အခါ၊ ယင်းအတတ်များကိုပါ သည်ဆောင်ခဲ့ကြပြီး၊ ရခိုင်ကမ်းခြေ၌အခြေချနေထိုင်ချိန်တွင်မူ ဆွေးမျိုးစုလူ့အဖွဲ့အစည်းမှ ကျေးရွာ၊ မြို့ပြယဉ်ကျေးမှုလူ့အဖွဲ့အစည်းသို့ ပြောင်းလဲနေချိန်ဟု ယူဆရသည်။ အချို့သောရာဇဝင်သုတေသီများက ဓညဝတီမြို့စတင်တည်ထောင်ချိန်ကို BC -၃၃၂၅ဟုဆိုကြသည်။ သုတေသီဦးချန်ထွန်းကမူ ရှေးဝေသာလီဗြဟ္မလာရာဇာမင်း၏ခေတ်ကို BC -၅၃၁၅ထိရှေးကျ၍ တွက်ပြခဲ့သည်။ ဤမျှကာလရှည်လျားခဲ့သည်မှာ ကျောက်ခတ်၊ ကြေးခေတ်၊ သံခေတ်အဆင့်ဆင့်ကူးပြောင်းလာသည့် မြို့ပြပြည်ရွာငယ်များလောဟု တွေးဆဘွယ်ရှိပါသည်။ လူမျိုးစုလူ့အဖွဲ့အစည်းအဖြစ် ပေါင်းစည်း စုရုံးမိသောအခါ၊ ဆွေမျိုးစု၊လူမျိုးစုအုပ်စုအလိုက် အုပ်ချုပ်သူအကြီးအကဲများရှိခဲ့ကြပေမည်။ ဓညဝတီမြို့တည်ဆောက်ချိန်တွင်ကား၊ လူမျိုးစုတစ်ခုလုံးစည်းလုံးမိကာ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားနေပြီဖြစ်ပါသည်။

အာနန္ဒစန္ဒြကျောက်စာအရပြောရလျှင် ဓညဝတီမြို့ကို BC -၆ရာစုတွင် စတင်တည်ဆောက်သည်ဟုဆိုစရာရှိပါသည်။ ကျောက်စာပါ BC -၅၁၈မှ AD -၃၇၀ထိမင်းဆက်ကို ဓညဝတီမင်းဆက်ဟုဆိုရပါမည်။ ကျောက်စာပါမင်းများ၏အမည်များမှာ၊ ပါဠိသို့မဟုတ် သက္ကတစစ်စစ်များမဟုတ်သဖြင့် အိန္ဒိယယဉ်ကျေးမှုစက်ရိပ်မထင်သေးဟု ဒေါက်တာသန်းထွန်းက (ကိုး–၁။စာ–၇၂)ယူဆသည်။ PAMELA GUTMAN ကလည်း၊ အိန္ဒိယအမည်။ သက္ကတအမည်မဟုတ်ဟု(ကိုး–၁၀။စာ–၃၉) ဆိုပါသည်။ အာရိယန်များမဟုတ်သည်မှာ အမှန်ဖြစ်ပါသည်။ ယင်းအချိန်တွင် မွန်ဂိုလွိုက်တို့လည်း ရခိုင်ဒေသသို့မရောက်ရှိသေးပါ။ ထို့ကြောင့်အာနန္ဒစန္ဒြကျောက်စာပါ ပထမဆုံးသော မင်းဆက်သည်။ ဂင်္ဂါမြစ်ဝှမ်းမှပြောင်းရွှေ့လာကာ ရခိုင်ဒေသတွင်အခြေချနေထိုင်ခဲ့ကြသည့်

ဒြာဗီးဒီးယန်တို့ တည်ထောင်ခဲ့သည်မင်းဆက်ဖြစ်ကြောင်းယူဆပါသည်။

**TIBETO-BURMAN** ဟုခေါ်ဆိုသော တိဘက်မြန်မာနွယ်မွန်ဂိုလွိုက်တို့၏ မူလနေထိုင်ရာအရပ်ဒေသကို တရုတ်ပြည်မြောက်ဘက်နှင့် တိဘက်ပြည်အရှေ့မြောက်ဘက်ရှိ ကန်စုနယ်မှ ထောင်မြစ်ဝှမ်းဖြစ်သည်ဟုတွေ့ရပါသည်။ BC-၂၀၀၀ခန့်က ထိုဒေသတွင် ကျောက်ခေတ်နှောင်းယဉ်ကျေးမှုဖြစ်ပါသည်။ ၎င်းတို့ကို တရုတ်တို့က မကြာခဏလာရောက်တိုက်ခိုက်ကြသဖြင့် တိဘက်ပြည်အရှေ့မြောက်ဘက်၊ မြစ်ဝါမြစ်ဖျားခံရာအရပ်နှင့် "ကိုကိုနော်"ဒေသသို့ပြောင်းရွှေ့ခဲ့ရပါသည်။ (ကိုး–၁။ စာ–၁၀၇)။ ယင်းတို့တောင်ဘက်သို့ဆုတ်ခွါလာချိန်ကို ဒေါက်တာQANUNGO-ကBC-၁၅၀၀ခန့်ဟုယူဆပါသည်။ BC-၁၀၀၀ခန့်တွင် တရုတ်တို့လာရောက်နှောက်ယှက်ပြန်သဖြင့်။ ယင်းမွန်ဂိုလွိုက်အုပ်စုကြီးမှအချို့လူမျိုးစုများမှာ တိဘက်ပြည်ဘက်သို့ဝင်ရောက်သွားကြပြီး၊ အိန္ဒိယနိုင်ငံအတွင်းသို့မြောက်ဘက်မှ ဝင်ရောက်ကြပါသည်။ အချို့ကားမြန်မာနိုင်ငံမြောက်ဖျားရှိ သံလွင်နှင့် မဲခေါင်မြစ်ဖျားဝန်းကျင်တွင် အခြေချပြီးလျှင်၊ များစွာသောလူမျိုးစုအုပ်စုများမှာ ဗြဟ္မပုတ္တရမြစ်ကြောင်းအတိုင်း စုန်ဆင်းခဲ့ပြီး ဂင်္ဂါမြစ်ဝှမ်းကိုကျော်လွန်ကာ၊ မဂဓတိုင်းအထိပျံ့နှံ့ရောက်ရှိသွားပါသည်။

ဤနေရာတွင် သဲသဲကွဲကွဲတင်ပြရန်ရှိပါသည်။ တိဘက်မြန်မာဟူသော မွန်ဂိုလွိုက်မျိုးစိတ်တွင်၊ တိဘက်ဟိမဝန္တာ၊ မြောက်အာသံနှင့် အာသံမြန်မာဟူ၍ မျိုးစိတ်(၃)မျိုးခွဲပါသည်။ အာသံမြန်မာမျိုးခွဲတွင် နဂါး၊ ချင်း၊ သက်၊ ကချင်၊ မြန်မာနှင့် လိုလိုဟူ၍ မျိုးနွယ်(၆)ခုပါဝင်ရာ၊ ရခိုင်လူမျိုးအစုသည်၊ မြန်မာမျိုးခွဲတွင်ပါဝင်ပါသည်။ မြန်မာမျိုးခွဲတွင်ပါဝင်သောလူမျိုးစုများ၏မူလဇစ်မြစ်သည်၊ မွန်ဂိုလီးယားကုန်းမြင့်တောင်ပိုင်း ကန်စုနယ်ပတ်ဝန်းကျင်ဒေသဖြစ်ပါသည်။ ဆိုလိုသည်မှာ ယနေ့ရခိုင်လူမျိုးဟူ၍ ဆင်းသက်လာမည့်၊ ထိုမူလရခိုင်များ၏ဇာတိနယ်မြေသည်၊ မွန်ဂိုလီးယားပြည်တောင်ပိုင်းဖြစ်သည်ဟု ဆိုလိုပါသည်။ ထိုမူလရခိုင်များအစုသည်BC-၁၀၀၀ အတွင်းကဗြဟ္မပုတ္တရမြစ်ကြောင်းအတိုင်းစုန်ဆင်း၍ ဂင်္ဂါမြစ်ဝှမ်း၊ မဂဓတိုင်းအထိပျံ့နှံ့နေထိုင်ခဲ့ကြသည့် မွန်ဂိုလွိုက်လူမျိုးစုများတွင် ပါဝင်ခဲ့ပါသည်။

ထိုသံလွင်နှင့်မဲခေါင်မြစ်ဖျားဒေသမှ မွန်ဂိုလွိုက်တို့အုပ်စု(၃)စုကွဲကြပါသည်။ ပထမအုပ်စုများတွင် တိဘက်နယ်အတွင်းသို့ဝင်သူကဝင်သွားပါသည်။ ဗြဟ္မပုတ္တရမြစ်ကြောင်းဖြင့် အိန္ဒိယပြည်သို့ရောက်သူကရောက်ပါသည်။ အချို့မှအာသံ၊ မဏိပူရနယ်များတွင် အခြေချပါသည်။ မြန်မာအနွယ်ဝင်လူမျိုးစုအများစုမှာ၊ သံလွင်နှင့် မဲခေါင်မြစ်ကြောင်းအတိုင်း အရှေ့တောင်ဘက်သို့စုန်ဆင်း၍၊ ယူနန်နယ်ယုန်ဂ်ချန်ဒေသတွင် အခြေချပါသည်။ ၎င်းတို့မှာ ဒုတိယအုပ်စုကွဲဖြစ်ပါသည်။ တတိယအုပ်စုကြီးတွင် သက်၊ ချင်း၊ ကချင်(ကချင်မှာမြောက်ဘက်မှ နောက်ကျ၍ဆင်းသက်လာသည်ဟု ယူဆရပါသည်)လူမျိုးစုများဖြစ်ကြပြီး၊ မြန်မာနိုင်ငံ့မြောက်ဖျားဒေသတွင် ပင်ကျန်ရစ်ပါသည်။

ဖေါ်ပြပါတိဘက်မြန်မာအုပ်စုကြီးမှ မြန်မာနိုင်ငံအတွင်းအစောဆုံးဝင်လာသူ၊ မြန်မာနိုင်ငံအတွင်းနှင့်အပြင်တွင်နေရာအကျယ်ပြန့်ဆုံးယူသူမှာ သက်များဖြစ်ပါသည်။ သက်တို့သည် ခရစ်နှစ်မတိုင်မီကပင် အာသံ၊ မဏိပူရအပြင်၊ မြန်မာနိုင်ငံမြောက်ပိုင်းနှင့်၊ အလယ်ပိုင်းမြေပြန့်ထိဝင်ရောက်ခဲ့ကြပါသည်။ သမိုင်းမှတ်တမ်းများအရ BC-၁၃၈တွင် အသုံးပြုနေပြီဖြစ်သော တရုတ်အိန္ဒယလမ်းမကြီးကို အကြောင်းပြု၍ ဗုဒ္ဓယဉ်ကျေးမှုကိုသက်တို့ရရှိနေပါပြီ။ ခရစ်နှစ်များဆန်းစတွင် သက်တို့ကို မြန်မာနိုင်ငံအတွင်း၌တွေ့ရပါပြီ(ကိုး–၄။စာ–၁၆)။AD-၁ရာစုတွင် စတင်တည်ဆောက်သည်ဗိဿနိုးပျူများထက် ပို၍စောပါသည်။ သက်တို့နောက်မှမကြာမီချင်းများ၊ ဟူးကောင်းတောင်ကြားမှသက်တို့နယ်ကိုဖြတ်၍ဝင်လာသည်။ နာဂတောင်တန်း၊ ချင်းတောင်တန်းထိပျံ့နှံ့ရုံမက တောင်ပိုင်းချင်းများမှာ တစတစသံတွဲခရိုင်ထိဆင်းသက်ခဲ့ကြသည်။ ပျူများဝင်ရောက်လာသောအခါ သက်တို့သည်၊ မြန်မာပြည်အလယ်ပိုင်းတွင် အကွဲကွဲအပြားပြားဖြစ်ကာ၊ ရခိုင်မြောက်ဖျားဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ပျံ့နှံ့သွားကြပါသည်။

AD-၉ရာစုတွင် ပျူမြို့တော်သရေခေတ္တရာ(AD-၈၃၂) နှင့်၊ (ဒေါက်တာသန်းထွန်းက မွန်မြို့တစ်မြို့ဟုယူဆ၍၊ ဒေါက်တာLUCE ကရှေးပဲခူးဟုယူဆသော) "မဲချန်"(AD-၈၃၅)ကို နန်ကျောင်တို့ဝင်ရောက်ဖျက်ဆီး၍၊ ယင်းတို့အင်အားပြိုကွဲသွားသောအခါ၊ မြန်မာတို့ကျောက်ဆည်ဒေသဝန်းကျင်တွင် နေရာယူလာသည်ဟု

ဒေါက်တာLUCE ကစွဲစွဲမြဲမြဲယုံကြည်ပါသည်။ မွန်တို့မုတ္တမဘက်သို့ဆုတ်ခွါသွားပါသည်။ ပျူတို့ကားနှစ်၅၀၀ခန့် အတွင်းပျောက်ကွယ်သွားပါသည်။ AD -၁၅၁၀ ခုနှစ်ရွှေနန်းကျော့ရှင်နရပတိနန်းတည်ကျောက်စာတွင် "ပျူ" အမည်ပါရှိနေပြီး၊ ယင်းနောက်ပိုင်းတွင် ပျူဟူသောအမည်ကို မည်သည့်မှတ်တမ်းတွင်မှ ရှာမရတော့ချေ။

ဒေါက်တာသန်းထွန်း၏ရေးသားချက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းပူအိုက်ခြောက်သွေ့သော မြေပြန့်လွင်ပြင်သို့ ဆင်းရာ၌မပါသူသို့မဟုတ် ထိုမှတဆင့်ဆက်လျက်ထွက်ခွါသူများတွင် "ရခိုင်လူမျိုး"ကိုတွေ့ရပါသည်။ ရခိုင်တို့၏ဇစ်မြစ်နှင့် လမ်းကြောင်းကိုဆန်းစစ်ကြည့်သောအခါ ရခိုင်တို့သည်၊ မြန်မာနိုင်ငံအတွင်းမြောက်ဘက်နှင့်၊ အရှေ့မြောက်ဘက်မှဝင်ရောက်၍၊ မြန်မာပြည်အလယ်ပိုင်းမှတဆင့် ရိုးမကိုကျော်၍လာသည်ဟူသော အထောက်အထားမတွေ့ရပါ။ ရခိုင်တို့သည် ခရစ်နှစ်များမတိုင်မီနှစ်များစွာကပင်၊ သံလွင်နှင့်မဲခေါင်မြစ်ဖျား ပတ်ဝန်းကျင်ဒေသမှပင် မြန်မာတို့နှင့်လမ်းခွဲ၍ အိန္ဒိယအရှေ့ပိုင်းနယ်မြေများသို့ဝင်ရောက်ခဲ့ပြီး ဖြစ်ပါသည်။

ရှေးဦးရခိုင်များ BC -၅၀၀ခန့်က အိန္ဒိယနိုင်ငံအတွင်းဝင်ရောက်လာသည့်အခါ အိန္ဒိယနိုင်ငံကို အာရိယန်ယဉ်ကျေးမှုလွှမ်းမိုးနေပြီဖြစ်ပါသည်။ အာရိယန်ယဉ်ကျေးမှုက မွန်ဂိုလွိုက်ယဉ်ကျေးမှုထက်အဆင့်အတန်းမြင့်မားပါသည်။ မွန်ဂိုလွိုက်တို့သည် အာရိယန်တို့နှင့်ရောယှက်နေထိုင်ခဲ့ကြပြီး၊ အာရိယန်ယဉ်ကျေးမှုလွှမ်းမိုးခြင်းကို ခံရပါသည်။

ရှေးဟောင်းခေတ်ကောလိယ၊ဒေဝဒဟ၊ ကပိလဝတ်၊ ဝေသာလီ၊ဝိဟာရ၊ပါဋလိပုတ်စသည့်ပြည်များသည် ယင်းမွန်ဂိုလွိုက်တို့နေထိုင်ခဲ့သောဒေသများတွင် ပါဝင်သည်**<u>(ကိုး–၁။စာ–၁၄၈)</u>**။ အာရိယန်တို့နှင့် ရောနှော၍ ယှဉ်တွဲနေထိုင်ခဲ့သော မွန်ဂိုလွိုက်တို့ကို သမိုင်းဆရာတို့က အင်ဒိုမွန်ဂိုလွိုက် **(INDO-MONGOLOID)**များဟု ခေါ်ကြပါသည်။ ယင်းတို့သည်အာရိယန်တို့၏အမျိုး(၄)ပါးဇာတ်ခွဲခြားမှုတွင် ခတ္တိယမျိုးတွင်ပါဝင်ကြသည်။ ယင်းခတ္တိယမျိုးတို့ကိုရှေးခေတ် ရာမယန၊ မဟာဘရတကျမ်းများတွင် "ကိရာတများ" **(KIRATA)**ဟုဖော်ပြထားပါသည်။ ယင်းခတ္တိယမျိုးတို့သည် အုပ်ချုပ်သူလူတန်းစားတွင်ပါဝင်၍၊ သကျသာကီဝင်မျိုးဟုခေါ်တွင်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံအတွင်းသို့ရောက်ရှိလာသော ယင်းအင်ဒိုမွန်ဂိုလွိုက်လူမျိုးစုများစွာအနက် အများစုသည်၊ အာရိယန်ဘာသာစကားသို့ပြောင်းလဲပြောဆိုသော ဟိန္ဒူများဖြစ်ကြပြီး၊ ဟိန္ဒူယဉ်ကျေးမှုနယ်ပယ်အတွင်းသို့ မှန်မှန်ပေါင်းစည်းဝင်ရောက်ခဲ့ကြပါသည်။ အချို့မှုကား အိန္ဒိယအက္ခရာကိုသုံး၍ မိမိတို့ရင်းမြစ်ဘာသာစကားကို ပြုစုပျိုးထောင်ခဲ့ကြသည်ဟု သုတေသီများ **<u>(ကိုး–၁၁။စာ–၈၈)</u>**ရေးသားကြပါသည်။ အင်ဒိုမွန်ဂိုလွိုက်များသည်ပင် ခတ္တိယအမျိုးအမည်ခံကာ သာကီဝင်မင်းမျိုးမင်းနွယ်များဖြစ်ကြပါသည်။ ဝေသာလီမှလစ္ဆဝီများနှင့်၊ ရှေးဟောင်းခေတ်ဒေဝဒဟ၊ ကောလိယ ကပိလဝတ်ပြည်တို့မှ၊ ဂေါတမဗုဒ္ဓ၏အမျိုးအနွယ်များဖြစ်ကြသော၊ သာကီဝင်များသည်ပင်လျှင် မဇ္ဈိမဒေသ၌ခတ္တိယအမည်ခံယူ၍၊ အာရိယန်ဘာသာစကားပြောဆိုနေကြသော်လည်း၊ မွန်ဂိုလွိုက်စစ်စစ်များ (သို့မဟုတ်) မွန်ဂိုလွိုက်နှင့်၊ အာရိယန်၊ဒြာဗီးဒီးယန်၊ သွေးစတွေစစ်သွေးနှောသူများဖြစ်ချင်ဖြစ်မည်။ မူလမျိုးနွယ်ရင်းမြစ်မှာမူကား မွန်ဂိုလွိုက်များဖြစ်သည်ဟု **<u>THE CHLTURAL HERITAGE OF INDIA</u>** ကျမ်းပြုဆရာက ရေးသားပါသည်။

အိန္ဒိယတွင်အင်ဒိုမွန်ဂိုလွိုက်များသည် အာရိယန်ဘာသာစကားကိုလည်းကောင်း၊ မိမိတို့ရင်းမြစ်ဘာသာစကားကိုလည်းကောင်းပြောဆိုကြသည်။ နီပေါနိုင်ငံရှိမွန်ဂိုလွိုက်နွယ်ဝင် "နီဝါ **(NEWARS)**"လူမျိုးစုသည်အိန္ဒိယအက္ခရာကိုသုံး၍ မိမိတို့ရင်းမြစ်ဘာသာစကားနှင့်တွဲစပ်ရေးသားသော အထောက်အထားရှိသည်။ ထို့ပြင် ဂေါတမဗုဒ္ဓပွင့်ပြီးနောက်၊ **BC** -၃၂၄–၁၈၈ တွင်စိုးစံသော စန္ဒဂုတ်မင်းလက်ထက်တွင် အိန္ဒိယကိုကျူးကျော်လာသည့် မဟာအလက်စန္ဒားကိုတိုက်ခိုက်ရန်၊ စစ်တပ်များဖွဲ့စည်းသည့်အခါ၊ မွန်ဂိုလွိုက်နွယ်များဖြစ်သော ကိရာတများပါဝင်ခဲ့ကြပါသည်။ ထို့ကြောင့်ရှေးခေတ်မြန်မာနိုင်ငံသို့ သာကီဝင်မင်းများဝင်ရောက်လာရာတွင်လည်း။ ထိုကဲ့သို့ပင်၊ အာရိယန်ဘာသာစကားနှင့် အတူယဉ်ကျေးမှုကိုပါလက်ခံပြောဆိုသူများရော၊ မိမိတို့ရင်းမြစ်မွန်ဂိုလွိုက်ဘာသာစကားပြောဆိုသူများပါ ရောပြွမ်းပါလာမည်ဖြစ်ပါသည်(ကိုး–၁။စာ–၁၅၄)။ ရခိုင်ဒေသသို့အင်ဒိုမွန်ဂိုလွိုက်၊ သာကီဝင်များဝင်ရောက်လာရာတွင်လည်း ယင်းကဲ့သို့ပင်ပါဝင်ခဲ့ပေမည်။

အင်ဒိုမွန်ဂိုလွိုက်နွယ်ဝင်ရှေးဦးရခိုင်များ၊ ရခိုင်ဒေသသို့အစောဆုံးဝင်ရောက်လာသည်ဟုခန့်မှန်း၍ရသော

အချိန်မှာ AD-၃ရာစုခန့်ကဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိရာတခေါ်အင်ဒိုမွန်ဂိုလွိုက်များ ရခိုင်ဒေသအတွင်းသို့ ရောက်ရှိနေသည့်အထောက်အထားရှိသောကြောင့်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းခြေမှ နာဂဂျူနိကွန်ဒါဒေသတွင် AD-၃ရာစုအတွင်းကရေးထိုးခဲ့သော ကျောက်စာတစ်ချပ်၌၊ သီဟိုဠ်မှထေရဝါဒရဟန်းတော်များ သာသနာပြုထွက်ခဲ့ရာဒေသများကို ဖေါ်ပြရာတွင်"ကိရာတဒေသ"ဟုပါဝင်သည်ကိုတွေ့ရပါသည်။ ယင်းအချိန်က ယင်းကျောက်စာတွင်ဖေါ်ပြသောကိရာတဒေသဆိုသည်မှာ "ဟိမဝန္တာတောင်တန်းများ၏တောင်ဘက်၊ နီပေါ၊ ဘူတန်နယ်မှစ၍၊ အာသံ၊ မဏိပူရ၊ စစ်တကောင်း၊ ရခိုင်ဒေသနှင့်၊ မြန်မာနိုင်ငံအောက်ပိုင်းမြစ်ဝကျွန်းပေါ်ထိဖြစ်သည်ဟု၊ သူတေသီများက၊ မဟာဘာရတကျမ်း၊ဟရိဝံသကျမ်း၊ မာကဏ္ဍေယျပူရာဏကျမ်း၊ AD-၁၅၀ခန့်က PTOLEMY ၏မှတ်တမ်းတို့ကို ကိုးကားပြဆိုပြီးဖြစ်ပါသည်(ကိုး–၁၂။စာ–၁၅။ကိုး–၆။စာ–၅၁)။ဒေါက်တာသန်းထွန်းက ရခိုင်ခေတ်ဦးကိုပြောရာတွင် ယခုစစ်တွေတဝိုက်၌ သက္ကတဘာသာဖြင့်ကျောက်စာရေးထိုးသူတစ်စုသည်၊ AD-၅ရာစုကျော်ကစ၍ရောက်ရှိနေကြောင်းပြောရပါသည်။ အကယ်၍ထိုသူများသည် တိဘက်မြန်မာအနွယ်ဝင်များဖြစ်ကြလျှင်၊ မြန်မာထက်မြန်မာနိုင်ငံတွင်းကိုစော၍လာသည်။ နီပေါဘက်မှ စစ်တကောင်းကိုဖြတ်၍လာသည်ဟုတွေးဆဘွယ်ရှိနေပါသည်ဟု (ကိုး–၁။စာ–ကား)ရေးသားထားပါသည်။ ထိုသူများသည် အိန္ဒိယနိုင်ငံမှစစ်တကောင်းနယ်ကိုဖြတ်သန်းဝင်ရောက်လာသော အင်ဒိုမွန်ဂိုလွိုက်များ(ဝါ)ရှေးဦးရခိုင်များဖြစ်သည်ဟု ယူဆရပါသည်။

မျက်မှောက်ရခိုင်သုတေသီတစ်ဦးဖြစ်သူ နီမင်းသျှင်(စစ်တွေ)က"နားဝတ်တန်ဆာဝတ်ဆင်မှုကို မွန်ဂိုလွိုက်တို့တွင် အထူးတွေ့ရကြောင်း၊ အာရိယန်တို့တွင် နားဝတ်တန်ဆာဝတ်ဆင်မှုဓလေ့မတွေ့ရကြောင်း၊ သမိုင်းပညာရှင်တို့၏အဆိုအရ၊ အိန္ဒိယဟိမဝန္တာတောင်ခြေတွင် တချိန်ကနေထိုင်ခဲ့ကြသော၊ သကျလူမျိုး၊ မလ္လလူမျိုး။ လစ္ဆဝီလူမျိုး၊ မဂဓလူမျိုးများမှာ၊ အာရိယန်များမဟုတ်ပဲ မွန်ဂိုလွိုက်များဖြစ်ကြကြောင်း၊ သူတို့သည်ယဉ်ကျေးမှုဓလေ့အလွန်နီးစပ်ကြကြောင်း။ မလ္လ၊လစ္ဆဝီ၊ မဂဓလူမျိုးများသည်၊ နားကွင်း၊ နားမြှောင်းဝတ်ဆင်သူများဖြစ်နိုင်ပြီး၊ နားပေါက်ကြီးစာရင်းဝင်သူများဖြစ်နိုင်ကြောင်း၊ အိန္ဒိယနိုင်ငံ ဂုပ္ပတခေတ်ကျောက်ထွင်းရုပ်ထုများတွင်၊ နားမြှောင်းဝတ်ဆင်မှုကိုတွေ့ရကြောင်း၊ ကွင်းနားမြှောင်းဝတ်ဆင်မှုသည် အိန္ဒိယယဉ်ကျေးမှုမှဆက်နွယ်ဆင်းသက်လာခြင်းမဟုတ်ကြောင်း၊ မွန်ဂိုလွိုက်တို့၏မူလပင်ရင်းယဉ်ကျေးမှုဖြစ်ကြောင်း၊ ရခိုင်ဒေသတွင်၊ ကွင်းနားမြှောင်းဝတ်ဆင်မှုကို AD-၄ရာစုသို့မဟုတ် ၅ရာစုကပင်၊ ပီပြင်စွာတွေ့ရကြောင်း၊ လေးမြို့ခေတ်။ မြောက်ဦးခေတ်များတိုင်အောင်။ ရခိုင်တို့ကွင်းနားမြှောင်းဝတ်ဆင်ကြကြောင်း"စသည်ဖြင့် ရခိုင်ယဉ်ကျေးမှုဓလေ့ထုံးစံတစ်ခုကို တင်ပြထားပါသည်(ကိုး–၅။စာ–၄၁)။ ကွင်းနားမြှောင်းဝတ်ဆင်သော မွန်ဂိုလွိုက်များသည် AD-၄ရာစုတွင် ရခိုင်ဒေသသို့ရောက်ရှိနေပါပြီ။ ကွင်းနားမြှောင်းဝတ်ဆင်မှုဓလေ့သည်၊ ဝေသာလီ၊လေးမြို့၊မြောက်ဦးခေတ်များကုန်ဆုံးသည့်တိုင်၊ရခိုင်တို့၏ယဉ်ကျေးမှုတ၏ဓလေ့တစ်ရပ်ဖြစ်ခဲ့သည်ကိုထောက်ရှု၍ ရှေးဦးရခိုင်များသည် ရခိုင်ဒေသသို့ AD-၃ရာစုခန့်ကပင် စတင်ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။

အင်ဒိုမွန်ဂိုလွိုက်တို့ စစ်တကောင်းနယ်ကိုဖြတ်၍ ရခိုင်ဒေသသို့ဝင်ရောက်လာသည့်အခါ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ ဂုပ္ပတအက္ခရာ၊ သက္ကတဘာသာ၊ ပါဠိဘာသာအရေးအသားနှင့် ၊ အာရိယန်တို့၏ယဉ်ကျေးမှုဓလေ့တို့ကို ယူဆောင်ခဲ့ကြပါသည်။ ရှေးရခိုင်တို့၏ယဉ်ကျေးမှုအများစုသည် အာရိယန်တို့၏ယဉ်ကျေးမှုပင်ဖြစ်သော်လည်း အာရိယန်ဘာသာစကားကိုပြောင်းလဲပြောဆိုခြင်းမရှိခဲ့ပါ။ ရခိုင်တို့သည် မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကို ပျိုးထောင်ပြောကြားလာခဲ့ကြသူများဖြစ်ကြပါသည်။ သို့သော်ရခိုင်ဒေသသို့ သူတို့ဝင်ရောက်လာသည့်အခါ အထက်တွင်တင်ပြခဲ့သည့်အတိုင်း မြန်မာသုတေသီများတွေးဆသကဲ့သို့ အာရိယန်ဘာသာစကားပြောဆိုသော မွန်ဂိုလွိုက်များလည်း ရောပြွမ်းပါလာလိမ့်မည်ဖြစ်ပါသည်။ ဟိန္ဒူဘာသာကိုးကွယ်သူများလည်းရောပြွမ်းပါလာမည်ဖြစ်ပါသည်။ သူတို့သည် ရခိုင်ဒေသသို့ဝင်ရောက်ခဲ့ကြပြီး၊ ရခိုင်ဒေသတွင်ရှိရင်းစွဲဒြာဗီးဒီးယန်းမင်းဆက် (အာနန္ဒစန္ဒြကျောက်စာပါပထမမင်းဆက်ကို ဆိုလိုပါသည်)ကိုဖြုတ်ချကာAD-၃၇၀တွင် "ဒွင်စန္ဒြ"အစရှိသော အင်ဒိုမွန်ဂိုလွိုက်မင်းဆက်ကိုတည်ထောင်ခဲ့ကြပါသည်။ အာရိယန်ယဉ်ကျေးမှု၏လွှမ်းမိုးမှုကြောင့်၊ မင်းများ၏ဘွဲ့အမည်များ၊ မြို့ရွာအမည်များစသည်တို့တွင် အိန္ဒိယအမည်များအတိုင်း၊ ပါဠိ၊ သက္ကတအမည်များကို မှည့်

ခေါ်ကြပါသည်။ ရခိုင်တို့က မိမိတို့၏မူလဘူတအရပ်သည် အိန္ဒိယပြည်မဂဓတိုင်းဖြစ်သည်ဟု အစဉ်အဆက် ပြောစမှတ်ပင်ပြုခဲ့ကြပါသည်။ မွန်ဂိုလွိုက်တို့ ရခိုင်ဒေသကို စတင်စိုးမိုးလာသည့် AD-၃ရာစုခန့်မှစ၍၊ ရခိုင် ဒေသတွင်ရှိရင်းစွဲဒြာဗီးဒီးယန်းများသည်၊ မွန်ဂိုလွိုက်များအတွင်း ရောယှက်စိမ့်ဝင်၍ တဖြည်းဖြည်းပျောက် ကွယ်သွားပါသည်။ ထို့ကြောင့် ရခိုင်လူမျိုးများတွင် ဩစတြစ်သွေးပါသည်ဟူသော ဒေါက်တာ S.K.CHATTERJI နှင့်ဒေါက်တာS.B QANUNGOတို့၏အယူအဆများကို ယုတ္တိမတန်ဟုမဆိုသာချေ။

အင်ဒိုမွန်ဂိုလွိုက်တို့သည် AD-၃ရာစုမှ ၁၀ရာစုအတွင်း ရခိုင်ကမ်းရိုးတန်းဒေသသို့အသုတ်လိုက်အသုတ် လိုက်ဝင်ရောက်ခဲ့ကြပါသည်။ ယင်းတို့သည် AD-၆ရာစုအတွင်းကတစ်ကြိမ်အလုံးအရင်းနှင့် ဝင်ရောက်လာကာ ဝေသာလီကိုတိုက်ခိုက်ပြီး "မဟာဝီရ"ကိုနန်းတင်ခဲ့ကြပါသည်။ သို့သော် မကြာမီပင် စန္ဒြမင်းမျိုးမှပြန်လည်၍ ထီးနန်းစိုးစံခဲ့ရပြီး၊ AD-၇၂၉ခု အာနန္ဒစန္ဒြမင်းနတ်ရွာစံပြီးနောက်။ AD-၈ရာစုအတွင်း၊ ရခိုင်ဒေသ၌ရှိရင်းစွဲ လူများနှင့်ပင်ရောက်လာသော အင်ဒိုမွန်ဂိုလွိုက်တို့နှစ်ပေါင်း(၆၀)ခန့်စစ်ပွဲများဖြစ်ပွားခဲ့ပြီးAD-၇၈၈တွင်၊ အင်ဒို မွန်ဂိုလွိုက်အုပ်စုတစ်စုက စစ်ပွဲအောင်မြင်ကာ၊ ၎င်းတို့၏ခေါင်းဆောင်ကိုရှေးဝေသာလီမင်းများကဲ့သို့ "စန္ဒြ"ဘွဲ့ ခံယူစေကာ၊ မဟာတိုင်စန္ဒြ"ဟူသောဘွဲ့ဖြင့် နန်းတင်ခဲ့သည်ဟု ယူဆရပါသည်။ မဟာတိုင်းစန္ဒြသည်ရှေးဝေသာ လီမင်းများကဲ့သို့ ဗုဒ္ဓသာသနာကိုသက်ဝင်ယုံကြည်သောမင်းတစ်ပါးဖြစ်ပြီး၊ စစ်ပွဲအတွင်းကပျက်စီးယိုယွင်းခဲ့ သည့်ဝေသာလီမြို့တော်ကို ပြန်လည်တည်ဆောက်ခဲ့ရသည်ဟု ယူဆရပါသည်။

AD-၁၀ရာစုတွင် မွန်ဂိုလွိုက်တို့နောက်ဆုံးအကြိမ်အလုံးအရင်းနှင့်ဝင်ရောက်ခဲ့ကြပြီး ဝေသာလီကိုတိုက် ခိုက်ဖျက်ဆီးလိုက်ကြပါသည်။ ယင်းသို့အသုတ်လိုက်။ အသုတ်လိုက်ဝင်ရောက်လာခဲ့ကြသည့် အင်ဒိုမွန်ဂိုလွိုက် များနှင့်ရှိရင်းစွဲလူများရောယှက်နေခဲ့ရာမှ ယနေ့ရခိုင်လူမျိုးများဆင်းသက်လာခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဆိုခြင်း အားဖြင့်။ ရခိုင်လူမျိုးနှင့်ရခိုင်ဘာသာစကားသည် AD-၁၀ရာစုတွင်မှ စတင်ခဲ့သည်ဟု ဆိုလိုသည်မဟုတ်ပါ။ မူလရှိရင်းစွဲရှေးဦးရခိုင်လူမျိုးများအတွင်း မွန်ဂိုလွိုက်များထပ်မံ၍ စိမ့်ဝင်ရောယှက်လာခြင်းကို ရည်ရွယ်ခြင်း ဖြစ်ပါသည်။ လက်ရှိရခိုင်လူမျိုးများအတွင်း၌ မွန်ဂိုလွိုက်သွေးအများဆုံးတည်ရှိလာခြင်းကို ရည်ရွယ်ပါသည်။ AD-၁၀ရာစုမတိုင်မီကပင် ရခိုင်လူမျိုးနှင့် ရခိုင်ဘာသာစကားသည်၊ ရခိုင်ဒေသတွင်တည်ရှိခဲ့ပြီးဖြစ်ပါသည်။ AD-၆ရာစုနှောင်းကာလတွင် ရေးထိုးခဲ့သည့်သံတွဲခရိုင်ငလုံးမော်ကျောက်စာတွင် "မဲကာ"ဟူသောရခိုင်အမည်ကို (မဤကာ)ဟုရေးသားထားခဲ့ရာ၊ ရခိုင်တို့၏ဇက္ကဝဏ္ဏဘာသာစကားကို ဗျည်းနှင့်သရတွဲစပ်ရေးသားနေသည့် အထောက်အထားဖြစ်၍၊ ရခိုင်တို့သည် AD-၆ရာစုတွင် ရခိုင်ဒေသတောင်ပိုင်းသံတွဲခရိုင်ထိပျံ့နှံ့နေထိုင်ကြ ပြီးဖြစ်ကြောင်း ဆရာရွှေမင်းရေးသားခဲ့ဘူးပါသည်။

ရှေးဦးရခိုင်တို့သည် အိန္ဒိယမြေပေါ်တွင် နှစ်ပေါင်းများစွာနေခဲ့ပြီး၊ အာရိယန်ယဉ်ကျေးမှုအများအပြားကို လက်ခံကျင့်သုံးလာခဲ့ကြသော်လည်း၊ အာရိယန်ဘာသာစကားမပြောကြားပဲ၊ မိမိတို့၏မွန်ဂိုလွိုက်ရင်းမြစ်ဘာသာ စကားကိုသာ ပျိုးထောင်ပြောကြားခဲ့ကြပါသည်။ ထိုစဉ်ကပြောဆိုခဲ့သော ရခိုင်ဘာသာစကားနှင့် လက်ရှိရခိုင် ဘာသာစကားတူညီသည်ဟုမဆိုနိုင်ချေ။ ထိုစဉ်က ဘာသာစကားသည်မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကို ပြုစု ပျိုးထောင်ဆဲဘာသာစကားဖြစ်၍၊ ယနေ့ဘာသာစကားမှာ၊ ဖွံ့ဖြိုးပြီးရခိုင်ဘာသာစကားဖြစ်ပါသည်။ ရခိုင်တို့ရခိုင် ဒေသသို့စတင်ဝင်ရောက်လာသည့် AD-၃ရာစုအချိန်ကာလတွင် "ရခိုင်"ဟူသောအမည်ကိုလည်း မရရှိသေးပါ။ လက်ရှိရခိုင်ဘာသာစကားသည် ရှေးဦးရခိုင်လူမျိုးများပျိုးထောင်ပြောကြားခဲ့ကြသည့် မွန်ဂိုလွိုက်ရင်းမြစ်ဘာသာ စကားမှ ဖွံ့ဖြိုးတိုးတက်လာသောဘာသာစကားဖြစ်ပါသည်။

မိမိတို့လူမျိုးမပျောက်စေရန်။ မိမိတို့ဘာသာစကားမပျောက်စေရန်၊ မိမိတို့ကိုးကွယ်ယုံကြည်သော ဗုဒ္ဓ သာသနာမပပျောက်စေရန်။ ဗြဟ္မဏဝါဒပြန်လည်ခေါင်းထောင်လာသောAD -၃–၄–၅ရာစုများအတွင်းမှစ၍၊ အိန္ဒိယအရှေ့ဖျားဒေသနှင့်၊ စစ်တကောင်းနယ်မြေကိုဖြတ်၍၊ ရခိုင်ကမ်းခြေဒေသသို့လာရောက်အခြေချနေထိုင် ခဲ့သည့်၊ အင်ဒိုမွန်ဂိုလွိုက်တို့ကို၊ မဂဓတိုင်းသားများက "ရက္ခိတများ"ဟုခေါ်၍၊ ယင်းတို့နေထိုင်သောနယ်မြေ ကို 'ရက္ခိတပူရ"သို့မဟုတ် "ရက္ခပူရ"ဟုခေါ်ဆိုခဲ့ကြပေသည်။ ထိုမဂဓတိုင်းသားတို့ခေါ်ဆိုသော'ရက္ခိတ'ဟူသော စကားမှ'ရက္ခိတ'၊ 'ရက္ခိုက်'၊ 'ရက္ခိုင်'၊ 'ရခိုင်'ဟုပြောင်းလဲခေါ်ဝေါ်လာခြင်းဖြစ်ပါသည်။

မောင်ပြုး(သံတွဲ)


**ကိုးကားသောစာအုပ်စာတမ်းများ**

(၁) အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း ပ–တွဲ(၁၉၆၄) လမ်းစဉ်ပါတီ

(၂) ကမ္ဘာ့သမိုင်း၏မှတ်တိုင်များ ပ–တွဲ (၁၉၆၄) လမ်းစဉ်ပါတီ

(၃) ခေတ်ဟောင်းမြန်မာရာဇဝင်စာတမ်း(၁) (၁၉၆၉) သန်းထွန်း

(၄)ရခိုင်မြောက်ဖျားဒေသမှသက်တိုင်းရင်းသားများ (၁၉၈၈) ထွန်းရွှေခိုင်

(၅)နားငွှေင်းဝတ်ရခိုင် (မုနိမြေမဂ္ဂဇင်း (၄)(၂၀၀၀) နီမင်းသျှင်(စစ်တွေ)

(၆) **A History of Chittagong Vol-1 (1988)Chillagong)** **S.B. Qarungo**

(၇) **The Making of South East Asia (1966-London)** **G-Coedes**

(၈) **The History and Culture of Indian People Vol-1(1952)** **S.K. Chatterji**

(၉) **The Story of Indo-Pakistan (1969-Karachi)** **S.F.Mahmud**

(၁၀) **Ancient Arakan (1977, Australia)** **Pamela Gutman**

(၁၁) **The Cultural Heritage of Ancient India (1984-London)** **S.K.Chatterji**

(၁၂) **Introduction to the Study of Thravada Buddhism in Burma(1946-Calculta)** **N.R Ray**


# "ရခိုင်ရာဇဝင်အဆုံးအဖြတ် ဓာပိုင်စွာလဲ"

**မောင်ပြုး(သံတွဲ)**

"ရခိုင်"ဆိုရေအမည်နာမစတင်ခေါ်ဝေါ်လာပုံနန့်ပတ်သက်ပြီးကေ၊ စာရီးဖေါ်ရီးဖက်တိက စာရီးသူအမြင်ကို သိချင်ပါရေလို့ပြောကတ်ပါရေ။သံတွဲကစာပီမိတ်ဆွေတချို့ကပင် စာနန့်လှမ်းပျာမိန်းကတ်ပါဂေ။ ယေဒါလေး ကျွန်တော်မရီးခပါ။"အမြင်သစ် ရခိုင်နိဒါန်း" (ရခိုင်တန်ဆောင်မဂ္ဂဇင်း အမှတ်–၁၉)မာတော့ခါတစိသျှေတစွန်း တစရီးခဖူးပါရေ။ အဂုအေကိစ္စကို မရီးကေမဖြစ်တေကိစ္စဆို့လာရရေအတွက်နန့်ရီးရဖို့ဖြစ်လာပါဗျာယ်။

မကြာခင်ကရာဇဝင်ဆရာတစ်ဦးက၊ ရခိုင်ရာဇဝင်ရို့မာလာရေရီးသားချက်တိနန့်မတူ။ ထူးထူးခြားခြား၊ ရခိုင်လူမျိုးထင်ဟတ်လာပုံနန့်၊ "ရခိုင်"လို့ခေါ်ဝေါ်လာရေးအကြောင်းတိကို၊ ကျမ်းစာတချို့ကို ကိုးကားပနာ၊ ကိုယ်လိုချင်ရေပိုင်ဆွဲယူရီးသားပနာ၊ လူ့သမိုင်းတို့းတက်မှုဖြစ်စဉ်နန့်မကိုက်ညီပဲနန့်"ရခိုင်ရာဇဝင်အဆုံးအဖြတ်" ချမှတ်ပြလာရေ။ ယေခုနန့်မရီးမဖြစ်အောင်အခြေအနေမျိုးယိုလာပါရေ။

လက်ဟိအခြေအနေသုတေသနလုပ်ငန်းက မပြည့်စုံနိုင်ပါသီး။ ယင်းအတွက်ရာဇဝင်ကြောင်းအရ လေးသောထည့်ပနာရီးပါမေ။

ကြည့်ပါ။ ယင်းရာဇဝင်ဆရာတင်ပြထားရေစွာတိကို ကျောက်ချက်ချလိုက်ကေ"ရခိုင်အစ ဒွါရာဝတီက (သို့မဟုတ်)ရခိုင်အစ ဝါသုဒေဝက"ဖြစ်ပါရေ။ "ရက္ခပူရ ပဝေသနကုလဝင်"ဆိုရေကျမ်းကို အခြေခံပနာတင်ပြ ထားစွာတိကတော့ခါ–

(၁)ဝါသုဒေဝ၊ ဗလဒေဝညီနောင်ရို့စွာ ခတ္တိယအနွယ်တိဖြစ်တေ

(၂)ယင်းညီနောင်ရို့စွာဇမ္ဗူဒိပ်ကျွန်းကို မင်းပြုဖို့ သံတွဲ(ဒွါရာဝတီ)မြို့ကိုသိမ်းပိုက်တေ

(၃)ယင်းညီနောင်ရို့စွာကစ္ဆပနဒီအရှိဖက်(၉၉)မြို့၊ အနောက်ဖက် (၉၉)မြို့ကိုတည်ခကတ်တေ

(၄)ဝါသုဒေဝ၊ ဗလဒေဝရို့စွာ ရခိုင်လူမျိုးအစဖြစ်ပြီး၊ ယင်းအခါကပင် ရခိုင်ဘာသာစကားယှိနိန်ခပြီးကေ၊ "ရက္ခိတပူရ""ရခိုင်"ဆိုရေအခေါ်အဝေါ်တိစွာ ယင်းခါကပင်ယှိခရေ

(၅)"ရခိုင်အစမာရယုက၊ ရခိုင်အစရီကြိုင်က"လို့ယူဆကေ၊ သံတွဲခရိုင်သီးခြားဖြစ်လားဖို့၊ ယင်းအတွက်နန့်" ရခိုင်အစ ဝါသုဒေဝက"လို့ယူသင့်၊ ဖြစ်သင့်ရေ(ကိုး-၂)

ယင်းပိုင်တင်ပြထားပါရေ။ အေတင်ပြမှုတိနန့် "ရခိုရာဇဝင်အဆုံးအဖြတ်"ချမှတ်ထားပါရေ။ အေတင်ပြမှုတိစွာ၊ မိမိလိုရာကိုဆွဲပနာအဓမ္မလုပ်ကြံတင်ပြမှုတိဖြစ်နိန်စွာကိုတွိရရေအတွက်၊ စာရီးသူအမြင်ကိုတင်ပြလိုပါရေ။

ယင်းလို့ပြောချင်စွာက ဝါသုဒေဝ၊ ဗလဒေဝရို့စွာခတ္တိယအနွယ်တိဖြစ်ကေဆိုရေအချက်ပါ။ တိုတိုနန့်လိုရင်းကိုရာပြောပါမေ။ ခတ္တိယဆိုရေစကားစွာလယ်မြီကိုပိုင်စိုးရရေလူကိုခေါ်စွာပါ။ အုပ်စိုးသူလူတန်းစားဆိုပါဖိ။ အိန္ဒိယပြည်မာ၊ ဗြဟ္မဏာ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒအမျိုးလေးပါးခွဲစွာက၊ အာရိယန်တိဝင်လာပြီးမှရာခွဲစွာပါ။ အာရိယန်တိမဝင်ခင်ကအေအမျိုးအနွယ်အခေါ်အဝေါ်မယှိပါ။ "ခတ္တိယ"ဆိုရေစကားကိုယ်တိုင်က အာရိယန်စကားပါ။ အိန္ဒိယတို့အာရိယန်တိဝင်လာချိန်ရေ ဘီစီ-၂၀၀၀နန့် ၁၅၀၀ကြားမှာရာဖြစ်ပါရေ။ (ကိုး-၇။စာ-၁၂) ။ ဘီစီ ၇၅၀လောက်မာ အာရိယန်ရို့အိန္ဒိယတနိုင်ငံလုံးကို ပျံ့နှံ့လားပါဗျာယ်(ကိုး-၄။ စာ-၁၅၃)။ ဇာပိုင်ကို ဆိုဆို အိန္ဒိယပြည်မာ အမျိုးလေးပါးခွဲခြားမှုစွာ ဘီစီ-၁၅၀၀လောက်ကမှ ရာစတင်ရေလို့ ကျွန်တော်ရို့ပြောနိုင်ပါရေ။

ရာဇဝင်ရို့မာ ဝါသုဒေဝကစရေ မင်း၂၃ဆက်ကို အနှစ်တစ်သောင်းတန်းကဖြစ်တေလိုဆိုကတ်တေမဟုတ်ပါလား။ သူရို့နှန်းစံနှစ်ပေါင်းတိကိုတော့ခါ ဖေါ်မပြကတ်ပါ။ ရခိုင်ရာဇဝင်ကျမ်းရို့အလိုအရ ယင်းမင်းဆက်နောက်မာဖေါ်ပြထားရေ ပထမဓညဝတီခေတ်က "မာရယု"မင်းနန်းတက်တေသက္ကရဇ်ကိုတွက်ဆကြည့်ရေခါ၊ ရခိုင်ရာဇဝင်သစ်ကျမ်းအရ ဘီစီ-၃၃၂၅။ ဓညဝတီရာဇဝင်သစ်အရ ဘီစီ-၃၁၇၉။ ရာဇဝင်ကြီးအရ ဘီစီ-၃၅၉၁။ ငမဲရာဇဝင်အရ ဘီစီ-၂၆၆၆လို့ ယင်းပိုင်တွိရပါရေ။ အသက်တစ်သောင်းတန်းက ဝါသုဒေဝနန့်အသက်တစ်ရာတမ်းက မာရယုရို့နှစ်ပေါင်းဇာလောက်ထိကွာနိန်ဖို့ဆိုစွာတွက်ဆကြည့်လို့ရပါဂျေ။ ယေပြီးကေ၊ မာရယုစွာ၊ ဝါသုဒေဝရို့အမျိုးအနွယ်လို့ ဇာရာဇဝင်ကလေးမရီးသားပါ။ အေလောက်စွာကိုကြည့်ပနာ"ရခိုင်ရာဇဝင်အဆုံးအဖြတ်"ပီးရေပုဂ္ဂိုလ်က"ကုသမင်းသက္ကရာဇ် ၄၉၀၀ကျော်။ ပထမဓညဝတီခေတ်နန့်အနှစ်(၁၀၀၀)အကွာ၊ ဒွါရာဝတီသံတွဲမြို့ကိုအုပ်ချုပ်တေ ဝါသုဒေဝ၊ ဗလဒေဝညီနောင်တစ်ကျိပ်(ကိုး-၂။စာ-၁၂)လို့လေးဆိုပြန်ပါရေ။ ဝါသုဒေဝရို့ပိုင်အနှစ်တစ်သောင်းတန်းကလူနန့်၊ ပထမဓညဝတီခေတ်ကပိုင် အနှစ်တစ်ရာတမ်းကလူကို အနှစ်(၁၀၀၀)ရာကွာရေဆိုစွာသဘာဝမကျလို့ ယူဆမိပါရေ။

ယင်းအတွက်နန့်ခတ္တိယမျိုးပေါ်လာစွာက ဘီစီ-၁၅၀၀လောက်ကဖြစ်တေအတွက်၊ အန္တရကပ်(၁၀)ကပ်မြောက်၊(၁၁ကပ်မြောက်လို့လေးဆိုပါရေ)လူ၏အသက်တစ်သောင်းတန်းကိုထားအုံးသီး။ ဘီစီ-၂၀၀၀မတိုင်ခင်ကပင်၊ ခတ္တိမ၊မျိုးဆိုစွာမပေါ်သီးပဲနန့်။ ဝါသုဒေဝ၊ ဗလဒေဝရို့ကိုခတ္တိယမျိုးလို့ ဖေါ်ပနာရီးစွာကတော့ တစီသျှေတရားများပါဖို့။

မြန်မာနိုင်ငံတဝှမ်းလုံးမာမြီလွှာတူးဖေါ်မှုတိအရ ဘီစီ-၁၆၀၀၀က ၅၀၀၀အတွင်း ကျောက်ခေတ်လယ်ဖြစ်ထွန်းရေ၊ ယင်းပိုင်လို့(ကိုး-၄။စာ-၈၀)။သိရပါရေ။ ကျောက်ချောခေတ်ကတော့ခါ ဘီစီ-၅၀၀၀က ၂၀၀၀လောက်အထိဖြစ်ပါရေ။ ဘီစီ-၂၀၀၀လောက်မာ ရခိုင်ပြည်မာကျောက်ချောခေတ်ဖြစ်ကြောင်း (ကိုး-၉။စာ-၃၂) သိရပါရေ။ ယင်းပိုင်လို့ဆိုကေ ဘီစီ-၂၀၀၀မတိုင်ခင်၊ လူတိအသက်တစ်သောင်းတမ်း(သို့မဟုတ်) ဘီစီ-၄၀၀၀၊ ၅၀၀၀လောက်ကပင် သံတွဲမာထီးစိုက်နန်းစိုက်၊ မြို့ပြနိုင်ငံအခြေအနေယှိနိန်ဗျာယ်လားလို့ မိန်းစရာဖြစ်နိန်ပါရေ။ သုတေသနအမြင်ကတော့ခါ ဘီစီ-၂၀၀၀မတိုင်ခင်က ရခိုင်ကမ်းရိုးတမ်းဒေသက သားစိမ်း၊ ငါးစိမ်းစားလို့နိန်ကတ်တေ ဩစတြစ်လူမျိုးနွယ်။ လူရိုင်းတိယှိနိန်ရေးလို့တွိရပါရေ။

ယေပြီးကေ"ရခိုင်ရာဇဝင်အဆုံးအဖြတ်"မာယင်းပုဂ္ဂိုလ်ရီးစွာက"ဝါသုဒေဝ၊ ဗလဒေဝရို့စွာ၊ မြို့တည်ဖို့နိန်

ရာ ရှာသူတိမဟုတ်၊ လက်ရုံးအားကိုးနန့်၊ စစ်တိုက်လိုရေလူတိရာဖြစ်တေအကြောင်း၊ ရခိုင်ပြည်မာမြို့တော် ဆိုလို့သံတွဲမြို့ရာယှိရေးအကြောင်း၊ မြို့တော်ကိုသိမ်းယူမှုရာနည်းလမ်းကျဖို့ဖြစ်ကြောင်း၊ ယေပြီးမှရာ၊ ဂစ္ဆပနဒီ အရှိဖက်၊ အနောက်ဖက်ရိုးမာမြို့တိကို တည်ထောင်ပြီးကေ ဝါသုဒေဝရို့အမျိုးအနွယ်တိနိန်တိုင်ဆင်းသက်လာ ကြောင်း(ကိုး–၂။စာ–၁၄)ရီးထားပါရေ။

ကျွန်တော်ရို တွက်ဆကြည့်မိသလောက်ပြောရကေ၊ ရခိုင်ဒေသပထဝီအနိန်းအထားအရ၊ ဇမ္ဗူဒိပ်တစ်ကျွန်း လုံးကိုသိမ်းပိုက်ဖို့အတွက် သံတွဲမြို့ကိုအခြေခံထားပနာစစ်တိုက်ဖို့ဆိုစွာ သေနင်္ဗျူဟာမကျွမ်းရေသူတိအဖို့ရာ ဖြစ်နိုင်ပါဖို့။ သံတွဲမြို့တည်နိန်ရာစွာစစ်ရေးအရ၊ ဇာလောက်အချက်အချာကျပါလေး။ ရာဇဝင်ကိုပြန်လို့ကြည့် ကတ်ဖို့၊ ယင်းပိုင်လို့ဆိုကေ သံတွဲကနိန်ပနာဇာနိန်ရာလားတိုက်လို့။ နယ်မြီဇာလောက်ပိုင်ခဖူးပါလေး။ ယင်း နိန်ရာက လားပနာတိုက်လို့အောင်မြင်ခဖူးရေအထောက်အထားကားမယှိလို့ဆိုနိုင်ပါရေ။ ကစ္ဆနဒီ၊ အဍ္ဍနနီဒီ မြစ်ဝှမ်းရို့ကဆိုရေ၊ ဥပမာဝေသာလီခေတ်က ဒါကာကမော်တင်စွန်းထိပိုင်ခဖူးရေ၊ လောင်းကြက်ခေတ်မင်းထီး လက်ထက်ကဆိုကေလေး၊ ဒါကာ၊ မူရှီဒါမက်၊ စစ်တကောင်းကနိန်ပနာ၊ ရိုးမတဖက်သရက်မြို့ထိသိမ်းနိုင်ပါ ရေ။ မြောက်ဦးခေတ်မာဝါ၊ မင်းရာဇာကြီးလက်ထက်က ဒါကာ၊ ဆန်ဒါဘန်ရို့က မော်လမြိုင်ကမ်းထိပိုင်ခဂေ အထောက်အထား(ကိုး–၄။စာ–၃၉၆/၄၉၅)ထိ မကန်ယှိပါရေ။ သံတွဲမြို့နိန်ရာကို စစ်ရေးအရအခြေခံစခန်းချ ဗျာတိုက်ခိုက်အောင်မြင်ဖို့ဆိုစွာမဖြစ်နိုင်ပါ။

တစ်ခြားတစ်ချက်ကတော့ခါ ဇမ္ဗူဒိပ်ကျွန်းကိုသိမ်းဖို့၊ စစ်တိုက်ဖို့ဆိုကေ မြို့တည်၊ နန်းတည်ရုံချေနန့် မပြီးနိုင်ပါ။ စားရီရိက္ခာစုဆောင်းပိုလျှံမှု၊လမ်းပမ်းဆက်သွယ်မှုအချက်အချာကျမှုတိလေးအကျုံးဝင်ပါရေ။ ယင်း အချက်တိမာလေး ကစ္ဆပနဒီမြစ်ဝှမ်းစွာ ဒွါရာဝတီမြစ်ဝှမ်းထက်ပိုလို့သာလွန်ပါရေ။ ယင်းဇုနန့်ရခိုင်မင်းတိစွာ ကစ္ဆပနဒီမြစ်ဝှမ်း၊ အဍ္ဍနနဒီမြစ်ဝှမ်းရို့မာ ထီးနန်းစိုက်ခစွာဖြစ်ပါရေ။

ရမ်းပြည့်တောင်ကျောင်းဆရာတော်ကြီးက အကြောင်းကြောင်းကိုထောက်ပနာ“ဒွါရာဝတီပြည်ဆိုစွာကို အိန္ဒိယပြည်မြောက်ပိုင်းမာရာယှိရေလို့ယူသင့်ရေ”လို့(ကိုး–၁။စာ–၁၈၉)ဆိုခရေမဟုတ်ပါလား။ ယင်းချင့်တိ လောက်ရာမဟုတ်။“ရခိုင်ရာဇဝင်အဆုံးအဖြတ်” ပီးရေပုဂ္ဂိုလ်ရို့က ကစ္ဆပနဒီအရှိဖက်နန့်အနောက်ဖက်(၉၉)မြို့ စီတည်စွာကို၊ ဝါသုဒေဝရို့တည်ခရေပိုင်ဆိုကတ်စွာကို၊ ယင်းဆရာတော်ဘုရားကြီးက ဇာပိုင်ရီးလေး၊ ယပိုင်လို့ ဆိုကေ၊“ဝါသုဒေဝအစ၊ဗြဟ္မဏမင်းအဆုံးယှိရေမင်းရှိစွာကစ္ဆပနဒီအရှိဖက်(၉၉)မြို့၊ အနောက်ဖက်(၉၉)မြို့ကို တည်ထောင်စိုးစံလီရေဟန် ရာဇဝင်လင်္ကာ၊ ငမည်းရာဇဝင်နန့် ရာဇဝင်သစ်ရို့မာလေးဖော်ပြထားကြောင်း ဆိုပြီး ကေ“စဉ်းစားဖို့စွာက အယင်ပြောခရေကစ္ဆပနဒီအရှိဖက်နန့်အနောက်ဖက်(၁၉၈)မြို့စွာ ဝါသုဒေဝအစ၊ ဗြဟ္မဏရာ ဇာအဆိုယှိရေမင်းပေါင်း(၇)ယောက်ရို့တည်ထောင်ပြုစုသောမြို့တိမဟုတ်။ ဝါသုဒေဝအစ၊ သမ္မဇာမင်းအဆုံး ယှိရေမင်းဆက်ပေါင်း(၁၉)ဆက်၊ မင်းပေါင်း(၂၅၇)ယောက်ရို့မာ၊ ဘုန်းအင်ကြီးရေ မင်းရိုးတည်ထောင်ရေမြို့တိ လို့ရာယူရဖို့၊ ဝါသုဒေဝ၊ဗြဟ္မဏရာဇာရို့တည်ခရေမြို့ချည်းမဟုတ်ဆိုစွာသိဖို့လိုရေ”လို့(ကိုး–၁။စာ–၂၀၀)ရီးသား ထားခပါရေ။

ဒေါက်တာသန်းထွန်းက အာနန္ဒစန္ဒြကျောက်စာမာပါရေ ဘီစီ–၅၁၈က အေဒီ–၃၇၀ထိစိုးစံခရေမင်းရို့အိန္ဒိယ နာမည်တိမဟုတ်တေအတွက်နန့်၊ ယင်းအချိန်က ရခိုင်ပြည်တို့ အိန္ဒိယယဉ်ကျေးမှုမရောက်သီးလို့ (ကိုး–၃။ စာ–၇၂)ယူဆထားပါရေ။ ဒေါက်တာကနန်ဂိုကတော့ စစ်တကောင်းနန့်ရခိုင်ပြည်ကတွိရရေ ကျောက်ချောခေတ် လက်နက်တိကို ဘီစီ–၂၀၀၀လောက်ကိုမှန်းဆပါယင့်(ကိုး–၉။စာ–၃၁/၃၂)။ ယေဇုနန့်ရခိုင်ဒေသမှာ ဘီစီ–၂၀၀၀ လောက်က ကျောက်ချောခေတ်က နိန်ပနာကြီးခေတ်၊ သံခေတ်သို့ကူးပြောင်းရေလိုယူဆပါရေ။ ယေဒါလေး မြန်မာနိုင်ငံမာ ကျောက်ခေတ်မာ မြို့ပြယဉ်ကျေးမှုမယှိ(ကိုး–၄။စာ–၁၂၀)ဆိုရေအတွက်နန့်၊ ဘီစီ–၄၀၀၀–၅၀၀၀ လောက်က သံတွဲမာမြို့ရိုး၊ ကျုံး၊ တံတိုင်းတိနန့်မြို့ပြနိုင်ငံအဆင့်ရောက်နိန်ဗျာယ်ဆိုစွာဖြစ်နိုင်ဖို့မထင်ပါ။ တောင်ကျောင်းဆရာတော်ကြီးပြောရေပိုင် ဒွါရဝတီဆိုဇွာ အိန္ဒိယမြီပေါ်မာရာယှိသင့်ပါရေ။ သံတွဲမြို့အပြင် အေဒီ–၆ရာစုမာ အေနိထိုင်းနိုင်ငံနယ်မြီထဲမှာ“ဒွါရာဝတီ”လို့ခေါ်ရေ မွန်ရို့နိုင်ငံတခုယှိခဖူးဇွာကို လေးသတိပြု ကတ်ရပါဖို့။

ဘီစီ–၂၀၀၀နန့်၁၅၀၀ကြားကာလမာ အိန္ဒိယတို့အာရိယန်တိဝင်ရောက်လာပြီးကေ ဘီစီ–၇၅၀လောက်မာ တနိုင်ငံလုံးပျံ့နှံ့လားခပါရေ(ကိုး–၄။စာ–၁၅၃)။ ယင်းအချိန်က ဘီစီ–၁၅၀၀လောက်မာ တရုတ်ပြည်အနောက်မြောက်ဖက်က မွန်ဂိုလွိုက်တိစွာ၊ မြောက်ဖက်က ဟန်လူမျိုးတိဝင်ဗျာယ်တိုက်လို့တောင်းပိုင်းတို့ပြောင်းခကတ်ပါရေ(ကိုး–၉။စာ–၃၆)။ မွန်ဂိုလွိုက်တိစွာ မြန်မာနိုင်ငံမြောက်ဖျားက သံလွင်နန့်မဲခေါင်မြစ်ဖျားမာနိန်ခကတ်ပါရေ။ တရုတ်တိလာပနာမကြာမကြာနှောက်ယှက်တေအတွက်။ ယင်းနိန်ရာကမွန်ဂိုလွိုက်တိအုပ်စုသုံးစုကွဲလားပါရေ။ တစုကမြန်မာနိုင်ငံအရှိမြောက်ဖက် ယူနန်ပြည်မာယှိရေ"ယုန်ဂ်ချန်"ဒေသတို့ဆင်းလာပါရေ။ ယင်းအစုမာ မြန်မာတိပါလားပါရေ။ တစ်စုကမြန်မာနိုင်ငံမြောက်ဖျား ဟူးကောင်းချိုင့်ဝှန်းပတ်ဝန်းကျင်ကနိန်ပနာကာလကြာရေခါ မြန်မာနိုင်ငံအတွင်းတို့ဝင်လာကတ်တေ။ ယင်းအစုမာ သက်၊ ကန္တူ၊ ချင်းမျိုးတိပါပါရေ။ နောက်ဆုံးတစ်စုကတော့ခါ ဗြဟ္မပုတ္တြမြစ်ကြောင်းအတိုင်းစုန်ဆင်းလာပြီးကေ အိန္ဒိယအရှေ့မြောက်ပိုင်းနန့်၊ မြောက်ပိုင်းရို့မာ ပျံ့နှံ့နိန်ထိုင်ခကတ်ပါရေ။ အေနီ"ရခိုင်"လို့ခေါ်နီရေလူမျိုးဆင်းသက်လာဖို့ဖြစ်ကေ"မူလရခိုင်"ရို့စွာယင်းမွန်ဂိုလွိုက်အနွယ်စုတိမာပါဝင်ခပါရေ။

**The Cultural Heritage of India Vol (1)** စာအုပ်မာတော့ခါ မွန်ဂိုလွိုက်တိဝင်ရေလမ်းယှိအရှိဖက်နန့်မြောက်ဖက်ဆိုပနာပြထားပါရေ။ ရှိဟောင်းခေတ်ကောလိယ၊ ဒေဝဒဟ၊ ကပိလဝတ်၊ ဝေသာလီ၊ ဝိဟာရ၊ ပါဋလိပုတ်ဆိုရေ ပြည်တိစွာ ယင်းနယ်ထဲမာ ပါဝင်နိန်ရေ(ကိုး–၄။စာ–၁၄၈)။ မွန်ဂိုလွိုက်တိစွာ နှစ်ပေါင်း(၁၀၀၀)နီးနီး အာရိယန်တိနန့်ရောယှက်နိန်တိုင်ပနာ၊ အာရိယန်ယဥ်ကျေးမှုလွှမ်းမိုးခပါရေ(ကိုး–၉။စာ–၄၂)။ ရာဇဝင်ကြောင်းအရဖြစ်စေ၊ သုတေသနကြောင်းအရဖြစ်စီ ရခိုင်လူမျိုးတိစွာရိုးမအရှိဖက်မြီပြန့်ကတဆင့်ရောက်လာရေ၊(သို့မဟုတ်)ပင်လယ်ရီကြောင်းနန့်ရောက်လာရေ အထောက်အထားမယှိပါ။ ကမ္ဘာ့သုတေသီတိလေ့လာချက်တိအရ ရခိုင်လူမျိုးစွာ အိန္ဒိယအနောက်မြောက် ပိုင်းမဂဓတိုင်းကဝင်လာရေ အင်ဒိုမွန်ဂိုလွိုက်တိဖြစ်ပါရေ။ အေကိစ္စကိုအဂုအခါ အထူးပြောနိန်ဖို့မလိုအပ်ပါဗျာယ် ယပိုင်လို့ဆိုကေ အိန္ဒိယအရှိမြောက်ပိုင်းမာ အာရိယန်တိနန့်အတူ နိခကတ်တေ အင်ဒိုမွန်ဂိုလွိုက်လူမျိုးနွယ်စုတိ ထဲမှ ရခိုင်လူမျိုးနွယ်စုလေးသော့ပါဝင်စွာကို သုတေသီရို့မငြင်းပယ်နိုင်ပါ။

ယင်းအင်ဒိုမွန်ဂိုလွိုက်တိကို ကိရာတတိလို့လေးခေါ်ပါရေ။ သူရို့စွာအများအားဖြင့်ဆိုကေ အာရိယန်စကားပြောရေဟိန္ဒူတိဖြစ်လာကတ်ပနာ ဟိန္ဒူယဥ်ကျေးမှုထဲကိုမှန်မှန်ပေါင်းစည်းလို့ဝင်လားခကတ်ပါရေ။ တချို့ကတော့ခါ အိန္ဒိယအက္ခရာကိုသုံးပနာ ကိုယ့်မူလဘာသာစကားတိကို ပျိုးထောင်နီခကတ်ပါရေ(ကိုး–၄။စာ–၁၄၈)။ အေအင်ဒိုမွန်ဂိုလွိုက်တိစွာ ခတ္တိယနာမည်ခံရေသာကီဝင်မျိုးတိပါယာ။ ဝေသာလီကလစ္ဆဝီတိနန့်၊ ရှိခေတ်ဒေဝဒဟ၊ ကောလိယ၊ ကပိလဝတ်ပြည်တိက ဂေါတမဗုဒ္ဓအမျိုးတိဖြစ်တေ သာကီဝင်တိလေး၊ မဇ္ဈိမဒေသမာ ခတ္တိယလို့အမည်ခံ၊ အာရိယန်စကားပြောခကတ်ကေလေး မွန်ဂိုလွိုက်စစ်စစ်(ယင်းပိုင်မဟုတ်ကေ)မွန်ဂိုလွိုက်နန့်၊ အာရိယန်၊ ဒြာဗီဒီယန်း၊ ဩစတြစ်သွီးနှောရေလူတိဖြစ်ချင်ကေဖြစ်ပါဖို့။ မူလလူမျိုးအနွယ်ကတော့ခါ မွန်ဂိုလွိုက်တိရာဖြစ်တေလို့ **The Cultural Heritage of India Vol (1)** စာအုပ်ကဆိုပါရေ။ အေပိုင်သုတေသီရို့တွိယှိရေအချက်အလက်မျိုးကို ကျွန်တော်ရို့ ဇာပိုင်ရာဇဝင်မာ တွိနိုင်ပါဖို့လေး။ ထမင်းထုတ်ရာသိုးလီဖို့လို့ တွက်ဆမိပါယင့်။

အိန္ဒိယမာ၊ အင်ဒိုမွန်ဂိုလွိုက်တိစွာ အာရိယန်ဘာသာစကားကို ပြောခဂေ့လူမျိုးစုတိယှိရေပိုင်၊ မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကို ပြောရေလူမျိုးစုလေးယှိပါရေ။ ယေဇုနန့် (ရခိုင်ပြည်အပါအဝင်) မြန်မာပြည်ကိုသာကီဝင်တိဝင်လာစွာမာ၊ အာရိယန်ဘာသာစကားနန့်အတူ ယဥ်ကျေးမှုကိုပါ လက်ခံပြောဆိုသူတိအပြင်၊ မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကိုပြောဆိုရေ လူမျိုးစုတိလေးပါလာဖို့လို့ မြန်မာပညာရှင်တိ(ကိုး–၄။စာ–၁၅၄)ယူဆကတ်ပါရေ။

မြန်မာပညာရှင်ရို့က မြန်မာနိုင်ငံအတွင်းတို့ မွန်ဂိုလွိုက်တိဝင်ရောက်လာချိန်စွာ အေဒီ–၄၆၀လောက်မာလို့ မှန်းဆကတ်ပါရေ(ကိုး–၅။စာ–၄၇)။ ရခိုင်ပြည်က အာနန္ဒစန္ဒြကျောက်စာအရ– ရခိုင်ပြည်မာ–ဘီစီ–၆ရာစုကပင် မြို့ပြတည်ထောင်ထားဗျာယ်လို့သိရပါရေ။ ယေဒါလေး၊ ပထမဆုံးမင်းဆက်မာပါရေ မင်းရို့မာ သက္ကတ၊

ပါဠိနာမည်တိမဟုတ်တေအတွက်နန့် အာရိယန်တိလေးမဟုတ်။ အင်ဒိုမွန်ဂိုလွိုက်တိလေးမဟုတ်လို့ မှတ်ယူရပါဖို့။ ဇာပိုင်ပင်တွက်တွက် ယင်းမင်းတိစွာအိန္ဒိယကလာကတ်တေမင်းတိရာဖြစ်ဖို့လို့ယူဆပါရေ။ ရှိဟောင်းခေတ်လူမျိုးနွယ်တိပျံ့နှံ့မှုနန့်ပတ်သက်လို့ သုတေသီသမိုင်းပညာရှင်ရို့ရီးသားစွာတိကိုကြည့်ကေ ဒေပိုင်ယူဆနိုင်ပါဖို့။ ဘီစီ–၂၅၀၀၀လောက်ကဒြာဗီဒီယန်းယဉ်ကျေးမှုထွန်းကားနိန်ခရေ ဂင်္ဂါမြစ်ဝှမ်းကိုဘီစီ–၁၅၀၀လောက်မာအာရိယန်တိဝင်ပနာလွှမ်းမိုးလာရေခါ၊ ဒြာဗီးဒီးယန်းအများအပြားစွာ အိန္ဒိယအရှိဖျားနိုင်ငံတိကို ရှောင်တိမ်းခကတ်ပါရေ။ ယင်းဒြာဗီးဒီယန်းတိစွာ အာရိယန်ယဉ်ကျေးမှုလွှမ်းမိုးမှုက ကင်းလွတ်တေသူတိပါ။ ဒြာဗီဒီးယန်းတိစွာ ရခိုင်ပြည်တို့လေးဝင်ရောက်ခကတ်တေလို့မှန်းဆရပါရေ။ ဒြာဗီဒီယန်းတိစွာရခိုင်ပြည်မာ အခြေချပနာနိန်ထိုင်ခကတ်ပါဖို့။ မြို့ပြတည်ထောင်ခကတ်ဖို့လို့ယူဆပါရေ။ ယေဇုနန့်အာနန္ဒစန္ဒြကျောက်စာမာပါရေ။ ဘီစီ–၆ရာစုက၊ အေဒီ–၃၇၀ထဲစိုးစံရေမင်းဆက်စွာ အိန္ဒိယဝင်ရောက်လာကတ်တေ ဒြာဗီဒီးယန်ရို့တည်ထောင်စိုးစံရေ မြို့ဖြစ်တေကိုလောလောဆယ်ယူဆထားပါရေ။ အခြားလူမျိုးတိဖြစ်နိုင်ဖို့လမ်းစကိုလေးမတွိသီးပါ။ ယင်းပိုင်မဟုတ်ပဲ အေမင်းဆက်ကိုမွန်ဂိုလွိုက်စစ်စစ်တိလို့ရာယူဆဖို့ဆိုကေ။ အာရိယန်ယဉ်ကျေးမှုလွှမ်းမိုးမှုက ကင်းလွတ်တေ မွန်ဂိုလွိုက်တိရာဖြစ်ရပါဖို့။

အထက်မာရီးခရေပိုင် အင်ဒိုမွန်ဂိုလွိုက်တိမာ အာရိယန်စကားတို့ပြောင်းပနာပြောရေ လူမျိုးစုယိုရေပိုင်၊ အာရိ ယန်တိလမ်းကြောင်းကိုရာကြည့်ရေခါ၊ အိန္ဒိယကဝင်လာရေဆိုရေလမ်းကြောင်းကလွဲပြီးကေ၊ တခြားလမ်းကြောင်းမယိုရေအတွက်၊ အေနို“ရခိုင်”ဖြစ်လာဖို့“ရှိဦးရခိုင်”တိစွာ၊ အာရိယန်ယဉ်ကျေးမှုကို လက်ခံကျင့်သုံးခကတ်ကေလေး၊ တိဗက်မြန်မာခေါ်ရေ မွန်ဂိုလွိုက်ရင်းမြစ်ဘာသာစကားကို ပျိုးထောင်ပြောကြားခရေလူမျိုးစုကိုစွာတွိရပါရေ။

အင်ဒိုမွန်ဂိုလွိုက်ရို့ ရခိုင်ပြည်တွင်းတို့စပြီးကေဝင်လာရေလို့ အတိအကျပြောနိုင်ရေအချိန်ကတော့ခါ၊ အေဒီ–၃ရာစုဖြစ်ပါရေ။ အင်ဒိုမွန်ဂိုလွိုက်တိ(သို့မဟုတ်) ရှိဦးရခိုင်တိစွာ အာရိယန်ယဉ်ကျေးမှုကိုသည် ယူခကတ်ပါရေ။ ရခိုင်ပြည်မာတွိရရေဂုပ္ပတအက္ခရာ၊ သက္ကတဘာသာအရီးအသားတိက သက်သီတိပါ။ (ကိုး–၆။စာ–၂၈)။ ယင်းဝင်လာရေ အင်ဒိုမွန်ဂိုလွိုက်တိစွာ မဂဓတိုင်းနန့်၊ အိန္ဒိယအရှိဖျားကဝင်လာရေ ကိရာတ၊ ခတ္တိယ၊ သာကီဝင်အနွယ်တိပါ။ ယင်းပိုင်ဆက်နွယ်မှုတိကို မတွိခင်ကရာဇာဝင်ဆရာတိက တမျိုးတဖုံသရုပ်ဖေါ်ရီးခကတ်စွာလို့တွက်ဆကြည့်ပါရေ။ ယင်းအင်ဒိုမွန်ဂိုလွိုက်တိစွာ အေဒီ–၃၇၀မာ (အထက်မာပြောပြခရေ)ဒြာဗီးဒီးယန်းမင်းဆက်ကိုဖြုတ်ချပြီး ဒွင်စန္ဒြမင်းဆက်ကိုတည်တောင်ပါရေ။ မြို့တော်အသစ်တည်ပြီးကေ အိန္ဒယမာသူရို့နိန်ခရေ ပြည်နာမည်ကိုယူပနာ “ဝေသာလီ”လို့ခေါ်ခရေ၊ ယပိုင်လို့တွက်ဆရပါရေ။ တစ်ခုယိုစွာက ဝေသာလီကိုတည်ထောင်ခရေ ဒွင်စန္ဒြအစပြုရေမင်းဆက်စွာ၊ အာရိယန်စကားပြောရေအင်ဒိုမွန်ဂိုလွိုက်တိလား။ မဟုတ်ပဲနန့်မွန်ဂိုလွိုက်ရင်းမြစ်စကားပြောရေ အင်ဒိုမွန်ဂိုလွိုက်(ဝါ)ရှိဦးရခိုင်တိလားဆိုစွာကိုတော့ တိတိကျကျမပြောနိုင်ပါသီး။ ယင်းလူမျိုးစုနှစ်မျိုးစလုံးရခိုင်ပြည်တို့ဝင်လာစွာကတော့ သီချာရေကိစ္စပါ။ ဇာဖြစ်လို့လေး၊ ယပိုင်လို့ဆိုကေ အေဒီ–၆ရာစုအကုန်ပိုင်းမာ ရီးထိုးခရေသံတွဲငလုံးမော်ကျောက်စာမာ “မဲကာ”ဆိုရေ ရခိုင်နာမည်ကိုဗျည်းနန့်သရတွဲပနာရီးထားရေ။ ဆိုလိုစွာက မွန်ဂိုလွိုက်နာမည်ကို ဂုပ္ပတအက္ခရာနန့်ရီးသားဖို့ကြိုးစားထားရေအထောက်အထားတွိ့ရလို့ပါ။ ယေဇုနန့်ရှိဦးရခိုင်လူမျိုးစွာအေဒီ–၆ရာစုမတိုင်မီကပင် ရခိုင်ပြည်တောင်ပိုင်းထိရောက်နိန်ဗျာယ်ဆိုစွာ မငြင်းနိုင်ပါ။ (ဆရာရွှေမင်းရီးခရေ“ဝေသာလီနန့်ဇကေဝဏ္ဏာကိုဖတ်ပါ)။

အေဒီ–၆၀၀ မာတကြိမ်မဟာဝီရဝင်တိုက်စွာ၊ အေဒီ–၇၂၉ ကနိန်ပနာ ၇၈၉–ထိဝေသာလီမာ နန်ဆက်ပြတ်နီစွာတိကို သုတေသီရို့ကတော့ခါ တိုင်းပြည်ဆူပူလို့ မငြိမ်မသက်ဖြစ်နိန်ရေ၊ ယင်းပိုင်သုံးသပ်ကတ်ပါရေ။ ကျွန်တော်အမြင်ကတော့ခါ အင်ဒိုမွန်ဂိုလွိုက်တိအသုတ်လိုက် အသုတ်လိုက်ဝင်လာပြီး ဝေသာလီထီးနန်းကိုလုရေ။ ယိုနိန်ရေလူတိနန့်ဝင်လာရေအင်ဒိုမွန်ဂိုလွိုက်တိသွီးနှောလားရေလို့ ယူဆပါဂေ။ ယင်းအချိန်ကာလကဖြစ်ခရေသမိုင်းစဉ်ကို ရာဇဝင်တိကမဖေါ်ပြနိုင်လေလေးတော့။ အေဒီ ၉၅၇မာဝင်တိုက်ခရေအင်ဒိုမွန်ဂိုလွိုက်တိကိုတော့ခါ ရှမ်းမွန်ဂိုလို့ဖေါ်ပြခကတ်ပါရေ။ အေဒီ–၁၀ရာစုမာဝင်တိုက်စွာက ရခိုင်ပြည်တို့နောက်ဆုံးအသုတ်ဝင်စွာလို့ယူဆပါရေ။ ရခိုင်ဘုရင်တိ။ ရခိုင်လူမျိုးတိစွာ၊ မွန်ဂိုလွိုက်တိဖြစ်နိန်ကေလေး၊ ရခိုင်ဘုရင်ရို့ဘွဲ့နာမည်တိ၊

မြို့ရွာနာမည်တိကို အိန္ဒိယပါဠိ၊ သက္ကတနာမည်တိနန့်ခေါ်ဝေါ်ကတ်စွာကို ထောက်ဆကေ အာရိယန်ယဉ်ကျေးမှုစွာ ဇာအတိုင်းအတာထိလွှမ်းမိုးခလေးဆိုစွာတွက်ဆလို့ကြည့်နိုင်ပါရေ။ ရခိုင်လူမျိုးတိက ကိုယ်ရို့ဇာတိမြေကို အိန္ဒိယနိုင်ငံ မဂဓတိုင်းလို့ခံယူထားကတ်စွာကို ကြည့်ရှုနိုင်ပါရေ။

ရှီဦးရခိုင်လူမျိုး(ဝါ)အင်ဒိုမွန်ဂိုလွိုက်ရို့ ယင်းအခါကပင် ရခိုင်ပြည်တို့ရောက်နီဗျာယ်ဆိုရေကိစ္စနန့်ပတ်သက်ပနာ ဒေါက်တာသန်းထွန်းက“ရခိုင်ခေတ်ဦးအကြောင်းကိုပြောစွာမာ၊ အဂုစစ်တွေတပိုက်မာ၊ သက္ကတဘာသာနန့်ကျောက်စာရီးဆိုလူတစုဖွာ၊ အေဒီ၅ရာစုကျော်မာ ရောက်နိန်ဗျာယ်လို့ပြောရပါဖို့။ ယင်းလူတိစွာ တိဖက်မြန်မာတိရာဖြစ်ကတ်ဖို့၊ ယင်းပိုင်လို့ဆိုကေ၊ မြန်မာထက်ယင်းလို့နီပေါဖက်က၊ စစ်တကောင်းကိုဖြတ်လာရေလို့ယူဆရပါဖို့လို့(ကိုး–၃။စာ–ကား) ရီးသားထားပါရေ။ အဂုကျွန်တော်ပြောနိန်ရေ၊ ရှီဦးရခိုင်တိဆိုစွာ ယင်းဒေါက်တောသန်းထွန်းပြေရေ တိဗက်မြန်မာဆိုရေ လူတိကိုပြောစွာပါ။

အိန္ဒိယမြီမာနှစ်ပေါင်းအများကြီးနိန်ပနာ အာရိယန်ယသ်ကျေးမှုကို လက်ခံခကေလေး၊ ကိုယ့်ဘာသာ၊ ကိုယ့်စကားကိုထိန်းသိမ်းခရေ မွန်ဂိုလွိုက်တိယို့ရေလို့တင်ပြခပါယာ။ ဟိန္ဒူဇာတ်အတွင်းတို့မဝင်ပဲနန့်၊ မွန်ဂိုလွိုက်မျိုးရိုးကိုစောင့်ရှောက်၊ ကိုယ့်ရင်းမြစ်ဘာသာစကားကို ပျိုးထောင်ပြောကြားပနာ၊ အိန္ဒိယမာ ဟိန္ဒူဗြဟ္မဏဝါဒပြန်ပနာခေါင်းထောင်အားကြီးလာရေ အေဒီ–၃ရာစုနန့်နောက်ပိုင်းမာ၊ ကိုယ်ရို့ဗုဒ္ဓသာသနာကိုစောင့်ရှောက်ပြီးကေ၊ အာသံ၊ စစ်တကောင်းနယ်တိကိုဖြတ်ကျော်ပနာ၊ ရခိုင်ပြည်တို့ဝင်စကတ်တေလူတိ၊ အင်ဒိုမွန်ဂိုလွိုက်တိ၊ ခတ္တိယသာကီဝင်မျိုးတိ၊ ကိရာတတိကို မဂဓတိုင်းသားတိက“ရက္ခတ”လို့ခေါ်ခဲ့ပြီးကေ၊ သူရို့အခြေချနိန်ဆိုရေတိုင်းပြည်ကို“ရက္ခိတပူရ”လို့ခေါ်ဝေါ်ခဲ့ကတ်ခြင်းဖြစ်ပါရေ။ ယင်းပိုင်ရာတွက်ဆလို့ရပါရေ။ လူရို့အသက်တစ်သောင်းတန်းကလို့တမျိုး၊ ဘီစီ–၅၀၀၀မတိုင်ခင်ကလို့တမျိုးဆိုကတ်ကေ ဝါသုဒေဝရို့ခေတ်ကပင် ခေါ်ဝေါ်ခစွာလို့ယူဆကေမှားကတ်ပါဖို့ရာ။ ယင်းရက္ခတဆိုရေစကားက နိန်ပနာ“ရက္ခိုက်”“ရက္ခိုင်”“ရခိုင်”လို့ပြောင်းလဲလာရေလို့ရာတွက်ဆလို့ရပါရေ။

ဆရာမောင်စံဖေါ်က“ရှိုးမခေါ်သံ” စာအုပ်–စာ–၁၁၅/၆မာ“ကျွန်တော်ရို့ရခိုင်ရာဇဝင်မှတ်တမ်းတိမာ ခေတ်အဆက်အစပ်မှန်မှန်ကန်ကန်ရနိုင်စွာက မြတ်စွာဘုရားမပွင့်ခင် နှစ်ပေါင်း–၂၈၀၀လောက်(ဘီစီ–၃၃၀၀)လောက်မရာရနိုင်ပြီးကေ၊ ယင်းမတိုင်ခင်ရှီးပိုင်းမာ ဗုဒ္ဓနိပါတ်တော်တိနန့်ရောပြွမ်းပနာဒဏ္ဍာရီဆန်နိန်ပါရေ။ ယင်းဒဏ္ဍာရီဆန်စွာက ဒွါရာဝတီနန့်ဝေသာလီခေတ်ရို့ဖြစ်ပါရေ။ ဒွါရာဝတီနန့်ဝေသာလီခေတ်မာ မင်းပြုခကတ်တေမင် ၂၃ပါးရို့အကြောင်းတိစွာ ရခိုင်ရာဇဝင်နန့်ခေတ်ဆက်စပ်ယူလို့မရနိုင်ပါ။ ယင်းအတွက်နန့် ဒွါရဝတီ၊ ဝေသာလီခေတ်ရို့အကြောင်းကို အဘုသျှေရို့ဖို့ပုံပြင်တိလို့ သတ်မှတ်ပြီးကေချန်ထားသင့်ရေ”လို့၊ ယင်းပိုင်လို့ရီးသားခဲ့ဖူးပါရေ။ ယေဇာနန့် ရခိုင်အစ ဝါသုဒေဝဆိုပနာရာဇဝင်ကို အခမ္မဆုံးဖြတ်တေအမှားကို မကျူးလွန်မိဖို့ သတိထားဖို့လိုပါရေ။

နောက်တစ်ခုက သံတွဲခရိုင်စါ၁ (ရခိုင်အစမာရယုကလို့ဆိုကေ)သီးခြားဖြစ်လာဖို့စိုးရိမ်ရေအတွက်“ရခိုင်အစ ဝါသုဒေဝဆိုစွာအမှန်ယူရဖို့လို့(ကိုး–၂)ဆိုပါသီးယင့်။ ရခိုင်လူမျိုးစွာတင်ပြခရေအတိုင်း ရခိုင်ပြည်ထဲတို့ဝင်လာရေအချိန်ကစပနာတောင်ပိုင်းထိပျံ့နှံ့ပြီးကေ၊ ဥမကွဲ၊ သိုက်မပျက်တတူနိန်ခကတ်စွာတွိရပါရေ။ ရခိုင်အစမာရယုဟုကလို့ပင်ရီးရီး၊ ရခိုင်အစရိုကြိုင်ကလို့ပင်ရီးရီး၊ ယင်းဆရာရို့က၊ သံတွဲခရိုင်ကိုသီးခြားထားပနာမရီးသားကတ်ပါ။ ရခိုင်ရာဇဝင်အားလုံးမာဝတီလေးရပ်လို့ “ဒွါရာဝတီ”ကိုလေး ထည့်သွင်းခစွာမဟုတ်ပါလား။

မဂဓတိုင်းသားတိက“ရက္ခိတပူရ”လို့ခေါ်ရေပြည်၊ အာနန္ဒစန္ဒြကျောက်စာမြောက်ဘက်မျက်နှာ အေဒီ–၁၀ရာစုထိုးကျောက်စာမာ“အာရက္ခဒေသျှ”လို့ခေါ်ရေပြည်စွာဝတီလေးရပ်လုံးကိုခေါ်စွာဖြစ်ပါရေ။

နိဂုံးအနေနန့်ဆိုပါကေ ရခိုင်အစ ဝါသုဒေဝလို့မဖြစ်သင့်ပါ။ ရခိုင်လူမျိုးအစ၊ အင်ဒိုမွန်ဂိုလွိုက်ကဖြစ်ပြီးကေ၊ ရခိုင်အစ "ရက္ခိတ"ကရာဖြစ်သင့်ရေလို့တင်ပြအပ်ပါရေ။

မောင်ပြုး(သံတွဲ)


| | | |
|---|---|---|
| (၁) | ရခိုင်ရာဇဝင်သစ်ကျမ်း(ပ–အုပ်)(၁၉၉၇) | ရှင်စန္ဒ |
| (၂) | ရခိုင်ညွန့်ဖူး (၅)(၁၉၉၉) | ရခိုင်သားကြီးစာပေ |
| (၃) | ခေတ်ဟောင်းမြန်မာရာဇဝင်(၁၉၆၉) | ဒေါက်တာသန်းထွန်း |
| (၄) | အခြေပြမြန်မာနိုင်ငံရေးသမိုင်း(ပ–တွဲ)(၁၉၈၃) | လမ်းစဉ်ပါတီ |
| (၅) | ကမ္ဘာ့သမိုင်းမှတ်တိုင်များ(ပ–တွဲ)(၁၉၆၄) | လမ်းစဉ်ပါတီ |
| (၆) | အမြင်သစ်ရခိုင်နိဒါန်း(ရခိုင်တန်ဆောင်–၁၉) | မောင်ပြု(သံတွဲ) |
| (၇) | The Story of Indo-Pakistan(Calcutta-1969) | S.F Mahnund |
| (၈) | B.R.S.F.A.P.(No-2) Rangon-1960 | |
| (၉) | A History of Chiltagong (vol-1) (1988) | S.B.Qanungo |


# အာရိယန်လော ပျူလော ရခိုင်လော

**မောင်ပြုး(သံတွဲ)**

မကြာသေးမီက စစ်တွေမြို့တွင် မောင်ဗသိန်းနှင့်ဆုံကြသည်။ သူကမဂ္ဂဇင်းတစ်အုပ်ပေးသည်။ "ဒီမဂ္ဂဇင်းကိုဆရာယူသွားပါ။ ဒီမဂ္ဂဇင်းမှာဆောင်းပါးတစ်ပုဒ်ပါတယ်။ အာရိယန်လော၊ ပျူလောတဲ့။ ဆရာအလေးအနက်ထားစေချင်ပါတယ်။ ဆရာ့သဘောထားကိုလည်း ကျွန်တော်သိချင်ပါတယ်"ဟုလည်း ပြောပါသည်။ မဂ္ဂဇင်းမှာ ၁၉၉၆ခုနှစ်က ဂွမြို့နယ်မှထုတ်ဝေသော "ကမ်းသာယာမဂ္ဂဇင်း"ဖြစ်ပါသည်။ စာအုပ်ကိုယူခဲ့၍ အိမ်တွင်ဖတ်ပါသည်။ "လူချစ်ဖေ"ဟူသောအမည်ဖြင့် "အာရိယန်လော၊ ပျူလော"ဟူ၍ဆောင်းပါးကိုဖတ်ရပါသည်။

လူချစ်ဖေက သူ၏ဆောင်းပါးကိုအမျိုးသားရေးအမြင်ဖြင့်မဟုတ်မူဘဲ သမိုင်းအမြင်ဖြင့်ရေးသားကြောင်းဖြင့် နိဒါန်းပျိုးထားပါသည်။ ဆောင်းပါး၏လိုရင်းအချုပ်မှာ သံတွဲခရိုင်အတွင်း တောင်ဘက်ပိုင်းတွင် ယခုရှိနေကြသောလူများသည် ရခိုင်စကားမပြောဘဲ ဗမာစကားပြောနေကြသည်မှာထူးခြားကြောင်း၊ သံတွဲခရိုင်အတွင်း တောင်ဘက်ခြမ်းမှရရှိသော ပျူကျောက်စာတစ်ချပ်ကိုထောက်ထား၍ ယင်းဒေသမှလူများသည် အစဉ်အဆက်ယူဆလာသကဲ့သို့ အာရိယန်များလော(သို့တည်းမဟုတ်) ပျူလူမျိုးတို့၏အဆက်အနွယ်များလောဟု တွေးဆထားသည်ကို တွေ့ရပါသည်။

လူချစ်ဖေက သံတွဲခရိုင်တောင်ပိုင်းမှလူများသည် အာရိယန်တို့၏အဆက်အနွယ်များလောဟု ယူဆစရာအဖြစ် ဆရာကြီးဦးအောင်သာဦး၏ "ရခိုင်ရှေးဦးလူများကို အင်ဒိုအာရိယန် လူမျိုးဟူ၍လည်းကောင်း၊ အာရိယိုဒြာဗီဒီယံ လူမျိုးဟူ၍လည်းကောင်း အတွေးအမြင်အယူအဆမည်သို့ပင်ကွဲပြားနေစေကာမူ ရှေးခေတ်ရခိုင်ယဉ်ကျေးမှုကို အာရိယန်ယဉ်ကျေးမှုမဟုတ်ဟူ၍ မဆိုနိုင်ချေ"ဟူသောစာပိုဒ်ကို ကောက်နုတ်ပြထားပါသည်။ ယင်းနောက်

"ဆရာကြီး၏အဆိုသည် သံတွဲခရိုင်မြောက်ပိုင်းမှသည် ရခိုင်ပြည်မြောက်ဖျားအထိတွင် နေထိုင်ကြသော ရခိုင်လူမျိုးများအတွက် မှန်နိုင်ဖွယ်ရှိသော်လည်း သံတွဲခရိုင်တောင်ပိုင်းသားတို့အတွက်မူ မှန်ကောင်းမှမှန်ပေမည်"ဟုမှတ်ချက်ချထားပါသည်။

ယင်းနောက် ဦးစိန်မောင်ဦး၏ သရေခေတ္တရာမြို့ဟောင်း ဆောင်းပါးမှ–

"သရေခေတ္တရာနှင့် ရခိုင်တို့အဆက်အသွယ်မကင်းခဲ့ကြောင်းကို သရေခေတ္တရာ၌ တွေ့ရသောအချို့အက္ခရာများသည် ရခိုင်တိုင်းဝေသာလီမြို့ဟောင်းက အက္ခရာများနှင့်ဆင်တူသောအချက်ကလည်းကောင်း၊ သရေ

ခေတ္တရာဒင်္ဂါးများသည် ခရစ်နှစ်(၄)ရာစုကဟုခန့်မှန်းရသောဝေသာလီပြည် စန္ဒြမင်းဆက်ဒင်္ဂါးအချို့နှင့် အခြေခံပုံစံတွင် ဆင်တူသည်ဟူသောအချက်ကလည်းကောင်း ကောင်းစွာထောက်ခံပါသည်။ သရေခေတ္တရာအနီးရှိ ပန်းတောင်း၊ တောင်ကုတ်လမ်းသည် ယခုအခါ ရခိုင်တိုင်းသို့ကူးရာ တောင်ကြားလမ်းဖြစ်သကဲ့သို့ ကုန်းဘောင်ခေတ်တွင်လည်း အလားတူပင်ဖြစ်ပါသည်"ဟူသော စာပိုဒ်ကိုကောက်နုတ်ပြထားပါသည်။

တစ်ဖန် ဦးဘရှင်၏ "ဗိသနိုးမြို့ဟောင်းစာတမ်းမှ ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ဆလုံမလေးနွယ်တို့ မကြီးစိုးမီကာလကသော် အိန္ဒိယသားတို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း(ထိုစဉ်က ဧရာဝတီမြစ်ဝကျွန်းပေါ်သည် ဤမျှ လောက်တောင်ဘက်သို့ရောက်ဦးမည်မဟုတ်ပေ) ဆန်တက်လာက ဖြစ်နိုင်သည်။ သို့မဟုတ် ရခိုင်ဘက်မှယခု ပတိမ်း–ဇဖဲလမ်းအတိုင်း၊ မင်းဘူးလောက်မှတစ်ဆင့်လည်း ဝင်ရောက်နိုင်ကြသည်။ တွေ့ရှိရသောအထောက်အထားတို့သည် အိန္ဒယတောင်ပိုင်းယဉ်ကျေးမှုတို့နှင့်ဆက်စပ်နေသဖြင့် မြောက်ဘက်တကောင်းမှတစ်ဆင့် ဝင်ရောက်လာသူများ(သို့မဟုတ်)အနောက်မြောက်ဘက်ဝင်ရောက်လာသူများဖြစ်သည်ဟု ဆိုနိုင်ရန်အကြောင်းကိုကောက်နုတ်တင်ပြထားပါသည်။

ယင်းနောက် လူချစ်ဖေက သံတွဲမြို့တောင်ဘက်မိုင်(၃၀)အကွာရှိ ပုစွန်ဖြေချောင်းခေါ် စလူချောင်းကမ်းပေါ်မှတွေ့ရသောတုံးတောပျူကျောက်စာအကြောင်း ဖော်ပြကာ ထိုကျောက်စာသည် ရှေးဦးပျူလူမျိုးများရေးထိုးထားခဲ့သည့်ကျောက်စာဖြစ်ကြောင်း၊ သရေခေတ္တရာ၊ ဗိသနိုးဘက်မှ ပျူလူမျိုးတစ်စုသည် ရေကြည်ရာမျက်နုရာရှာဖွေရင်း ဤပုစွန်ဖြေချောင်းများသို့ ရောက်လာခြင်းဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့်သံတွဲခရိုင်တောင်ပိုင်းသားတို့ကို အာရိယန်လား၊ ပျူလားဆိုသည်ကို သုတေသနပြုလုပ်ဖွယ်ကောင်းလှကြောင်း ရေးသားထားပါသည်။ ဆောင်းပါးတစ်ခုလုံးကိုခြုံကြည့်လျှင် လူချစ်ဖေသည် သံတွဲခရိုင်အတွင်း တောင်ပိုင်းတွင်နေထိုင်ကြသူများကို ပျူလူမျိုး၏အဆက်အနွယ်များဖြစ်သည်ဟူသောအယူအဆဘက်သို့ အလေးသာနေသည်ကိုတွေ့ရပါသည်။

သည်တော့မှမောင်ဗသိန်းက ဤဆောင်းပါးကို အဘယ်ကြောင့်အလေးအနက်ထား၍ဖတ်စေသည်ကို သဘောပေါက်မိသည့်အပြင် စာရေးသူအားတာဝန်တစ်ရပ်အပ်နှင်းသည်ဟုလည်းခံစားရပါသည်။ သို့သော်စာရေးသူသည် လူချစ်ဖေကဲ့သို့ သမိုင်းဘာသာဖြင့် ပညာသင်ခဲ့သူမဟုတ်ဘဲ ဒဿနိကဗေဒဖြင့်သာ ပညာသင်ခဲ့သူဖြစ်၍ သမိုင်းရေးရာတွင် လူချစ်ဖေကဲ့သို့နှံ့စပ်ကောင်းမှ နှံ့စပ်မည်ဖြစ်သော်လည်း လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကိုလေ့လာ၍ ခေတ်ဦးရခိုင်သမိုင်းဆိုင်ရာ သုတေသနဆောင်းပါးများရေးသားနေသူဖြစ်သဖြင့် လူချစ်ဖေ၏ အာရိယန်လော၊ ပျူလောဟူသည့် ပြဿနာကိုတွေးတောရာမှ ဤဆောင်းပါးကိုရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ကျောက်ခေတ်လူသားတို့၏အထောက်အထားများကိုတွေ့ရှိရပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်၌ ကျောက်ခေတ်သစ်ယဉ်ကျေးမှုထွန်းကားချိန်ကိုဒေါက်တာဘာနာဂျီက ဘီစီ ၂၀၀၀ပတ်ဝန်းကျင်ဟုလည်းကောင်း၊ ဒေါက်တာကနန်ဂိုက ဘီစီ၁၀၀၀မတိုင်မီအချိန်ကဟုလည်းကောင်း ယူဆကြပါသည်။ ရခိုင်ပြည်နယ်နိမိတ်အတွင်း၌တွေ့ရှိရသောကျောက်ခေတ်ယဉ်ကျေးမှုအထောက်အထားများမှာစစ်တကောင်း၊ အာသံ၊ မဏိပူရတို့တွင် တွေ့ရှိရသောအထောက်အထားများနှင့်တူညီသည်။ ဤဒေသများသည်တစ်မြေတည်းဆက်စပ်နေ၍ တစ်ချိန်တည်းတွင် ထွန်းကားခဲ့သည်ဟုလည်းဆိုကြပါသည်။ မြန်မာနိုင်ငံတွင်ကျောက်ခေတ်ယဉ်ကျေးမှုအထောက်အထားများကို မြောက်ဘက်ကချင်တောင်တန်းမှ တောင်ဘက်မြိတ်အထိလည်းကောင်း၊ အရှေ့ဘက်ရှမ်းပြည်နယ်မှအနောက်ဘက်သံတွဲထိလည်းကောင်း တွေ့ရှိထားရပါသည်။

သမိုင်းပညာရှင်များတညီတညွတ်တည်းပြောဆိုကြသည်မှာ သမိုင်းမတင်မီခေတ်က ရခိုင်ဒေသ၏ကျောက်ခေတ်သစ်တွင် ဩစတြစ်မျိုးရိုးမှ ဩစတြေးနီးရှင်းများနေထိုင်သွားကြသည်ဟူ၍ ဖြစ်ပါသည်။ ဘီစီ ၁၅၀၀ခန့်က ဟန်လူမျိုးများ၏တိုက်ခိုက်မှုကြောင့် မွန်ဂိုလွိုက်တို့သည် အာရှတောင်ပိုင်းသို့ ဆုတ်ခွာခဲ့ကြရပါသည်။ တရုတ်ပြည်မြစ်ဝါမြစ်၏မြစ်ဖျားခံရာတွင် နေထိုင်ခဲ့ကြပါသည်။ ဘီစီ ၁၀၀၀ခန့်ချင် မင်းဆက်လက်ထက်၌ တရုတ်တို့လာရောက်တိုက်ခိုက်ကြပြန်သဖြင့် တောင်ဘက်သို့ရွှေ့ပြောင်းခဲ့ကြပြန်သည်။ ဤသို့ဖြင့်ခရစ်နှစ်မဆန်းမီကာလတွင်ပင် မွန်ဂိုလွိုက်တို့သည် တိဘက်အရှေ့ပိုင်းသံလွင်နှင့်မဲခေါင်မြစ်ဖျားဒေသ(အရှေ့လောင်ဂျီကျူ

၉၅ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၃၂ဒီဂရီဆုံရာဝန်းကျင်)သို့ရောက်ရှိလာပါသည်။ သမိုင်းမှတ်တမ်းမှတ်ရာများနှင့် သုတေသီတို့ရေးသားချက်များကို ခြုံငုံသုံးသပ်ကြည့်သောအခါ ထိုဒေသတွင် မွန်ဂိုလွိုက်တို့ကြာကြာမနေခဲ့ကြဟု တွေ့ရပါသည်။ မွန်ဂိုလွိုက်တို့သည် ဘီစီ၅ရာစုမတိုင်မီကပင် ထိုနေရာမှ လူမျိုးအလိုက်အုပ်စုကွဲသွားဟန်ရှိပါသည်။ ဒေါက်တာသန်းထွန်းက "ယခုစစ်တွေတစ်ဝိုက်၌ သက္ကတဘာသာကျောက်စာရေးထိုးသူ တစ်စုသည် အေဒီ(၅)ရာစုကျော်က ရောက်ရှိနေကြောင်းကိုပြောပါသည်။ အကယ်၍ထိုသူများသည် တိဘက်မြန်မာအနွယ်ဝင်များဖြစ်ကြလျှင် မြန်မာထက်မြန်မာနိုင်ငံအတွင်းသို့စော၍လာသည်။ နီပေါဘက်မှစစ်တကောင်းကိုဖြတ်၍လာသည်ဟု တွေးဆဖွယ်ရှိနေပါသည်"ဟုရေးပါသည်။ ဒေါက်တာသန်းထွန်းအလိုအားဖြင့် အေဒီ(၅) ရာစုမတိုင်မီက မွန်ဂိုလွိုက်တို့ ရခိုင်ပြည်သို့ ရောက်ရှိနေပြီဟု ယူဆရပါသည်။

ဘီစီ(၆)ရာစုနှင့်ယင်းမတိုင်မီကပင် မွန်ဂိုလွိုက်အုပ်စုကြီးမှခွဲထွက်သွားသောသူများမှာ တိဘက်။ ဟိမဝန္တာ၊ မိရှမိခေါ်မြောက်အာသံ၊ ချင်း၊ သက်။ မြန်မာအနွယ်မှစနေ၊ ရခိုင်၊ ထားဝယ်၊ တောင်ရိုးနှင့်မြိုလူမျိုးစုတို့ဖြစ်သည်ဟု ယူဆကြပါသည်။ ထိုနေရာတွင် ကျန်နေခဲ့သူများမှာ နဂါး၊ ကချင်။ လောင်းဝေါးလရှိ၊ အတ်မီ၊ ဗမာ၊မွန်နှင့် လိုလိုအစုဝင်လူမျိုးများဖြစ်သည်ဟု ဒေါက်တာသန်းထွန်းကရေးသည်။ အေဒီ၇၁၃ခုတွင် သံလွင်နှင့်မဲခေါင်မြစ်များအကြားဒေသကို နန်ကျောင်မင်းရှန်လောဖိတိုက်ခိုက်သည့်အခါ ထိုနေရာတွင် ရခိုင်နှင့် အတူခွဲထွက်ခဲ့သည့် လူမျိုးများမရှိတော့ပါ၊ (၈)ရာစုအတွင်းကော်လောဖန် မြန်မာနိုင်ငံမြောက်ဖျားဒေသကို စစ်ပွဲအကြိမ်ကြိမ်ဆင်နွှဲသောအခါ မြန်မာအနွယ်မှ ကျန်နေခဲ့သော လူမျိုးစုများနှင့်လိုလိုစုမှ လူမျိုးစုများသည် သံလွင်နှင့်မဲခေါင်မြစ်အတိုင်းအရှေ့တောင်ဘက်ယူနန်နယ်ယုန်ဂ်ချန်ပတ်ဝန်းကျင်ဒေသသို့ဆင်းခဲ့ကြပါသည်။ မွန်ဂိုလွိုက်အုပ်စုကြီးမှ ဘီစီ(၆)ရာစုဝန်းကျင်က ခွဲထွက်ခဲ့သော၊ ကူကိချင်းနှင့်မြိုလူမျိုးအုပ်စုကြီးမှာ ဟူးကောင်းချိုင့်ဝှမ်းမှမြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ပြီး၊ နာဂတောင်တန်းတစ်လျှောက် နေထိုင်ခဲ့ကြကာ၊ ယင်းတို့နောက်မှအလုံးအရင်းနှင့်ဝင်ရောက်လာသောသက်လူမျိုးများ၏ အန္တရာယ်ကြောင့်အထူးသဖြင့် ချင်းများမှာ ချင်းတောင်တန်းနှင့်ရခိုင်ရိုးမကို စုန်၍တောင်ပိုင်းထိဆင်းလာခဲ့ကြပါသည်။ သက်တို့မှာ မြန်မာပြည်အလယ်ပိုင်းထိဆင်း၍ နေရာယူခဲ့ကြပါသည်။ မြန်မာလူမျိုးနွယ်မှမူလကပင် ခွဲထွက်လာသူများအနက်၊ စနေနှင့်တောင်ရိုးတို့မှာ မြန်မာနိုင်ငံမြောက်ဖျားမှဝင်ရောက်ခဲ့ကြပါသည်။ ရခိုင်တို့သည် ဗြဟ္မပုတ္တာရမြစ်ကြောင်းအတိုင်း အိန္ဒိယအရှေ့ဖျားဒေသသို့ဆင်းခဲ့ပြီး ခရစ်နှစ်ဆန်းစတွင် အိန္ဒိယအရှေ့ပိုင်း၊ ဘီဟာနှင့် ဘင်္ဂလားနယ်တွင် နှစ်ပေါင်းများစွာအခြေချနေထိုင်ခဲ့ကြပါသည်။

အေဒီ၇၉၄တွင်ယိမိုယုန်က မြန်မာများကို ဖိနှိပ်သည့်အခါ ယုန်ဂ်ချိန်ဒေသရှိ မြန်မာလူမျိုးနွယ်အုပ်စုများ၊ မြန်မာနိုင်ငံတွင်းသို့ ရှမ်းပြည်မြောက်ပိုင်းမှဝင်ခဲ့ကြပါသည်။ အေဒီ၉ရာစုအစပိုင်းတွင် နန်ကျောင်တို့ပျူမြို့တော်နှင့်မိချဲန်(ပဲခူးဟုဒေါက်တာလုစ်က ယူဆသည်) ကိုတိုက်ခိုက်သည့်အခါလည်း မြန်မာတို့နန်ကျောင်တပ်ဦးတွင်ပါဝင်သည်ဟု ပညာရှင်များယူဆကြပါသည်။ မြန်မာတို့ဝင်ရောက်လာသောအခါ မြန်မာပြည်အလယ်ပိုင်းမှ သက်လူမျိုးတို့တောင်ဘက်နှင့်အနောက်ဘက်ရခိုင်မြောက်ဖျားသို့ ပျံ့နှံ့သွားကြပါသည်။

ဘင်္ဂလားနှင့် ဘီယာနယ်တွင် ရောက်ရှိခဲ့ကြသော မွန်ဂိုလွိုက်အုပ်စုမှရခိုင်အနွယ်ဝင်တို့သည်အာရိယန်တို့နှင့် နှစ်ပေါင်းများစွာ သွေးနှောခဲ့ကြပြီး အေဒီ(၆)ရာစုခန့်မှ (၁၀)ရာစုအတွင်းရခိုင်ပြည်သို့တစ်သုတ်ပြီးတစ်သုတ်ဝင်ရောက်ခဲ့ကြပါသည်။ အာရိယန်တို့သည် ရခိုင်တို့မရောက်မီကပင် ရခိုင်ပြည်အတွင်းသို့ စောစီးစွာကပင် ဝင်ရောက်နေခဲ့ကြသည်ဟုလည်း အချို့ပညာရှင်များက ဝေသာလီခေတ်ရုပ်ဝတ္ထုအထောက်အထားဖြင့်ဆိုပါသည်။

ဒေါက်တာသန်းထွန်းက ခရစ်နှစ်ဆန်းစတွင် မွန်တို့သည် မုတ္တမကွေ့မြစ်ဝကျွန်းပေါ်ဒေသနှင့် ကျောက်ဆည်နယ်ထိနေရာယူသည်ဟုဆိုပါသည်။ ဒေါက်တာက နန်ဂိုကမူ မွန်တို့သည်ရခိုင်ပြည်။ မြန်မာပြည်တို့တွင် အစောဆုံးနေထိုင်သူများတွင် ပါဝင်သည်ဟုဆိုသည်။ ဆက်၍မွန်တို့သည် ခမာတို့၏ရန်ကြောင့် မြန်မာနိုင်ငံအနောက်တောင်ဘက်ပင်လယ်ကမ်းခြေထိပျံ့နှံ့နေထိုင်ခဲ့ကြောင်းလည်း ဆိုပါသည်။ဤအယူအဆနှစ်ရပ်ကို သုံးသပ်လျှင် မွန်တို့သည် မော်တင်စွန်းဒေသမှ ရခိုင်ပြည်တောင်ဘက်ဒေသအတွင်းပိုင်းထိ နေထိုင်ခဲ့ကြမည်ဟု ခန့်မှန်းရပါသည်။ အေဒီ(၃)ရာစုမှ (၅)ရာစုအတွင်း ပျူတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ဝင်ရောက်၍ မြို့ပြ

နိုင်ငံများထူထောင်ကြပါသည်။ ဘင်္ဂလား၊ ဘီဟာနယ်တွင်နေထိုင်ကြသောမွန်ဂိုလွိုက် ရခိုင်တို့သည် အာရိယန်ယဉ်ကျေးမှု၊ ပဂုတ္တအက္ခရာ၊ သက္ကတစာပေအရေးအသားတို့ကိုယူဆောင်ပြီး စစ်တကောင်းဒေသကိုဖြတ်၍ ရခိုင်ပြည်တွင်းသို့ဝင်ရောက်လာကာ အေဒီ(၄)ရာစုတွင် ဝေသာလီမြို့တော်ကိုတည်ဆောက်ကြပါသည်။ ပျူများမြန်မာနိုင်ငံမြေပြန့်သို့ဆင်းလာသည့်အခါ ကျောက်ဆည်နယ်နှင့်မြစ်ဝကျွန်းပေါ်မှမွန်များသည် မုတ္တမကွေ့ဘက်သို့ပြောင်းရွှေ့သွားကြပါသည်။ ရခိုင်တို့ရခိုင်ပြည်တောင်ပိုင်းသို့ဆင်းလာသည့်အခါ ရခိုင်ပြည်တောင်ဘက်အဖျားနှင့် မော်တင်စွန်းဒေသများမှ မွန်တို့မြစ်ဝကျွန်းပေါ်ဒေသဘက်သို့ပြောင်းရွှေ့သွားကြသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် မွန်တို့ကိုနေရာကျဲကျဲတွေ့လာရခြင်းဖြစ်ပါသည်။

မွန်တို့မြန်မာနိုင်ငံသို့ဝင်ရောက်လာပုံနှင့်ပတ်သက်၍ ဒေါက်တာလုစ်က အရှေ့ဘက်မှဝင်လာသည်ဟုလည်းကောင်း၊ ဒေါက်တာချတ္တာဂျီက အနောက်ဘက်အိန္ဒိယမှဝင်လာသည်ဟုလည်းကောင်းပြောကြသည်။ မွန်၊ ခမာဟူ၍ဘာသာစကားနီးစပ်၍ တွဲဆိုနေရသော်လည်း၊ လူမျိုးအရမနီးစပ်ဟု ဒေါက်တာသန်းထွန်းကရေးပါ သည်။ မြန်မာနိုင်ငံ၏အရှေ့ဘက်နိုင်ငံများတွင် မွန်တို့ကဲ့သို့အိန္ဒိယတွင်မုဏ္ဍာနှင့်ခါစီတို့ ဩစတြစ်ဘာသာစကားပြောသည်။ မြန်မာနိုင်ငံတွင် ပလောင်။ ရိအန်နှင့်ဝတိုပ်ဩစတြစ်ဘာသာစကားပြောကြသည်။ မြန်မာနိုင်ငံ၌တွေ့ရသောရှေးမွန်သားချော၊တေးသုံးပုဒ်တွင် မွန်တို့ကမိမိတို့၏မူရင်းဒေသကိုအိန္ဒိယအရှေ့ဘက်ကမ်းရိုးဖြစ် သောကာရာမန်ဒေးလ်ဒေသဖြစ်ကြောင်း ပါရှိရာ ဒေါက်တာချတ္တာဂျီ၏အယူအဆကိုထောက်ခံနေပါသည်။ အကယ်၍မွန်တို့သည် အိန္ဒိယမှဝင်ရောက်ခဲ့ရိုးမှန်လျှင် ရခိုင်ဒေသကိုဖြတ်သန်းခဲ့ကြမည်ဖြစ်ပြီး ပျူ၊ ခမာ၊ မြန်မာတို့နှင့်ယဉ်ကျေးမှုရောယှက်သွားသည်ဟု ယူဆရပါသည်။

အေဒီ(၇)ရာစုအစပိုင်းတွင် သံတွဲခရိုင်၌ ဧကဝဏ္ဏာဘာသာစကားပြောသောမွန်ဂိုလွိုက်(ရခိုင်)တို့ရှိနေပြီဟူသောအထောက်အထားရှိသည်။ အေဒီ(၇)ရာစုအစပိုင်းတွင် ရေးထိုးခဲ့သည့် ငလုံးမော်ကျောက်စာတွင် ‘မဲကာ’ ဟူသောလူ၏အမည်ကိုတွေ့ရပါသည်။အသံတစ်သံကို စာတစ်လုံးတည်းဖြင့် ရေးသားရန်ကြိုးစားပြီး ‘မဤကာ’ ဟုရေးသားထားပါသည်။ ‘မဲကာ’ဟူသောအမည်ကို ရခိုင်လူမျိုးထဲတွင် များစွာတွေ့ရပြီး ရခိုင်ဘာသာစကားကိုစာဖြင့်ရေးသားရန် ကြိုးစားနေကြပြီဟု ဆရာရွှေမင်းက တင်ပြခဲ့ဖူးသည်။

သံတွဲခရိုင်အတွင်းမြောက်ဘက်ခြမ်းမှ ငလုံးမော်ကျောက်စာ၊ လူမူးချောင်းကျောက်စာ၊ ပြည့်ဝကျောက်စာစသည်ဖြင့် ဝေသာလီခေတ်သုံးဂုပ္ပတအက္ခရာဖြင့် ပါဠိ၊ သက္ကတကျောက်စာများတွေ့ရသော်လည်း သံတွဲမြို့၏တောင်ဘက်တွင် ပုဇွန်ဖြေချောင်းအနီး တုံးတောရွာတွင် ပျူအက္ခရာ၊ ပျူဘာသာဖြင့် ကျောက်စာတစ်ခုသာတွေ့ရပါသည်။ ဤကျောက်စာကိုမြန်မာနိုင်ငံကမ္ပည်းကျောက်စာဌာန ရခိုင်ကျောက်စာများတွင် အမှတ်(၅၁၇)ဖြင့်မှတ်တမ်းတင်ရှိပါသည်။ ဤကျောက်စာကိုအေဒီ(၇)ရာစု ပထမပိုင်းဟုပညာရှင်များက သတ်မှတ်ပါသည်။ ကျောက်စာတွင် ဗုဒ္ဓဆင်းတုတော်သွန်းလုပ်လှူဒါန်းကြောင်းရေးထိုးထားသည်ဟုသိရပါသည်။

အေဒီ၆ရာစုအချိန်သည် ရခိုင်ပြည်တွင် ဝေသာလီခေတ်ဖြစ်၍ ရိုမတစ်ဖက်တွင် သရေခေတ္တရာခေတ်ဖြစ်ပါသည်။ သရေခေတ္တရာနှင့်ဝေသာလီသည်စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုအဆက်အသွယ်များရှိခဲ့ပါသည်။ ပျူတို့သည် အိန္ဒိ့အရှေ့ဘက်ကမ်းခြေဒေသများနှင့်ဆက်သွယ်ရာတွင် ရခိုင်ကမ်းခြေကို ကြားစခန်းအဖြစ်အသုံးပြုခဲ့သည်ဟု ဒေါက်တာလုစ်ကဆိုသည်။ အိန္ဒိယ၊ အာသံ၊ စစ်တကောင်း၊ ရခိုင်၊သရေခေတ္တရာ ယူနန်ဒေသများတွင် သာသနာပြုများ၊ ကုန်သည်များမပြတ်ကူးသန်းသွားလာနေသည်ဟု ပင်မလာဂတ္တမင်ကဆိုပါသည်။ ဤသို့ဖြင့် ရခိုင်နှင့်ပျူလူမျိုးများနီးကပ်စွာ ဆက်ဆံနေ၍လည်းကောင်း၊ သံတွဲခရိုင်အတွင်း ပျူ၊ ကျောက်စာတစ်ချပ်တွေ့ရှိမှုဖြင့်လည်းကောင်း၊ သရေခေတ္တရာမှ ပျူလူမျိုးစုသည်ရေကြည်ရာမြက်နုရာကို ရှာဖွေရင်းသံတွဲခရိုင်တောင်ပိုင်းခြမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု မယူဆနိုင်ပေ။

အေဒီ(၆)ရာစု(၇)ရာစုအချိန်သည် သရေခေတ္တရာပျူတို့ ကြွယ်ဝချိန်အထွတ်အထိပ်သို့ရောက်ချိန်ဖြစ်ပါသည်။ သရေခေတ္တရာပတ်ဝန်းကျင်ဒေသသည် ပျူတို့အတွက် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ စသည်ဖြင့် အဖက်ဖက်မှပြည့်စုံလုံလောက်သောနယ်မြေဖြစ်ပါသည်။ ရိုးမတောင်တန်းနှင့် ပင်လယ်ကမ်းကြားရှိကျဉ်းမြောင်းသော သံတွဲခရိုင်တောင်ပိုင်းနှင့်ယှဉ်ကြည့်ပါလျှင် သရေခေတ္တရာဝန်းကျင်က ပို၍ရေကြည်သည်။

ပို၍မြက်နုသည်ဟုဆိုရပါမည်။ တောင်ကုတ်လမ်းကိုအကြောင်းပြု၍ ပျူတို့သည်အိန္ဒိယအရှေ့ဘက်ကမ်းဒေသနှင့် ဆက်သွယ်ရာတွင် သံတွဲနယ်မြေကိုကြားစခန်းအဖြစ် အသုံးပြုခဲ့မည်ဖြစ်သော်လည်း လူမျိုးစုတစ်စုဆင်းသက် ပြန့်ပွားလာစေနိုင်လောက်အောင်ပျူတို့သည် ရေကြည်ရာ၊ မြက်နုရာရှာဖွေရင်း အစုလိုက်အပြုံလိုက်ပြောင်းရွှေ့ လာကြမည်ဆိုခြင်းမှာ မတွေးဆအပ်သောကိစ္စသာဖြစ်ပါသည်။

တုံးတောပျူကျောက်စာသည် ပျူရဟန်းများခေတ္တတည်းခိုစဉ် ဆင်းတုတော်လှူဒါန်းရေးထိုးခဲ့သော ကျောက်စာသာဖြစ်တန်ရာပါသည်။ ဗုဒ္ဓဂါယာမဟာဗောဓိတွင် ဘုရင်မင်းထီးရခိုင်ကျောက်စာရေးထိုးခဲ့ရုံမျှဖြင့် ရခိုင်တို့ယင်းဒေသသို့အစုလိုက်အပြုံလိုက်ပြောင်းရွှေ့ကာ ရခိုင်အဆက်အနွယ်များဆင်းသက်လာခဲ့သည်ဟု မဆို နိုင်သကဲ့သို့ဖြစ်ပါသည်။

ပျူအက္ခရာ၊ ပါဠိဘာသာဖြင့် ရေးထိုးထားသောကျောက်စာတစ်ချပ်ကိုလည်း ရခိုင်ပြည်မြောက်ပိုင်းတွင် တွေ့ရှိထားပါသည်။ သရေခေတ္တရာမှပါဠိဘာသာကျောက်စာနှင့် တစ်ထေရာတည်းတူညီပါသည်။ သီဟနာ ဒသုတ်တော်မှအစိတ်အပိုင်းအချို့ကိုရေးထိုးထားသည်ဟု သိရပါသည်။ ပျူနှင့် ရခိုင်တို့သည် အလွန်ရင်းနှီးစွာ ဆက်ဆံခဲ့ကြရာ ပျူစာတတ်ကျွမ်းသော ရခိုင်များရှိသကဲ့သို့ ရခိုင်စာအရေးအသားတတ်ကျွမ်းသောပျူများရှိ ပါမည်။

အထောက်အထားများအရမူ ဇေဝဏ္ဏဘာသာစကားပြော၍၊ အာရိယန်ယဉ်ကျေးမှုလွှမ်းမိုးခံခဲ့ရသော ရခိုင် တို့သည် အေဒီ(၇)ရာစုတွင် သံတွဲခရိုင်ထိပျံ့နှံ့နေပါပြီ။ ရခိုင်တို့သည် သံတွဲခရိုင်ထိဆင်းသက်၍ ယင်းအချိန် ကပင် နေခဲ့ကြသည်ကို သုတေသီတို့မငြင်းဆိုကြသကဲ့သို့ ပျူလူမျိုးများရခိုင်ပြည်သို့ အစုလိုက်အပြုံလိုက်ဝင် ရောက်နေထိုင်ခဲ့ဖူးသည်လည်း သုတေသီတို့မဆိုခဲ့ကြပါ။ မြန်မာနိုင်ငံ၏အနောက်တောင်ပင်လယ်အငူဒေသဖြစ် သည့် ရခိုင်ပြည်တောင်ဘက်စွန်းတွင် နေထိုင်ခဲ့ကြသည်ဟု ယူဆရသောမွန်တို့မှာ မြောက်ပိုင်းမှရခိုင်တို့ဆင်း လာသည့်အခါ မြစ်ဝကျွန်းပေါ်ဒေသသို့ ပြန့်ကြဲသွားဟန်ရှိပါသည်။ ဤအချက်ကို တွေးဆရာတွင်လည်း နောင် အခါတွင် မြစ်ဝကျွန်းပေါ်ဒေသ၌မွန်တို့ကိုနေရာကျဲကျဲတွေ့ရှိရခြင်းနှင့်သမိုင်းသုတေသီတို့၏အဆိုအမိန့်များကို စုစည်း၍ယူဆခြင်းဖြစ်ပါသည်။ အခြားတစ်ဖက်မှဆိုလျှင် အချို့ကဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ခေါင်းလောင်းပုံရှိသောကြောင့် ယခုတွေ့ရသည့်ကုန်းမြေနမရှိသေးဟုဆိုကြသော်လည်း ဘူမိဗေဒပညာရှင်များက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ယနေ့မှစ၍ရေတွက်သော် အနည်းဆုံးနှစ်ပေါင်းသုံးသိန်းကျော်ရှိပြီဆိုသဖြင့် ရခိုင်ပြည်တောင်ဘက်စွန်းဒေသသို့မွန်တို့ရောက်ရှိဖူးခဲ့မည်မှာ သေချာသကဲ့သို့ ယင်းဒေသမှမွန်များ၊ မြစ်ဝကျွန်း ပေါ်ဒေသနှင့် မုတ္တမကွေ့ဘက်သို့ပြောင်းရွှေ့ခဲ့ကြသည့်ဆိုခြင်းမှာ မှန်ကန်ပေသည်။

ရာဇဝင်အရ ပျူ၊ မွန်၊ဗမာတို့သည် 'ရခိုင်ပြည်ကိုအကြိမ်ကြိမ်တိုက်ခိုက်ခဲ့ကြသည်။ သို့သော်ပျူလူမျိုးများ အစုလိုက်အပြုံလိုက်ကျန်နေခဲ့ကြသည့်အထောက်အထားမရှိပါ။ ပျူတို့သည် အေဒီ(၈)ရာစုတွင် ကရင်တို့၏ ရန်ကြောင့် နိုင်ငံရေးစတင်ဆုတ်ယုတ်လာပါသည်။ အေဒီ(၈၃၂)တွင် နန်ကျောင်တို့ ပျူမြို့တော်ကိုဖျက်ဆီး၍ ပျူအများအပြားကို သုံ့ပန်းအဖြစ်ဖမ်းဆီးသွား၍လည်းကောင်း။ အေဒီ(၁၀)ရာစုတွင် ဗမာများဝင်ရောက်လာ ပြီး ဗမာများလွှမ်းမိုးသွား၍လည်းကောင်း ပျူလူမျိုးများတစ်စတစ်စ တိမ်ကောခဲ့ရပါသည်။ ကျန်စစ်သားမင်း၏ နန်းတော်ကျောက်စာ အေဒီ-၁၁၁၂က မြစေတီကျောက်စာ၊ တရုတ်တို့ပုဂံကိုတိုက်ခိုက်သော မှတ်တမ်းများတွင် ပျူစာများပါရှိပါသည်။ ပျူလူမျိုးတိမ်ကောလာမှုကို ဆန်းစစ်လျှင် အေဒီ(၁၄၄၂)ခု စစ်ကိုင်းထူပါရုံကျောက်စာ၊ အေဒီ(၁၅၁၀)ခုက၊ ရွှေနန်းကြော့ရှင် နရပတိ၏ နန်းတည်ကျောက်စာတို့တွင် ပျူဟူသောအမည်ပါရှိနေသေး သဖြင့် အေဒီ(၁၆)ရာစုတိုင် ပျူလူမျိုးများရှိနေသေးကြောင်း သိရသည်။

အေဒီ (၁၄၄၂)ခုနှစ်က နရပတိ၏စစ်ကိုင်းထူပါရုံကျောက်စာတွင် အင်းဝဘုရင်နရပတိမင်း၏ ဘိသိက်ခံပွဲ အခမ်းအနားသို့ သက်၊ မြို့၊ ချင်းတို့ကိုအုပ်စိုးရသော ရခိုင်မင်းလည်း တက်ရောက်ကြောင်းပါရှိသည်။ အေဒီ (၁၄၄၂)ကာလသည် ရခိုင်ပြည်တွင် နရနု(၁၄၃၃-၁၄၅၉)အုပ်စိုးချိန်ဖြစ်ပါသည်။ နရနုသည် မြောက်ဦးတွင်နန်း မစံမီက သံတွဲတွင်နန်းစံခဲ့ဖူးပါသည်။ ရခိုင်ပြည်သည် မော်တင်စွန်းအထိကျယ်ဝန်းခဲ့သည်၊ မော်တင်စွန်းအထိ ရခိုင်မင်းအုပ်ချုပ်သည်။ နရနုသည်မြောက်ဦးတွင် နန်းစံစဉ်အေဒီ (၁၄၃၇)တွင် သံတွဲကို တိုက်ခိုက်ရပြန်သည်။

အကယ်၍ သံတွဲခရိုင်တောင်ဘက်ခြမ်းဒေသတွင် ပျူလူမျိုးများသာ ထိုစဉ်ကရှိနေခဲ့မည်ဆိုပါလျှင် ထူပါရုံကျောက်စာ၌ ရခိုင်မင်းအုပ်စိုးရသော လူမျိုးများကို ဖော်ပြရာတွင် သက်၊မြို၊ ချင်းတို့နှင့် ပျူလူမျိုးတို့၏အမည်များကိုလည်း ရေးထိုးခဲ့ပါမည်။ ကျောက်စာအရ ရခိုင်မင်းအုပ်ချုပ်မှုအောက်တွင် ပျူလူမျိုးဟုမပါရှိသဖြင့် ထိုစဉ်ကပင် သံတွဲခရိုင်အပါအဝင် ရခိုင်ပြည်တွင် ပျူလူမျိုးများမရှိကြောင်းထင်ရှားပါသည်။

အေဒီ(၇၆၃)တွင် ကော်လော်ပန်သည် မြန်မာနိုင်ငံမြောက်ဖျားဒေသသို့ စစ်ပွဲဆင်နွှဲသောအခါ ဧရာဝတီမြစ်ညာပိုင်းမှ လူမျိုးစုတစ်စုသည် ရခိုင်သို့ကူးခဲ့သည်ဟု ဦးရည်စိန်ကသေသေချာချာရေးဖူးသည်။ သူတို့မှာ ယင်းဒေသတွင်း ကြွင်းကျန်နေခဲ့သည့် သက်လူမျိုးများဖြစ်စရာရှိသည်။ မြိုလူမျိုးများနှင့် တောင်ပိုင်းချင်းတို့မှာ ရခိုင်ရိုးမကိုစုန်၍ဆင်းသက်နေချိန်ဖြစ်ပါသည်။ မြိုလူမျိုးများသည် ရှေးကျသောရခိုင်ဘာသာစကားကိုပြောကြားသည်ဟု ရောဘတ်ရှက်ဖာက ရေးဖူးသည်။ သက်၊ မြို၊ ချင်း၊ ရခိုင်တို့သည် ရခိုင်ပြည်သို့မရှေးမနှောင်းဆင့်၍ ဝင်ရောက်ခဲကြကြောင်း ပင်မလာဂတ္တမင်က ရေးသားခဲ့သည်။

ရခိုင်ပြည်တောင်ပိုင်းနယ်မြေသည် (အထူးသဖြင့် သံတွဲခရိုင်တောင်ပိုင်း) ရိုးမတောင်တန်းနှင့် ပင်လယ်ပြင်အကြား၌ကျဉ်းမြောင်း၍မြေပြန့်လွင်ပြင်အလွန်နည်းပါးပါသည်။ ထို့ကြောင့် ရခိုင်ပြည်တောင်ပိုင်းသို့ ဆင်းသက်လာသောရခိုင်များနှင့် ချင်းလူမျိုးများသည် အလွန်နီးကပ်စွာ ဆက်ဆံခဲ့ရကား၊ ကာလကြာရှည်သွေးနှောခဲ့ဟန်ရှိပါသည်။ ချင်းလူမျိုးများကို နေရာလိုက်၍ သုံးမျိုးခွဲပါသည်။ မြောက်ပိုင်းချင်းများတွင် သဒေါ၊ စိယိန်၊ သောက်ကတဲ၊ ကမ်တောင်နှင့် ဟိုးအမျိုးတို့ ပါဝင်ပြီးအထက်ချင်းတွင်းအရပ်တွင် နေကြပါသည်။ အလယ်ပိုင်းချင်းသည် တီးတိန်၊ဖလမ်း၊ ကန်ပက်လက်နယ်များတွင်နေကြပြီး၊ လဲနှင့် လူရှေအမျိုးပါဝင်ကြပါသည်။ တောင်ပိုင်းချင်းကား ရခိုင်ပြည်အနှံ့နေ၍ကျော်၊ အနုနှင့် တောင်းဆိုးအမျိုးတို့ပါဝင်သည်။ ချင်းနှင့်ရခိုင်တို့သည် သံတွဲခရိုင်အတွင်းသို့ မရောက်မီကပင် သွေးနှောနိုင်ပါသည်။ ရခိုင်တို့နှင့် သွေးနှောခဲ့သည့်ချင်းများမှာ တောင်ပိုင်းချင်းများဖြစ်ကြပြီး ဤသို့သွေးနှောမှုသည် အေဒီ(၁၀)ရာစုခန့်မှစ၍ စတင်ခဲ့မည်ဟုယူဆရပါသည်။

ဗမာများ မြန်မာနိုင်ငံအလယ်ပိုင်းကိုဆင်း၍ အင်အားတောင့်တင်းသောလက်နက်နိုင်ငံထူထောင်ပြီး၊ ပျူ၊ မွန်အပါအဝင် မြန်မာအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အောက်ပိုင်းကိုအပြီးအပိုင် သိမ်းယူသည်မှာ အေဒီ (၁၂၂၈)ခုတွင်မှဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် အေဒီ(၁၁)ရာစု အနုရုဒ္ဓါမင်းလက်ထက်ကပင် ဗမာလက်အောက်သို့ကျသည်။ မြစ်ဝကျွန်းပေါ်ရှိ မွန်၊ကရင်တို့အရှေ့ဘက်သို့ရှောင်သွားကြသည်။ ကျန်နေသောမွန်နှင့်ကရင် တို့ဗမာနှင့်သွေးနှောပါသည်။ အနုရုဒ္ဓါသည် မွန်တို့ကိုစစ်ရေးအရ နိုင်သည်။ သို့သော်မွန်ယဉ်ကျေးမှုက ဗမာတို့ကိုလွှမ်းမိုးသည်။ ပျူတို့ကား အပြိုပြိုအကွဲကွဲဖြစ်ကာ ဗမာများနှင့် သွေးနှောပြီး တစ်စတစ်စတိမ်ကောလာခဲ့ရာ ၁၅၁၀ခုနှစ်နောက်ပိုင်းတွင် ပျူဟူသောအမည်ကို မည်သည့်နေရာတွင်မှ ရှာ၍မရလိုက်တော့ပါ။

သံတွဲခရိုင်တောင်ပိုင်း၌ ရိုးမတောင်တန်းသည် နိမ့်သည်။ ကျဉ်းသည်။ ရိုးမအရှေ့ဘက်နှင့်ဆက်သွယ်ရန် တောင်ကြားလမ်းများပေါများသည်။ ရိုးမအရှေ့ဘက်သို့ဆက်သွယ်ရန် တစ်နေ့တာခရီးသာသာရှိသည်။ ဗမာတို့ (၁၁)ရာစုကပင် သိမ်းယူအခြေချနေခဲ့သော မြစ်ဝကျွန်းပေါ်ဒေသနှင့် သံတွဲခရိုင်တောင်ပိုင်းဒေသသည် ယင်းကာလကပင် ဆက်သွယ်မှုရှိခဲ့သည်။ အေဒီ(၇)ရာစုမတိုင်မီကပင် ရခိုင်တောင်ပိုင်းသို့ ရောက်ရှိနေသော ရခိုင်တို့သည် အေဒီ(၁၀)ရာစုခန့်ပကပင် ဗမာယဉ်ကျေးမှုနှင့် ဆက်ဆံခဲ့ရပါသည်။ သံတွဲခရိုင်သည် ရခိုင်ပြည်မြောက်ပိုင်းနှင့် နှိုင်းစာသော် ရိုးမဘက်မှ ဗမာယဉ်ကျေးမှုနှင့် ဆက်ဆံရာတွင် ပို၍လွယ်ကူပါသည်။ တွင်ကျယ်ပါသည်။ သံတွဲခရိုင်သားတို့သည် ရခိုင်မြောက်ပိုင်းထက် ရိုးမတစ်ဘက်နှင့် ဆက်ဆံကူးသန်းမှုပိုမိုရှိလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

တောင်ငူဘုရင်တပင်ရွှေထီးသည် ရခိုင်ပြည်ကိုအကြိမ်ကြိမ်တိုက်ခိုက်ခဲ့၏။ တောင်ပိုင်းမှစစ်ချီလာပြီး သံတွဲတွင် စခန်းချလေ့ရှိပါသည်။ သို့သော်တပင်ရွှေထီးသည် မင်းဗာကြီး၏မြောက်ဦးမြို့ကို မသိမ်းနိုင်ခဲ့ပါ။ ဘုရင့်နောင်လည်း လာရောက်တိုက်ခိုက်ဖူးပါသည်။

တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့တိုက်ခိုက်စဉ် အကြောင်းအရာတစ်ခုကိုဖော်ချမ္မာရေးခဲ့ဖူးသည်။ (၁၅) ရာစုအတွင်းက မွန်စစ်သည်တို့ ရခိုင်ပြည်ကိုဂွမြို့မှလောင်းကြက်မြို့ထိတိုက်ခိုက်ခဲ့ဖူးသည်။ သံတွဲ၏အရှေ့

တောင်ဘက်တွင် 'မြို့ချောင်း'ဟူသောနေရာတစ်ခုရှိသည်။ ယင်းပတ်ဝန်းကျင်တွင် မြို့လူမျိုးတို့နေထိုင်ခဲ့ဖူးသည်။ မွန်တို့တိုက်ခိုက်သည့်အခါ ယင်းတို့မှာမြောက်ဘက်သို့ ရှောင်တိမ်းသွားခဲ့သည်။ "မြို့ချောင်း"ဟူသောရွာတစ်ရွာ ရှိပါသေးသည်။ သံတွဲမြို့မြောက်ဘက်(၁၅)မိုင်ခန့်အကွာတွင် 'တလိုင်းတဲ'ဟူ၍ ရွာတရွာရှိပါသည်။ စာရေးသူသည် လွန်ခဲ့သည့်နှစ်(၂၀)ခန့်ကပင် ထိုပတ်ဝန်းကျင်၌ နေထိုင်ခဲ့စဉ်က သက်ကြီးဝါကြီးများကို မေးမြန်းကြည့် ရာ၊ မွန်တို့ ရခိုင်ပြည်ကိုတိုက်ခိုက်စဉ်က မွန်စစ်သည်များ စခန်းချတည်းခိုနေထိုင်ခဲ့သည်နေရာဖြစ်သည်ဟု ကောက်ချက် ချ၍ရပါသည်။ ထိုရွာနှင့်ပတ်ဝန်းကျင်ရွာ(၁၀)ရွာခန့်သည် လေသံဝဲဝဲဖြင့် ဗမာစကားပြောကြပါသည်။ သို့သော် တစ်ရွာနှင့်တစ်ရွာလေသံဝဲပုံချင်း မတူညီပါ။

မြောက်ဦးခေတ်မင်းရာဇာကြီးလက်ထက်တွင် ရခိုင်ဘုရင်၏ပိုင်နက်သည် ယခုဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒက္ကားမှ မော်လမြိုင်ပင်လယ်ကမ်းရိုးတန်းအထိ ဖြစ်ပါသည်။ သံတွဲခရိုင်တောင်ပိုင်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သည် ကူးသန်းဆက်ဆံမှုပို၍ တွင်ကျယ်ခဲ့ပြီး ဗမာယဉ်ကျေးမှုလွှမ်းမိုးခဲ့ပါသည်။ ဘိုးတော်ဘုရားရခိုင်ပြည်ကို သိမ်းယူပြီးနောက်ပိုင်းတွင် ဆက်ဆံရေးပိုမိုတွင်ကျယ်လာကာ အထူးသဖြင့် ဗမာစကားပြောအလေ့အထ လွှမ်း မိုးလာပါသည်။ ဘိုးတော်ဘုရား ရခိုင်ပြည်ကိုသိမ်းယူပြီးနောက် ဗမာစစ်တပ်မှကျန်ရစ်သူများလည်း ရှိပါသည်။ ၁၈၄၇မှ ၁၉၂၄ထိ အင်္ဂလိပ်တို့မသိမ်းမီ ဗမာတို့က ရခိုင်ပြည်ကို နယ်ကြီး(၄)ခုခွဲ၍ အုပ်ချုပ်ပါသည်။ သံတွဲနယ် လည်းတစ်ခုအပါအဝင်ဖြစ်ပြီး ဗမာနှင့် အများဆုံးဆက်ဆံရသောနယ်ဖြစ်ပါသည်။ တောင်ကုတ်မြို့၊ ဥတေန တောင်ကုန်းပေါ်ရှိ ဥက္ကာသိမ်တော်ကြီး(ယခုသိမ်တောင်သိမ်)၊ လမူးချောင်းမှမော်ရွာသိမ်တော်ကြီး။ ပန်းတင်း ကျွန်းမှ မကျည်းတောသိမ်တော်ကြီး၊ သံတွဲမြို့သိမ်ကုန်းသိမ်တော်ကြီးတို့မှာ ဗမာရဟန်းများသမုတ်ခဲ့သော သိမ်များဖြစ်ကြပါသည်။ ဗမာဘုရင်သိမ်းပိုက်ပြီး သံတွဲနယ်မြေကို ဝါဆီဗိုလ်ကျော်ထင် သီဟဦးရွှေပန်း၊ တိုင်တား ဝန်၊ မောင်ရဲဟူ၍ မြို့ဝန်များအုပ်ချုပ်ခဲ့သည့်ကာလတွင် သံတွဲခရိုင်သည် ရိုးမတစ်ဘက်နှင့် အနီးကပ်ဆက်ဆံခဲ့ ရပါသည်။

၁၈၂၃ မှ ၁၈၅၂ခုအတွင်း ဗမာဘုရင်ပိုင်နက်အတွင်း မငြိမ်သက်မှုများကြောင့် ဗမာများသံတွဲခရိုင်အတွင်း သို့ အမြောက်အမြားဝင်ရောက်ခဲ့ကြပါသည်။ သူတို့သည် ၁၈၅၃မှ ၁၈၆၄အတွင်း တဖြည်းဖြည်းပြန်လည် ပြောင်းရွှေ့သွားကြသည်ဟု တွေ့ရပါသည်။ ၁၈၆၄ခုနှစ်နောက်ပိုင်းတွင် ဝင်ရောက်လာသူဦးရေမှာ ထွက်ခွါ သွားသူဦးရေထက် ပိုများသည်ဟုဆိုပါသည်။ နောင်နှစ်များတွင် ဝင်ရောက်လာမှုမရှိဘဲ ဗမာတို့သည် ပုသိမ် ခရိုင်နှင့်ဟင်္သာတခရိုင်များသို့ပြန်လည်ပြောင်းရွှေ့သွားကြပါသည်။ အချို့ရခိုင်များလည်း လိုက်ပါသွားကြသည် ဟု သံတွဲခရိုင် ဂေဇက်တီးယားတွင် တွေ့ရပါသည်။ ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်တို့သည် သံတွဲခရိုင်နှင့် ဆက်စပ်နေပါသည်။ သံတွဲခရိုင်တောင်ပိုင်းသို့ ရှေးယခင်ကပင် ဗမာများဝင်ရောက်နေထိုင်ခဲ့ဖူးသည်မဟုတ်။ ရခိုင်တို့သည်လည်း ရခိုင်ပြည်မှအကြောင်းအမျိုးမျိုးကြောင့် မြစ်ဝကျွန်းပေါ်သို့ပြောင်းရွှေ့သွားကြသည်လည်း ရှိပါသည်။ ၁၉၉၂ခုနှစ်စာရင်းအရ ဧရာဝတီတိုင်းတွင် ရခိုင်လူမျိုး(၆၀၀၀၀)ခြောက်သောင်းကျော်ရှိပါသည်။ ဗမာများအများဆုံးနေထိုင်ခဲ့သည်မှာ သံတွဲခရိုင်တောင်ဘက်ခြမ်းဖြစ်ပြီး ဗမာများ ပုသိမ်၊ ဟင်္သာတဘက်သို့ပြန် သွားသည့်အခါ သံတွဲခရိုင်တောင်ဘက်ခြမ်းတစ်ခွင်၌ ဗမာယဉ်ကျေးမှုလွှမ်းမိုးနေရစ်ခဲ့ပါသည်။

စာရေးသူသည် သံတွဲခရိုင်တောင်ပိုင်းတစ်ခွင် လှည့်လည်သွားလာဖူးပါသည်။ ရခိုင်စကားသီးသန့်ပြော ဆိုသောရွာမတွေ့ဖူးပါ။ သို့သော်ဗမာစကားပြောရာတွင် စကားပြောဟန်၊ လေသံမတူညီကြပါ။ အချို့ရွာများကား ဗမာပီပီသသပြောဆိုကြပါသည်။ အချို့ရွာများက ချင်းသံဝဲ၍ပြောကာ၊ အချို့ရွာများက ရမ်းဗြဲဒေသိယရခိုင် လေသံဖြင့် ဗမာစကားပြောကြပါသည်။ တောင်ကုတ်၊ သံတွဲ၊ ဂွသုံးမြို့နယ်အတွင်း အရှေ့ဘက်ရခိုင်ရိုးမတောင် စွယ်။ တောင်စောင်း၊ တောင်ဖျားများ၌ တောင်ယာစိုက်ပျိုး၍ အသက်မွေးနေကြသည့် ချင်းလူမျိုးများနေထိုင် သောရွာငယ်များရှိကြပါသည်။ အချို့သောရွာများသို့ စာရေးသူကိုယ်တိုင်ရောက်ဖူးပါသည်။ ရခိုင်များနှင့်စာလျှင် လူဦးရေအလွန်နည်းပါသည်။ သူတို့သည်ရခိုင်များနှင့် စီးပွားရေးအရဆက်ဆံကြပါသည်။ ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှုများရှိပါသည်။ သူတို့ကိုဆောင်းဥတုတွင် တောင်ကုတ်၊ သံတွဲ၊ ဂွမြို့များ၏ဈေးအတွင်းဈေးဝယ် နေကြသည်ကိုတွေ့ရတတ်ပါသည်။ ရခိုင်ဘာသာစကားတတ်သူရှိသကဲ့သို့၊ မတတ်သူများလည်းရှိပါသည်။

သူတို့သည် သံတွဲခရိုင်အတွင်းသို့နောက်ဆုံးဆင်းသက်ခဲ့ကြသည့် ချင်းအုပ်စုမှဖြစ်ဟန်ရှိပါသည်။ ဗမာစကားပြောသူများကိုလည်း တွေ့ဖူးပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ၊ ရခိုင်ပြည်နယ် သံတွဲခရိုင်တောင်ဘက်ခြမ်း၌နေသူများသည် ပျူလူမျိုးတို့၏ အဆက် အနွယ်များမဟုတ်ကြပါ။ မူလအားဖြင့် ရခိုင်သားများသာဖြစ်ကြပါသည်။ သူတို့သည် သမိုင်းဦးကပင် ချင်းလူမျိုးများနှင့် ရောနှောဆက်ဆံခဲ့ကြပြီး၊ နောက်ပိုင်းကာလများတွင် ရိုးမတစ်ဖက်မှဗမာများနှင့် နှစ်ပေါင်းများစွာရောနှောဆက်ဆံလာခဲ့ကြခြင်းကြောင့် ဗမာယဉ်ကျေးမှုက တစ်စတစ်စလွှမ်းမိုးလာပြီး ဗမာစကားပြောဆိုလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့်သံတွဲခရိုင်တောင်ဘက်ခြမ်းတွင်ယခုအခါ ချင်းလူမျိုးများနှင့်သွေးနှောခဲ့ပြီး ဗမာယဉ်ကျေးမှုကိုကျင့်သုံးလျက် 'ရခိုင်'လူမျိုးများဟု လေ့လာချက်များအရ တွေ့ရှိရပါသည်။ လူမျိုးတမျိုးနှင့် တမျိုးကာလရှည်ကြာပေါင်းသင်းဆက်ဆံလာသောအခါ တစ်မျိုး၏ဘာသာစကား၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုတို့သည် အခြားလူမျိုးတစ်မျိုးသို့ ပျံ့နှံ့ကူးစက်တတ်သည်မှာ လူ့သမိုင်းတွင် ဓမ္မတာပင်ဖြစ်ပါသည်။

စာရေးသူသည် သံတွဲမြို့နယ်၊ ကင်းမော်ရွာဇာတိဖြစ်ပါသည်။ ဤဆောင်းပါးကို သမိုင်းအမြင်ဖြင့်ရေးသားခြင်းဖြစ်ပါသည်။

မောင်ပြူး(သံတွဲ)


| | | |
|---|---|---|
| (၁) | ရှင်စန္ဒမာလာ | ရခိုင်ရာဇဝင်သစ်ကျမ်း(ဒု–အုပ်) |
| (၂) | ဦးဖိုးဝါ၊ ဦးသက်စု | ဒွါရဝတီနှင့်ရွှေဆံတော်သမိုင်းသစ် |
| (၃) | ရွှေမင်း၊ ဝေသာလီနှင့် ဇေကဝဏ္ဏ | (ရခိုင်သဟာယစာစောင်–၁။ ၁၉၈၆) |
| (၄) | လေ့လာသူတစ်ဦး | အဝေးရောက်ရခိုင်များ၊ (ရခိုင်သဟာယစာစောင်အမှတ်၄) |
| (၅) | ထွန်းရွှေခိုင် | ရခိုင်ရှေးဟောင်းမြို့တော်များ |
| (၆) | မောင်ပြူး | အမြင်သစ်ရခိုင်နိဒါန်း၊ရခိုင်တန်ဆောင်မဂ္ဂဇင်း(၁၉၉၆) |
| (၇) | သန်းထွန်း | ခေတ်ဟောင်းမြန်မာရာဇဝင် |
| (၈) | **S.B. Qanungo** | **A History of chita gang (Vol.1)** |
| (၉) | **P.Gutman** | **Ancient Arakan** |
| (၁၀) | **Forchanmar** | **Arakan.** |
| (၁၁) | **G.H.Luce** | **The Ancient Pyus** |
| (၁၂) | **Mr. Smart** | **Burma Gazalteer, Sanda way Distmet** |

# “ရခိုင်ဓညဝတီ မြို့တော်ဟောင်း”

**မောင်ပြူး(သံတွဲ)**

ရခိုင်ရှေးဟောင်းဓညဝတီမြို့တော်သည် စိတ်ကူးယဉ်ဒဏ္ဍာရီထဲက မြို့မဟုတ်။ အမှန်တကယ်တည်ရှိခဲ့သောမြို့တော်တစ်ခုဖြစ်ပါသည်။ ဓညဝတီမြို့တော်ဟောင်းကို ရိုက်ကူးသောကောင်းကင်ဓါတ်ပုံအကူအညီဖြင့်၊ ရန်ကုန်တက္ကသိုလ်ပထဝီဝင်ဌာနပါမောက္ခဒေါက်တာဒေါ်သင်းကြည်သည်၊ ဓညဝတီမြို့တော်ဟောင်းမြေပုံကိုရေးဆွဲ၍၊**Journal of Burma Research Society . L11, 1970, Dec-6 “Arakanese Capitals: A Preliminary Survey of Their Geographical Setting”** တွင်တင်ပြခဲ့ပါသည်။

ရခိုင်ရှေးဟောင်းဓညဝတီမြို့တော်သည် ဒဏ္ဍာရီထဲမှမြို့မဟုတ်သော်လည်း၊ ရခိုင်ရာဇဝင်များတွင် ဖေါ်ပြထားသော ဓညဝတီမြို့သမိုင်းကားဒဏ္ဍာရီများဖြစ်ကြပါသည်။ ဓညဝတီမတိုင်မီက ဒွါရာဝတီခေတ်ဟူ၍ရှိခဲ့ပါသေးသည်။

ဘီစီ–၅၀၀၀မတိုင်မီက အိန္ဒိယနိုင်ငံ ဥတ္တရပတတိုင်းအသိတဥ္စနမြို့မှ ဝါသုဒေဝ၊ ဗလဒေဝညီနောင်တစ်ကျိပ်တို့သည်၊ စစ်ရေးအရေးနိမ့်၍ ထွက်ပြေးတမ်းရှောင်လာကြရာမှ ရခိုင်ပြည်ဒွါရာဝတီခေါ်သံတွဲမြို့သို့ရောက်ရှိ ၍ မင်းပြုခဲ့ကြကြောင်းကို ရခိုင်ရာဇဝင်များတွင် ဖော်ပြထားကြ၏။ အိန္ဒိယနိုင်ငံ၏သမိုင်းကိုလေ့လာကြည့်သောအခါ၊ ဘီစီ–၇ရာစုအတွင်းက ဝါသုဒေဝ၊ ဗလဒေဝ သူရဲကောင်းတို့ခေါင်းဆောင်၍ ဝဿျနိလူမျိုးစုတို့သည်၊ အာရိယန်များနှင့်သွေးနှောမခံ၊ ခုခံတော်လှန်သောကြောင့်၊ ချေမှုန်းခံရကြောင်း၊ အိန္ဒိယအရှေ့ပိုင်း နှင့် တောင်ပိုင်းဒေသများသို့ တိမ်းရှောင်ကြကြောင်းကိုသာ တွေ့ရပါသည်။ <u>(Chatterjee, “The cultural Heritage of India (The Religion)”P-142)</u>။ရခိုင်ရာဇဝင်သစ်ကျမ်းဆရာကလည်း “ဝါသုဒေဝ၊ ဗလဒေဝညီနောင်တို့ရောက်ရှိခဲ့သောဒွါရာဝတီပြည်သည် သံတွဲမြို့မဖြစ်နိုင်၊ အိန္ဒိယမြောက်ပိုင်းမှသာ ရှိသင့်ကြောင်း(<u>စန္ဒမာလာ“ရခိုင်ရာဇဝင်သစ်ကျမ်း ၁၉၉၇(ဒု–ကြိမ်)ရန်ကုန်၊ စာ–၁၈၉)</u>၊ ဝါသုဒေဝညီနောင်တို့နေခဲ့ကြသည့် ဒွါရကမြို့ဆိုသည်မှာ၊ အိန္ဒိယပြည် မေရွတ်မြို့အနီးမှ ‘ဟရ်ဒွါရ’ မြို့များသာဖြစ်ကြောင်း (<u>စန္ဒမာလ “ဇမ္ဗူဒီပအိန္ဒိယနယ်ပုံကျမ်း”၊၁၉၂၉–မန္တလေး၊ စာ–၂၄၁</u>)ရေးသားခဲ့ပါသည်။

ဓညဝတီခေတ်ရာဇဝင်တွင်၊ ဘီစီ–၃၀၀၀ကျော်က ခတ္တိယမျိုး၊ သာကီယနွယ်။ ကပိလဝတ်ပြည့်ရှင်၊ အဇ္ဇုနမင်းသည်၊ ရသေ့ပြု၍တောထွက်လာရာမှ၊ ရခိုင်မြောက်ပိုင်းကုလားတန်မြစ်ဖျားသို့ရောက်လာပြီးလျှင်၊ ရှိနှင့်ပြီးဖြစ်သော၊ သက်လူမျိုးစုထဲမှ၊ သက်အမျိုးသမီးတစ်ဦးနှင့်ရည်ငံမိ၍၊ ပေါင်းသင်းကြရာမှ၊ မာရယုခေါ်သားတော်တစ်ပါးမွေးဖွားခဲ့ပါသည်။ မာရယုသည် ဘီစီ–၃၃၂၅ခုတွင် ပထမဓညဝတီနန်းနှင့်။ မြို့ကိုတည်ထောင်၍၊ မင်း(၅၄)ပါးတို့နှစ်ပေါင်း ၁၈၁၆နှစ်စိုးစံကြ၏။ ဘီစီ–၁၅၀၇တွင် ကံရာဇာကြီးသည် ဒုတိယဓညဝတီနန်းဆက်ကိုတည်ထောင်၍၊ မင်း(၂၈)ပါးတို့၊ ၉၂၇–နှစ်စိုးစုခဲ့သည်။ တဖန် ဘီစီ ၅၈၀တွင် စန္ဒာသူရိယမင်းသည် တတိယဓညဝတီမင်းဆက်တည်ထောင်၍၊ မင်း(၂၅)ပါးသည်၊ နှစ်ပေါင်း၉၀၀မျှစိုးစံခဲ့ကြသည်။ စန္ဒာသူရိယမင်းကြီးလက်ထက်တွင်၊ ဂေါတမဗုဒ္ဓသည် ရခိုင်ပြည်ဓညဝတီသို့ကြွရောက်ခဲ့ပြီး၊ မဟာမုနိဆင်းတုတော်ကိုသွန်းလုပ်ရန်ခွင့်ပြုတော်မူ၍၊ မဟာမုနိဆင်းတုတော်ကိုသွန်းလုပ်ခဲ့သည်။ ရခိုင်တို့သည် ဘစီ–၃၀၀၀ကျော်က မာရယု၏အဆက်အနွယ်များဖြစ်၍၊ ဗုဒ္ဓသာသနာသည် ဗုဒ္ဓလက်ထက်တော်ကပင်ထွန်းကားလာခဲ့သည်။ ဤကားရခိုင်ဓညဝတီရာဇဝင်ကို အကျဉ်းမျှဖော်ပြခြင်း ဖြစ်ပါသည်။

စာရေးသူသည်ဓညဝတီမြို့တော်ဟောင်းသို့ ကိုယ်တိုင်ကွင်းဆင်းလေ့လာပြီးနောက်၊ ဓညဝတီမြို့တည်ကာလကို၊ သုတေသနသမိုင်းမှတ်တမ်းများနှင့် ညှိနှိုင်း၍၊ ဓညဝတီမြို့တော်၏တံတိုင်းပုံအမှန်ကိုတင်ပြပါမည်။

မြန်မာနိုင်ငံပုံတောင်လူတူပရိုင်းမိတ်ရုပ်ကြွင်းများအရ၊ လူသားမျိုးနွယ်များဆင်းသက်လာရာ၊ လူတူပရိုင်းမိတ်များသည်၊ လွန်ခဲ့သည့်နှစ်သန်း၄၀ခန့်က၊ မြန်မာ့မြေပေါ်တွင် စတင်ခဲ့လိမ့်မည်ဟု ယူဆဘွယ်ရာဖြစ်ပါသည် (ဒေါက်တာတင်သိန်း၊“ပုံတောင်ပရိုင်းမိတ်များ”ရွှေအောင်လံမဂ္ဂဇင်း၊၂၀၀၁၊ စက်တင်ဘာ၊ စာ–၇၂)။ သို့သော်အခိုင်အမာသိရှိရသည်မှာ၊ မြန်မာ့ကျောက်ခေတ်လယ်လူသားများသည်။ အိန္ဒိယမြောက်ပိုင်း၊ ဂျဗား၊ တရုတ်နိုင်ငံ

များမှ ကျောက်ခေတ်လူသားများနှင့် တစ်ခေတ်တည်းဖြစ်သည်။ (လမ်းစဉ်ပါတီ"အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း" ပ–တွဲ။ ၁၉၇၀။စာ–၇၂)။ မိုးကြိုးသွားဟုခေါ်သော ကျောက်ချောခေတ်လက်နက်များကို ရခိုင်ပြည်နယ်တောင်ပိုင်းသံတွဲနယ်တွင်တွေ့ရသကဲ့သို့ **(Prof. Nyi Nyi, "The New Stone Age of Burma" W.P.D. 24-3-1964)**ရခိုင်ပြည်မြောက်ပိုင်းတွင်လည်းတွေ့ရပါသည် **(S.B.Qanungo, "History of Chittagong" 1988, P-32)**။မြန်မာ့ကျောက်ခေတ်လယ်ကာလသည် ဘီစီ–၁၆၀၀၀မှ ၅၀၀၀ထိဖြစ်သည်။ ပလိုင်စတိုဆင်းခေါ်နှင်းခဲခေတ်ကိုလွန်မြောက်လျှင်ကျောက်ချောခေတ်သို့ ကူးပြောင်းပါသည်။ (လမ်းစဉ်ပါတီ၊"အခြေပြု---"၊စာ–၈၀)။ မြန်မာနိုင်ငံတွင် ဘီစီ–၂၀၀၀ခန့်က ကျောက်ချောခေတ်လူသားများ၏လက်ရာများကိုလည်း တွေ့ရပါသည်။(လမ်းစဉ်ပါတီ၊ "အခြေပြု---"။စာ–၄၅)။ ရခိုင်တွင်တွေ့ရသောကျောက်ချောခေတ်လက်နက်များမှာလည်း ဘီစီ–၂၀၀၀မတိုင်မီကဖြစ်ပါသည် **(S.B.Qanungo, "-----Chittagong" P-32)**။ အချို့ပညာရှင်များက မြန်မာနိုင်ငံအပါအဝင် အရှေ့တောင် အာရှတစ်ခုလုံး၏ကျောက်ချောခေတ်သည် ဘီစီ–၁၀၀၀အတွင်းကဖြစ်၍၊ ခရစ်တော်ပေါ်ချိန်၌ ကြေးလောဟာခေတ်သို့ကူးပြောင်းသည်ဟုလည်း (သန်းထွန်း၊ "ခေတ်ဟောင်းမြန်မာရာဇဝင်"၊ ၁၉၆၉၊ စာ–၁၄)၊ ယူဆပါသည်။ အတိအကျသိရသောအခြားတစ်ခုမှာ မြန်မာနိုင်ငံတွင်ကျောက်ချောခေတ်အထိ မြို့ပြယဉ်ကျေးမှုမရှိပါ(လမ်းစဉ်ပါတီ၊ "အခြေပြု---"စာ–၁၂၁)။

မြစ်ဝါမြစ်ဝှမ်း၌ဘီစီ–၂၅၀၀ခန့်က 'လန်ရှန်'ကျောက်ချောခေတ်ယဉ်ကျေးမှုထွန်းကားခဲ့ပြီး၊ တရုတ်ပြည်တွင် ဘီစီ–၁၅၂၃မှ ၁၀၅၀ထိ 'ရှန်'နန်းဆက်သည် ပထမဆုံးနန်းဆက်ဖြစ်ပါသည်(လမ်းစဉ်ပါတီ၊"ကမ္ဘာ့သမိုင်း၏မှတ်တိုင်များ"ပ–တွဲ၊၁၉၆၄–စာ–၁၀၉)။

အိန္ဒိယနိုင်ငံ၏ကျောက်ခေတ်သည် ဘီစီ–၄၀၀၀အထိဖြစ်ပါသည်(**S.F. Mahmud, "The Story of Indo-Pakistan"**၊**Karachi, 1969, P-13)**။ဘီစီ–၄၀၀၀ခန့်တွင် 'မိုဟင်ဂျိုဒါရို'နှင့် 'ဟာရပ္ပ'မြို့များပေါ်ထွန်း၍ ယဉ်ကျေးမှုအဆင့်မြင့်မားခဲ့၏။ (လမ်းစဉ်ပါတီ၊"---မှတ်တိုင်များ"စာ–၉၃) ဂင်္ဂါမြစ်ဝှမ်းယဉ်ကျေးမှုသည် အီဂျစ်ယဉ်ကျေးမှုနှင့်ခေတ်ပြိုင်ဖြစ်သည် **(H.G.Wells, "The Outline of History, P-17)** အီဂျစ်ယဉ်ကျေးမှုသည် ဘီစီ–၂၇၄၀နှင့် ၂၂၇၀ကြားကာလတွင် အဆင့်မြင့်မားဆုံးဖြစ်ခဲ့၏။ (လမ်းစဉ်ပါတီ၊"-----မှတ်တိုင်များ၊ စာ–၇၅)။ ထို့ကြောင့် ဂင်္ဂါမြစ်ဝှမ်းယဉ်ကျေးမှုသည် ဘီစီ၂၅၀၀ခန့်ကအဆင့်မြင့်မားစွာ ထွန်းကားခဲ့ဘွယ်ရှိပါသည်။

ရခိုင်ရာဇဝင်များ၏အဆိုကိုလိုက်၍၊ ကုလားတန်မြစ်ဝှမ်းယဉ်ကျေးမှုသည် နိုင်းမြစ်ဝှမ်း၊ ယူဖရေးတီးမြစ်ဝှမ်း၊ အိန္ဒုမြစ်ဝှမ်း၊ ဂင်္ဂါမြစ်ဝှမ်းနှင့်မြစ်ဝါမြစ်ဝှမ်းယဉ်ကျေးမှုတို့ထက်ပို၍ ရှေးကျသည်ဟုဆိုနိုင်ရန်အထောက်အထားမရှိပါ။ အထောက်အထားများအရမူ၊ ကုလားတန်မြစ်ဝှမ်းယဉ်ကျေးမှုသည် ဂင်္ဂါမြစ်ဝှမ်းယဉ်ကျေးမှု၏အမွေခံသာဖြစ်သည်ကို တွေ့ရပါသည်။

သုတေသနအထောက်အထားများအရ မြန်မာနိုင်ငံတွင်အစောဆုံးအဖြစ်ယူဆထားသော ဗိဿနိုးမြို့ကို။ အေဒီ–၁ရာစုတွင်တည်ထောင်ပါသည်(ဦးဘရှင်၊"ဗိဿနိုးမြို့ဟောင်းနှင့်သမိုင်းအမြင်"၊တ၊ပ၊ဒတွဲ(၁)၊ပိုင်း(၃)၊စာ–၁၅၂)။ ရခိုင်ပြည်နယ်ဒေသတွင် ဘီစီ–၂၀၀၀နှင့် ၁၀၀၀အကြားကာလသည် ကျောက်ခေတ်နှောင်းယဉ်ကျေးမှုဖြစ်၍၊ မြို့ပြယဉ်ကျေးမှုတည်ရှိခဲ့သည့် အထောက်အထားမရှိပါ။

အာရိယန်များသည် အာရှအလယ်ပိုင်းမှ အိန္ဒိယအနောက်မြောက်ပိုင်းအတွင်းသို့ စတင်ဝင်ရောက်လာခဲ့ကြသည်မှာ ဘီစီ–၂၀၀၀နှင့် ၁၅၀၀အတွင်းကဖြစ်ပါသည်။ **(Rolinson, "The Concise History of Indian People" London, 1946, P-13)**"။ အာရိယန်တို့အိန္ဒိယတစ်နိုင်လုံးကို လွှမ်းမိုးမိသည်ကား ဘီစီ–၇၅၀ခန့်တွင် ဖြစ်ပါသည် (လမ်းစဉ်ပါတီ၊"အခြေပြု---"၊စာ–၁၇၃)။ အာရိယန်တို့တွင် မူလကဇာတ်ခွဲခြားမှုစနစ်မရှိချေ။ အိန္ဒိယသို့ဝင်ရောက်ပြီးသောအခါ၊ မိမိတို့က ဒြာဗီဒီယန်များထက် အမျိုးသန့်သည်ဟုခွဲခြားရာမှ (ဗြဟ္မဏ၊ ခတ္တိယ၊ ဝဿ၊သုဒ္ဒ)ဇာတ်–၄မျိုးခွဲခြားသည့်စနစ်ပေါ်ပေါက်လာပါသည်(လမ်းစဉ်ပါတီ၊"---မှတ်တိုင်များ"၊ စာ–၁၀၁)။ ယင်းအပြင် မွန်ဂိုလွိုက်မျိုးရင်းမှ၊ သက်လူမျိုးအစုသည်၊ ဇီချွမ်နယ်တွင်၊ မြန်မာလူမျိုးစုနှင့်ခွဲထွက်၍၊ ဟူးကောင်းချိုင့်ဝှမ်းကိုဖြတ်ကျော်ကာ၊ ဧရာဝတီမြစ်ဖျားပိုင်းသို့ စတင်ရောက်ရှိသည်နမှာ၊ အေဒီ–(၁)ရာစုတွင်ဖြစ်ပါသည် (ဦးရည်စိန်၊ "မြန်မာတိုင်းရင်းသားများရွှေ့ပြောင်းဝင်ရောက်လာမှုပဏာမလေ့လာချက်"ယဉ်ကျေးမှုဗိမာန်၊ စာ–

၁၃)။ထို့ကြောင့် ဘီစီ–၃၀၀၀မတိုင်မီကပင်၊ ခတ္တိယမျိုး၊ သာကီယဘုရင်တစ်ပါးနှင့် သက်အမျိုးသမီးတစ်ဦးတို့၊ ကုလားတန်မြစ်ဖျား၌ တွေ့ဆုံကြသည်ဇာတ်လမ်းမှာ ဖြစ်နိုင်အံ့မထင်ပေ။

ရခိုင်ဓညဝတီသို့ဘုရားရှင်ရောက်ရှိခဲ့သည်ဟူသော ယုံကြည်မှုသည်၊ ရခိုင်မင်းသမီးဧချင်းအထောက်အထား အရ၊ အေဒီ–၁၅ရာစုထက်ပို၍၊ ရှေးကျပါသည်။ အေဒီ–၂ရာစုအတွင်းက သာသနာပြုရောက်ရှိခဲ့သည့် ဗုဒ္ဓသာသနာပြုအဖွဲ့အားအစွဲအမှတ်ပြု၍၊ ဤအယူအဆဆင်းသက်ပေါ်ပေါက်လာခြင်းဖြစ်ဘွယ်ရှိ၍၊ ဗုဒ္ဓသည်သက်တော်ထင်ရှားရှိစဉ်က ဂင်္ဂါမြစ်ဝှမ်းကိုကျော်လွန်၍ သာသနာပြုခရီးမကြွရောက်ခဲ့သည့်အပြင် မိမိ၏ဆင်းတုတော်ကို သွန်းလုပ်ကိုးကွယ်ရန် မည်သူ့ကိုမျှခွင့်ပြုခဲ့ခြင်းမရှိပေ(**S.B Qanungo, "----Chittagong P-82)**။၄၅–နှစ်ကာလပတ်လုံးအိန္ဒိယပြည်တွင်း၌သာ၊ သာသနာပြုခဲ့ပါသည်(**Christmas Humphreys, "Buddhism" London, 1964, P-34)**၊ ဗုဒ္ဓဆင်းတုတော်ကိုးကွယ်မှုသည် အေဒီ–၇၆ထက်ရှေးမကျသော်လည်း (သန်းထွန်း၊"ကျွန်တော်လဲအဖြေမသိပါ"၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၂၀၀၀၊စက်တင်ဘာ၊စာ–၄၆)အေဒီ ၁ရာစုတွင်ပင်အစပြုခဲ့ပါသည်။ (တိုက်စိုး၊"ကပိလဝတ်ရာပုံတော်"ရတနာမွန်မဂ္ဂဇင်း၊ ၂၀၀၀၊----လ၊ စာ–၁၉)။ ဦးစံသာအောင်ကမူ ဗုဒ္ဓအားနတ်ဒေဝါဘုရားတစ်ဆူအဖြစ်ယုံကြည်ကိုးကွယ်မှုပြောင်းလဲလာပြီးမှသာလျှင်၊ ဆင်းတုတော်ကိုးကွယ်မှုစတင်ခဲ့ခြင်းဖြစ်သည်ဟုဆိုပါသည်(**San Tha Aung, "The Buddhist Art of Ancient Arakan" 1979,Yangon, P-61)** ။ အေဒီ–၁ရာစုတွင် ဗုဒ္ဓဘတ္တိဝါဒအထွတ်အထိပ်အဖြစ်၊ ဗုဒ္ဓဆင်းတုတော်ကိုးကွယ်မှုမပေါ်ပေါက်ခဲ့ပါ(သုတေသီ ဦးသိန်းထွန်း၊"ခရစ်ကြို ၅ရာစုနှင့် ၁ရာစုအတွင်း ဗုဒ္ဓဆင်းတုတော်မရှိခြင်းကိုလေ့လာခြင်း"(ဘာသာစာပေနှင့်ယဉ်ကျေးမှုပညာရပ်ဆိုင်ရာ သုတေသနာဆွေးနွေးပွဲ)ရန်ကုန်တက္ကသိုလ်၊ ၁၉၇၀၊ဧပြီလ–၁၁ရက်၊ စာတမ်း၊ စာ–၁၇။

ဆင်းတုတော်ကိုးကွယ်မှုသည် ရခိုင်စစ်တကောင်းဒေသသို့ အေဒီ–၂ရာစုတွင် စတင်ရောက်ရှိလာခဲ့သည် (**S.B. Qanungo, "----Chittagong, " P-82)**။ ရခိုင်ပြည်မဟာမြတ်မုနိဆင်းတုတော်ကြီးကို သွန်းလုပ်ခဲ့သည်မှာ အေဒီ–၂၂၅–ခုနှစ်ကဖြစ်ပါသည်(ဦးသာထွန်းအောင်၊"ရခိုင်ရာဇဝင်ဟောင်းများရှာဖွေစုဆောင်းရေးအသင်း၏မှတ်တမ်း"ရန်ကုန်၊ ၁၉၂၀၊စာ–၁၈)။ ပုဂံရာဇဝင်သစ်နှင့်မဟာရာဇဝင်တော်ကြီးတို့ကမူ၊ ရခိုင်ပြည်မှမဟာမုနိဆင်းတုတော်ကြီးမှာ အရိမေတ္တယျဘုရားလောင်း၏ဆင်းတုတော်ဖြစ်သည်ဟုဆိုခဲ့ပါသည်(**N.R.Ray, "Sanskrit Buddhism in Burma" Calculta, 1936, P-45)**။ရခိုင်ဓညဝတီသို့ ဘုရားရှင်ကြွရောက်ခဲ့ကြောင်းကို ဗြဟ္မီအက္ခရာ၊ ပါဠိဘာသာဖြင့်ရေးထိုးထားခဲ့သည့်၊ ဓညဝတီတောင်ပေါက်ကြီးကျောက်စာဟူ၍ရှိခဲ့သည်ဟု၊ ပြောဆိုရေးသားနေခဲ့ကြသော်လည်း၊ မူလကျောက်ချပ်။ ကျောက်စာဓါတ်ပုံ၊ ကျောက်စာမင်းကူးပုံစသည်မြင့် ၊ ခိုင်မာသော၊ ယုံကြည်အပ်၊ သုတေသီများကိုးကားအပ်သော အထောက်အထားတစုံတရာမရှိပါ။

အာနန္ဒစန္ဒြကျောက်စာတွင် ဘီစီ–၆၃၈မှ အေဒီ–၃၇၀ထိဝေသာလီခေတ်မတိုင်မီ မင်းဆက်ကိုဖော်ပြထားပါသည်(ဦးစံသာအောင်၊"အနန္ဒစန္ဒြ"ရန်ကုန်၊ ၁၉၇၅၊ စာ–၁၅၆)။ ဤမင်းဆက်သည် ဓညဝတီခေတ်မင်းဆက်ဖြစ်၍၊ ကျောက်စာအထောက်အထားဖြင့် ဖေါ်ပြထားသော မြန်မာနိုင်ငံ၏ရှေးအကျဆုံးမင်းဆက်ဖြစ်ပါသည်။

ဤမင်းဆက်အမည်များကို၊ အိန္ဒိယမဆန်၊ သက္ကတမဆန်သောမင်းအမည်များအဖြစ်တွေ့ရပါသည် (**P.Gutman,"Ancient Arakan" Australlia, 1976, P-40)**။ ယင်းမင်းများအုပ်စိုးစဉ်ကာလက၊ ရခိုင်တွင်အိန္ဒိယယဉ်ကျေးမှုစက်ရိပ်မထင်သေးပါ(သန်းထွန်း–"ခေတ်ဟောင်း---"စာ–၇၂)။ ထို့ကြောင့် ဘီစီ ၇–ရာစုကရခိုင်ဓညဝတီမြို့တော်ကိုတည်ထောင်အုပ်စိုးသူများမှာ အာရိယန်များမဟုတ်ကြောင်း သိရပါသည်။ ရခိုင်တို့၏မူလမျိုးရင်းဖြစ်သော တိဘက်မြန်မာများမှာလည်း၊ ဘီစီ–၁၀၀၀ခန့်တွင်၊ တရုတ်ပြည်အရှေ့ပိုင်း ကိုကိုနော်**Kokonor**မှ တောင်ဘက်သို့ဆင်းလာနေဆဲသာရှိပါသေးသည်(သန်းထွန်း၊ "ခေတ်ဟောင်း---"စာ–၇၂)။

ယင်းအချိန်က၊ အန္ဒိယနိုင်ငံ ယမုံနာမြစ်အနောက်ဘက်ကမ်း၊ မထူရာဝန်းကျင်ဒေသတွင်၊ ယာဂုဓေါ်ယာဒဝ လူမျိုးများနေခဲ့ကြ၏ ။(**B.G. Gokhule, "Buddhism and Ssoka"P-117)**။ ယာဂုဓေါ်ယာဒဝတို့သည် အာရိယန်များ မဟုတ်ကြပေ(**Chalterjee, "The Cultural Heritage of India (The Religion) P-114)**။ ဘီစီ–၇၅၀ခန့်တါင် အာရိယန်များသည် အိန္ဒိယကိုလွှမ်းမိုးပြီးနောက်၊ ဒေသခံလူမျိုးများအားသွေးနှောသောနည်းဖြင့် စည်းရုံးခဲ့၏။ ကုရုလူမျိုးစုသည် အာရိယန်များနှင့် သွေးနှော၍၊ ကုရုတိုင်းပဉ္စာလတိုင်းတို့တွင်း အုပ်စိုးသူများဖြစ်ခဲ့ကြ၏ ။**B.G.**

Gokhale, "----and Asoka"P-176)။ဝသျှိနိလူမျိုးများမှာ သွေးနှောမခံပဲ၊ ဗြဟ္မဏခေါင်းဆောင်ဒွိပါယန (Dvipayana)အား ဆန့်ကျင်သဖြင့် ချေမှုန်းခံကြရကာ၊ တောင်ဘက်နှင့်အရှေ့ဘက်ဒေသများသို့ ဆုတ်ခွါခဲ့ကြသည်။ ဂ၀တဇာတကျမ်း၊ ခတ္တိယအာသသျှတ္တရကျမ်းများအလိုအားဖြင့်၊ ယင်းအချိန်သည်ဘီစီ–၇ရာစုကဖြစ်ကြောင်း သိရပါသည်(Chatterjee, "(The Religion)"၊P-142)။အိန္ဒိယတောင်ပိုင်း"ပန်ဒျာ"Pandyaနယ်မှ ၊ မဒူရ Madura မြို့သည်၊ ယင်းကဲ့သို့ထွက်ပြေးတိမ်းရှောင်သူများတည်ခဲ့သည့်မြို့ဖြစ်ပါသည်( Chalterjee, "---(The Religion)"P-142)။

ထို့ကြောင့် အာနန္ဒစန္ဒြကျောက်စာတွင် ဖေါ်ပြထားသည့် ဘီစီ–၆၃၈တွင် ရခိုင်ဓညဝတီမြို့တော်အား စတင်တည်ထောင်သူများမှာ အာရိယန်များမဟုတ်သကဲ့သို့ တိဘက်မြန်မာများလည်း မဟုတ်ကြပါ။ ဘီစီ–၇ရာစုအတွင်းက အာရိယန်များ၏ရန်ကြောင့်၊ အရှေ့ဖျားဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြပြီး၊ စစ်တကောင်းနယ်ကို ကျော်လွန်၍၊ ရခိုင်ဒေသသို့ဝင်ရောက်ခဲ့ကြသော ဒြာဗီဒီယန်များတည်ဆောက်ခဲ့သည့် တံတိုင်းဖြစ်ဖွယ်ရှိပါသည်။

ထို့ကြောင့် ဘီစီ–၃၀၀၀ကျော်ကာလကပင် ခတ္တိယမျိုးများစတင်တည်ထောင်ခဲ့ပြီး၊ ပထမ၊ ဒုတိယ၊ တတိယ ဓညဝတီခေတ်များသည်၊ နှစ်ပေါင်း ၄၀၀၀နီးပါးကြာရှည်ခဲ့သည်ဆိုသော ရာဇဝင်ဖေါ်ပြချက်များသည်၊ သုတေသနသမိုင်းမှတ်တမ်းများနှင့် ကိုက်ညီမှုမရှိပါ။ ရာဇဝင်လာမင်းများ၏ အမည်များသည်၊ ကျောက်စာလာမင်းများ၏အမည်များနှင့်လည်း ကိုက်ညီမှုမရှိသည်ကို တွေ့ရပါသည်။

ဓညဝတီမြို့တံတိုင်းအား လေ့လာကြည့်သောအခါ၊ မြို့ရိုးတံတိုင်းဖေါ်ပြမှုများတွင်၊ ရှေးကပညာရှင်များ မှားယွင်းစွာဖေါ်ပြခဲ့သည်ကို တွေ့မြင်ရပါသည်။ ဖေါ်ပြပါပုံ(၁)သည် ဓညဝတီမြို့တော်ဟောင်း၏ကောင်းကင်ဓါတ်ပုံဖြစ်ပါသည်။ ပုံ(၂)မှာ ကောင်းကင်ဓါတ်ပုံအကူအညီဖြင့် ဒေါက်တာဒေါ်သင်းကြည်ရေးဆွဲခဲ့သော မြေပုံဖြစ်ပါသည်။ ဓညဝတီမြို့တော်ဟောင်းသည် ကျောက်တော်မြို့အရှေ့ဘက် ၆မိုင်ကွာ၊ သရီချောင်းဖျားသရက်တစ်ပင်ရွာအနီး၌ တည်ရှိပါသည်။ အရှေ့လောင်ဂျီကျူ ၉၃ံ ၃'နှင့် မြောက်လတ္တီကျူ ၂၀ံ ၅၂'ဆုံရာ၌ရှိသည်။ မြို့တံတိုင်းသည် စက်ဝိုင်းပုံပျက်သဏ္ဍာန်ရှိ၍၊ တောင်မြောက် ၁.၅၅မိုင်၊ အရှေ့အနောက်၁.၃မိုင်ကျယ်ဝန်းသည်။ မြို့၏အတွင်းတွင်၊ အရှေ့အနောက်မေ–၂၀၀၀၊ တောင်မြောက်ပေ–၁၇၀၀ရှိ နန်းမြို့ရိုးကိုတွေ့ရသည် ။မဟာဂုနိကုန်းတော်မှာ နန်းမြို့၏မြောက်ဘက်တွင် ကပ်လျှက် တည်ရှိပါသည်။ နန်းမြို့၏ပတ်လည်တွင်၊ ကျုံးဟုယူဆရသည့်နေရာများကို ယခုအခါမြေနိမ့်လယ်ကွက်များအဖြစ် တွေ့မြင်ခဲ့ရပါသည်။

မဟာမုနိကုန်းမှအရှေ့ဘက် ၅ဖါလုံခန့်အကွာတွင်၊ ပေ–၅၀ခန့်မြင့်သော ရှင်မတောင်နှင့် ပေ၁၀၀ခန့်မြင့်သော အုတ်ဖိုတောင်အကြား၊ တောင်မြောက်သွယ်တန်းနေသော မြို့တံတျိုင်းအပေါ်မှ ကားလမ်းဖေါက်ထားပါသည်။ ကျောက်တော်၊ ပလက်ဝကားလမ်းဖြစ်သည်။ ကားလမ်းသည်မြေဖို့လမ်းဖြစ်၍ တံတိုင်းအပေါ်မျက်နှာပြင်ထက်၅ပေခန့်ပို၍မြင့်သည်။မြို့တံတိုင်း၏အပေါ်မျက်နှာပြင်သည် လယ်မြေများနှင့်တပြင်တည်းဖြစ်နေပြီး၊ လယ်ကန်သင်းဖြစ်နေပါပြီ။ တံတိုင်းအပြင်ဘက်မှ ကျုံးနေရာသည် ယခုအခါ တံတိုင်းအပေါ်မျက်နှာပြင်နှင့် တပြင်တည်းဖြစ်နေပြီး လယ်မြေများဖြစ်နေကြပါသည်။

ဒေါက်တာဒေါ်သင်းကြည်ရေးဆွဲခဲ့သောမြေပုံတွင်၊ နန်းမြို့၏အရှေ့တည့်တည့်၌၊ နန်းမြို့အနီးထိကွေးဝင်နေသော တံတိုင်းပုံကို တွေ့မြင်ရပါသည်။ အမှန်မှာ ဤကွေးဝင်နေသော ကုန်းရိုးတန်းသည် တံတိုင်းမဟုတ်ပါ။ ကုန်းရိုးတန်းနှစ်ခုအကြားမှကျဉ်းမြောင်းသောနေရာသည် တူးမြောင်းဖြစ်ပါသည်။ တူးမြောင်းမှတူးသောမြေများကို မြောင်းနံဘေးတွင် ဖို့ထားသဖြင့်၊ ကုန်းမြင့်တန်းဖြစ်နေပြီး၊ ယခုအခါ၊ မြို့တံတိုင်းထက် ၅ပေခန့်ပိုမြင့်လျှက်ရှိပါသည်။ သစ်ပင်ချုံနွယ်ပေါက်ရောက်နေပြီး၊ ကောင်းကင်ဓါတ်ပုံတွင် မြို့တံတိုင်းသဖွယ်မြင်ရသဖြင့်။ တံတိုင်းဟုထင်မှတ်ကာ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ တူးမြောင်းနှင့်ကုန်းရိုးတန်းတလျှောက်၊ မြို့တံတိုင်းဟုဆိုရမည့် အထောက်အထားတစုံတရာမတွေ့ရပါ။

တဖန်ဒေါ်သင်းကြည်၏မြေပုံတွင် ယင်းတူးမြောင်းအဝမှ မြို့၏အရှေ့မြောက်ထောင့်အထိတံတိုင်းမပါရှိပါ။

ဤအရှေ့ဘက်မြို့တံတိုင်းကိုရှာဖွေသောအခါ၊ အရှေ့ဘက်မြို့တံတိုင်း၏အပေါ်မျက်နှာပြင်တလျှောက်တွင်၊ လယ်တဲများ၊ တလင်းယာမြေကွက်များ ဆောက်လုပ်ပြုပြင်ထားကြသည်။ အခြားနေရာများမှာကဲ့သို့ သစ်ပင်ချုံနွယ်များမရှိသဖြင့် ကောင်းကင်ဓါတ်ပုံတွင် မတွေ့မြင်ရပါ။ လယ်မြေများအကြား သေချာစွာရှာဖွေသောအခါ မြို့တံတိုင်း၏အပေါ်မျက်နှာပြင်ကို တွေ့ရပါသည်။

ဓညဝတီမြို့တံတိုင်း၏အနေအထားကို လေ့လာသောအခါ ထူးခြားချက်တစ်ခုတွေ့ရပါသည်။ အရှေ့ဘက်မြို့တံတိုင်း၌၊ မြောက်မှသွယ်တန်းလာသောတံတိုင်း တောင်ဘက်မှသွယ်တန်းလာသောမြို့တံတိုင်းသည် တည့်တည့်မဟုတ်ပါ။ ထိပ်တိုက်မဆုံပါ။ မြောက်ဘက်မှလာသောတံတိုင်းသည် ပေ ၆၀ခန့်မြင့်သော သူမြတ်တောင်၏ အရှေ့ဘက်တောင်နံရံနှင့်ထိ၍ အဆုံးသတ်ပါသည်။ သူမြတ်တောင်၏ အရှေ့ခြမ်းမတ်စောက်သောနံရံသည် မြို့တံတိုင်း၏အစိတ်အပိုင်းဖြစ်ပါသည်။ ယင်းသူမြတ်တောင်၏တောင်ဘက်ပေ ၂၀၀ခန့်အကွာရှိ အုတ်ပုံတောင်နှင့် ဆက်ထားသော မြို့ရိုးတံတိုင်းကို ယခုအခါ တောခြုံများအကြားတွင် တွေ့မြင်နိုင်ပါသေးသည်။ အုတ်ပုံတောင်၏အရှေ့ဘက်နံရံသည်လည်း မြို့တံတိုင်းဖြစ်ပါသည်။

ယင်းနောက်မြို့တံတိုင်းသည် အုတ်ပုံတောင်၏တောင်ဘက်မှပြန်၍ အစပြုကာ တောင်ဘက်သို့ပေ၃၀၀ခန့် အရှည်တည်ဆောက်ပြီး အဆုံးသတ်ထားပါသည်။ တောင်ဘက်မှမြောက်ဘက်သို့သွယ်တန်းလာသောတံတိုင်းသည်၊ အုတ်ပုံတောင်၏တောင်ဘက်မှထွက်လာသောတံတိုင်း၏ အရှေ့ဘက်ပေ ၁၅၀ခန့်အကွာမှ မြောက်ဘက်သို့ ထိုးတက်သွားပြီး၊ အုတ်ပုံတောင်၏အရှေ့တည့်တည့်သို့မရောက်မီ အဆုံးသတ်ပါသည်။ ပုံ(၃)တွင်ပြထားသည့် အတိုင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဓညဝတီမြို့တွင်းသို့ ဤတံခါးမှဝင်ရောက်မည်ဆိုလျှင်။ အရှေ့ဘက်တောင်ပေါ်မှဆင်းလာပြီး ကျုံးတွင်းသို့ဆင်းရပါမည်။ ပြီးလျှင်ကျုံးမှတက်၍ အုတ်ပုံတောင်ခြေမှကွေ့၍ မြို့တွင်းသို့ဝင်ရပါမည်။ ရှေးခေတ်ဓညဝတီမင်းများသည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ဤကဲ့သို့တည်ဆောက်ခဲ့သည်ကို မသိရပေ။

ထို့ကြောင့် ဓညဝတီမြို့တော်ဟောင်း၏မြို့ရိုးတံတိုင်းမြေပုံမှာ ပုံ(၂)တွင် ပြထားသည့်အတိုင်းမဟုတ်ပဲ၊ ပုံ(၃)သည် အမှန်ဖြစ်ကြောင်းတင်ပြပါသည်။

(ဓညဝတီမြို့တော်ဟောင်း ကွင်းဆင်းလေ့လာရေးအတွက်၊ အဖက်ဖက်မှကူညီထောက်ပံ့ပေးခဲ့သော စစ်တွေမြို့မှ ဆရာကြီးမောင်ဗသိန်းနှင့်တကွ၊ လက်တွေ့ကွင်းဆင်းရာတွင် ကူညီရှင်းလင်းပြသခဲ့သည့် ကျောက်တော်မြို့မှ ကိုမောင်အေးသိန်း၊ ရွာမပြင်ရွာမှ ဆရာဦးဘသောင်း(သူမြတ်)တို့အား အထူးကျေးဇူးတင်ပါကြောင်း)

## ဒွင်စန္ဒြားသည် မဟာတိုင်းစန္ဒြားလော

အာနန္ဒစန္ဒြားကျောက်စာသည် ရခိုင်ရာဇဝင်ကို အကြီးအကျယ် တုန်လှုပ်သွားစေခဲ့၏။ ယခင်အခါက စိတ်ကူးယဉ်မှုသာဖြစ်သည်ဟု ယူဆခဲ့ကြသော ဝေသာလီပြည်သည် အာနန္ဒစန္ဒြားကျောက်စာနှင့်မြေအောက်တူးဖော်မှုများကြောင့် သမိုင်းတွင်အထင်အရှားရှိခဲ့သည့်မြို့တော်တစ်ခုအဖြစ် သိမြင်လာခဲ့ကြရသည်။

အာနန္ဒစန္ဒြားကျောက်စာ ဂါထာ(၁၉)(၂၀)နှင့် (၂၁)တို့တွင် ဝေသာလီမင်းဆက်ကို စတင်ထူထောင်သူကို ဒွင်စန္ဒြားမင်းကြီးဖြစ်ကြောင်းဖော်ပြထားခဲ့၏။ ယင်းမင်းကို ကုသိုလ်ကောင်းမှုပြုခြင်း၊ ဥစ္စာပေါများခြင်း၊ ခွန်အားဗလဘုန်းတန်ခိုးကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့နှင့်ပြည့်စုံသည်ဟုဆို၏။ ဝေသာလီမြို့တော်သည် နတ်ပြည်၏လှပခြင်းကိုပင် ပျက်ရယ်ပြုနိုင်လောက်အောင် လှပတင့်တယ်သည်ဆို၏။ [၁]မြို့တော်၏အမည်ကိုကား ကျောက်စာတွင်ရေးထိုးထားခြင်းမရှိသော်လည်း ပညာရှင်အသီးသီးသည် ကျောက်စာများ၊ တွေ့ရှိရသမျှ ဒင်္ဂါးများနှင့် အခြားအထောက်အထားများစွာတို့ကို လေ့လာ၍ ဤမြို့တော်သည် ရခိုင်ရာဇဝင်လာ ဝေသာလီမြို့တော်ပင်ဖြစ်

ကြောင်းတပ်အပ်သေချာဆုံးဖြတ်နိုင်ခဲ့ကြ၏။

ဦးစံသာအောင်က 'ဝေသာလီအနီးအနားတောင်ထိပ်စေတီပျက်များမှထွက်ကျလာသော ကျောက်စာနှစ်ချပ်မှာ နီတိစန္ဒြားမင်းနှင့် ဝီရစန္ဒြားမင်းတို့၏ကျောက်စာများဖြစ်ကြ၏။ ထို့ကြောင့် ဒွင်စန္ဒြားမင်းကြီးတည်ခဲ့သောမြို့တော်မှာ ဝေသာလီမြို့တော်ပင်ဖြစ်သည်ဟု ခန့်မှန်းရခြင်းဖြစ်ပေသည်'[၂]ဟုဖော်ပြခဲ့၏။

ဤသို့ဖြင့် ကျောက်စာလာ ဒွင်စန္ဒြားမင်းသည် ဝေသာလီမင်းဆက်ဖြစ်ကြောင်း အခိုင်အမာသိလာရသောအခါ ရခိုင်ရာဇဝင်လာ မဟာတိုင်းစန္ဒြားမင်းအစပြုသော ဝေသာလီမင်းဆက်သည် အတော်ပင်မှေးမှိန်သွားခဲ့ရ၏။ သမိုင်းဆရာအသီးသီးသည် ရာဇဝင်လာ ဝေသာလီမင်းဆက်အပေါ် သံသယဝင်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် ကျောက်စာလာ စန္ဒြားမင်းဆက်နှင့် ရာဇဝင်လာစန္ဒြားမင်းဆက်မှာ မင်းအမည်၊ မင်းအရေအတွက်နှင့် နန်းစံကာလများ မည်သို့မျှတိုက်ဆိုင်ညှိနှိုင်း၍ မရနိုင်လောက်အောင်ဖြစ်သောကြောင့်ပင်တည်း။ ဤအခြေအနေမျိုးကို ရင်ဆိုင်လာရသောအခါ အစဉ်အဆက်က ကြိုးစားပမ်းစားလက်ဆင့်ကမ်းယူလာခဲ့သည့် ရခိုင်ရာဇဝင်ကို မျက်ကွယ်ပြုရတော့မည်လော၊ ကျောက်စာကိုသာ အမှန်ယူရတော့မည်လောဟူသော ပြဿနာအပြင် ကျောက်စာနှင့်ရာဇဝင်ကို မည်သည့်နည်းနှင့်မျှ ညှိနှိုင်း၍မရနိုင်တော့ပြီလောဟု ပြဿနာတစ်ရပ်လည်းပေါ်ပေါက်လာရပေသည်။

ရာဇဝင်လာ ဝေသာလီစန္ဒြားမင်းဆက်သည် ကျောက်စာလာ ဝေသာလီစန္ဒြားမင်းဆက်နှင့် အခြေအနေများစွာတို့တွင် ကွဲပြားနေခြင်းမှာ ဝေသာလီသမိုင်းပြုစုရေးအတွက် အဓိကရင်ဆိုင်နေရသော ပြဿနာများအနက်တစ်ခုအပါအဝင်ဖြစ်လိမ့်မည်ဟု  ယူဆမိပါသည်။

အချို့ရာဇဝင်လာမင်းဆက်ကို စိတ်ကူးယဉ်မင်းဆက်အဖြစ် ယူဆသကဲ့သို့ အချို့ကလည်း ကျောက်စာလာ ဒွင်စန္ဒြားမင်းကြီးကို ရာဇဝင်လာ မဟာတိုင်းစန္ဒြားမင်းအဖြစ် ထပ်တူပြု၍ သတ်မှတ်လိုကြဟန်ရှိပါသည်။[၃]

ရာဇဝင်တွင် ဝေသာလီကို မဟာတိုင်းစန္ဒြားမင်းကြီးတည်ထောင်ကြောင်း၊ မင်း(၉)ဆက်စိုးစံခဲ့ကြောင်းဆိုပါသည်။ ယင်းမင်းဆက်သည် ရှစ်ရာစုမှဆယ်ရာစုထိစိုးစံခဲ့ကြောင်းဆိုပါသည်။ ကျောက်စာတွင် ဝေသာလီကို တည်ထောင်သူမှာ ဒွင်စန္ဒြားမင်းကြီးဖြစ်၍ အာနန္ဒစန္ဒြားထိမင်း(၂၂)ဆက်ကိုပြဆိုထားပါသည်။ ဒေါက်တာဂျွန်စတင်အလိုအရ ယင်းမင်းဆက်သည် အေဒီ–၃၅၀မှ ၇၀၉ထိ(ဆာကားအလို အေဒီ–၃၇၀မှ ၇၂၉ထိ) စိုးစံခဲ့ကြောင်းဆိုကြပါသည်။

ရာဇဝင်နှင့် ကျောက်စာပါ မင်းအမည်များကို တိုက်ဆိုင်ကြည့်သောအခါ၊ ကာလစန္ဒြားမင်းတဦးတည်းသာ အမည်တူကြောင်းတွေ့ရသည်။ ဒေါက်တာဂျွန်စတင်က ဒွင်စန္ဒြားနှင့်မဟာတိုင်းစန္ဒြားသည်လည်း အမည်ချင်းနီးစပ်သည်ဟု ယူဆခဲ့ပါသည်။ ယင်းအဆိုကိုလိုက်၍ အချို့ကလည်း ဒွင်စန္ဒြားနှင့် မဟာတိုင်းစန္ဒြားသည် ဘာသာဗေဒနည်းအရ အမည်ချင်းတူညီကြောင်းဖော်ပြခဲ့ကြ၏။[၄] ဂျွန်စတင်သည် ကျောက်စာကိုဖတ်ပြီး ဝေသာလီဒင်္ဂါး(၂၁)ပြားကိုဖော်ပြကာ ဒင်္ဂါးပေါ်မှအမည်များနှင့် ကျောက်စာမှမင်းအမည်များတူညီကြောင်းပြဆိုခဲ့သည်။ ယင်းနောက်သူသည် ဒင်္ဂါးအကိုးအကားဖြင့် ကျောက်စာကိုအခိုင်အမာယူကာ ရာဇဝင်ကိုပစ်ပယ်လိုက်ပါသည်။ သူသည်ကျောက်စာလာ စန္ဒြားမင်းဆက်၏နန်းစံနှစ်ပေါင်း(၂၃၀)ရအောင်ကြံဖန်ခဲ့ပြန်သည်။ သူသည်ကျောက်စာလာ ဒွင်စန္ဒြားမင်းကြီးအား ရာဇဝင်လာမဟာတိုင်းစန္ဒြားမင်းနှင့် တစ်ဦးတည်းအဖြစ်ယူဆကာ ရာဇဝင်လာမဟာတိုင်းစန္ဒြားမင်းဆက်သည် ကျောက်စာလာ ဒွင်စန္ဒြားမင်းဆက်ကိုပြန်လည်မှန်းဆပြုပြင်ဖော်ပြခြင်းသာဖြစ်တန်ရာသည်[၅] ဟုဆို၏။

ယခုသော် ဤအယူအဆသည် သံသယဝင်စရာများနှင့် ကြုံတွေ့နေရပြီဖြစ်သည်။ စာရေးသူအနေဖြင့် ဤပြဿနာအပေါ် သံသယဝင်ခဲ့ခြင်းမှာ ဒွင်စန္ဒြားမင်းကြီးနှင့် တိုင်းစန္ဒြားမင်းကြီးတို့ နန်းစံနှစ်ကွာခြားလှမှုပင်ဖြစ်ပါသည်။ ရာဇဝင်ကို'ပယ်ပစ်၍မရနိုင်ဟု ယူဆစရာဖြစ်လာပါသည်။ ရာဇဝင်လာမင်းများအနက် သူရိယစန္ဒြား၊ သိင်္ဂစန္ဒြားနှင့်စူလစန္ဒြားတို့၏ဒင်္ဂါးများကို တွေ့ရှိရပြီးဖြစ်ပါသည်။[၆] ထိုဒင်္ဂါးများက ရာဇဝင်လာစန္ဒြားမင်းဆက်သည် ဝေသာလီတွင်အမှန်တကယ်စိုးစံခဲ့သော မင်းများဖြစ်ကြောင်း ဖေါ်ပြနေကြပါသည်။ ထို

အခါ ရာဇဝင်လာစန္ဒြားမင်းဆက်၏ အခန်းကဏ္ဍကိုဖော်ထုတ်ရန် ကျွန်တော်တို့တွင် တာဝန်ရှိလာပါသည်။

ကျောက်စာလာ စန္ဒြားမင်းဆက်သည် တစ်ဆင့်စကားတစ်ဆင့်နားပြောဆိုလာခဲ့သော ပါးစပ်ရာဇဝင်ကို မှီငြမ်းပြု၍ ရေးထိုးခဲ့သည်ဆိုခြင်းထက် ယခုအခါ ရှာဖွေမတွေ့နိုင်တော့သည့် ခိုင်မာသောနန်းစဉ်မှတ်တမ်း တစ်စောင်ကိုမှီငြမ်းပြုရေးထိုးခဲ့ခြင်းသာဖြစ်နိုင်သကဲ့သို့ ရာဇဝင်လာ စန္ဒြားမင်းဆက်သည်လည်း ဤအတိုင်းပင် ဖြစ်ပေလိမ့်မည်။ ဤသို့ဖြင့် ဝေသာလီသမိုင်း၌ ရာဇဝင်လာမင်းဆက်၏နေရာကို ရှာဖွေရတော့မည်ဆိုပါလျှင် အာနန္ဒစန္ဒြားကျောက်စာသာမက ယင်းကျောက်စာတိုင်၏ အရှေ့ဖက်မျက်နှာနှင့် မြောက်ဖက်မျက်နှာရှိ ကျောက် စာများမှ သိရှိရပြီးသမျှကိုစုဆောင်း၍ ရာဇဝင်၊ ဒင်္ဂါးများနှင့်ညှိနှိုင်းရန်လိုအပ်လာပါသည်။

အာနန္ဒစန္ဒြားကျောက်စာအရ ဒွင်စန္ဒြားမင်းမှ အာနန္ဒစန္ဒြားမင်းထိ နန်းစံကာလမှာ လေးရာစုအလယ်အပိုင်း မှ ရှစ်ရာစုအလယ်ပိုင်းထိဖြစ်ကြောင်း သိရပါသည်။ ကျောက်စာတိုင်၏မြောက်ဖက်မျက်နှာတွင် စာကြောင်းရေ (၆၉)ကြောင်းပါရှိသော ကျောက်စာရှိသည်။ ဦးစံသာအောင်က ယင်းမြောက်ဖက်မျက်နှာရှိ ကျောက်စာကို ရှေ့ပြေးဘင်္ဂလီအက္ခရာများနှင့်တူညီကြောင်းပြဆိုပြီး အေဒီ(၁၀)ရာစုတွင် ရေးထိုးခဲ့ကြောင်းဆိုပါသည်။ ကျောက် စာမှာ အတော်အသင့်ပျက်စီးနေပြီဖြစ်သော်လည်း ဝေသာလီခေတ်နှောင်းမင်းများ ပါဝင်ကြောင်း၊ ယင်းမင်းများတွင် သိင်္ဂစန္ဒြားမင်း၏အမည်ကို အထင်အရှားတွေ့ရကြောင်းဆိုပါသည်။ ဦးစံသာအောင်၏ဤ တွေ့ရှိချက်ကို အထူးဂရုပြုစရာရှိနေပါသည်။ သိင်္ဂစန္ဒြားမင်း၏အမည်ကို ရာဇဝင်တွင် တွေ့ရှိရပြီးဖြစ်သည့်ပြင်၊ သိင်္ဂစန္ဒြား ၏ဒင်္ဂါးကိုလည်း တွေ့ရှိရပြီးဖြစ်ပါသည်။၁ ထို့ကြောင့် သိင်္ဂစန္ဒြားမင်းသည် အေဒီ(၇၂၉)မှ ဝေသာလီ ပျက်သုဉ်းသည့် အေဒီ(၉၅၇)ထိကြားကာလတွင် စိုးစံခဲ့သော ဝေသာလီမင်းတစ်ပါးဖြစ်ကြောင်း မှတ်ယူရပေမည်။ ဤသို့ဆိုလျှင် အာနန္ဒစန္ဒြားမင်းလွန်ပြီးနောက်တွင် ဝေသာလီ၌ စန္ဒြားမင်းဆက်ရှိနေသေးသည်ဟူ၍ အတိအကျ ဆိုရမည်ဖြစ်ပါ သည်။

ရခိုင်ရာဇဝင်တွင် ဝေသာလီမင်းဆက်(၉)ဆက်၏ နောက်ဆုံးမင်းဖြစ်သော စူလစန္ဒြားမင်းကြီးသည် တကောင်းပြည်သင်းတွဲမြို့မှအပြန်၊ အေဒီ (၉၅၇)တွင် မော်တင်စွန်းနဂါးရစ်အငူ၌ သင်္ဘောနစ်၍နတ်ရွာလား ကြောင်းဆိုပါသည်။ အခြားတစ်ဖက်ကလည်း ဤကာလတွင်ဝေသာလီကို မွန်ဂိုစစ်တပ်ကြီး ဝင်ရောက်တိုက်ခိုက် ၍ ဝေသာလီပျက်စီးကြောင်းဆိုပါသည်။ မောရစ်ကောလစ်က အစဉ်အလာတွင် ဟိန္ဒူဝါဒနှင့် မဟာယနဗုဒ္ဓ ဘာသာထွန်းကားခဲ့ပြီး ယင်းအချိန်မှစ၍ ဟိန္ဒူမျိုးနွယ်နှင့် မွန်ဂိုမျိုးနွယ်တို့ပေါင်းစည်းကာ ရခိုင်လူမျိုးနှင့် ရခိုင် ဘာသာစကားဖြစ်လာကြောင်း၊ စာပေအရေးအသားသည် ယင်းထက်နောက်ကျ၍ (၁၁)နှင့်(၁၂)ရာစုများတွင်မှ ပုဂံမှရောက်ရှိလာကြောင်းဆိုပါသည်[၉]။

ရခိုင်ရာဇဝင်တွင်ပြဆိုသကဲ့သို့ စူလစန္ဒြားမင်းကို ဝေသာလီနောက်ဆုံးမင်းအဖြစ် လက်ခံရမည့်အကြောင်း ရှိနေပါသည်။ အာနန္ဒစန္ဒြားကျောက်စာတွင် အာနန္ဒစန္ဒြားမင်းသည် ဝေသာလီနောက်ဆုံးမင်းဖြစ်ပြီး အေဒီ (၇၂၉) ထိ စိုးစံခဲ့ပါသည်။ ရာဇဝင်တွင် စူလစန္ဒြားမင်းကို အေဒီ(၉၇၅)ထိစိုးစံကြောင်း ပြဆိုပါသည်။ ဝေသာလီတွင် နောက်ဆုံးတွေ့ရှိရသောဒင်္ဂါးမှာ စူလစန္ဒြားဒင်္ဂါးဖြစ်ပါသည်။ စူလမဟာရာဇာ[၁၀]ဟူ၍ ယနေ့ခေတ်သုံးအက္ခရာ မျိုးဖြင့် ရေးထိုးထားပြီး ကျောဖက်တွင် နာဂရီအက္ခရာဖြင့် စာခတ်နှိပ်ထားပါသည်။ ခုနှစ်သက္ကရာဇ်မပါရှိပါ။ စူလကိုရေးရာ၌(စ)အက္ခရာရေးပုံမှာ မြောက်ဦးခေတ်အရေးအသားမျိုးမဟုတ်ကြောင်းနှင့် ဤဒင်္ဂါးသည်မြောက်ဦး ခေတ်ဒင်္ဂါးမဟုတ်ကြောင်း ဦးစံသာအောင်က သက်သေပြခဲ့ပါသည်၁၁။ ဦးစံသာအောင်၏ရခိုင်အက္ခရာပြောင်း လဲလာပုံနှင့် တိုက်ဆိုင်ကြည့်သောအခါလည်း အေဒီ(၈)ရာစုမှ (၁၀)ရာစုရေးထိုးထားသော အက္ခရာနှင့် တူညီပါ သည်[၁၂]။

ယင်းအပြင် လောင်းကြက်ခေတ်မင်းထီးဒင်္ဂါး၏ရင်ဘတ်၌ ယခုခေတ်သုံးအက္ခရာဖြင့် (၆၆၀)'နရပတိ ဦးရီးတော် မဟာနန္ဒဘယ'ဟုရေးထိုးထားပြီး ကျောဖက်တွင် နဂရီအက္ခရာဖြင့် စာခတ်နှိပ်ထားပါသည်။ သက္ကရာဇ် ရေးထိုးမှုမရှိခြင်း၊ အက္ခရာအရေးအသားရေးကျခြင်းတို့ကြောင့် စူလမဟာရာဇာ ဒင်္ဂါးသည် လောင်းကြက်ခေတ် မြောက်ဦးခေတ်တို့ထက်ပို၍ ရေးကျကြောင်းထင်ရှားပါသည်။ စူလမဟာရာဇာဒင်္ဂါးသည် ရာဇဝင်အတွက်သာ အရေးကြီးသည်မဟုတ်ဘဲ၊ ရခိုင်အက္ခရာသမိုင်းအတွက်လည်း တန်ဖိုးမဖြတ်နိုင်သောသက်သေခံဒင်္ဂါးဖြစ်နေ

ပါသည်။ ထို့ပြင်ဝေသာလီဒင်္ဂါးများသည် စာသက်သက်ရေးထိုးလေ့မရှိဆိုသော မောရစ်ကောလစ်၏အယူအဆ မှားယွင်းကြောင်းတွေ့ရှိရပါသည်။

ဤစူလစန္ဒြားဒင်္ဂါးကိုလေ့လာခြင်းဖြင့် (၈)ရာစုမှ (၁၀)ရာစုအတွင် ရခိုင်စာပေအက္ခရာအရေးအသားသည် ရှေးဟောင်းဗြဟ္မီဆင့်ပွားအက္ခရာမှ မြောက်ဦးခေတ်အက္ခရာအရေးအသားသို့တရွေ့ရွေ့ပြောင်းလဲလာကြောင်းတွေ့ နိုင်ပါသည်။ ထို့ကြောင့် ဤဒင်္ဂါးသည် ရခိုင်အက္ခရာသမိုင်းအတွက် အရေးကြီးကြောင်းဆိုနိုင်ခြင်းဖြစ်ပါသည်။

ရာဇဝင်တွင် စူလစန္ဒြားမင်း၏ နန်းစံနှစ်ပေါင်းကို (၃၆)နှစ်ဟု ပြဆိုပေရာ ဤမင်းသည် အေဒီ(၉၂၁)တွင် နန်းစံ၍ ဒင်္ဂါးများကိုလည်း အေဒီ(၉၅၇)မတိုင်မီ သွန်းလုပ်ခဲ့မည်ဟုခန့်မှန်းနိုင်ပါသည်။ ဤအထောက်အထား များအရ (၁၀)ရာစုအလယ်ပိုင်းတွင် ရခိုင်ပြည်၌ယနေ့သုံးစွဲနေသော အက္ခရာအရေးအသားပေါ်ပေါက်နေပြီဖြစ် သည်ဟု ယူဆရပေမည်။ အခြားအထောက်အထားမှာ ယင်းဒင်္ဂါးတွင်'စူလမဟာရာဇာ'ကို ရေးရာ၌(လ၊မ၊ဟ) အက္ခရာတို့သည် မြောက်ဦးခေတ်သုံးအက္ခရာများနှင့် ဆင်တူနေသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် (၁၁)ရာစု (၁၂)ရာစုတွင်မှ စာအရေးအသား ပုဂံမှရောက်လာသည်ဆိုသော မောရစ်ကောလစ်၏အယူအဆမှားယွင်းနေ ပါသည်။ ရခိုင်သမိုင်းစဉ်တွင်(၈)ရာစုမှ (၁၀)ရာစုထိကာလကို အသေးစိတ်လေ့လာဖော်ထုတ်နိုင်လျှင် ရခိုင် စာပေအက္ခရာအရေးအသားသည် ရှေးပဝေသဏီခေတ်ကပင် ဆင်းသက်လာခဲ့သည့်ပြောင်းလဲမှုကွင်းဆက်ကို တွေ့မြင်နိုင်ပါမည်။

အထက်ပါအထောက်အထားများကြောင့် စူလမဟာရာဇာဒင်္ဂါးသည် အာနန္ဒစန္ဒြားကျောက်စာပါ မင်းများ အနက် နောက်ဆုံးတွေ့ရှိရသော ဒင်္ဂါးဖြစ်သည့် ဓမ္မစန္ဒြားဒင်္ဂါးနှင့် မြောက်ဦးခေတ်မင်းထီးဒင်္ဂါးတို့ကြားကာလ တွင် သွန်းလောင်းသောဒင်္ဂါးဖြစ်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့်စူလစန္ဒြားနှင့် သိင်္ဂစန္ဒြားမင်းတို့သည် အာနန္ဒစန္ဒြားနှင့် လောင်းကြက်ခေတ်မင်းထီးတို့ကြားကာလတွင် ဝေသာလီ၌စိုးစံခဲ့သော မင်းများအနက် ပါဝင်နေ ကြောင်းသိသာပါသည်။

(၂) မဟာတိုင်းစန္ဒြားမင်း စိုးစံသောကာလမှာ (၇) ရာစုနှင့် (၁၀)ရာစုကြားကာလဖြစ်နေခြင်း။

(၃) စူဠစန္ဒြားဒင်္ဂါးသည် စာပေအက္ခရာအရေးအသား၌ ဝေသာလီခေတ်အရေးအသားမှ လောင်းကြက်ခေတ် အက္ခရာအရေးအသားဘက်သို့ပြောင်းလဲနေသောခေတ်တွင် ရေးထိုးထားသော ဒင်္ဂါးဖြစ်နေခြင်း။

(၄) ရာဇဝင်လာမင်းဆက်မှ သူရိယစန္ဒြား၊ သိင်္ဂစန္ဒြားမင်းတို့၏ ဒင်္ဂါးများကိုတွေ့ရှိရပြီးဖြစ်ခြင်း။

(၅) သိင်္ဂစန္ဒြားမင်း၏အမည်ကို ကျောက်စာတိုင် မြောက်ဘက်မျက်နှာရှိ (၁၀)ရာစုထိုး ကျောက်စာတွင် တွေ့ရှိရခြင်း။

စသည်တို့ကြောင့် မဟာတိုင်းစန္ဒြားမင်းသည် အေဒီ(၇၈၈)တွင် ဝေသာလီပြည်ကိုပြန်လည်ထူထောင်သော မင်းတစ်ပါးဖြစ်ပြီး၊ ယင်းသည်ကျောက်စာလာဒွင်စန္ဒြားမင်းမဟုတ်ကြောင်းထင်ရှားနေပါသည်။ ထို့ကြောင့် ဒေါက်တာဂျွန်စတင်၏ရာဇဝင်လာ စန္ဒြားမင်းဆက်သည် ကျောက်စာလာစန္ဒြားမင်းဆက်ကို ပြန်လည်မှန်းဆ ပြုပြင်ဖော်ပြချက်သာဖြစ်သည်ဟူသော တင်ပြချက်မှာ အခြေအမြစ်မခိုင်လုံပါ။

အမှန်မှာ ဤမင်းများသည် ဝေသာလီနှောင်းခေတ်မင်းများဖြစ်တန်ရာသည်။ ဒင်္ဂါးများက ယင်းမင်းများ မတိုင်မီကပင် စန္ဒြားမင်းဆက်ရှိခဲ့သည်ကို ဖော်ပြနေသည်ဟူသော ဦးစံသာအောင်၏ရေးသားချက်ကိုအလေး အနက်ထား၍ မှတ်ယူစဉ်းစားဖွယ်ရှိနေပါသည်။ အကြောင်းကြောင်းကိုထောက်ဆလိုက်လျှင် ကျောက်စာလာ ဒွင်စန္ဒြားမင်းကြီးသည်ရာဇဝင်လာမဟာတိုင်းစန္ဒြားမင်းကြီးမဟုတ်ကြောင်းကို ကျွန်ုပ်တို့မှတ်ယူရပေမည်။

| | | | |
|---|---|---|---|
| ၁။ အာနန္ဒစန္ဒြ(၈)ရာစု | ရခိုင်ဝေသာလီမင်း | (ဦးစံသာအောင်) | စာ–၁၀၆/၇/၈။ |
| ၂။ –––၄င်း––––– | | | စာ ၁၆၁။ |
| ၃။ ရခိုင်ညွှန့်ဖူး | | | စာ ၁၂၇။ |
| ၄။ ရခိုင်ခေတ်ဦးသမိုင်း | (စစ်တွေကောလိပ်မဂ္ဂဇင်း) | | စာ– |

၅။ Some Sanskrit Insceription of Arakam (E.H.Johnston)
၆။ ရခိုင်ဒင်္ဂါးများ (ဦးစံသာအောင်) စာ–ပုံ (၁၃)(၁၈)(၁၉)
၇။ အာနန္ဒာစန္ဒြား (ဦးစံသာအောင်) စာ ၁၇၂။
၈။ ရခိုင်ဒင်္ဂါးများ (ဦးစံသာအောင်) ပုံ ၁၈။
၉။ Arakan's place in the Civilization of the Bay (M. Callice)
၁၀။ ရခိုင်ဒင်္ဂါးများ (ဦးစံသာအောင်) ပုံ ၁၉။
၁၁။ ရခိုင်ဒင်္ဂါးများ (ဦးစံသာအောင်) စာ ၂၇။
၁၂။ Arakan's Scripts its origin and Evolution (U Aung Tha Oo)
၁၃။ ရခိုင်ဒင်္ဂါးများ (ဦးစံသာအောင်) စာ ၇။

# ဝေသာလီခေတ် အမြင်သစ်

ဝေသာလီခေတ်ကိုပြန်လို့ကြည့်ကတ်ဖို့ ဆိုကေတော့ခါ အာနန္ဒစန္ဒြကျောက်စာကို သတိရကတ်ပါလိမေ။ ယင်းကျောက်စာရေ ဝေသာလီခေတ်နန့် ပတ်သက်ပျာ ရခိုင်ရာဇဝင်ကျမ်းအားလုံးထက် ပိုလို့ခိုင်မာရေဆိုစွာကို သုတေသီရို့ လက်ခံကတ်ရပါရေ။ ဇာကြောင့်လဲးလို့ဆိုကေ လက်ဟိရာဇဝင်တိစွာ ၁၅ရာစုနန့် နောက်ပိုင်းကျမှ ရီးခကတ်တေရာဇဝင်တိဖြစ်ပြီးကေ ကျောက်စာကတော့ ဝေသာလီခေတ်ထဲမာပင် ရီးထိုးခရေအတွက်နန့်ဖြစ်ပါရေ။ ယေဒါလဲး ကျောက်စာမာပါရေ မင်းရို့သွန်းလုပ်ခရေ ဒင်္ဂါးတိကို တွိနီကတ်ရရေပိုင် ရာဇဝင်လာမင်းတချို့ သွန်းခရေဒင်္ဂါးတိကိုလဲး တွိရရေအတွက် ရာဇဝင်မာပါရေ မင်းရို့လဲး ဝေသာလီမာအမှန်စိုးစံခကတ်တေ မင်းတိဖြစ်တေဆိုစွာကို ကျွန်တော်ရို့လက်ခံကတ်ရပါရေ။

ရာဇဝင်မာ ဝေသာလီမင်းဆက်ကို မဟာတိုင်းစန္ဒြမင်းကြီးစွာ အေဒီ ၇၈၈ခုနှစ်မှာ တည်ထောင်ရေလို့ဆိုပါရေ။ (ကိုး–၉။စာ–၅)။ ဦးစံသာအောင်ကလဲး ဝေသာလီမင်းဆက်ကို ရခိုင်ရာဇဝင်မာ အေဒီ ၈ရာစုက ၁၀ရာစုထိ စိုးစံကတ်တေလို့ ဖော်ပြပနာ။ မင်း ၉ပါးဟိပြီးကေ နောက်ဆုံးမင်းစွာ စူလစန္ဒြမင်းဖြစ်တေလို့ (ကိုး–၃၊စာ–၇)ရီးခပါရေ။ အာနန္ဒစန္ဒြကျောက်စာဂါထာ(၁၉)(၂၀)နန့် (၂၁)ရို့မာဝေသာလီကို တည်ဆောက်တေမင်းစွာ ဒွင်စန္ဒြမင်းကြီးဖြစ်ကြောင်း၊ မြို့တော်စွာ နတ်ပြည်ထက်ပိုလို့လှပကြောင်းကို (ကိုး–၄၊စာ–၁၀၈)ရီးထိုးခပါရေ။ မြို့နာမည်ကိုတော့ခါ ကျောက်စာမာ မတွိရပါ။ ယေဒါလဲး ဒေါက်တာဂျွန်စတင်၊ ဒေါက်တာဆာကား၊ ဦးစံသာအောင် အစဟိရေသုတေသီရို့က အထောက်အထားခိုင်ခိုင်လုံလုံနန့် ဒွင်စန္ဒြမင်းကြီးတည်ခရေမြို့စွာ၊ ဝေသာလီမြို့ဖြစ်တေလို့ ဆိုခကတ်ပါဗျာယ်။

ဒွန်စန္ဒြမင်းကြီး ဝေသာလီမြို့တည်ရေနှစ်ကို ဒေါက်တာဆာကားက အေဒီ၃၇၀လို့ သတ်မှတ်ပါရေ။ အာနန္ဒြကျောက်စာရီးထိုးရေနှစ်ကိုလဲး အေဒီ ၇၂၉ခုလို့ သတ်မှတ်ခပါရေ။ ရခိုင်သမိုင်းသုတေသီရို့ကတော့ အေသတ်မှတ်ချက်ကို အများအပြားလက်ခံကတ်ပါရေ။

အချို့သုတေသီရို့က ရာဇာဝင်က မဟာတိုင်းစန္ဒြမင်းကြီး နန်းတက်တေနှစ်ကို အေဒီ ၃၂၇လို့ ပြပြီးကေ စူလစန္ဒြမင်းနတ်ရွာစံရေနှစ်ကို အေဒီ ၇၆၉လို့ ရီးကတ်ပါရေ။ (ကိုး–၅၊ စာ–၁၉၁)။ ယချင့်အပြင် သူရို့က ကျောက်စာက ဒွင်စန္ဒြမင်းနန့် ရာဇဝင်က မဟာတိုင်းစန္ဒြမင်းရို့ကို ထပ်တူပြုပြီးကေ ဒွင်စန္ဒြမင်းကြီးနန်းတက်တေ

နှစ်ကိုလဲ အေဒီ ၃၂၇လို့ရီးပနာ။ အာနန္ဒစန္ဒြမင်း နတ်ရွာစံရေနှစ်ကိုလဲ အေဒီ ၆၆၇လို့ရီးပါသီးယင့်(ကိုး–၅။ စာ–၁၉၅)။ သူရို့ယူဆချက်မာ မဟာတိုင်းစန္ဒြကနီပနာ စူလစန္ဒြမင်းထိ ရာဇဝင်မာပါဟိရေ ဝေသာလီမင်းရို့ နန်းစံနှစ်ပေါင်းစွာ ၄၄၁နှစ်ဖြစ်တေအတွက်နန့်၊ အေဒီ ၇၆၉အထိဖြစ်ပြီးကေ ကျောက်စာက ဝေသာလီမင်းရို့ နန်းစံနှစ်ပေါင်းစွာ ၃၅၉နှစ်ဖြစ်တေအတွက် အေဒီ ၆၈၆အထိဖြစ်ပြီး၊ ဝေသာလီနန်းပျက်စီးလားခရေ နှစ်နန့်ပတ်သက်ပနာ ၈၃နှစ် ကွာခြားနီစွာ တွိရပါရေ။ ယင်းသုတေသီရို့စွာ၊ ကျောက်စာလာ စန္ဒြမင်းဆက်ကို ရာဇဝင်လာ စန္ဒြမင်းဆက်နန့်ထပ်တူဖြစ်တေလို့ ရီးသားယူဆနီကတ်ကေလဲ၊ အေပိုင်ဝေသာလီထီးနန်းပျက်လားခရေ ခုနှစ်နန့် ပတ်သက်လို့ ကွာဟနီစွာကိုတော့ ဖြေရှင်းချက်မပီးနိုင်ကတ်ပါသီး။

ယင်းသုတေသီရို့က ဒွင်စန္ဒြမင်းစွာ မဟာတိုင်းစန္ဒြမင်းကြီးဖြစ်တေလို့ ဆိုရုံမက ကျောက်စာမာပါရေ ကာလစန္ဒြ၊ သီရိဓမ္မဝိဇယမင်းရို့ကို ရာဇဝင်ထဲက ကာလစန္ဒြ၊ သီရိစန္ဒြမင်းရို့ ဖြစ်တေလို့လဲ ဆိုကတ်ပါသီးရေ။ တချို့သုတေသီရို့ကတော့ အာနန္ဒစန္ဒြမင်းကို ရာဇဝင်က စူလစန္ဒြမင်းဖြစ်တေလို့တောင် ဆိုပါရေ(ကိုး–၇၊စာ–၁၂၆)။

ယင်းသုတေသီရို့ တင်ပြချက်တိမာ စူလစန္ဒြမင်းနတ်ရွာလားရေနှစ်ကို အေဒီ ၇၆၉ခုလို့ ဆိုပြီးကေ ယင်းမင်းနန်းစံရေနှစ်ပေါင်းက ၃၆နှစ်လို့ဆိုရေအတွက်နန့် စူလစန္ဒြမင်းနန်းတက်တေခုနှစ်စွာ အေဒီ ၇၃၃ဖြစ်လားပါရေ။ ယေကေယင်းမင်း သွန်းလုပ်ခရေ“စူလမဟာရာဇာ” ဒင်္ဂါးကို အေဒီ၇၃၃ခုမာ သွန်းလုပ်တေလို့ ဆိုစွာနန့် အတူတူဖြစ်ပါရေ။ ယေဒါလဲ ယင်းဒင်္ဂါးမာပါရေ အက္ခရာအရီးအသားအရ အေဒီ၇၃၃မာသွန်းလုပ်တေ ဒင်္ဂါးဇာပိုင်လဲ ဖြစ်နိုင်ဖို့အကြောင်းမဟိပါ။ အေဒီ ၈ရာစုအတွင်းမာ ရခိုင်ပြည်မာ အေပိုင်အက္ခရာမျိုးသုံးစွဲနီရေ၊ ပေါ်ပေါက်နီရေအထောက်အထားမဟိပါ။ အေဒီ ၇၂၉မာ ရီးထိုးခရေ အာနန္ဒစန္ဒြကျောက်စာကိုပင် နာလန္ဒာက ပုံပြောင်းလာရေ ဗြဟ္မီဆင့်ပွား အက္ခရာတိနန့်ရာ ရီးထိုးနီသီးစွာကို တွိရပါရေ။ ယင်းဇူးနန့်စူလစန္ဒြမင်းနန်တက်တေခုနှစ်ကို အေဒီ ၇၃၃လို့ ယူဆလို့မှန်နိုင်ဖို့မမြင်မိပါ။

နောက်တစ်ခုက ဒွင်စန္ဒြမင်းကြီးနန်းတက်ခုနှစ်ကို အေဒီ၃၂၇လို့ အာနန္ဒစန္ဒြကျောက်စာရီးထိုးရေနှစ်ကို ယင်းသုတေသီရို့ဖော်ပြကတ်တေပိုင် အေဒီ၆၈၆လို့(ကိုး–၅။စာ–၁၉၅)သတ်မှတ်တေလဲ အာနန္ဒစန္ဒြကျောက်စာကို နာလန္ဒာကယသောဓါမ်ကျောက်စာထက်ယင်းလို့ ရီးထိုးခရေလို့ ဆိုရေပိုင်ဖြစ်နီပါရေ။ ကျောက်စာမာ ပါရေ အက္ခရာအရီးအသားအရလဲ ယင်းပိုင်မဖြစ်နိုင်ပါ။

ဒေါက်တာဂျွန်စတင်က “ဒွင်”နန့် “တိုင်း”စွာဘာသာဗေဒအရ နီးစပ်တေ။ “ဒွင်စန္ဒြ”စွာ“မဟာတိုင်း”စန္ဒြဖြစ်နိုင်ရေဆိုစွာကို သံယောင်လိုက်ပနာ အချို့ကလဲ ကျောက်စာကသီရိဓမ္မဝိဇယမင်းကို ရာဇဝင်မာ ပါဟိရေ သီရိစန္ဒြမင်းဖြစ်တေလို့ အထောက်အထားမဟိဘဲ ဆိုကတ်ပြန်ပါရေ(ကိုး–၅။စာ–၁၉၂)။ ယေကေလဲ ရာဇဝင်မာ မင်း၉ပါးပြဆိုပနာ၊ ကျောက်စာမာက မင်း၂၂ပါးကိုတွိရပါရေ။

ရခိုင်ရာဇဝင်မာ ဝေသာလီခေတ် စန္ဒြမင်းဆက်နန်းစခကတ်တေ ခုနှစ်နန့်ပတ်သက်ပြီးကေ အယင်ကပင် အဂုအထိသုတေသီရို့ထဲမာ သဘောထားကွဲလွဲမှုတိ တွိရပါရေ။ ဦးစံသာအောင်အဆိုအရ ဆိုကေဖတ်လို့မရနိုင်လောက်အောင် ပျက်စီးနီးရေ အာနန္ဒစန္ဒြကျောက်စာတိုင်မြောက်ဖက်မျက်နှာမာ ရခိုင်ရာဇဝင်လာ မင်းဆက်ကို တွိရရေလို့ရီးခပါရေ။ ဖတ်လို့ရသလောက်သိဃံစန္ဒြမင်းကို တွိရရေလို့လဲ ဆိုပါရေ။ ပင်မလာဂတ္တာမင်ကတော့ ခါ ဖတ်လို့ရသလောက်မာ “သိဃံစန္ဒြ”“စူလစန္ဒြ”ဘွဲ့တိကိုလဲ တွိရရေလို့ဆိုပါရေ။ ဦးစံသာအောင်က အေကျောက်စာမာ အာနန္ဒစန္ဒြနောက် ဝေသာလီမှာ စိုးစံခကတ်တေ မင်းတိပါဝင်ပြီးကေ နောက်ဆုံးမင်းစွာ စူလစန္ဒြမင်းဖြစ်တေလို့(ကိုး–၃။ကိုး–၄)ဆိုပါရေ။

ကျောက်စာနန့် ရာဇဝင်ကိုညှိနှိုင်းရေအခါ သုတေသီရို့အချင်းချင်းထဲမာ ယင်းပိုင်သဘောထားကွဲနီစွာတိကို တွိလာရရေအခါအေပြဿနာကို ကျွန်တော်ရို့အနိန်နန့်ပစ်ထားလို့မရနိုင်ပါဗျာယ်။ အတတ်နိုင်ဆုံးဆိုရေပိုင် ညှိနှိုင်းစိစစ်ဖို့လိုအပ်လာပါရေ။ ယင်းပိုင်စိစစ်တေအခါ ကျောက်စာနန့်ရာဇဝင်က မင်းရို့နာမည်ချင်းဆင်တူနီရေကိစ္စ၊ ရာဇဝင်လာမင်းတိစွာ ကျောက်စာလာ မင်းထဲက ဘုန်းကြီးရေမင်းတိကိုရာဖော်ပြခြင်းဖြစ်တေဆိုရေကိစ္စ၊ တစ်ဆက်ထဲမာ ယင်းကိစ္စတိကိုဆွေးနွေးယပင်း ဒင်္ဂါးတိကို ပညာသျှင်ရို့သတ်မှတ်ခကတ်တေ သတ်မှတ်

ချက်နန့် ချိန်ဆပျာ ဝေသာလီခေတ်အစနန့်အဆုံးကာလကို ကျွန်တော်ရို့သတ်မှတ်ရပါဖို့။

ရခိုင်ရာဇဝင်မာ မဟာတိုင်းစန္ဒြမင်းစွာ အမှတ်စဉ်(၁)ဖြစ်ပြီးကေ ကာလစန္ဒြမင်းစွာ အမှတ်စဉ်(၅)ဖြစ်ပါရေ။ ကျောက်စာမာ ဒွင်စန္ဒြမင်းစွာ အမှတ်စဉ်(၁)ဖြစ်ပြီးကေ ကာလစန္ဒြမင်းစွာ အမှတ်စဉ်(၃)မာဖြစ်နီစွာကို တွိရပါရေ။ ရာဇဝင်ဆရာစွာ ကျောက်စာမာပါရေ စန္ဒြမင်းရို့ကိုမှန်းဆဖော်ပြရေဆိုကေ၊ ကာလစန္ဒြမင်းကို အမှတ်စဉ်(၅)မာထည့်သွင်းပနာ။ သူရိယစန္ဒြ၊ မောလစန္ဒြနန့် ပေါလစန္ဒြမင်းရို့ကို အမှတ်စဉ်(၂)(၃)နန့်(၄)ရို့မှာ ထည့်သွင်းခဖို့မဟုတ်ပါ။ သိဃံစန္ဒြမင်း ဒင်္ဂါးနန့် (စူလမဟာရာဇာဒင်္ဂါးရို့ကလဲး)အေမင်းဆက်စွာ စိတ်ကူးယဉ်မင်းဆက်မဟုတ်ဆိုစွာကို သက်သီပြနီကတ်ပါရေ။ ယေပြီးကေ ကျောက်စာဝေသာလီ ပထမမင်းဆက်အဆုံးမာ မင်း(၁၆)ပါးလို့ရီးထိုးထားပနာ ရီတွက်ကြည့်ရေခါ မင်း၁၃ပါးထဲ တွိရရေအတွက်နန့် ချန်ထားခရေမင်း၃ပါးစွာ အေမ်းတိဖြစ်နိုင်ဖို့လားလို့ တွက်ဆကြည့်ပါရေ။ ယင်းပိုင်ဆိုပြန်ကေ“ဝီရစန္ဒြ”“ပြီတိစန္ဒြ”ရို့ပိုင်နန်းစံနှစ်က ကောင်းနဲ ရေ မင်းတိကို ကျောက်စာရီးထိုးစွာမှာချန်ထားဖို့ဆိုစွာ မဖြစ်နိုင်လို့တွက်ကြည့်မိပါရေ။ ယေပြီးကေ“ကာလစန္ဒြ”နန့် “ထူလစန္ဒြ” မင်းရို့ပိုင် မင်းဆိုးမင်းညစ်တိကို ရာဇဝင်မာတွိရစွာကလဲ ရာဇဝင်မာပါရေ မင်းတိစွာ ထင်ရှားကျော်ကြားပြီးကေ ဘုန်းတန်ခိုးကြီးမားရေ မင်းတိကိုဖော်ပြထားစွာ ဖြစ်တေဆိုစွာ ဖြစ်နိုင်ဖို့မဟုတ်ပါ။

ရာဇဝင်ရို့မာက အသီအချာလေ့လာကြည့်ရေခါ ကာလစန္ဒြမင်းနန့်ပတ်သက်ပနာ“ရတနာသုံးပါးကို မကြည်ညို၊ အလှူသီတင်းမဟိ၊ တိုင်းပြည်စီးပွားချမ်းသာကိုလဲး တိုးတက်အောင်မလုပ်၊ တိုင်းပြည်လဲး မငြိမ်းချမ်း၊ ရတနာမိုးလဲး မရွာ၊(ကိုး–၁“ဋ္ဌော်”ချပ်“ဝမ်း”၊ကိုး–၂၊“စ”ချပ်“ဝမ်း”)လို့ဆိုရေ။ ကျောက်စာမာ ကာလစန္ဒြမင်းစွာ (၉)နှစ်နန်းစံရေ။ နိုင်ငံရေး၊ လူမှုရေးမာကျွမ်းကျင်ရေ ယင်းမင်းစွာ နတ်ပြည်ကို ကြွမြန်းရေ”လို့(ကိုး–၄၊ စာ–၁၁၀)တွိရပါရေ။ ယချင့်တိကို ထောက်ပနာရာဇဝင်ထဲက ကာလစန္ဒြမင်းစွာ၊ ကျောက်စာမာပါရေ ကာလစန္ဒြမင်းလုံးဝမဖြစ်နိုင်ဆိုစွာ တွက်ဆကြည့်လို့ရပါရေ။ ရာဇဝင်ရို့မာ “ထူလစန္ဒြ”မင်းနန့်ပတ်သက်ပျာ အပျော်အပါးလိုက်စားပြီးကေ သူတော် ကောင်းရို့အဆုံးအမကိုမနာခံ၊ ရတနာသုံးပါး၊ သီလစာဂမာလဲမတည်၊ မင်းကျင့် တရားနန့်လဲးမညီ၊ ပြည်သူရို့ စီးပွားကိုလဲး မစောင့်ရှောက်လို့ (ကိုး–၁၊“ဋ္ဌော်”ချပ်“ကြော”၊ ကိုး–၂၊“စ”ဝမ်း)ပြဆိုကတ်ပါရေ။ ရာဇဝင်အားလုံးမာ အေမင်းတိကို မင်းကောင်းမင်းမြတ်တိ၊ ဘုန်းကြီးပြီးထင်ရှားရေမင်းတိလို့ မရီးသားကတ်ပါ။ တချို့သုတေသီရို့က အေပိုင်ဆိုးရွားစွာရေ မင်းကိုပင်ကျောက်စာရီးထိုးခရေ အာနန္ဒစန္ဒြမင်းဖြစ်တေလို့ ဆိုကတ်ပါသီးရေ။ (ကိုး–၇၊စာ–၁၂၆)။ သူရို့ကတော့ အေမင်းစွာအသက်ငယ်ရွယ်သီးရေအတွက်နန့် နောင်အခါမာ တရာဓမ္မကိုမျက်ကွယ်ပြုပနာ၊ အပျော်အပါးလိုက်စားခစွာ ဖြစ်နိုင်ရေလို့အကြောင်းပြပါရေ။ ယေဒါလဲး တိုတောင်းရေ နန်းစံကာလအတွင်းမာ ယင်းပိုင်ပြောင်းလဲလာဖို့ဆိုစွာ ဖြစ်နိုင်ဖို့ခဲယဉ်းပါရေ။ ထူလစန္ဒြမင်း နန်းစံနှစ်ကို ရာဇဝင်ကြီးမာ ၂၅နှစ်၊ ငမည်ရာဇဝင်နန့် ရခိုင်ရာဇဝင်သစ်ရို့မာ ၁၉နှစ်၊ ဉာဝတီရာဇဝင်သစ်မာ ၉နှစ်၊ အင်းစောက်မာ ၁၆နှစ် ဆိုပနာအမျိုးမျိုးပြဆိုကတ်ပါရေ။ နတ်ရွာစံရေအခါ ယင်းမင်းအသက်ကို ရာဇဝင်ကြီးမာ ၅၄နှစ်၊ ငမည်ရာဇဝင် နန့် ရခိုင်ရာဇဝင်သစ်ရို့မာ ၄၁နှစ်၊ အင်းစောက်ရာဇဝင်မာ ၃၈နှစ်လို့ဆိုကတ်ပါရေ။ ကျောက်စာမာတော့ခါ နန်းစံနှစ်ပေါင်းကို ၉နှစ်ရာရီတွက်လို့ရပါရေ။ ယေပြီးကေ ရာဇဝင်မာ ထူလစန္ဒြနန့်ပတ်သက်ပြီးကေ ကောင်းမှုကုသိုလ်ပြုလုပ်တေလို့ တစိသျှေလဲးဖော်ပြထားစွာ မတွိရပါ။ ယင်းဇုနန့် ထူလစန္ဒြစွာ၊ အာနန္ဒစန္ဒြမင်းဖြစ်နိုင်ဖို့ အခြေအနေမဟိပါ။

နောက်တစ်ခုက သီရိစန္ဒြမင်းနန့် သီရိဓမ္မဝိဇယမင်းကို အတူတူဖြစ်တေလို့ ဆိုထားရေကိစ္စပါ။ မေဓပညာမော်ကွန်းမာက သီရိစန္ဒြမင်းစွာ ဗုဒ္ဓသာသနာကို ပဥ္စမသင်္ဂါယနာတင်ပွဲကျင်းပခရေလို့ ဖော်ပြထားပါရေ။ ရခိုင်ပြည်က သံဃာ(၁၀၀၀)နန့် သီဟိုဠ်(သီရိလင်္ကာ)က သံဃာ(၁၀၀၀)ရို့ကပင့်ဖိတ်ပနာ(၃)နှစ်တိတိကြာမြင့်အောင် သင်္ဂါယနာတင်ပြီးကေ ပါဠိဘာသာနန့် ပိဋကတ်၊ အဋ္ဌကထာ၊ဋီကာတိကို ကြေးနီ၊ ကြေးဝါချပ်၅၀၀၀မာ အက္ခရာတင် ရီးထိုးခရေလို့ဆိုပါရေ။ (မေဓပညာမော်ကွန်း လင်္ကာကိုရှုပါ။)

ဗုဒ္ဓသာသနာ့သမိုင်းမာ သင်္ဂါယနာတင်ပွဲဆိုစွာက သာမန်လုပ်ငန်းသျှေမျိုးမဟုတ်ပါ။ အလေးအနက်ထားပျာ ကြီးကြီးကျယ်ကျယ်ကျင်းပရရေပွဲမျိုးဖြစ်ပါရေ။ ဗုဒ္ဓသာသနာတော်ကိုသက်ဝင်ယုံကြည်ရေ မင်းတစ်ပါးအဖို့ရာမာ သင်္ဂါယနာတင်ပွဲ ကျင်းပပီးရခြင်းထက် ပိုလို့ ထင်ရှားကျော်ကြားရေလုပ်ဆောင်မှုမျိုးမဟိနိုင်ဆိုစွာ

ကို သာသနာ့သမိုင်းကို လေ့လာဖူးရေလူတိုင်းသိကတ်ပါရေ။ အဇာတသတ်မင်း၊ ကာလသောကမင်း၊ အာသောကမင်း၊ ဒုဋ္ဌဂါမဏိမင်းရို့ကို ဉပမာထားပနာ ကြည့်ကေ တွက်ဆလို့ရပါရေ။ အချို့သုတေသီရို့ဆိုရေပိုင် ရာဇဝင်က သီရိစန္ဒြမင်းစွာ ကျောက်စာမာပါဟိရေ သီရိဓမ္မဝိဇယမင်းရာ ဖြစ်နီဖို့ဆိုကေ ကျောက်စာထဲမာ အဂုမြင်တွိရရေပိုင်း"ရတနာသုံးပါးကို အစဉ်အောက်မေ့ခြင်း ကုသိုလ်နန့်ယဉ်သောကြောင့်"ဝဆိုရေလောက်ရာ ဖော်ပြခဖို့မဟုတ်ပါ။ အဂုဖော်ပြထားစွာထက်ပိုပြီးကေ သင်္ဂါယနာတင်ရေအကြောင်းကို တစ်စွန်းတစ်စသျှေလောက်တော့ ရီးထိုးခပါဖို့။ တခြားအကြောင်းတစ်ခုကလဲ သီရိဓမ္မဝိဇယမင်းစွာ ထေရဝါဒပိဋကတ်တော်ကို ပါဠိဘာသာနန့်ရာ ရီးထိုးခဖို့အကြောင်း ဟိပါရေ။ ယေဇုနန့် ရာဇဝင်လာ သီရိစန္ဒြမင်းစွာ၊ ကျောက်စာမာ ပါဟိရေ သီရိဓမ္မဝိဇယမင်း မဟုတ်လို့ယူဆရပါဖို့။

သီရိစန္ဒြမင်းနန့် သီရိဓမ္မဝိဇယကို အတူတူဖြစ်တေလို့ ယူဆကတ်တေ သုတေသီရို့က သီရိဓမ္မဝိဇယမင်း နန်းတက်သက္ကရာဇ်စွာ အေဒီ ၆၆၅ ဖြစ်တေအတွက်နန့် အေဒီ ၆ရာစု၊ ၇ ရာစုက ရခိုင်ပြည်မာ သက္ကတဘာသာ သုံးစွဲခရေ အထောက်အထားတိက ပိုပြီးများနီရေအတွက် သင်္ဂါယနာတင်ပွဲမာ ရီးထိုးခရေ ဘာသာနန့်ပတ်သက် ပနာ"ခေတ်ပြိုင်ကျောက်စာအထောက်အထားတိအရ၊ ရီးထိုးခရေ ဘာသာစွာသက္ကတဘာသာနန့် ပါဠိဘာသာ နှစ်မျိုးလုံးဖြစ်နိုင်သည်"လို့(ကိုး-၆၊စာ-၁၅)ဆိုပြန်ပါရေ။ သာသနာ့သမိုင်းမာ ထေရဝါဒဂိုဏ်းစွာ တစ်ခုတည်း သော ပါဠိဗုဒ္ဓဘာသာဂိုဏ်းဖြစ်ပါရေ။ သီဟိုဠ်(သီရိလင်္ကာ)က ရဟန်းတော်ရို့ကတော့ ထေရဝါဒပိဋကတ်တော်ကို သက္ကတဘာသာနန့်တင်စွာကို လက်ခံပါဖို့လား။ သင်္ဂါယနာပွဲမာ ဦးစီးနာယကပုဂ္ဂိုလ်ဖြစ်တေ အရှင်မဟာစူလ ရေဝထေရ်ကကော အေဒီ၅ရာစုအတွင်းက ရှင်မဟာဗုဒ္ဓဃောသပါဠိဘာသာနန့်ရီးသားရေ ဝိသုဒ္ဓိမဂ်ကျမ်းကို သက္ကတဘာသာကို ပြောင်းပနာ ရီးသားပါဖို့လား ဆိုစွာကိုတွက်ဆကြည့်ဖို့လိုပါရေ။

ဒွင်စန္ဒြမင်းကြီးနန်တက်သက္ကရာဇ်ကို မဟာတိုင်းစန္ဒြမင်းကြီးနန်းတက်သက္ကရာဇ်နန့် အတူတူဆိုပနာ အေဒီ ၂၃၇လို့ရီးသားလိုက်ပြန်ရေအခါ အာနန္ဒစန္ဒြမင်းနန်းတက်သက္ကရာဇ်စွာ အေဒီ ၆၇၇ဖြစ်လာခရပါရေ။ ယင်းပိုင်ဆိုကေ အာနန္ဒစန္ဒြကျောက်စာရီးထိုးရေနှစ်စွာ အေဒီ ၆၈၆ဖြစ်လားခရပါရေ။ (ကိုး-၅။စာ-၁၉၅)။ ယင်းသုတေသီရို့က ယင်းပိုင်ဆိုနီကတ်ကေလဲ ဒေါက်တာဆာကား ရီးသားချက်တိကို ကြည့်ကေနာလန္ဒာကျောက်စာရီးထိုးချိန် အေဒီ ၇၂၅နန့်နောက်ပိုင်းမှရာ ရီးထိုးခရေလို့တွိရပါရေ။ ဒေါက်တာဂျွန်စတင် အရီးအသားအရလဲ အာနန္ဒစန္ဒြကျောက်စာစွာ နာလန္ဒာကျောက်စာထက်နောက်ကျပြီးကေ စာအရီးအသား ပုံပြောင်းစမာရီးထိုးရေလို့ သိရပါရေ။ ယင်းပိုင်လို့ဆိုကေ အာနန္ဒစန္ဒြမင်းနန်းတက် သက္ကရာဇ်စွာ ၆၇၇ဖြစ်တေ။ ဒွင်စန္ဒြမင်းနန်းတက်သက္ကရာဇ်စွာ အေဒီ ၃၂၇ဖြစ်တေဆိုစွာတိရေ ဖြစ်နိုင်ရေအယူအဆတိမဟုတ်ဆိုစွာကို တွိလာရပါရေ။ ယင်းသုတေသီရို့ယူဆရေအတိုင်းဆိုကေ အာနန္ဒစန္ဒြကျောက်စာရီးထိုးချိန်စွာ နာလန္ဒာကျောက်စာ ရီးထိုးရေအချိန်ထက်နှစ်ပေါင်း (၄၀)လောက်ပိုပြီးစောနီစွာကို တွိရပါရေ။

နောက်တစ်ခုဟိနီသီးစွာက"မဟာတိုင်းစန္ဒြ"နန့်"ဒွင်စန္ဒြ"ဆိုရေ နာမည်နှစ်ခုမာ "တိုင်း"နန့်"ဒွင်"ကိုဘာသာဗေဒအရ နီးစပ်တေ။ "တိုင်း"စွာ"ဒွင်"ဖြစ်တေ။ မဟာတိုင်းစန္ဒြမင်းတစ်ပါးထဲးနန့်သက်ဆိုင်စွာ မဟုတ်ကြောင်း တွိရပါရေ။ ရာဇဝင်စောင်စောင်ရို့မာ ဝေသာလီခေတ်မင်း၉ပါးရို့ကို ဖော်ပြရေခါ မဟာတိုင်းစန္ဒြ၊ သိင်္ဂတိုင်းစန္ဒြ၊ စူလတိုင်းစန္ဒြဆိုပနာပီမူတိမာ တွိကတ်ရရေအတွက် "တိုင်း" ဆိုရေစကားစွာ မဟာတိုင်းစန္ဒြမင်းတစ်ပါးထဲးနန့်ရာ သက်ဆိုင်နီရေစကားမဟုတ်စွာကို သတိပြုဖို့လိုပါဖို့။

ဦးစံသာအောင်က"ရခိုင်ရာဇဝင်မာ စန္ဒြမင်းဆက်ကို ၈ရာစုက ၁၀ရာစုထိ စိုးစံရေမင်းဆက်လို့ဖော်ပြရေ။ မင်း၉ဆက်ဟိပြီးကေ နောက်ဆုံးမင်းစွာ စူလစန္ဒြမင်းဖြစ်တေ။ ယင်းမင်းဆက်စွာ အေဒီ ၉၅၇လောက်မာ ပျက်စီးလားခရေဆိုပနာ မင်းရို့နာမည်တိကို ဖော်ပြဗျာ အေမင်းရို့ရေ ဝေသာလီနှောင်းခေတ်မာ စိုးစံခရေမင်းတိဖြစ်ပါဖို့။ ဒင်္ဂါးတိက အေမင်းကို မတိုင်ခင်ကပင် စန္ဒြမင်းဆက် ဟိနီခစွာကိုဖော်ပြနီ၏။ (ကိုး-၃။စာ-၇)လို့ ရီးခပါရေ။ ရာဇဝင်လာ စန္ဒြမင်းဆက်ရေ ဦးစံသာအောင်ယူဆခရေပိုင် ဝေသာလီနှောင်းခေတ်မင်းတိဖြစ်ပါရေ။ ဦးစံသာအောင်က "ကျောက်စာတိုင်မြောက်ဖက်မျက်နှာမာ စာကြောင်းရေ ၆၉ကြောင်းဟိရေကျောက်စာကို ရီးထိုး ထားရေ။ စာလုံးအက္ခရာပုံသဏ္ဌာန်စွာရို ဘင်္ဂလီအက္ခရာနန့်တူရေ။ ၁၀ရာစုလောက်က ရီးထိုးခရေလို့ ခန့်မှန်းရ

ရေ။ အေကျောက်စာမာလဲ၊ မင်းဆက်တိပါ၀င်စွာကို တွိရရေ။ အေကျောက်စာပါ ဘုရင်တစ်ပါးဖြစ်တေ သိဃံစန္ဒြမင်းဒင်္ဂါးတစ်ပြားကို တွိရပြီး ဖြစ်ပါရေ”လို့(ကိုး–၃၊ စာ–၉)ထိုးခပါရေ။ ဒေါက်တာစောထွန်းအောင် ဖော်ပြစွာမာလဲ: “ကျောက်စာပါ မင်းနာမည်မာ သီရိသိဃံ ဂဏ္ဍာသူရစန္ဒြ”လို့ ပါဟိပါရေ။ ဒင်္ဂါးနန့်ကျောက်စာမာပါရေနာမည်နှစ်ခုအများစု တူညီနီရေအတွက်နန့် မင်းနာမည်တိအတွက် ခိုင်လုံရေရုပ်ဝတ္ထုအထောက်အထားဖြစ်တေ(ကိုး–၈၊ စာ–၅၀)လို့ဆိုပါရေ။ သိဃံစန္ဒြမင်းနာမည်ကို ရာဇဝင်မာလဲတွိနီရပါရေ။

နောက်တစ်ခုက ကျောက်စာတိုင်းမြောက်ဖက်မျက်နှာမာ “စူလစန္ဒြ သတိလဝိကြမ”လို့ ပါဟိပါရေ။ စူလစန္ဒြမင်းစွာ ရာဇဝင်စန္ဒြမင်းဆက်က နောက်ဆုံးမင်းဖြစ်ပါရေ။(ယင်းမင်းသွန်းလုပ်ခရေလို့ ပညာသျှင်ရို့ယူဆထားရေ စူလမဟာရာဇာဒင်္ဂါးကိုလဲ: တွိထားရပါသီးယင့်။)

အာနန္ဒစန္ဒြကျောက်စာကို အေဒီ ၈ရာစုကရီးထိုးခပြီး၊ ကျောက်စာတိုင် မြောက်ဖက်မျက်နှာမာ ကျောက်စာကို ၁၀ရာစုမာ ရီးထိုးခရေဆိုစွာကို ထောက်ပနာ ယင်းမြောက်ဖက်မျက်နှာပါ မင်းရို့ရေ အာနန္ဒစန္ဒြနောက်မှ ဝေသာလီကစိုးစံခရေ မင်းရို့ဖြစ်ကတ်တေလို့ အတိအကျဆိုနိုင်ပါရေ။ ကျောက်စာတိုင်မြောက်ဖက်မျက်နှာပါ မင်းရို့ရေရာဇဝင်လာ မင်းရို့နန့် နာမည်ချင်းကကောင်းနီးနီးစပ်စပ်တူညီရေအတွက်နန့် ရာဇဝင်လာ စန္ဒြမင်းဆက်စွာ ကျောက်စာတိုင်မြောက်ဖက်မျက်နှာပါ စန္ဒြမင်းဆက်ကိုမှန်းဆဖော်ပြချက်ရာ ဖြစ်နိုင်ဖို့လို့၊ ယင်းပိုင်တွက်ဆမိပါရေ။ ကျောက်စာတိုင်မြောက်ဖက်မျက်နှာမာပါရေ စန္ဒြမင်းဆက်စွာ အာနန္ဒစန္ဒြနောက် ဝေသာလီမာစိုးစံခရေ မင်းတိဖြစ်နီကတ်တေပိုင်၊ ရာဇဝင်စန္ဒြမင်းဆက်လဲ အေဒီ ၈ရာစုက ၁၀ရာစုထိ စိုးစံခရေမင်းဆက်ဖြစ်ရပါဖို့။ အေကိစ္စ၊ အေတင်ပြချက် ဖြစ်နိုင်မဖြစ်နိုင်ကိုတွက်ဆနိုင်ဖို့အတွက် သိဃံစန္ဒြဒင်္ဂါးကိုစိသျှေလေ့လာကြည့်ပါမေ။

ဒွင်စန္ဒြကို မဟာတိုင်းစန္ဒြနန့်အတူတူဖြစ်တေလို့ ယူဆရေသုတေသီရို့၊ မဟာတိုင်းစန္ဒြမင်းနန်းတက်တေခုနှစ်ကို အေဒီ ၃၂၇လို့ ယူဆကတ်တေ သုတေသီရို့အယူအဆမာ သိင်္ဂစန္ဒြမင်းနန်းစံသက္ကရာဇ်ကို အေဒီ၆၆၇လို့(ကိုး–၅။ စာ–၁၉)ဆိုကတ်ပါရေ။ အေချင့်ကို ဆန်းစစ်ကြည့်ရပါဖို့။

ရခိုင်ပြည်မာ စိုးစံခဂတ်တေ မင်းရို့ရေ သူရို့နန်းတက်တေနှစ်မာပင် ဒင်္ဂါးသါန်းလုပ်လေ့ဟိပါရေ။ ယင်းသုတေသီရို့ဖော်ပြရေပိုင်ဆိုကေ သိင်္ဂစန္ဒြမင်းရေ ဒင်္ဂါးကို အေဒီ ၆၆၇မာ သွန်းလုပ်တေလို့သတ်မှတ်ရဖို့ ဖြစ်နီပါရေ။ ယေဒါလဲ: ကျောက်စာအရဆိုကေ အေဒီ၆၆၇ပတ်ဝန်းကျင်စွာ ဓမ္မဝိဇယမင်း ထီးနန်းစိုးစံနီရေအချိန်ဖြစ်နီပါရေ။ ယင်းဓမ္မဝိဇယဒင်္ဂါးကိုလဲ: ကျွန်တော်ရို့တွိထားရပြီးဖြစ်ပါရေ။ ပင်မလာဂတ္တမင်းက ဓမ္မဝိဇယမင်းဒင်္ဂါးသွန်းလုပ်ချိန်ကို အေဒီ ၇ရာစုလို့(ကိုး–၁၀၊ စာ–၁၇၄)သတ်မှတ်ပါရေ။ ယင်းဇုနန့် ယင်းသုတေသီရို့ဆိုကတ်တေပိုင် အေဒီ ၆၆၇ကာလစွာ သိဃံစန္ဒြမင်းစိုးစံရေကာလမဟုတ်ပါ။ သိဃံစန္ဒြဒင်္ဂါးကို လေ့လာကြည့်ရေအခါ ဒင်္ဂါးမာ ရီးထိုးထားရေအက္ခရာဖြစ်တေလို့ (ကိုး–၁၀၊ စာ–၁၇၆)ဆိုပါရေ။

ယင်းဇုနန့် သိင်္ဂစန္ဒြမင်း ပါဝင်နီရေ မဟာတိုင်းစန္ဒြကအစ စူလစန္ဒြအဆုံးဖြစ်တေ ရာဇဝင်လာ ဝေသာလီမင်းဆက်စွာ အထက်မာဖော်ပြခရေ သုတေသီရို့ယူဆကတ်တေပိုင် ကျောက်စာမာပါရေ ဒွင်စန္ဒြမင်းဆက်လဲ: မဟုတ်ဘဲအာနန္ဒစန္ဒြနတ်ရွာစံပြီးနောက်မှရာ အေဒီ၈ရာစုက ၁၀ရာစုထိ (ပိုလို့တိတိကျကျဆိုရကေ အေဒီ ၇၈၈က အေဒီ ၉၅၇ထိ)ဝေသာလီမာ စိုးစံရေမင်းဆက်လို့ဆိုစွာ ရှင်းနီပါဗျာယ်။ ယင်းအတွက်နန့် သိင်္ဂစန္ဒြမင်းနန့်စံကာလစွာလဲ အေဒီ ၆၆၇ကစစွာ မဟုတ်ဘဲနန့် အေမင်းစွာ အေဒီ ၉၃၅ကနီပနာ ၉၅၁ထိ စိုးစံခရေလို့ ဖော်ပြချက်တိရာမှန်ကန်နီစွာတွိရပါရေ။

ယင်းအတွက်နန့် အားလုံးကိုခြုံပြီးကေ သုံးသပ်ဖို့ယပိုင်လို့ဆိုကေ “ဒွင်စန္ဒြ”အစ“အာနန္ဒစန္ဒြ”အဆုံးဟိရေကျောက်စာလာ မင်းရို့စွာ အေဒီ ၃၇၀က ၇၂၉ထိ ဝေသာလီမာ စိုးစံခရေ မင်းဆက်ဖြစ်ပြီးကေ“မဟာတိုင်းစန္ဒြ”အစ“စူလစန္ဒြ”အဆုံးဖြစ်တေ ရာဇဝင်လာမင်းဆက်စွာ အေဒီ ၇၈၈က ၉၅၇ထိ စိုးစံခရေမင်းတိဖြစ်ကြောင်း ထင်ရှားနီပါရေ။

ရာဇဝင်လာနောက်ဆုံးစန္ဒြမင်းဖြစ်တေ စူလစန္ဒြမင်းနောက် ဝေသာလီမာ အမြုတူမင်းနန့်၊ ပဲဖြူမင်းနှစ်ပါးစွာ ၃၇နှစ် အုပ်စိုးခပါသီးရေ။ ယင်းအတွက်နန့် ဝေသာလီခေတ်စွာ စူလစန္ဒြားမင်းနတ်ရွာစံရေနှစ်ကစပြီး ယင်းမင်းနှစ်ပါးအုပ်စိုးခရေ ၃၇နှစ်ကို ထည့်ပေါင်းပျာ ကြည့်ကေ ဝေသာလီခေတ်စွာ အေဒီ ၉၉၄ကုန်ဆုံးရေလို့ ပညာရှင်

ရို့သတ်မှတ်ကတ်ပါရေ။

ယင်းပိုင်အကြောင်းအချက်တိကြောင့်ပင် ဆရာကြီး ဦးစံသာအောင်စွာ ကျောက်စာရာဇဝင်နန့်၊ ဒင်္ဂါးရို့ကို ညှိနှိုင်းတွက်ဆပြီးကေ ဝေသာလီခေတ်ကို အောက်ဖော်ပြရေအတိုင်း သတ်မှတ်ခပါရေ။

| | | |
|---|---|---|
| (၁) | ဓညဝတီခေတ် | ( ? အေဒီ ၃၇၀ ထိ) |
| (၂) | ဝေသာလီခေတ် | (အေဒီ ၃၇၀ မှ အေဒီ ၉၉၄ ထိ) |
| (၃) | ပဥ္စာခေတ် | (အေဒီ ၁၀၁၈ မှ အေဒီ ၁၁၁၈ ထိ) |
| (၄) | ပုရိန်ခေတ် | (အေဒီ ၁၁၁၈မှ အေဒီ ၁၁၄၂ ထိ) |

(ကိုး–၁၁၊စာ–၁၀၉)

ယင်းဇုနန့် ရခိုင်ပြည်မာ ဘုန်းမီးနီလထွန်းတောက်ခရေ“ဝေသာလီခေတ်”စွာ အေဒီ ၃၇၀ကစပြီးကေ အေဒီ ၉၉၄ထိဆိုစွာ အမှတ်ဖြစ်တေလို့ တင်ပြလိုက်ပါရေ။ သုတေသီရို့တွက်ဆကြည့်ဖို့အထောက်အကူသျှ တစ်ခု အနီးနန့်တင်ပြရခြင်းဖြစ်ပါရေ။

## ကိုးကားသော စာအုပ်စာတမ်းတိ


| | | |
|---|---|---|
| (၁) | ဆရာငမည်း | ရခိုင်ရာဇဝင်(စစ်တွေမြို့ကြားကျောင်းပေမူ) |
| (၂) | | အင်းစောက်ရာဇဝင်၊ (သုတေသီပညာစာရမူ) |
| (၃) | ဦးစံသာအောင် | ရခိုင်ဒင်္ဂါးများ |
| (၄) | ဦးစံသာအောင် | အာနန္ဒစန္ဒြ |
| (၅) | ထွန်းရွှေခိုင် | ရခိုင်ရှေးဟောင်းမြို့တော်များ |
| (၆) | ထွန်းရွှေခိုင် | ရခိုင်ဝေသာလီခေတ်ဗုဒ္ဓအနုပညာ |
| (၇) | အောင်လှသိန်း | ဝေသာလီခေတ်စိစစ်ချက်ရခိုင်မဂ္ဂဇင်း(၁၇) |
| (၈) | Dr. စောထွန်းအောင် | ရှစ်သောင်းဘုရား ကျောက်စာတိုင်မြောက်ဖက်မျက်နှာ (ရခိုင်သဟာယစာစောင် ၁၉၈၆) |
| (၉) | U San Shwe Bu | A Brief Note on the old Capitals of Arakan |
| (၁၀) | P.Gutman-Ancient Arakan | |
| (၁၁) | U San Tha Aung | The Budddhist Art of Ancient Arakan |

# မဟာဝိရကျော်စစ်ရှုံးသူ

အာနန္ဒစန္ဒြကျောက်စာသည် အေဒီ(၈)ရာစုမတိုင်မီ ရခိုင်မင်းစဉ်မင်းဆက် ရာဇဝင်ကျမ်းများအနက် အမှန်ကန်ဆုံးနှင့် အခိုင်မာဆုံးသော အထောက်အထားဖြစ်သည်ကို နားလည်ပြီးနောက် ရခိုင်ရာဇဝင်ကို လေ့လာသူ အချို့သည်၊ ရာဇဝင်လာစန္ဒြမင်းဆက်ကို ကျောက်စာလာ စန္ဒြမင်းဆက်နှင့် ညှိနှိုင်း၍မည်သို့မျှ အဆင်ပြေညီညွတ်မှု ရရှိမည်ဟုတ်ဟူ၍လည်းကောင်း၊ အမြဲတစေ အဆီအငေါ်မတည့် ဖြစ်နေလိမ့်မည်ဟူ၍လည်းကောင်း ညည်းတွားခဲ့ကြ၏။

ယင်းအပြင်ကျောက်စာရေးထိုးရာ၌ ချန်ထားခဲ့သော ဝေသာလီပထမမင်းဆက်မှ မင်းသုံးပါးလုံးကိုသော်လည်းကောင်း၊ မင်းတစ်ပါးပါးကိုသော်လည်းကောင်း မည်သို့မျှခြေရာခံ၍လိုက်လံရှာဖွေသော်လည်း တွေ့ရှိနိုင်ဖွယ်ရာလမ်းမရှိသည့်အပြင်၊ အေဒီ(၆၀၀)ပြည့်နှစ်၌ ပူရေပူရမှဟာဝိရသည် ဝေသာလီကိုစစ်ဆင်သည့်အခါ၊ ဝေသာလီထီးနန်းကိုစွန့်လွှတ်ခဲ့ရသော မင်းသည်အေဒီ(၅၉၇)မှ (၆၀၀)ထိထီးနန်းစိုးစံခဲ့ရသောဝေသာလီမင်းဆက်မှ နောက်ဆုံးမင်းဖြစ်သည့်ဓွတိစန္ဒြမှုတစ်ပါး အခြားသူမဖြစ်နိုင်ဟု၍ အခိုင်အမာယူဆထားခဲ့ကြပေသည်။

သို့သော် ဒင်္ဂါးများ၊ ကျောက်စာများ။ ကြေးနီပြားစာများ၊ ခေါင်းလောင်းစာများ၊ ခေတ်ပြိုင်မှတ်တမ်းများ၊ သုတေသီတို့၏ ရှာဖွေဖေါ်ထုတ်ချက်များဖြင့် ညှိနှိုင်းခြင်းဖြင့် ဝေသာလီရာဇဝင်သည် အတော်ပင်ရုပ်လုံးပေါ်နေပြီဟု ဆိုရမည်ဖြစ်ပေသည်။ ဝေသာလီခေတ်ရာဇဝင်ကို ရေးသားပြုစုနေကြသော သုတေသီများအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ အထောက်အကူရနိုင်မည်လောဟူသော စေတနာဖြင့် လက်လှမ်းမီသမျှသော ဒင်္ဂါးစာ၊ ခေါင်းလောင်းစာ၊ ခေတ်ပြိုင်မှတ်တမ်းသုတေသီတို့၏ ဖေါ်ထုတ်ချက်များကိုစုဆောင်း၍ စာရေးသူသည် ဤဆောင်းပါး၌ အေဒီ(၆၀၀)ပြည့်နှစ်က ရခိုင်ပြည်ဝေသာလီထီးနန်းကို ပူရေပူရမှ မဟာဝိရက လာရောက်တိုက်ခိုက်ခဲ့စဉ်က မဟာဝိရထံတွင် စစ်ရှုံးခဲ့ရသော စန္ဒြမင်းတစ်ပါးကို စူးစမ်းရှာဖွေတင်ပြထားပါသည်။

အခြားတစ်ဘက်မှကြည့်မည်ဆိုလျှင် ကျောက်စာလာဝေသာလီမင်းဆက်တွင် မင်း(၁၆)ပါးဟုဆိုသော်လည်း ကျောက်စာတွင်ဖော်ပြသောစာရင်းအရ မင်း(၁၃)ပါးသာရှိပေရာ(ကိုးကား–၂။ စာ–၁၅၉)၊ ကျောက်စာတွင်မဖော်ပြဘဲချန်ထားခဲ့သော မင်း(၃)ပါးအနက်မှ (၁)ပါးကို ဖော်ထုတ်တင်ပြထားပါသည်။

မဟာဝိရ၏စစ်ဘေးကြောင့် ဝေသာလီထီးနန်းကို စွန့်လွှတ်ခဲ့ရသောမင်းကို မှန်းဆတင်ပြရာ၌၊ ကျောက်စာလာစန္ဒြမင်းဆက်နှင့် ရာဇဝင်လာစန္ဒြမင်းဆက်ကို မလွဲမရှောင်သာညှိနှိုင်းရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်စာနှင့်ရာဇဝင်သည် ကွဲလွဲမှုများရှိနေသကဲ့သို့ ရာဇဝင်အချင်းချင်းလည်း ကွဲလွဲမှုများရှိနေသောကြောင့်ပင်ဖြစ်ပေသည်။

စန္ဒြမင်းဆက်များနှင့် ပတ်သက်၍ အချို့က“ရာဇဝ်ငလာ စန္ဒြမင်းဆက်သည် ကျောက်စာလာစန္ဒြမင်းဆက်ကို ပြန်လည်မှန်းဆပြုပြင်ဖေါ်ပြချက်သာဖြစ်သည်။ (ကိုးကား–၆)ဟုလည်းကောင်း၊ ရာဇဝင်လာစန္ဒြမင်းများသည် ဝေသာလီတွင်နန်းစံခဲ့သောမင်းများအနက်မှ ရွေးချယ်ဖေါ်ပြသောမင်းများသာဖြစ်သည်။ (ကိုးကား–၅)ဟုလည်းကောင်းတွေးဆခဲ့ကြပေသည်။

E.H. johaston သည် ကျောက်စာလာ “ဒွင်”ဟူသောစကားကို ရာဇဝင်လာ“တိုင်း”ဟူသောစကားလုံးနှင့် ဘာသာဗေဒနည်းအရ တူညီကြောင်းပြဆိုထားခဲ့၏။ ယင်း၏အယူအဆနောက်သို့လိုက်၍ အချို့က ကျောက်စာနှင့်ရာဇဝင်တွင် “ကာလစန္ဒြ”ဟူ၍အမည်တူပါရှိသည်ဆိုကာ ယင်းမှတစ်ဆင့်ကျောက်စာလာ သီရိဓမ္မဝိဇယမင်းသည် ရာဇဝင်လာသီရိ စန္ဒြမင်း ဖြစ်သည်။(ကိုးကား–၄၊ စာ–၁၅၉)ဟုဆိုသူကဆိုပြန်ပါသည်။ သို့သော်လည်း အမှန်အားဖြင့် “ကာလစန္ဒြ”ဟူ၍ကျောက်စာတွင်ရေးထိုးထားသောစာကို ဖတ်ရသည်မှာပြတ်သားလှသည်မဟုတ်ချေ။ ယင်းစကားလုံးမှာ ကျောက်စာတွင် ပျက်စီး၍အတိအကျဖတ်မရတော့ပါ။ (ကိုး–၂၊ စာ–၁၅၃)ကိုကြည့်ပါ။

(E.H. johaston)က ယင်းစကားလုံးမှာ ‘ဘာလ’မဟုတ်နိုင်ကြောင်း၊ ယင်းစကားလုံးသည် ‘ကာလ’ သို့မဟုတ်

'ရာလ'ဖြစ်နိုင်ကြောင်း၊ ပြဆိုပြီး 'ကာလ'ဟူ၍ ယူဆထားခဲ့ခြင်းဖြစ်ပေသည်။(ကိုး–၆၊ ကိုး–၉၊ စာ–၅၅)။ ဆရာကြီး ဦးစံသာအောင်က လက်ရေးဖြင့်ကူးယူရေးသားရာတွင် '(ကာ)လ'ဟု ယူဆပါသည်။ မသေချာသောအဓိပ္ပါယ်ဖြစ်ပါသည်။ (ကိုး–၂၊ စာ–၈၀)။ (Pamela Gutman)ကမူ ယင်းစကားလုံးကို 'ဘာလ'ဟု (ကိုး–၉၊ စာ–၅၅) ရေးသားပါသည်။

မည်သို့ပင်ဖြစ်စေ၊ ခိုင်မာသောအထောက်အထားများအရ ကျောက်စာလာဒွင်စန္ဒြမင်းဆက်သည် ရာဇဝင်လာ 'တိုင်းစန္ဒြ'မင်းဆက်မဟုတ်နိုင်ကြောင်းကို စာရေးသူသည် ၁၉၈၆ခုနှစ်က ထုတ်ဝေခဲ့သော ရခိုင်သဟာယ အသင်း ငွေရတုအထိမ်းအမှတ်စာစောင်တွင် ရေးသားခဲ့ဖူးပေသည်။

အမှန်မှာ'ဒွင်စန္ဒြမင်း'သည် အေဒီ(၃၇၀)တွင် ဝေသာလီကိုတည်ထောင်စိုးစံသူဖြစ်ပြီး မဟာတိုင်းစန္ဒြမှာ ဆရာငမည်း၏ရာဇဝင်တွင် ပြဆိုသကဲ့သို့ အေဒီ(၇၈၈)တွင် ဝေသာလီကိုပြန်လည်တည်ဆောက်အုပ်စိုးသောမင်း ဖြစ်စရာရှိပါသည်။ ရခိုင်ရာဇဝင်အရ မဟာတိုင်းစန္ဒြသည် အေဒီ (၇၈၈)တွင် ဝေသာလီကိုတည်ထောင်စိုးစံပြီး အေဒီ(၉၅၇)တွင် မွန်ဂိုတို့၏တိုက်ခိုက်မှုကြောင့် ဝေသာလီပျက်ဆီးခဲ့ရသည်။(ကိုးကား–၈)

(D.C Sircar)၏ အလိုအရ ကျောက်စာလာ ဝေသာလီပထမမင်းဆက်သည် အေဒီ(၃၇၀)မှ အေဒီ(၆၀၀)ထိ လည်းကောင်း၊ ဒုတိယမင်းဆက်သည် အေဒီ(၆၀၀)မှ အေဒီ(၇၂၉)ထိလည်းကောင်း စိုးစံသည်။ (ကိုး–၇၊ ကိုး–၂၊ စာ–၁၅၉–၁၇၁)မဟာတိုင်းစန္ဒြမှာ အေဒီ(၇၈၈)တွင် စိုးစံသောမင်းဖြစ်သည်။ ဓညဝတီနှင့်ဝေသာလီခေတ်မင်းများ၏ နန်းစံသက္ကရာဇ်များအချင်းချင်း ကွဲလွဲနေမှုများကြောင့် ဦးစံသာအောင်သည် မည်သည့်ရာဇဝင်ကျမ်းကိုပင် အမှန်ယူရမည်ကို မသိနိုင်သောအခြေအနေတွင် ရှိပါသည်။(ကိုး–၂၊ စာ–၂၁၆)ဟု ရေးသားခဲ့ဖူး၏။

ရာဇဝင်လာစန္ဒြမင်းဆက်သည် အာနန္ဒစန္ဒြနောက် ဝေသာလီတွင် အေဒီ(၇၈၈)၌ စတင်စိုးစံသောမင်းဆက် ဟုတ်သည်၊ မဟုတ်သည်ဟူသောအချက်သည် မဟာဝိရကိုစစ်ရှုံးသူ'အားရှာဖွေရာတွင် အရေးကြီးသော အထောက်အထားဖြစ်ပေရာ ရာဇဝင်လာစန္ဒြမင်းဆက်မှ သိဃဲစန္ဒြမင်းဒင်္ဂါးကို ဦးစွာဆန်းစစ်ပါမည်။

ယင်းသို့လေ့လာရာတွင် သိဃဲစန္ဒြဒင်္ဂါးထက်ပို၍ ရှေးကျဟန်ရှိသော 'ဓမ္မစန္ဒြ' ဒင်္ဂါးနှင့်နှိုင်းယှဉ်လေ့လာရန် လိုအပ်ပါသည်။ ဓမ္မစန္ဒြမင်းသည် အေဒီ(၇၀၄)တွင် ဝေသာလီ၌နန်းစံသည်။ ရခိုင်မင်းများသည် နန်းတက်သော နှစ်၌ပင် ဒင်္ဂါးသွန်းလုပ်ကြပေရာ ဓမ္မစန္ဒြဒင်္ဂါးကို အေဒီ(၇၀၄)တွင်ပင်သွန်းလုပ်ခြင်းဖြစ်ပေသည်။ သိဃဲစန္ဒြမင်း ဒင်္ဂါးတွင် ရေးထိုးထားသောအက္ခရာများမှာ အေဒီ(၁၀)ရာစုတွင်မှ ရခိုင်ပြည်သို့ရောက်ရှိလာသော ရှစ်သောင်းဘုရားကျောက်စာတိုင်မြောက်ဘက်မျက်နှာမှ ရှေ့ပြေးဘင်္ဂလီအက္ခရာမျိုးဖြင့် ရေးထိုးထားပါသည်။

'သီရိသိဃဲဂဏ္ဍ'ဟူသောအမည်ကို ဒင်္ဂါးပေါ်တွင် စာကြောင်းရေနှစ်ခုဖြင့်ရေးထိုးထားပါသည်။ (ကိုး–၁၊ ပုံ–၁၈)Pamela Gutmanက ဤဒင်္ဂါးသည် အာနန္ဒစန္ဒြကျောက်စာရေးထိုးပြီး ကာလအတန်ကြာမြင့်သော အချိန်တွင်မှ သွန်းလုပ်ပြီးရှစ်သောင်းဘုရားကျောက်စာတိုင်မြောက်ဘက်မျက်နှာမှ အေဒီ(၁၀)ရာစုထိုး အက္ခရာ အရေးအသားနှင့်တူညီကြောင်း ဤဒင်္ဂါးမှာ ကျောက်စာတွင်ပါဝင်သော 'သီရိသိဃဲပတိသူရစန္ဒြ' ဟူသောမင်း၏ ဒင်္ဂါးဖြစ်နိုင်ကြောင်း (ကိုး–၉၊ စာ–၁၂၅)ဆိုပါသည်။

ဦးစံသာအောင်ကလည်း ကျောက်စာတိုင်မြောက်ဘက်မျက်နှာတွင် ရာဇဝင်လာမင်းအချို့၏အမည်ကိုတွေ့ ရကြောင်း၊ သိဃဲစန္ဒြမင်း၏အမည်ပါဝင်ကြောင်း (ကိုး–၁၊စာ–၉)ဆိုပေရာ ဤဒင်္ဂါးသည် ရာဇဝင်လာ သိဃဲစန္ဒြ မင်း၏ ဒင်္ဂါးဖြစ်နိုင်ကြောင်းဆုံးဖြတ်နိုင်ပါတော့သည်။

အချို့ကရာဇဝင်လာ မဟာတိုင်းစန္ဒြမင်း၏နန်းစံသက္ကရာဇ်ကို အေဒီ(၃၂၇)ဟုဆိုပါသည်။ (ကိုး–၄၊ စာ–၁၉၁)။ ယင်းတို့၏အဆိုအရဖြစ်သော သိဃဲစန္ဒြ၏နန်းစံနှစ် အေဒီ(၆၆၇)မှ အေဒီ(၇၃၃)(ကိုး–၄၊စာ–၁၉၁)သည် D.C-Sircarတင်ပြထားသည့် အာနန္ဒစန္ဒြကျောက်စာလာ ဓမ္မစန္ဒြမင်း၏နန်းစံနှစ်နှင့် တိုက်ဆိုင်နေသည့်အပြင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း သိဃဲစန္ဒြဒင်္ဂါးပေါ်တွင် ရေးထိုးထားသောအက္ခရာမှာ ရခိုင်ပြည်တွင် အေဒီ(၇)နှင့် (၈)ရာစုအတွင်း မသုံးစွဲသေးပဲ။ အေဒီ(၁၀)ရာစုအတွင်းစိုးစံသော မင်းဆက်ဖြစ်ပြီး သိဃဲစန္ဒြ၏နန်းစံကာလမှာ အေဒီ(၉၃၅)မှ အေဒီ(၉၅၁)ထိဟု ပြဆိုသော (ကိုး–၈)ရခိုင်ရာဇဝင်လာ မှန်ကန်ကြောင်း သိသာနိုင်ပါသည်။

သိဃဲစန္ဒြဒင်္ဂါးကို ကျောက်စာအရ အေဒီ(၇၀၄)မှ အေဒီ(၇၂၀)ထိ နန်းစံသွားသော ဓမ္မစန္ဒြမင်း၏ဒင်္ဂါး

(ကိုး–၁၊ပုံ–၁၉)နှင့် နှိုင်းယှဉ်ကြည့်လျှင်လည်း လက်ရေးလက်သားပညာအရလည်းကောင်း၊ ရေးထိုးထားသော အက္ခရာများ သုံးစွဲသောခေတ်အရလည်းကောင်း၊ ဓမ္မစန္ဒြဒင်္ဂါးသည် သိဃံစန္ဒြဒင်္ဂါးထက်များစွာ ရှေးကျနေသည်ကိုတွေ့ရပေသည်။

'ဓမ္မစန္ဒြ'ဟုရေးထိုးထားသောဒင်္ဂါးပေါ်တွင် ရေးထိုးထားသောအက္ခရာအရေးအသားကို ယင်းဒင်္ဂါးသွန်းလုပ်ပြီး (ဓမ္မစန္ဒြမင်း နန်းတက်ပြီး)နောက် ၂၅နှစ်အကြာတွင် ရေးထိုးခဲ့သော အာနန္ဒစန္ဒြကျောက်စာမှ စာအရေးအသားနှင့် နှိုင်းယှဉ်နိုင်ပါသည်။ ကျောက်စာတွင် ရေးထိုးထားသောအက္ခရာမှာ ကျောက်စာမရေးထိုးမီနှစ် အနည်းငယ်အတွင်းက နာလန္ဒမှ တိုက်ရိုက်ယူဆောင်လာသော 'ယသောဝါမံ အက္ခရာ'ဖြစ်သည်။(ကိုး–၅)။

ဓမ္မစန္ဒြဒင်္ဂါးပေါ်တွင် ရေးထိုးထားသောအက္ခရာအရေးအသားမှာ ယသောဝါမံအက္ခရာအရေးအသား မရောက်လာမီကပင် ရခိုင်ပြည်၌သုံးစွဲနေသော အက္ခရာအရေးအသားဖြစ်သည်။

ထို့ကြောင့်'ဓမ္မစန္ဒြ'မင်း၏အမည်ကို ဒင်္ဂါးပေါ်တွင်ရေးထိုးထားသောအက္ခရာအရေးအသားနှင့် ကျောက်စာတွင်ရေးထိုးထားသောအက္ခရာ အရေးအသားလုံးဝနီးပါးကွဲပြားနေပါသည်။ 'ဓ'ကိုရေးရာတွင် အနည်းငယ်တူညီသလို ရှိပါသည်။ ဒင်္ဂါးပေါ်တွင် 'မ'ကိုနှစ်လုံးဆင့် ရေးသားထားသော်လည်း၊ ကျောက်စာတွင်'မ'ကို အပေါ်မှ ဝဲဘက်သို့ မောက်ချဟန်ဖြင့် ရေးထိုးထားပါသည်။'စန္ဒြ'ကိုရေးရာ၌လည်း 'န'ကို ရေးရာတွင်သာတူညီပြီး ကျန်အားလုံးကွဲပြားပါသည်။ ဒင်္ဂါးပေါ်တွင်ရေးသားထားသော အက္ခရာအရေးအသားသည် အေဒီ(၆)ရာစုအတွင်းက ရေးသားထားသောအက္ခရာအရေးအသားမှ ထင်ရှားသိသာသောပြောင်းလဲမှု မရှိသေးသည်ကိုတွေ့ရပါသည်။ ဓမ္မစန္ဒြဒင်္ဂါးသွန်းလုပ်ချိန်သည် အာနန္ဒစန္ဒြကျောက်စာရေးထိုးချိန်ထက် ရှေးကျကြောင်းသိသာလှပါသည်။

စာရေးသူအနေဖြင့် ဒင်္ဂါးများကိုလည်းကောင်း၊ ဒင်္ဂါးနှင့်ကျောက်စာကိုလည်းကောင်း၊ နှိုင်းယှဉ်တင်ပြနေခြင်းမှာ ဓမ္မစန္ဒြဒင်္ဂါးတွင်ရေးထိုးထားသော အက္ခရာအရေးအသားသည် အာနန္ဒစန္ဒြကျောက်စာအရေးအသားထက်လည်းကောင်း သိဃံစန္ဒြဒင်္ဂါးပါ အက္ခရာအရေးအသားထက်လည်းကောင်း ရှေးကျကြောင်းသိသာရန်နှင့် သိဃံစန္ဒြမင်းအပါအဝင်ဖြစ်သော စန္ဒြမင်းဆက်သည် အေဒီ(၈)ရာစုမှ (၁၀)ရာစုထိ စိုးစံခဲ့သော မင်းဆက်သာလျှင် ဖြစ်ကြောင်းရှင်းလင်းစွာ နားလည်စေရန်ဖြစ်ပါသည်။

ဤသို့ဖြင့် ပူရေပူရမှ မဟာဝိရကို စစ်ရှုံးသူအားဆက်လက် စူးစမ်းမည်ဆိုလျှင်မဟာဝိရမသိမ်းယူမီက ဝေသာလီနန်းစံခဲ့သော မင်းအချို့၏ဒင်္ဂါးကို လေ့လာရန်လိုအပ်ပေဦးမည်။ ကျောက်စာအရ ဓွတိစန္ဒြမင်းသည် မဟာဝိရမတိုင်မီ စန္ဒြမင်းဆက်တွင် နောက်ဆုံးမင်းဖြစ်၍ အေဒီ(၅၉၇)မှ အေဒီ(၆၁၀)ထိ စိုးစံခဲ့ပါသည်။ (ကိုး–၂၊ စာ–၁၅၉)။

ဓမ္မစန္ဒြမင်းသည် ဓွတိစန္ဒြမင်းထက် (၁၀၇)နှစ် နောက်ကျ၍ ထီးနန်းစိုးစံခဲ့ခြင်းကြောင့် ဓမ္မစန္ဒြဒင်္ဂါးသွန်းလုပ်မှုသည် ဓွတိစန္ဒြသွန်းလုပ်ချိန်ထက် နှစ်ပေါင်း(၁၀၇)နှစ် နောက်ကျမည်ဖြစ်သည်၊ ဓမ္မစန္ဒြဒင်္ဂါးတွင် ရေးထိုးထားသော အက္ခရာအရေးအသားမှာ အေဒီ(၆)ရာစုသုံးအက္ခရာအရေးအသားမှ သိသိသာသာအသွင်ပြောင်းလဲသော အရေးအသားမျိုးမဟုတ်ပေ၊ သို့သော် ဓမ္မစန္ဒြမင်း၏နန်းစံချိန်သည် အေဒီ(၈)ရာစုအစတွင် ဖြစ်သည်ကို သတိပြုရပေမည်။

ဦးစံသာအောင်က 'ကျောက်စာလာ ဒုတိယမင်းဆက်စာရင်းတွင် ပါရှိသော မင်း(၉)ဆက်၏ဒင်္ဂါးများကို တွေ့ရှိရပြီးဖြစ်ပေသည်။ ဤတွင် မကသေး၊ လက်ရေးလက်သားပညာအရ ယင်းခေတ်တွင်ပင်သွန်းလုပ်သည်ဟု မှတ်ယူနိုင်သော 'သူရိယစန္ဒြ' ဒင်္ဂါးတစ်ပြားကို တွေ့ရှိထားသည်၊ ဤသူရိယစန္ဒြ၏အမည်မှာ အာနန္ဒစန္ဒြကျောက်စာမင်းဆက်စာရင်းမပါရှိပေ။ ဤတွေ့ရှိချက်ကို ရှင်းလင်းရန်လိုအပ်နေပေသေးသည်၊ (ကိုး–၂၊ စာ–၁၆၁)။ ဟု ရေးသားခဲ့၏။

ဤအဓိပ္ပာယ်အရဆိုလျှင် ဤဒင်္ဂါးကိုသွန်းလုပ်ခဲ့သော သူရိယစန္ဒြမင်းသည် အေဒီ(၃၇၀)မှ (၆၀၀)ထိ စိုးစံသော ဒွင်စန္ဒြမှ ဓွတိစန္ဒြထိမင်းများနှင့် တစ်ခေတ်တည်းဖြစ်စရာရှိ၍၊ အေဒီ(၆၀၀)မှ (၇၂၉)ထိစိုးစံသော မဟာဝိရမှ အနန္ဒစန္ဒြထိမင်းဆက်တွင်လည်းကောင်း၊ အေဒီ(၇၈၈)မှ (၉၅၇)ထိစိုးစံသော မဟာတိုင်းစန္ဒြမှ စူလစန္ဒြထိမင်းဆက်တွင်လည်းကောင်း၊ ပါဝင်သောမင်းမဟုတ်သည်မှာ သေချာလှပေသည်၊ ဤဒင်္ဂါးသည် ရာဇဝင်

လာ သူရိယစန္ဒမင်း၏ ဒင်္ဂါးသာဖြစ်လျှင် အေဒီ(၆)ရာစုအတွင်းက သုံးစွဲခဲ့သောအက္ခရာများနှင့်တူညီသော အက္ခရာများကိုသုံးစွဲမည်မဟုတ်ဘဲ အာနန္ဒစန္ဒြကျောက်စာသုံး အက္ခရာအရေးအသားထက် နောက်ကျသောအရေးအသားဖြင့်သာ သွန်းလုပ်ဖွယ်ရာရှိပါသည်။

အဘယ်ကြောင့်ဆိုသော် အာနန္ဒစန္ဒြကျောက်စာသည် ရာဇဝင်လာ သူရိယစန္ဒမင်းမတိုင်မီက ရေးထိုးထားသော ကျောက်စာဖြစ်သည့်အပြင် ရာဇဝင်လာသူရိယစန္ဒမင်းပါဝင်သည့် မင်းဆက်မှ သံဃစန္ဒမင်း၏ဒင်္ဂါးတွင် ရေးထိုးထားသော ရှေ့ပြေးဘင်္ဂလိအက္ခရာလည်း ရခိုင်ပြည်သို့မရောက်ရှိသေးသောကြောင့်ပင် ဖြစ်ပေသည်။ ထို့ကြောင့် တွေ့ရှိရသော သူရိယစန္ဒဒင်္ဂါးကို သွန်းလုပ်သော သူရိယစန္ဒမင်းသည် ရာဇဝင်လာသူရိယစန္ဒမင်း မဟုတ်သည်မှာ သေချာနေပေတော့သည်။

ကျောက်စာအရ ဒွတိစန္ဒမင်းနတ်ရွာစံသော အေဒီ၆၀၀၌ပင် ပူရေပူရမှ မဟာဝိရသည် ဝေသာလီထီးနန်းကို စိုးစံသည်။ သို့သော် သူရိယစန္ဒဒင်္ဂါးသည် လက်ရေးလက်သားပညာအရ ကျောက်စာလာ ပထမဝေသာလီမင်းများနှင့် တစ်ခေတ်တည်းတွင် သွန်းလုပ်ခြင်းဖြစ်မည်ဟု ဦးစံသာအောင်ခန့်မှန်းထားပေရာ ယင်းဒင်္ဂါးသွန်းလုပ်သောနှစ်ကို လက်ရေးလက်သားပညာအရ အေဒီ၆၀၀ထက်နောက်ကျ၍ မည်သို့မျှ မသတ်မှတ်နိုင်တော့ပေ။ ဤသူရိယစန္ဒဒင်္ဂါးသည် လက်ရေးလက်သားပညာအရ ကျောက်စာလာဝေသာလီ ပထမမင်းဆက်အတွင်းဟု ခန့်မှန်းရသဖြင့် ဒုတိယမင်းဆက်အတွင်းမှ အစောဆုံးတွေ့ရှိထားရသည့် ဓမ္မဝိဇယဒင်္ဂါးထက်လည်း ရှေးကျသည်ဟူသောအချက်ကို သတိရမည်ဖြစ်ပေသည်။

သူရိယစန္ဒဒင်္ဂါး၌ အက္ခရာအရေးအသားကိုလေ့လာသောအခါ သူ၏လက်ဝဲအပေါ်ပိုင်းတွင် ပျက်စီးနေပြီဖြစ်သော်လည်း အေဒီ၆ရာစုအတွင်းက ရေးသားသည့်ပုံစံအတိုင်းပင် ရေးသားထားကြောင်းခန့်မှန်းနိုင်သည်။

'ရိ'ကိုရေးသားရာတွင် 'ရ'ကို ဝိရစန္ဒဒင်္ဂါးတွင် ရေးထိုးထားသည့်အတိုင်းပင် ရေးသားထားကာလုံးကြီးတင်ကို ရေးရာတွင် အေဒီ၆ရာစုအတွင်းက အရေးအသားနှင့် နှိုင်းစာလျှင် ဝဲဘက်သို့မောက်ချရာတွင် အောက်သို့ရှည်ရှည်မဆွဲတော့ပဲ အနည်းငယ်တိုသွားသည်ကိုတွေ့ရသည်။ (Pemela Gutman)ကမူ လုံးကြီးတင်ကို ဝိုင်းစက်စွာ ရေးသားထားသည်ဟု ယူဆပါသည်။ (ကိုး–၉၊ စာ–၁၂၄)။ 'ယ'အရေးအသားကို လေ့လာသောအခါ ဦးစွာအားဖြင့် အေဒီ၆ရာစုအတွင်းက ရခိုင်ပြည်တွင် ရေးသားနေသော'ယ'အက္ခရာအရေးအသား ၄မျိုးရှိသည်ကို တွေ့ရသည်။ ယင်း၄မျိုးမှာ (၁)ဝေသာလီကြေးနီပြားတွင်ရေးထိုးထားသောအရေးအသား(၂)ဝေသာလီသင်းကျစ်တောင်ကျောက်စာတွင်ရေးထိုးထားသောအရေးအသား၊ (၃)ဝေသာလီခေါင်းလောင်းစာတွင် ရေးထိုးထားသော အရေးအသားနှင့် (၄)သံတွဲခရိုင် ငလွမ်းမော်ကျောက်စာတွင် ရေးထိုးထားသော အရေးအသားဟု (၄)မျိုးကွဲပြားစွာတွေ့ရသည်။ (ကိုး–၃၊ ဇယား–၂၂–၂၃)။

ဤတွင် ထူးခြားသည်မှာ သူရိယစန္ဒဒင်္ဂါးတွင်'ယ'အက္ခရာအရေးအသားသည် သံတွဲခရိုင်ငလွမ်းမော် ကျောက်စာတွင် ရေးထိုးထားသော အရေးအသားမှ တပါး။ အေဒီ၆ရာစုအတွင်း အခြားမည်သည့်ကျောက်စာ၊ ကြေးနီပြားစာ၊ ခေါင်းလောင်းစာတွင်မှ မတွေ့ရခြင်းဖြစ်ပါသည်။(Pemela Gutman)က သံတွဲခရိုင် ငလွမ်းမော် ကျောက်စာကိုလေ့လာ၍ ယင်းကျောက်စာပါအရေးအသားများသည်လည်းကောင်း၊ ယင်းကျောက်စာပါ 'ယ' အက္ခရာအရေးအသားနှင့် အေဒီ ၇ရာစုအစပိုင်းတွင် ရေးသားသုံးစွဲခဲ့သော အရေးအသားမျိုးဖြစ်ကြောင်း ဆိုပေသည်။(ကိုး–၉၊စာ–၉၄–၁၂၄)။ ဤအချက်ကိုလည်း အထူးသတိပြုရန် လိုအပ်ပေသည်။

တဖန်ဝေသာလီဒုတိယမင်းဆက်မှ ဓမ္မဝိဇယဒင်္ဂါးနှင့်နှိုင်းယှဉ်လေ့လာပြန်လျှင်လည်း အက္ခရာအရေးအသားအလွန်ကွာဟနေခြင်းကြောင့် ဓမ္မဝိဇယမင်းထက်နှစ်အတန်ကြာ စောစီးစွာကပင် ဝေသာလီ၌နန်းစံခဲ့သော မင်းဖြစ်သည်ဟု ခန့်မှန်းနိုင်ပေသည်။ ထို့ပြင်သူရိယစန္ဒဒင်္ဂါးပါ 'ရ'အက္ခရာအရေးအသားသည်ဝိရစန္ဒဒင်္ဂါးပါ အရေးအသားနှင့်တူညီမှုကြောင့်လည်းကောင်း၊ ဦးစံသာအောင်၏ဖော်ပြချက်အရ ဤဒင်္ဂါးကိုသွန်းလုပ်သော သူရိယစန္ဒမင်းသည် ကျောက်စာလာဝေသာလီပထမမင်းဆက်နှင့် တခေတ်တည်းဖြစ်နေသောကြောင့်လည်းကောင်း၊ (Pemela Gutman)ဖော်ပြချက်အရ သူရိယစန္ဒဒင်္ဂါးပေါ်မှ 'ယ'အက္ခရာအရေးအသားသည် အေဒီ ၆ရာစုအဆုံးနှင့် အေဒီ၇ရာစုအစတွင် အသုံးပြုသောအရေးအသားဖြစ်နေခြင်းကြောင့်လည်းကောင်း ဤဒင်္ဂါးပေါ်ရှိ

အက္ခရာရေးထိုးထားပုံမှာ ဓွတ်စန္ဒြနှင့် ယင်းမတိုင်မီမင်းများ၏ ဒင်္ဂါးများတွင်ရေးထိုးခဲ့သော စာလုံးများလောက် ဝိုင်စက်ပြေပြစ်ညီလာမှု မရှိခြင်းကြောင့်လည်းကောင်း၊ ဤသူရိယစန္ဒြဒင်္ဂါးကို သွန်းလုပ်ခဲ့သောသူရိယစန္ဒြမင်းသည် ဓွတ်စန္ဒြနတ်ရွာစံခဲ့သော နှစ်ထက်လည်းမစော၊ မဟာဝိရနန်းတက်သော နှစ်ထက်လည်းနောက်မကျပဲ၊ ဝေသာလီတွင်နန်းစံခဲ့သောမင်းတစ်ပါးဖြစ်သည်ဟု ယူဆရပေတော့မည်။

(Pemela Gutman)ကမူ သူရိယစန္ဒြဒင်္ဂါးကို အေဒီ၆၂၅နှင့် ၆၅၀အကြားတွင် သွန်းလုပ်သည်ဟု ခန့်မှန်းပါသည်။ (ကိုး-၉၊ စာ-၁၂၇)၊ သို့သော် ယင်းကာလသည် မဟာဝိရမှ အာနန္ဒစန္ဒြမင်းဆက်မှာ (D.C-Siacar) အလိုအရ သေဝင်ရင်မင်းနှင့် ဓမ္မသူရမင်းတို့၏နန်းစံချိန်များနှင့်လည်းကောင်း၊ (E.H-Johnston)၏အလိုအရ ဓမ္မသူရနှင့် ဝဇီရသတ္တိမင်းတို့၏နန်းစံချိန်များနှင့်လည်းကောင်း တိုက်ဆိုင်နေရုံမျှမက ကျောက်စာလာဝေသာလီ ဒုတိယမင်းဆက်တွင် မင်းတစ်ပါးပါးကိုအမည်ရေးမထိုးပဲ ချန်ထားခဲ့သည် မည်သည့်သဲလွန်စမှ မတွေ့ရသောကြောင့်လည်းကောင်း။ ဤကာလတွင် သူရိယစန္ဒြဒင်္ဂါးကိုသွန်းလုပ်ဖွယ်ရာ အကြောင်းမရှိဟု ယူဆပါသည်။

အက္ခရာအရေးအသားအရ မဟာဝိရအစရှိသောမင်းဆက်ထက် ရှေးကျဖွယ်သာရှိပြီး ဦးစံသာအောင်၏ ခန့်မှန်းချက်အရ ပထမမင်းဆက်အတွင်းမှ မင်းဖြစ်နိုင်သောကြောင့် သူရိယစန္ဒြဒင်္ဂါးသွန်းလုပ်ခဲ့သောမင်းသည် ကျောက်စာလာပထမဝေသာလီမင်းဆက်တွင် အမည်ရေးမထိုးပဲ ချန်ထားခဲ့သောမင်း(၃)ပါးအနက်မှ တစ်ပါးအပါအဝင်ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

သို့သော်လည်း ကျောက်စာဂါထာ အမှတ်၃၃အရ ဓွတ်စန္ဒြမင်းနတ်ရွာစံသောနှစ်၌ပင် ပူရေပူရမှ မဟာဝိရသည် ဝေသာလီတွင် ထီးနန်းစိုးစံသည်။ သုတေသီများကလည်း ကျောက်စာကို အထောက်အထားပြု၍ မဟာဝိရသည် ဝေသာလီတွင် ထီးနန်းစိုးစံသည် မူလစန္ဒြမင်းအဆက်အနွယ်မဟုတ်ဘဲ စစ်ပွဲဆင်နွှဲ၍ အောင်မြင်သဖြင့် ဝေသာလီတွင် နန်းစံသူဖြစ်ကြောင်းဆိုကြပါသည်။

သို့သော်မဟာဝိရ၏မူလမြို့တော်ဖြစ်သော ပူရေပူရနှင့်ပတ်သက်၍ အယူအဆကွဲလွဲလျက်ရှိကြပါသည်။ E.H.Johnstonကစစ်တွေမြို့နှင့် ကုတဒီယကြားရှိ ပင်လယ်ကမ်းရိုးတန်းမှ မြို့တစ်မြို့ဖြစ်ပြီး နတ်မြစ်အရှေ့ဘက် ရခိုင်ပိုင်နက်အတွင်းရှိ ဘင်္ဂလားနှင့် ရခိုင်နယ်စပ်အနီးမှ'ပရမ'ဒေသဖြစ်နိုင်သည်ဆို၏။ (Pemela Gutman)က အဆိုပါ ပရမမှာ ရှေးခေတ်က ဂစ္ဆပနဒီအရှေ့ဘက်ကမ်း ၉၉မြို့မှ တစ်မြို့ဖြစ်ဟန်တူကြောင်း၊ ရခိုင်သမိုင်းမှတ်တမ်းကို ကိုးကား၍ဆိုပါသည်။(ကိုး-၉၊ စာ-၄၄)။

သူကဆက်၍ပူရေပူရသည် ဘင်္ဂလားဒေ့ရှ်နယ်မြေဘက်မှနတ်မြစ်ဝအနီးရှိဆိပ်ကမ်းမြို့တစ်မြို့ဟု ခန်းမှန်းပါသည်။(ကိုး-၉၊စာ-၁၇၁)။ ဦးစံသာအောင်ကမူ ကျောက်ဖြူခရိုင် ဂင်္ဂါရွာမအနီးတွင် ဝေသာလီနှင့် ခေတ်ပြိုင်မြို့တစ်မြို့ရှိခဲ့သည်။ ဤမြို့သည်ပင် ပူရေပူရမြို့လော သို့မဟုတ် ရိုးမတစ်ဖက်က ပျူလူမျိုးတို့၏မြို့တော် ဆိုသည်ကိုမသိနိုင်ပေ။(ကိုး-၂။ စာ-၂၁၂)ဟုဆိုပါသည်။

ဤသို့ဆိုလျှင် ပူရေပူရမှ မဟာဝိရကိုစစ်ရှုံးသူသည် မည်သူပေနည်း။

အာနန္ဒစန္ဒြကျောက်စာအရဆိုလျှင် ဓွတ်စန္ဒြမင်းသည် ဝေသာလီတွင် ၃နှစ်စိုးစံပြီးနောက် နတ်ရွာစံသော နှစ်တွင်ပင် မဟာဝိရသည် ဝေသာလီထီးနန်းကိုစိုးစံခဲ့ပေရာ မဟာဝိရထံတွင် စစ်ရှုံးခဲ့သူမှာ ဓွတ်စန္ဒြပင်ဖြစ်ကြောင်း မှတ်ယူစရာဖြစ်နေပါသည်။ သို့သော်စာရေးသူအထက်တွင် တင်ပြခဲ့သည့်အတိုင်း-

(၁) သူရိယစန္ဒြဒင်္ဂါးပါ လက်ရေးလက်သားပညာအရ သူရိယစန္ဒြမင်းသည် ကျောက်စာလာပထမ ဝေသာလီမင်းများ၏ခေတ်တွင် ပေါ်ပေါက်ခဲ့သောမင်းဖြစ်နေခြင်း။

(၂) သူရိယစန္ဒြဒင်္ဂါးသည် ကျောက်စာလာဓမ္မဝိဇယ၊ ဓမ္မစန္ဒြမင်းတို့၏ ဒင်္ဂါးများထက်ရှေးကျ၍ ယင်းမင်းများပါဝင်သောဝေသာလီဒုတိယမင်းဆက်မှ မဟာဝိရထက် ရှေးကျသောမင်း ဖြစ်နေခြင်း။

(၃) သူရိယစန္ဒြဒင်္ဂါးပါအက္ခရာအရေးအသားများသည် ကျောက်စာလာဝေသာလီပထမမင်းဆက်မှ မင်းများ၏ဒင်္ဂါးများတွင်ပါသော အက္ခရာအရေးအသားများအနက် ဓွတ်စန္ဒြဒင်္ဂါးထက် နောက်ကျဟန်ရှိခြင်း။

(၄)　သူရိယစန္ဒြဒင်္ဂါးပါ အက္ခရာ(အထူးသဖြင့် 'ယ'အက္ခရာ)အရေးအသားမှာ လက်ရေးလက်သား ပညာအရ အေဒီ၆ရာစုအကုန် အေဒီ၇ရာစုအစတွင် ရေးထိုးသော ဒင်္ဂါးဖြစ်နေခြင်း။

(၅)　သူရိယစန္ဒြဒင်္ဂါးပါ အက္ခရာအရေးအသားသည် ရာဇဝင်လာစန္ဒြမင်းဆက်၏ ခေတ်ထက်ပို၍ စောစီးစွာကပင် ရခိုင်ပြည်တွင် သုံးစွဲခဲ့သော အက္ခရာအရေးအသားဖြစ်ခြင်းကြောင့် သူရိယစန္ဒြ ဒင်္ဂါးကိုသွန်းလုပ် ခဲ့သော သူရိယစန္ဒြမင်းသည် ရာဇဝင်လာသူရိယစန္ဒြမင်း မဟုတ်ကြောင်း ပေါ်လွင်နေခြင်း။

စသည့်အကြောင်းများကြောင့် ဤဒင်္ဂါးကိုသွန်းလုပ်ခဲ့သော သူရိယစန္ဒြမင်းသည် ဓွတ်စန္ဒြမင်းနတ်ရွာစံ၍ မဟာဝိရမင်းနန်းတက်သော အေဒီ၆၀၀ပြည်နှစ်တွင်ပင် ဝေသာလီ၌စိုးစံခဲ့သော မင်းတစ်ပါးဖြစ်နေပေသည်။

ဤသို့ဆိုလျှင် ဓွတ်စန္ဒြမင်းနတ်ရွာစံပြီးနောက် အေဒီ ၆၀၀တွင်ပင် ဝေသာလီ၌နန်းစံသောမင်းမှာ သူရိယ စန္ဒြမင်းနှင့် မဟာဝိရမင်းတို့ဖြစ်နေပေရာ သူရိယစန္ဒြမင်းကို ကျောက်စာရေးထိုးရာတွင် အဘယ်ကြောင့် ချန်လုပ် ထားခဲ့ပါသနည်း။

အကြောင်းကြောင်းကို ထောက်စာလိုက်လျှင် ဓွတိစန္ဒြမင်းသည် အေဒီ ၅၉၇တွင် ဝေသာလီ၌ထီးနန်းစိုးစံ သည်။ ယင်းမင်းသည် အေဒီ ၆၀၀ပြည့်တွင် နတ်ရွာစံသည်။ ဓွတိစန္ဒြမင်းနတ်ရွာစံသောအခါ သူရိယစန္ဒြမင်း နန်းတက်သည်။ ဤမင်းသည် ရာဇဘိသေကမင်္ဂလာကျင်းပပြီးသည်နှင့် သူရိယစန္ဒြဒင်္ဂါးသွန်းလုပ်တော်မူသည်။ မကြာမီအချိန်အတွင်း၌ပင် ပူရေပူရမှ မဟာဝိရသည် ဝေသာလီကိုစစ်ပြုလာသည်။ စစ်ပွဲတွင် သူရိယစန္ဒြမင်း စစ်ရှုံး၍ ဝေသာလီထီးနန်းကို မဟာဝိရစိုးစံသည်။ ဤသို့ဖြင့် ဓွတ်စန္ဒြမင်းနတ်ရွာစံသောနှစ်၊ သူရိယစန္ဒြထီးနန်း ဆက်ခံ၍ ဒင်္ဂါးသွန်းလုပ်လာသည့်နှစ်၊ မဟာဝိရမင်းဝေသာလီကိုနန်းတက်သောနှစ်မှာ တစ်နှစ်တည်းအတွင်း၌ ဖြစ်ပေသည်။ ထို့ကြောင့် ဒင်္ဂါးသွန်းလုပ်ခဲ့သော်လ ည်း နန်းစံကာလမှာ အလွန်တိုတောင်းလှသောကြောင့် သူရိယစန္ဒြ၏အမည်ကို ကျောက်စာရေးထိုးရာတွင် ထည့်သွင်းခြင်းမပြုပဲ ချန်လုပ်ထားခဲ့ခြင်းဖြစ်ပေမည်။

ထို့ကြောင့်မဟာဝိရသည် ဝေသာလီကိုစစ်ပွဲဆင်နွှဲစဉ်က မဟာဝိရထံစစ်ရှုံးသူမှာ ကျောက်စာတွင်ပါရှိ သော ဓွတ်စန္ဒြမင်းမဟုတ်ပဲ အေဒီ၆၀၀ခုနှစ်၌ပင် နန်းတက်၍ ခေတ္တမျှနန်းစံခဲ့ရပြီး ထီးနန်းကိုစွန့်လွှတ်ခဲ့ရသော သူရိယစန္ဒြဒင်္ဂါးကိုသွန်းလုပ်ခဲ့သည် သူရိယစန္ဒြမင်းပင်ဖြစ်ဖွယ်ရှိကြောင်း တင်ပြအပ်ပါသည်။

**ကိုးကားသောစာအုပ်စာတမ်းများ**


| | | |
|---|---|---|
| (၁) | ရခိုင်ဒင်္ဂါး | ဦးစံသာအောင် |
| (၂) | အာနန္ဒစန္ဒြ | ဦးစံသာအောင် |
| (၃) | အေဒီ၆ရာစုနှင့် ယင်းမတိုင်မီရခိုင်ပြည်သုံးအက္ခရာ | ဦးစံသာအောင် |
| (၄) | ရခိုင်ရှေ့ဟောင်းမြို့တော်များ | ထွန်းရွှေခိုင် |
| (၅) | ရခိုင်ရာဇဝင်သမိုင်းနှင့်သုတေသီတို့၏အတွေးအမြင် | ဦးအောင်သာဦး |
| (၆) | Some Sans Krit Inscrip Tions of Arakan | E.H-Johnston |
| (၇) | Inscriptions of Chan Dras of Arakan | D.C-Sircar |
| (၈) | A Brief Note on The Old Capital of Arakan | U San Shwe Bu |
| (၉) | Ancient Arakan | Pamela Gutman |

# ဝေသာလီခေတ် သူရိယစန္ဒြမင်းနှစ်ပါး

ရခိုင်အာနန္ဒစန္ဒြကျောက်စာရေ၊ အေဒီ–၈ရာစုအစောပိုင်းကာလက ရီးထိုးခရေအတွက်နန့်၊ ဒေနိအထိ လက်ဆင့်ကမ်းပနာယူဆောင်ခကတ်တေ ရခိုင်ရာဇဝင်ကျမ်းတိထဲမှာ၊ ရှိအကျဆုံးရာဇဝင်မှတ်တမ်းဖြစ်ပါဖို့။

ဂန္ထဝင်ရခိုင်စကားအပြင်၊ လက်ာတိနန့်ရီးထားခရေ၊ အဂုလက်ဟိရခိုင်ရာဇဝင်တိစွာ၊ အဂုအခါရှာလို့ဖွီလို့ မရနိုင်ဗျာဖြစ်တေ မူလရခိုင်ရာဇဝင်တိကို မှီးပနာရီးသားမှတ်တမ်းတင်ခစွာ ဖြစ်ကတ်တေအပြင်၊ အနည်းဆုံး ဘစီ–၃၀၀၀ကျော်လောက်က စတင်ပနာ၊ အေဒီ–၁၈၀၀လောက်အထိ ရခိုင်ရာဇဝင်ကို မှတ်တမ်းတင်ခစွာဖြစ်တေ အတွက်နန့်၊ ဘီစီ–၇ရာစုက၊ အေဒီ–၇၂၉ထိ ရခိုင်ရာဇဝင်ကို အကျဉ်းလောက်ချေရီးထိုးခရေ အာနန္ဒစန္ဒြကျောက် စာနန့် နှိုင်းစာကေ၊ ပိုလို့ပြည့်စုံရေ။ ယင်းပိုင်မှတ်ချက်ချနိုင်ပါရေ။ ယေကေလေး၊ အဂုလက်ဟိရာဇဝင်တိကို ပြုစုခတတ်တေရာဇဝင်ဆရာတိစွာ၊ မူရင်းအနေနန့် ရာဇဝင်တစ်စောင်ထဲကိုမှီငြမ်းခကတ်စွာ မဟုတ်တေအပြင်၊ ယင်းရာဇဝင်ဆရာတိ မှီငြမ်းခရေ ရာဇဝင်တိထဲမှာ အာနန္ဒစန္ဒြကျောက်စာမပါဆိုစွာတော့ဒါ သိချာရေကိစ္စပါ။ မင်းအရီအတွက်၊ မင်းနာမေ၊ နန်းတက်တေခုနှစ်၊ နန်းစံနှစ်ပေါင်းရို့ကိုဖေါ်ပြစွာမှာ၊ ရာဇဝင်တိမတူကွဲပြားနိန် ကတ်တေအပြင်၊ ဘီစီ–၇ရာစုက နိန်ပနာ အေဒီ ၇၂၉အထိ ရာဇဝင်ကိုဖေါ်ပြစွာမှာ ရာဇဝင်ကျမ်းအားလုံးရို့ရေ အာနန္ဒစန္ဒြကျောက်စာနန့် လုံးဝကွဲပြားနိန်ရေအချက်က သက်သီပင်မဟုတ်ပါလား။

ယင်းပိုင်ကွဲပြားနိန်မကတ်စွာထဲက ဝေသာလီခေတ်နန့်ပတ်သက်လို့ပြောရဖို့။ ယင်းပိုင်လို့ဆိုကေ၊ ကျောက် စာမှာပါရေ စန္ဒြမင်းအများစုရို့နာမေတိကို ခပ်နိုပ်ထားရေ ဒင်္ဂါးတိကိုတွိရရေအတွက်နန့်၊ ကျောက်စာလာစန္ဒြမင်း ဆက်စွာသောဝေသာလီမှာ အမှန်နန်းစံခကတ်တေဆိုစွာကို ကျွန်တော်ရို့လက်ခံယုံကြည်ရပါဖို့။ ယင်းပိုင်ပါ ဗျာယ်။ ရာဇဝင်လာစန္ဒြမင်းဆက်က မင်းတချို့ဒင်္ဂါးကိုတွိရပြန်ရေအတွက်။ ရာဇဝင်ထဲက စန္ဒြမင်းတိလဲသော့ ဝေသာလီမှာ အမှန်နန်းစံခကတ်တေလို့ ယူဆရပါရေ။

သုတေသီတိအဆိုအရ၊ ကျောက်စာလာ'ဒွင်စန္ဒြ'ကနိန်ပနာ'ဓွတိစန္ဒြ'အထိ မင်းတိကို အေဒီ၃၇၀က ၆၀၀ အထိ နန်းစံခရေ ဝေသာလိပထမမင်းဆက်၊'မဟာဝီရ' ကနိန်ပနာ'အာနန္ဒစန္ဒြ'အထိ မင်းတိကို အေဒီ ၆၀၀က ၇၂၉အထိနန်းစံခရေ ဝေသာလီ ဒုတိယမင်းဆက်လို့ သတ်မှတ်ကတ်ပါရေ။ ကျောက်စာပထမမင်းဆက်အဆုံးမှာ မင်း(၁၆)ပါးလို့ပြဆိုထားကေလေ၊ ရီတွက်ကြည့်ရေအခါမင်း(၁၃)ပါးရာတွိရပါရေ။ ယင်းအတွက်နန့်အကြောင်း အမျိုးမျိုးကြောင့် ကျောက်စာမှာ မရီးထိုးပဲနန့်၊ ချန်ထားခရေမင်း(၃)ပါးဟိုနိန်စွာကို တွိရပါရေ။

ကျောက်စာလာ ပထမမင်းဆက်က၊ မင်းတိနန့်၊ နန်းစံနှစ်၊ သက္ကရာဇ်ရို့ကိုဖေါ်ပြပါမေ(ကိုး–၁။စာ–၁၅၉)။

| | | | | | |
|---|---|---|---|---|---|
| (၁) | ဒွင်စန္ဒြ | (အေဒီ၃၇၀–၄၂၅) | (၂) | ရာဇစန္ဒြ | (အေဒီ၄၂၅–၄၄၅) |
| (၃) | ကာလစန္ဒြ | ( ॥ ၄၄၅–၄၅၄) | (၄) | ဒေဝစန္ဒြ | ( ॥ ၄၅၄–၄၇၆) |
| (၅) | ယဥ္စစန္ဒြ | ( ॥ ၄၇၆–၄၈၃) | (၆) | စန္ဒြဗန္ဓု | ( ॥ ၄၈၃–၄၈၉) |
| (၇) | ဘူမိစန္ဒြ | ( ॥ ၄၈၉–၄၉၆) | (၈) | ဘူတိစန္ဒြ | ( ॥ ၄၉၆–၅၂၀) |
| (၉) | နီတိစန္ဒြ | ( ॥ ၅၂၀–၅၇၅) | (၁၀) | ဝီရစန္ဒြ | ( ॥ ၅၇၅–၅၇၈) |
| (၁၁) | ပြီတိစန္ဒြ | ( ॥ ၅၇၈–၅၉၀) | (၁၂) | ပြဲထွီစန္ဒြ | ( ॥ ၅၉၀–၅၉၇) |
| (၁၃) | ဓွတိစန္ဒြ | ( ॥ ၅၉၇–၆၀၀) | | | |

ကျောက်စာဒုတိယမင်းဆက်မှာ မင်း(၉)ပါးပါဝင်ပြီးကေ၊ မင်းမင်းရို့၊ နန်းစံနှစ်၊ သက္ကရာဇ်ရို့ကေ ဖေါ်ပြပါ မေ(ကိုး–၁။ စာ–၁၇၁)။

| | | | | | |
|---|---|---|---|---|---|
| (၁) | မဟာဝီရ | (အေဒီ ၆၀၀–၆၁၂) | (၂) | ဝရယဇပ် | (အေဒီ ၆၁၂–၆၂၄) |
| (၃) | သေဝိရာဇ် | ( ॥ ၆၂၄–၆၃၆) | (၄) | ဓမ္မသူရ | ( ॥ ၆၃၆–၆၄၉) |
| (၅) | ဝဇြရသတ္တိ | ( ॥ ၆၄၉–၆၆၅) | (၆) | ဓမ္မဝိဇယ | ( ॥ ၆၆၅–၇၀၁) |
| (၇) | နဝရန္ဒြဝိဇယ | ( ॥ ၇၀၁–၇၀၄) | (၈) | ဓမ္မစန္ဒြ | ( ॥ ၇၀၄–၇၂၀) |

(၉)    အာနန္ဒစန္ဒြ    ( ။  ၇၂၀–၇၂၉)

ရခိုင်ရာဇဝင်တိမှာတော့ခါ ဝေသာလီခေတ်မှာ စန္ဒြမင်း(၉)ပါးစိုးစံခရေလို့ဖေါ်ပြကတ်ပါရေ။ ဦးစံသာအောင်က“ရခိုင်ရာဇဝင်မှာ စန္ဒြမင်းဆက်ကို အေဒီ ၈ရာစုကနိန်ပနာ ၁၀ရာစုထိစိုးစံခရေလိုဆိုရေ။ မင်း(၉)ပါးဟိပြီးကေ၊ နောက်ဆုံးမင်းစွာ မူလစန္ဒြမင်းဖြစ်တေ။ ယင်းမင်းဆက်စွာ အေဒီ–၉၅၇လောက်မှာပျက်တေလို့(ကိုး–၂။ စာ–၇)ရီးခပါရေ။ ဦးစံရွှေဘုက၊ မဟာတိုင်းစန္ဒြမင်းနန်းတက်ခရေနှစ်ကို အေဒီ–၇၈၈လို့ ဖော်ပြပနာ၊ စူလစန္ဒြနတ်ရွာစံရေ သက္ကရာဇ်ကို အေဒီ–၉၅၇လို့ (ကိုး–၆။ စာ–၅/၆)ရီးပါရေ။ ရာဇဝင်လာစန္ဒြမင်းရို့ နန်းစံသက္ကရာဇ်တိကို ဖော်ပြပါမေ။

| | | | | | |
|---|---|---|---|---|---|
| (၁) | မဟာတိုင်းစန္ဒြ | (အေဒီ ၇၈၈–၈၁၀) | (၂) | သူရိယစန္ဒြ | (အေဒီ–၈၁၀–၈၃၀) |
| (၃) | မောလစန္ဒြ | ( ။ ၈၃၀–၈၄၉) | (၄) | ပေါလစန္ဒြ | ( ။ ၈၄၉–၈၇၅) |
| (၅) | ကာလစန္ဒြ | ( ။ ၈၇၅–၈၈၄) | (၆) | ထူလစန္ဒြ | ( ။ ၈၈၄–၉၀၃) |
| (၇) | သီရိစန္ဒြ | ( ။ ၉၀၃–၉၃၅) | (၈) | သိဃံစန္ဒြ | ( ။ ၉၃၅–၉၅၁) |
| (၉) | စူလစန္ဒြ | ( ။ ၉၅၁–၉၅၇) | | | |

ဦးစံသာအောင်က “ဒေရာဇဝင်လာမင်းတိစွာ ဝေသာလီမှာ နှောင်းခေတ်မှာမှ ရာစိုးစံခရေမင်းတိဖြစ်ပါဖို့။ ဒင်္ဂါးတိက၊ ဒေမင်းတိမတိုင်းခင်ကပင် ဝေသာလီမှာစန္ဒြမင်းဆက်ယှိခဖူးရေဆိုစွာ ဖေါ်ပြနိန်ကတ်တေ”လို့ (ကိုး–၂။ စာ–၇) ရီးထားရေ။ ဆရာကြီးဦးစံသာအောင် အရီးအသားအရဆိုကေ၊ ရာဇဝင်ထဲကစန္ဒြမင်းဆက်စွာ၊ အာနန္ဒစန္ဒြနောက်မှ ဝေသာလီမှာစိုးစံခရေမင်းဆက်ဖြစ်တေလို့ သဘောပေါက်ပါရေ။ ယင်းပိုင်လို့ဆိုကေ ရာဇဝင်လာ ဝေသာလီစန္ဒြမင်းဆက်နန်းစံကာလကို အထက်မှာတင်ပြရေအတိုင်း အေဒီ ၈ရာစုက၊ ၁၀ရာစုထိစိုးစံခရေလို့ ပြထားရေ ရခိုင်ရာဇဝင်စွာအမှန်ဖြစ်ပါဖို့။

E.H. Johnston ကကျောက်စာလာ‘ဒွင်’ ဆိုစကားလီသံနန့်၊ ရာဇဝင်လာ‘တိုင်း’ဆိုရေစကားလီသံ ရို့စွာတူကတ်တေ။ ဘာသာဗေဒအရလို့ဆိုရေ။ ယင်းပိုင်ပြောပနာ ကျောက်စာနန့်၊ ရာဇဝင်ရို့မှာပါကတ်တေ စန္ဒြမင်းဆက်ရို့ကို ဆက်စပ်ရောထွီးဖို့ကြိုးစားဖူးရေ။ ‘ရာဇဝင်လာ စန္ဒြမင်းဆက်စွာ ကျောက်စာလာစန္ဒြမင်းဆက်ကိုမှန်းဆပြုပြင်ဖော်ပြထားစွာဖြစ်တေလို့ (ကိုး–၇။စာ–၃၅၇/ ၈၅)ဆိုရေ။ ယင်းအယူအဆနန့်တဆက်တည်းတူညီရေ ဆရာကြီး ဦးအောင်သာဦးအဆိုက‘ရာဇဝင်မှာ မင်း(၉)ဆက်ဆိုရေစကားစွာ၊ ဘုန်းတန်ခိုးကြီးပြီးကေ ထင်ရှားကျော်ကြားရေမင်း(၉)ဆက်ကိုဆိုလိုခြင်းဖြစ်တောလို့၊ ရီးသားခြင်းပင်ဖြစ်ပါရေ။

E.H. Johnston နန့်ဦးအောင်သာဦးရို့တွေးဆချက်တိကို အခြီးပျားတချို့ကကျောက်စာနန့်ရာဇဝင်မှာ ‘ကာလစန္ဒြ’လို့နာမေတူပါရေ၊ ယင်းပိုင်လို့ဆိုပနာ၊ ကျောက်စာကသီရိဓမ္မဝိဇယမင်းစွာ၊ ရာဇဝင်ထဲက သီရိစန္ဒြမင်းဖြစ်တေလို့ (ကိုး–၄၊စာ–၁၉၂)ရီးလူကရီး၊ အာနန္ဒစန္ဒြမင်းကိုပင်၊ ရာဇဝင်မှာပါဟိရေ‘ထူလစန္ဒြ’မင်းဖြစ်တေလို့ (ကိုး–၅၊စာ–၁၂၆) ရီလူကရီးနန့်၊ ကရိုက်တထိုက်တိရီးလာကတ်စွာ တွိရပါရေ။ ယင်းပိုင်နန့်ပင် ‘မဟာတိုင်းစန္ဒြမင်းစွာ ဒွင်စန္ဒြဖြစ်တေ’လို့ ရီးပနာ၊ ရာဇဝင်မှာပါရေစန္ဒြမင်းဆက်နန်းတက်သက္ကရာဇ်တိကို ကျောက်စာနန့်ညှိပနာ

| | | | | | |
|---|---|---|---|---|---|
| (၁) | မဟာတိုင်းစန္ဒြ | (အေဒီ–၃၂၇–၃၈၄) | (၂) | သူရိယစန္ဒြ | (အေဒီ–၃၈၄–၄၃၃) |
| (၃) | ဖောလစန္ဒြ | ( ။ ၄၃၃–၄၈၁) | (၄) | ပေါလစန္ဒြ | ( ။ ၄၈၁–၅၂၅) |
| (၅) | ကာလစန္ဒြ | ( ။ ၅၂၅–၅၇၆) | (၆) | တူလစန္ဒြ | ( ။ ၅၇၆–၅၉၅) |
| (၇) | သီရိစန္ဒြ | ( ။ ၅၉၅–၆၆၇) | (၈) | သိဃံစန္ဒြ | ( ။ ၆၆၇–၇၃၃) |
| (၉) | စူလစန္ဒြ | ( ။ ၇၃၃–၇၆၉) | | | |

ယင်းပိုင်ပျင်ပနာရီးကတ်ပါရေ (ကိုး–၄။ စာ–၁၉၁)အေအယူအဆစွာ၊ ဦးစံရွှေဘုရို့၊ ဦးစံသာအောင်ရို့ ရေးသားထားချက်တိနန့်မကိုက်ပါ။

ကျွန်တော်ရေ၊ ကျောက်စာ၊ ကြီးနီပြားစာ၊ ဒင်္ဂါးစာနန့်ရာဇဝင်ရို့ကို ညှိပနာ၊ ရာဇဝင်လာစန္ဒြမင်းဆက်စွာ

ကျောက်စာလာစန္ဒြမင်းဆက်ကို မှန်းဆပြုပြင်ထားစွာမဟုတ်ကြောင်း၊ ဘုန်းတန်ခိုးကြီးမားရေမင်း(၉)ပါးကိုဆိုလိုစွာမဟုတ်ကြောင်း၊ မဟာတိုင်းစန္ဒြမင်းစွာ အနန္တစန္ဒြနတ်ရွာစံပြီးမှရာ၊ ဝေသာလီမှာနန်းစံခဧမင်းဆက်ဖြစ်တေအကြောင်းကို၊ ၁၉၈၆–သဟာယမဂ္ဂဇင်း(၁)မှာ 'ဒွင်စန္ဒြသည် မဟာတိုင်းစန္ဒြလော'ဆောင်းပါး၊ ၁၉၉၄–ရခိုင်မဂ္ဂဇင်း(၁၆)မှာ 'မဟာဝီရကို စစ်ရှုံးသူ'ဆောင်းပါး၊ ၁၉၉၈–ရခိုင်ရိုးမမဂ္ဂဇင်း(၂)မှာ 'ဝေသာလီခေတ်အမြင်သစ်' ဆောင်းပါး

ရို့မှာအကျယ်ရီးသားခပါဗျာယ်။ ယင်းဆောင်းပါးတိကိုလေ့လာပြီး၊ အေဆောင်းပါးကို ဖတ်ကေ ကျွန်တော်ဆိုလိုစွာ၊ ကျွန်တော့်အယူအဆကိုရှင်းရှင်းလင်းလင်းသိနိုင်ပါဖို့။

ယေကေ၊ အဂုဝေသာလီခေတ်သူရိယစန္ဒြမင်း(၂)ပါးကို တင်ပြစွာမှာ လေး၊ ကျောက်စာလာစန္ဒြမင်းဆက်စွာ၊ ရာဇဝင်လာစန္ဒြမင်းဆက်နန့်ဇာတစ်ခုလေ မပတ်သက်ဆိုစွာကို တစိသျှေတင်ပြဖို့လိုအပ်နီန်ပါရေ။

ကျောက်စာနန့်ရာဇဝင်မှာ'ကာလစန္ဒြ' နာမည်ပါစွာကိစ္စဖြစ်ပါရေ။ ကျောက်စာမှာ 'ကာလစန္ဒြ' ဆိုစွာသီသီချာချာပြတ်ပြတ်သားသားဖတ်လို့ရစွာကားမဟုတ်ပါ။ E.H. Johnstonကယင်း စကားလုံးစွာ'ဘာလ'မဖြစ်နိုင်၊'ကာလ'နန့်'ရာလ'တခုခုဖြစ်နိုင်ရေဆိုပနာ 'ကာလ'လို့ ရီးထားခစွာရာဖြစ်ပါရေ။ ဦးစံသာအောင်က"(ကာ)လ"လို့မသီချာရေ အဓိပ္ပါယ်နန့်ရီးထားခပါရေ။ (ကိုး–၁။စာ–၈၀)P.Gutmanကယင်းစကားလုံးကို 'ဘာလ' လို့ ယူဆပနာယင်းမင်းနာမေကို [Ba]La Candna'လို့ (ကိုး–၈။ စာ–၅၅)ရီးပါရေ။

ပြီးကေ၊ ရာဇဝင်မှာသီရိစန္ဒြမင်းရေ၊ သံဃတော်(၂၀၀၀)ပင့်ဖိတ်ပြီးကေ ထေရဝါဒပိဋကတ်တော်နန့်အဋ္ဌကထာကျမ်းတိကို သင်္ဂါယနာတင်ရေလို့မော်ကွန်းလင်္ကာမှာ တွိရပါရေ။ ကျောက်စာမှာ သီရိဓမ္မဝိဇယမင်းအကြောင်းဖော်ပြရာမှာ 'ရတနာသုံးပါးကိုအစဉ်အောက်မိခြင်းကုသိုလ်နန့်ယှဉ်သောကြောင့်'လို့ ယင်းပိုင်ရာတွိရပါရေ။ 'သင်္ဂါယန"သံဂိတိ' 'သံဃသမဂ္ဂ'ဆိုရေ သံဃာတော်ရို့စုစည်းမှုနန့်၊ သင်္ဂါယနာနန့်ပတ်သက်တေ စကားလုံးအရိပ်အရောင်သျှေပင်မတွိရပါ။ သီရိဓမ္မဝိဇယမင်းရာအမှန်သင်္ဂါယနာတင်ခဖို့။ ယင်းပိုင်ဆိုကေ၊ အာနန္ဒစန္ဒြမင်းစွာ၊ ကျောက်စာမှာ သင်္ဂါယနာနန့်ပတ်သက်လို့ ထည့်သွင်းရီးထိုးခပါဖို့။ ယေဇုနန့်သီရိစန္ဒြာမင်းနန့် သီရိဓမ္မဝိဇယမင်းရို့ အတူတူဖြစ်တေလို့ဆိုစွာ မမှန်နိုင်ပါ။

ကျောက်စာမှာ အာနန္ဒစန္ဒြမင်းစွာ ဗုဒ္ဓသာသနာတော်ကို အထူးယုံကြည်ကိုးကွယ်ရေဥပသကာတစ်ဦးပါ။ ပီးကမ်းလှူဒါန်းမှုမှာလေ၊ ကမ်းကုန်အောင်လှူပါရေ။ လူမျိုး၊ ဘာသာမရွီး၊ ကူညီထောက်ပံ့ရေ မင်းကောင်းမင်းမြတ်ပါ။ ဃိလမေဃ(သီဟိုဠ်)ပြည်က ထေရဝါဒရဟန်းတိအတွက် လက်ဆောင်ပစ္စည်းတိပီးပို့လှူဒါန်းခပါသိယင့်။ ရာဇဝင်ကထူလစန္ဒြမင်းကျရေခါ၊ သောက်စားမူးယစ်ပြီးကေ၊ သဘင်၊ ဂီတ၊ ပျော်ပွဲရွှင်ပွဲတိနန့်ရာအချိန်ကုန်နီန်စွာတွိရရေ။ ယင်းထူလစန္ဒြကို အာနန္ဒစန္ဒြဆိုလို့ ဇာပိုင်ဖြစ်နိုင်ပါဖို့လဲ။ ယင်းပိုင်းဗျယ်။ ကျောက်စာက ကာလစန္ဒြဆိုရေ မင်းကောင်းမင်းမြတ်ပါရာ။ ရာဇဝင်ထဲက ကာလစန္ဒြမင်းက၊ ထူလစန္ဒြမင်းပိုင်ပါဗျယ်။ ကြောက်ကောင်းထမန်းမင်းရာဖြစ်နီန်ပါရေ။ ဒေချင့်တိအပြင် ရာဇဝင်မှာ နန်းစံနှစ်များရေ၊'သူရိယစန္ဒြ"မောလစန္ဒြ' 'ပေါလစန္ဒြ'မင်းရို့ကို ကျောက်စာရီးထိုးစွာမှာ ချန်ထားခပနာ၊ နန်းစံနှစ်နည်းရေ'ဝီရစန္ဒြ"ပြီတိစန္ဒြ'ရို့ကို ထည့်သွင်းမဖို့ကားမတန်ပါ။ ယင်း––ကာလစန္ဒြ၊ ထူလစန္ဒြမင်းရို့ကိုကား၊ ဘုန်းတန်ခိုးကြီးမားပြီး၊ ထင်ရှားကျော်ကြားရေမင်းတိလို့ဇာပိုင်သတ်မှတ်နိုင်ပါဖို့လေး။ ယင်းအတွက်နန့် ရာဇဝင်လာစန္ဒြမင်းဆက်စွာ ကျောက်စာထဲကမင်းဆက်ကို တနည်းနည်းကိုယ်စားပြုဖေါ်ပြစွာမဟုတ်လို့ယူဆပါရေ။

ဦးစံသာအောင်က"ဒေ ဝေသာလီပထမမင်းဆက် (အေဒီ–၃၇၀–၆၀၀)မှာပါ၇ေ၊ မင်းတိသွန်းလုပ်ခကတ်တေ ဒင်္ဂါးတိကိုတွိထားရပါဗျာယ်။ ယေပြီးနာ၊ လက်ရီးလက်သားပညာအရ ယင်းခေတ်မှာပင်သွန်းလုပ်တေယပိုင်လို့မှတ်ယူနိုင်ရေ'သူရိယစန္ဒြ'ဒင်္ဂါးတစ်ပြားကိုလေ့တွိထားရပါရေ။ သူရိယစန္ဒြနာဖေနန့်မင်းစွာ အာနန္ဒစန္ဒြကျောက်စာမှမပါပါ။ ဤတွိယှိချက်ကို ရှင်းလင်းဖို့လိုနီန်ပါသိယင့်။ ရခိုင်ရာဇဝင်မှာတော့ခါ သူရိယစန္ဒြမင်းထက်နောက်ကျရေ'သိဃံစန္ဒြမင်း' ဒင်္ဂါးနန့်၊ ကျောက်စာလာ ဒုတိယမင်းဆက်က'ဓမ္မစန္ဒြမင်း'ဒင်္ဂါးရို့ကို နှိုင်းယှဉ်လေ့လာဖို့လိုအပ်လာပါဗျာယ်။

ဓမ္မစန္ဒြမင်းစွာ၊ အေဒီ ၇၀၄မှာနန်းစံပါရေ။ ဓမ္မစန္ဒြဒင်္ဂါးကိုလေ့သော့ ယင်းသက္ကရာဇ်မှာပင် သွန်းလုပ်လိမ့်မေ့

လို့ ယူဆရပါဖို့။ သိဿံစန္ဒြမင်းဒင်္ဂါးမှာတော့ခါ 'သီရိသိဿံဂဏ္ဍာစန္ဒြ'ဆိုစွာကို ဇာနစ်ကြောင်းနန့်ရီးထိုးထားပါရေ။ ရီးထိုးထားရေအက္ခရာအရီးအသားကတော့ရှိပြီး ဘင်္ဂလီအက္ခရာပါ။ ဒင်္ဂါးစာအတိုင်း ဖော်ပြရကေ ဖြစ်ပါရေ။ ဒေအက္ခရာ အရီးအသားမှာ အာနန္ဒစန္ဒြကျောက်စာရီးထိုးပြီးရေနောက်၊ အေဒီ၁၀ရာစုမှာ ရီးထိုးခရေ၊ ကျောက်စာတိုင်မြောက်ဖက်မျက်နှာက ရှိပြီး ဘင်္ဂလီအက္ခရာဖြစ်ကြောင်း၊ ယင်းမြောက်ဖက်မျက်နှာမှာပါရေ 'သီရိသိဿံပတိသူရစန္ဒြ'မင်းရီးထိုးသွန်းလုပ်ခရေ ဒင်္ဂါးဖြစ်နိုင်ကြောင်း P. Gutmanက(ကိုး–၈။စာ–၁၂၅)ပြောဖူးပါရေ။ ဦးစံသာအောင် ကလေသော့ ကျောက်စာတိုင်မြောက်ဖက်မျက်နှာမှာ ရခိုင်ရာဇဝင်ထဲက မင်းတချို့နာမေတိကို တွိရကြောင်း၊ သိဿံစန္ဒြမင်းနာမေပါဝင်ကြောင်းကို (ကိုး–၂။စာ–၉)ပြောစွာနန့်တိုက်ဆိုင် ကြည့်ရေခါ၊ ဒေဒင်္ဂါးစွာရာဇဝင်လာသိဿံစန္ဒြမင်းသွန်းခရေဒင်္ဂါးဖြစ်တေဆိုစွာပေါ်လွင်လာပါရေ။ တပါထဲပြော ရဖို့ဆိုကေ ကျောက်စာတိုင်မြောက်ဖက်မျက်နှာကရှိပြီး ဘင်္ဂလီအက္ခရာနန့်ရီးထိုးခရေ စန္ဒြမင်းဆက်စွာ၊ အာနန္ဒ စန္ဒြနောက်ဝေသာလီမှာနန်းစံခရေမင်းဆက်ဖြစ်တေဆိုစွာအပြင်။ ရာဇဝင်လာစန္ဒြမင်းဆက်စွာ ယင်းကျောက်စာ တိုင်မြောက်ဖက်မျက်နှာက မင်းဆက်ကိုဖေါ်ပြခြင်းဖြစ်တေဆိုစွာ ပေါ်လွင်လာရေပိုင်တွိရပါရေ။

အထက်မှာဖေါ်ပြရေတချို့ဆရာတိအယူအဆအတိုင်း သိဿံစန္ဒြမင်းနန်းစံသက္ကရာဇ်ကို အေဒီ ၆၆၇–၇၃၃ ဆိုကေ၊ ကျောက်စာလာ ဓမ္မစန္ဒြမင်းနန်းစံကာလ(အေဒီ–၇၀၄–၇၂၀)နန့်တိုက်ဆိုင်နိန်ပါရေ။ ဒင်္ဂါးမှာရီးထိုးရေအက္ခရာက အေဒီ၁၀ရာစုတိုးအက္ခရာဖြစ်တေအတွက်၊ ဒေဒင်္ဂါးသွန်းလုပ်တေ သိဿံစန္ဒြမင်းနန်းစံကာလကို (အေဒီ ၉၃၅–၉၅၁)လို့ ဖေါ်ပြရေ၊ ရာဇဝင်ရာအမှန်ဖြစ်တေလို့ တွက်ဆလို့ရပါရေ။ အက္ခရာအရီးအသားပြောင်းလဲလာမှု အရလေးသော ဓမ္မစန္ဒြဒင်္ဂါးထက်နောက်ကျစွာကို တွိရပါရေ။

ဓမ္မစန္ဒြဒင်္ဂါးစာအရီးအသားကို၊ ယင်းဒင်္ဂါးသွန်းပြီးနောက် ၂၅နှစ်အကြာမှာ ရီးထိုးခရေ အာနန္ဒစန္ဒြကျောက်စာ အရီးအသားနန့်နှိုင်းယှဉ်လို့ကြည့်ပါရေ။ ကျောက်စာမျာ အက္ခရာတိက မကြာခင်ကမှ၊ နာလန္ဒာရောက်လာရေ အက္ခရာအရီးအသားဖြစ်ပြီးကေ၊ ဓမ္မစန္ဒြဒင်္ဂါးစာအရီးအသားက၊ နာလန္ဒာကအရီးအသားမရောက်သိခင် ရီးနိန်ရေ အရီးအသားဖြစ်ပါရေ။

ဒင်္ဂါးများပါရေအရီးအသားနန့်၊ ကျောက်စာမှာပါရေ အရီးအသားရို့။ လုံးဝနီးပါးကွဲပြားပါရေ။ ဓမ္မစန္ဒြ ဆိုရေ နာမေကိုဒင်္ဂါးမှာလို့ ရီးထိုးထားပြီးကေ၊ ကျောက်စာမှာကလို့(ကိုး–၁။စာ–၈၃)တွဲရပါရေ။ ဒင်္ဂါးက အရီးအသားစွာ အေဒီ ၆ရာစုအရီးအသားက သိသိသာသာပြောင်းလဲလာမှုမယိုသိဆိုစွာ တွိရပါရေ။ ကျောက်စာပါ အရီးအသားထက် ပိုလို့ရှိကျပါရေ။

သူရိယစန္ဒြဒင်္ဂါးမှာယင်းပိုင်လို့ရီးထိုးထားပါရေ။ အေဒင်္ဂါးမှာပါရေ အက္ခရာအရီးအသားကို တစိသျှေလောက် ဆန်းစစ်ကြည့်ပါမေ။ "သူ"ဆိုရေ အရီးအသားက တစိသျှေပွန်းပဲ့နီပါဗျာယ်။ ယေဒါလေး အေဒီ၆ရာစု နှောင်းပိုင်းကာလက ရီးထိုးခရေ ကျောက်ဖြူမြို့ကကျောက်စာ(ကိုး–၃၊ ဇယား၂၄ကိုရှု)မှာပါရေ အရီးအသားနန့် တတူတူ ပါဗျာယ်။ "ရိ"မှာ 'ရ'ကိုရီးစွာမှာ အေဒီ ၅၇၅ကသွန်းလုပ်ခရေ ဝီရစန္ဒြဒင်္ဂါးက အရီးအသားအတိုင်းပါ။ လုံးကြီးတင်စွာ ဘယ်ဖက်တို့မောက်ချလို့ရီးစွာမှာ အေဒီ၆ရာစုအတွင်းက တခြားအရီးအသားတိနန့်စာကေ တစိသျှေတိုလားပြီးကေ ဝလုံးပိုင်ဖြစ်လာစွာတွိရပါရေ။ 'ယ'အရီးအသားကိုလေ့လာရေဒါ အေဒီ ၆ရာစုအတွင်းက ရခိုင်ပြည်မှာ 'ယ'ရီးရေနည်း(၄)မျိုးတွိရပါရေ။ ယင်း(၄)မျိုးဆိုကေ(၁) ဝေသာလီကြီးနီပြားစာမှာပါရေအရီးအသား၊(၂)ဝေသာလီသင်းကျစ်တော်တောင်ကျောက်စာကအရီးအသားရို့ဖြစ်ပါရေ။ ယင်းအရီးအသားရို့ကို အစဉ်အတိုင်းတင်ပြရကေ (၁)(၂)(၃) (၄)ရို့ဖြစ်ပါရေ။ထူးခြားစွာက အေဒင်္ဂါးမှာရီးထိုးထားရေ'ယ' အက္ခရာအရီးအသားကို အေဒင်္ဂါးနန့်သံတွဲငလုံးမော်ကျောက်စာရို့မှာရာတွိနိန်ရခြင်းပါ။ တခြားဇာကျောက်စာ၊ ကြီးပြားစာ၊ ဒင်္ဂါးစာရို့မှာလေးမတွိရပါ။ ငလုံးမော်ကျောက်စာစွာ အေဒီ ၆ရာစုအဆုံး၊ ၇–ရာစုအစမှာ ရီးထိုးစွာပါ(ကိုး–၈။ စာ–၉၄)။ 'စန္ဒြ'ကိုရီးစွာကတော့ခါ အေဒီ–၆ရာစုအတွင်းက တခြားအရီးအသားတိအတိုင်းပါယာ။

အကြောင်းကြောင်းကိုထောက်ဆကြည့်ဖို့။ ယင်းပိုင်လို့ဆိုကေ၊ သူရိယစန္ဒြဒင်္ဂါးမှာပါရေ'ရ'အက္ခရာအရီးအသားရေ၊ ဝီရစန္ဒြဒင်္ဂါးမှာပါရေ အရီးအသားနန့်တူညီရေအချက်၊'ယ'အက္ခရာအရီးအသားစွာ သံတွဲငလုံးမော်ကျောက်စာက အရီးအသားနန့်တူညီရေအချက်၊ အေဒင်္ဂါးကို အေဒီ–၆ရာစုအတွင်းက သွန်းလုပ်ခစွာလို့ မှန်းဆ

နိုင်ရေအချက်၊ ဒင်္ဂါးကအက္ခရာအရီးအသားပုံစံက ‘ခွတိစန္ဒြ’ နန့်ယင်းမင်းမတိုင်ခင် မင်းတိသွန်းခရေ အချက်တိကြောင့် အေဒင်္ဂါးကိုသွန်းလုပ်ချိန်စွာ ‘ခွတိစန္ဒြမင်း’ နန်းတက်တေ အေဒီ ၅၉၇ထက်လေ့မစော မဟာဝီရ နန်းတက်တေအေဒီ၆၀၀ထက်လေးနောက်မကျဘဲ စိုးစံခရေမင်းဖြစ်တေလို့ယူဆစရာဖြစ်လာပါရေ။

ယေဒါလေး၊ ကျောက်စာအရ အေဒီ ၅၉၇ကနိန့်ပနာ ၆၀၀ထိနန်းစံခစွာက ခွတိစန္ဒြမင်းဖြစ်ပြီးကေ၊ အေဒီ ၆၀၀က ၆၁၂ ထိစိုးစံခစွာက မဟာဝီရဖြစ်နိန့်ပါရေ။ အကြောင်းအချက်တိကို ထောက်ကေ အေဒင်္ဂါးကိုသွန်းလုပ်ခရေ သူရိယစန္ဒြမင်းစွာ၊ နန်းစံကာလအလွန်တိုတောင်းရေအတွက်။ ကျောက်စာရီးထိုးစွာမှာ ချန်ထားခရေမင်း (၃)ပါးထဲက တစ်ပါးဖြစ်တေဆိုစွာ သိနိုင်ပါဗျာယ်။ P. Gutman က “အေသူရိယစန္ဒြဒင်္ဂါးကိုသွန်းခရေမင်းစွာ၊ ဝေသာလီမှာစန္ဒြမင်းတိကျဆုံးပနာ နိုင်ငံတွင်းအခြေအနေရှုပ်ထွီးရေအချိန်မှာ စိုးစံခရေမင်းဖြစ်တေ (ကိုး–၈။ စာ–၁၂၄)လို့ ဆိုစွာ၊ ကျွန်တော့်ယူဆချက်နန့်တိုက်ဆိုင်နိန့်ပါရေ။

ယင်းအတွက်နန့် အေသူရိယစန္ဒြဒင်္ဂါးနန့်ပတ်သက်ပနာ“အေဒီ ၅၉၇မှာ ဝေသာလီမှာ ခွတိစန္ဒြမင်းနန်းတက်ပါရေ။ အေဒီ ၆၀၀ခုနှစ်မှာခွတိစန္ဒြမင်းနတ်ရွာစံပါရေ။ ယင်းအခါ“သူရိယစန္ဒြ”နန်းတက်ပါရေ။ အေမင်းနန်းစံရေအချိန်မှာပင် အေဒီ ၆၀၀ခုနှစ်ထဲမှာပင် ပူရေပူရက မဟာဝီရစွာ ဝေသာလီကို စစ်ပွဲဆင်နွဲပါရေ။ အေသူရိယစန္ဒြမင်းရေ၊ နန်းတက်တေနန့်ချက်ချင်း ဆိုရေပိုင်ဒင်္ဂါးသွန်းလုပ်ခပါရေ။ မဟာဝီရစွာစစ်ပွဲကိုအောင်နိုင်ပြီး၊ ဝေသာလီထီးနန်းကို သိမ်းပိုက်ပါရေ။ အေဒင်္ဂါးသွန်းလုပ်ခရေ သူရိယစန္ဒြမင်းစွာ ဝေသာလီမှာနန်းစံခကေလေ၊ နန်းစံကာလအလွန်တိုတောင်းလှရေအတွက်နန့်၊ ကျောက်စာရီးထိုးစွာမှာ ချန်ထားခရေမင်းတစ်ပါးဖြစ်တေလို့ တွီမြင်လာရပါရေ။

ယင်းအတွက်နန့်အေသူရိယစန္ဒြဒင်္ဂါးသွန်းလုပ်ခရေ သူရိယစန္ဒြမင်းစွာ အေဒီ၆၀၀ခုနှစ်အတွင်းမှာ ဝေသာလီမှာ အချိန်ကာလအနည်းသျှောရာနန်းစံခရေမင်းဖြစ်တေလို့ ယူဆရပါရေ။

အေသူရိယစန္ဒြဒင်္ဂါးနန့်ပတ်သက်ပြီးကေ တင်ပြစရာအကြောင်း(၂)ချက်ယိုနိန့်ပါသိယင့်။ အေသူရိယစန္ဒြဒင်္ဂါးသွန်းလုပ်တေအချိန်ကို P. Gutman ကအေဒီ၆၂၅ နန့် ၆၅၀အတွင်းမှာလို့ (ကိုး–၈။စာ–၁၂၇)ဆိုပါရေ။ ယေဒါလေ၊ ယင်းအချိန်စွာ ကျောက်စာလာဝေသာလီမင်းဆက်က “သေဝရင်မင်း”နန့်“ဓမ္မသူရ”မင်းရို့နန်းစံချိန်ဖြစ်နိန့်စွာတွီရပါရေ။ ဒါကြောင့် အေဒင်္ဂါးကို P. Gutman ပြောရေပိုင် အေဒီ ၆၂၅နန့် ၆၅၀ကြားကာလမှာရာသွန်းခစွာအမှန်ဆိုကေ၊ ကျောက်စာလာမင်းရို့နန်းတက်တေခုနှစ်တိကို၊ ၂၅နှစ်က နှစ်၅၀ထိနောက်တို့ဆုတ်ရဖို့ပိုင်ဖြစ်နိန့်ပါရေ။D.C Sarcarသတ်မှတ်တေသက္ကရာစ်တိကိုကားပြုပြင်ဖို့၊ ခိုင်မာရေအထောက်အထားမယှိပါ။ ယေဇုနန့် အေဒင်္ဂါးသွန်းလုပ်ချိန်ကို P. Gutman ခန့်မှန်းစွာလွဲမှားလီပါဖို့။

အမှန်ရာအေဒင်္ဂါးကို အေဒီ ၆၂၅–နန့် ၆၅၀ကြားကာလမှာရာသွန်းလုပ်ခစွာအမှန်ဆိုကေ၊ အေဒင်္ဂါးမှာရီးထာရေ‘ယ’အက္ခရာအရီးအသာကို သံတွဲငလုံးမော်ကျောက်စာမှာရာတွီရပနာ၊ ရခိုင်ပြည်မြောက်ပိုင်းက၊ ဇာစာတစ်ခုမှာလေး မတွီရရေအတွက် အေ‘ယ’အက္ခရာအရီးအသားကို ရခိုင်ပြည်တောင်ပိုင်းအရီးအသားလို့ယူဆလိုက်ကေ၊ အေသူရိယစန္ဒြမင်းစွာ အေဒီ ၆၂၅နန့် ၆၅၀ကြားကာလမှာ သံတွဲမှာစိုးစံဖူးခရေအထောက်အထားကားမယှိပါ။ ယင်းဇုနန့်အေဒင်္ဂါးမှာပါရေ ‘ယ’အက္ခရာအရီးအသားစွာ သံတွဲငလုံးမော်ကျောက်စာပါ‘ယ’အရီးအသားနန့်တိုက်ဆိုင်မှုဖြစ်ရပါဖို့။

ရခိုင်ရာဇဝင်မှာ မဟာတိုင်းစန္ဒြမင်းစွာ အေဒီ၇၈၈နန်းစံပါရေ။ သူရိယစန္ဒြမင်းကို မဟာတိုင်းစန္ဒြမင်းမှာ သားတော်ဖြစ်တေ။ အေဒီ ၈၁၀က ၈၃၀ထိနန်းစံခရေလို့ဆိုပါရေ။ အေမင်းစွာအမှန်ရာ ဒင်္ဂါးသွန်းလုပ်ခဖို့၊ ယင်းပိုင်လို့ဆိုကေ၊ အေဒီ ၆ရာစုသုံးအက္ခရာတိကို သုံးစွဲခဖို့အကြောင်းကားမယှိပါ။ ရှိုပြီးအင်္ဂလီအက္ခရာတိကို ရာသုံးစွဲခလီဖို့အကြောင်းရာယှိပါရေ။

ယင်းအတွက်၊ အားလုံးကိုခြုံပနာသုံးသပ်ပြီးကေ၊ ဝေသာလီမှာ အေဒီ ၃၇၀က ၆၀၀ထိပထမစန္ဒြမင်းဆက်၊ အေဒီ၆၀၀က ၇၂၉ထိ ဒုတိယမင်းဆက်နန့်၊ အေဒီ ၇၈၈က ၉၅၇ထိ တတိယစန္ဒြမင်းဆက်ဆိုပနာ၊ မင်း(၃)ဆက်

ယှိခစ္စာမှာ၊ အဂုဒင်္ဂါးတွိထားရရေ၊ အေဒီ ၆၀၀အတွင်းမှာစိုးစံခရေ သူရိယစန္ဒြ မင်းတစ်ပါးနန့်၊ အေဒီ ၈၁၀က ၈၃၀ထိစိုးစံခရေ သူရိယစန္ဒြမင်းတစ်ပါးလို့၊ ဝေသာလီခေတ်မှာ 'သူရိယစန္ဒြ' ဘွဲ့ကိုခံယူခရေမင်း(၂)ပါးတွိရပါ ကြောင်း တင်ပြလိုက်ပါရေ။

**ကိုးကားရေစာအုပ်စာတမ်း**

| | | |
|---|---|---|
| (၁) | ဦးစံသာအောင် | အာနန္ဒစန္ဒြ(ရှစ်ရာစုရခိုင်ဝေသာလီမင်း) |
| (၂) | ॥ | ရခိုင်ဒင်္ဂါးများ |
| (၃) | ॥ | အေဒီခြောက်ရာစုနှင့်မတိုင်မီရခိုင်ပြည်သုံးအက္ခရာ |
| (၄) | ထွန်းရွှေခိုင် | ရခိုင်ရှေးဟောင်းမြို့တော်များ |
| (၅) | အောင်လှသိန်း | ဝေသာလီခေတ်စိစစ်ချက်၊ ရခိုင်မဂ္ဂဇင်း(၁၇) |
| (၆) | San Shwe Bu | A Briefrlate On the Old Capitals of Arakan (Golden Tid-bid of Arakan-1964) |
| (၇) | E.H Johnston | Some Sanskrit Insuiptians of Arakan |
| (၈) | P. Gutman | Ancient Arakan |

## ပဥ္စမြို့သက်တမ်းနှင့် မြို့တည်နှစ်

ရခိုင်ရာဇဝင်နှင့်ပတ်သက်၍ ရေးသားထားသော ရာဇဝင်(၄၈)စောင်ရှိသည်ဟု ကြားဖူးပါသည်။ ယင်း ရာဇဝင်များအားလုံးကိုလေ့လာမှသာလျှင် ရခိုင်ရာဇဝင်အကြောင်းကိုပြည့်ပြည့်စုံစုံသိရှိနိုင်မည်ဟု ရှေးလူကြီးများ ပြောသံကိုလည်း ကြားဖူးပါသည်။ ရာဇဝင်(၄၈)စောင်ဟုဆိုရာတွင် ရခိုင်မင်းသမီးချေင်းအပါအဝင်၊ ဘုရားသမိုင်း များ၊ ရာဇဝင်လင်္ကာများ၊ မော်ကွန်းများစသည်တို့ကိုပါ ထည့်သွင်းရေတွက်ခြင်းဖြစ်မည်ဟု သုတေသီ မောင်ဗသိန်းက ပြောဖူးသည်။ မည်သို့ဆိုစေ ကျွန်တော်တို့လက်လှမ်းမီသမျှရှာဖွေကြည့်မိခဲ့ရာ၊ ရာဇဝင်ကျမ်းဟု ဆိုနိုင်လောက်သည့် ကျမ်း(၈)စောင်မျှလောက်ကိုသာတွေ့ရပါသည်။

ယင်းကဲ့သို့ အနည်းငယ်မျှသာတွေ့ရသည့် ရာဇဝင်ကျမ်းများကို နှိုင်းယှဉ်လေ့လာကြည့်သောအခါ ရာဇဝင် တစ်စောင်နှင့်တစ်စောင် ကွဲပြားနေသော အချက်တော်တော်များများကိုတွေ့မြင်ရပါသည်။ ဓညဝတီခေတ်၊ ဝေသာ လီခေတ်နှင့် လေးမြို့ခေတ်များတွင်စိုးစံခဲ့ကြသည့် မင်းများ၏အမည်များ၊ နန်းတက်သက္ကရာဇ်များ၊ နန်းစံနှစ်များ သည် အတော်များများပင် ကွဲပြားခြားနားနေပါသည်။ ယင်းသို့ရာဇဝင်များကွဲပြားနေကြခြင်းကြောင့် ဆရာကြီး ဦးစံသာအောင်က မည်သည့်ရာဇဝင်ကို အမှန်ယူရမည်မသိဟု ညည်းတွားခဲ့ဖူးပါသည်။

ရာဇဝင်ကျမ်း၏ကွဲလွဲချက်များကို အနည်းငယ်မျှတင်ပြပါမည်။ ဝေသာလီခေတ်စတင်သည့်နှစ်ကို ရာဇဝင် ကြီးက AD ၅၆၂၊ ဆရာမည် ရခိုင်ရာဇဝင်က AD ၇၈၈၊ ဓညဝတီရာဇဝင်သစ်က AD ၃၈၁၊ ရခိုင်ရာဇဝင်သစ်က P. AD ၃၂၇ဟုဖော်ပြကြပါသည်။ ယင်းကျမ်းများ အစီအစဉ်အတိုင်းပင် မဟာတိုင်းစန္ဒြမှ ငတုံမင်းထိ ဝေသာလီ ခေတ်၏သက်တမ်းကို ၃၅၄–နှစ်၊ ၂၃၀–နှစ်၊ ၂၀၂–နှစ်၊ ၄၉၁–နှစ်ဟုခြားနားကွဲပြားစွာဖော်ပြကြပါသည်။ ဤသို့ အားဖြင့် လေးမြို့ခေတ်အစဖြစ်သော ပဥ္စာမြို့တည်ထောင်သောနှစ်ကို AD ၉၁၆၊AD ၁၀၁၈၊AD ၅၈၃၊ AD ၈၁၈ဟုတွေ့ရပါသည်။ ပဥ္စာမြို့၏သက်တမ်းကိုလည်း ၂၆၄–နှစ်၊ ၈၅–နှစ်၊ ၂၂၀–နှစ်။ ၂၈၅–နှစ်ဟူ၍ အသီးသီး ပြဆိုထားကြပါသည်။ ဤသည်မှာ စာရေးသူလေ့လာဖူးသည့် ရာဇဝင်များအနက်မှ အချို့ကိုသည ညှိနှိုင်းယှဉ် တွဲ၍ ဖော်ပြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ရှေ့က ရာဇဝင်ဆရာများ၊ သမိုင်းသုတေသီများ၊ ယခုအခါရေးသားနေကြသည့် သုတေသီများ ၏ရေးသားချက်များကို စိစစ်ကြည့်သောအခါ ပဥ္စမြို့တည်သက္ကရာဇ်ကို အချို့က AD ၈၁၈–ဟုလည်းကောင်း၊

အချို့က အေဒီ ၁၀၁၈ဟုလည်းကောင်း၊ နှစ်(၂၀၀)ကွာခြား၍ ရေးသားနေကြပါသည်။ အချို့ကမူ ခိုင်မာသော အယူအဆမရှိပဲ နှစ်မျိုးလုံးကို အဆင်ပြေ သလိုရေးသားကြသည်။ သို့သော် ပဋ္ဌမြို့သက်တမ်း ကုန်ဆုံးချိန်ကိုမူ သုတေသီအများစုက AD ၁၁၀၃–ဟုတညီတညွတ်တည်းသာ ဖော်ပြကြပါသည်။ ယင်းသို့ဆိုသော်လည်း ပဋ္ဌမြို့၏သက်တမ်းသည် (၈၅)နှစ်နှင့် (၂၈၅)နှစ်ဟု ကွဲပြားနေသေးသဖြင့် ကျွန်တော်တို့ ကဲ့သို့ တစ်ခါတစ်ရံ သမိုင်းဆိုင်ရာ ဆောင်းပါးများရေးသားနေသူများအဖို့ အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ ထို့ကြောင့်စာရေးသူသည် ပဋ္ဌမြို့၏သက်တမ်းနှင့်မြို့တည်နှစ်ကို မိမိ၏အယူအဆဖြင့် အခိုင်အမာရေးသားနိုင်ရန် စူးစမ်းမိပါသည်။

ပဋ္ဌာမြို့ဖြင့် အစပြုခဲ့သော လေးမြို့ခေတ်သည် ဝေသာလီခေတ်ကိုဆက်ခံသောခေတ်ဖြစ်ပါသည်။ ထို့ကြောင့် လေးမြို့ခေတ်အစကို ပြောမည်ဆိုလျှင်ဝေသာလီခေတ်ကုန်ဆုံးချိန်ကို ဆန်းစစ်ရပေမည်။ ဝေသာလီခေတ်ကုန်ဆုံး ချိန်ကို အမှန်အတိုင်းသတ်မှတ်နိုင်ရန်အတွက် ဝေသာလီရာဇဝင်မင်းဆက်နှင့်ပတ်သက်၍ ကွဲပြားနေသောအယူ အဆများကို ကျောက်စာ၊ ဒင်္ဂါးစာများနှင့် ရာဇဝင်တို့ညှိနှိုင်းရပေလိမ့်မည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပဋ္ဌမြို့စတည်သောသက္ကရာဇ်နှင့်ပတ်သက်၍ ယနေ့သုတေသီများ အတွင်း AD ၈၁၈ဟု(ကိုး–၅၊စာ–၁၉၆)ယူဆသူများနှင့် AD ၁၀၁၈ဟု(ကိုး–၉၊စာ–၈)ယူဆသူများဟု နှစ်မျိုး ကွဲပြားနေ ပါသည်။ ပဋ္ဌာမြို့တည်နှစ်ကို AD ၈၁၈–ဟုယူဆကြသူများက ဝေသာလီခေတ် မဟာတိုင်းစန္ဒြမင်းကြီး ၏ နန်းတက်သက္ကရာဇ်ကို AD ၇၈၈–ဟု(ကိုး–၉၊ စာ–၅)ရေးသားပါသည်။ မဟာတိုင်းစန္ဒြမင်းနှင့် ကျောက်စာ လာဒွင်စန္ဒြမင်းကိုလည်းကောင်း၊ ရာဇဝင်လာ ကာလစန္ဒြမင်းနှင့် ကျောက်စာလာ(ကာ)လစန္ဒြမင်းကိုလည်း ကောင်း၊ ရာဇဝင်လာ သီရိစန္ဒြမင်းနှင့် ကျောက်စာလာသီရိဓမ္မဝိဇယမင်းကိုလည်းကောင်း(ကိုး–၅၊စာ–၁၉၂) ထပ်တူပြုကြပါသည်။ အချို့သုတေသီများကမူ ရာဇဝင်လာထူလစန္ဒြမင်းကို ကျောက်စာလာအာနန္ဒစန္ဒြမင်းတို့ကို ပင် မင်းတစ်ပါးတည်းဖြစ်သည်ဟု(ကိုး–၇၊ စာ–၁၂၆)ရေးသားကြပါသည်။ ယင်းသုတေသီများက ရာဇဝင်လာ စူလစန္ဒြမင်း၏နန်းတက်သက္ကရာဇ်ကို AD ၇၃၃–ဟုဆိုပြီး၊ ယင်းတို့ယူဆချက်အရ စူလစန္ဒြမင်း၏နန်းစံနှစ်မှာ (၃၆)နှစ်ဖြစ်သဖြင့်၊ စူလစန္ဒြမင်းနတ်ရွာစံသောနှစ်မှာ AD ၇၆၉(ကိုး–၅၊ စာ–၁၉၁)ခုနှစ်ဖြစ်ပါသည်။

ရာဇဝင်လာ မဟာတိုင်းစန္ဒြမင်းနှင့် ကျောက်စာလဒွင်စန္ဒြမင်းတို့ကို မင်းတစ်ပါးတည်းမဟုတ်ဟု ယူဆကြ သည့် သုတေသီများက ဒွင်စန္ဒြမင်း၏နန်းတက်သက္ကရာဇ်ကို (Dr. Sircar ယူဆချက်အတိုင်း) AD ၃၇၀ဟုလည်း ကောင်း၊ မဟာတိုင်းစန္ဒြနန်းတက်သက္ကရာဇ်ကို AD ၇၈၈–ဟုလည်းကောင်း ယူဆကြပါသည်။ ယင်းတို့၏အယူ အဆတွင် စူလစန္ဒြမင်း၏နန်းစံနှစ်ပေါင်းမှာ (၆)နှစ်ဖြစ်ပြီး၊ AD ၉၅၁ တွင် နန်းတက်သဖြင့် AD ၉၅၇တွင် နတ်ရွာစံသည်ဟု(ကိုး–၉၊စာ–၅)။ စူလစန္ဒြမင်း၏နောက်ဝေသာလီ၌ အမြဲတူနှင့်ပဲဖြူမင်းနှစ်ပါးသည် (၃၇)နှစ် နန်းစံခဲ့ကြသဖြင့် ဝေသာလီပျက်သုဉ်းသောနှစ်ကို AD ၉၉၄–ဟုဆိုကြသည့်အပြင်၊ စမ္ဗာဝက်တွင် ငတုံမင်းနန်းစံ ခဲ့သည့် ၂၄–နှစ်ကုန်ဆုံးချိန်ဖြစ်သော AD ၁၀၁၈–တွင် ပဋ္ဌမြို့ကိုတည်သည်ဟု (ကိုး–၁၁၊ စာ–၁၀၉)လည်း သတ်မှတ်ကြပါသည်။

မဟာတိုင်းစန္ဒြမင်းသည် AD ၃၂၇တွင် နန်းတက်သည်ဟုယူဆသူများက ရာဇဝင်လာစန္ဒြမင်းဆက်ကို ကျောက်စာလာစန္ဒြမင်းဆက်နှင့် ထပ်တူပြုကြပါသည်။ ယင်းတို့က ယင်းကဲ့သို့ထပ်တူပြုရုံမျှမက ဒွင်စန္ဒြမင်း၏ နန်းတက်သက္ကရာဇ်ကိုပါ AD ၃၂၇–ဟုဆိုပြီး၊ အာနန္ဒစန္ဒြကျောက်စာရေးထိုးသောနှစ်ကိုလည်း AD ၆၈၆–ဟု (ကိုး–၅၊ စာ–၁၉၅)လည်း ဆိုကြပြန်ပါသည်။ ဆရာကြီးဦးစံသာအောင်က ရာဇဝင်လာစန္ဒြမင်းဆက်သည် ဝေသာလီနှောင်းခေတ်မင်းများ ဖြစ်တန်ရာသည်ဟု(ကိုး–၃၊စာ–၇)ရေးသားခဲ့သည်။ ထို့ကြောင့် ဤအယူအဆ နှစ်ရပ်သည် ဝေသာလီမင်းဆက်ပြဿနာအဖြစ် တည်ရှိနေသည်သာမက၊ ပဋ္ဌာမြို့တည်နှစ်နှင့်ပတ်သက်၍ ကွဲပြားနေသော အခြေခံအကြောင်းတရားအဖြစ် တွေ့ရပါသည်။

ဒွင်စန္ဒြနှင့်မဟာတိုင်းစန္ဒြကို မင်းတစ်ပါးတည်းဟုယူဆပြီး ဝေသာလီခေတ်အစကို AD ၃၂၇၊ ပဋ္ဌာမြို့တည် နှစ်ကို AD ၈၁၈–ဟုယူဆရသည့် အခြေခံအကြောင်းအချက်များကို လေ့လာသောအခါ ပထမအချက်အနေဖြင့် ရာဇဝင်များက ကျောက်စာနှင့်ကွဲပြားစွာဖော်ပြခဲ့ကြခြင်း၊ ဒုတိယအနေဖြင့် ရာဇဝင်လာစန္ဒြမင်းဆက်သည် အာနန္ဒ စန္ဒြကျောက်စာလာ စန္ဒြမင်းဆက်ကို မှန်းဆပြုပြင်ဖော်ပြခြင်းဖြစ်သည်ဟု ယူဆခြင်း၊ တတိယအနေဖြင့် ရာဇဝင်

တွင် မင်း(၉)ဆက်ဆိုသောစကားသည် ဘုန်းတန်ခိုးကြီးမား ထင်ရှားကျော်ကြားသော မင်း(၉)ပါးကို ဆိုလိုခြင်းဖြစ်သည်ဟု ယူဆခြင်းများမှ ဆင်းသက်လာသောအယူအဆများဖြစ်သည်ကို တွေ့မြင်ရပါသည်။

ဒွင်စန္ဒြမင်းကို မဟာတိုင်းစန္ဒြမင်းနှင့် မင်းတစ်ပါးတည်းဟုယူဆပြီး AD ၃၂၇–တွင် နန်းတက်သည်ဟု ယူဆသူတို့သည် ကျောက်စာလာမင်းများ၏ နန်းစံနှစ်များအတိုင်းရေတွက်၍ အာနန္ဒစန္ဒြကျောက်စာရေးထိုးသော နှစ် AD ၆၈၆–ဟု(ကိုး–၅၊စာ–၁၉၅)ဟု ဆိုကြပါသည်။ ဤဖော်ပြချက်သည် အာနန္ဒစန္ဒြကျောက်စာကို အိန္ဒိယ မြောက်ပိုင်းမှ ယသောဝါမံမင်း၏ကျောက်စာထက် နှစ်(၄၀)ခန့်စော၍ ရေးထိုးသည်ဟု ဆိုလိုရာရောက်ပါသည်။ သို့သော် Johnston, Sircar စသောသုတေသီများက အာနန္ဒစန္ဒြကျောက်စာသည် ယသောဝါမံကျောက်စာထက် နောက်ကျ၍ရေးထိုးခဲ့ကြောင်း၊ ယသောဝါမံကျောက်စာပါ အက္ခရာအရေးအသားများ ပုံစံပြောင်းစအချိန်တွင် ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သက်သေပြခဲ့ကြပြီး၊ ယင်းပညာရှင်တို့၏အဆိုများကို သုတေသီများလက်ခံ ထားကြပြီး ဖြစ်ကြပါသည်။ ထို့ကြောင့် အာနန္ဒစန္ဒြမင်း၏ (၉)နှစ်မြောက်နန်းစံနှစ်သည် ယင်းတို့ဖော်ပြချက် အတိုင်း AD ၆၈၆–ခုမဖြစ်နိုင်ပေ။

ဦးစံရွှေပုက ရာဇဝင်တွင် ဝေသာလီမင်းဆက်ကို မဟာတိုင်းစန္ဒြမင်းကြီးသည် AD ၇၈၈–တွင် တည်ထောင် သည်ဟု(ကိုး–၉၊ စာ–၅)ဆိုသည်။ ဦးစံသာအောင်က ရာဇဝင်တွင် ဝေသာလီမင်းဆက်ကို AD ၈–ရာစုမှ၁၀ရာစု ထိစိုးစံခဲ့သည်ဟုဆိုပြီး မင်း(၉)ပါးရှိပြီးလျှင် နောက်ဆုံးမင်းမှာ စူလစန္ဒြမင်းဖြစ်သည်ဟု (ကိုး–၃၊ စာ–၇) ရေးသားခဲ့သည်။

အချို့သုတေသီများက ဒွင်စန္ဒြမင်းဆက်သည် မဟာတိုင်းစန္ဒြမင်းဆက်ဖြစ်သည်ဟု ရာဇဝင်လာမင်းဆက် နှင့် ကျောက်စာလာမင်းဆက်ကိုထပ်တူပြုကြသော်လည်း ရာဇဝင်တွင်မင်း(၉)ပါးသာလျှင် ဖော်ပြထားပြီး အာနန္ဒ စန္ဒြကျောက်စာတွင် ဝေသာလီမင်းဆက်၌ မင်း(၂၂)ပါးပြထားပါသည်။ ဦးစံသာအောင်၊ Pamela Gutman တို့၏ အဆိုအရ ဖတ်၍မရနိုင်လောက်အောင်ပျက်စီးနေသော အာနန္ဒစန္ဒြနောက် ဝေသာလီတွင် စိုးစံသောမင်းများပါဝင် ပြီး နောက်ဆုံးမင်းမှာ စူစန္ဒြမင်းဖြစ်သည်ဟု(ကိုး–၃၊ စာ–၇)ဆိုပါသည်။

ရခိုင်ရာဇဝင် မဟာတိုင်းစန္ဒြသည် အမှတ်စဉ်(၁)ဖြစ်၍ကာလစန္ဒြမင်းသည် အမှတ်စဉ်(၅)ဖြစ်ပါသည်။ ကျောက်စာတွင် ဒွင်စန္ဒြမင်းသည် အမှတ်စဉ်(၁)ဖြစ်၍ (ကာ)လစန္ဒြမင်းသည် အမှတ်စဉ်(၃)ဖြစ်ပါသည်။ အကယ်၍ ရာဇဝင်လာစန္ဒြမင်းဆက်သည် ကျောက်စာလာစန္ဒြမင်းဆက်ကို မှန်းဆပြုပြင်ဖော်ပြခြင်းဖြစ်ပါလျှင် ကာလစန္ဒြမင်းကို အမှတ်စဉ်(၅)တွင်ဖော်ပြ၍ သူရိယစန္ဒြ၊ မောလစန္ဒြနှင့် ပေါလစန္ဒြမင်းတို့ကို အမှတ်စဉ်(၂)၊ (၃)နှင့် (၄)တို့တွင် စိတ်ကူးယဉ်ထည့်သွင်းခဲ့မည်မဟုတ်ပေ။ သံဃစန္ဒြမင်း၏ဒင်္ဂါးကလည်း ရာဇဝင်စန္ဒြမင်း ဆက်သည် စိတ်ကူးယဉ်မင်းဆက်မဟုတ်ကြောင်းကို သက်သေပြနေပါသည်။ (စူလမဟာရာဇဒင်္ဂါးသည် ဝေသာ လီခေတ် စူလစန္ဒြမင်း၏ဒင်္ဂါးမဟုတ်ပဲ မြောက်ဦးခေတ်စစ်တကောင်းစာ ဘုရင်ခံတစ်ပါး၏ သွန်းလုပ်ခဲ့သော ဒင်္ဂါးဖြစ်ကြောင်း မကြာသေးမီက VassantChowdhury ကတင်ပြခဲ့ပြီး၊ ကျွန်တော်တို့တွေ့ရှိထားသည့် 'သူရိယ စန္ဒြ'ဒင်္ဂါးသည် ရာဇဝင်လာသူရိယစန္ဒြမင်း၏ဒင်္ဂါးမဟုတ်သည်ကို စာရေးသူသည် ရခိုင်မဂ္ဂဇင်းအမှတ်(၁၆)တွင် 'မဟာဝီရကိုစစ်ရှုံးသူ'ဆောင်းပါးဖြင့် တင်ပြခဲ့ပြီးဖြစ်ပါသည်။) ယင်းအပြင်ကျောက်စာတွင် ဝေသာလီမင်းဆက် အဆုံး၌ မင်း(၁၆)ပါးဟုဆိုထားပြီး ရေတွက်ကြည့်သောအခါ မင်း(၁၃)ပါးသာတွေ့ရသည့်အတွက် ကျောက်စာ တွင် ရေးထိုးခြင်းမပြုပဲ၊ ချန်ထားခဲ့သည့် မင်း(၃)ပါးမှာ ဤမင်း(၃)ပါးဖြစ်မည်လားဟု တွက်ဆကြည့်ပါသည်။ ယင်းသို့တွက်ဆကြည့်ပြန်လျှင်လည်း ဝီရစန္ဒြ၊ ပြီတိစန္ဒြတို့ကဲ့သို့ နန်းစံနှစ်အလွန်နည်းပါးသောမင်းများကို ထည့်သွင်း၍ နန်းစံနှစ်များသော သူရိယစန္ဒြ၊ မောလစန္ဒြနှင့် ပေါလစန္ဒြတို့ကို ကျောက်စာရေးထိုးရာ၌ ချန်ထားခဲ့ မည်ဆိုခြင်းမှာ မဖြစ်နိုင်ဟု တွက်ဆ၍ရပါသည်။ ယင်းအပြင်ကာလစန္ဒြနှင့် ထူလစန္ဒြတို့ကဲ့သို့ မင်းဆိုးမင်းညစ် များကို ရာဇဝင်ဆရာက ဘုန်းတန်ခိုးကြီးမား၍ ထင်ရှားသောမင်းများအဖြစ် ဖော်ပြခဲ့မည်မဟုတ်ပေ။

ရာဇဝင်များကို လေ့လာသောအခါ ကာလစန္ဒြမင်းနှင့်ပတ်သက်၍ 'ရတနာသုံးပါးကို မကြည်ညို၊ အလှူ သီတင်းမရှိ၊ တိုင်းပြည်၏စီးပွားချမ်းသာကိုလည်း တိုးတက်အောင်မဆောင်ရွက်။ ပြည်ရွာမငြိမ်းချမ်း၊ ရတနာမိုး လည်းမရွာ'ဟု(ကိုး–၁။'ငွေ'ချပ်'ဝမ်း'၊ ကိုး–၂'စံ'ချပ်'ဝမ်း')ဆိုပါသည်။ ကာလစန္ဒြမင်းအကြောင်းကို အခြားတွေ့

ဖူးသမျှရာဇဝင်အစောင်စောင်တို့တွင် ဤသို့နှင်နှင်သာဖော်ပြကြပါသည်။ မည်သည့်ရာဇဝင်ကမျှ မင်းကောင်းမင်းမြတ်ဟု မဖော်ပြပါ။ ကျောက်စာတွင်တွေ့ရှိရသည်ကား 'ဘုန်းတန်းခိုးကြီးမားသော (ကာ)လစန္ဒြမင်းသည် (၉)နှစ်တိုင် ထီးနန်းစိုးစံတော်မူသည်။ နိုင်ငံရေး၊ လူမှုရေးတို့၌ကျွမ်းကျင်သော ထိုမင်းသည် နတ်ပြည်သို့ကြွမြန်းတော်မူသည်'ဟု (ကိုး–၄၊ စာ–၁၁၁)တွေ့ရပါသည်။ ဤအချက်ကိုထောက်၍ပင် ရာဇဝင်လာကာလစန္ဒြမင်းသည် ကျောက်စာလာ(ကာ)လစန္ဒြမင်းမဖြစ်နိုင်ဟု ယူဆရပါသည်။ အခြားတစ်ချက်မှာ ကျောက်စာတွင် 'ကာလ'သို့မဟုတ်'ရာလ'ဖြစ်နိုင်သည်။'ဘာလ'မဖြစ်နိုင်ဟု ယူဆသည်။ P.Gutman က'ကာလ၊ ရာလ၊ ဘာလ' သုံးမျိုးတွင် 'ဘာလ'ဖြစ်သည်ဟုရေးသည်။(ကိုး–၁၀၊စာ–၄၂) ဦးစံသာအောင်က'(ကာ)လ'ဟုရေးသည်။ (ကိုး–၄၊စာ–၈၀)။ (ကာ)သည် မသေချာသည့် သဘောဖြစ်ပါသည်။

တဖန်ရာဇဝင်များတွင် 'ထူလစန္ဒြ'မင်း၏အကြောင်းကို ဖော်ပြရာ၌ 'အပျော်အပါးလိုက်စားခြင်း၊ သူတော်ကောင်းတို့အဆုံးအမကိုမနာခံခြင်း၊ ပြည်သူတို့၏အကျိုးစီးပွားကိုလည်း မစောင့်ရှောက်ခြင်း(ကိုး–၁၊'မှော်'ချပ်'ကြော'၊ကိုး–၂၊'စံ'ချပ်'ကြော')တို့ကိုတွေ့ရပါသည်။ အခြားရာဇဝင်များတွင်လည်း ထူလစန္ဒြမင်းသည် သေရည်၊ ကာမဂုဏ်နှင့် သီခြင်းဂီတတို့ဖြင့်သာ ပျော်မွေ့သည်ကိုတွေ့ရပါသည်။ အချို့ကဤထူလစန္ဒြမင်းကို အာနန္ဒမင်းနှင့် အတူတူဖြစ်သည်ဟု ဆိုကြပြီးနောင်အခါ တရားဓမ္မကိုမျက်ကွယ်ပြု၍ အပျော်အပါးလိုက်စားသွားခြင်းဖြစ်နိုင်သည်ဟု(ကိုး–၇၊စာ–၁၂၆)အကြောင်းပြောကြပါသည်။ ထူလစန္ဒြမင်းနှင့် အာနန္ဒစန္ဒြမင်းတို့၏အကျင့်စရိုက်ကို ကျောက်စာနှင့် ရာဇဝင်ကိုယှဉ်၍ကြည့်ပါက ဆန့်ကျင်ဖက်ဖြစ်နေသည်ကို တွေ့ရပါမည်။ ထို့ကြောင့် ထူလစန္ဒြမင်းသည် အာနန္ဒစန္ဒြမင်းမဖြစ်နိုင်ပါ။ ထူလစန္ဒြမင်း၏နန်းစံနှစ်ကို ရာဇဝင်များတွင် ၂၅–နှစ်၊ ၁၉–နှစ်၊ ၉–နှစ်၊ ၁၆–နှစ်စသည်ဖြင့် အမျိုးမျိုးတွေ့ရသော်လည်း ကျောက်စာတွင် အာနန္ဒစန္ဒြမင်း၏ နန်းစံနှစ်ပေါင်းကို (၉)နှစ်သာ သတ်မှတ်၍ရပါသည်။

အခြားအချက်တစ်ခုမှာ ရာဇဝင်လာသီရိစန္ဒြမင်းနှင့် ကျောက်စာလာသီရိဓမ္မဝိဇယမင်းတို့ကို အတူတူဟုဆိုသော ကိစ္စဖြစ်ပါသည်။ မေခပညာမော်ကွန်းစာတွင် သီရိစန္ဒြမင်းသည် ဗုဒ္ဓသာသနာတွင် ပဥ္စမသင်္ဂါယနာတင်ပွဲကျင်းပသည်ဟု ဖော်ပြပါသည်။ ရခိုင်ပြည်မှ သံဃာတော်(၁၀၀၀)၊ သီဟိုဠ်မှ သံဃာတော်(၁၀၀၀)ပင့်ဖိတ်၍ သုံးနှစ်ကြာအောင် သင်္ဂါယနာတင်ပြီးလျှင် ပိဋကတ်၊ အဋ္ဌကထာများကို ကြေးနီပြား၊ ကြေးဝါပြားချပ်ရေ(၅၀၀၀)တွင် ပါဠိဘာသာဖြင့် အက္ခရာတင်ရေးထိုးခဲ့ကြောင်းဆိုပါသည်။ သာသနာ့သမိုင်းတွင် သင်္ဂါယနာတင်ပွဲဆိုသည်မှာ နယ်နယ်ရရပွဲမျိုးမဟုတ်ပါ။ အလွန်လေးအနက်ထား၍ ကြီးကြီးကျယ်ကျယ်ကျင်းပရသော ပွဲသဘင်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်သောမင်းတစ်ပါးအနေဖြင့် သင်္ဂါယနာတင်ပွဲကို ဒါယကာပြုကျင်းပပေးရခြင်းထက် ပို၍ကျော်ကြားထင်ရှားသောကောင်းမှုမျိုး မရှိနိုင်ပါ။ အကယ်၍သီရိဓမ္မဝိဇယမင်းသည် သီရိစန္ဒြမင်းသာဖြစ်ခဲ့ပါမူ အာနန္ဒစန္ဒြမင်းသည် မိမိရေးထိုးခဲ့သည့် ကျောက်စာ၌ သီရိဓမ္မဝိဇယမင်းအကြောင်း ထူးခြားသောဂုဏ်ပုဒ်ကိုဖော်ပြရာတွင် ယခုတွေ့မြင်ရသကဲ့သို့ 'ရတနာသုံးပါးကို အစဉ်အောက်မေ့ခြင်းကုသိုလ်နှင့်ယှဉ်သောကြောင့်'ဟု(ကိုး–၄၊ စာ–၁၂၇)သာရေးထိုးခဲ့မည်မဟုတ်ပါ။ အနည်းဆုံးအားဖြင့် ဗုဒ္ဓသာသနာတော်၏ ကြီးမြတ်သောဒါယိကာကြီးတစ်ဦးအဖြစ် သင်္ဂါယနာတင်ပွဲနှင့်ပတ်သက်၍ တနည်းနည်းဖြင့်ဖော်ပြခဲ့တန်ရာပါသည်။ တဖန် သီရိဓမ္မဝိဇယမင်းသည် မော်ကွန်းစာတွင်ပါရှိသကဲ့သို့ ပါဠိဘာသာဖြင့် ထေရဝါဒပိဋကတ်တော်ကို သင်္ဂါယနာတင်ခဲ့ပါလျှင် ယင်းနောက်နှစ်(၅၀)ခန့်အကြာတွင် အာနန္ဒစန္ဒြမင်းသည် ကျောက်စာကို သက္ကတဘာသာဖြင့် ရေးထိုးခဲ့မည်မဟုတ်ပေ။

သီရိစန္ဒြမင်းသည် သီရိဓမ္မဝိဇယမင်းပင်ဖြစ်သည်ဆိုသော သုတေသီတစ်ဦးကမူ သီရိဓမ္မဝိဇယမင်းနန်းတက်ချိန်မှာ AD ၆၆၅ဖြစ်ပြီး၊ ၆–ရာစု၊ ၇–ရာစုများက ရခိုင်ပြည်တွင် သက္ကတဘာသာအရေးအသားကအင်အားကြီးမားစွာလွှမ်းမိုးနေသည့်အထောက်အထားများကြောင့်၊ သင်္ဂါယနာတင်ပွဲတွင် ရေးထိုးခဲ့သောဘာသာမှာ 'ခေတ်ပြိုင်ကျောက်စာအထောက်အထားများအရ သက္ကတဘာသာနှင့် ပါဠိဘာသာနှစ်မျိုးလုံးဖြစ်နိုင်သည်'ဟု (ကိုး–၆၊စာ–၁၅ )အမှားကို ကျူးလွန်လာပါသည်။ ဗုဒ္ဓသာသနာတွင် ထေရဝါဒဂိုဏ်းသည် တစ်ခုတည်း သောပါဠိဘာသာသုံးဗုဒ္ဓသာသနာဂိုဏ်းဖြစ်၍ သက္ကတဘာသာကို အဘယ်နံရောအခါကမျှ သုံးစွဲခြင်းမရှိခဲ့သည်ကို

သာသနာ့သမိုင်းလေ့လာသူတိုင်း တွေ့ရပါမည်။

'ဒွင်စန္ဒြမင်း'နှင့် 'မဟာတိုင်းစန္ဒြ'အမည်နှစ်ခုတွင် 'ဒွင်'နှင့် 'တိုင်း'ကို ဘာသာဗေဒအရနီးစပ်၍၊ ယင်းမင်းနှစ်ပါးကို အတူတူဖြစ်သည်ဟုယူဆမည်ဆိုလျှင် ရာဇဝင်လာစန္ဒြမင်းများအားလုံးသည် 'ဒွင်'စန္ဒြဖြစ်နေပေတော့မည်။ 'တိုင်း'ဟူသောအမည်သည် 'မဟာတိုင်းစန္ဒြ' မင်းတစ်ပါးတည်းနှင့် သက်ဆိုင်သည်မဟုတ်ပါ။ ရာဇဝင်များတွင် စန္ဒြမင်းများ၏အမည်များကို မဟာတိုင်းစန္ဒြ၊ သူရိယတိုင်းစန္ဒြ၊ မောလတိုင်းစန္ဒြ၊ ပေါလတိုင်းစန္ဒြ၊ သိဿတိုင်းစန္ဒြ၊ စူလတိုင်းစန္ဒြဟုပါရှိသည်ကို သတိပြုစရာရှိနေပါသည်။

ဦးစံသာအောင်က ရာဇဝင်တွင်စန္ဒြမင်းဆက်ကို စရာစုမှ ၁၀–ရာစုထိစိုးစံခဲ့သည်။ မင်း(၉)ဆက်ရှိပြီး နောက်ဆုံးမင်းမှာ စူလစန္ဒြမင်းဖြစ်သည်။ ယင်းမင်းဆက်သည် AD ၉၅၇–ခန့်တွင် ပျက်စီးသည်ဟုဆို၍ ဤမင်းများသည် ဝေသာလီနှောင်းခေတ်မင်းများ ဖြစ်တန်ရာသည်။ ဒင်္ဂါးများဤမင်းများမတိုင်မီကပင် စန္ဒြမင်းဆက်ရှိခဲ့သည်ကိုဖော်ပြနေ၏ဟု(ကိုး–၃၊ စာ–၇)ဆိုခဲ့သည်။ ဆရာကြီးဦးစံသာအောင်ရေးသားခဲ့သကဲ့သို့ ရာဇဝင်လာမင်းဆက်သည် ဝေသာလီနှောင်းခေတ်မင်းများ၊ တစ်နည်းအားဖြင့် အာနန္ဒစန္ဒြနောက်မှ ဝေသာလီတွင်စိုးစံခဲ့သောမင်းများဖြစ်ကြပါသည်။ ဦးစံသာအောင်က ကျောက်စာတိုင်မြောက်ဖက်မျက်နှာတွင် စာကြောင်းရေ (၆၉)ကြောင်း ပါရှိသော ကျောက်စာရှိသည်။ စာလုံးအက္ခရာပုံသဏ္ဌာန်မှာ ရှေ့ပြေးဘင်္ဂလီအက္ခရာနှင့်တူသည်။ AD ၁၀ရာစုခန့်ကရေးထိုးခဲ့သည်ဟု ခန့်မှန်းရသည်။ ဤကျောက်စာတွင်လည်း မင်းဆက်များပါဝင်သည်ကို တွေ့ရသည်။ ဤကျောက်စာပါမင်းတစ်ပါးဖြစ်သည့် သိဃစန္ဒြမင်း၏ဒင်္ဂါးတစ်ပြားကို တွေ့ရှိရပြီးဖြစ်သည်ဟု(ကိုး–၃၊ စာ–၉)ဆိုပါသည်။ ကျောက်စာပါမင်းအမည်မှာ 'သီရိသိဃဂဏ္ဍာသူရစန္ဒြဖြစ်သည်။ ဒင်္ဂါးနှင့်ကျောက်စာတွင်ပါရှိသောအမည်နှစ်ခု အများစုတူညီနေသဖြင့် မင်းအမည်အတွက်ခိုင်လုံသော ရုပ်ဝတ္ထုအထောက်အထားဖြစ်သည်ဟု (ကိုး–၈၊စာ–၅၀)ဒေါက်တာစောထွန်းအောင်ကရေးသည်။ သိဃစန္ဒြမင်းအမည်ကို ရာဇဝင်တွင်တွေ့ရပါသည်။ ဖတ်၍ရသမျှယင်းကျောက်စာတွင်စူလစန္ဒြမင်း၏အမည်ကို 'စူလစန္ဒြသတိလဝိကြမ'ဟုတွေ့ရပါသည်။

အာနန္ဒစန္ဒြကျောက်စာကို AD ၈–ရာစုတွင်ရေးထိုးခဲ့ပြီး ကျောက်စာတိုင်မြောက်ဖက်မျက်နှာကို AD ၁၀–ရာစုတွင်ရေးထိုးခဲ့သည်ကို ထောက်၍ ကျောက်စာတိုင်မြောက်ဖက်မျက်နှာတွင်ပါရှိသောမင်းဆက်သည် အာနန္ဒစန္ဒြနောက်မှ ဝေသာလီတွင် စိုးစံခဲ့သောမင်းများဖြစ်သည်ဟု အတိအကျဆိုနိုင်ပါသည်။ ထို့ကြောင့် ရာဇဝင်လာမင်းဆက်သည် ကျောက်စာတိုင်မြောက်ဖက်မျက်နှာပါမင်းများကို ဖော်ပြခြင်းဖြစ်ကြောင်းကိုလည်း သိရှိနိုင်ပါသည်။ ထို့ကြောင့်ကျောက်စာလာစန္ဒြမင်းဆက်သည် AD ၃၇၀မှ AD ၇၂၉ထိစိုးစံခဲ့သော မင်းဆက်ဖြစ်ပြီး ရာဇဝင်လာမင်းဆက်သည် AD ၇၈၈မှ AD ၉၅၇ထိ ဝေသာလီတွင် စိုးစံခဲ့သောမင်းဆက်ဖြစ်ကြောင်း ပေါ်လွင်နေပါတော့သည်။

မဟာတိုင်းစန္ဒြမင်းနှင့် ဒွင်စန္ဒြမင်းကို ထပ်တူပြုသူများက ရာဇဝင်လာသိဃတိုင်းစန္ဒြ၏နန်းတက်သက္ကရာဇ်ကို AD ၆၆၇ဟု(ကိုး–၅၊ စာ–၁၉)ဆိုကြပါသည်။ ဤအဆိုအရဆိုလျှင် 'သိဃဂဏ္ဍာစန္ဒြ'ဟု စာတမ်းပါရှိသော သိဃဂဏ္ဍာစန္ဒြမင်း၏ဒင်္ဂါးကို AD ၆၆၇တွင် သွန်းလုပ်သည်ဟုလည်း ဆိုရာရောက်ပါသည်။ သို့သော် ကျောက်စာကိုလေ့လာသောအခါ AD ၆၆၇ အချိန်ကာလသည် ဓမ္မဝိဇယမင်းထီးနန်းစိုးစံချိန်ဖြစ်ပါသည်။ ယင်းဓမ္မဝိဇယမင်း၏ဒင်္ဂါးသွန်းလုပ်ချိန်ကို P.Gutman က AD ၈–ရာစုဟူသောအချိန်သည် သိဃစန္ဒြမင်းစိုးစံသောအချိန်မဟုတ်ပါ။ သိဃစန္ဒြမင်း၏ဒင်္ဂါးပါအက္ခရာအရေးအသားမှာ ၁၀–ရာစုသုံးရှေ့ပြေးဘင်္ဂလီအက္ခရာဖြစ်ပါသည်။ (ကိုး–၁၀၊ စာ–၁၇၆)။ ဦးစံသာအောင်က ဤမင်းသည် AD ၁၀–ရာစုတွင် ထီးနန်းစိုးစံသည်ဟု (ကိုး–၁၁၊ စာ–၆)ဆိုပါသည်။

အကြောင်းကြောင်းကိုထောက်ဆလျှင် ရာဇဝင်လာမဟာတိုင်းစန္ဒြားမင်းဆက်သည် အာနန္ဒစန္ဒြမင်းနတ်ရွာစံပြီးနောက်တွင် ဝေသာလီ၌AD ၇၈၈မှ AD ၉၅၇ထိစိုးစံခဲ့သောမင်းဆက်ဖြစ်နေသည်ကို တွေ့ရပါသည်။ ယင်းနောက်ဝေသာလီတွင် အမြတူနှင့် ပဲဖြူမင်းတို့စိုးစံခဲ့သော ၃၇–နှစ်ကိုပါရေတွက်ပြီး၊ ဝေသာလီခေတ်သည် AD ၉၉၄–ခုတွင် ပျက်သုဉ်းသည်ဟုဆိုရခြင်းဖြစ်ပါသည်။ ဝေသာလီပျက်သုဉ်းပြီးနောက် ငတုံမင်းသည် စမ္ဗဝက်တွင် (၂၄)နှစ်စိုးစံပြီးနောက်မှ ခေတ္တသင်မင်းသည် ပဉ္စာမြို့ကို AD ၁၀၁၈–တွင် စတည်တည်ထောင်အုပ်စိုးခဲ့ခြင်း

ဖြစ်သည်ကို တွေ့ရပါသည်။ ထို့ကြောင့်ပင် ဆရာကြီးဦးစံသာအောင်က ဝေသာလီခေတ်ကုန်ဆုံးချိန်ကို AD ၉၉၄–ဟုလည်းကောင်း၊ ပဥ္စာမြို့စတင်သည့်သက္ကရာဇ်ကို AD ၁၀၁၈–ဖြစ်သည်ဟု(ကိုး–၁၁၊စာ–၁၀၉) လည်းကောင်း ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပဥ္စာမြို့၏မြို့တည်နှစ်သည် AD ၁၀၁၈–ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ယခုအခါ သုတေသီများ၏ရေးသားချက်များတွင် ပဥ္စမြို့တည်နှစ်ကို AD ၈၁၈–ဟုလည်းကောင်း၊ AD ၁၀၁၈–ဟုလည်းကောင်း ကွဲပြားနေလင့်ကစားစ ပဥ္စာမြို့ပျက်သုဉ်းချိန်ကိုမူ AD ၁၁၀၃–ဟု တညီတညွတ်တည်းပင် ရေးသားကြပါသည်။ ထို့ကြောင့် ပဥ္စာမြို့သက်တမ်းသည် (၈၅)နှစ်ဟုလည်းကောင်း၊ (၂၈၅)နှစ်ဟုလည်း ကောင်း ကွဲပြားနေပါသည်။

ဤတွင်ပဥ္စာမြို့၌စိုးစံခဲ့ကြသော မင်းများနှင့်ပတ်သက်၍ ရာဇဝင်များ၏ဖော်ပြချက်များကို အနည်းငယ် တင်ပြပါမည်။ တွေ့ရှိရသောရာဇဝင်များကို တိုက်ဆိုင်ကြည့်သောအခါ ရာဇဝင်များတွင် အများဆုံးတူညီစွာဖော် ပြ၍ သုတေသီများလက်ခံကြသောမင်းများမှာ (၁) ခေတ္တသင်၊(၂)စန္ဒာသင်၊ (၃)မင်းရင်ဖြူ၊(၄)နဂရသူရိယ၊ (၅)သူရိယရာဇ၊(၆)ပုဏ္ဏက၊(၇)မင်းကြီးဖြူ၊ (၈)စည်သဘင်၊(၉)မင်းနု၊ (၁၀)မင်းလာတော်၊(၁၁)မင်းကုလား၊ (၁၂)မင်းဘီလူး၊(၁၃)အသင်္ခယာ၊(၁၄)မင်းဘုန်းသန်၊(၁၅)မင်းပတိဟူ၍ ပဥ္စာမင်းဆက်တွင် မင်း(၁၅)ပါးစိုးစံခဲ့ကြ သည်ဟုဆိုကြပါသည်။ သို့သော်ရွှေစေတီဆရာတော်ဘုရားကြီး၏ မဟာမုနိရုပ်ရှင်တော်သွန်းလုပ်ကြောင်း စကား ပြေကျမ်းတွင် စမ္ဘဝက်မြို့တည် ငတုံမင်းကိုပါထည့်သွင်း၍ မင်း(၁၆)ပါးဟု ဖော်ပြပါသည်။ စမ္ဘဝက်မင်းဆက်ဟု သာဖော်ပြပြီး ပဥ္စမင်းဆက်ကိုသီးခြားဖော်ပြခြင်းမပြုပါ။ ပို၍ထူးခြားစွာကွဲပြားနေသည်မှာ ရာဇဝင်ကြီးဖြစ်ပါ သည်။ ရာဇဝင်ကြီးတွင် ဖော်ပြပါမင်းများတွင် အမှတ်စဉ်(၈)စည်သဘင်ပြီးနောက်(၉)အနန်သီရိ၊ (၁၀)မင်းခေါင်ကြီး၊(၁၁)မင်းဇာတ၊(၁၂)မင်းညိုရောင်၊(၁၃)မင်းလုဖြူ၊(၁၄)စောစစ်ကြီး၊(၁၅)မင်းစောရဲ၊(၁၆)မင်းရဲစော ဟုဖော်ပြပြီး မင်းကုလားကိုဖော်ပြထားပါသည်။ မင်းနုနှင့် မင်းလာတော်မပါရှိပါ။ သို့သော် အထက်ကဖော်ပြ ခဲ့သော မင်း(၁၅)ပါးကို လက်ခံထားကြပါသည်။

ပဥ္စာမြို့တည်နှစ်ကို AD ၈၁၈–ဟုဆိုသူများက အထက်ပါမင်း(၁၅)ပါး၏ နန်းစံနှစ်များကို ၁၀–နှစ်၊ ၁၅–နှစ်၊ ၃၀–နှစ်၊ ၃၁–နှစ်၊၃၂–နှစ်၊ ၃၃–နှစ်၊၁၅–နှစ်။ ၂–နှစ်။ ၂၈–နှစ်။ ၂၀–နှစ်၊ ၂၈–နှစ်။ ၆–နှစ်။ ၈–နှစ်၊ ၁၄–နှစ်၊ ၁၃–နှစ်ဟု ဖော်ပြကာ ပဥ္စာမြို့သက်တမ်းကို စုစုပေါင်း(၂၈၅)နှစ်ဟု ဖော်ပြပါသည်။ (ကိုး–၅။စာ–၁၉၆)။ ပဥ္စာမြို့တည်နှစ်ကို AD ၁၀၁၈ဟုယူဆသူများက အထက်ပါမင်း(၁၅)ပါး၏ နန်းစံနှစ်များကို ၁၀–နှစ်၊ ၁၁–နှစ်၊ ၁၀–နှစ်၊ ၃–နှစ်၊ ၂–နှစ်၊ ၄–နှစ်၊ ၂–နှစ်၊၁–နှစ်။ ၅–နှစ်၊၆–နှစ်၊၃–နှစ်၊၃–နှစ်၊၁၄–နှစ်၊၈–နှစ်၊ ၃–နှစ်ဟုဖော်ပြပြီး ပဥ္စာမြို့သက်တမ်းကို (၈၅)နှစ်ဟုဖော်ပြထားသဖြင့် ဤအယူအဆနှစ်ရပ် ကွဲပြားနေပါသည်။

ဤအယူအဆနှစ်ရပ်ကို စီစစ်ကြည့်သောအခါ ပဥ္စမြို့တည်နှစ်ကို AD ၈၁၈–ဟုယူဆသူများက ရာဇဝင်လာ စန္ဒြမင်းဆက်ကို အာနန္ဒစန္ဒြကျောက်စာလာ စန္ဒြမင်းဆက်နှင့်ထပ်တူပြုကြခြင်းကြောင့် ပဥ္စာမြို့တည်နှစ် နှစ်(၂၀၀)ရှေ့သို့တိုးသွားသည်ကို တွေ့ရပါသည်။

သို့သော်ပဥ္စမြို့တည်နှစ်ကို AD ၁၀၁၈–ဟုယူဆသူများက ရာဇဝင်လာစန္ဒြမင်းဆက်သည် ကျောက်စာလာ စန္ဒြမင်းဆက်၏နောက်မှ စိုးစံသည်။ ကျောက်စာတိုင်မြောက်ဖက်မျက်နှာပါ စန္ဒြမင်းဆက်ကို မှန်းဆဖော်ပြခြင်း သာဖြစ်သည်ဟု ယူဆသဖြင့် ပထမအယူအဆထက် နှစ်(၂၀၀)ပို၍နောက်ကျသည်ကို တွေ့ရပါသည်။

အထက်တွင် စာရေးသူတင်ပြခဲ့သည့်အတိုင်း အကြောင်းကြောင်းကိုထောက်ဆ၍ ၁၀၁၈–ခုနှစ်သည် ပဥ္စမြို့ တည်နှစ်ဖြစ်သည်ဟု မှတ်ယူရပေသည်။ ယင်းအပြင် ပဥ္စမြို့သက်တမ်းကုန်ဆုံးသောသက္ကရာဇ်ကို အားလုံးသော သုတေသီများက AD ၁၀၁၃–ဟု တစိတ်တဝမ်းတည်း လက်ခံထားကြောင်း သုတေသီများတွက်ဆနိုင်ရန် တင်ပြအပ်ပါသည်။

သို့သော် ဆရာကြီးဦးစံသာအောင်သည် ဦးစံရွှေပုရေးသားခဲ့သည်မှ ‘အလောင်းစည်သူမင်းသည် AD ၁၁၁၀– တွင် ပုဂံထီးနန်းကိုစိုးစံသည်။ သူသည်ပျူစစ်သည်၊ တလိုင်းစစ်သည်များအကူအညီဖြင့် လက်ျာမင်းနန့် ကို AD ၁၁၁၂–တွင် ပုရိန်မြို့ကိုတည်ပြီး AD ၁၁၁၈–ခုနှစ်တွင်၍ ပုရိန်မြို့တွင် စိုးစံသည်’ ဟူသော(ကိုး–

၉၊စာ၈၊၉)ရာဇဝင်ကိုထောက်ရှု၍ ပဥ္စမြို့သည် ၁၁၁၈–ခုနှစ်တွင်မှ သက်တမ်းကုန်ဆုံးသည်ဟု (ကိုး–၁၁၊စာ–၁၀၉)ဆိုထားသဖြင့် ဆရာကြီးဦးစံသာအောင်၏အယူအဆတွင် ပဥ္စာမြို့သက်တမ်းသည် နှစ်(၁၀၀)ဖြစ်ကြောင်းကို တွေ့ရှိရပေသည်။


**ကျမ်းကိုးစာရင်း**

| | | |
|---|---|---|
| ၁။ | ဆရာငမည် | ရခိုင်ရာဇဝင် |
| ၂။ | အင်းစောက်ရာဇဝင် | |
| ၃။ | ဦးစံသာအောင် | ရခိုင်ဒင်္ဂါးများ။ |
| ၄။ | ဦးစံသာအောင် | အာနန္ဒစန္ဒြ |
| ၅။ | ထွန်းရွှေခိုင် | ရခိုင်ရှေးဟောင်းမြို့တော်များ |
| ၆။ | ထွန်းရွှေခိုင် | ရခိုင်ဝေသာလီခေတ်ဗုဒ္ဓအနုပညာ။ |
| ၇။ | အောင်လှသိန်း | ဝေသာလီခေတ်စီစစ်ချက်(ရခိုင်မဂ္ဂဇင်း–၁၇) |
| ၈။ | ဒေါက်တာစောထွန်းအောင် | ရှစ်သောင်းဘုရားကျောက်စာတိုင်မြောက်မျက်နှာ။ |
| ၉။ | U San Shwe Bu | A Brief Note on the Old Capitals of Arakan. |
| ၁၀။ | Pamela Gutman | Ancient Arakan |
| ၁၁။ | U San Tha Aung | The Buddhits Art of Ancient Arakan. |


# ရခိုင်ပြည် ဗုဒ္ဓသာသနာ သမိုင်းဦး

ရခိုင်ပြည်ဗုဒ္ဓသာသနာ့သမိုင်းနှင့်ပတ်သက်၍ သုတေသီတို့သည်အမျိုးမျိုးရေးသားခဲ့ကြပြီဖြစ်သည်။ သို့သော်လည်း ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာပထမဆုံးအကြိမ် ရောက်ရှိလာပုံနှင့် ပတ်သက်၍ကား အယူအဆကွဲပြားလျက်ပင် ရှိကြပေသေးသည်။ အမှန်အားဖြင့် ယခုအချိန်တွင် ရခိုင်သမိုင်းကျမ်းတစောင်ကို ပြုစုပြီးဖြစ်ချိန်တန်ပါပြီ။ သို့သော်ယခုအချိန်တိုင် ရခိုင်သမိုင်းကျမ်းစာတစောင် အခိုင်အမာမပြုစုနိုင်ကြသေးသည်မှာ ကျွန်ုပ်တို့ ရခိုင်တိုင်းရင်းသားများအဖို့ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

ရခိုင်သမိုင်းကိုရေးလျှင် ဗုဒ္ဓသာသနာမပါလျှင် မပြီးနိုင်ပေ။ ရခိုင်ပြည်သို့ဗုဒ္ဓသာသနာရောက်ရှိပြန့်ပွားလာခဲ့ပုံများကို ထည့်သွင်းမှသာလျှင် ပြည့်စုံနိုင်ပေလိမ့်မည်။ စာရေးသူအနေဖြင့် ရခိုင်သမိုင်းကိုရေးသားပြုစုလျက်ရှိနေကြသောသုတေသီများအတွက် အုတ်တချပ်သဲတပွင့်မျှ ထောက်ကူလိုသောစေတနာဖြင့် လက်လှမ်းမီသမျှတင်ပြခြင်းသာဖြစ်ပါသည်။

အချို့သောသုတေသီတို့သည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် ဘီစီ(၆)ရာစုကပင် ရခိုင်ပြည်သို့ဗုဒ္ဓသာသနာရောက်ရှိခဲ့သည်ဆိုသောရာဇဝင်အဆိုကို လက်ခံယုံကြည့်ကြပေသည်။ အချို့သုတေသီတို့က ရခိုင်ပြည်သို့ပထမဆုံးသာသနာတော်ပြန့်ပွားလာသောခေတ်ကို အေဒီ(၄)ရာစုထိ နောက်ကျ၍ သတ်မှတ်ကြသော်လည်း အချို့ကမူ အေဒီ(၂)ရာစုသို့မဟုတ် (၃)ရာစုကိုသတ်မှတ်ကြ၏။ ပထမအယူအဆကိုလက်ခံသူတို့သည် အဓိကအားဖြင့် ရခိုင်ရာဇဝင်အဆိုကို အခြေပြုပြီး ဒုတိယအယူအဆကို လက်ခံသူတို့မှာ သမိုင်းအထောက်အထားများကို အခြေခံ၍တွေးဆခြင်းဖြစ်ပေသည်။

ဆရာကြီးဦးစံသာအောင်သည် The Buddhist Art of Ancient Arakan ကျမ်းစာတွင်ဓညဝတီမြို့ဟောင်း ဝန်းကျင်တွင် တွေ့ရှိရသော ယေဓမ္မာဂါထာပါရှိသည့် ထုပါငယ်များ၊ ကျောက်စေတီများ၊ ကျောက်စာများကို အဓိကအားဖြင့် သက်သေထူခဲ့ပါသည်။ ယင်းအထောက်အထားများကို အေဒီ(၄)ရာစုနှင့် (၅)ရာစုလက်ရာများ အဖြစ်အခိုင်အမာ သက်သေထူပြနိုင်ခဲ့ပါသည်။ အေဒီ(၄)ရာစု အချိန်ကာလထက်စော၍ ရခိုင်ပြည်တွင် ဗုဒ္ဓ သာသနာထွန်းကားခဲ့ကြောင်းကိုလည်း တင်ပြခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အေဒီ(၄)ရာစုထက်စော ၍ ရခိုင်ပြည်တွင် ဗုဒ္ဓသာသနာထွန်းကားခဲ့သည်ဟူသောအချက်ကို မငြင်းကွယ်နိုင်တော့ပေ။ ဦးစံသာအောင် တင်ပြခဲ့သည့် ကြေးစေတီများ၊ ကြေးဆင်းတုများ၏ခေတ်ကိုလည်း အေဒီ(၄)ရာစုထက်စော၍ပင် သတ်မှတ် ရပေလိမ့်မည်။ ယင်းအပြင်ရုပ်ပွားဆင်းတုကိုးကွယ်မှုသည် အိန္ဒိယနိုင်ငံ၌ အေဒီ(၁)ရာစုအကုန်ကာလမှ အစပြုခဲ့ ကြောင်းChristmas Humphreys၏ Buddhismကျမ်းစာတွင်တွေ့ရပါသည်။ ဦးစံသာအောင်ကမူ ဗုဒ္ဓသာသနာ အတွင်း ရုပ်ပွားဆင်းတုကိုးကွယ်မှုသည် ဗုဒ္ဓအားနတ်ဘုရားတစ်ဆူအဖြစ် ကိုးကွယ်လာသောခေတ်တွင်မှ အစပြုခဲ့ ကြောင်းရေးသားခဲ့၏။ ဗုဒ္ဓအားနတ်ဘုရားအဖြစ်ကိုးကွယ်မှုသည် အိန္ဒိယနိုင်ငံ ကုသနအင်ပါယာပြည့်ရှင် ကနိဿျကမင်းလက်တွင်မှ အစပြုခဲ့ကြောင်းV.A.Smith၏ Early Hhistory of Indiaကျမ်းကဆိုပေရာထိုမင်း၏ ခေတ်မှာ အေဒီ(၁)ရာစုဖြစ်သဖြင့် Humphrevs နှင့် ဦးစံသာအောင်တို့အဆိုမှာ ကိုက်ညီနေပါသည်။ ဤသမိုင်း အထောက်အထားများကို အခြေပြု၍ ရခိုင်ရာဇဝင်အဆိုကို ဆန်းစစ်ရပေလိမ့်မည်။

ရခိုင်ရာဇဝင်မှတ်တမ်းများအလိုအရ ဗုဒ္ဓသာသနာသည် ဗုဒ္ဓနှင့်ခေတ်ပြိုင်ဟုဆိုသော စန္ဒာသူရိယမင်းကြီး လက်ထက်တွင် ရခိုင်ပြည်သို့ရောက်ရှိလာကြောင်း ဆိုပါသည်။ ဤရာဇဝင်အလိုမှာ ဗုဒ္ဓဘုရားရှင်သည် နောက် ပါရဟန်းငါးရာနှင့် ဓညဝတီသို့ကြွချီတော်မူသည်၊ သေလာဂီရိတောင်ပေါ်တွင် ရပ်နားပြီး ဗျာဒိတ်တော်မြွက် ကြားသည်။ စန္ဒာသူရိယမင်းကြီးက ဗုဒ္ဓအား ဓညဝတီသို့ပင့်သည်။ ဗုဒ္ဓသည် ရက်သတ္တပတ်သီတင်းသုံးတော်မူ ပြီး အိန္ဒိယမဇ္ဈိမဒေသသို့ပြန်မည့်အခါ စန္ဒာသူရိယမင်းကြီးကိုးကွယ်ရန် ကိုယ်ပွားဆင်းတုတစ်ဆူသွန်းလုပ်ခွင့်ပြု ပါမည့်အကြောင်းတောင်းပန်သည်။ ဗုဒ္ဓကခွင့်ပြုတော်မူသဖြင့် ဆင်းတုတော်ကိုသွန်းလုပ်သည်။ ဗုဒ္ဓသည် မဇ္ဈိမ ဒေသသို့ပြန်ကြွသည့်အခါ ရဟန္တာရှင်ဗာကုလနှင့်အတူ ရဟန်းနှစ်ကျိပ်ကို ဓညဝတီတွင် ကျန်ရစ်စေခဲ့လေသည်။ အဆိုပါဆင်းတုတော်ကို ယင်းအချိန်မှစ၍ မဟာမုနိဟုအမည်တွင်စေခဲ့သည်။

ဤဒဏ္ဍာရီအရဆိုလျှင် ဗုဒ္ဓသာသနာသည် ရခိုင်ပြည်သို့ဘီစီ(၆)ရာစုကပင်ရောက်ရှိသည်ဟုယူဆရပေမည်။ သို့သော်ဤဒဏ္ဍာရီဆန်သောမှတ်တမ်းနှင့်ပတ်သက်၍မူ မည်သည့်အထောက်အထားမျှ မတွေ့ရှိရပေ။ ဤတွင် စဉ်းစားစရာရှိနေသည်။ မဟာမုနိဆင်းတုတော်ကို ဘီစီ(၆)ရာစုကပင် သွန်းလုပ်ခြင်းသည် ဖြစ်နိုင် မဖြစ်နိုင်ဟူ သော အချက်ပင်တည်း။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံ၌ပင် ဘီစီ(၆)ရာစုနှင့် ဘီစီ(၁)ရာစုကြားကာလတွင် သွန်းလုပ်သော ရုပ်ဆင်းတုဟူ၍ လုံးဝမတွေ့ရသည့်အပြင် ရုပ်ပွားဆင်းတုကိုးကွယ်မှုသည် အေဒီ(၁)ရာစု ကုန်ဆုံးလုအချိန်မှ အစပြုခဲ့သောကြောင့်ဖြစ်ပေသည်။ ၎င်းပြင်ဗုဒ္ဓ၏ဘဝဖြစ်စဉ်ကို သုတေသနပြုခဲ့ကြသော Witernitz, Smith, Humphreys, Giger, Oldenbergအစရှိသော အနောက်တိုင်းသုတေသီများ၊ ရာဟုလာသံကစ္စည်း၊ ရှင်ဥက္ကဋ္ဌစသော အရှေ့တိုင်းသုတေသီများကလည်း ဗုဒ္ဓသည် အိန္ဒိယနယ်နမိတ်ကိုကျော်လွန်၍ သာသနာပြု မကြွခဲ့ဖူးကြောင်း အခိုင်အမာသက်သေထူပြခဲ့ကြ၏။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ရခိုင်ပြည်သို့ ကြွရောက်ခဲ့ဖူးသည်ဟူသော အဆို၊ မဟာမုနိဆင်းတုတော်ကို ဘီစီ(၆)ရာစုကပင် သွန်းလုပ်ခဲ့သည်ဟူသော အဆိုနှင့် ပတ်သက်၍ သုတေသီတို့သည် အဆုံးအဖြတ်ပေးနိုင်ရန် အလွန်ခက်ခဲနေဦးမည် ဖြစ်ပေသည်။ ကျွန်ုပ်တို့အနေနှင့်လည်း ဤရာဇဝင်အဆိုများကို အခိုင်အမာမယူဆနိုင်သေးပေ။

စာရေးသူအနေဖြင့် လက်တွေ့အထောက်အထားအပေါ်တွင် အမှီပြု၍အစောဆုံး ဗုဒ္ဓသာသနာရောက်ရှိ လာပုံကို ဆက်လက်တင်ပြလိုပေသေးသည်။

ရခိုင်ရာဇဝင်ကျမ်းများကိုလေ့လာ၍ သက္ကရာဇ်ကိုစီစစ်ခဲ့ကြသော Arthur Phayreနှင့် Harvey တို့ကမူ စန္ဒာသူရိယမင်းနန်းတက်ချိန်သည် ဘီစီ(၆)ရာစုမဟုတ်ပဲ အေဒီ(၁၄၆)ဖြစ်မည်ဟု နှစ်ပေါင်းရှစ်ရာခန့်လျှော့၍

မှတ်ချက်ချခဲ့ကြ၏။ ထို့ပြင်သက္ကတစာပေပညာရှင်များဖြစ်ကြသောE.H. Johnston နှင့်ဦးမြင့်ဆွေတို့ကလည်း ရာဇဝင်လာစန္ဒာသူရိယမင်းနှင့် အာနန္ဒာစန္ဒြကျောက်စာပါ'စန္ဒြောဒယမင်း'ကို တမင်းတည်းဟု ယူဆခဲ့ကြပါသည်။ ဦးကျော်ရင်သည်လည်း ယင်းသို့ပင်ယူဆခဲ့၏။ ဤအယူအဆများသာ အကယ်၍မှန်နေခဲ့လျှင် မဟာမုနိဆင်းတုတော်ကို အေဒီ(၂)ရာစုတွင် သွန်းလုပ်သည်ဆိုရမည်ဖြစ်သည်။ ယင်းအဆိုကို မှန်ကန်သည်ဟု ယူဆနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းတုသွန်းလုပ်ကိုးကွယ်မှုသည် အိန္ဒိယနိုင်ငံတွင် အေဒီ(၁)ရာစုတွင် ထွန်းကားခဲ့ပြီး ရခိုင်ပြည်သို့နှစ်တရာအတွင်း ပြန့်ပွားလာနိုင်သောကြောင့်ပင်တည်း။

ခိုင်မာသောသမိုင်းအထောက်အထားများအရ ကျော်ဇံသာ(သမိုင်း)သည် အာနန္ဒစန္ဒြကျောက်စာပါ 'ထိုနောက် သူတော်စင်ဟု သမုတ်ထိုက်သော စန္ဒြောဒယမင်းသည် (၂၇)နှစ်တိုင်အောင် ထီးနန်းကိုသိမ်းပိုက်၍ မင်းပြုလေသည်'ဟူသောအချက်ကိုထောက်၍ ထိုမင်းအုပ်စိုးသောအေဒီ(၃)ရာစုအစပိုင်းကိုရခိုင်ပြည်သို့ဗုဒ္ဓသာသနာပထမဆုံးရောက်ရှိချိန်အဖြစ် ယူဆထားပေသည်။ အချို့ကလည်း အိန္ဒိယတောင်ပိုင်းမှ တွေ့ရှိရသော 'နာဂါဂျုနိကွန်ဒါကျောက်စာ'ကို သက်သေပြု၍ ဤအတိုင်းပင်ယူဆခဲ့ကြ၏။

သို့သော်စာရေးသူအနေဖြင့်မူ သမိုင်းနှင့်လက်တွေ့အထောက်အထားများအရ ဘီစီ(၃)ရာစုကို ရခိုင်ပြည်သို့ဗုဒ္ဓသာသနာ စတင်ရောက်ရှိချိန်အဖြစ် ယူဆလိုပါသည်။ ပထမအထောက်အထားမှာ သမိုင်းနှင့်မော်ကွန်းစာများဖြစ်၍ ဒုတိယအထောက်အထားမှာ ရှစ်သောင်းဘုရားကုန်းတော်ပေါ်သို့ ရောက်ရှိနေသော ကျောက်ချပ်ဖြစ်ပေသည်။

အာသောကမင်းသည် ဘီစီ(၃)ရာစုတွင် အိန္ဒိယနိုင်ငံ၌ မောရိယအင်ပါယာကို အုပ်စိုးနေချိန်၌ ရခိုင်ပြည်တွင် သူရိယစက္ကမင်းအုပ်စိုးလျက်ရှိသည်။ အာသောကမင်းသည် ဘီစီ (၂၇၆)တွင် တတိယသင်္ဂါယနာကိုတင်တော်မူ၏။ ယင်းသင်္ဂါယနာတင်ပွဲအပြီးတွင်ရဟန္တာရှင်မဟာရေဝတထေရ်နှင့် အဖွဲ့သည်'မဟိသကမဏ္ဍလတိုင်းဆိုသည်ကို ယခုအခါ အိန္ဒိယပြည်တောင်ပိုင်းရှိ မိုက်ဆိုးနယ်ဒေသကိုဆိုလိုကြောင်းတင်ပြကြသည်။ သို့သော်လည်း'အဟိ`သကသူဇဝံသ'နှင့်'ဝေသာလီရာဇဝင်'တို့တွင် မဟိသကမဏ္ဍလဆိုသည်မှာ ရခိုင်ပြည်ကိုဆိုလို ကြောင်းဖော်ပြထားပါသည်။ ရမ်းဗြဲတောင်ကျောင်းဆရာတော်ရေး အိန္ဒိယနယ်ပုံကျမ်းတွင်ကား ရာဇဂြိုဟ်တောင် ဘက်မဒရပ်ပြည်မှ မြောက်ဘက်ဖြစ်သော၊ မဟိသက၊ အန္ဓကဝိဒ၊ ဩဂိုယာန၊ ဘင်္ဂလား၊ စစ်တကောင်း၊ ဖလောင်းချိန်၊ ပန်းဝါစသော ဇနပုဒ်များနှင့် မဒရပ်မြောက်ပိုင်းတဝန်းလုံးရှိ ရခိုင်ပြည်အဝန်းကို မဟိသကမဏ္ဍလဆို ကြောင်းအကျယ်တဝင့် ရှင်းပြထားလေသည်။ ဝေသာလီခေတ်မေဓပညာမော်ကွန်းစာ၌လည်း----

"ပ-ဒ-တမည်၊ စတုဋ္ဌကျ၊ မဟိသဟ၊ မည်ရသမိုင်း၊ရက္ခိုင်တိုင်းသို့"ဟု ရခိုင်နယ်မြေကို မဟိသကမဏ္ဍလတိုင်းဟု ခေါ်ဆိုကြောင်းတွေ့ရှိရပါသည်။ ဆရာကြီး ဦးအောင်သာဦး၏ "ဗုဒ္ဓသာသနာနှင့်ရခိုင်ပြည်" (လက်နှိပ်စက်ရိုက်မူ)တွင် ရခိုင်ပြည်သည် မဟိသကမဏ္ဍလတိုင်း သို့မဟုတ် မဟိသကမဏ္ဍလတိုင်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ အကယ်၍ရခိုင်ပြည်ကို မဟိသကမဏ္ဍလတိုင်းဟု ခေါ်ဆိုခဲ့ပါလျှင် ရခိုင်ပြည်ကို ဘီစီ(၃)ရာစုကပင် ဗုဒ္ဓသာသနာရောက်ရှိခဲ့ခြင်းအမှန်ဖြစ်၍ အပြန်အလှန်အားဖြင့် ရခိုင်ပြည်သို့ ဘီစီ(၃)ရာစုနှစ်က ဗုဒ္ဓသာသနာရောက်ရှိခဲ့လျှင် ရခိုင်ပြည်သည် မဟိသကမဏ္ဍလတိုင်းဖြစ်ပေမည်။

ရှစ်သောင်းဘုရားကုန်းတော်ပေါ်သို့ ရောက်ရှိနေသော ကျောက်ချပ်ပါ အမှတ်အသားများကို ဆန်းစစ်ရန်လိုပေသည်။ ကျောက်ချပ်သည် ၆လက်မ ရှည်၏။ ၂ပေ၅လက်မကျယ်၏။ ၁ပေ၄လက်မခန့်ထူ၏။ ယင်းကျောက်ချပ်၏အောက်ဘက်တွင် လက်ယာရစ်ခရုသင်းပုံပါသည်။ ထိုခရုသင်းထိပ်မှကြာပွင့်တပွင့် ထိုးထွက်နေသည်။ ကြာပွင့်အဖျားနှင့် အနားများထိနေသော ဓမ္မစကြာစက်ဝိုင်းပုံပါသည်။ ကျောက်စာဝန်ဟောင်း FORCHAMMERက ဤပုံ၏အဓိပ္ပါယ်မှာ ဗြဟ္မဏဝါဒကို ကိုယ်စားပြုသော ခရုသင်းမှ ဗုဒ္ဓဝါဒကို ကိုယ်စားပြုသော ကြာပွင့်ထွက်လာပြီး ဓမ္မစကြာတရားတော်ဖြစ်လာသည်ဟု ဆိုပါသည်။ ဤအမှတ်အသားများသည် ဗုဒ္ဓသာသနာ့သမိုင်းတွင် ရုပ်တုများသွန်းလုပ်ကိုးကွယ်သည့်ခေတ် မတိုင်မီပေါ်ပေါက်ခဲ့သော ဗုဒ္ဓဘာသာအမှတ်အသားများ ဖြစ်သည်။ အိန္ဒိယပြည်တွင် ဘီစီ(၃)ရာစု အာသောကမင်းစိုးစံချိန် မောရိယ အနုပညာခေတ်တွင်

ကြာပွင့်ကို ဗုဒ္ဓဖွားမြင်ခြင်း အထိမ်းအမှတ်အဖြစ်လည်းကောင်း ဓမ္မစကြာစက်ဝန်းကိုမူ ဓမ္မစကြာတရားဦးဟော သော အထိမ်းအမှတ်အဖြစ်လည်းကောင်း ကိုးကွယ်ခဲ့ကြ၏။ ရုပ်ပွားဆင်းတုကိုးကွယ်သောခေတ်ကျမှသာ ဤ သင်္ကေတများတိမ်မြုပ်ခဲ့လေသည်။

ဦးစံသာအောင်သည်လည်းကောင်း၊ HUMPHREYS သည်လည်းကောင်း ဗုဒ္ဓဘာသာအနုပညာခေတ်ကို သတ်မှတ်ရာ၌ ရုပ်ပွားဆင်းတုကိုးကွယ်မှုသည် AD(၁)ရာစုအချိန်မှ အစပြုခဲ့ကြောင်းသတ်မှတ်ဖော်ပြခဲ့၏။ သုတေသီဦးသိန်းထွန်းကမူ ရုပ်ပွားဆင်းတုကိုးကွယ်မှုကို AD(၁)ရာစုကုန်ဆုံးချိန်ကနိသျှက မင်းလက်ထက် သဗ္ဗတိကဝါဒီဂိုဏ်းမှအစပြုပြီး ယင်းမှတဆင့် ပတ်ဝန်းကျင်နိုင်ငံများသို့ ပျံ့နှံ့ခဲ့ကြောင်း တင်ပြထားပေသည်။ ဗုဒ္ဓစာပေသမိုင်း ကျမ်းပြုဆရာ WINTERNTTZကမူ အာသောကခေတ်ကာလအချိန်က ဗုဒ္ဓဆင်းတုတော်ကိုယ်စား အမရဝတီ ခြေတော်အစုံ၊ ကြာပန်း၊ ဆင်၊မြင်း၊နွားလားဥသဘ စသောပုံများကို ထုလုပ်ခဲ့ကြောင်းနှင့် သစ္စာလေးပါးတရားတော် အထိမ်းအမှတ်အဖြစ် ဓမ္မစကြာတရားတော်စက်ဝိုင်းပုံကို ထွင်းလုပ်ခဲ့ကြောင်းဆိုပါသည်။ ရခိုင်ပြည်ရှစ်သောင်းဘုရား ကုန်းတော်ပေါ်မှအဆိုပါကျောက်ချပ်တွင် တွေ့ရှိရသောလက်ရာသည် အာသောကခေတ်လက်ရာများနှင့် လက္ခဏာချင်းတူညီနေပါသည်။ ရခိုင်ပြည်တွင်တွေ့ရှိရသောလက်ရာသည် မောရိယအနုပညာခေတ်မှ ကူးစက်ပြန့်ပွားလာသော လက်ရာဖြစ်သည်ဟုဆိုနိုင်ပါသည်။ အသောကခေတ်မှတပါးအခြားမည်သည့်ခေတ်တွင်မှ ဗုဒ္ဓသာသနာဆိုင်ရာ အမှတ်အသားကို ဤအမှတ်အသားများကဲ့သို့ မတွေ့ရချေ။ အသောကအုပ်စိုးချိန် မောရိယအနုပညာခေတ်သည် ဘီစီ(၃)ရာစုအချိန်ဖြစ်၍ ရခိုင်ပြည်တွင်တွေ့ရသောအမှတ်အသား၏ခေတ်ကိုလည်း ဘီစီ(၃)ရာစုခေတ်အချိန်ဟု သတ်မှတ်ရမည်ဖြစ်ပေသည်။ အချုပ်အားဖြင့်ဆိုလျှင် ရခိုင်ပြည်ကို မဟိသကမဏ္ဍလတိုင်းဟု ခေါ်ဆိုခဲ့သည်ဟုဆိုသော အဆို။ အရှင်မဟာရေဝတထေရ်နှင့်အဖွဲ့သည် ရခိုင်ပြည်သို့သာသနာပြုရောက်ရှိခဲ့သည် ဟူသောအဆိုတို့သည် အမှန်ဖြစ်သည်ဟု ယူဆရပေမည်။ ယင်းအပြင်ခိုင်မာသော အထောက်အထားအရ ဘီစီ(၃)ရာစုတွင် အိန္ဒိယပြည်မောရိယအင်ပါယာမှ တတိယသင်္ဂါယနာတင်ထေရဝါဒဗုဒ္ဓသာသနာသည် ရခိုင်ပြည်သို့ပထမဆုံးအကြိမ် ရောက်ရှိခဲ့သည်ဟုသတ်မှတ်ရမည် ဖြစ်ပေသည်။

အချို့သောသမိုင်းသုတေသီများက အာနန္ဒစန္ဒြကျောက်စာပါ ဂါထာအမှတ် (၁၀)မှ “ထိုနောက်သူတော်စင်ဟု သမုဒ်ထိုက်သော စန္ဒြေဒယမင်းသည်” ဟူသောအပိုဒ်မှ “သူတော်စင်ဟုသမုဒ်ထိုက်သော” ဆိုသည့်ဝိသေသပြုချက်ကို အကြောင်းပြု၍ တွေးတောခဲ့ကြ၏။ ယင်းမတိုင်မီ မင်းများကိုမူ “ခွန်အားကြီးသောမင်း” “နိုင်ငံရေးကျွမ်းကျင်သောမင်း”ဟူ၍လောကီဆိုင်ရာ ဝိသေသများဖြင့်သာ ချီးကျူးထားပြီးလျှင် စန္ဒြေဒယမင်းမှစ၍ “သူတော်စင်ဟု သမုဒ်ထိုက်သော” “သီလမြဲသော” “အလှူဒါနရက်ရောသော”စသည့် လောကုတ္တရာဆိုင်ရာဂုဏ်ပုဒ်များဖြင့် ဝိသေသပြုထားသောကြောင့် စန္ဒြေဒယမင်းလက်ထက်မှစ၍ ရခိုင်ပြည်တွင် ဗုဒ္ဓသာသနာထွန်းကားခဲ့သည်ဟုယူဆကြပါသည်။

အေဒီပထမရာစု နောက်ပိုင်းကာလများတွင် အိန္ဒိယပြည် ကုသနအင်ပါယာကို အုပ်စိုးသော“ကနိသျှကမင်း”လက်ထက်တွင် မဟာယာနနွယ်ဝင် သဗ္ဗတိကဝါဒဂိုဏ်းသည် စတုတ္ထသင်္ဂါယနာကို တင်ကြပါသည်။ ယင်းကာလတွင် ဂရိကျောက်ဆစ်ပညာ၏ လွှမ်းမိုးမှုအောက်ဝယ် ဂန္ဓရအနုပညာခေတ်သည် အလွန်ထွန်းကားခဲ့ပါသည်။ ဤမင်းလက်ထက် ဂန္ဓရအနုပညာခေတ်မှစ၍ ဗုဒ္ဓ၏ရုပ်ပွားတော်များကို စတင်ထုလုပ်လာကြပါသည်။ အဆိုပါရုပ်ပွားဆင်းတုများ သွန်းလုပ်ကိုးကွယ်မှုပညာသည် မဟာယာနဝါဒနှင့်အတူ ပတ်ဝန်းကျင်နိုင်ငံများသို့ ပျံ့နှံ့ခဲ့ပါသည်။ နယ်မြေချင်းအလွန်နီးစပ်သော ရခိုင်ပြည်သို့နှစ်ပေါင်းတရာအတွင်း ပျံ့နှံ့ရန်မှာဖြစ်နိုင်စရာရှိပါသည်။ ထို့ကြောင့်ရခိုင်ပြည်ရှိ မူလထေရဝါဒသာသနာအတွင်း မဟာယာနဗုဒ္ဓဘာသာ ထပ်မံ၍ရောက်ရှိခဲ့မည်မှာ သံသယရှိစရာမလိုပေ။ စန္ဒြေဒယမင်းလက်ထက် ရောက်ရှိလာသော မဟာယာန ဗုဒ္ဓဘာသာနှင့်အတူ ဆင်းတုတော် သွန်းလုပ်ကိုးကွယ်မှုလည်း ရောက်ရှိလာလိမ့်မည်။ သို့မှသာမဟာမုနိရုပ်တုတော်ကို ဤမင်းလက်ထက်သွန်းလုပ်ခဲ့သည်ဟု ခန့်မှန်းနိုင်ပါမည်။ သက္ကရာဇ်ကိုစိစစ်ခဲ့ခြင်း၊ အမည်နာမနီးစပ်ခြင်းမျှကြောင့်သာလျှင် မဟုတ်မူဘဲ မဟာမုနိဆင်းတုတော်အား အေဒီ(၂)ရာစုတွင် သွန်းလုပ်ခြင်းဖြစ်နိုင်သည့်အကြောင်းလည်း E.H Johnstoniနှင့် ဦးမြင့်ဆွေတို့သည် ရာဇဝင်လာစန္ဒသူရိယမင်းနှင့် အာနန္ဒစန္ဒြကျောက်စာပါ စန္ဒြေဒယမင်းကို

အတူတူဖြစ်သည်ဟု ယူဆခဲ့ကြခြင်းဖြစ်တန်ရာပါသည်။ ထို့ကြောင့် စန္ဒြောဒယမင်းလက်ထက်မှစ၍ ရောက်ရှိလာသော သာသနာသည် မဟာယနဗုဒ္ဓဘာသာဖြစ်ပြီး ရခိုင်ပြည်သို့ ဒုတိယအကြိမ်မြောက် ဝင်ရောက်လာသော ဗုဒ္ဓသာသနာဖြစ်ကြောင်း ယူဆရပေတော့မည်။

## ရခိုင်ထေရဝါဒ သာသနာ မူလဘူတ

၂၀၀၀–ပြည့်နှစ်၊ စက်တင်ဘာလထုတ် ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်းတွင် ဆရာကြီး ဒေါက်တာသန်းထွန်း၏ "ကျွန်တော်လဲအဖြေမသိပါ"ဆောင်းပါးကို ဖတ်ရှုရပါသည်။ ဆရာကြီး၏ဆောင်းပါးတွင် အဓိကအချက်သုံးချက်ကို တွေ့ရပြီးယင်းသုံးချက်အနက်တွင်"ခရစ်ရှစ်ရာစုဆိုရင် ပျူကဟိနယနဖြစ်နေပြီ၊ ရခိုင်ကဘယ်အချိန်ကစပြီး ဟိနယနဖြစ်ခဲ့ပါသလဲ"ဟူသော အချက်လည်းပါဝင်ပါသည်။

ထို့ကြောင့် ရခိုင်ထေရဝါဒသာသနာနှင့်ပတ်သက်၍ သမိုင်းဦးအခြေအနေကို ရခိုင်ဒေသအတွင်းတွေ့ရှိရသော အထောက်အထားများကိုအခြေခံ၍ တင်ပြလိုပါသည်။

သုတေသနအမြင်အရ ဗုဒ္ဓသည် မဇ္ဈိမဒေသမှ အပြင်သို့ခရီးမထွက်ခဲ့ပါ။ ဆင်းတုတော်ကိုးကွယ်မှုသည် ခရစ်နှစ် ၇၆–ခုထက် မစောပါ။ ဘုရားရောက်သည်ဟု ရခိုင်က ၁၅–ရာစုအတွင်းက စရေးပါသည်။ မြန်မာ၊ မွန် တို့ကလည်း ရေးကြပါသည်။ သီဟိုဠ်မှမဟာဝံသကျမ်းအရဆိုလျှင် သီဟိုဠ်သားတို့ ခရစ်၆–ရာစုကပင်ရေးကြပါသည်။

၁၆–ရာစုအတွင်း တိဘက်ဘုန်းတော်ကြီးတာရာနာ့သ်ရေးခဲ့သော အိန္ဒိယဗုဒ္ဓသာသနာသမိုင်းစာအုပ်တွင် "ရခိုင်၊ ပုဂံ၊ ဟံသာဝတီနယ်များကို အာသောကမင်းကြီးလက်ထက်ကပင် ဒေရဝါဒသာသနာရောက်ရှိခဲ့သည်။ ဝသုဗန္ဓုခေတ်သို့ရောက်မှသာ မဟာယာနရောက်လာခဲ့သည်ဟု ရေးသားခဲ့ပါသည်။ (N.R.Ray, Sanskrit Buddhis, in Burma, 1936, Calcutta, P-80) ခရစ်၁၂၈–မတိုင်မီကပင် မြန်မာနိုင်ငံမြောက်ပိုင်းကို ဖြတ်သွားသော တရုတ်၊ အိန္ဒိယလမ်းမကြီး တွင်ကျယ်နေပြီဖြစ်ပါသည်။ (Luce and Pe Maung Tin, Burma Down to the Fall of Pagan, JBRSFAP, Rangon, 1960, P-385)။အာသံ၊ ဓီချွမ်နယ်များကို ဖြတ်သောလမ်းဖြစ်ပါသည်။

ဤလမ်းမှ ရခိုင်သို့ဆင်းသောလမ်း(၂)လမ်းရှိပါသည်။ စစ်တကောင်း၊ ကော့ပဇား၊ ရာမူးကမ်းခြေဘက်မှ ဝင်လာသောလမ်းနှင့် ကုလားတန်မြစ်ဖျားပိုင်းမှ တောင်ကြားအတိုင်းစုန်ဆင်းလာသော လမ်းဖြစ်ပါသည်။ ၁၆၁၁–ခုနှစ်က ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်သည် ဤဒုတိယလမ်းဖြင့်ရောက်လာပြီး မြောက်ဦးမြို့တော်သို့ ရောက်ရှိခဲ့ပါသည်။ နာလန္ဒာနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သောလမ်းဖြစ်ပြီး သက်၊ မြို၊ခမီး၊ရခိုင်တို့သည် ရခိုင်ဒေသအတွင်းသို့ ဤလမ်းများဖြင့် ဝင်ရောက်ခဲ့ကြသည်။ (ထွန်းရွှေခိုင်၊ "ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ"။ ရန်ကုန်၊ ၁၉၉၀၊စာ–၄)

အာနန္ဒစန္ဒြကျောက်စာအရ ရခိုင်တွင်ခရစ်ကြိုနှစ် ၆–ရာစုကပင် ထီးနန်းစိုက်၍ မြို့ပြယဉ်ကျေးမှုတည်ဆောက်ပြီးဖြစ်ပါသည်။ ရခိုင်ရှေးဟောင်းပေမူ အပဟိ ံသကသူဇဝံသနှင့် ဝေသာလီရာဇဝင်ပေမူများအရ ရခိုင်နယ်မြေတစ်ခုလုံးအား တိုင်း(၉)တိုင်းခွဲ၍ သတ်မှတ်ခဲ့ရာတွင် မပဟိ ံသကတိုင်းဟူသော အမည်ဖြင့် တိုင်းတစ်ခုပါဝင်သည်ကို တွေ့ရပါသည်။ ၁၉၃၀–ခုနှစ်က မန္တလေးမြို့မုရိုက်နိပ်ထုတ်ဝေခဲ့သည့် ရမ်းဗြဲတောင်ကျောင်းဆရာတော်ကြီးရေးသားခဲ့သည့်"အိန္ဒိယနယ်ပုံကျမ်း"တွင် မပဟိ ံသကတိုင်းဆိုသည်မှာ အရှေ့ဘင်္ဂလားနှင့်ရခိုင်ကမ်းခြေဒေသကို ပြဆိုထားပါသည်။ အသောကမင်းလက်ထက်က ပါဋ္ဌလိသုတ်မှ အရှင်ရေဝတနှင့် ရဟန်းငါးပါးသည် မပဟိ ံသကတိုင်းသို့သာသနာပြုထွက်ခဲ့ကြောင်း အသောကကျောက်စာတွင် ရေးထိုးခဲ့ပါသည်။

ခရစ်ကြိုနှစ် ၃–ရာစု၊ အသောကမင်းကြီးလက်ထက်က ရခိုင်ဒေသသို့ရောက်ရှိခဲ့သော ဗုဒ္ဓသာသနာ၏ အထောက်အထားကို ရှာဖွေဆန်းစစ်သောအခါ မြောက်ဦးမြို့ရှစ်သောင်းဘုရားကုန်းတော်ပေါ်မှ ကျောက်ချပ်တစ်

ချပ်ကိုတွေ့ရပါသည်။ အရှည်၈ပေ၆လက်မ၊ အကျယ်၂ပေ၅လက်မ၊ ထု၁ပေ ၄လက်မရှိပါသည်။ ကျောက်ချပ်၏ အောက်ဖက်အစွန်းတွင် ထုထွင်းထားသော လက်ျာရစ်ခရုသင်းပုံပါရှိသည်။ ယင်းခရုသင်းထိပ်မှ ကြာပွင့်တစ်ပွင့်ထိုးထွက်နေပြီး ကြာပွင့်၏အဖျားများသည် ဓမ္မစကြာအဝိုင်းကို ထိနေပါသည်။

## (၉)

## ရှစ်သောင်းဘုရားကျွန်းတော်ပေါ်မှကျောက်ချပ်

(ဤကျောက်ချပ်ပုံကို ဦးစံသာအောင်၏ "အာနန္ဒြ" စာ–၁၉၊ပုံ–၇ကို ကူးယူဖော်ပြပါသည်)

ဖော်ချမ္မာက၊ ဗြဟ္မဏဝါဒကို ကိုယ်စားပြုသော ခရုသင်းမှဗုဒ္ဓကိုယ်စားကြာပန်းပုံထုထွင်းလာပြီး ဗုဒ္ဓတရားတော်ကိုယ်စား ဓမ္မစကြာအဝိုင်းထွင်းထုထားသည်ဟု ဆိုပါသည်။ (E.Forchammar, "Arakan"Chap.11, Mrohaung, P20/21)။

အိန္ဒိယတွင် အသောကမင်းလက်ထက်၌ ဗုဒ္ဓဆင်းတုတော်ကိုးကွယ်မှုမရှိပါ။ စေတီပုထိုး၊ လိုဏ်ဂူများ၌ ဗုဒ္ဓဝင်ခန်းများကိုတွေ့ရသော်လည်း ဗုဒ္ဓဆင်းတုတော်ထုလုပ်မှုကို ဂရုစိုက်၍ရှောင်ကျဉ်ခဲ့ပါသည်။

ဆင်းတုတော်ကိုးကွယ်မှု တွင်ကျယ်လာပြီးနောက်၌ပင် အပရမဟာဝိနသေလိယဂိုဏ်းနှင့် မဟိံသာသကဂိုဏ်းတို့သည် ဆင်းတုတော်ကိုးကွယ်မှုကို အဆုံးထိလက်မခံခဲ့ကြပါ။ (H. Sarcar, "Some Aspects of the Buddhist Monuments at Nagajunikonda, 1960, P-84)။ အသောကဗုဒ္ဓဝင်ခန်းများတွင် ဗုဒ္ဓ၏ကိုယ်စား၊ ဗောဓိပင်ပုံ၊ ဓမ္မစကြာပုံ၊ ထူပါပုံများကိုသာတွေ့ရပြီး ဆန်ချီပုထိုး တုရိုဏ်တိုင်များတွင် ဗောဓိပင် ၆၇–ပုံ၊ ဓမ္မစကြာ ၆–ပုံ၊ ထူပါ ၃၂–ပုံတွေ့ရပါသည်။ အမရဝတီတွင်မူ ခြေတော်ရာပုံ၊ ကြာပန်းပုံများကိုတွေ့ရပါသည်။ ဤသင်္ကေတကိုးကွယ်မှုများသည် ဆင်းတုတော်ကိုးကွယ်မှုမတိုင်မီက ထွန်းကားခဲ့ပါသည်။ ရခိုင်တွင်တွေ့ရသည့် ကြာပန်းပုံ၊ ဓမ္မစကြာအဝိုင်းပုံများသည် ခရစ်ကြိုနှစ်(၃)ရာစု၊ အသောကခေတ်အတွင်း မောရိယအင်ပါယာမှ ထေရဝါဒသာသနာနှင့်အတူပျံ့နှံ့လာသော သင်္ကေတကိုးကွယ်မှုအထောက်အထားဖြစ်သည်ဟုယူဆပါသည်။ ဗုဒ္ဓသင်္ကေတကိုးကွယ်မှုအခြားတစ်ခုမှာ ရှစ်သောင်းဘုရားဂူအတွင်းသို့ ရောက်ရှိနေသောခြေတော်ရာဖြစ်ပါသည်။ အခြားနှောင်းခေတ်ခြေတော်ရာများနှင့်မတူ။ ဖြစ်တော်စဉ်များလည်းမပါသော၊ သာမန်ရိုးရိုးခြေတော်ရာများသာဖြစ်ပြီးအလွန်ရှေးကျဟန်ရှိပါသည်။ ရှစ်သောင်းပုထိုးတည် ဘုရင်မင်းဗာသည် မည်သည့်နေရာမှ ပြောင်းရွှေ့ပူဇော်ခဲ့သည်ဟု မှတ်တမ်းမတွေ့မိသေးပါ။ ဤခြေတော်ရာမျိုးအား နာဂဂျုနိကွန်ဒါအနီးမှ အမရဝတီတွင်သာတွေ့ရပါသည်။

သာသနာ့သမိုင်းတွင် ခြေတော်ရာထွင်းထုကိုးကွယ်မှုသည် ဆင်းတုတော်သွန်းလုပ်ကိုးကွယ်မှုထက်ပို၍ ရှေးကျသည်ဟုတွေ့ရပါသည်။(W.Awalf, "Buddhism, Art and Faith, The Buddha Legend, P-32/33)

ခရစ်နှစ်၁၅၀–ခန့်က တိုလေမီ၏မှတ်တမ်း၌ ဂင်္ဂါမြစ်ဝမှအရှေ့ဘက်သို့သွားလျှင် ကိရဒိယနှင့် ဘာရကုရသို့ရောက်သည်။ ဆက်၍သွားလျှင် "ငွေမြေသို့ရောက်သည်။"ငွေမြေ"တွင်"ဆင်ဗရ""ဆဒါး""ဘေရာဘ ူနု" "တေမလာ"မြို့များရှိကြသည်။ ယင်းမလွန်လျှင် ပင်လယ်အငူကိုရောက်သည်။ "ငွေမြေ"ဆိုသည်မှာ ရခိုင်ဒေသဖြစ်ပြီး ပင်လယ်အငူဆိုသည်မှာ မော်တင်စွန်းဖြစ်နိုင်သည်။ ("အခြေပြမြန်မာနိုင်ငံရေးသမိုင်း"ပ–တွဲ၊စာ–၂၁၆)

ခရစ်နှစ်–၅၀ခန့်က"ပွန်ပိုးနိယပ်မေလာ"၏မှတ်တမ်းတွင် ဂင်္ဂါမြစ်ဝှမ်းမှ အရှေ့ဘက်သို့ဆက်၍သွားလျှင် ရွှေကျွန်း၊ ငွေကျွန်းများသို့ရောက်သည်။ အနီးအနားကျွန်းများတွင် လူမည်းများနေထိုင်ကြသည်ဟု တွေ့ရသည်။ (၎င်း–စာ–၂၁၆)။ ခရစ်နှစ်ပထမရာစုအတွင်း "အီရီသရီယန်ရေကြောင်းမှတ်တမ်း"တွင် အဆိုပါ ရွှေကျွန်း၊ ငွေကျွန်းများနှင့် ဂင်္ဂါမြစ်ဝှမ်းသို့သွားနေသော "ကလန်ဒီယိုဖုန်တာ"ဟုခေါ်စေ ရွက်လှေကြီးများ အိန္ဒိယတောင်ပိုင်းတွင် တွေ့ရကြောင်း မှတ်တမ်းတွေ့ရပါသည်။ (H.G Luce.J.B.R.S.F.A.P Vol, 1960.Rangon.P-386)။

ရခိုင်သမိုင်းသုတေသီပင်ပလာဂတ္တမင်သည် ဆီးဒီးစ်နှင့်ဗရာဒဲလ်တို့၏စာတမ်းများကို ကိုးကား၍"ဘာရကုရ"သည် နတ်မြစ်ဝတွင်ရှိသည်။ 'ဆဒါး'ဆိုသည်မှာ သံတွဲမြို့ဖြစ်သည်။ ရခိုင်ဒေသသည် အိန္ဒိယအရှေ့ဘက်ကမ်းဒေသများနှင့် ရေကြောင်းခရီးအဆက်အသွယ်ရှိသည်ဟု ဆိုပါသည်။ (P. Gutman, "Ancient Arakan" Ph.D.

Thesis, Australlian National University, 1976, P-37)။ ရခိုင်နှင့်အိန္ဒိယ အရှေ့ဘက်ကမ်းဒေသသည် မည်သည့်အချိန်က စတင်ဆက်သွယ်ခဲ့သည်ကို မသိရသော်လည်း ခရစ်နှစ်ဆန်းစတွင်မူ ဆက်သွယ်မှုတွင်ကျယ်နေပြီဖြစ်ပါသည်။ (၄င်း၊စာ– 7/8 )။

ခရစ်နှစ်(၃)ရာစုအတွင်း၌ နာဂဂျုနိကွန့်ဒါတွင် အုပ်စိုးခဲ့သော ‘တ္တသွာကု’မင်းဆက်မှ ‘မဒ္ဒရိပုတ္တာသီရိ ဝီရပုရိသဒတ္တ’မင်း၏နန်းစံ(၁၄)နှစ်မြောက်၌ရေးထိုးခဲ့သောကျောက်စာတွင် အိန္ဒိယတောင်ပိုင်းမှ ထေရဝါဒ ရဟန်းများသာသနာပြုထွက်ခဲ့သော ဒေသများကိုဖော်ပြခဲ့ပါသည်။ ယင်းဒေသအမည်များတွင် “စိလာတ”ပြည် ဟုပါဝင်ပါသည်။ (N.R Ray, "An introdction to the Studey of Theravada Buddhism in Bwima, Culculta, 1946,P-15)။ ဤကျောက်စာမှ စိလာတပြည်ဆိုသည်မှာ မဟာဘာရတ၊ ဟရိဝံသ၊ ပူရဏနှင့် ပဉ္စတန္တစသော သက္ကတကျမ်း များတွင် ဖော်ပြထားသည့် “ကိရာတ”ပင်ဖြစ်သည်။ တိုလေမီ၏မှတ်တမ်းတွင်ပါရှိသော “တိလာဒါး”ဆိုသည်မှာ “စိလာတ”ကို ဂရိသံဖြင့်ပြောကြားခြင်းဖြစ်ပြီး တိုလေမီ၏ “တိလာဒါး”ကျောက်စာမှ “စိလာတ”နှင့် သက္ကတ ကျမ်းများမှ“ကိရာတ”တို့လည်း အတူတူပင်ဖြစ်ကြပါသည်။(၄င်း။ စာ–၁၅)။

မာကဏ္ဍေးယျပူရာဇ်ကျမ်းအလိုနှင့် နှိုင်းယှဉ်လျှင် “ကိရာတ”ဆိုသည်မှာ ရခိုင်ဒေသတစ်ခုလုံးနှင့် မြန်မာ နိုင်ငံအောက်ပိုင်းဟု ဒေါက်တာရေးကဆိုပါသည်။ (Theravada Buddhism in Burma P-16)။ ဒေါက်တာကနန်ဂိုကမူ စစ်တကောင်းဒေသနှင့် ရခိုင်ကမ်းခြေကိုဆိုလိုကြောင်း ရေးပါသည်။(S.B. Qanungo, "A History Of Chiltagong" Vol (1), 1988. P-51)။မြန်မာနိုင်ငံရှေးဟောင်းမြို့ပြနိုင်ငံများဖြစ်သော ကိရာတပြည်၊ ကျင်လင်ပြည်၊ လင်ယန်ပြည် တို့တွင် ဗုဒ္ဓဝါဒရောက်ရှိထွန်းကားခဲ့ပါသည်။ (ငြိမ်းကျော်“ငွေတောင်”၁၉၇၃။ ရန်ကုန်။စာ–၄၉)။

အထောက်အထားများအရ ရခိုင်ဒေသသည် ကိရာတဒေသ(သို့မဟုတ်) ကိရာတဒေသ၏ အစိတ်အပိုင်း ဖြစ်သည်မှာထင်ရှားပါသည်။

ရခိုင်ဝေသာလီခေတ်ဦးက ဗုဒ္ဓအနုပညာလက်ရာများသည် နာဂဂျုနိကွန်ဒါမှ လက်ရာများနှင့် ဆင်တူသည် ကိုတွေ့ရပါသည်။ (P.Gutnian, "Ancient Arakan" p-222)။ အထောက်အထားများအရ ထေရဝါဒသာသနာသည် ရခိုင်ဒေသသို့ ခရစ်–၃ရာစုအတွင်း အိန္ဒိယတောင်ပိုင်းမှ ပျံ့နှံ့လာခဲ့သေးသည်ဟု တွေ့ရှိရပါသည်။ အာနန္ဒစန္ဒြ ကျောက်စာတွင် ဖော်ပြထားသည့် ခရစ်(၃)ရာစုနှင့် (၄)ရာစုအတွင်း ရခိုင်ဒေသ၌အုပ်စိုးခဲ့ကြသည့်မင်းများကို ဖော်ပြရာတွင် “သူတော်စင်ဟု သမုတ်ထိုက်သော” “အလှူဒါနရက်ရောသော” “ဒါနသီလမြဲသော”စသည်ဖြင့် တွေ့ရှိရခြင်းက သက်သေဖြစ်ပါသည်။ ယင်းအပြင်ရခိုင်တွင် အေဒီ–၂ရာစု၊ ၃–ရာစုအတွင်းက အိန္ဒိယတောင် ပိုင်း နာဂဂျုနိကွန်ဒါဒေသသုံးဗြဟ္မီအက္ခရာဖြင့်ရေးထိုးထားသော “သစ္စကပရိဗ္ဗာကဇိန”ပါဠိစာတမ်းကို ကျောက် ဆင်းတုတစ်ဆူ၏နောက်ကျောတွင် တွေ့ရခြင်းကလည်းအထောက်အထားဖြစ်ပါသည်။ဤအထောက်အထားများ အရ ရခိုင်တွင် ထေရဝါဒကျမ်းအပြည့်အစုံမဟုတ်သည့်တိုင် အသင့်အတင့်ရောက်ရှိနေမည်ဟု ယူဆရပါသည်။

## (ပုံ) သစ္စက ပရိဗိုဇ်

ရခိုင်ဒေသတွင် ခရစ်နှစ် ၅–ရာစု၊ ၆–ရာစုအတွင်း၌ ကျောက်စာရေးထိုးခဲ့သောဓလေ့ထွန်းကားခဲ့ပါသည်။ ပါဠိ၊ သက္ကတ၊ ကျောက်စာအများအပြားတွေ့ရှိရပါသည်။ ခရစ်နှစ်(၃)ရာစု(သို့မဟုတ်) ခရစ်ကြိုနှစ်(၃)ရာစု ကပင် ရခိုင်ဒေသသို့ရောက်ရှိခဲ့သော ထေရဝါဒဗုဒ္ဓသာသနာသည် ခရစ်(၆)ရာစုတိုင် ခိုင်မာစွာထွန်းကားနေဆဲ ဖြစ်ပါသည်။

## (ပုံ) ဝေသာလီဘုရားကျောက်စာ

အထောက်အထားအဖြစ် ခရစ်–၆ရာစုအတွင်းက ဂုပ္ပတအက္ခရာ၊ ပါဠိဘာသာကျောက်စာတစ်ချပ်၏ ပုံကို

ဖော်ပြလိုက်ပါသည်။ ဤကျောက်စာသည် ဝေသာလီဘုရားကြီးကုန်းတော်ပေါ်ရှိ စေတီပျက်တစ်ဆူမှ ထွက်ကျလာသောကျောက်စာဖြစ်ပါသည်။ ယေဓမ္မာဂါထာတော်ပါ ကျောက်စာဖြစ်ပါသည်။ (ဤကျောက်စာကို ဦးစံသာအောင်၊ အေဒီ ၆–ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ" ဉမ္မာအောင်စာပေ၊ အင်းစိန်၊ ၁၉၇၄–စာအုပ်မှ၊ ပုံ (၂၂)ကို ကူးယူဖော်ပြပါသည်။)

ဤမျှဖြင့်ဆိုလျှင် ဆရာကြီး၏ရခိုင်က ဘယ်အချိန်ကစပြီး ဟိနယနဖြစ်ခဲ့ပါသလဲဟူသော မေးခွန်းအတွက် ဖြေဆိုချက်ပြည့်စုံလိမ့်မည်ဟု ယူဆပါသည်။

# အေဒီ(၃) ရာစုအတွင်း ရခိုင်ပြည်ရောက် ဗုဒ္ဓသာသနာ

ရခိုင်ရာဇဝင်ကျမ်းများအလိုအားဖြင့် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် ဗုဒ္ဓသာသနာတော်သည် ရခိုင်ပြည်တွင်ထွန်းကားခဲ့သည်ဟု မှတ်သားရပါသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ခေတ်ကာလအသီးသီးတွင် အိန္ဒိယနိုင်ငံမှ သာသနာပြုရဟန်းတော်များသည် ပတ်ဝန်းကျင်နိုင်ငံများသို့ သာသနာပြုခရီးကြွခဲ့ကြပါသည်။ ရခိုင်ပြည်သို့လည်းခေတ်ကာလအသီးသီးတွင် ဗုဒ္ဓသာသနဂိုဏ်းအသီးသီးမှ ရဟန်းတော်များကြွရောက်ခဲ့ကြပါသည်။ ထို့ကြောင့် ရခိုင်ပြည်တွင် ဗုဒ္ဓသာသနာဂိုဏ်းကွဲတစ်ခုထက်မနည်း ထွန်းကားခဲ့သည်ကို ရုပ်ဝတ္ထုအထောက်အထားများအရ သိရှိရပါသည်။

သာသနာ့သမိုင်းတွင် ထေရဝါဒဂိုဏ်းသည် မာဂဓီ၊ပါဠိဘာသာတို့ကိုသုံးစွဲခဲ့ပြီး၊ မဟာသံဃိကနှင့် မဟာယနဂိုဏ်းတို့သည် ပြကရိတ၊ သက္ကတဘာသာတို့ကို သုံးစွဲခဲ့ကြပါသည်။ ရခိုင်ပြည်တွင် ပါဠိစာပေရော၊ သက္ကတစာပေပါတွေ့ရှိရပါသည်။ ထို့ကြောင့် ထေရဝါဒသာသနာသာမက မဟာယာနသာသနာလည်း ရောက်ရှိထွန်းကားခဲ့သည်ဟူသော ယူဆချက်များမှာ ယုတ္တိတန်ပါသည်။ ဒေါက်တာသန်းထွန်းက "ဝေသာလီခေါင်းလောင်းစာမှာ သက္ကတဘာသာရေးဖြစ်၍ အရှေ့ဘင်္ဂလားတွင် သုံးစွဲခဲ့သော ဂုပ္ပတအရေးအသားဖြင့် ရေးထိုးခဲ့ပါသည်။ အရှေ့ဘင်္ဂလားနှင့် အဆက်အဆံပြုခဲ့ကြောင်း ထင်ရှားသည့်အပြင် ဗုဒ္ဓသာသနာမဟာယနဂိုဏ်း၏စက်ရိပ်အောက်သို့ ရောက်ခဲ့သည်ဟု ယူဆဖွယ်ရှိပါသည်။ (ကိုး–၁။စာ–၆၆)။ မြို့ဟောင်း(မြောက်ဦး) ဘုရားကြီးစေတီပျက်တစ်ဆူမှ ယေဓမ္မာဂါထာကျောက်စာတစ်ခုတွေ့ရသည်။ ဤကျောက်စာကို ပါဠိနှင့်ရေးထိုးထားသည်က ဆန်းသည်ထူခြားသည်ဟု ဖော်ပြလျက်ရှိပါသည်။ မဟာယနလွှမ်းမိုးနေသော်လည်း၊ ထေရဝါဒလည်းရှိသည်ဟု ဖော်ပြခြင်းဖြစ်သည်ဟူ၍ ယူဆနိုင်ပါသည်။ (ကိုး–၁။စာ–၆၇)ဟု ရေးသားထားပါသည်။

ဤသို့ဖြင့် ခေတ်ဦးရခိုင်ပြည်တွင် ထေရဝါဒသာသနာနှင့် မဟာယနသာသနာယှဉ်၍ ထွန်းကားခဲ့သည်ဟု ယူဆသော ပညာရှင်သုတေသီအများအပြားပင်ရှိပေရာ၊ စာရေးသူသည် ဤဆောင်းပါးတွင် အေဒီ(၃)ရာစုအတွင်း (ရှေးခေတ်) ရခိုင်ပြည်သို့ရောက်ရှိခဲ့သော ဗုဒ္ဓသာသနာဂိုဏ်းနှင့် ဝါဒကိုခြေရာခံ၍ ဆန်းစစ်တင်ပြထားပါသည်။

များစွာသောသုတေသီတို့က အေဒီ(၃)ရာစုအတွင်းကရေးထိုးခဲ့သော အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းခြေရှိ၊ ကစ္စနာမြစ်ဝကျွန်းပေါ်ဒေသမှ နာဂဂျိုနကွန်ဒါ ကျောက်စာကို ကိုးကား၍ ယင်းဒေသမှရခိုင်ပြည်သို့ သာသနာပြုရဟန်းများကြွခဲ့ဖူးကြောင်းဆိုကြပါသည်။ အဆိုပါကျောက်စာတွင် "ဂန္ဓာရ၊ စိန၊ ကိရာတ၊ တော်သလီ၊ အဝရန္တ၊ ဝမ္ဗယ၊ ဝနဝသီ၊ ယုဝန္န၊ ဒမိလ၊ ပလော်ရာဒေသများသို့ သာသနာပြုရဟန်းများကြွသွားကြကြောင်းရေးထိုးထားသည်ဟု (––––)တွင် မှတ်တမ်းတင်ထားပါသည်။(ကိုး–၁၃၊ စာ–၁၄)။

နာဂဂျိုနကွန်ဒါဒေသသည် အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းဂေါ်ဒါဝရီမြစ်နှင့် ကစ္စနာမြစ်ဝကျွန်းပေါ်စပ်ကြား အန္ဓရာဒေသတွင်ရှိပါသည်။ ဤဒေသသည် အသောကမင်းလက်ထက် မောရိယအင်ယါယာတွင် ပါဝင်ခဲ့သည်။ မောရိယအင်ပါယာပျက်သုဉ်းသောအခါ "သာတဝါဟနမင်းဆက်"သည် နှစ်ပေါင်း(၄၀၀)ကျော်အုပ်စိုးခဲ့၍ ဗုဒ္ဓ

သာသနာထွန်းကားခဲ့၏။ ဤမင်းဆက်ကို အေဒီ၃ရာစုအစပိုင်းတွင် “ဣခါကု”မင်းဆက်က ဆက်ခံအုပ်စိုးခဲ့၏။ မင်းဆက်သစ်ကိုတည်ထောင်သော“သန္တမူလမင်း”သည် ဗြဟ္မဏဝါဒီဖြစ်သော်လည်း ယင်းနောက်ဆက်ခံသော မင်းများမှာ ဗုဒ္ဓသာသနာကိုအားပေးခဲ့ကြသဖြင့် ဗြဟ္မဏဝါဒထွန်းကားမှုသည် အချိန်မကြာရှည်ခဲ့ပေ(ကိုး–၂။ စာ–၂၀၁)။ နာဂါဂျုနိကွန်ဒါကျောက်စာကို “မဒ္ဒရိပုတ္တမင်း”၏စတုတ္ထမြောက်နန်းစံနှစ်တွင် ရေးထိုးခဲ့သည်။ ဤမင်း၏အမည်အပြည့်အစုံမှာ “မဒ္ဒိရိပုတ္တသိရိဝါရုံပုရိသဒတ္တ”ဖြစ်သည်။

ဒေါက်တာ–––က နာဂါဂျုနိကွန်ဒါကျောက်စာတွင်ပါဝင်သော ကိရာတဆိုသည်မှာ ရခိုင်ပြည်နှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသဖြစ်ကြောင်း (ကိုး–၁၃။စာ–   )ဆိုပြီး၊ မန္တလေးမဟာမုနိဘုရားအနီး ခေါင်းလောင်းစာတစ်ခုတွင် ကိရာတဒေသသည် မြန်မာနိုင်ငံ၏အစိတ်အပိုင်းဒေသတစ်ခုဖြစ်ကြောင်းပါရှိသည်။ (ကိုး–၈၊စာ–၂)။ ဒေါက်တာပါဂျီတာက “ကိရာတဒေသသည် ဟိမဝန္တာတောင်တန်းများ၏ တောင်ဘက်ဆင်ခြေလျောဒေသဖြစ်သော ပန်ဂျပ်ပြည်နယ်မှ အာသံ၊ စစ်တကောင်း၊ တောင်တန်းဒေသတစ်လျှောက်နယ်မြေများကို ခေါ်သည်ဟုဆိုသည်။ (ကိုး–၉၊ စာ၄၉)။ ဒေါက်တာကနန်ဂိုက စစ်တကောင်းတောင်တန်းဒေသတစ်လျှောက်ဟုဆိုရာ၌ ရခိုင်တောင်တန်းနှင့် တောင်ဘက်နယ်မြေတစ်ခုလုံးပါဝင်သည်ဟုဆိုသည်။(ကိုး–၁၃၊ စာ–၅၁)။ ပညာရှင်များ၏ အဆိုအရ ခြုံ၍သုံးသပ်လျှင် ရခိုင်ပြည်သည်ကိရာတဒေသတွင် ပါဝင်ကြောင်းသိသာပါသည်။ ဤအချက်ကို ထောက်ခံသော အခြားအချက်များရှိပါသည်။

ရာမယနကျမ်း၌ “ဦးထိပ်တွင်ဆံထုံးထုံးထားသော ကိရာတတို့သည် ကြည့်၍တင့်တယ်၏။ ရွှေအဆင်းကဲ့သို့ဝင်းဝါ၏။ ရေတါင်ကျင်လည်၏။ ကျားအစစ်ကဲ့သို့ကြောက်မက်ဖွယ်ကောင်း၏ဟု ဖော်ပြထားပါသည်။ ယင်းအပြင်ကိရာတတို့သည် အရှေ့ဘက်ရှိတောင်တန်းများတွင်လည်းကောင်း၊ ပင်လယ်နားတွင်လည်းကောင်း နေထိုင်ကြကြောင်း၊ သူတို့သည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားကြွယ်ဝ၍အဝတ်အထည်ယက်လုပ်မှုတွင် ကျွမ်းကျင်ကြကြောင်းဆိုပါသည်။ ဟိန္ဒူပိသာနိုး ပူရာမ်ကျမ်းတွင်မူ“ဤလောက၏အလယ်တွင် ဗြဟ္မဏ၊ကတ္တိယ၊ ဝဿ၊သုဒ္ဒ အမျိုးလေးပါးတို့နေထိုင်ရာ အိန္ဒိယပြည်ရှိ၏။ အရှေ့ဘက်၌ကား ကိရာတတို့ရှိ၍၊ အနောက်ဘက်၌ကား ယဝနတို့ရှိ၏ဟုဖော်ပြထားပါသည်။ အင်ဒိုမွန်ဂိုလွိုက်စာအုပ်ရေးသားသူ ဒေါက်တာချက်တာဂျီက“ဝေဒကျမ်းများမှာ ဘီစီ၁ဝရာစုတွင်လည်းကောင်း၊ မဟာဘရထ၊ ရာမယနကျမ်းတို့မှာ ဘီစီ၅၀၀နှင့် အေဒီ၄၀၀ကြားတွင်လည်းကောင်း ရေးသားခဲ့သည်ဟု ယူဆစရာရှိကြောင်း၊ ထို့ကြောင့် ကိရတ(အင်ဒိုမွန်ဂိုလွိုက်)များသည် အိန္ဒိယပြည်မြောက်ဘက်၊ အရှေ့မြောက်ဘက်။ ဘီဟာနယ်၊ ဘင်္ဂလားနယ်စသည်တို့တွင် လည်းကောင်း၊ ဗြဟ္မပုတ္တရမြစ်တစ်လျှောက်တွင်လည်းကောင်း၊ အာသံမဏိပူရနှင့် ဆက်စပ်လျက်ရှိသည့် နယ်မြေတို့တွင်လည်းကောင်း၊ ဘီစီ–၁၀၀၀ခန့်ကပင် ဝင်ရောက်လျက်ရှိကြမည်ဖြစ်ကြောင်း ကောက်ချက်ချထားပါသည်။(ကိုး–၃)။

ခြုံကြည့်လျှင် ကိရာတဒေသဆိုသည်မှာ ဟိမန္တာတောင်တန်းများ၏ တောင်ဘက်ဆင်ခြေလျောဒေသများ၊ မဏိပူရ၊ စစ်တကောင်းရခိုင်ဒေသများကို ခေါ်ဆိုခြင်းဖြစ်၍ တောင်တန်းဒေသနေကိရာတများမှာ ယင်းဒေသများတွင် နေထိုင်ကြသူများဖြစ်ပြီး ပင်လယ်ကမ်းရိုးတန်းနေရာ ကိရာတများမှာ ဘင်္ဂလား၊ စစ်တကောင်းနှင့် ရခိုင်ကမ်းခြေဒေသများတွင်နေထိုင်သူများကို ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ယင်းအပြင်ထိုစဉ်က ရခိုင်ပြည်နယ်၊ မြေအကျယ်အဝန်းကို ဖော်ပြသော ရှေးဟောင်းပေမူလင်္ကာတွင်“ကျယ်ဝန်းနေဆက်၊ အနောက်ဘက်မှာ၊ မဇ္ဈိမာနှင့် ဒက္ကာမြစ်လျှောက်၊ မြောက်ကိုတောင်ညို ကုန်းကိုထိခံ၊ ဇသံချင်းတွင်း၊ ချောင်းဆင်းရေထွက်၊ ဧရာဝတီ၊ မြစ်သိခြားတံ၊ ငဝန်ထိပ်မြောင်၊ တောင်ကိုအဂ္ဂ၊ ဒက္ခိဏသွင်၊ မော်တင်ရေလှုပ်၊ သမုတ်ဝင်လေ၊ ရခိုင်ပြည်လျှင်” ဟုဖော်ပြထားသည်ကိုထောက်၍ ထိုခေတ်ကရခိုင်ပြည်၏အကျယ်အဝန်းကို မှန်းဆနိုင်ပါသည်။ ထို့ကြောင့် အေဒီ(၃)ရာစုအတွင်းက နာဂဂျုနိကွန်ဒါမှ ရဟန်းတော်များသာသနာပြုခဲ့ကြသည့် ကိရာတဒေသတွင် ရခိုင်ပြည်ပါဝင်ကြောင်းသိသာထင်ရှားပါသည်။

နာဂါဂျုနိကွန်ဒါဒေသမှ ဗုဒ္ဓသာသနာသည် ရခိုင်ပြည်သို့ပျံ့နှံ့ရောက်ရှိခဲ့သည့်၊ အထောက်အထားများရှိပါသည်။ နာဂါဂျုနိကွန်ဒါဒေသရှိ ရှေးဟောင်းဗုဒ္ဓသာသနိက အဆောက်အအုံများမှာ အေဒီ(၃)ရာစုနှင့် (၄)ရာစု

အတွင်းက ဆောက်လုပ်ခဲ့ကြသော အဆောက်အအုံများဖြစ်သည်။ မြန်မာနိုင်ငံမှဗိသုကာနိုးနှင့် သရေခေတ္တရာ နှစ်မြို့လုံးတွင် နာဂ်ဂျုနိကွန်ဒါမှ ဗိသုကာလက်ရာများ လွှမ်းမိုးပုံရသည့်အဆောက်အအုံများရှိသည်။(ကိုး–၄။ စာ–၁၇၆)။ ပျူတို့သည် အိန္ဒိယအရှေ့ဘက်ကမ်းနှင့်လည်းကောင်း၊ တာမြလိပ်နှင့်လည်းကောင်း၊ ဆက်သွယ်ရာ တွင် ရခိုင်ကမ်းခြေမှတစ်ဆင့် စခန်းချဆက်သွယ်ခဲ့သည်ဟု လုစ်ကဆိုသည်။(ကိုး–၁၀။စာ–၁၁၀)။ ရခိုင်ပြည် ဝေသာလီခေတ်ဦးက ဗုဒ္ဓဘာသာကျောက်ဆစ်အနုပညာလက်ရာများမှာ နာဂါဂျုနိကွန်ဒါဒေသမှ ကျောက်ဆစ် လက်ရာများနှင့် ဆင်တူသည်။ (ကိုး–၁၀။စာ–၂၂၂)။ သို့ဖြစ်ရာ ရခိုင်နှင့်ပျူမြို့တော်များသည် ခရစ်နှစ်များအစ ပိုင်းကပင် ဆက်ဆံမှုရှိနေခဲ့ပြီး။ နာဂါဂျုနိကွန်ဒါဒေသမှ ဗုဒ္ဓသာသနာသည် ရခိုင်ပြည်မှတစ်ဆင့် ပျူမြို့တော်များ သို့ ရောက်ရှိခဲ့သည်ဟု မှတ်ချက်ချရပေမည်။

ပျူမြို့တော်များသည် ရခိုင်ပြည်တောင်ပိုင်းနှင့် တောင်ကုတ်တောင်ကြားလမ်းအားဖြင့်လည်းကောင်း၊ ရခိုင် ပြည်မြောက်ပိုင်းနှင့် ဘူးရှုက်မည်ညိုးလမ်းအားဖြင့်လည်းကောင်းဆက်သွယ်ခဲ့ကြသည်။(ကိုး–၁။စာ–၁၁၀)။ နာဂါဂျုနိ ကွန်ဒါဒေသနှင့် ရခိုင်ပြည်နယ်နှင့် မုတ်သုန်လမ်းကြောင်းဖြင့် ရေလမ်းခရီးမှဆက်သွယ်ခဲ့ကြပေသည်။

ဤသို့ဆိုလျှင် အေဒီ(၃)ရာစုအတွင်းက ရခိုင်ပြည်သို့ နာဂါဂျုနိကွန်ဒါဒေသမှရောက်ရှိခဲ့သော ဗုဒ္ဓသာသနာ မှာ မည်သည့်ဗုဒ္ဓဘာသာဂိုဏ်း၏သာသနာဖြစ်သည်ကို ဆန်းစစ်ရပေမည်။

အေဒီ(၃)ရာစုအတွင်းက နာဂါဂျုနိကွန်ဒါဒေသနှင့် အမရဝတီတည်ရှိရာ အန္ဓရတိုင်းတွင် ထေရဝါဒဗုဒ္ဓ ဘာသာဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းကွဲများထွန်းကားခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ မဟာသံဃိကဂိုဏ်း သည် တတိယသင်္ဂါယနာနောက်ပိုင်းတွင် ပါဋလိပုတ်ပြည်နှင့် ဝေသာလီပြည်ကိုခြေကုတ်ယူ၍ သာသနာဖြန့်ချိ ခဲ့ရာတဖြည်းဖြည်းနှင့် အိန္ဒိယတစ်ပြည်လုံးကို လွှမ်းမိုးခဲ့သည်။ အမရဝတီနှင့် နာဂါဂျုနိကွန်ဒါကျောက်စာများ တွင် မဟာသံဃိကဂိုဏ်းအင်အားကြီးမားခဲ့ပုံကို တွေ့နိုင်ပါသည်။ နာဂါဂျုနိကွန်ဒါရှိ ကျောင်းတိုက်ကြီးများမှာ မဟာသံဃိကဂိုဏ်း၏ ဗဟိုလ်ဌာနဖြစ်ခဲ့ဖူးသည်။ အေဒီ(၇)ရာစုက တရုတ်ရဟန်းတော်များ ဟူယင်ဆင်နှင့် အိချင်တို့၏ မှတ်တမ်းများအရ အာဖဂန်နစ္စတန်ပြည်၊ ဂန္ဓာရတိုင်း၊ မဂဓတိုင်းတို့တွင် မဟာသံဃိကကျောင်း တိုက်ကြီးများရှိကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ (ကိုး–၅။စာ–၅၃/၅၄)။

အမရဝတီနှင့် နာဂါဂျုနိကွန်ဒါကျောက်စာများတွင် မဟာသံဃိကဂိုဏ်းကွဲများဖြစ်သော ဗဟုသုတိကဂိုဏ်၊ စေတီယဂိုဏ်းတို့အကြောင်း ထေရဝါဒဂိုဏ်းခွဲဖြစ်သော မဟိသာသကဂိုဏ်းအကြောင်းပါရှိသည်။ ထိုအချိန်က အိန္ဒိယမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် သဗ္ဗတ္ထိဝါဒဂိုဏ်းအားကောင်းနေပြီး မဂဓတိုင်းနှင့် ဘင်္ဂလားနယ် တွင် မဟာသံဃိကဂိုဏ်းကွဲဖြစ်သော လောကုတ္တရာဝါဒဂိုဏ်း လွှမ်းမိုးနေခဲ့ပေသည်။(ကိုး–၎င်း)။

မစ္စတာအိပ်ချ်ဆားကားက အဆောက်အအုံတည်ဆောက်ပုံနှင့် ကျောက်စာတို့တွင်လာရှိသော အချက်တို့ကို ထောက်၍ နာဂါဂျုနိကွန်ဒါကြီးပွားစဉ်ကာလက (၁)မဟာဝိဟာရဝါသီဂိုဏ်း၊(၂)မဟိသာသကဂိုဏ်း၊(၃)ဗဟု သုတိကဂိုဏ်း၊(၄)အပရမဟာဝိနသေလီယဂိုဏ်းတို့ ထွန်းကားခဲ့သည်ဟု ဆိုပါသည်။(ကိုး–၂။ စာ–၂၀၄)။ အပရ မဟာဝိနသေလိယဂိုဏ်းသည် ဩဇာအညောင်းဆုံးလည်း ဆိုပါသေးသည်။

သုတေသီဦးဘရှင်က အိန္ဒိယသားတို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာရာဖြစ်နိုင်သည်။ သို့မဟုတ် ရခိုင်ဘက်မှယခုပတိမ်းဇဲလမ်းအတိုင်း မင်းဘူးလောက်မှတစ်ဆင့် ဝင်ရောက်နိုင်ကြသည်။(ကို–၂။ စာ–၂၀၀)ဟုလည်းကောင်း၊ သာသနာပင်ရောက်ခဲ့လင့်ကစား ဗိသနိုး၌စာပေထွန်းကားခြင်းမရှိဟု ဆိုရပေမည်။ ရောက်ရှိခဲ့သောစာပေသည် အန္ဓရတိုင်းတွင် အေဒီ–၂၀၀ခန့် ဗြဟ္မီအက္ခရာဖြင့် ရေးသားသော ပါဠိစာပေဖြစ် သည်ဟုဆိုဖွယ်ရာရှိသည်မှတစ်ပါး ခေတ်၏စာရေးသားမှုအတတ်ကို မသိရပေဟု(ကိုး–၂။စာ–၂၀၄)ဆိုပါသည်။

ဗိသနိုးတွင် "သံဃာ့သီရိ"ဟု ဗြဟ္မီအက္ခရာပါဠိဘာသာဖြင့် ရေးသားထားသော တံဆိပ်တုံးတစ်ခုကိုသာ တွေ့ရပြီး အခြားစာပေအထောက်အထားမတွေ့ရပါ။ ရခိုင်ပြည်တွင်မူ ဗြဟ္မီအက္ခရာဖြင့် ရေးသားထားသော "သဒ္ဒကပုရပိုဒ်"ကမ္ပည်းစာနှင့်"ဥဧဝတီတောင်ပေါက်ကြီးကျောက်စာ"တို့ရှိသည်။ အိန္ဒယတောင်ပိုင်းနှင့် ရခိုင် ပြည်သည် ခရစ်နှစ်အစပိုင်းကပင် ရေကြောင်းခရီးဖြင့်ကူးသန်းဆက်ဆံမှုရှိနေခဲ့သည်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အန္ဓရနယ်သည် မောရိယအင်ပါယာတွင်ပါဝင်၍ ဗြဟ္မီအက္ခရာအရေးသားထွန်းကားခဲ့ရာဒေသဖြစ်ပါသည်။

ဗြဟ္မီအက္ခရာကို အိန္ဒိယနိုင်ငံတွင် အေဒီ(၂)ရာစုအထိ မူရင်းအတိုင်းမပြောင်းလဲဘဲ ရေးသားသုံးစွဲခဲ့သည့်အပြင်(ကိုး-၆။စာ-၁၆)ဗိဿနိုးတွင် အေဒီ-၂၀၀ခန့်က အန္ဓရာဒေသတွင်ရေးသားခဲ့သော ဗြဟ္မီအက္ခရာအရေးအသားကို တွေ့ရှိရပြီး (ကိုး-၂။စာ-၂၀၄)၊ နာဂါဂျုနိကွန်ဒါဒေသနှင့် ပျူမြို့တော်များသည် ရခိုင်ကိုဗဟိုပြု၍ကူးသန်းဆက်ဆံခဲ့ကြခြင်းကြောင့် ရခိုင်နှင့်ဗိဿနိုးတွင်တွေ့ရသော ဗြဟ္မီအက္ခရာ၊ ပါဠိစာပေအရေးအသားများသည် နာဂါဂျုနိကွန်ဒါဒေသမှ အေဒီ-၃ရာစုအတွင်းရောက်ရှိလာသည်ဟု ယူဆသတ်မှတ်ရပေမည်။

ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အေဒီ-၃ရာစုအတွင်းက နာဂါဂျုနိကွန်ဒါဒေသတွင် မဟာဝိဟာရသီဂိုဏ်း၊ မဟိသာသကဂိုဏ်း၊ ဗဟုသုတိကဂိုဏ်းနှင့် အပရမဟာဝိနသေလိယဂိုဏ်းတို့ ထွန်းကားခဲ့သည်။ ဒီပဝံသကျမ်းတွင် ဒုတိယသင်္ဂါယနာပွဲကျင်းပပြီးနောက် ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းမှ ခွဲထွက်ကြသောဂိုဏ်း(၁၈)ဂိုဏ်းကို ပြဆိုထားပါသည်။ သို့သော် ဒီပဝံသတွင် အပရမဟာဝိနသေလိယဂိုဏ်း၏အမည်ကို မတွေ့ရပါ။ ကထာဝတ္ထုကျမ်းတွင်မူကား အဆိုပါ(၁၈)ဂိုဏ်းအပြင်၊ ပုဗ္ဗသေလိယ၊ အပရသေလိယ၊ ရာဇဂိရိက၊ သဒ္ဓတ္ထိကဂိုဏ်းဟူ၍ အန္ဓကဂိုဏ်း(၄)ဂိုဏ်းကိုလည်း ဖော်ပြထားပါသည်။ ဝါသုမိတြ၏ သက္ကတဘာသာဖြင့်ရေးသားထားသောမှတ်တမ်းတွင် အပရသေလိယဂိုဏ်း၏အမည်ပါရှိပါသည်။ သက္ကဋ္ဌစာရေးဆရာကြီး ဘာဗျ၏မှတ်တမ်းတွင်လည်း ပါဝင်ကြောင်းသိရပါသည်။ (ကိုး-၅။စာ-၄၀)။ ဤအပရသေလိယဂိုဏ်းသည် ဆင်းထုတော်ကိုးကွယ်မှုကိုလက်မခံချေ။ ဤဂိုဏ်းသည် သက္ကတစာပေကို အသုံးပြုခဲ့ကြသည်။ ရခိုင်တွင်တွေ့ရသော သစ္စကပုရဗိုဇ်ကမ္မည်းစာမှာ ပါဠိဘာသာလည်းဖြစ်၊ ဆင်းတုတော်တွင်ရေးထိုးထားခြင်းလည်းဖြစ်သောကြောင့် ရခိုင်ပြည်သို့ရောက်ရှိခဲ့သောသာသနာမှာအပရမဟာဝိနသေလိယဂိုဏ်းမှ ပျံ့နှံ့လာသောဗုဒ္ဓသာသနာမဟုတ်ဟုမှတ်ချက်ချရပေမည်။

ဗဟုသုတိကဂိုဏ်းသည် မဟာသံဃိကဂိုဏ်းကွဲဖြစ်သော ဂေါကုလိကဂိုဏ်းမှ ထပ်မံခွဲထွက်လာသောဂိုဏ်းဖြစ်၍ အယူအဆတွင် လောကကီဒေသနာနှင့် လောကုတ္တရာဒေသနာဟုနှစ်မျိုးခွဲခြားပါသည်။ ဤဂိုဏ်းသည် မဟာယနတို့၏ ဗုဒ္ဓကာယ၊ ဓမ္မကာယနှင့် သံဘောဂကာယတို့တွင် သံဘောဂကာယကို လက်မခံချေ။ အဘိဓမ္မာမှာ သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် နီးစပ်သည်။ သစ္စသိဒ္ဓိကျမ်းကို အဓိကလက်ကိုင်ပြုပြီး သက္ကတဘာသာကို သုံးစွဲသောဂိုဏ်းဖြစ်ပါသည်။ မဟိသာသဂိုဏ်းမှာ ပင်မထေရဝါဒမှခွဲထွက်ခဲ့သောဂိုဏ်းဖြစ်ပါသည်။ အယူဝါဒမှမဟာသံဃိကတို့နှင့် ဆန့်ကျင်၍အန္ဓကဂိုဏ်း၊ သမ္မတိယဂိုဏ်းတို့နှင့်နီးစပ်သည်။ ဤဂိုဏ်းသည်လည်း သက္ကတဘာသာကို အသုံးပြုသည့်အပြင် ဆင်းထု၊ ရုပ်ထုသွန်းလုပ်ကိုးကွယ်မှုကို လက်မခံချေ။

အသောကမင်းကြီးသည် တတိယသင်္ဂါယနာတင်ပွဲပြီးသည့်နောက်တွင် ရှင်မဟိန္ဒထေရ်နှင့် သဃမိတ္တာထေရီတို့ကို သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်ခဲ့လေသည်။ ဒေဝါနံပိယတိဿမင်းကြီးလည်း သာသနာ့ဒါယကာခံယူသည်။ မဟာဝိဟာရကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ယင်းခေတ်က နာဟါဂျုနိကွန်ဒါဒေသသည် ထေရဝါဒသာသနာထွန်းကားရာဒေသဖြစ်ခဲ့သည်။ အသောကမင်းကြီးလက်ထက် ဗုဒ္ဓဆင်းတုတော်သွန်းလုပ်ကိုးကွယ်မှုမထွန်းကားမီက အမရဝတီတွင် ခြေတော်ရာအစုံကို ထုထွင်း၍ကိုးကွယ်ခဲ့သည်။ မောရိယအင်ပါယာပြိုကွဲသွားသောအခါ ဤဒေသတွင် အပရသေလိယဂိုဏ်း၊ ဗဟုသုတိကဂိုဏ်းနှင့် မဟိသာသကဂိုဏ်းတို့ဝင်ရောက်ထွန်းကားလာပါသည်။ မောရိယမင်းဆက်ကျဆုံး၍ ဆက်ခံသော သုင်္ဂမင်းဆက်တွင် ဗုဒ္ဓသာသနာကို နှိပ်ကွပ်သောကြောင့် ထေရဝါဒရဟန်းတော်များ အိန္ဒိယတောင်ပိုင်းသို့ တိမ်းရှောင်ခဲ့ရပါသည်။

ဘီစီ-၁၃၀ခန့်တွင် အိန္ဒိယပြည် ကေရဋ္ဌနယ်နှင့် တမီလ်နယ်များမှ ဟိန္ဒူဘာသာဝင်တို့သည် သီဟိုဠ်ကျွန်းကို တိုက်ခိုက်သိမ်းပိုက်ကြသည်။ သီဟိုဠ်မှထေရဝါဒီရဟန်းတော်အချို့မှာ တောတောင်ထူထပ်ရာသို့ ခိုဝင်ပုန်းအောင်းကြရပြီး၊ အချို့မှာ အိန္ဒိယအရှေ့ဘက်ကမ်းခြေရှိ နာဂါကွန်ဒါဒေသသို့ထွက်ပြေးတိမ်းရှောင်ကြရပါသည်။ ဒုဋ္ဌဂါမဏိမင်းလက်ထက်တွင် ရန်သူတို့ကိုနှိမ်နင်း၍ ဗုဒ္ဓသာသနာကို စည်ပင်စေခဲ့ပြန်သည်။ တစ်ဖန်သာသနာတော်နှစ်၄၄၀တွင်ဗြဟ္မဏတိဿခေါင်းဆောင်၍ သူပုန်ထပြန်ရာ တမီလ်စစ်တပ်သည် အိန္ဒယမှ သီဟိုဠ်သို့ကူး၍ ဗုဒ္ဓသာသနာတော်ကို ဖျက်စီးနှိမ်နင်းပြန်သည်။ သီဟိုဠ်မှမဟာဝိဟာရဝါသီ ရဟန်းတော်များ နာဂါဂျုနိကွန်ဒါဒေသသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ထို့ကြောင့်နာဂါဂျုနိကွန်ဒါဒေသတွင် မဟာဝိဟာရဝါသီဂိုဏ်းသည်

အခြားဂိုဏ်းများနှင့်အတူယှဉ်၍ ထွန်းကားခဲ့သည်ကိုတွေ့ရပါသည်။ယင်းမဟာဝိဟာရဝါသီထေရဝါဒဂိုဏ်းသည် အိန္ဒိယတွင်ရှိနှင့်ပြီးသော ဗြဟ္မီအက္ခရာနှင့် သီဟိုဠ်မှ သယ်ဆောင်လာသည့် ပါဠိဘာသာကို အသုံးပြုခဲ့သည်။

ဗြဟ္မီအက္ခရာဖြင့်ရေးသားထားသော ပါဠိစာပေအရေးအသားသည် အသောကခေတ်ကပင် ရောက်ရှိခဲ့သည် မဟုတ်ပေ။ ထေရဝါဒဂိုဏ်းသည် ဗြဟ္မီအက္ခရာကို ဘီစီ ၃ရာစုတွင် အစောဆုံးသုံး၍၊ ပါဠိဘာသာကို အေဒီ-၁ရာစုတွင် အစောဆုံးသုံးစွဲခဲ့သည်။ အသောကခေတ်က ဗြဟ္မီအက္ခရာဖြင့် ရေးထိုးခဲ့သောစာများမှာ ပါဠိဘာသာ မဟုတ်ပါ။ မဂဓိဘာသာဖြင့်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။(ပါဠိနှင့် မဂဓိမတူညီကြောင်းကို ပါမောက္ခဒေါ်အုန်း၏ ပါဠိစာပေသမိုင်း "ရှင်သဂရာဘိဝံသ(ပြန်ဆို)၏ "အိန္ဒိစာပေသမိုင်း(ဗုဒ္ဓစာပေကဏ္ဍ)၊တွင် အကျယ်ရှုပါ။) ဗုဒ္ဓ စာပေသမိုင်းတွင် ထေရဝါဒဂိုဏ်းသည် ပါဠိစာပေကိုစတင်သုံးစွဲခဲ့သည်မှာ သီဟိုဠ်ကျွန်းတွင် စတုတ္ထသင်္ဂါယနာ တင်သည့် အေဒီ ၇စနောက်ပိုင်းမှသာဖြစ်ပါသည်။ ထိုသင်္ဂါယနာတင်ပွဲမှစ၍ ပါဠိဘာသာဖြင့် ပေထက်အက္ခရာ တင်ပါသည်။ နာဂါဂျုနိကွန်ဒါသို့ ပါဠိဘာသာသည် သီဟိုဠ်မှတိမ်းရှောင်ရောက်ရှိလာသော ပါဠိဘာသာကို နာဂါဂျုနိကွန်ဒါတွင် ဗြဟ္မီအက္ခရာဖြင့်ရေးပါသည်။ ယင်းနောက်မှ မုတ်သုန်ရေစီးကြောင်းခရီးဖြင့် ရခိုင်ပြည်နှင့် ဗိသနိုးမြို့များသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ဤအချက်မှန်ကန်ကြောင်း အထောက်အထားများရှိပါသေးသည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဆင်းတုတော်သွန်းလုပ်ကိုးကွယ်မှုသည် သုတေသနအထောက်အထားများအရ အေဒီ -၁ရာစုတွင် အစပြုခဲ့ပါသည်။ ယင်းနောက်ပိုင်းမကြာမီတွင်ပင် ဗုဒ္ဓ၏တပည့်သာဝကကြီးများ၏ ဆင်းတုတော် များကိုပါ ထုလုပ်ကိုးကွယ်ခဲ့ကြပါသည်။ ထို့ကြောင့် သစ္စကပုရဗိုဇ်ကဲ့သို့သော သာဝကကြီးများ၏ရုပ်ထုထုလုပ်မှု သည် အေဒီ-၂ရာစုထက်ပို၍ရှေးကျနိုင်ဖွယ်မရှိပေ။ သစ္စကပုရဗိုဇ်သည် အစဦးတွင်ဗုဒ္ဓနှင့်အယူဝါဒပြိုင်ဆိုခဲ့ပြီး နောက်ပိုင်းတွင် ဗုဒ္ဓ၏သာဝကကြီးဖြစ်လာသည့် ထေရဝါဒပိဋကတ်တော်တွင် ထင်ရှားလာသူဖြစ်ပါသည်။ ဆင်းတုသွန်းလုပ်မှုနှင့် ဗြဟ္မီအက္ခရာ၊ ပါဠိဘာသာအရေးအသားသည် ရာစုနှစ်တစ်ခုထက်နောက်မကျမူဘဲ ရခိုင် ပြည်သို့ရောက်ရှိခဲ့လေမည်ဖြစ်ပေသည်။

နာဂါဂျုနိကွန်ဒါတွင် တွေ့ရသော ရုပ်ထုရုပ်ကြွများကို ဇာတကကျမ်း၊ နိဒါနကထာကျမ်း၊ လလိတ္တဝိတ္တာရ ကျမ်း မဟာဝတ္ထုကျမ်း၊ သုန္ဒရနန္ဒကာဗျကျမ်း၊ ဒီဗျာဝါဒါနကျမ်း သုမင်္ဂလာဝိလာသိနိကျမ်း၊ မဟာပရိနိဗ္ဗာနဗ္ဗာ နသုတ်နှင့် ဓမ္မပဒအဋ္ဌကထာကျမ်းတို့လာ ဇာတ်ကွက်များဖြင့် ထွင်းထုထားလေသည်။ (ကိုး-၁၁။စာ-၁၉)။ ရခိုင်ပြည်တွင် အေဒီ(၃)ရာစု(၄)ရာစုအတွင်းက ထုလုပ်သော ဗုဒ္ဓဆင်းတုတော်ဟူ၍ အခိုင်အမာမတွေ့ရသော် လည်း၊ ယင်းခေတ်က ထုလုပ်ခဲ့သောထေရဝါဒဆိုင်ရာ အခြားရုပ်ထုများကို တွေ့ရပါသည်။ ဗုဒ္ဓဆင်းတုတော်ကို မတွေ့ရခြင်းမှာ ရခိုင်ပြည်တွင် ယင်းမတိုင်မီကသွန်းလုပ်ခဲ့သော မဟာမုနိဆင်းတုတော်ကြီးနှင့်ယှဉ်၍ အခြား ဗုဒ္ဓဆင်းတုတော်များ သွန်းလုပ်ခြင်းကိုရှောင်ကြဉ်ခဲ့ကြ၍ ဖြစ်တန်ရာပါသည်။ သို့မဟုတ်ရာဇဝင်များက ဖော်ပြ သည့်အတိုင်း မဟာမုနိသိမ်တော်ကြီးသည် မီးဘေးအကြိမ်ကြိမ်သင့်ခဲ့၍လည်းကောင်း၊ သဘာဝရာသီဉတု၏ဒဏ် ကြောင့်လည်းကောင်း၊ ရခိုင်ပြည်ကိုတိုက်ခိုက်ခဲ့ကြသော ရန်သူများ၏ဖျက်ဆီးမှုကြောင့်လည်းကောင်း ဖြစ်ပေ မည်။ သို့သော်မဟာမုနိကုန်းတော်ပေါ်ရှိ ဗြဟ္မာ၊ လောကပါလနတ်၊ ယက္ခ၊ အသူရာ၊ ကိန္နရာ၊နဂါး၊ ဂဠုန်ရုပ်ထု များမှာ ထေရဝါဒနှင့် သက်ဆိုင်သောရုပ်ထုများဖြစ်ကြပါသည်။ ဦးစံသာအောင်က ဤလက်ရာများမှာ မတူရာ အနုပညာယဉ်ကျေးမှုခေတ်ပြိုင်ဖြစ်သည်။(ကိုး-၁၂။စာ-၁၁၅)ဟု မှတ်ချက်ချပါသည်။မတူရာအနုပညာသည် ဂုပ္ပတခေတ်အစောပိုင်းထိ ထွန်းကားခဲ့ပါသည်။ (ကိုး-၁၂။စာ-၅၅)။

ဂန္ဓာရအနုပညာခေတ်သည် ဘီစီ-၂-ရာစုမှ အေဒီ-၂-ရာစုထိဖြစ်သည်။ မတူရာအနုပညာခေတ်သည် အေဒီ -၁ရာစုမှ အေဒီ-၄ရာစုအလယ်ပိုင်းထိဖြစ်သည်။ ဂုပ္ပတအနုပညာခေတ်သည် အေဒီ-၃၀၀မှ အေဒီ ၆၀၀ ထိဖြစ်ပါသည်။ ထိုစဉ်က နာဂါဂျုနိကွန်ဒါဒေသသည် မထူရာအနုပညာထွန်းကားရာတွင် ပါဝင်သောနယ်မြေ ဖြစ်သည်။ ဤဒေသသည် ဂုတ္တပအင်ပါယာတွင် မပါဝင်ခဲ့ပေ။

ဒေါက်တာပင်မလာဂတ္တမင်က ဝေသာလီခေတ်ဦးကျောက်ဆစ်အနုပညာလက်ရာများသည် နာဂါဂျုနိ ကွန်ဒါမှလက်ရာများနှင့် အလွန်နီးစပ်စွာ တူညီကြောင်းဆိုသည်။ (ကိုး-၁၀။စာ-၂၂၂) ဟန်ဂိုလီကလည်း ရခိုင်

ပြည်မှကျောက်ဆစ်လက်ရာအချို့မှာ အိန္ဒိယပြည် အန္ဓရနယ်၊ နာဂါဂျုနိကွန်ဒါမှလက်ရာများနှင့်တူညီသည်ဟု မှတ်ချက်ချသည်။(ကိုး-၇။စာ-၁၅)။ ရခိုင်ပြည်တွင်တွေ့ရသော ကျောက်ဆစ်လက်ရာများမှာ မတူရာအနုပညာခေတ်နှင့် ခေတ်ပြိုင်ဖြစ်ပြီး လက်ရာများမတူညီသဖြင့် ဤအနုပညာရပ်များသည် အေဒီ၃-ရာစုနှင့် ၄-ရာစုအတွင်းက အန္ဓရနယ်၊ နာဂါဂျုနိကွန်ဒါဒေသမှတိုက်ရိုက်ရောက်ရှိလာသော ပညာရပ်များဖြစ်ကြောင်း အတိအကျဆိုနိုင်သည်။ ရုပ်ထုများမှာလည်း ထေရဝါဒသာသနာနှင့်ပတ်သက်သောရုပ်ထုများဖြစ်သဖြင့် နာဂါဂျုနိကွန်ဒါမှရောက်ရှိလာသော သာသနာသည် မဟာဝိဟာရဝါသိဂိုဏ်း၏ ထေရဝါဒသာသနာဖြစ်ကြောင်းသိနိုင်ပါသည်။

မဟာမုနိကုန်းတော်ပေါ်မှ အထက်ဖော်ပြပါ ရုပ်ထုများကို မြတ်စွာဘုရားဆင်းတုတော်၏ပတ်လည်တွင်ထားရှိခြင်းမှ အတုမရှိသောဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် လူနတ်ဗြဟ္မာသတ္တဝါအပေါင်း၏အထွတ်အမြတ်ပူဇော်ရာဖြစ်၍ ဗုဒ္ဓဆင်းတုဘုရားရှင်အား ဝိုင်းဝန်းပူဇော်ဟန်ပြုထားခြင်းဖြစ်ပေသည်။ ဤရုပ်ထုများမှာ ဗုဒ္ဓ၏မျက်မှောက်ဘဝဖြစ်တော်စဉ်နှင့်သော်လည်းကောင်း၊ အတိတ်ဘဝဖြစ်တော်စဉ်နှင့်သော်လည်းကောင်း၊ တစ်နည်းနည်းပတ်သက်နေကြပါသည်။

အသောကခေတ်ကတည်ထားခဲ့ဓာ ဆန်ချိပုထိုးတော်ကြီးတွင် ဒွါရပါလတံခါးစောင့်ယက္ခရုပ်ထုများ၊ ဘုံဘေနယ်တွင် ဘီစီ-၂ရာစုက ဆောက်လုပ်ခဲ့သည့် ရှေးဟောင်းဗုဒ္ဓဘာသာလိုဏ်ဂူများ၌ ဇာတကများကို ရုပ်လုံး၊ရုပ်ကြွများဖြင့် ဖော်ထား၏။ ယက္ခနီရုပ်ထု၊ နဂါးမင်းရုပ်ထုတို့ရှိကြောင်း သိရပါသည်။ ထို့ပြင်လိုဏ်ဂူများ၌ ဇာတကများကို ရုပ်လုံးရုပ်ကြွများဖြင့် ဖော်ထား၏။ ထို့ကြောင့် ဇာတကအများစုသည်လည်းကောင်း၊ ဇာတကဇာတ်ကွက်များကို ရုပ်လုံးရုပ်ကြွများထွင်းထုမှုပညာသည်လည်းကောင်း၊ ထေရဝါဒသာသနာတော်ခေတ်ဦးအချိန်များကပင်ရှိနေသည်ဟု ဆိုရပေမည်။

ဘီစီ(၃)ရာစုတွင်းက မောရိယအင်ပါယာမှ ရခိုင်ပြည်သို့ဇာတကရုပ်လုံးရုပ်ကြွများ ထုလုပ်မှုအတတ်ပညာရောက်ရှိခဲ့သည့် အထောက်အထားမတွေ့ရပါ။ ယခုတွေ့မြင်နေရသည်မှာ မဟာမုနိဆင်းတုတော်ကြီး၏ပတ်ဝန်းကျင်မှ ရုပ်ကြွများမှာ မတူရာအနုပညာခေတ်ထွန်းကားခဲ့သော အေဒီ(၃)ရာစုတွင်းက ရခိုင်ပြည်သို့ နာဂါဂျုနိကွန်ဒါဒေသမှ မဟာဝိဟာရဝါသိဂိုဏ်း ထေရဝါဒဗုဒ္ဓသာသနာနှင့်အတူ ရောက်ရှိခဲ့သော ဗုဒ္ဓဘာသာအနုပညာဆိုရာ အတတ်ပညာ၏အသီးအပွင့်များပင်ဖြစ်ပါသည်။

အကြောင်းကြောင်းကိုထောက်ဆပါလျှင်အေဒီ(၃)ရာစုအတွင်းကရခိုင်ပြည်သို့နာဂါဂျုနိကွန်ဒါဒေသမှရောက်ရှိလာသောသာသနာမှာ မဟာဝိဟာရဝါသိဂိုဏ်း၏ထေရဝါဒဗုဒ္ဓသာသနာပင်ဖြစ်ကြောင်း တွေ့ရှိရပေသည်။


**ကိုးကားသောကျမ်းများ**

၁။ သန်းထွန်း ခေတ်ဟောင်းမြန်မာရာဇဝင်(၁၉၆၉-မဟာဒဂုံစာပေ၊ ရန်ကုန်)

၂။ ဦးဘရှင် ဗိဿနိုးမြို့ဟောင်းနှင့်သမိုင်းအမြင်(တက္ကသိုလ်ပညာပဒေသာစာစောင်) (အတွဲ-၁၊အပိုင်း-၃။)

၃။ မောင်စံဖော် ကိရာတလောကမ်းယံလော (ရခိုင်မဂ္ဂဇင်းအတွဲ-၁၊အမှတ်-၁)

၄။ စိန်မောင်ဦး သရေခေတ္တရာမြို့ဟောင်း(တက္ကသိုလ်ပညာပဒေသာစာစောင်၊အတွဲ-၃။အပိုင်း-၁)

၅။ မောင်အုံ့ ဗုဒ္ဓသာသနာတော်၂၅၀၀ခရီး၊ ပတွဲ (၁၉၈၉၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်)

# အန္ဓရာဒေသမှ ကိရာတဒေသသို့

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် အိန္ဒိယမြေပေါ်မှာ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး အယူဝါဒအမျိုးမျိုးကွဲပြားခဲ့ကြတယ်။ ဂိုဏ်းတွေလည်း အများအပြားပဲ ကွဲပြားခဲ့ကြပါတယ်။ ဗုဒ္ဓဘာသာသမိုင်းစဉ်တလျှောက်မှာ ဗုဒ္ဓဝါဒဂိုဏ်အသီးသီးဟာ မိမိတို့ဂိုဏ်းရဲ့အယူဝါဒကို အရှေ့နဲ့အနောက်ဖက်နိုင်ငံတွေကို ဖြန့်ချိခဲ့ကြတာတွေ့ရပါတယ်။ အထူးသဖြင့်တော့ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေကို ဗုဒ္ဓသာသနာပျံ့နှံ့မှုဟာ သမိုင်းမှာထင်ရှားပါတယ်။ ဗုဒ္ဓသာသနာဟာ မြန်မာနိုင်ငံနဲ့အရှေ့တောင်အာရှနိုင်ငံတွေကို ရာစုနှစ်အမျိုးမျိုးမှာ ဂိုဏ်းအမျိုးမျိုးရဲ့အယူဝါဒအမျိုးမျိုးပျံ့နှံ့ခဲ့တာကို တွေ့ရပါတယ်။

ဒီဆောင်းပါးမှာ အိန္ဒိယတောင်ပိုင်းဒေသ၊ နာဂါဂျူနိကွန်ဒါဒေသနဲ့ အမရဝတီစတဲ့အန္ဓရာဒေသကနေပြီး ကိရာတဒေသကို အေဒီ–၃ရာစုအတွင်းမှာ ပျံ့နှံ့လာခဲ့ဖူးတဲ့ ဗုဒ္ဓသာသနာကိုခြေရာခံပြီး ဆန်းစစ်ပြထားပါတယ်။

နာဂါဂျူနိကွန်ဒါဒေသဟာ အိန္ဒိယနိုင်ငံအရှေ့ဖက်ကမ်းဂေါ်ဒါပရီမြစ်နဲ့ ကစ္စာနာမြစ်ဝကျွန်းပေါ်စပ်ကြားအန္ဓရာဒေသမှာရှိပါတယ်။ အသောကမင်းလက်ထက်က ဒီဒေသဟာ မောရိယအင်ပါယာထဲမှာပါဝင်တယ်။ မောရိယအင်ပါယာကြီးပြိုကွဲသွားတော့ ‘ဘာတဝါဟနမင်းဆက်’က နှစ်ပေါင်း(၄၀၀)ကျော်အုပ်စိုးပြီး ဗုဒ္ဓသာသနာထွန်းကားခဲ့ပါတယ်။ ဒီမင်းဆက်ကို အေဒီ–၃ရာစုအစပိုင်းမှာ ‘ဣက္ချကု’မင်းဆက်က ဆက်ခံအုပ်စိုးပါတယ်။ ဒီမင်းဆက်အသစ်ကို တည်ထောင်တဲ့ ‘သန္တမူလမင်း’ဟာ ဗြဟ္မဏဝါဒီဖြစ်ပေမယ့် သူ့ရဲ့နောက်ဆက်ခံတဲ့မင်းတွေဟာ ဗုဒ္ဓသာသနာကိုအားပေးခဲ့ကြတော့ ဗြဟ္မဏဝါဒထွန်းကားမှုဟာ ကာလမကြာမြင့်ခဲ့ဘူး။(ကိုး–၁။စာ–၂၀၁)။ ဒီမင်းဆက်က ‘မဒ္ဒရိပုတ္တာသီရိဝီရပုရိသဒတ္တာ’မင်းပဲဖြစ်တယ်လို့ ယူဆရတဲ့ ‘မဒ္ဒရိပုတ္တာမင်း’ဟာ သူ့ရဲ့နန်းစံ ၁၄နှစ်မြောက်မှာ ကျောက်စာတစ်ခုရေးထိုးခဲ့တယ်။ ဒီကျောက်စာကိုပဲ နာဂါဂျူနိကွန်ဒါကျောက်စာလို့ သတ်မှတ်ထားကြပါတယ်။ (ကိုး–၈။စာ–၁၄)။

ကျောက်စာမှာ အဲဒီအချိန်က ‘ကသ္မီရ၊ဂန္ဓာရ၊စိန၊စိလာတ၊ တော်သလီ၊ အဝရန္တ၊ဝင်္ဂ၊ဝနပသီ၊ယဝန၊ဒမ္မိလ၊ပလော်ရာ၊တဗ္ဗပဏ္ဏိဒေသတွေကို သာသနာပြုခဲ့ကြတဲ့ ရဟန်းတော်တွေအတွက် အလှူဒါနပြုတဲ့အကြောင်းကို မှတ်တမ်းတင်ရေးထိုးထားပါတယ်။ ဒီကျောက်စာမှာပါရှိတဲ့ အချို့ဒေသတွေရဲ့နာမည်တွေကို သီဟိုဠ်မှတ်တမ်းဟောင်းတွေမှာ တတိယသင်္ဂါယနာတင်ပွဲအပြီး သာသနာဖြန့်ဝေခဲ့တဲ့ဒေသတွေအဖြစ်၊ တခြားနာမည်တမျိုးနဲ့ တွေ့ရတယ်။ ဥပမာ–ကသ္မီရ၊ဂန္ဓာရ၊ဝနဝသီ၊ ပရန္တနဲ့ယောနစတဲ့ ဒေသတွေပေါ့။ တချို့နာမည်တွေကျတော့ အိန္ဒိယသားတွေ ကုန်စည်ရောင်းဝယ်မှုပြုကြတဲ့ ဒေသတွေရဲ့နာမည်တွေအဖြစ်၊မိလိန္ဒပဉှာကျမ်းမှာတွေ့ရပါတယ်။ ကျောက်စာမှာလိုပဲ မဟာဝံသကျမ်းမှာလည်းပဲ ‘စိန’နဲ့ယှဉ်ပြီး‘စိလာတ’ဒေသဆိုတာပါရှိတာကို တွေ့ရပါတယ်။ (ကိုး–၈။စာ–၁၅)

ဒီကျောက်စာမှာပါရှိတဲ့ ‘စိလာဘ’ဒေသဆိုတာ ပူရာမ်ကျမ်း၊ ဟာရိဝံသကျမ်းနဲ့ မဟာဘာရတကျမ်းစတဲ့ သက္ကတကျမ်းတွေမှာဖော်ပြထားတဲ့‘ကိရာတ’ဒေသကိုဆိုလိုတာဖြစ်တယ်။ ပဥ္စတန္တရကျမ်းမှာတော့ ကိရာတဒေသကလူတွေကို ‘မရိုးဖြောင့်တဲ့ကုန်သည်တွေ’လို့ ဖော်ပြတယ်။ ကိရာတဒေသကို ဂရိနဲ့ရောမကုန်သည်တွေ ပထဝီဝင်ဆရာတွေလည်း ဖော်ပြခဲ့ကြပါတယ်။ အေဒီ–၂ရာစုအတွင်းမှာ တိုလေမီက ဂင်္ဂါမြစ်ဝရဲ့အရှေ့ဖက်အလွန်ဒေသဖြစ်တဲ့ ကိရာတဒေသအကြောင်းကို ရေးခဲ့ပါတယ်။ သူကဂင်္ဂါမြစ်ဝအလွန်ဒေသတွေမှာ ကိရာတတွေနေထိုင်ကြတယ်။ ကိရာတတွေဟာ နှာခေါင်းပြားပြားနဲ့ လူကြမ်းကြီးတွေဖြစ်တယ်တဲ့။ ဒါပေမဲ့ အခြားတနေရာမှာတော့ သူက ကိရာတတွေမှာ အရပ်ပုပု၊ အမွေးထူထူ၊ မျက်နှာပြားပြား၊ အသားဖြူဖြူနဲ့လည်း တွေ့ရတယ်လို့ဆိုသေးတယ်။(ကိုး–၈။စာ–၁၅)

မာကဏ္ဍေယျပူရာဏကျမ်းမှာတော့ ကိရာတတွေဟာ အိန္ဒိယနိုင်ငံရှေ့ဖျားဒေသနဲ့ဆက်စပ်နေတဲ့ဒေသတလျှောက်မှာနေထိုင်ကြတယ်လို့ပဲဖော်ပြပါတယ်။ တခြားနေရာမှာတော့ ကိရာတတွေဟာ ဟိမဝန္တာတောင်တန်းတောင်စွယ်တွေရဲ့တောင်ဖက် ဆင်ခြေလျှောဒေသတွေမှာ နေကြတယ်လို့ ဖော်ပြထားပါတယ်။ ဒေါက်တာ

N.R.Ray က ဟိမဝန္တာတောင်တန်းတွေရဲ့တောင်ဖက်ဆင်ခြေလျှောတလျှောက်လုံးမှာနေတဲ့ မယဉ်ကျေးသေးတဲ့ တိဗက်–မြန်မာလူမျိုးစုတွေလို့ဆိုပါတယ်။ အိန္ဒိယနိုင်ငံရဲ့အရှေ့မြောက်ဖက်ဒေသတွေမှာရှိတဲ့ တခြားလူမျိုးစုတွေ လည်းပါဝင်တယ်ပေါ့။ (ကိုး–၈။စာ–၁၆)။ မာကဏ္ဍေယျပူရာမ်ကျမ်းအလိုကတော့ စစ်တကောင်း၊ ရခိုင်ဒေသ တလျှောက်လုံးနဲ့ မြန်မာနိုင်ငံအောက်ပိုင်းမှာနေကြသူတွေကို ရည်ညွှန်းတာဖြစ်ပါတယ်။ မွန်ဂိုလွိုက်တွေပေါ့။ ဒီကျမ်းက ရည်ညွှန်းတဲ့လူတွေကိုကြည့်ရင် မျက်နှာပြားပြား၊ နှာတံပြားပြား၊ အသားဖြူဖြူ၊ အရပ်ပုပုတွေဆိုတော့ ပျူနဲ့မွန်ကို ရည်ညွှန်းတာပဲလို့ ဒေါက်တာN.R.Rayကယူဆတယ်။ အိန္ဒိယသားတွေအမြင်မှာတော့ နဲနဲရိုင်းတယ် လို့မြင်တယ်ဆိုပြီး ယူဆပါတယ်။

စဉ်းစားစရာရှိတာက ရာမယနကျမ်းမှာ ကိရာတတွေကို 'ဒီပဝါသိန'(ကျွန်းပေါ်မှာနေကြသူတွေ)လို့ ဖော် ပြထားချက်ပါပဲ။ ဒါပေမယ့် မိလိန္ဒာပဉှာကျမ်းနဲ့ နာဂါဂျူနိကွန်ဒါကျောက်စာအထောက်အထားတွေအရ'စိန' (တရုတ်ပြည်)နဲ့ဆက်စပ်တည်ရှိနေတယ်ဆိုတော့ ရာမယနကျမ်းကဖော်ပြတဲ့'ဒီပ'ဆိုတဲ့စကားဟာ ပင်လယ်ပြင် ထဲက ကျွန်းကိုရည်ညွှန်းတာမဟုတ်ပဲ၊ ရခိုင်ဒေသနဲ့မြန်မာနိုင်ငံအောက်ပိုင်းအပါအဝင်ဖြစ်တဲ့ အင်ဒိုချိုင်းနား ကျွန်းဆွယ်ကြီးရဲ့အစိတ်အပိုင်းတစ်ခုကိုရည်ညွှန်းတာဖြစ်တယ်လို့ သုတေသီတွေရဲ့အဆိုကို ခြုံပြီးသုံးသပ်ကြည့် တော့ အာသံ၊ စစ်တကောင်း၊ ရခိုင်နယ်တွေနဲ့ မြန်မာနိုင်ငံအောက်ပိုင်း မလေးကျွန်းဆွယ်ထိလို့ ကောက်ချက် ချလို့ရတယ်။

ပြီးတော့ ဗြဟ္မသမ္ဘိတာကျမ်းထဲ ကုရ်မာဝိဘာဂအခန်းမှာလည်းပဲ ကိရာတဒေသဟာ 'စိန'နဲ့မြေတကြော တည်းပဲဆက်စပ်နေတယ်လို့ ဖော်ပြထားပါတယ်။ (ကိုး–၈။သည–၁၆)။ ရာမယနကျမ်းမှာဖော်ပြထားတာ ကတော့ 'ဦးထိပ်တွင်ကျစ်ထုံးထားသောကိရာတတို့သည် ကြည့်၍တင့်တယ်၏။ ရွှေအဆင်းကဲ့သို့ ဝင်းဝါ၏။ ရေတွင်ကျင်လည်၏။ ကျားအစစ်ကဲ့သို့ ကြောက်မက်ဖွယ်ကောင်း၏။'လို့ ဖော်ပြထားတယ်။ ဒီအပြင်'ကိရာတ တို့သည် အိန္ဒိယပြည်၏အရှေ့ဖက်တောင်တန်းများတွင်လည်းကောင်း၊ ပင်လယ်ကမ်းနားတွင်လည်းကောင်း နေထိုင်ကြပြီး ရွှေငွေကျောက်သံပတ္တမြားကြွယ်ဝ၍ အဝတ်အထည်ယက်လုပ်မှုတွင် ကျွမ်းကျင်ကြ၏။'လို့ဖော် ပြထားပါတယ်။ ဟိန္ဒူဗိဿနိုးပူရာမ်ကျမ်းမှာတော့ 'ဤလောက၏ အလယ်တွင် ဗြဟ္မဏ၊ခတ္တိယ၊ဝဿ၊ သုဒ္ဒ အမျိုး(၄)ပါးတို့နေထိုင်ရာ အိန္ဒိယပြည်ရှိ၏။ အရှေ့ဖက်၌ကား ကိရာတတို့ရှိ၍ အနောက်ဖက်၌ ယဝနလူမျိုးတို့ နေထိုင်ကြ၏'လို့ ဖော်ပြထားပါတယ်။ Indo-Mongoloidစာအုပ်ရေးသားတဲ့ ဒေါက်တာChatterjeeကတော့ ဝေဒ ကျမ်းတွေဟာ ဘီစီ–၁၀ရာစု၊မဟာဘာရတနဲ့ရာမယနကျမ်းတွေကတော့ ဘီစီ–၅–ရာစုနဲ့ အေဒီ–၄–ရာစုကြားကာ လတွေမှာ စုစည်းရေးသားခဲ့တယ်လို့ ယူဆရတဲ့အတွက် ကိရာတ(အင်ဒိုမွန်ဂိုလွိုက်)တွေဟာ အိန္ဒိယပြည်မြောက် ပိုင်း၊ အရှေ့မြောက်ပိုင်း၊ ဘီဟာ၊ ဘင်္ဂလား၊ဗြဟ္မပုတ္တရမြစ်ဝှမ်း၊ အာသံ၊ မဏိပူရတို့နဲ့ဆက်စပ်နေတဲ့ဒေသတွေမှာ ဘီစီ ၁၀၀၀လောက်ကပဲ ပျံ့နှံ့နေထိုင်ခဲ့ကြတယ်လို့ ခန့်မှန်းယူဆထားပါတယ်။(ကိုး–၂။စာ–၃၆)

ဒေါက်တာPergiterကတော့ ကိရာတဒေသဆိုတာ ဟိမဝန္တာတောင်စွယ်တွေရဲ့တောင်ဖက် ဆင်ခြေလျှော ဒေသဖြစ်တဲ့ပန်ဂျပ်ပြည်နယ်၊ အာသံ၊ စစ်တကောင်းတောင်တန်းတွေနဲ့ တောင်ဖက်နယ်မြေတလျှောက်လို့ ပြောတယ်။ (ကိုး–၉။စာ–၄၉)။ဒေါက်တာS.B Qanungoက စစ်တကောင်းတောင်တန်းဒေသ၊ ရခိုင်ဒေသတစ်ခုလုံး နဲ့ တောင်ဖက်နယ်မြေတစ်ခုလုံးလို့ ယူဆတယ်။ (ကိုး–၁၀။စာ–၅၁)။ ဒေါက်တာN.R.Rayကတော့ ကိရာတဒေသ ဆိုတာ ရခိုင်ဒေသတစ်ခုလုံးရယ်၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသရယ်လို့ဆိုပါတယ်။ (ကိုး–၈။စာ–၁၈)။ မန္တလေး မှာရှိတဲ့ မဟာမုနိဘုရားအနီး ခေါင်းလောင်းစာတစ်ခုမှာ ကိရာတဒေသဆိုတာ မြန်မာနိုင်ငံရဲ့အစိတ်အပိုင်းတစ် ခုဖြစ်ကြောင်းပါရှိတာကို Inscription In Upper Burmaမှာ တွေ့ရတယ်။

ဒီတော့ သုတေသီတွေရဲ့ရေးသားချက်တွေ၊ ရှေးခေတ်ကျမ်းဂန်တွေကဖော်ပြချက်တွေကို သုံးသပ်ရင် ကိရာတဒေသဆိုတာ အာသံ၊ စစ်တကောင်းနယ်မြေကအစ၊ ရခိုင်ဒေသအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းဒေသ ကိုဆိုလိုတာဖြစ်ကြောင်း သိရပါတယ်။ ရခိုင်ကဈေဝတီ၊ ဝေသာလီ၊ မြန်မာပြည်အောက်ပိုင်းက ဗိဿနိုး၊ သရေခေတ္တရာဒေသတွေဟာ ကိရာတဒေသမှာ အကျုံးဝင်ပါတယ်။ ရာမယနကျမ်းမှာဖော်ပြတဲ့ တောင်တန်းနေ

ကိရာတတွေဆိုတာ စစ်တကောင်း၊ ရခိုင်တောင်တန်းတွေမှာ နေကြသူတွေဖြစ်ပြီး ကမ်းရိုးတန်းနေကိရာတတွေဆိုတာက စစ်တကောင်း၊ ရခိုင်နဲ့ မြန်မာနိုင်ငံမြေနုပိုင်းကမ်းရိုးတန်းမှာနေတဲ့သူတွေပဲ ဖြစ်ကြပါတယ်။

အချို့သူတေသီတွေကလည်း ကိရာတ၊ ကျင်လင်၊လင်ယန်ဆိုတာတွေဟာ အဲဒီခေတ်က လက်ရှိမြန်မာနိုင်ငံအတွင်းမှာရှိခဲ့တယ်လို့ ဆိုပါတယ်။(ကိုး–၃။စာ–၄၉)။

အိန္ဒိယအရှေ့တောင်ဖက်ကမ်း အန္ဓရာနယ်က အမရဝတီနဲ့နာဂါဂျုနိကွန်ဒါဒေသက ဗုဒ္ဓသာသနာဟာ ရခိုင်ဒေသနဲ့မြန်မာနိုင်ငံအောက်ပိုင်းအရပ်တွေကို ပျံ့နှံ့ခဲ့တဲ့ အထောက်အထားတွေရှိပါတယ်။ နာဂါဂျုနိကွန်ဒါဒေသမှာရှိတဲ့ ဗုဒ္ဓသာသနိက အဆောက်အဦးတွေဟာ အေဒီ–၂ရာစုမတိုင်မီ အတော်စောစောကပဲ တည်ဆောက်ခဲ့ကြကြတာဖြစ်ပါတယ်။ (ကိုး–၁။စာ–၂၀)။မြန်မာနိုင်ငံကဗိဿနိုးနဲ့သရေခေတ္တရာတို့မှာ နာဂါဂျုနိကွန်ဒါဒေသက ဗိသုကာလက်ရာတွေလွှမ်းမိုးခံရတဲ့ အဆောက်အဦးတွေရှိတယ်။ (ကိုး–၄။စာ–၁၇၆)။ ဒေါက်တာ.Luce ကအေဒီ၃–ရာစုအတွင်းက ဗုဒ္ဓသာသနာအင်အားကြီးမားခဲ့တယ်။ ရဟန်းတွေ ရာပေါင်း၊ထောင်ပေါင်းများစွာရှိတယ်လို့ ရေးခဲ့ပါတယ်။(ကိုး–၁။စာ–၁၁၄)

ရခိုင်ပြည်ဝေသာလီခေတ်ဦးက ဗုဒ္ဓဘာသာအနုပညာလက်ရာတွေဟာ နာဂ္ဂျုနိကွန်ဒါဒေသက အနုပညာလက်ရာတွေနဲ့တူတယ်။ (ကိုး–၁၂။စာ–၂၂၂)။ ပြီးတော့ ရခိုင်ကကျောက်ဆစ်လက်ရာတွေဟာ နာဂါဂျုနိကွန်ဒါက ကျောက်ဆစ်လက်ရာတွေနဲ့ တပုံစံတည်းတူနေကြတယ်။(ကိုး–၇။.Pls, XVIII, XXXIX, XL)။ ပျူမြို့တော်တွေဟာ ရခိုင်ဒေသတောင်ပိုင်းနဲ့ တောင်ကုတ်လမ်း၊ ရခိုင်ဒေသမြောက်ပိုင်းနဲ့ ဘူးရှက်မညီုးလမ်းတွေကတဆင့် ဆက်သွယ်ခဲ့ကြတယ်။(ကိုး–၁။စာ–၁၁၀)။ မြန်မာနိုင်ငံကိုရေကြောင်းကလာတဲ့ အိန္ဒိယသားတွေအနေနဲ့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာရင်လည်းဖြစ်နိုင်တယ်။ (ကိုး–၁။စာ–၂၀၀)။ဒေါက်တာ.Luceကလည်း ပျူတွေဟာ အိန္ဒိယအရှေ့ဖက်ကမ်းနဲ့ ရေကြောင်းအားဖြင့် ဆက်သွယ်ရာမှာ ရခိုင်ကမ်းရိုးတန်းဒေသတွေကဆင့် ဆက်သွယ်ခဲ့တယ်လို့ဆိုပါတယ်။(ကိုး–၁၂။စာ–၁၁၀)

ပြီးတော့အေဒီ၅–ရာစုအတွင်း ရခိုင်ပြည်မှာ ဂုပ္ပတအက္ခရာကိုရေးသားသုံးစွဲနေကြပြီး၊ သရေခေတ္တရာမှာတော့ ကဒံဗ၊ ပလ္လဝအက္ခရာကပြောင်းလာခဲ့တဲ့ ပျူအက္ခရာတွေကို ရေးသားသုံးစွဲနေတာကို အများသိပြီးဖြစ်ပါတယ်။ ဒါပေမယ့်ရခိုင်ဒေသမှာ ပျူအက္ခရာ၊ ပျူဘာသာကျောက်စာ(ကိုး–၁၂၊စာ–၁၁၁)တွေ့ရပြီး သရေခေတ္တရာမှာလည်း ဂုပ္ပတအက္ခရာအရေးအသားတွေ(ကိုး–၄။စာ–၁၇၉)တွေ့ရတော့ ရခိုင်မြို့တော်တွေနဲ့ ပျူမြို့တော်တွေဟာ အဲဒီအေဒီ–၅ရာစုမတိုင်မီကပဲ သာသနာရေး၊ယဉ်ကျေးမှု၊ဆက်ဆံမှုတွေရှိနေခဲ့တာတော့ အမှန်ပဲဖြစ်ပါတယ်။ ဗိဿနိုးဒင်္ဂါးတွေနဲ့ ရခိုင်ဝေသာလီဒင်္ဂါးတွေမှာ အခြေခံအချက်တွေတူညီနေတာကလည်း ခိုင်မာတဲ့ သက်သေတစ်ခုပါပဲ။

အိန္ဒိယနိုင်ငံမှာရေးသားခဲ့ကြတဲ့ အက္ခရာအရေးအသားတွေအားလုံးရဲ့မူလမိခင်ကတော့ ဗြဟ္မီအက္ခရာအရေးအသားဖြစ်ပါတယ်။ ဗြဟ္မီကနေ ပြီးတော့ ကုသျှန၊ ဂုပ္ပတ၊တမီလ်၊သျှာရဒ၊ နာဂရီ၊ ဘင်္ဂလီ၊ ကဒံဗ၊ ပလ္လဝစသည်ဖြင့် အက္ခရာကို အိန္ဒိယနိုင်ငံမှာ ဘီစီ–၃ရာစုကနေပြီး အေဒီ ၂–ရာစုထိမူရင်းအတိုင်း သုံးစွဲခဲ့ပါတယ်။ (ကိုး–၅။စာ–၁၆)။ ဒီဗြဟ္မီအက္ခရာအရေးအသားကို မြန်မာနိုင်ငံမှာ တွေ့ရတာက ဗိဿနိုးမြို့တူဖော်မှုမှာ'သံဃာသီရိ' လို့ ရေးထိုးထားတဲ့ ကျောက်ချပ်တစ်ခုရယ်(ကိုး–၃။စာ–၅၀)။ ရခိုင်ဒေသမှာ 'သစ္စကပုရဗိဇကဇိန'လို့ပါရှိတဲ့ ရုပ်တုတော်တစ်ဆူရဲ့ပလ္လင်မှာ ရှေ့ဖက်ကရေးထိုးထားတာတစ်ခုရယ်(ကိုး–၅။စာ–၆၅)။ ဒီနှစ်ခုပါပဲ။

ဗိဿနိုးမှာတွေ့ရတဲ့ ဗြဟ္မီအရေးအသားကို အေဒီ–၂၀၀လောက်က အန္ဓရာဒေသမှာရေးခဲ့တဲ့အရေးအသားလို့(ကိုး–၁။စာ၂၀၄)ဆိုပြီး ရခိုင်မှာတွေ့ရတဲ့ ဗြဟ္မီအက္ခရာအရေးအသားကိုတော့ ဝေသာလီခေတ်မဟုတ်ပဲ၊ ဓညဝတီခေတ်(အေဒီ ၄–ရာစုမတိုင်မီ)ကဖြစ်ဟန်တူတယ်(ကိုး–၅။စာ–၆၃)လို့ပညာရှင်တွေသတ်မှတ်ထားကြတော့ ဒီအက္ခရာအရေးအသားတွေဟာ မြန်မာနိုင်ငံကို တစ်ကြိမ်တည်းမှာ အတူရောက်ရှိလာတဲ့အရေးအသားတွေလို့သတ်မှတ်ရပါမယ်။ အေဒီ–၃ရာစုထဲမှာ ရောက်ရှိလာတယ်ဆိုရင် အမှန်ကန်ဆုံးပဲဖြစ်နိုင်ပါလိမ့်မယ်။

H. Sarkar က အဆောက်အဦးတွေတည်ဆောက်ပုံနဲ့ ကျောက်စာတွေမှာလာတဲ့အချက်အလက်တွေကို ထောက်ဆပြီး နာဂါဂျုနိကွန်ဒါကြီးပွားစဉ်ကာလက အိန္ဒိယတောင်ပိုင်း နာဂါဂျုနိကွန်ဒါဒေသမှာ(၁)မဟာဝိဟာ

ရပါသီဂိုဏ်း(၂)မဟိ ံသကဂိုဏ်း(၃)ဗဟုသုတိကဂိုဏ်းနဲ့(၄)အပရမဟာဝိနသေလိယဂိုဏ်းတို့ထွန်းကားခဲ့တယ်လို့ ဖော်ပြပြီး ဒီဂိုဏ်းတွေအနက် အပရမဟာဝိနသေလိယဂိုဏ်းဟာ သြဇာအကြီးမားဆုံးဖြစ်ခဲ့တယ်(ကိုး–၁။ စာ–၂၀၄)လို့ ရေးသားထားပါတယ်။ ဒီပဝံသကျမ်းမှာ ဒုတိယသင်္ဂါယနာတင်ပွဲကျင်းပပြီးနောက် ထေရဝါဒဂိုဏ်းနဲ့ မဟာသံဃိကဂိုဏ်းတို့က ခွဲထွက်သွားတဲ့ဂိုဏ်း(၁၈)ဂိုဏ်းကိုဖော်ပြထားရာမှာ အပရမဟာဝိနသေလိယဂိုဏ်း၊ ရာဇဂီရိကဂိုဏ်း၊ သိဒ္ဓတ္ထိကဂိုဏ်းဆိုပြီး အန္ဓကဂိုဏ်း(၄)ဂိုဏ်းကိုလည်း ဖော်ပြထားပါတယ်။ ဝါသုမိတြရေးသားတဲ့သက္ကတမှတ်တမ်းနဲ့သက္ကတစာရေးဆရာကြီးဘာဗျရဲ့မှတ်တမ်းတွေမှာလည်းအပရသေလိယဂိုဏ်းပါရှိပါတယ်။ (ကိုး–၆။စာ–၁၄၀)

အပရမဟာဝိနယသေကိယဂိုဏ်းမှာ ရှေးပိုင်းဂိုဏ်းနဲ့နောက်ပိုင်းမှာခွဲထွက်သွားတဲ့ဂိုဏ်းလို့ ကွဲလွဲခဲ့ဟန်ရှိပါတယ်။ ရှေးဦးပိုင်းဂိုဏ်းဟာ ဆင်းတုတော်ကိုးကွယ်မှုကို လုံးဝရှောင်ကြဉ်ခဲ့ပါတယ်။ နောက်ပိုင်းခွဲထွက်တဲ့ဂိုဏ်းကတော့ လက်ခံကိုးကွယ်ပါတယ်။ ရုပ်ပွားဆင်းတုတော်ကိုးကွယ်မှုဟာ နာဂ္ဂဂျူနိကွန်ဒါဒေသမှာ အစပိုင်းကမရှိခဲ့ပါဘူး။ ဣက္ခုကုမင်းဆက်မှာ ဆင်းတုတော်ကိုးကွယ်မှုကို သန္တမူလမင်း (အေဒီ ၂၂၅–၂၅၀)လက်ထက်မှစတင်ပါတယ်။ ဗဟုဝလသန္တမူလမင်း(အေဒီ၂၈၅–၃၃၄)လက်ထက်ကျတော့ ဆင်းတုတော်ကိုးကွယ်မှုအထွတ်အထိပ်သို့ရောက်ခဲ့ပါတယ်။ ဆင်းတုတော်ကိုးကွယ်မှုကို အစဉ်သဖြင့် လက်မခံခဲ့တာကတော့ ရှေးဦးပိုင်းအပရမဟာဝိနသေလိယဂိုဏ်းနဲ့မဟိ ံသကဂိုဏ်းတို့ဖြစ်ကြပါတယ်။(ကိုး–၁၁။ စာ–၈၃/ ၈၄)

နာဂါဂျူနိကွန်ဒါဒေသမှာ အထက်ဖော်ပြခဲ့တဲ့ဂိုဏ်းတွေအပြင် စေတိယဂိုဏ်းလည်း ထွန်းကားခဲ့တယ်လို့ယူဆရပါတယ်။ အမရဝတီနဲ့ နာဂါဂျူနိကွန်ဒါကျောက်စာတွေမှာ ဒီဂိုဏ်းရဲ့နာမည်ကိုတွေ့ရပါတယ်။(ကိုး–၆။စာ–၃၂၀)။ကထာဝတ္ထုအဋ္ဌကထာကျမ်းမှာလည်း ပုဗ္ဗသေလိယဂိုဏ်း၊ အပရသေလိယဂိုဏ်း၊ ရာဇဂီရိကဂိုဏ်း၊ သိဒ္ဓတ္ထကဂိုဏ်း(၄)ဂိုဏ်းကို အန္ဓရာပြည်မှာစတင်ထွန်းကားလို့ အန္ဓကဂိုဏ်းတွေလို့ခေါ်တာတွေ့ရတယ်။ အထောက်အထားတွေအရ ဒီဒေသမှာထွန်းကားခဲ့ပေမယ့် တာရှည်ထွန်းကားခဲ့ဟန်မတူဘူး။

Tohakusuတည်းဖြတ်ထုတ်ဝေခဲ့တဲ့ 1.Tsing's Records of Buddhist Religion စာအုပ်မှာတော့ အိချင်ရဲ့ဖော်ပြချက်အရ မဟိ ံသကဂိုဏ်းကို မူလသဗ္ဗတ္ထိကဂိုဏ်းကဆင်းသက်ခွဲထွက်လာတာလို့ဆိုပါတယ်။ မဟာသံဃိကဂိုဏ်းသားတွေကတော့ ဝိဘဇ္ဇဝါဒဂိုဏ်းက ဆင်းသက်ခွဲလာတာလို့ပြောကြပါတယ်။(ကိုး–၃။စာ–၅၀)ထေရဝါဒမှတ်တမ်းတွေအရတော့ ပင်မဗုဒ္ဓဘာသာဂိုဏ်းဖြစ်တဲ့ ထေရဝါဒဂိုဏ်းက ပထမဆုံးအကြိမ်အဖြစ် မဟာသံဃိကဂိုဏ်း ခွဲထွက်သွားပြီးတဲ့နောက် မကြာမီ သာသနာနှစ်–၂၀၀အတွင်းမှာပဲ မဟိ ံသကဂိုဏ်းနဲ့ဝဇ္ဇိပုတ္တကဂိုဏ်းတို့ဒုတိယအကြိမ်ထပ်မံခွဲထွက်ကြတယ်လို့ ဖော်ပြကြပါတယ်။(ကိုး–၆။စာ–၃၂၂)။မဟိ ံသကဂိုဏ်းရဲ့ကျမ်းအရေအတွက် ကတော့ အေဒီ၆၅၇–ခုမှာ ရွှင်းကျင့်တရုတ်ပြည်ကို ယူဆောင်သွားစဉ်က (၂၂)ကျမ်းရှိပေမယ့်အခုအခါတော့ သက္ကတဘာသာက တရုတ်ဘာသာကိုပြန်ဆိုထားတဲ့ကျမ်း(၄)စောင်ပဲရှိပါတော့တယ်။ ဒီဂိုဏ်းရဲ့ထင်ရှားတဲ့ခေါင်း ဆောင်ကတော့ ဗုဒ္ဓဒေဝဖြစ်တယ်လို့ ထေရဝါဒမှတ်တမ်းတွေမှာဖော်ပြထားပါတယ်။

ဗဟုသုတိကဂိုဏ်းကိုတော့ မဟာသံဃိကဂိုဏ်းကခွဲထွက်လာတယ်လို့ဆိုပြီး မူလသဗ္ဗတ္ထိကဝါဒဂိုဏ်းကခွဲထွက်လာတာလို့လည်းပြောကြပါတယ်။(ကိုး–၃။စာ–၅၀)။ ထေရဝါဒမှတ်တမ်းတွေကတော့ ဂေါကုလိကဂိုဏ်းကခွဲထွက်လာတယ်လို့ ဖော်ပြကြပါတယ်။ (ကိုး–၆။စာ–၃၁၉)။ မဟာဒေဝ၊ အရှင်ပရမတ္ထ၊ယရိပါရ်မာန်တို့ဟာ ဒီဂိုဏ်းရဲ့ထင်ရှားတဲ့ခေါင်းဆောင်တွေပေါ့။ အပရမဟာဝိနသေလိယဂိုဏ်းကတော့ မဟာသံဃိကဂိုဏ်းကခွဲထွက်တဲ့ဂိုဏ်းဖြစ်ပါတယ်။ ဒီဂိုဏ်း(၄)ဂိုဏ်းအနက် မဟိ ံသာကဂိုဏ်း၊ ဗဟုသုတိကဂိုဏ်း၊ အပရမဟာယဝိနသေတိယဂိုဏ်းတို့ဟာ သက္ကတဗုဒ္ဓဘာသာဂိုဏ်းတွေဖြစ်ကြပါတယ်။(ကိုး–၃။စာ–၅၀)

ဂိုဏ်း(၄)ဂိုဏ်းအနက်မှာ မဟာဝိဟာရဝါသီဂိုဏ်းနဲ့ ဗဟုသုတိကဂိုဏ်းကတော့ ဆင်းတုတော်ကိုးကွယ်မှုကို လက်ခံခဲ့ပါတယ်။ တချို့သုတေသီတွေက ဗိဿနိုးနဲ့ရခိုင်မှာ ဆင်းတုတော်မတွေ့ရတာကိုထောက်ပြီး အပရမဟာဝိနသေလိယဂိုဏ်းနဲ့ မဟိ ံသာကဂိုဏ်းတို့ရဲ့အယူဝါဒတွေ ပျံ့နှံ့ထွန်းကားခဲ့လိမ့်မယ်လို့ မှန်းဆကြပါတယ်။ (ကိုး–၃။စာ–၄၉)။ ဒါပေမယ့် ရခိုင်ဓညဝတီမှာရော၊ ပျူတို့ရဲ့ဗိဿနိုးမှာပါ အေဒီ–၂ရာစု အိန္ဒိယတောင်ပိုင်းသုံး ဗြဟ္မီအက္ခရာနဲ့ ပါဠိစာပေအရေးအသားတွေ့ရှိရခြင်းဟာ ဓညဝတီနဲ့ ဗိဿနိုးကိုပျံ့နှံ့လာတဲ့ဗုဒ္ဓဘာသာ

ဂိုဏ်းကို သတ်မှတ်ရာမှာပဓါနကျတဲ့အချက်ဖြစ်ရမယ်လို့ ယူဆရပါတယ်။ ရခိုင်မှာတွေ့ရတဲ့ သစ္စကပရိဗိုဇ် စာတမ်းကတော့ ရခိုင်မှာ'ဘုရားဖိုက်ပူ'လို့ခေါ်တဲ့ ဆင်းတုတော်ရဲ့အောက်ခြေပလ္လင်မှာ ရေးထိုးတာဖြစ်ပြီး ဗိသနိုး က သံဃာ့သီရိစာတမ်းကတော့ ကျောက်ချပ်အလွတ်နဲ့တွေ့ရတာဖြစ်တယ်ဆိုတာ ပြောခဲ့ပါပြီ။ ဆင်းတုတော် ဆိုလို့ ဗိသနိုးမှာတစ်ဆူမှမတွေ့ရဘူး။ ဘာကြောင့်မတွေ့ရတာလဲလို့ လေ့လာကြည့်တော့ ဗိသနိုးမြို့ဟာ အေဒီ– ၁ရာစုက၅–ရာစုအထိထွန်းကားခဲ့ပြီး၊ အဲဒိကြားကာလမှာ မြို့ဟာမီးသင့်လို့အကြိမ်ကြိမ်ပျက်စီးခဲ့ရတယ်ဆိုတာ ကို ရေဒီယိုကာဗွန်စမ်းသပ်ခြင်းနဲ့ မြေလွှာလေ့လာခြင်းကြောင့် သိရတယ်ဆိုတာရယ်၊ ဒုတိယအသုတ်ဝင်လာတဲ့ ပျူတွေက တိုက်ခိုက်ချေမှုန်းလို့ မြို့နိဂုံးချုပ်ရတယ်ဆိုတာကို တွေ့ရပါတယ်။ (ကိုး–၁။စာ–၁၇၇)။ အပရမဟာ ဝိနသေလိယဂိုဏ်းနဲ့ မဟိံသာသကဂိုဏ်းတွေသာ အမှန်တကယ်လွှမ်းမိုးခဲ့တယ်ဆိုရင် ဓညဝတီနဲ့ဗိသနိုးမှာ သက္ကတစာပေကိုတွေ့ရှိရမှာ မလွဲပါဘူး။ အခုအခြေအနေမှာ ပါဠိဘာသာကိုပဲတွေ့ရပါတယ်။ သက္ကတဘာသာ မတွေ့ရဘူး။ ဒီတော့ကာ ဓညဝတီနဲ့ဗိသနိုးမှာ အပရမဟာဝိနသေလိယဂိုဏ်းနဲ့မဟိံသာသကဂိုဏ်းလွှမ်းမိုးခဲ့ တယ်ဆိုတဲ့မှန်းဆချက်ဟာ ဖြစ်နိုင်ရာအခြေအနေနည်းပါးပါတယ်။ ဗဟုသုတိကဂိုဏ်ကလည်း သက္ကတဗုဒ္ဓ ဘာသာဂိုဏ်းဖြစ်လေတော့ ဒီဂိုဏ်းလည်း ဗိသနိုး၊ ဓညဝတီတို့တဲ့ပတ်သက်ဖွယ်မရှိပေဘူး။

မဟာဝိဟာရဝါသီဂိုဏ်းသားတွေကတော့ ထေရဝါဒပါဠိဗုဒ္ဓဘာသာဂိုဏ်းဖြစ်ပြီး သီဟိုဠ်မှာလွှမ်းမိုးတဲ့ဂိုဏ်း ပေါ့။ တစ်ခုတည်းသောပါဠိဗုဒ္ဓဘာသာဂိုဏ်းဖြစ်တဲ့ ဒီဂိုဏ်းရဲ့ပါဠိပိဋကတ်တော်ဟာ မြန်မာ၊ ယိုးဒယားနဲ့ကမ္ဘောဇ နိုင်ငံတွေကိုရောက်ရှိပျံ့နှံ့ခဲ့တယ်လို့ Elictကဆိုပါတယ်။ အထောက်အထားတွေ များများစားစားမတွေ့ရပေမယ့် ရခိုင်ဓညဝတီနဲ့ဗိသနိုးမြို့တို့မှာတွေ့ရတဲ့ ပါဠိစာပေအထောက်အထားတွေအရဆိုရင်တော့ ပါဠိဗုဒ္ဓဘာသာဂိုဏ်း က ပိုပြီးလွှမ်းမိုးခဲ့တယ်လို့ ခန့်မှန်းရပါတယ်။

ရောမ–တရုတ်ပင်လယ်ခရီးကူးသန်းရောင်းဝယ်ရေးလှုံ့ဆော်မှုကြောင့် အိန္ဒိယသားတွေဟာ မြန်မာနိုင်ငံနဲ့ ရခိုင်ကမ်းဒေသတွေကို ရောက်ခဲ့ကြတယ်။ အဲဒီလိုရောက်ခဲ့တဲ့ကာလဟာ အစောဆုံးမှတ်တမ်းတင်ခေတ်တွေ ဖြစ်တဲ့ မွနပိုးမီးယပ်မေလာ(အေဒီ–၁–ရာစု)၊ အီရိုင်သရီယန်ရေကြောင်းခရီး(အေဒီ ၁–ရာစု)၊ တော်လေမီ(အေဒီ– ၁၅၀)တို့ထက်ပိုပြီး စောတယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။ ဒါ့ကြောင့် ရခိုင်ဒေသနဲ့ဗိသနိုးကို အိန္ဒယ ယဉ်ကျေးမှုရောက်ခဲ့တဲ့ကာလကို မှန်းဆနိုင်ပါတယ်။ ဗိသနိုးနဲ့ ရခိုင်ဓညဝတီကိုရောက်လာခဲ့တာကတော့ မြန်မာနိုင်ငံမြောက်ပိုင်းကိုဖြတ်သွားတဲ့ ရောမ–တရုတ်ကုန်သွယ်လမ်းမကြီးကဖြတ်ပြီး တောင်ဖက်ရေကြောင်း လမ်းကို ဆင်းတဲ့လမ်းခွဲမှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း အဆင်ပြေကောင်းမွန်လို့ဖြစ်မယ်။ ရောမ–တရုတ် လမ်းမကြီးကနေပြီး ရခိုင်နဲ့ဗိသနိုးကိုဆင်းပြီး အဲဒီကတဆင့် အိန္ဒိယအရှေ့ဖက်ကမ်းကို လွယ်လွယ်ကူကူပဲ ကုန်စည်ကူးသန်းနိုင်ကြလို့ပေါ့။

ဗိသနိုးမြို့ကို ရေကြောင်းက တိုက်ရိုက်မရောက်နိုင်ဘူး။ ကုန်းလမ်းကတဆင့် သွားရသေးတယ်။ ဗိသနိုးက ဒင်္ဂါးတွေနဲ့ ရခိုင်ခေတ်ဦးဒင်္ဂါးတွေ အခြေခံအချက်တွေတူညီတယ်။ ရခိုင်ပြည်လေးမြို့မြစ်ဝှမ်းအထက်ပိုင်းကို အိန္ဒိယယဉ်ကျေးမှုရောက်ဖို့ ပိုလွယ်ကူပေမယ့်၊ ရခိုင်ရိုးမကိုကျော်ပြီးမှ သို့မဟုတ် ပင်လယ်ဆိပ်ကမ်းကနေ အတွင်းဖက်ကိုမိုင်(၂၆၀)လောက်ဝင်ပြီးမှ ဗိသနိုးကိုရောက်ဖို့ဆိုတာ လွယ်ကူတဲ့ခရီးတော့မဟုတ်ဘူး။ ဒါပေမယ့် ရခိုင်ဖက်ကနေပြီး ပတိမ်း–ငဖဲလမ်းအတိုင်း မင်းဘူးလောက်ကတဆင့် ဝင်လာနိုင်တယ်။ (ကိုး–၁။စာ–၂၀၀)။ ဗိသနိုးနဲ့ရခိုင်ဓညဝတီက အထောက်အထားတွေက အိန္ဒိယတောင်ပိုင်းယဉ်ကျေးမှုနဲ့ ဆက်စပ်နေတယ်။ ပညာရှင်တွေလည်း အိန္ဒိယတောင်ပိုင်းယဉ်ကျေးမှုဖြစ်တယ်လို့ ဆိုခဲ့ကြပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံမြောက်ပိုင်းကို တရုတ်–ရောမကုန်သွယ်လမ်းမကြီးဖြတ်သွားတယ်။ မြန်မာနိုင်ငံအရှေ့မြောက် ပိုင်းမှာ ရောမအင်ပါယာကအလိုရှိတဲ့ ကုန်ပစ္စည်းတွေထွက်တယ်။ အဲဒီလမ်းမကြီးကနေ အိန္ဒိယကိုတိုက်ရိုက် မသွားရောက်တော့ပဲ အိန္ဒိယတောင်ပိုင်းကို ရေကြောင်းခရီးက ဆက်သွယ်ကူးသန်းဖို့အတွက် ဧရာဝတီမြစ် ကြောင်းအတိုင်း ဗိသနိုးကို ဆင်းလာနိုင်တယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဗိသနိုးမြို့ဟာ ကုန်စည်ကူးသန်းမှု မှာ စခန်းကောင်းတစ်ခုပေါ့။ အဲဒီကနေပြီး မိုင်(၂၆၀)လောက်ဝေးတဲ့ ပင်လယ်ဆိပ်ကမ်းကိုဆင်းပြီး ရေကြောင်း ခရီးနဲ့ အိန္ဒိယတောင်ပိုင်းကိုဆက်သွယ်တယ်။ ဒါမှမဟုတ် ရခိုင်ဖက်ကိုလာပြီး ရခိုင်ကမ်းကတဆင့် ပိုပြီးနီးစပ်တဲ့

အိန္ဒိယအရှေ့ဖက်ကမ်းကို ကူးသန်းကြတယ်။

အမရဝတီနဲ့ နာဂါဂျုနိကွန်ဒါမြို့တွေရှိတဲ့ ကစ္စနာမြစ်ဝကျွန်းပေါ်အထက်ပိုင်းမြေပြန့်၍ အဓိကသင်္ဘောဆိပ်ကတော့ အေဒီ–၂ရာစုက တော်လေမီဖော်ပြခဲ့တဲ့ 'မိုက်ဆိုလိယ'ဖြစ်ပါတယ်။ အခုခေတ်'မစုပလီတပ်'ဖြစ်နိုင်ပါတယ်။ အဲဒီခေတ်ကလူကြိုက်များတဲ့ 'မတ်စလင်'ခေါ်တဲ့ပိတ်ပါးရောင်းဝယ်တဲ့နေရာလို့ ပြောကြတယ်။ ဒေါက်တာVegelကဒီမြစ်ဝမှာရှိတဲ့ 'ကဏ္ဍကသောလ'သင်္ဘောဆိပ်နဲ့ သီဟိုဠ်တို့ဆက်သွယ်ပုံတွေကို ဖော်ပြခဲ့တယ်။ ပင်လယ်ရပ်ခြားကူးသန်းရောင်းဝယ်မှုကြောင့် အဲဒီကစ္စနာမြစ်ဝအနီးက သင်္ဘောဆိပ်မြို့တွေဟာ အဲဒီခေတ်ကစည်ကားလှတဲ့ ကမ္ဘာ့ဈေးမြို့ကြီးတွေဖြစ်ခဲ့တယ်။(ကိုး–၁။စာ–၂၀၁)။ ဒီမြို့တွေကပဲ ရခိုင်ဒေသနဲ့ဗိသနိုးတို့ကို ရေကြောင်းခရီးနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ခဲ့ကြတယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။

သီဟိုဠ်သမိုင်းက နဲနဲပြောမယ်။ အသောကမင်းကြီးလက်ထက်၊ တတိယဒင်္ဂါယနာတင်ပြီးတဲ့နောက်၊ ရှင်မဟိန္ဒနဲ့သင်္ဃမိတ္တာထေရီတို့ သီဟိုဠ်ကို သာသနာပြုကြွပါတယ်။ ဒေဝနံပိယတိဿမင်းကြီးက မဟာဝိဟာရကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး ထေရဝါဒထွန်းကားနေတယ်။ ဆင်းတုတော်ကိုးကွယ်မှုမပေါ်မီက အမရဝတီမှာ ဗုဒ္ဓရဲ့ခြေတော်ရာအစုံကိုပဲ ထွင်းထုခဲ့ကြတယ်။ မောရိယအင်ပါယာပြိုကွဲသွားတော့ ဒီဒေသကို မဟိံသာသကဂိုဏ်း၊ ဗဟုသုတိကဂိုဏ်၊ အပရမဟာဝိနသေလိယဂိုဏ်းနဲ့ တခြားဂိုဏ်းအချို့ဝင်ရောက်ထွန်းကားလာခဲ့တယ်။ သုင်္ဂမင်းဆက်ခေတ်မှာ ဗုဒ္ဓဘာသာကိုနှိပ်ကွပ်တဲ့အခါ မြောက်ပိုင်းက ထေရဝါဒရဟန်းတွေ အိန္ဒိယတောင်ပိုင်းနဲ့ သီဟိုဠ်ကျွန်းကိုရှောင်သွားကြတယ်။

ဘီစီ၁၃၀–လောက်မှာ အိန္ဒိယပြည်၊ ကေရဋ္ဌာနယ်က ဟိန္ဒူဘာသာဝင်တွေ သီဟိုဠ်ကျွန်းကိုတိုက်ခိုက်ပြီး၊ ဗုဒ္ဓဘာသာကိုနှိပ်ကွပ်တော့ ရဟန်းတွေဟာ တောတောင်ထူထပ်ရာ ခိုဝင်ပုန်းအောင်းကြတယ်။ တချို့ကတော့ နာဂါဂျုနိကွန်ဒါဒေသကို ရှောင်တိမ်းကြပါတယ်။ ဒုဋ္ဌဂါမဏိမင်းလက်ထက်ရောက်တော့ ရန်သူတွေကိုပြန်လည်တွန်းလှန်နိုင်ပြီး ဗုဒ္ဓသာသနာတော်ပြန်လည်စည်ပင်လာပြန်တယ်။ နောက်တစ်ကြိမ်သာသနာနှစ်–၄၀၀လောက်မှာ ဗြဟ္မဏတိဿခေါင်းဆောင်ပြီး သူပုန်ထပြန်တယ်။ ရဟန်းတွေဟာ အိန္ဒိယတောင်ပိုင်း၊ နာဂါဂျုနိကွန်ဒါဒေသတို့ကို ရှောင်တိမ်းသွားကြပြန်တယ်။ အဲဒါကြောင့် အဲဒီအချိန်က နာဂါဂျုနိကွန်ဒါ၊ အမရဝတီ၊ ကိဋ္ဌိပူရ၊ နဂရပူရစတဲ့မြို့တွေဟာ ထေရဝါဒသာသနာထွန်းကားတဲ့မြို့တွေဖြစ်လာတယ်။(ကိုး–၄။စာ–၁၉၉။ကိုး–၁၃။စာ–၃၁၃)။ တောင်ပိုင်းမှာ ထေရဝါဒဟာ အခြားဂိုဏ်းတွေနဲ့ ယှဉ်ပြီးထွန်းကားခဲ့တယ်။ မဟာဝိဟာရဝါသီရဂိုဏ်းဟာ အစပိုင်းမှာတော့ ဆင်းတုတော်ကိုးကွယ်မှုကို လက်မခံခဲ့ဘူး။ နောက်ပိုင်းကျတော့ လက်ခံလာတယ်။ ဒါပေမယ့် မဟာဝိဟာရဝါသီဂိုဏ်းဟာ အိန္ဒိယနိုင်ငံမှာ တစ်ခုတည်းသောပါဠိဗုဒ္ဓဘာသာဂိုဏ်းဖြစ်ပါတယ်။

ရခိုင်နဲ့ဗိသနိုးက ဗြဟ္မီအက္ခရာတွေဟာ အေဒီ–၂၀၀လောက်က အိန္ဒိယတောင်ပိုင်း အန္ဓရာဒေသမှာ ရေးသားခဲ့ကြတဲ့အရေးအသားတွေဖြစ်ပါတယ်။ အိန္ဒိယမှာ ဆင်းတုတော်ကိုးကွယ်မှုဟာ သုတေသနအထောက်အထားတွေအရတော့ အေဒီ–၁ရာစုမှာ အစပျိုးခဲ့တာဖြစ်တယ်လို့ သုတေသီပညာရှင်တွေဆိုကြပါတယ်။ နောက်မကြာမီမှာပဲ ဗုဒ္ဓရဲ့သာဝကကြီးတွေရဲ့ဆင်းတုတော်တွေကို လိုက်ပြီးထုလုပ်ကြပါတယ်။ ဒါတွေကြောင့် ရခိုင်မှာတွေ့ရတဲ့ သစ္စကပုရိဗိုဇ်လို သာဝကကြီးတွေရဲ့ ရုပ်တုတော်ထုလုပ်မှုဟာ အေဒီ–၃ရာစုအစောပိုင်းလောက်ကဖြစ်မယ်လို့ ဆိုနိုင်ပါတယ်။ သစ္စကပုရိဗိုဇ်ဟာ အစဦးက ဗုဒ္ဓနဲ့အယူဝါဒပြိုင်ဆိုင်ခဲ့ပြီး၊ နောက်တော့ ဗုဒ္ဓရဲ့သာဝကကြီးလို့ဆိုနိုင်ပါတယ်။ ပါဠိပိဋကတ်တော်မှာ ထင်ရှားပါတယ်။ ဒီတော့ဗိသနိုးနဲ့ ရခိုင်မှာတွေ့ရတဲ့ ဗြဟ္မီအက္ခရာပါဠိဘာသာအရေးအသားတို့ဟာ နာဂါဂျုနိကွန်ဒါဒေသက တချိန်တည်းမှာရောက်လာတဲ့ အရေးအသားတွေဖြစ်ပြီး မဟာဝိဟာရဝါသီဂိုဏ်းရဲ့ ထေရဝါဒသာသနာနဲ့အတူ ပျံ့နှံ့လာတာဖြစ်တယ်လို့ တထစ်ချပြောနိုင်ပါတယ်။

နာဂါဂျုနိကွန်ဒါအထူးအစီရင်ခံစာဖြစ်တဲ့ အိန္ဒိယရှေးဟောင်းသုတေသနဌာနရဲ့မှတ်တမ်း အမှတ်(၅၄)မှာတော့ နာဂါဂျုနိကွန်ဒါမှာ အုပ်စိုးတဲ့မင်းတွေဟာ ဗြဟ္မဏအယူဝါဒအရကျင့်သုံးကြပေမယ့် မိဖုရားတွေနဲ့ အမျိုးသမီး၊ ဆွေတော်မျိုးတော်တွေကတော့ ဗုဒ္ဓသာသနာကိုအားပေးလို့ ဒီဒေသမှာ ဗုဒ္ဓသာသနိကအဆောက်အဦးတွေ ဆောက်လုပ်လှူဒါန်းခဲ့ကြလို့ အေဒီ–၃ရာစု၊ ၄–ရာစုတွေမှာ ကျောက်တိုက်ကြီးတွေ၊ ထူပါတွေ ပိုမိုများပြားခဲ့တယ်

လို့ ဖော်ပြထားပါတယ်။(ကိုး–၁။စာ–၂၀၃)။ နာဂါဂျုနိကွန်ဒါဒေသတွေမှာတွေ့ရတဲ့ ကျောက်ထွင်းရုပ်ကြွတွေကို ဇာတကကျမ်း၊ နိဒါနကထာကျမ်း၊ လလိတ္တဝိတ္ထာရကျမ်း၊ မဟာဝတ္ထုကျမ်း။ သုန္ဒရနန္ဒကာဗျကျမ်း၊ ဒိဗျာဝါဒါနကျမ်း၊ သုမင်္ဂလာဝိလာသိနီကျမ်း၊ မဟာပရိနိဗ္ဗာနသုတ်နဲ့ ဓမ္မပဒအဋ္ဌကထာကျမ်းတွေက ဇာတ်လမ်းဇာတ်ကွက်တွေနဲ့ သရုပ်ဖော်ထွင်းထုထားပါတယ်။ ဒီအချက်တွေကိုထောက်ရင် ဒီဒေသနဲ့အိန္ဒိယတောင်ပိုင်းမှာ ပါဠိဗုဒ္ဓဝါဒဂိုဏ်းနဲ့ သက္ကတဗုဒ္ဓဝါဒဂိုဏ်းတွေဟာ အတူယှဉ်တွဲပြီးနေခဲ့ကြတယ်။ အယူဝါဒကွဲပြားပေမယ့် တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်းဆက်ဆံရေးပြေလည်ကြတယ်လို့ သိရပါတယ်။ ဒါတင်မကသေးဘူး။ ဂိုဏ်းတစ်ဂိုဏ်းက ရဟန်းတစ်ပါးဟာ တစ်ခြားဂိုဏ်းတွေရဲ့ စာပေတွေကိုလည်း နှံ့စပ်အောင်လေ့လာရတယ်လို့ဆိုပါတယ်။(ကိုး–၁၅။စာ–၁၇၆)

ရခိုင်ဒေသမှာ အေဒီ၃–ရာစု၊ ၄–ရာစုအတွင်းက သွန်းထုခဲ့တဲ့ ဗုဒ္ဓဆင်းတုတော်လို့ အခိုင်အမာမတွေ့ရသေးပါဘူး။ ဒါပေမယ့် သုတေသီတွေက အဲဒီဓညဝတီခေတ်နှောင်းက သွန်းထုခဲ့တယ်လို့ယူဆတဲ့ တခြားထေရဝါဒဆိုင်ရာ ရုပ်တုတွေတော့အများအပြားတွေ့ရပါတယ်။ ဗုဒ္ဓဆင်းတုတော်မတွေ့ရခြင်းဟာ အဲဒီအချိန်မှာသွန်းလုပ်ခဲ့ပြီးဖြစ်တဲ့ မဟာမုနိဆင်းတုတော်ကြီး(အခု–မန္တလေးမှာရှိပါတယ်)နဲ့ယှဉ်ပြီး တခြားဆင်းတုတော်သွန်းလုပ်မှုကို ရှောင်ကြဉ်ခဲ့ကြတာဖြစ်မယ်လို့ ယူဆကြပါတယ်။ ဒါမှမဟုတ် ရခိုင်ရာဇဝင်တွေမှာတွေ့ရသလို မဟာမုနိသိမ်တော်ကြီးဟာ သဘာဝရာသီဥတုရဲ့ ဖျက်ဆီးမှုကို အကြိမ်ကြိမ်ခံခဲ့ရ၊ မီးဘေးအကြိမ်ကြိမ်သင့်ခဲ့ရ၊ ရန်သူတွေရဲ့ဖျက်ဆီးမှုကို အကြိမ်ကြိမ်ခံခဲ့ရတာတွေကြောင့် ဗုဒ္ဓဆင်းတုတော်မတွေ့ရတာဖြစ်မယ်လို့ ရခိုင်သုတေသီတွေက ယူဆထားကြပါတယ်။ တဖက်ကကြည့်မယ်ဆိုရင်လည်း ဗိဿနိုးမှာ အပရမဟာဝိနယသေကိယဂိုဏ်းနဲ့မဟိံသာသကဂိုဏ်းလည်းရောက်ရှိခဲ့လို့ ဆင်းတုတော်မတွေ့ရတာဖြစ်မယ်လို့ မြန်မာသုတေသီတွေကယူဆထားသလို၊ ရခိုင်ဒေသမှာလည်းပဲ ပါဠိဗုဒ္ဓဘာသာဂိုဏ်းထွန်းကားခဲ့ပေမယ့် မဟိံသာသကဂိုဏ်းနဲ့အပရဝိနသေလိယဂိုဏ်းတွေရဲ့ဆင်းတုတော်မကိုးကွယ်တဲ့အယူအဆလည်းပဲရောက်ရှိပျံ့နှံ့ခဲ့လို့ဖြစ်မယ်လို့ယူဆနိုင်ပါသေးတယ်။

ရခိုင်ဒေသမဟာမုနိကုန်းပေါ်က ကျောက်ဆစ်လက်ရာတွေကတော့ မထုရာယဉ်ကျေးမှုလက်ရာတွေဖြစ်ပါတယ်။ (ကိုး–၁၆။စာ–၁၁၅)။ မထုရာအနုပညာခေတ်ဟာ အေဒီ–၁ရာစုက ၄–ရာစုထိဖြစ်ပါတယ်။ မထုရာအနုပညာဟာ နာဂါဂျုနိကွန်ဒါဒေသကိုလွှမ်းမိုးခဲ့တယ်။ ပြီးတော့ ရခိုင်ကကျောက်ဆစ်လက်ရာတွေကလည်း နာဂါဂျုနိကွန်ဒါကလက်ရာတွေနဲ့တူတယ်။ (ကိုး–၇။စာ )။ဗိဿနိုးတူးဖော်မှုမှာတွေ့ရတဲ့ အဆောက်အဦးတွေရဲ့ ပန္နက်ပုံစံတွေကလည်း နာဂါဂျုနိကွန်ဒါဒေသက ပုံစံအတိုင်းဖြစ်တယ်။ (ကိုး–၄။စာ–၁၇၆)။ ရခိုင်ဒင်္ဂါးတွေနဲ့ ဗိဿနိုးပျူဒင်္ဂါးတွေ အခြေခံအချက်တူတာကိုလည်း ပြောခဲ့ပါပြီ။ ဗိဿနိုးနဲ့ရခိုင်မှာတွေ့ရတဲ့စာကလည်း အေဒီ–၂၀၀လောက်က အိန္ဒိယတောင်ပိုင်းမှာသုံးစွဲခဲ့တဲ့ ဗြဟ္မီအက္ခရာနဲ့ပါဠိဘာသာတွေဖြစ်နေတယ်ဆိုတော့ ရခိုင်ဓညဝတီတဲ့ ဗိဿနိုးမြို့ကို နာဂါဂျုနိကွန်ဒါရှိတဲ့ အန္ဓရာနယ်ဖက်က ပျံ့ပွားလာတဲ့ ဗုဒ္ဓသာသနာဟာ အဓိကအားဖြင့် မဟာဝိဟာရဝါသီဂိုဏ်းရဲ့ ထေရဝါဒသာသနာဖြစ်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။

ဒါ့ကြောင့် အေဒီ–၃ရာစုအတွင်းက ရေးထိုးခဲ့တဲ့ နာဂါဂျုနိကွန်ဒါကျောက်စာမှာပါတဲ့ အိန္ဒိယတောင်ပိုင်းက ထေရဝါဒရဟန်းတွေသာသနာပြုခဲ့ကြတဲ့ စိလာတ(သို့မဟုတ်)ကိရာတဒေသဆိုတာ ရခိုင်ဒေသနဲ့မြန်မာနိုင်ငံအောက်ပိုင်းဒေသဖြစ်ပြီး အေဒီ–၃ရာစုအတွင်းက ဓညဝတီမြို့နဲ့ ဗိဿနိုးမြို့တို့မှာ ထေရဝါဒသာသနာထွန်းကားခဲ့တယ်လို့ မှတ်ချက်ချရပါမယ်။

**ကိုးကား**

၁။ ဦးဘရှင် ဗိသနိုးမြို့ဟောင်းနှင့်သမိုင်းအမြင်(တက္ကသိုလ်ပညာပဒေသာစာစောင်အတွဲ–၁၊ အပိုင်း–၃။၁၉၆၆၊ စက်တင်ဘာလ)

၂။ မောင်စံဖော် ကိရာတလော၊ ကမ်းယံလော(ရခိုင်မဂ္ဂဇင်း အတွဲ–၁၊အမှတ်–၁၊၁၉၆၄)

၃။ ငြိမ်းကျော် ငွေတောင် (စာသဘင်စာအုပ်တိုက်၊ ရန်ကုန်။ ၁၉၇၃၊စက်တင်ဘာလ)

၄။ စိန်မောင်ဦး သရေခေတ္တရာမြို့ဟောင်း(တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ–၃၊အပိုင်း၁၊ ၁၉၆၈)

၅။ ဦးစံသာအောင် အေဒီ၆–ရာစုနှင့် ယင်းမတိုင်မီရခိုင်ပြည်သုံးအက္ခရာ(ဥမ္မာအောင်စာပေ၊ ပိန္နဲကုန်း၊အင်းစိန်၊ ၁၉၇၄–နိုဝင်ဘာလ)

၆။ မောင်အုံ့ သာသနာတော် ၂၅၀၀ခရီး(ပထမတွဲ) (သာသနာရေးဦးစီးဌာန၊ရန်ကုန်၊၁၉၈၉–စတုတ္ထအကြိမ်)

၇။ Gangoly Andhra Scripture. Pls XVIII, XXXIX, XL(Huderabud-1973)

၈။ N.R.Ray- Introduction to the study of Theravada Buddhism in Burma. (University of Calcutta-1976)

၉။ F.E. Pergiter Ancient Countries in Ancient India (Journal of the Asiatic Society of Bengal Vol 66, 1897)

၁၀။ S.B. Qunango A Histroy of Chittagong (Vol-1)(University of Chittagong-1988)

၁၁။ H.Sarkar Some Aspect of the Buddhist Monument at Nagajunikonda 1960

၁၂။ P. Gutman Ancient Arakan (Ph.D.Thesis. Australian National University 1974)

၁၃။ G.H. Luce The Ancient Pyu (Burma Research Society Fifteeth Anniversary Publication No-2)

၁၄။ Luce And Pe Mg Tin Burma down to the fall of Pagon (Burma Research Society Fifteeth Anniversary Publication No-2)

၁၅။ S.Dutt- Buddhist Monks and Monasteries (London-1962)

၁၆။ San Tha Aung The Buddhist Art of Ancient Arakan(Daw Saw Saw Sarpay. Rangon-1981)

# အေဒီ(၅)ရာစုအတွင်းက ရခိုင်ပြည်ရောက် ဗုဒ္ဓသာသနာ

ရခိုင်ပြည်သမိုင်းတွင် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊မြောက်ဦးစသည်ဖြင့် ခေတ်အဆက်ဆက်ရှိခဲ့ရာ အေဒီ ၃၇၀မတိုင်မီကာလကို ဓညဝတီခေတ်ဟုလည်းကောင်း၊ အေဒီ ၃၇၀မှ ၉၆၄အထိကို ဝေသာလီခေတ်ဟု လည်းကောင်း ပညာရှင်များသတ်မှတ်ပါသည်။(ကိုး–၁၄။စာ–၁၀၉)

ရခိုင်ရာဇဝင်ကျမ်းများတွင် မြတ်စွာဘုရားသခင်သည် ဘိုးတော် အဠနမင်းဖြိုကြွင်း သက္ကရာဇ် ၁၂၃ခုတွင် တတိယဓညဝတီမြို့တည် စန္ဒာသူရိယမင်းလက်ထက်၌ တပည့်သံဃာငါးရာခြံရံလျက် ရခိုင်ပြည်သို့ရောက်ရှိခဲ့ ကြောင်း။ ထိုစဉ်ကပင် မဟာမုနိဆင်းတုတော်ကိုသွန်းလုပ်ခဲ့ကြောင်းဖော်ပြကြပါသည်။ရခိုင်ရာဇဝင်ကျမ်းများအရ ဆိုလျှင် ဗုဒ္ဓသာသနာသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင်ရခိုင်ပြည်တွင်ထွန်းကားခဲ့သည်ဟုမှတ်ယူရပါမည်။

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် အိန္ဒိယနိုင်ငံမှ သာသနာပြုမင်းများ၊ ရဟန်းသံဃာများ၏ကျေးဇူးကြောင့် တောင် အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ ကမ္ဘာ့အရှေ့ဖျားနိုင်ငံများသို့ ပျံ့နှံ့ခဲ့ပေသည်။ ထိုသို့ ဗုဒ္ဓသာသနာ တော် ပျံ့နှံ့ရာတွင် တစ်နေရာနှင့် တစ်နေရာမတူညီကြပေ။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် အိန္ဒိမြေပေါ်တွင် ဗုဒ္ဓသာသ နာတော်အတွင်း၌ အယူအဆအမျိုးမျိုးကွဲပြားကာ ဂိုဏ်းအသီးသီးကွဲပြားခဲ့ပါသည်။ ထို့အတူပင် ပတ်ဝန်းကျင် နိုင်ငံများသို့ သာသနာတော်ပျံ့နှံ့ရာတွင် ခေတ်ကာလအသီးသီး၌ ဂိုဏ်းကွဲများ၏အယူဝါဒအမျိုးမျိုးသည် ပျံ့နှံ့ ရောက်ရှိခဲ့ဖူးပါသည်။ ပညာရှင်စီးဒီးက"အိန္ဒိယယဉ်ကျေးမှုသည် တစ်ချိန်တည်း၊ တစ်ခါတည်း၊ တစ်နေရာတည်း မှ ရောက်လာခြင်းမဟုတ်ဘဲ နှစ်ပေါင်းများစွာကာလအတွင်း တစ်သုတ်ပြီးတစ်သုတ် နေရာအဆင့်ဆင့်ကိုဖြတ် ကျော်ရောက်ရှိခြင်းဖြစ်သည်။(ကိုး–၁။စာ–၁၂၂)ဟုဆိုသည်။ အချို့သောသမိုင်းသုတေသီများက မြန်မာနိုင်ငံ (ရခိုင်အပါအဝင်) သို့ အေဒီ ၁ရာစုတွင်မှ စတင်ရောက်ရှိသည်(ကိုး–၂။စာ–၄၄)ဟုဆိုပါသည်။ ယင်းအပြင် အရှေ့တောင်အာရှသို့ ရှေးဦးစွာရောက်ရှိလာသော ယဉ်ကျေးမှုသည် အိန္ဒိယအရှေ့ဘက်ကမ်းရိုးတန်းနှင့် ရှစ်မိုင် ကွာရှိ ကစ္စနာမြစ်ဝှမ်း၌ ထွန်းကားခဲ့သော အမရဝတီဗုဒ္ဓယဉ်ကျေးမှုလည်း ဆိုပါသေးသည်။

သို့သော်ဗုဒ္ဓသာသနာတော်ထွန်းကားပျံ့နှံ့လာမှုနှင့်ပတ်သက်၍ ဆိုရလျှင် ရှေးခေတ်ရခိုင်ပြည်ကို အခြား သော အရှေ့တောင်အာရှနိုင်ငံများနှင့်စာသော် သီးခြားဖော်ပြရန် လိုအပ်ပေမည်။ အဘယ်ကြောင့်ဆိုသော် အာသောကမင်းလက်ထက်က အသုံးပြုခဲ့သော သင်္ကေတကိုးကွယ်မှုအထောက်အထားကို ရခိုင်ပြည်နယ်တွင် တွေ့ရှိထားပြီးဖြစ်သောကြောင့်ဖြစ်သည်။ ဂျာမနီသုတေသီ ဒေါက်တာဖော်ချန်မာသည် ရှစ်သောင်းဘုရားကုန်း တော်ပေါ်မှ ကျောက်ချပ်တစ်ခုတွင် ပါရှိသည့် ဓမ္မစကြာစက်ဝိုင်းပုံကို တွေ့ရှိကာ ဤစက်ဝိုင်းသည် ဗုဒ္ဓ၏ဓမ္မ စကြာကို ကိုယ်စားပြုသောပုံဖြစ်ကြောင်း သူ၏(ARAKAN) စာအုပ် စာမျက်နှာ ၂၀တွင် ဖော်ပြခဲ့သည်။

"အာသောကမင်း၏ခေတ်မှ တစ်ပါးအခြားမည်သည့်ခေတ်တွင်မှ ဗုဒ္ဓသာသနာဆိုင်ရာ အမှတ်အသားကို ဤအမှတ်အသားများကဲ့သို့ မတွေ့ရချေ။ အချုပ်အားခြင့်ဆိုရလျှင် ရခိုင်ပြည်ကို (တတိယသင်္ဂါယနာတင်ပွဲအပြီး တွင်အရှင်မဟာရေဝတတို့သာသနာပြုခဲ့သော)မဟိႆသကတိုင်းဟုအဆို၊ ရှင်မဟာရေဝတနှင့်အဖွဲ့သည် ရခိုင်ပြည် သို့ သာသနာပြုရောက်ရှိခဲ့သည်ဟူသောအဆိုတို့သည် အမှန်ဖြစ်သည်ဟု ယူဆရပေမည်။ ယင်းအပြင်ခိုင်မာသော အထောက်အထားအရ ဘီစီ–၃ရာစုတွင် အိန္ဒိယပြည်မောရိယအင်ပါယာမှ ထေရဝါဒဗုဒ္ဓသာသနာသည် ရခိုင်ပြည် သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့သည်ဟု သတ်မှတ်ရပေမည်"(ကိုး–၃။စာ–၆၀)

ထို့ကြောင့် ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာပျံ့နှံ့လာမှုနှင့်ပတ်သက်လျှင် အခြားသောနိုင်ငံများနှင့်စာသော် သီးခြားဖော်ပြရန်လိုအပ်ကြောင်းတင်ပြရခြင်းဖြစ်ပါသည်။ ဤမျှမက အရှေ့တောင်အာရှဟူသော နိုင်ငံများတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓသာသနာထွန်းကားရာဒေသများနှင့် အနီးကပ်ဆုံးတိုင်းပြည်၊ ကုန်းလမ်း၊ ရေလမ်းဆက်သွယ်ရမှု အလွယ်ကူဆုံးတိုင်းပြည်မှာ ရခိုင်ပြည်၊ ရခိုင်ဒေသဖြစ်သည်ကို ငြင်းကွယ်၍မရနိုင်ပေ။ ထို့ကြောင့်အရှေ့တောင် အာရှနိုင်ငံများသို့ အေဒီ ၁–ရာစုတွင် ဗုဒ္ဓဝါဒစတင်ပျံ့နှံ့သည်ဟုဆိုသော်လည်း ရခိုင်ပြည်သို့မူ ဘီစီ၃–ရာစုက ပင် စတင်ပျံ့နှံ့ခဲ့သည်ဆိုခြင်းမှာ ဖြစ်နိုင်သောအချက်ပင်ဖြစ်သည်။ တစ်ဖန်ရခိုင်ပြည်သည် ယင်းခေတ်ကဆိုလျှင်

အခြားသောအရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းစာလျှင် အိန္ဒိယသို့ဆက်သွယ်ရ အဆင်အပြေဆုံးဒေသဖြစ်သည်ကိုလည်း သတိမူစရာရှိနေပေသေးသည်။

ရခိုင်ဒေသသည် အိန္ဒိယနှင့်ပိုမိုနီးစပ်သဖြင့် မည်သည့်အချိန်ကပင် ရခိုင်ပြည်နှင့် အိန္ဒိယသည်အဆက်အသွယ်ရှိခဲ့သည်ကို အတိအကျမဆိုနိုင်သော်လည်း ခရစ်နှစ်များအစပိုင်းနှစ်များကပင် ကူးသန်းသွားလာမှုမှာ တွင်ကျယ်နေပြီဖြစ်သည်။ (ကိုး–၇။စာ–၇)။ အိန္ဒိယမြောက်ပိုင်းမှ ဗုဒ္ဓသာသနာသည် ရခိုင်ပြည်သို့ ဂင်္ဂါမြစ်ဝှမ်းကို ဖြတ်ကျော်ကာ စောစီးစွာကပင် ရောက်ရှိနေပြီး မဟာမုနိကိုမဏ္ဍိုင်ပြု၍ မြန်မာနိုင်ငံ၏ရှေးကျသော ဗုဒ္ဓသာသနာနယ်မြေအဖြစ် ထင်ရှားခဲ့ပေသည်။(ကိုး–၈။စာ–၁)။

ရခိုင်ပြည်နှင့် အိန္ဒိယမြောက်ပိုင်းဒေသများဆက်သွယ်ရန် လမ်းနှစ်သွယ်ရှိသည်။ ပထမလမ်းမှာ စစ်တကောင်း၊ ကော့ပဇား၊ ရာမူးကမ်းခြေဖက်မှ ဝင်ရောက်သောလမ်းဖြစ်၍ ဒုတိယလမ်းမှာ ကုလားတန်မြစ်ဖျားပိုင်းမှ တောင်ဘက်သို့တောင်ကြားအတိုင်း စုန်ဆင်းလာသောလမ်းဖြစ်သည်။(ကိုး–၉။စာ–၁၈၀)။ ဤလမ်းသည် နာလန္ဒာနှင့် ရခိုင်ပြည်ကိုတိုက်ရိုက်ဆက်သွယ်နိုင်သောလမ်းဖြစ်သည်။ ဤကုလားတန်မြစ်ဖျားမှ လမ်းနှင့် စစ်တကောင်းဘက်မှလမ်းတို့သည် အေဒီ–၄ရာစုဆီ တရုတ်နှင့် အိန္ဒိယသားတို့ တွင်ကျယ်စွာအသုံးပြုခဲ့သည့် ဇီရွှမ်–အာသံလမ်းနှင့် တစ်ဆက်တည်းဖြစ်သည်။ အာရိယံနှင့် မွန်ဂိုလွိုက်တို့သည် ရခိုင်ပြည်သို့ ဤလမ်းများအတိုင်း ဝင်ရောက်ခဲ့ကြသည်။ မောရိယအင်ပါယာမှ ထေရဝါဒသာသနာသည်လည်း ဤလမ်းများအတိုင်း ဝင်ရောက်ခဲ့ပေမည်။

ဝေသာလီတွင်တွေ့ရသော ယဉ်ကျေးမှုအထောက်အထားများအရ အိန္ဒိယမြောက်ပိုင်းယဉ်ကျေးမှုရော၊ တောင်ပိုင်းယဉ်ကျေးမှုပါ တွေ့ရသည်။(ကိုး–၇။စာ–၁၈၄)။ သမိုင်းဦးခေတ်အတွင်း အိန္ဒိယမှကုန်သည်များ၊ စွန့်စားသွားလာသူများ ဘာသာရေးသမားများသည် ဗိဿနိုးသို့ မည်သို့ရောက်ရှိလာသည်ကို ခန့်မှန်းနိုင်သည်။ သရေခေတ္တရာ မတည်မီကာလနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ဆလုံမလေးအနွယ်ဝင်တို့ မကြီးစိုးမီကာလက အိန္ဒိယသားတို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာက ဖြစ်နိုင်သည်။ သို့မဟုတ် ရခိုင်ဘက်မှ ယခုငတိမ်ငဖဲလမ်းအတိုင်း မင်းဘူးလောက်မှတစ်ဆင့်လည်း ဝင်ရောက်နိုင်ကြသည်။(ကိုး–၄။စာ–၂၀၀)။ သရေခေတ္တရာခေတ်သို့ရောက်သောအခါ ပျူတို့သည် နဂါးရစ်အငူကျွန်းများ၊ ကျောက်ဆောင်များနှင့် အခြားအန္တရာယ်များကိုရှောင်၍၊ ရခိုင်မှတဆင့် စခန်းချ၍ အိန္ဒိယအရှေ့ဘက်ကမ်းဒေသများနှင့် ဆက်သွယ်ခဲ့ကြသည်ဟု ပါမောက္ခလုစ်ကဆိုသည်။(ကိုး–၇။စာ–၁၁၀)။

မဟာယနဂိုဏ်း ဗုဒ္ဓဘာသာသည် သရေခေတ္တရာတွင် ထေရဝါဒဂိုဏ်းနှင့်အတူ ပြိုင်၍ထွန်းကားခဲ့သည်။ သရေခေတ္တရာသို့ပျံ့နှံ့ခဲ့သော မဟာယနဂိုဏ်းသည် အိန္ဒိယမှတိုက်ရိုက်လာသည်ဟုလည်းတွေးတောနိုင်သည်။ သို့မဟုတ် ရခိုင်မှတစ်ဆင့်ရောက်ရှိသည်ဟု မှန်းဆရပါသည်။ မဟာယနဂိုဏ်းသည် အေဒီ၆ရာစုအတွင်းက ရခိုင်တိုင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို ကျောက်တော်မြို့ မဟာမုနိကုန်းပေါ်၌တွေ့ရှိသော ဘုရားလောင်း ဗောဓိသတ္တကျောက်ဆင်းတုက သက်သေထူပါသည်။(ကိုး–၅။စာ–၂၀၂)။ မဟာယနဗုဒ္ဓဘာသာသည် ရခိုင်မှ တစ်ဆင့် တောင်ကုတ်လမ်းကိုဖြတ်၍ သရေခေတ္တရာသို့ရောက်ရှိလာသည်ဟု ယူဆရပါသည်။ အလားတူပင် အရှေ့ဘင်္ဂလားနယ်မှ တန္တြရအယူဝါဒသည်လည်း တောင်ကုတ်လမ်းမှတစ်ဆင့် သရေခေတ္တရာသို့ရောက်လာသည်ဟု ယူဆရပါသည်။(ကိုး–၅။စာ–၂၀၃)။ ရခိုင်ပြည်သို့ နာဂါဂျူနိကွန်ဒါမှတစ်ခုတည်းသော ပါဠိဗုဒ္ဓဘာသာဂိုဏ်းဖြစ်သော မဟာဝိဟာရ ဝါသီဂိုဏ်းရောက်ခဲ့သည်။ သစ္စကပုရဗိုဇ်စာတမ်းနှင့် ဓညဝတီတောင်ပေါက်ကြီးကျောက်စာအထောက်အထားရှိသည်။ ယင်းအပြင် နာဂါဂျူနိကွန်ဒါတွင် မဟာဝိဟာရဝါသီဂိုဏ်းနှင့် ယှဉ်ပြိုင်ထွန်းကားခဲ့သော မဟိံသာသကဂိုဏ်းနှင့် အပရသေလိယဂိုဏ်တို့၏ မဟာသံဃိကဝါဒလည်း ရောက်ရှိခဲ့မည်။ သို့သော်ထေရဝါဒကို ကျော်လွန်နိုင်ခဲ့ဟန်မတူပေ။ ထို့ကြောင့်ရခိုင်ပြည်သို့ ပါဠိဗုဒ္ဓဘာသာကျမ်းများရောက်ရှိခဲ့သကဲ့သို့ မဟာဝတ္ထု၊ ဒိဗျာဝါဒါန၊ သဒ္ဓမ္မပုဏ္ဍရီက စသည့်မဟာယနကျမ်းများလည်း ရောက်ရှိခဲ့ပေမည်။ ရခိုင်ပြည်တွင် သက္ကတဘာသာစာပေများစွာ တွေ့ရှိရခြင်းကလည်း မဟာယနဗုဒ္ဓဘာသာထွန်းကားမှုရှိခဲ့ဖူးကြောင်း

သက်သေပြနေကြသည်။ ဤမဟာယနဗုဒ္ဓဘာသာသည် အိန္ဒိယမြောက်ပိုင်းနှင့် ဘင်္ဂလားနယ်မှ ကုန်းလမ်းဖြင့်လည်းကောင်း၊ ရေလမ်းဖြင့်လည်းကောင်းရောက်ရှိခဲ့သည်။

ရခိုင်ပြည်တွင် ဝေသာလီခေတ်ထွန်းကားချိန်၌ အရှေ့ဘင်္ဂလားနယ်တွင် သထဝီရဂိုဏ်းမှလည်း ကျောင်း ၃၀နှင့် သံဃာ ၂၀၀ရှိသည်ဟု ယူယင်ဆင်မှတ်တမ်းအရသိရသည်။ အိန္ဒိယအရှေ့ပိုင်းတစ်ခွင်၌ သထဝီရဂိုဏ်၊ မဟာသံဃိကဂိုဏ်၊ သဗ္ဗတ္တိဝါဒဂိုဏ်းများနှင့် သမ္မတိယဂိုဏ်းတို့အားကောင်းနေကြသည်။(ကိုး–၂၊စာ–၅၂)။ သမဋ္ဌတတွင် အိချင်သည် မဟာယနပညာပါရမီတာသုတ်ကို နေ့စဉ်ရွတ်ဆိုကြောင်း၊ ထိုဒေသတွင် ဗောဓိသတ္တ အဝလောကိတေသွာရကို ကိုးကွယ်ကြကြောင်းလုစ်ကဆိုသည်။ (ကိုး–၁၀၊ )။ အရှေ့ဘင်္ဂလားနှင့်ရခိုင်ပြည်သည် နယ်မြေချင်းထိစပ်နေသောကြောင့် မဟာယနဂိုဏ်းသာသနာရောက်ရှိခဲ့သည်။ ရခိုင်ပြည်တွင်တွေ့ရသော ဗောဓိသတ္တရုပ်တုများက တန္တရဗုဒ္ဓဘာသာရောက်ရှိခဲ့ဖူးသည်ဟု ဖော်ပြနေကြပေသည်။

ဝေသာလီခေတ် ဗုဒ္ဓအနုပညာလက်ရာများသည် နာဂါဂျူနိကွန်ဒါလက်ရာများနှင့် တူညီသည်လည်းရှိသကဲ့သို့ မြောက်ပိုင်း ဂုပ္ပတလက်ရာများနှင့် တူညီသည်လည်းရှိလေသည်။ ဂုပ္ပတအင်ပါယာအတွင်း ပါဝင်သော မဂဓတိုင်းမှာ မဟာယနဗုဒ္ဓဝါဒနှင့် တန္တရဗုဒ္ဓဝါဒသည် ရခိုင်ပြည်သို့ရောက်ရှိခဲ့ဖူးသည်။ ရခိုင်ပြည်ရောက် သက္ကတစာပေသည် သဗ္ဗတ္တိက ဗုဒ္ဓဝါဒနှင့်အတူရောက်ရှိလာခြင်းဖြစ်သည်။ ရခိုင်ပြည်တွင် အစောဆုံးသက္ကတစာပေအရေးအသားကို အေဒီ ၅–ရာစုက စတင်တွေ့ရှိရပေရာ သဗ္ဗတ္တိဝါဒသာသနာသည် ဂုပ္ပတအင်ပါယာမှ ပျံ့နှံ့ခဲ့ခြင်းဖြစ်ပေသည်။

မဟာသံဃိကဂိုဏ်းသည်လည်း အိန္ဒိယတစ်နိုင်ငံလုံးကို လွှမ်းမိုးခဲ့သည်။ (ကိုး–၆။စာ–၅၅) မဂဓတိုင်းနှင့် အမရဝတီဝန်းကျင်ဒေသတွင် မဟာသံဃိကဂိုဏ်းသည် ဘီစီ ၂၅ကပင် စတင်ခြေကုပ်ယူခဲ့သည်ထေရဝါဒဂိုဏ်း၏ မှဆင်းသက်လာသော ဗုဒ္ဓဝါဒီများစွာသည်မဟာသံဃိကဂိုဏ်းသို့ ကူးပြောင်းခဲ့ကြသည်။မဟာသံဃိကဂိုဏ်း၏ကျယ်ပြန့်တိုးတက်လာမှုကြောင့် မဟာယနဗုဒ္ဓဘာသာစြဖ်ပေါ်ခဲ့ရသည်။(ကိုး–၁၁။စာ–၁၆၂)။အိန္ဒိယနိုင်ငံ၏ အရှေ့ဖျားနယ်စပ်ဒေသ တိုင်းပြည်များတွင် ဤဂိုဏ်းများ၏ နိကာယကျမ်းများကို အပြိုင်အဆိုင်လိုက်နာကျင့်သုံးကြ၏။ ဟုအိချင်က မှတ်တမ်းတင်ခဲ့၏။ အေဒီ ၄ရာစုမှ ၈ရာစုအတွင်း မဂဓတိုင်းမှ အာရိယံများမွန်ဂိုလွိုက်များသည် ရခိုင်ပြည်သို့တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လျက်ရှိကြရာ မဟာယနဗုဒ္ဓသာသနာသည် ဝင်ရောက်လာသူများနှင့်အတူ ရခိုင်ပြည်နယ်သို့ ပျံ့နှံ့ခဲ့၏။ အိချင်ဖော်ပြသည့် အိန္ဒိယအရှေ့ဖျားနိုင်ငံများတွင် ရခိုင်ပြည်သည် အနီးကပ်ဆုံးပါဝင်နေပေရာ ရခိုင်ပြည်သို့ မဟာယနဗုဒ္ဓသာသနာနှင့်အတူ သက္ကတစာပေအရေးအသားလည်း ရောက်ရှိခဲ့သည်ကို တွေ့ရပေသည်။ မဟာသံဃိကဝါဒနှင့် သဗ္ဗတ္တိကဝါဒတို့သည် နောက်ပိုင်းတွင် တစ်ပေါင်းတစ်စည်းတည်းဖြစ်၍ မဟာယနဂိုဏ်းအဖြစ် ပြောင်းလဲတိုးတက်ခဲ့လေသည်။

မဟာယနဂိုဏ်း၏ဝိနယနှင့် အဘိဓမ္မာကျမ်းတို့သည် မြန်မာနိုင်ငံ၌ပျံ့နှံ့နေ၏။ ပုဂံ၊ ရခိုင်နှင့် ပဲခူးဒေသတို့တွင် မဟာယနဝါဒီများစွာရှိသည်။ သဗ္ဗတ္တိဝါဒဂိုဏ်း၏ထင်ရှားသောခေါင်းဆောင် ဝသုဗန္ဓု၏တပည့်များက မြန်မာနိုင်ငံတွင် မဟာယနဗုဒ္ဓဝါဒရောက်ရှိပျံ့နှံ့စေခဲ့သည်။ (ကိုး–၁၂။စာ–၇၇၊၇၈)။ ဝသုဗန္ဓုသည် အိန္ဒိယသာသနာ့သမိုင်းတွင် ယောဂါစာရဂိုဏ်းကို စတင်ထူထောင်သူဖြစ်၏။ ဤဂိုဏ်း၏ဝါဒမှာ ဝိဉာဏဝါဒဖြစ်၏။ ဌာန်စတင်ကလည်း အာနန္ဒစန္ဒြကျောက်စာဂါထာ အမှတ်(၄၀)နှင့် အခြားမဟာယနဆိုင်ရာအချက်အလက်များကို ကိုးကား၍ ရခိုင်တွင်ဝိဉာဏဝါဒဂိုဏ်းလွှမ်းမိုးခဲ့ကြောင်း ဤဂိုဏ်းသည်အရှေ့ဘင်္ဂလားမှ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းရေးသားခဲ့၏။

အရပ်ရပ်အထောက်အထားများအရ ရခိုင်ပြည်သို့ အိန္ဒိယမြောက်ပိုင်းမှ မဟာယနဗုဒ္ဓဘာသာသည် အေဒီ ၅ရာစုအတွင်းက စတင်ရောက်ရှိခဲ့သည်။ ရခိုင်ပြည်တွင် အစောဆုံးသက္ကတစာပေအရေးအသားမှာ အေဒီ ၄၁၅မှ ၄၅၅အတွင်း ဂုပ္ပတအင်ပါယာကို စိုးစံခဲ့သော ကုမာရဂုပ္ပတမင်းလက်ထက်ရေးထိုးခဲ့သည့် ကျောက်စာပါအက္ခရာနှင့်တူညီသော အက္ခရာဖြင့်ရေးထိုးခဲ့သည့် "ယက္ခသေနာပတိ"ကမ္ပည်းစာဖြစ်သည်။ ကုမာရဂုပ္ပမင်းသည် မဟာယန သာသနာဖြန့်ဖြူးရေးနာလန္ဒာတက္ကသိုလ်ကြီးကို တည်ထောင်ခဲ့၍ ပတ်ဝန်းကျင်နိုင်ငံများသို့ မဟာယနသာသနပြုများ စေလွှတ်သာသနာပြုစေခဲ့သည်။(ကိုး–၆။စာ–၁၂၉)။(ယင်းအပြင် ရခိုင်ပြည်ဝေသာလီခေတ်နှင့်

ခေတ်ပြိုင်ကာလတွင် မဟာယနဗုဒ္ဓသာသနာထွန်းကားနေသော အိန္ဒိယအရှေ့ဘက်မှ တာမြပတ္တန(ဝါ)တာမြလ္လိပိ(ဝါ)တန်လုတ်ပြည်နှင့် အဆက်အသွယ်ရှိခဲ့ပြီး ယင်းပြည်တွင်အုပ်စိုးနေသော မနောစိရမင်းက အာနန္ဒစန္ဒြမင်းအား သမီးကညာဆက်သသည်အထိ ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့သည်ကို ထောက်ရှုရပေမည်။ (တာမြပတ္တနပြည်ဟူသည်မှာ အာနန္ဒစန္ဒြကျောက်စာဂါထာအမှတ် ၆၂တွင် ဖော်ပြချက်ဖြစ်ပါသည်။ ၁၉၅၆–၅၇ မြန်မာနိုင်ငံရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏နှစ်ချုပ်အစီရင်ခံစာ စာမျက်နှာ ၁၉တွင် "တာမြပတ္တနပြည်သည် တမြလိပ္တိပြည်ဟုခေါ်ဆိုနိုင်ကြောင်း၊ စာတည်းပုဂ္ဂိုလ်၏မှတ်ချက်တွင် ပါရှိသည်။ တမြလိပ္တိကို ယခုတမ္လုက်ဟုရေးသားထားပါသည်။ ဒေါက်တာသန်းထွန်း၏ခေတ်ဟောင်း မြန်မာရာဇဝင်(၁၉၆၉)၊ စာမျက်နှာ ၇၅တွင်"တာမြပတ္တနဟူသည် တာမြလိပ္တိဖြစ်၍ ယခုတမ္လုက်ခေါ်၍ ဘင်္ဂလားနယ်မဒ္ဒါပုရ်ခရိုင်တွင် တည်ရှိသည်"ဟု ဖော်ပြထားသည်။ ၁၉၅၅ခု၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ထုတ်၊ အရှင်ဝိလာသ မြန်မာပြန်သော ဖာဟီယန်ခရီးစဉ် စာမျက်နှာ ၁၅၃တွင် "တမ္မလူပြည်"ဟု ဖော်ပြထားပြီး ပင်လယ်ဆိပ်ကမ်းရှိကြောင်း၊ ယင်းမြို့တွင် ရခိုင်တို့သီတင်းသုံးသော ကျောင်းကြီး၂၄ကျောင်းရှိကြောင်း၊ ရဟန်းတော် ဖာဟိယန်သည် ယင်းမြို့တွင် နှစ်နှစ်နေထိုင်၍ ပိဋကတ်တော်များရေးကူးခြင်း၊ ရုပ်ပွားပုံတော်များ ရေးကူးခြင်းပြုသည်ဟု ဖော်ပြပါသည်။ ရဟန်းတော်ဖာဟိယန်ယင်းပြည်သို့ရောက်သောနှစ်မှာ အေဒီ ၃၉၉နှင့် ၄၁၄အကြားကာလတွင်ဖြစ်သည်။ ဒေါက်တာဂျွန်စတင်ကလည်း တာမြပတ္တနသည် တာမြလိပ္တိဖြစ်စရာရှိသည်ဟု ဆိုခဲ့သည်။ ၁၉၄၆ခုနှစ် လန်ဒန်မြို့ထုတ်H.G.Raw Lingon ရေးသားသောA cancise History of the Indian People စာအုပ်စာမျက်နှာ ၆၃ပါ Gupta Empire, 400 ADပုံတွင်တာမြပတ္တနပြည်ကိုTAMRALIPTI (TAMLUK)ဟု ဂုပ္ပတအင်ပါယာအတွင်း၌ ဖော်ပြထားပါသည်။ စာမျက်နှာ၇၁ ဟာသအင်ပါယာကို (အေဒီ ၆၄၀)ဖော်ပြရာတွင်လည်း TAMRALIPTIဟုဖော်ပြထားပါသည်။ ၁၉၇၆ခုမေလ ရန်ကုန်ရွှေတိဂုံဘုရားတောင်ဘက်မုခ် ပိဋကတ်ရောင်ခြည်စာအုပ်ဆိုင်မှ ထုတ်ဝေသောကျီးသဲလေးထပ်ဆရာတော် မြန်မာပြန်သော မဟာဝင်ဝတ္ထု (ဇမ္ဗုဒီပစာတမ်း)၊ စာမျက်နှာ၂၁၅တွင်သီရိမေ္ဃာသောကမင်းကြီးသည်သီဟိုဠ်ကျွန်းသို့ပို့ဆောင်မည့်ဗောဓိပင်တင်ထားသောလှေပေါ်တွင်သဃ်မိတ္တာထေရီနှင့်အခြားရဟန်းမိန်းမတစ်ကျိပ်တစ်ယောက်ကိုတင်၍ ပါဋလိပုတ်ပြည်မှထွက်သော် ခုနစ်ရက်ဖြင့်ပင်လျှင် တာမလိတ္တိမည်သော သင်္ဘောဆိပ်သို့ရောက်၏ဟုဖော်ပြထားပါသည်။ ထိုသင်္ဘောဆိပ်သည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။)

ရခိုင်ပြည်၌တွေ့ရှိရသည့် မဟာယနဗုဒ္ဓဘာသာ၏ အများဆုံးအထောက်အထားများမှာ သက္ကတဘာသာဖြင့် ရေးထိုးထားသော ယေဓမ္မာဂါထာများဖြစ်ပေသည်။ သာသနာ့သမိုင်းတွင် ထေရဝါဒဂိုဏ်းသည် မည်သည့်အခါမျှ သက္ကတဘာသာကို အသုံးမပြုခဲ့ပေ။ ရခိုင်ပြည်တွင် သက္ကတဘာသာရေးကျောက်စာသည် ပါဠိဘာသာရေးကျောက်စာထက် ပိုမိုများပြားပါသည်။ ပင်မလာဂတ္တာမင်းသည် ရခိုင်ပြည်မှတွေ့ရသော သက္ကတဘာသာရေးယေဓမ္မာဂါထာများကို လေ့လာ၍ သက္ကတဗုဒ္ဓဘာသာတွင် ရှင်သာရိပုတြာအား အကျွတ်တရားရစေခဲ့သော ဤဂါထာကို တွေ့ရကြောင်း ပဋိစ္စသမုပ္ပါဒ်ဂါထာဟုလည်းခေါ်သော ဤဂါထာကို ဗောဓိသတ္တအဝလောကိတေသွာရတောင်းပန်၍ ဟောတော်မူသော အရိယပဋိစ္စသမုပ္ပါဒ်သုတ္တာတွင် ပါရှိကြောင်းဆိုပါသည်။ (ကိုး–၇။စာ–၇၆)။ ဤဂါထာသည် မဟာယနဗုဒ္ဓဘာသာ၌လည်း ရှိသည်ဟူသောအချက်ကိုပင် မလာဂတ္တာမင်းသည် အရမ်းကာရောမှန်းဆရေးသားခဲ့ခြင်းမဟုတ်ဘဲ ၁၉၆၀ ခုနှစ်တွင် ဒါဗန်ဂါမြို့တွင် P.L. VAIDYA တည်းဖြတ်ထုတ်ဝေခဲ့သော "အဿသဟသတိကပညာပါရမီတာ"ဘာသာပြန်ကျမ်း၊ ၁၉၆၃ခုနှစ်တွင် တိုကျိုမြို့၌ R.KONDOတည်းဖြတ်ထုတ်ဝေခဲ့သော"ဒဿဘူမိသွာရသုတ္တန်"ဘာသာပြန်ကျမ်း၊ ၁၉၄၉ခုနှစ်တွင် တိုကျိုမြို့၌SUZUKI နှင့် ZUMIတို့တည်းဖြတ်ထုတ်ဝေခဲ့သော"ကဏ္ဍဗျူဟ"ဘာသာပြန်ကျမ်း၊ ၁၉၁၂ခုနှစ်တွင် စိန့်ပီတာစဘတ်မြို့၌ H.KERNနှင့် B.NANJIOတို့တည်းဖြတ်ထုတ်ဝေခဲ့သော"သုခဝတီဗျူဟာ"ဘာသာပြန်ကျမ်း၊ ၁၉၅၆ခုနှစ်တွင် တိုကျိုမြို့၌ T.MATSUMOTO တည်းဖြတ်ထုတ်ဝေခဲ့သော "သုဝကြန္တဝိကြမ"ဘာသာပြန်ကျမ်း၊ ၁၈၉၇ခုနှစ်၌ပါရီမြို့တွင် E.SERNARTတည်းဖြတ်ထုတ်ဝေခဲ့သော "မဟာဝတ္ထု" ဘာသာပြန်ကျမ်းများကို ကိုးကား၍ရေးသားခဲ့ခြင်းဖြစ်ပေသည်။(ကိုး–၇၊စာ–၇၇)။

ယင်းအပြင် အဆိုပါသက္ကတစာပေများတွင် ပါလာသောဂါထာသည် ရခိုင်ပြည်သင်းကျစ်တော် တောင်ခါး

ပန်းမှရရှိသော ကျောက်စာပါ ယေဓမ္မာဂါထာနှင့် ထပ်တူညီသည်ဟုဆိုသည်။ (ကိုး–၇။စာ–၇၇)။ ထို့ပြင် သူသည် Sarskrit Inscriptions in Yunan ကျမ်းတွဲ(၁၂)မှ ယေဓမ္မာဂါထာတစ်ပုဒ်ကို ထုတ်နှုတ်ပြကာ(ကိုး–၇။စာ–၇၈)တွင် ယင်းဂါထာကိုရှုပါ။) ရခိုင်ပြည်တွင်တွေ့ရသော အဆိုပါသက္ကတဘာသာယေဓမ္မာဂါထာသည် အေဒီ ၇ရာစုနှင့် ၈ရာစုအတွင်းက ယူနန်ပြည်နယ်မှ ကျောက်ချပ်၊ စတူပါများတွင် တွေ့ရသည့်ဂါထာများနှင့် ဂါထာပုံစံနှင့် လက်ရေးလက်သားပါတူညီသဖြင့် ရခိုင်၊ ဘင်္ဂလား၊ အာသံ၊ ယူနန်နှင့် ပျူမြို့တော်များသည် ဗုဒ္ဓသာသနာပြုရဟန်းများ အပြန်အလှန်ကူးသန်းသွားလာမှုရှိခဲ့သည်ဆိုပါသည်။(ကိုး–၇။ စာ–၇၈)။

ဝေသာလီတွင်တွေ့ရသည့် နီတစန္ဒြမင်းမိဖုရား ကြေးနီပြားစာပါ ပထမစာကြောင်းနှစ်ကြောင်း၌ ရေးထိုးထားသော ယေဓမ္မာဂါထာမှာ မဟာယနဝိနယကျမ်းဖြစ်သော“မဟာဝတ္ထုအဓါဒါန”ကျမ်းလာ ဂါထာနှင့် တစ်ပုံစံတည်းဖြစ်သည်။ (ကိုး–၇။စာ–၈၄)။ ရခိုင်ပြည်တွင် မဟာဝတ္ထုကျမ်းလည်း တွင်ကျယ်ခဲ့မည်။ ဤကျမ်းလာ ဇာတကများမှ ဇာတ်ကွက်အချို့နှင့် စာစကားအချို့ကို ပုဂံခေတ်အစောပိုင်းရုပ်ကြွများ၊ ကျောက်စာများတွင် တွေ့ရသည်။(ကိုး–၂။စာ–၆၃)။ ပုဂံခေတ်တွင် တွင်ကျယ်နေခဲ့သည့် မဟာဝတ္ထုကျမ်းသည် ပျူတို့၏ သရေခေတ္တရာမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုပျူတို့၏ သရေခေတ္တရာသို့ ရခိုင်မှရောက်ရှိသွားခြင်းဖြစ်နိုင်သည်။ သာသနာ့သမိုင်းတွင် မဟာယနသာသနာထွန်းကားသောဒေသတိုင်းတွင် မဟာဝတ္ထုကျမ်းမလွှမ်းမိုးသော ဒေသဟုမရှိချေ။ ဒီ–စီဆားကားကလည်း နီတိစန္ဒြမင်းမိဖုရားကြေးနီပြား စာသည် အေဒီ၆–ရာစု ဓမ္မဒိတျနှင့် ဂေါပစန္ဒြတို့၏ခေတ်ကရေးထိုးခဲ့သော ကျောက်စာများ၏လက်ရေးလက်သားလွှမ်းမိုးမှုကို တွေ့ရကြောင်းဆိုပါသည်။

မဟာဝတ္ထုကျမ်းကို အခန်းသုံးခန်းခွဲ၍ရေးသားထားပါသည်။ ပထမအခန်းတွင် ဒီပင်္ကရာဘုရားသခင်လက်ထက်တော်၌ဖြစ်သော ဘုရားလောင်းဘဝနှင့် အစပြု၍ အခြားသောရှေးဗုဒ္ဓများ၏လက်ထက်တော်တွင် ဖြစ်ခဲ့သော ဘဝများကိုဖော်ပြထား၏။ ဒုတိယပိုင်းတွင် ဘုရားလောင်းသည် တုသိတာနတ်ပြည်တွင်ဖြစ်ပုံ၊ မာယာမိဖုရား၏ဝမ်းထဲတွင် နေရန်ဆုံးဖြတ်ပုံ၊ ပဋိသန္ဓေနေရာ၊ ဖွားတော်မူရာတို့၌ အံ့ဖွယ်အဖြစ်အပျက်များဖြစ်ပျက်ပုံ၊ တောထွက်တော်မူပုံ၊ မာရ်နတ်နှင့် စစ်ထိုးခန်း၊ ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရပုံတို့ကို ဖော်ပြသည်။ တတိယပိုင်းတွင် တရားဦးဟောတော်မူပုံ၊ သံဃာ့အဖွဲ့အစည်းများထူထောင်ပုံတို့ကို ဖော်ပြထားပါသည်။ ဤကျမ်းလာဇာတကများကို ဘာသာပြန်ထားခြင်းဖြစ်၏။ အချို့ဇာတကများသည် ပါဠိဇာတကနှင့် လုံးဝတူလုနီးပါးဖြစ်၍ အချို့မှာအနည်းငယ်ကွဲပြား၏။ ဥပမာ–မဟာဝတ္ထုကျမ်းလာ ဟာမကဇာတက၊ တေသကုဏဇာတကများမှာ ဤကျမ်းတွင် ပြုပြင်ပြောင်းလဲခံထားရ၏။

<u>ရခိုင်ဝေသာလီမှ ဒေဝစန္ဒြမင်းသည် မဟာယနဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူဖြစ်ပြီး မဟာယနဗုဒ္ဓဘာသာမှ ဗုဒ္ဓအမိတာဘ၏ သုခဝတီအနောက်နိဗ္ဗာန်ပြည်ကိုလည်း ယုံကြည်သူဖြစ်၏။</u> (ကိုး–၇။စာ–၁၈၄)။ အေဒီ ၆၃၈ခန့်မှစ၍ နာလန္ဒာနှင့် မဟာမုနိသည် ဗုဒ္ဓသာသနာ၏ဗဟိုဌာနများဖြစ်ခဲ့ကြ၍ ပါလအင်ပါယာ၏ မဟာယနဗုဒ္ဓဘာသာအနုပညာအမွေကို ဆက်ခံကြောင်းတွေ့ရ၏။ (ကိုး–၇၊ စာ–၁၈၆)။ ဗုဒ္ဓအမိတာဘ၏ သုခဝတီနိဗ္ဗာန်ပြည်အကြောင်း ရေးသားထားသောကျမ်းမှာ သုခဝတီကျမ်းဖြစ်၏။ သက္ကတဘာသာဖြင့် ရေးသားထား၏။ ဤကျမ်းတွင် ဗုဒ္ဓနှင့် အရှင်အာနန္ဒာစကားပြောခန်း၌ အတိတ်ကပွင့်တော်မူခဲ့ကြသည့် ဗုဒ္ဓပေါင်း ၈၁ဆူကို ဖော်ပြထား၏။ ထိုဗုဒ္ဓများအနက် နောက်ဆုံးဖြစ်သော ဗုဒ္ဓလောကိဿရရာဇသည် ရဟန်းတော်ဓမ္မကရအား ဗုဒ္ဓအမိတာဘ၏ သုခဝတီရွှေပြည်တော်ကြီးသို့ ရောက်နိုင်သည့် ပါရမီတော်များနှင့် ပတ်သက်၍ လိုက်နာကျင့်ကြံဆည်းပူးရမည့်နည်းလမ်းများကို ညွှန်ပြထား၏။ ဗုဒ္ဓအမိတာဘ၏ သုခဝတီရွှေပြည်တော်ကြီးတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍မရှိ။ ဤရွှေပြည်တော်ကြီးသည်ကားမပြတ်မွှေးကြိုင်သောရနံ့တို့ဖြင့်လှိုင်၏။ အရောင်မျိုးစုံဖြာဝေနေသော သစ်ပင်တို့ဖြင့် အံ့သြဖွယ်လှပလန်းဆန်းနေ၏။ ကြာပန်းများဖြင့်လည်း ဝေဆာနေ၏။ လှပတင့်တယ်သောမြစ်များတွင် ကြည်လင်ချိုအေးသောရေတို့သည် တသွင်သွင်စီးဆင်းနေ၏။ ယင်းရေစီးသံများသည် သာယာနာပျော်ဖွယ်သော ဂီတသံစဉ်များပင် ဖြစ်နေပေတော့သည်။ ရှေးကတစ်ခုသောဘဝတွင် ဆုတောင်းဆုယူပြုခဲ့၍ မရေမတွက်နိုင်သော အသင်္ချေယကပ်ပတ်လုံး ဗောဓိသတ္တ၏ကျင့်ဝတ်များကို တသွေ

မတိမ်းလိုက်နာဆည်းပူးခဲ့သဖြင့် သုခဝတီရွှေပြည်တော်၏ အနောက်ဘက်မျက်နှာတွင် ပွင့်ထွန်းပေါ်ပေါက်လာရသူသည် ကိုယ်တော်မှ ရောင်ခြည်တော်သည် အတိုင်းအဆမရှိ ပျံ့နှံ့ရောက်ရှိ၍ ရှည်တော်မူသောကြောင့် အမိတာယုဟူသောအမည်ကို ရတော်မူလေသည်။

ရခိုင်ပြည်၌တွေ့ရသော သရဖူဆောင်းဆင်းတုတော်များမှာ အရှေ့တောင်အာရှတွင် အစောဆုံးသွန်းလုပ်သော ဆင်းတုတော်များဖြစ်ပြီး ပါလခေတ်၏လွှမ်းမိုးမှုကိုတွေ့ရပါသည်။ (ကိုး−၇။စာ−၁၈၇)။ ရခိုင်ပြည်တွင် တွေ့ရသော ဝေသာလီခေတ်ဆင်းတုတော်များအနက် မကိုဋ်သရဖူဆောင်းဆင်းတုတော်များမှာ ခေတ်ဦးမဟာယနဗုဒ္ဓဘာသာမှ အမိတာဘဗုဒ္ဓ၏ဆင်းတုတော်များ ဖြစ်စရာရှိပါသည်။ ပခုံးတော်ပေါ်တွင် မီးလျှံကဲ့သို့ ရောင်ခြည်တော်များကွန့်မြူး၍ လည်ရွဲ၊ ဘယက်၊လက်ကောက်၊ မကိုဋ်၊လက်ကျပ်၊လက်စွပ်များဆင်ယင်မှုများသည် ထေရဝါဒ ပဋိကတ်တော်များနှင့် အဋ္ဌကထာကျမ်းများတွင် လုံးဝမပါရှိပေ။ ဤဆင်းတုတော်များသည် ဗုဒ္ဓအမိတာဘ ဆင်းတုတော်များဖြစ်ဟန်ရှိပြီး ဤဆင်းတုတော်များသည် တရုတ်နှင့် တိဘက်ပြည်များတွင် သွန်းလုပ်ခဲ့သည့် အမိတာဘ၊ အမိတာယုဆင်းတုတော်များနှင့် လက္ခဏာချင်းတူညီသည်ဟုပင် မလဂတ္တမင်းကဆိုပါသည်။ သူကဆက်၍ ရခိုင်ပြည်မှ သရဖူဆောင်းထားသော ဆင်းတုတော်များမှာ မဟာယန သဒ္ဓရ်မပုဏ္ဍရိက ကျမ်းလာပုံများအတိုင်းပင်ဖြစ်ကြောင်း၊ ဤဆင်းတုတော်များမှာ မဟာယနဗုဒ္ဓဘာသာမှ ဗုဒ္ဓ၏ကာယသုံးပါး(တြိကာယ)အနက်မှ ကောင်းကင်ဘုံတွင်စံမြန်းနေသည့် သံဘောဂကာယကို ကိုယ်စားပြုထုလုပ်ထားခြင်းဖြစ်ကြောင်းဆိုပါသည်။ (ကိုး−၇။စာ−၂၄၈)။ ယင်းဆင်းတုတော်များတွင် ခန္ဓာကိုယ်ပေါ်၌ ဆင်မြန်းထားသောရတနာများ စီခြယ်ပုံ၊ မကိုဋ်သရဖူပုံတော်။ အဝတ်တန်ဆာဆင်ယင်ပုံများနှင့် ထပ်တူညီသော ပြဆိုချက်များကို ယခုအခါ ကင်းဗရစ်တက္ကသိုလ်စာကြည့်တိုက်အတွင်းရှိ အဋ္ဌဟသတိကာ ပညာပါရမီတာကျမ်းစာမူတွင် တွေ့ရသည်။(ကိုး−၇။စာ−၂၄၉)။

စစ်တကောင်း၊ အာသံ၊ ရခိုင်ပြည်နှင့် မြန်မာပြည်အောက်ပိုင်းဒေသများတွင် အာသောကလက်ထက်မှပင် ထေရဝါဒသာသနာထွန်းကားခဲ့ပြီး ဝသုဗန္ဓု၏တပည့်များရောက်ရှိပြီးနောက် မဟာယနဗုဒ္ဓသာသနာလွှမ်းမိုးခဲ၏။ ဓမ္မပါလ၏ခေတ်မှစ၍ မဟာယနဝါဒီများစွာရှိခဲ့၏။ အထူးသဖြင့် သေနမင်းလေးဆက်ခန့်အတွင်း၌ မာဂဓတွင်ရောက်ရှိနေသော သာသနာ့ဝန်ထမ်းများ၏ထက်ဝက်ခန့်မှာ ဤတိုင်းပြည်များမှဖြစ်ပေသည်။ အစတွင် ထေရဝါဒနှင့် မဟာယနယှဉ်၍ ထွန်းကားနေခဲ့သော်လည်း အဘယကာယ၏ လက်ထက်မှစ၍ မဟာယနကပို၍ အားကောင်းလာခဲ့၏။ မဂဓတိုင်းအား တုရုရှကမင်းသိမ်းပိုက်ချိန်မှစ၍ မဇ္ဈိမဒေသမှပညာရှင်အများအပြားသည် ဤဒေသများသို့ရောက်ရှိခဲ့ပြီးနောက် မဟာယနဝါဒကပိုမိုထွန်းကားခဲ့လေသည်။(ကိုး−၁၂။စာ−၇၈)။ ပါမောက္ခနန်ဂိုက စစ်တကောင်းဒေသသည် မဟာယနဗုဒ္ဓဘာသာ၏အချက်အချာဖြစ်ခဲ့ဖူးကြောင်း၊ ဒေါက်တာအန်ကေကလည်း ပါလမင်းများအားပြုအားမြှောက်ပေးခဲ့သည့် မဟာယနဗုဒ္ဓဘာသာသည် ပါလမင်းတို့ တန်ခိုးထွားချိန်၌ စစ်တကောင်းဒေသတွင် ထွန်းကားခဲ့ကြောင်း၊ စစ်တကောင်းဒေသအား လက်အောက်ခံအဖြစ်သိမ်းသွင်းခဲ့သော ရခိုင်ပြည်စန္ဒြမင်းများသည်လည်း မဟာယနဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း(ကိုး−၁၃။စာ−၈၅)ဆိုပေသည်။

အရပ်ရပ်အထောက်အထားများအရ အေဒီ၅−ရာစုမှ အေဒီ၈−ရာစုအတွင်း၌ ဝေသာလီခေတ်တွင် ရခိုင်ပြည်၌ ထေရဝါဒနှင့်ယှဉ်၍ ခေတ်ဦးမဟာယနဂိုဏ်းများဖြစ်သော သဗ္ဗဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းများရောက်ရှိထွန်းကားခဲ့သည်ကို တွေ့ရပေသည်။ ခေတ်ဦး မဟာယန၏ ဗုဒ္ဓအမိတာဘ ကိုးကွယ်မှုနှင့် ဗောဓိသတ္တအဝလောကိတေသွာရ ယုံကြည်မှုရှိခဲ့သည်ကို တွေ့ရပေသည်။ ယခုအခါ တန်ဖိုးအရှိဆုံး ရခိုင်သမိုင်းကျမ်းစာတစ်စောင်ဖြစ်သော အာနန္ဒစန္ဒြကျောက်စာကို ပါဠိဘာသာဖြင့်မဟုတ်မမူဘဲ သက္ကတဘာသာကို ရွေးချယ်၍ ရေးထိုး ခဲ့သည်ကို ထောက်ရှုလျှင် အေဒီ ၅ရာစုကပင် စတင်ရောက်ရှိခဲ့သည့် မဟာယန ဗုဒ္ဓဘာသာသည် ရခိုင်ပြည်တွင် မည်သည့်အခြေအနေထိ ဩဇာညောင်းခဲ့သည်ကို ခန့်မှန်းနိုင်ပါသည်။ သို့သော်လည်း အာနန္ဒစန္ဒြမင်းသည် သီဟိုဠ်မှ ထေရဝါဒသံဃာတော်များအတွက် ပိုးသင်္ကန်းနှင့် တရားဟောပလ္လင်းတော်တို့ ပေးပို့လှူဒါန်းသည်ကို ထောက်ခြင်းဖြင့် ထေရဝါဒသာသနာတော်သည် ရခိုင်ပြည်မှ လုံးဝပျောက်ကွယ်သွားခြင်း

မရှိခဲ့သည်ကိုတွေ့မြင် ရပေသည်။

**ကိုးကားသောစာအုပ်စာတမ်းများ**


(၁) ဦးသိန်းလှိုင် အရှေ့တောင်အာရှသို့ အိန္ဒိယယဉ်ကျေးမှုပျံ့နှံ့ဝင်ရောက်ခြင်း၊တပစ၊တွဲ(၇) ပိုင်း(၁)

(၂) ငြိမ်းကျော် ငွေတောင်

(၃) မောင်ပြုံး ရခိုင်ပြည်ဗုဒ္ဓသာသနာ့သမိုင်းဦး(၁၉၈၂–၈၃၊ စစ်တွေကောလိပ်မဂ္ဂဇင်း

(၄) ဦးဘရှင် ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်၊တပစ၊ တွဲ(၁)၊ ပိုင်း(၃)

(၅) စိန်မောင်ဦး သရေခေတ္တရာမြို့ဟောင်း တပစ၊တွဲ(၃)၊ ပိုင်း(၁)။

(၆) မောင်အုံ့ သာသနာ ၂၅၀၀ခရီး(ပ–တွဲ)

(၇) P.Gutman Ancient Arakan . (Ph.D Thesis. Australian University)

(၈) Forchammar Arakan

(၉) M. Collis THE LAND OF THE GREATIMAGE

(၁၀) G.H.Luce COUNTRIES NEIGH-BOURING BURMA. BRSFAP(2) 1960.

(၁၁) E.Conze BUDDHISM ITS ESSENCE AND DEVELOPMENT.

(၁၂) N.RAY SANSKRIT BUDDHISM IN BURMA (1936)

(၁၃) S.B. Qanungo A History of Chittagong(1988)

(၁၄) San ThaAung The Buddhist Art of Ancient Arakan.

# ရခိုင်ပြည်သို့ ပါဠိ နန့် သက္ကတ အရီးအသား စတင်ရောက်ဟိခြင်း

ရခိုင်ပြည်မှာ ဝေသာလီခေတ်စွာ အေဒီ–၃၇၀ကနီပြီး အေဒီ ၉၉၄ထိ ထွန်းကားခရေခေတ် ဖြစ်ပါရေ။ (ကိုး–၇။စာ–၁၀၉)။ အေဒီ–၃၇၀မှာ ဒွင်စန္ဒြမင်းကြီးတည်ထောင်ခရေ ဝေသာလီမြို့တော်ကို အေဒီ–၆၀၀မှာ ပူရေပူရက မဟာဝီရကလာတိုက်ပြီး အုပ်စိုးခပါရေ။ ဝေသာလီထီးနန်းမှာ မဟာဝီရမျိုးရိုးက နှစ်ပေါင်း ၅၀ လောက် စိုးစံခပြီးမှ စန္ဒြမျိုးရိုးပြန်လို့ စိုးစံစွာ အေဒီ–၇၂၉–ခုအထိ ဖြစ်ပါရေ။ ယင်းနောက်ပိုင်းမှာ ဝေသာလီ ပြည်ကြီး မငြိမ်မသက်ဖြစ်ပြီး နှစ်ပေါင်း ၆၀လောက် မင်းဆက်ပြတ်နီခရေလို့ မှန်းဆရပါရေ။ အေဒီ–၇၀၀ခုနှစ်ကို ရောက်မှ မဟာတိုင်းစန္ဒြမင်းစွာ ဝေသာလီမြို့ကို ပြန်လို့တည်ထောင်ပနာအုပ်စိုးခပါရေ။(ကိုး–၈။စာ–၅)။ ယင်းမင်းဆက်က နောက်ဆုံးမင်းဖြစ်တေ စူလတိုင်းစန္ဒြမင်းစွာ အေဒီ–၉၅၇ခုမှာ နတ်ရွာစံပါရေ(ကိုး–၁။စာ–၂၇)။ ယေပြီးကေ အမြတူနန့်ပဲဖြူလို့ခေါ်ရေမင်းနှစ်ပါး ဝေသာလီနန်းကို ၃၇နှစ်အုပ်စိုးပြီးကေ ဝေသာလီမင်းဆက်ရေ အေဒီ ၉၉၄ ခုနှစ်မှာ ပျက်စီးလားခပါရေ။ မွန်ဂိုလီယံတိဝင်တိုက်တေအတွက် ပျက်စီးရရေလို့ ဆိုကတ်ပါရေ။

ဝေသာလီခေတ်လို့ ပညာသျှင်သုတေသီတိ သတ်မှတ်ထားရေ ကာလမှာ ကျွန်တော်ရို့ရခိုင်ပြည်မှာ ရီးထိုးခရေ၊ ရီးသားခကတ်တေ ဗုဒ္ဓသာသနာနန့် ပတ်သက်တေ စာပီတိကို လေ့လာကြည့်ရေအခါ စာပီအများစုစွာ သက္ကတဘာသာစာပီနန့် ပါဠိဘာသာစာပီတိ ဖြစ်နီစွာကို တွိရပါရေ။ အက္ခရာအနီနန့်ဆိုကေ ဂုပ္ပတပွား ဝေသာလီ အက္ခရာ၊ ပျူအက္ခရာနန့်ယသောဓာမအက္ခရာလို့ ဆိုနိုင်ပါဖို့။ ဝေသာလီခေတ်အတွင်းက ရီးသားစခကတ်တေ ကျောက်စာ၊ ကြေးနီပြားစာအစဟိရေ စာတိအနက်က ထင်ရှားရေ(သို့မဟုတ်)ဖတ်လို့ရနိုင်ရေ စာပီစုစာရင်းကို လက်လှမ်းမီသလောက် ဖော်ပြလိုပါရေ။

(၁) မဟာမုနိကုန်းက ရဟိရေ ကျောက်ပြားက ကျောက်ရုပ်အောက်မှာ အေဒီ–၅ရာစုက ဝေသာလီအက္ခရာနန့် ရီးထိုးခရေ ယက္ခသေနာပတိသက္ကတကျောက်စာ။

(၂) အေဒီ–၆ရာစုနှောင်းပိုင်းက ပျူအက္ခရာနန့်ရီးထိုးခရေ သျှင်ငယ်တက်တောင်သူရိယ ရုပ်တုမှာ ရီးထိုးခရေစာ။

(၃) အေဒီ–၆ရာစု အစပိုင်းက ဝေသာလီအက္ခရာ၊ သက္ကတဘာသာနန့်ရီးထိုးခရေ ကျောက်တော်က ယေဓမ္မါဂါထာကျောက်စာ။

(၄) အေဒီ–၆ရာစုအစပိုင်းက ဝေသာလီအက္ခရာ၊ သက္ကတဘာသာနန့်ရီးထိုးခရေ သေလာဂီရိတောင်က ယေဓမ္မာဂါထာကျောက်စာ။

(၅) အေဒီ –၆ရာစုက ဝေသာလီအက္ခရာ၊ သက္ကတဘာသာနန့်ရီးထိုးခရေ သင်းကျစ်တော်တောင်က ယေဓမ္မာဂါထာကျောက်စာ။

(၆) အေဒီ–၆ရာုစုက ဝေသာလီအက္ခရာ၊ သက္ကတဘာသာနန့်ရီးထိုးခရေ မီးဝရွာက ယေဓမ္မာဂါထာ စတူပါစာ။

(၇) အေဒီ–၅၅၀ လောက်က ဝေသာလီအက္ခရာ၊ ပါဠိသက္ကတရောပနာ ရီးထိုးခရေ ယေဓမ္မာဂါထာနန့် စေတီ အလှူမှတ်တမ်းပါဟိရေ နီတိစန္ဒြမင်းမိဖုရားကျောက်စာ။

(၈) အေဒီ–၅၇၆က ဝေသာလီအက္ခရာ ပါဠိသက္ကတရောပနာ ရီးထိုးခရေ စေတီ ၁၀၀၀အလှူမှတ်တမ်းတင် ထားခစွာပါဟိရေ ဝီရစန္ဒြမင်းကျောက်စာ။

(၉) အေဒီ–၆ရာစုအစောပိုင်းက ဝေသာလီအက္ခရာ၊ ပါဠိဘာသာယေဓမ္မဂါထာပါ ဝေသာလီဘုရားကြီး ကျောက်စာ။

(၁၀) အေဒီ–၆ရာစုစောစောပိုင်းက ဝေသာလီအက္ခရာသက္ကတဘာသာနန့် ရီးထိုးခရေ ယေဓမ္မာဂါထာ ပါတေဇာရာမစတူပါကျောက်စာ။

(၁၁) အေဒီ–၆၅၀နန့် ၆၇၅အတွင်းက ဝေသာလီအက္ခရာ သက္ကတဘာသာနန့်ရီးထိုးခရေ ယေဓမ္မာဂါထာပါ သင်းကျစ်တော်တောင်ကျောက်စာ။
(၁၂) အေဒီ–၆ရာစုအတွင်းက ဝေသာလီအက္ခရာ ပါဠိသက္ကတဘာသာနန့်ရီးထိုးခရေ ယေဓမ္မဂါထာပါ သင်းကျစ်တော်တောင်ကျောက်စာ။
(၁၃) အေဒီ–၆ရာစုအတွင်းက ဝေသာလီအက္ခရာ သက္ကတဘာသာနန့် ရီးထိုးခရေ ယေဓမ္မာဂါထာပါ လက်ခတ်တောင်ကရရေကျောက်စာ။
(၁၄) အေဒီ–၆၂၅နန့်၆၅၀အတွင်းက ဝေသာလီအက္ခရာသက္ကတဘာသာနန့် ရီးထိုးခရေယေ ဓမ္မာဂါထာပါ ကျောက်ဖြူမြို့က ကျောက်စာ။
(၁၅) အေဒီ–၆ရာစုနှောင်းပိုင်းက ဝေသာလီအက္ခရာ၊ ပါဠိသက္ကတရောပနာ ရီးထိုးခရေ ယေဓမ္မာဂါထာနန့် အလှူဒါနပြုကြောင်း မှတ်တမ်းတင်ထားခရေ၊ သံတွဲခရိုင်၊ လမူးချောင်းကျောက်စာ။
(၁၆) အေဒီ–၆ရာစုနှောင်းပိုင်းက ဝေသာလီအက္ခရာ၊ပါဠိဘာသာနန့်ရီးထိုးခရေ၊ ယေဓမ္မာဂါထာပါ သံတွဲခရိုင်လွှမ်းမော်ကျောက်စာ။
(၁၇) အေဒီ–၆ရာစုအတွင်းက ဝေသာလီအက္ခရာ သက္ကတဘာသာနန့်ရီးထိုးခရေ၊ ခေါင်းလောင်းလှူရေ မှတ်တမ်းတိပါရေ၊ ပေါက်တောပြင် ခေါင်းလောင်းစာ။
(၁၈) အေဒီ–၅၂၀ လောက်က ဝေသာလီအက္ခရာသက္ကတဘာသာနန့် ရီးထိုးခရေ ခေါင်းလောင်းလှူရေ မှတ်တမ်းပါဟိရေ မြေတောင်ခေါင်းလောင်းစာ။
(၁၉) အေဒီ–၇ရာစုအတွင်းက ဝေသာလီအက္ခရာ၊ ပါဠိသက္ကတရောပနာ ရီးထိုးခရေ သင်းကျစ်တော်တောင် ကရရေကျောက်စာအကျိုးပိုင်းတိ။
(၂၀) အေဒီ–၅၀၇ က ဝေသာလီအက္ခရာ သက္ကတဘာသာနန့် ရီးထိုးခရေမြေလှူမှတ်တမ်း၊ ကြီးနီပြားစာ။
(၂၁) အေဒီ–၇ရာစုနှောင်းပိုင်းက ဝေသာလီအက္ခရာ၊ သက္ကတဘာသာနန့် စေတီတည်ကြောင်းရီးထိုးခရေ ဝေသာလီ စေတီပျက်ကရဟိရေကျောက်စာ။
(၂၂) အေဒီ–၆ရာစုအတွင်းက ဗုဒ္ဓဆင်းတုတော်သွန်းလုပ်လှူဒါန်းခြင်းအကြောင်း ပျူအက္ခရာ၊ ပျူဘာသာ နန့် ရီးထိုးခရေ သံတွဲခရိုင် တုန်းတောရွာက ပျူကျောက်စာ။
(၂၃) အေဒီ–၆ရာစုအတွင်းက ပျူအက္ခရာ၊ ပါဠိဘာသာနန့် မဟာသီဟနာဒသုတ်လာ ဗုဒ္ဓ၏ရဲရင့်ခြင်း လေးပါးကို ရီးထိုးခရေ ဝန္တိတောင်ကကျောက်စာ။
(၂၄) အေဒီ–၆ရာစုအတွင်းက ဝေသာလီအက္ခရာ၊ သက္ကတဘာသာနန့် ရှီးထိုးခရေ၊ ယေဓမ္မဂါထာနန့် ဆင်းတုတော်လှူခြင်း မှတ်တမ်းတင်ထားရေ ဝေသာလီရုပ်ပွားတော်ကစာ။

(အေ–ကျောက်စာ၊ ကြီးနီပြားစာ၊ ခေါင်းလောင်းစာရို့ကို ဤစာအုပ်က ထုတ်နှုတ်ဖော်ပြစွာ ဖြစ်ပါရေ)

ယင်းစာပီစာရင်းစွာ ဝေသာလီခေတ်က ရခိုင်ပြည်မှာ ရီးထိုးခရေ စာပီစာရင်းအပြည့်အစုံမဟုတ်ပါ။ အထင် အယှားဖတ်လို့ရရေလို့ ယူဆရရေ စာပီစာရင်းကိုဖော်ပြစွာပါ။ အရာလေး၊ ရခိုင်ပြည်မြောက်ပိုင်းက ဆင်းတုတော် လှူကြောင်းကို ရီးထားရေလို့ မှန်းဆရရေကျောက်စာ၊ သံတွဲပြည့်ဝရွာက ယေဓမ္မာဂါထာထိုး သက္ကတကျောက်စာ စသည်ဖြင့် ကျန်ဟိပါသိယင့်။ အာနန္ဒစန္ဒြကျောက်စာကိုလေ့ အနီရာမှာချန်ထားခပါရေ။

ယင်းစာပီစာရင်းကို လေ့လာကြည့်က ဓညဝတီခေတ်နန့် ဝေသာလီခေတ်မှာ တွိရရေစာပီတိအနက်က "သစ္စကပုရဖိုဇ်"နန့် "ဓညဝတီတောင်ပေါက်ကြီးကျောက်စာ" ရို့ကို ထည့်သွင်းပြီးကေ ရီတွက်ပါမှ ပါဠိဘာသာ သက်သက်နန့်ရှီးထိုးခစွာ ၅ခု။ အက္ခရာအားခြင့် ဗြဟ္မီအက္ခရာ ၂ခု။ ပျူအက္ခရာ ၂ခု။ ဝေသာလီအက္ခရာ ၂၁ခုကို အကြမ်းအားဖြင့် တွိရပါရေ။

တွိရရေ အထောက်အထားတိအရဆိုကေ ဝေသာလီခေတ်က ရခိုင်ပြည်မှာ သက္ကတစာပီစွာ ပါဠိစာပီထက် ပိုလို့တွင်ကျယ်ခရေဆိုစွာ ငြင်းလို့မရပါ။ ပါဠိဘာသာနန့် သက္ကတဘာသာစွာ ဝေသာလီခေတ်မှာ အတူယှဉ်တွဲ

လို့ ထွန်းကားခစွာမှာ သက္ကတစာပီကို ပိုပြီး လူကြိုက်များခရေလို့ ဆိုနိုင်ပါဖို့။

ယေကေလေ့ ကျွန်တော်ရို့ လက်မှန်းမီသလောက် နောက်ကြောင်းပြန်လို့ လိုက်ကြည့်ရေခါ ရခိုင်ပြည်ကို ပါဠိဘာသာနန့် သက္ကတဘာသာရောက်ဟိပြန့်နှံ့လာရေအချိန်စွာ တစ်ချိန်တည်းမှာ အတူတူရောက်လာခစွာ မဟုတ်စွာကို တွိရပါရေ။ ရခိုင်ပြည်မှာအစောဆုံးတွိရရေ ပါဠိစာပီအရီးအသားကတော့ "သစ္စကပုရဗိုဇ်" ကမ္ပည်း စာဖြစ်ပါရေ။ ရီးထားရေအက္ခရာက အသောကဗြဟ္မီအက္ခရာပါ။

ဗြဟ္မီအက္ခရာကို အိန္ဒိယနိုင်ငံမှာအေဒီ–၂ရာစုထိမူရင်းအတိုင်း မပြောင်းမလဲသုံးစွဲခပါရေ(ကိုး–၁၊စာ–၁၆)။ အာနန္ဒစန္ဒြကျောက်စာအရ ဓညဝတီခေတ်ရေ အေဒီ –၃၇ဝမှာ ကုန်ဆုံးရေလို့ယူဆရပါရေ။ ယေဇုနန့် ဗြဟ္မီ အက္ခရာအရီးအသားရေ အေဒီ–၃၇ဝမတိုင်မီကပင် ဆိုက်ရောက်ခဖို့လို့ တွက်နိုင်ပါရေ။ အိန္ဒိယမှာအေဒီ–၂ရာစု ထိ သုံးစွဲခရေဆိုကေ ရခိုင်ပြည်ဆိုစွာ အသောကအင်ပါယာနန့် နယ်မြီချင်းထိစပ်နီရေအတွက် နှစ်ပေါင်း ၁၀၀ အတွင်းရောက်ဟိလာနိုင်ရေးအတွက် ယင်းစာတိစွာ ဓညဝတီခေတ်က စာပီအရီးအသားဖြစ်တေလို့ အတိအကျ ဆိုနိုင်ပါရေ။ ယေကေလေးအေ ပါဠိစာပီအရီးအသားတိစွာ ရခိုင်ပြည်မှာ အေဒီ–၂၅ဝထက်ပိုပြီး ရှီးကျရေလို့ ယူဆဖို့စွာ အခက်အခဲဟိနီပါရေ။ ရခိုင်ပြည်မှာ တွိရရေအရီးအသားစွာ ဗိဿနိုးမြို့ဟောင်းက တွိရရေတံဆိပ်တုံး တစ်ခုမှာ ရီးထိုးခရေ"သံဃသိရီ"ဗြဟ္မီအက္ခရာ၊ ပါဠိအရီးအသားနန့် တစ်ခေတ်တည်းဖြစ်ဖို့ဟိပါရေ။

ပျူတိစွာ အိန္ဒိယအရှိဖက်ကမ်းဒေသတိနန့်ဖြစ်ဖြစ်၊ တာမြလိပိနန့်ဖြစ်စီ ဆက်သွယ်ခစွာမှာ ရခိုင်ကမ်းခြီ ဆိပ်ကမ်းတစ်ခုက စခန်းချပြီး ဆက်သွယ်ခကတ်ပါရေ။ (ကိုး–၉၊စာ–၁၈)။ အိန္ဒိယသားတိလေး ပျူမြို့တော်တိ ကို တောင်ကုတ်လမ်းကတစ်ဆင့် ရခိုင်ပြည်မြောက်ပိုင်းနန့် ဆက်သွယ်ခကတ်ပါရေ။ (ကိုး–၉၊ စာ–၁၂၂)။ ယင်းပိုင်မဟုတ်ကေလေး အိန္ဒိယသားတိစွာ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာနိုင်ပါရေ။ ယင်းပိုင် မဟုတ်ကေ အခုပတိမ်းငဖဲလမ်းအတိုင်း မင်းဘူးလောက်က ရခိုင်ဘက်တို့ ဝင်ရောက်လာနိုင်ကတ်ပါရေ။ (ကိုး–၃၊စာ–၂၀၀)။ ရခိုင်ဒေသနန့် အိန္ဒိယအရှိဖက်ကမ်းဒေသတိစွာ နီမြီနီးစပ်တေအတွက် ဇာအချိန်ကပင်စပြီး ဆက်သွယ်ခရေဆိုစွာကို တိတိကျကျမပြောနိုင်ကေလေ့ ခရစ်နှစ်တိအစပိုင်းမှာတော့ခါ ဆက်သွယ်မှုတိတွင်ကျယ် နီဗျာယ်ဖြစ်ပါရေ(ကိုး–၉၊ စာ–၇)။ အေဒီ–၁ရာစုတစ်ဝက်လောက်က ပယ်ရီပလပ်စ်၏မှတ်တမ်းအရဆိုကေ အိန္ဒိယတောင်ပိုင်းမှာ ရွှေကျွန်း၊ ငွေကျွန်း၊ ဂင်္ဂါကျွန်းနန့် ပတ်ဝန်းကျင်တိကို ကူးသန်းလားလာနီရေ ကလန်ဒီယို ဖုန်တာလို့ခေါ်ရေ ရွက်လှီကြီးတိကို တွိခရရေလို့ ဆိုပါရေ။(ကိုး–၂။စာ–၆)။ ယင်းအပြင် ရခိုင်ပြည်မှာတွိရရေ၊ အနုပညာကျောက်ဆစ်လက်ရာ အချို့စွာ အိန္ဒိယအရှိတောင်ပိုင်း အန္ဓရနယ်၊ နာဂဂျုနိကွန်ဒါက လက်ရာတိ နန့် တူရေလို့ဆိုပါရေ။(ကိုး–၂၊စာ–၁၅)။ ပင်မလာဂတ်မင်းကလေ့ ဝေသာလီခေတ်ဦးကျောက်ဆစ်လက်ရာတိစွာ နာဂဂျုနိကွန်ဒါကကျောက်ဆစ်လက်ရာတိနန့် အသွင်တူရေလို့ဆိုပါရေ(ကိုး–၆၊ စာ–၁၁၈)။

အကြောင်းကြောင်းကို ထောက်ဆကေ အိန္ဒိယအရှိတောင်ဖက်ကမ်းခြေ၊နာဂဂျုနိကွန်ဒါဒေသက ဗုဒ္ဓသာ သနာစွာ၊ ခရစ်နှစ်အစောပိုင်း ရာစုတိကပင် ရခိုင်ပြည်ကိုရောက်ခစွာ၊ ပျူမြို့တော်တိနန့် ရခိုင်ပြည်လေ့ အဆက် အသွယ်ဟိနီခစွာ သိသာနိုင်ပါရေ။ ရခိုင်ပြည်မှာ ပျူကျောက်စာတိတွိရစွာလေ့ သက်သီတစ်ခုလို့ ဆိုရပါဖို့။ အန္ဓရနယ်မှာ အုပ်စိုးခရေ မင်းတိအနက်က အေဒီ–၃ရာစုမှာ အုပ်စိုးခရေမင်းဆက်ဖြစ်တေ"ဣက္ခဒါကု"မင်းဆက်က "မဒ္ဒရိပုတ္တသီရိဝီရံပုရိသဒတ္တ"မင်း၏စတုတ္ထမြောက်နန်းစံနှစ်မှာ ရီးထိုးခရေကျောက်စာမှာ ယင်းဒေသကိုရောက်နီ ရေ သီဟိုဠ်ထေရဝါဒရဟန်းတိသာသနာပြုထွက်လာခကတ်စွာမှာ 'ကိရာတ' ဒေသလေ့ပါဝင်ရေလို့ ပါဟိပါရေ။ ဒေါက်တာရေးကတော့ ကိရာတဒေသဆိုစွာ ဂင်္ဂါမြစ်ဝအလွန်က ရခိုင်ကမ်းခြီဒေသနန့် မြန်မာနိုင်ငံအောက်ပိုင်း ဒေသလို့ဆိုပါရေ။ (ကိုး–၁၂၊ စာ–၁၆)။ ဒေါက်တာချတ္တာဂျီ၊ ဒေါက်တာပါဂျီတာ၊ ဒေါက်တာကန့်ဂိုရို့က ကိရာတ ဒေသဆိုစွာ၊ အာသံ၊ မဏိပူရ၊ စစ်တကောင်းနန့် ရခိုင်ဒေသတိကို ဆိုရေလို့ရီးကတ်ပါရေ(ကိုး–၁၀၊စာ–၅၁)။

အိန္ဒိယမှာ ဘီစီ–၃ရာစုအတွင်းက ဗြဟ္မီအက္ခရာနန့် စာရီးကတ်ပါရေ။ ယေကေလေး ပါဠိဘာသာမဟုတ်ပါ။ မဂဓဘာသာနန့် ပါဠိစွာတူညီရေ အချက်တိများစွာ ဟိကတ်တေပိုင် အဓိကအချက်မှာကွဲပြားပါရေ။ ဇာပိုင်ကွဲပြား ရေဆိုစွာကိုတော့ခါ အေနီရာမှာ ကျယ်ပြန့်လားဖို့ဖြစ်တေအတွက်နန့် ကျွန်တော်မရီးပါဗျာ။ ပါဠိနန့် မဂဓိကွဲပြား စွာတိကို ပါဠိပါမေက္ခဒေါ်အုန်းရီးသာရေ ပါဠိစာပီသမိုင်းနန့် ဒေါက်တာဝင်တာနစ်၏စာအုပ်ကို ရှင်ဇာဂရာဘိဝံသ

မြန်မာပြန်ထားရေ'အိန္ဒိယစာပေသမိုင်း'(ဗုဒ္ဓစာပေကဏ္ဍ)နောက်ဆက်တွဲမှာ ကြည့်ပါလီ။ မတူစွာကို တွိပါလိမ့်မေ။

ပါဠိဘာသာစွာ သက္ကတဘာသာကတဆင့် ဆင်းသက်လာရေပြာကဋ္ဌဘာသာထဲက သားကြီးသြရသဖြစ်ပါရေ(ကိုး–၁၊စာ–၁၅)။ အကယ်၍ ဗြဟ္မီအက္ခရာအရီးအသားစွာ အသောကခေတ်ကပင် ရခိုင်ပြည်ကိုရောက်ခရေဆိုကေ မဂဓိဘာသာနန့်ရာ ရောက်လာစရာအကြောင်းဟိပါရေ။ ရခိုင်ပြည်မှာတွိရစွာက ပါဠိဘာသာဖြစ်ပါရေ။ ရခိုင်ပြည်မှာ မဂဓိဘာသာကို မတွိရပါ။ ယေဇုနန့် အေဗြဟ္မီအက္ခရာအရီးအသားစွာ ဘီစီ–၃ရာစုကအေဒီ–၂ရာစုထိ အိန္ဒိယမှာသုံးစွဲခရေ အက္ခရာအရီးအသားဖြစ်ကေလေ့ ပါဠိဘာသာနန့် ရာတွိရရေအတွက် ဇာပိုင်နည်းနန့်မဆို မောရိယအင်ပါယာပြိုကွဲပြီးရေ နောက်ပိုင်းအိန္ဒိယမှာ ဗြဟ္မီအက္ခရာကိုလေ့သုံးနီသိရေအချိန် ပါဠိအရီးအသားလေ့ ကျယ်ပြန့်လာရေအချိန်ကျမှရာ ရခိုင်ပြည်တို့ပြန့်နှံ့လာစွာ ဖြစ်ရပါဖို့။

ယေကေအေအရီးအသားစွာ ဇာအချိန်က ဇာနီရာက ပျံ့နှံ့လာစွာ လေးဆိုစွာကို လေ့လာရပါဖို့။

အိန္ဒိယ ဗုဒ္ဓသာသနာ့သမိုင်းကို လေ့လာကြည့်ရေခါ မောရိယအင်ပါယာ ပြိုကွဲလားခရေ နောက်မကြာခင်မှာပင် ထေရဝါဒသာသနာစွာ အိန္ဒိယမြေပေါ်မှာ လုံးဝမဟိသလောက်ဖြစ်လားခပါရေ။ ထေရဝါဒသာသနာစွာ သီဟိုဠ်မှာ အခြေခိုင်မာနီခပါရေ။ အိန္ဒိယမှာ ကျန်ဟိခရေ၊ သဗ္ဗတ္တိဝါဒဂိုဏ်းနန့် မဟာသံဃိကဂိုဏ်းကွဲတိစွာ သက္ကတနန့်ပြာကဋ္ဌဘာသာကိုရာ သုံးစွဲခကတ်စွာကို တွိရပါယင့်။ ထေရဝါဒဂိုဏ်းစွာ ပါဠိဘာသာကို စွဲစွဲမြဲမြဲသုံးစွဲလာစွာက အေဒီ–၁ရာစုက သီဟိုဠ်မှာတင်ခရေ စတုတ္ထသံဃယနာပွဲပြီးမှ သုံးစွဲလာစွာပါ။ ယင်းအချိန်မှာ အိန္ဒိယနိုင်ငံမှာ ပါဠိဘာသာသုံး ဗုဒ္ဓဘာသာဂိုဏ်းမဟိပါသီး။ ပါဠိဘာသာ၏ဇာတိမြီစွာ အိန္ဒိယပြည်အနောက်ဒေသဖြစ်ကေလေး အိန္ဒိယမြီထက်မှာ ဗုဒ္ဓဝါဒစာပီတစ်ခု အနီနန့်ကျယ်ကျယ်ပြန့်ပြန့်မထွန်းကားခပါ။ ယင်းဘာသာစွာ ထေရဝါဒရဟန်းတိနန့်တတူ သီဟိုဠ်တို့ရောက်လားခပြီးကေ ဒေါက်တာဝင်တာနစ်ယူဆရေပိုင် သီဟိုဠ်ဘာသာကိုလွှမ်းမိုးလားစွာဖြစ်ပါဖို့။ စတုတ္ထသံဃာယနာပွဲ မတိုင်ခင်ကပင် သီဟိုဠ်မှာ ပါဠိဘာသာကို သုံးစွဲနီခစွာဟိကေလေး ပိဋကတ်တော်အားလုံးကို ရှီးသားရေထိတော့ မတွင်ကျယ်ပါသီး။

ဘီစီ–၁၃၈လောက်မှာ အိန္ဒိယတောင်ပိုင်း ကေရဠာခနယ်နန့် တမီလ်နယ်တိက ဟိန္ဒူဘာသာဝင်တိ သီဟိုဠ်ကျွန်းကို စစ်တိုက်ပြီး ဗုဒ္ဓဘာသာကို နှိပ်ကွပ်ခပါရေ။ နောက်တစ်ခါ ဝဋ္ဋဂါမဏိမင်းလက်ထက်မှာလေး ဗြဟ္မဏတိဿခေါင်းဆောင်ရေ သူပုန်တိထကြွရေခါလေး တမီလ်စစ်တပ်က သီဟိုဠ်မှာဗုဒ္ဓဘာသာကို နှိမ်နင်းပြန်ရေ။ ယင်းအတွက် သီဟိုဠ်မဟာဝိဟာရဝါသီဂိုဏ်က ထေရဝါဒရဟန်းတိစွာ အိန္ဒိယတောင်ပိုင်းနန့် နာဂဂျုနိကွန်ဒါဒေသရို့ကို ပိဋကတ်တော်တိနန့် ထွက်ပြီးတိမ်းယှောင်ခကတ်ရပါရေ။ ယင်းပိုင်အဖြစ်အပျက်တိ သီဟိုဠ်မှာ မကြာခဏဖြစ်ပွားခရေပိုင် ထေရဝါဒရဟန်းတိလေး နာဂဂျုနိကွန်ဒါကို အများကြီးရောက်ခကတ်ပေါ်ရေ။

ယေဇုနန့် အေဒီ–၃ရာစုအချိန်ရောက်တေအခါ နာဂဂျုနိကွန်ဒါဒေသမှာ မဟာဝိဟာရဝါသီဂိုဏ်း၊ မဟိံသာသကဂိုဏ်း၊ ဗဟုသုတိကဂိုဏ်းနန့် အပရသေလိယဂိုဏ်းရို့ထွန်းကားနီဗျာ(ကိုး–၃၊စာ–၂၀၄)။ ယင်းဂိုဏ်းတိထဲမှာ မဟာဝိဟာရဝါသီဂိုဏ်းတစ်ခုထဲရာ ပါဠိဘာသာဂိုဏ်းဖြစ်ပါရေ။ ယင်းဂိုဏ်းက သုံးစွဲရေပါဠိဘာသာစွာလေး သီဟိုဠ်ကပါလတ်စွာပါ။ နောက်တစ်ခုက နာဂဂျုနိကွန်ဒါဒေသစွာ မောရိယအင်ပါယာထဲမှာ ပါဝင်ခပြီးကေ ဗြဟ္မီအက္ခရာအရီးအသားသုံးစွဲခရေနီရာဖြစ်ပါရေ။ သီဟိုဠ်ကရောက်ဟိပြီး ထွန်းကားနီရေပါဠိဘာသာစွာ နာဂဂျုနိကွန်ဒါဒေသမှာ သုံးစွဲခရေဗြဟ္မီအရာနန့်ပေါင်းဆုံပြီးကေ ယင်းကရဟန်းတိ ကိရာတဒေသဖြစ်တေ ရခိုင်ပြည်တို့သာသနာပြုလာရေခါ၊ ဗြဟ္မီအက္ခရာနန့် ပါဠိအရီးအသားရခိုင်ပြည်တို့ရောက်လာခြင်းဖြစ်ပါရေ။

ဖော်ပြခရေ ဂိုဏ် ၄ဂိုဏ်းမှာ မဟိံသာသကဂိုဏ်းနန့် အပရသေလိယဂိုဏ်းရို့စွာ အဆုံးထိရုပ်ပွားဆင်းတုထုလုပ်ကိုးကွယ်စွာကို လက်မခံခပါ။ ရခိုင်ပြည်မှာ တွိရရေအစောဆုံးစာက ရုပ်တုနောက်ဖက်မှ ပါဠိဘာသာနန့် 'သစ္စကပုရဗိုဇ်'လို့ ရီးထိုးထားစွာပါ။ ဗဟုသုတိကဂိုဏ်းကလေး ပါဠိဘာသာမသုံးပါ။ ယေဇုနန့် ရခိုင်ပြည်မှာတွိရရေ အစောဆုံး ပါဠိစာပေအရီးအသားစွာ နာဂဂျုနိကွန်ဒါဒေသမှာ ရုပ်တုကိုးကွယ်မှုကို လက်ခံရေတစ်ခုထဲသောပါဠိဗုဒ္ဓဘာသာဂိုဏ်းဖြစ်တေ မဟာဝိဟာရဝါသီဂိုဏ်း၏ ထေရဝါဒသာသနာနန့် ရောက်လာရေအရီးအသားဆိုစွာယှင်းနီပါဗျာ။

နောက်တစ်ခုက နာဂဂျုနိကွန်ဒါမှာ စိုးစံခရေ ဣက္ခွါကုမင်းဆက်မှာ ဗုဒ္ဓရုပ်ပွားတော်ကိုးကွယ်မှုစွာ သန္တမူလ

မင်း (အေဒီ–၂၂၅–၂၅၈)လက်ထက်မှာ စတင်ပါရေ။ ဇဘုဝဋ္ဋသန္တမူလမင်းလက်ထက်(အေဒီ–၂၈၅–၃၃၄)မှာ ဆင်းတုတော်ကိုးကွယ်စွာ အထွတ်အထိပ်ကိုရောက်ခပါရေ(ကိုး–၅၊စာ–၄၉)။ ယေဇုနန့် ရုပ်တုနန့် အတူတွိရရေ "သစ္စကပုရဗိုဇ်"စာနန့် "ခညဝတီတောင်ပေါက်ကြီးကျောက်စာ"ရို့စွာ ရခိုင်ပြည်မှာ အေဒီ–၂၅၀နန့် အေဒီ – ၃၀၀ကြားမှာ ရီးသားခရေ စာပီတိဖြစ်တေလို့ မှန်းဆနိုင်ပါရေ။

ရခိုင်ပြည်ကို သက္ကတဘာသာအရီးအသား ရောက်စွာနန့် ပတ်သက်ပျာဆိုရဖို့ဆိုကေ အရှိတောင်အာသျှ တခုလုံးကို ပထမဆုံးပျံ့နှံ့ခရေ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ သာသနာနန့်အတူ ရောက်ခရေလို့ဆိုရဖို့ပိုင်ဖြစ်နီပါရေ။ ဇာဖြစ်လို့ဆိုကေ အေဂိုဏ်းစွာ အာသျှတခွင်လုံးကို သက္ကတစာပီအရေးအသား ပထမဆုံးဖြန့်ချီခရေဂိုဏ်းဈဖ်ပါရေ။ ယေကေလေ့ သဗ္ဗတ္ထိဝါဒီ ရဟန်းတိသာသနာပြုရောက်စွာနန့်ပင် တချိန်တည်းမှာ သက္ကတဘာသာအရီး အသားလေး ရောက်ရဖို့လို့ဆိုလို့မဖြစ်နိုင်ပါသီး။ အထောက်အထားအနီနန့် ပြောရကေ မြန်မာပညာသျှင်တိယူ ထားရေအတိုင်း မဟိံသာသကဂိုဏ်း၊ ဗဟုသုတိကဂိုဏ်း၊ အပရသေလိယဂိုဏ်းရို့ ဗိသနိုးကိုရောက်ခရေ(ကိုး– ၃၊ စာ–၂၀၄)မှန်ကေလေးဗိသနိုးမှာ သက္ကတစာပီအရှီအးသားလုံးဝမတွိရစွာကိုကြည့်ပါ။

အေဒီ ဒုတိယရာစုအကုန်ပိုင်းမှာ ကုသနအင်ပါယာက သဗ္ဗတ္ထိဝါဒသာသနာစွာ ရခိုင်ပြည်တို့ရောက်ခရေ ဆိုကေလေ့(ကိုး–၄၊စာ–၆၀)။ ယင်းအခါကပင် သက္ကတဘာသာအရီးအသားရခိုင်ပြည်တို့ ရောက်ခရေအထောက် အထားမဟိပါ။ ရခိုင်ပြည်မှ တွိရရေ သက္ကတဘာသာအရှီးအသားအားလုံးစွာ အေဒီ–၅ရာစုထက်ပိုပြီး ရှိကျစွာ မတွိရပါ။ သက္ကတဘာသာကိုရီးထားရေ အက္ခရာတိကလေး ဂုပ္ပတပွားဝေသာလီအက္ခရာချည်း ဖြစ်ပါရေ။ ကုသန အက္ခရာနန့်မတွိရပါ။

ဂုပ္ပတခေတ်စွာ အေဒီ–၃၀၀က ၆၀၀ထိဖြစ်ပါရေ(ကိုး–၁၁၊စာ–၂၁၀)။ အေဒီ–၂ရာစုက သဗ္ဗတ္ထိဝါဒဂိုဏ်းက သုံးစွဲခစွာက ကုသနအက္ခရာပါ။ အိန္ဒိယမှာ ကုသနအက္ခရာကို အေဒီ–၂ရာစုက ၄–ရာစုတိ သုံးစွဲခရေလို့ဆိုပါရေ။ ယေကေလေ့ အေဒီ–၂၄၁ကစပြီးကေ ကုသျှန်မင်းဆက် မေးမှိန်လာပါဗျာ (ကိုး–၁၊စာ–၂၀)။ ကာလတာရှည် အောင် ကုသနအက္ခရာမသုံးစွဲခပါ။ ဂုပ္ပတအက္ခရာ အေဒီ–၄ရာစုဟိစွာနန့် အကြီးအကျယ်ထွန်းကားလာပါရေ။ အေဒီ–၂ရာစုက ကုသနအက္ခရာနန့် သက္ကတစာပီ အရီးအသားရောက်ခကေလေး၊ ဗြဟ္မီအက္ခရာနန့် ပါဠိဘာသာကို သုံးစွဲနီရေ ရခိုင်ပြည်သားရို့က ရီးသားသုံးစွဲခပုံမပေါ်ပါ။ ယင်းအတွက်နန့် ကုသနအက္ခရာကို ရခိုင်ပြည်မှာ မတွိရစွာဖြစ်ပါဖို့။ ယေပြီးကေ အိန္ဒိယမှာလေးယင်းအက္ခရာကို ကာလတာရှည်မသုံးစွဲပါ။ ဂုပ္ပတအက္ခရာ အရီး အသားက လွှမ်းမိုးလားခပါရေ။

ရခိုင်ပြည်မှာအစောဆုံးတွိရရေ သက္ကတဘာသာအရီးအသားကတော့ မဟာမုနိသိမ်အတွင်းက နတ်ရုပ်မှာ ပါရေ "ယသျှသေနာပတိပနာဒ"စာတန်းပါ။ အက္ခရာကဂုပ္ပတအက္ခရာဖြစ်ပါရေ။ ယင်းစာကို ရီးထိုးခရေအချိန်က အေဒီ–၅ရာစုအစောပိုင်းကာဖြစ်ပါရေ(ကိုး–၇၊စာ–၁၁၈)။ ယင်းစာမှာရီးထိုးထားရေအက္ခရာ ပုံပန်းသဏ္ဍာန်တိ စွာ အိန္ဒိယမှာနာလန္ဒဗုဒ္ဓတက္ကသိုလ်ကို စတင်တည်ထောင်ခရေ ကုမာရဂုပ္ပတမင်း(အေဒီ–၄၀၃–၄၅၅)ရီးထိုးခ ရေ ကျောက်စာပါ အက္ခရာအရီးသားနန့် လုံးဝတူပါရေ(ကိုး–၉၊စာ–၁၁၈)။ ယေပြီးကေ ဝေသာလီခေတ်မှာ ပါဠိဘာသာကိုလေ့ ဂုပ္ပတအက္ခရာနန့်ပင် ရီးထိုးခကတ်စွာကို တွိရပါရေ။ အထောက်အထားကတော့ ဝေသာလီ ဘုရားကြီး ကုန်းကရရေ ယေဓမ္မဂါထာကျောက်စာပါ။

တချို့က"ယသျှသေနာပတိပနာဒ"လို့ သက္ကတဘာသာနန့်တွိရကေလေ့၊ အေယက္ခသေနာပတိပနာဒစွာ ဒီဃနိကာယ်သုတ္တန်တိမှာ ဖော်ပြထားချက်တိအရ ကုဝေရကြီးမှူးရေ ယဿနတ်မှူး၂၈ဦးမှာ တစ်ဦးအပါအဝင် ဖြစ်တေဆိုပြီး (ကိုး–၂၊စာ–၁၂၃)။ထေရဝါဒသာသနာ၏အမှတ်အသားဖြစ်တေလို့ယူဆကတ်ပါရေကျွန်တော့်အနီ နန့်တောခါ ယက္ခသေနာပတိပနာဒနာမေတွိရတိုင်း ထေရဝါဒနန့်ရာပတ်သက်တေလို့မယူဆပါ။ပထမအကြောင်း က ထေရဝါဒဂိုဏ်းစွာ သက္ကတဘာသာကိုတစ်ခါလေ့မသုံးစွဲခဖူးရေအတွက်ဖြစ်ပါရေ။ ဒုတိယ အကြောင်းကတော့ ယင်းခေတ်ကသက္ကတပိဋကတ်တော်မှာ ပနာဒနတ်မှူးပါဝင်နိုင်စရာအကြောင်းဟိနီလို့ဖြစ်ပါရေ။

ဒေါက်တာဝင်တာနစ်က အေ(ပါဠိနန့်သက္ကတ)ပိဋကတ်တော်နှစ်ခုလုံးစွာ ကွယ်ပျောက်လားခဗျာလို့ ယူဆရရေမဂဓိပိဋကတ်တော်ကို အတူတကွကူးယူခကတ်တေအတွက် အေလောက်ထိ တူညီချက်တိဟိရ ရေဆိုရေ

ယှင်းလင်းချက်စွာ ယုတ္တိတန်ပြီး ခိုင်မာနီပါရေ။ ယင်းမဂဓီပိဋကတ်တော်က ပါဠိပိဋကတ်စွာ အိန္ဒိယ ပြည်ဒေသ တခုကို ယူဆောင်လားခပြီး ယင်းအချိန်ထက် နောက်ကျလို့တခါ သက္ကတပိဋကတ်တော်လေ့ အိန္ဒိယ ပြည် အခြားဒေသတစ်ခုကို ခွဲထွက်လားဟန်ဟိပါရေ(ကိုး–၆၊စာ–၃၅၅)လို့ ရှီးထားရေပိုင်၊ ပါဠိပိဋကတ်က နိကာယတိနန့် တူရေနာမည်တိစွာ သက္ကတပိဋကတ်တော်မှာ အာဂမဆိုရေနာမေနန့်ပါဟိပါရေ။ ဒီဃာဂမစွာ ဒီဃနိကာယ၊ မဇ္ဈိမာဂမစွာ မဇ္ဈိမနကာယ၊ သံယုတ္တာဂမစွာ သံယုတ္တနိကာယ၊ ဧကုတ္တရာဂမစွာ အင်္ဂုတ္တရနိ ကာယဆိုပြီး နာမေချင်းယှဉ်ပြိုင်ဟိကတ်တေ(ကိုး–၆၊စာ–၃၅၆)လို့ လေးရီးသားထားပါရေ။ ယေကေ ယင်းအချိန်က ပါဠိပိဋကတ်တော်နန့် သက္ကတပိဋကတ်တိမှာ ကွဲပြားရေစွာ ဟိရေပိုင်တူညီစွာ တိလေ့ဟိ နီကတ်ပါရေဆိုစွာ ခန့်မှန်းနိုင်ပါရေ။

အေနီရာမှာ ဒေါက်တာဝင်တာနစ် ရည်ညွှန်းရေသက္ကတပိဋကတ်ဆိုစွာ မဟာသံဃိကဂိုဏ်းက မဟာ ယန ပိဋကတ်မဟုတ်ဘဲ သဗ္ဗတ္တိဝါဒ ပိဋကတ်ကိုဆိုလိုစွာ ဖြစ်တေလို့ဆိုပြန်ကေလေ့ ယင်းအချိန်က နာလန္ဒမှာ ယင်းသက္ကတပိဋကတ်တော်ကိုလေ့ ပို့ချခရေအပြင် အိန္ဒိယအရှိပိုင်းဒေသတိမှာ ယင်းအချိန်က သဗ္ဗတ္တိဝါဒ နိကာယတိလေ့ တခြားဂိုဏ်းတိက နိကာယတိနန့် အတူယှဉ်ပြိုင်ထွန်းကားခရေဆိုစွာ မှတ်တမ်းတိအရ သိကတ် ပါဖို့။ ယင်းအတွက်နန့်အေ "ယသျှသေနာပတိပနာဒ" အရီးအသားစွာ အေဒီ–၅ရာစုက ဂုပ္ပတအက္ခရာနန့် မြောက်ပိုင်း ၁သနာနန့်အတူ ရောက်ဟိလာစွာ သီချာနီပါရေ။ အေပနာဒနတ်မှူးစွာ သက္ကတ ပိဋကတ်တော် ထဲမှာလေးပါဝင်လီဖို့လို့ ခန့်မှန်းရပါရေ။ အေယှင့်ကိုတော့ခါ သက္ကတပိဋကတ်တော်က ဒီဃာဂမကို လေ့လာကေ အတိအကျသိရပါဖို့။ အေနီရာမှာတော့ခါ ဘာသာစာပီအရီးအသားဇာအချိန်မှာ ရောက်ဟိလာရေဆိုစွာကို ဦးတည်ထားရေအတွက် ဇာဂိုဏ်းက စာပီ၊ ဇာဂိုဏ်းကဝါဒ၊ ဇာပိုင်အယူဆဆိုစွာတိကို မရီးပါဗျာ။

အေဒီ–၅ရာစုနန့် ၆–ရာစုအစပိုင်းမှာ ရခိုင်ပြည်မှာသက္ကတစာပီအရီးအသားကို တွင်တွင်ကျယ်ကျယ် ရီးသားနီကတ်ပါရေ။ အထောက်အထားကတော့ ဘူတိစန္ဒြမင်းနတ်ရွာစံပြီးနောက် ၁၁–နှစ်မြောက်ဖြစ်တေ အေဒီ– ၅၀၇ခုမှာ ရီးထိုးခရေ ကြီးနီပြားစာဖြစ်ပါရေ။ အရပ်ရပ်အထောက်အထားတိအရ ရခိုင်ပြည်ကို မဟာယနဗုဒ္ဓ ဘာသာနန့်အတူ သက္ကတဘာသာရီးသားသုံးစွဲမှုစွာ အေဒီ–၅ရာစုအတွင်းမှာ ရောက်ဟိပျံ့နှံ့လာရေဆိုကေ ယုတ္တိ မတန်လို့ မဆိုနိုင်ပါ။ "ယသျှသေနာပတိ"စာစွာ ကုမာရဂုပ္ပမင်းရီးထိုးခရေ ကျောက်စာပါ အက္ခရာနန့်တူညီပြီး ကေ ယင်းမင်းစွာ အေဒီ–၄၁၅က ၄၅၅ထိ စိုးစံခရေအတွက် ရခိုင်ပြည်မှာ သက္ကတစာပီကို ရီးထိုးခစွာ အေဒီ– ၄၅၀ထက် နောက်မကျလို့ မှန်းဆနိုင်ပါရေ။

အိန္ဒိယနိုင်ငံသမိုင်းမှာ ဂုပ္ပတခေတ်စွာ မဟာယနဗုဒ္ဓဘာသာ အထွန်းကားဆုံးနန့် သက္ကတစာပီအထွန်းကား ဆုံးဖြစ်ပါရေ။ အနုပညာလက်ရာတိလေး အထွန်းကားဆုံးဖြစ်ပါရေ။ ပညာသျှင်တိက ဂုပ္ပတခေတ်ကို ရွှေရောင် လွှမ်းရေခေတ်လို့ဆိုကတ်ပါရေ။ မဟာယနသာသနာစွာ ဂုပ္ပတခေတ်မှာ ပတ်ဝန်းကျင်နိုင်ငံတိကို ပျံ့နှံ့ ခရေ အတွက် ယင်းသာသနာနန့်အတူ ရခိုင်ပြည်ကို သက္ကတဘာသာအရီးအသားလေး ရောက်ဟိခရဖို့လို့ ယူဆပါရေ။

နိဂုံးအားဖြင့်ဆိုကေ ပါဠိစာပီအရီးအသားစွာ ရခိုင်ပြည်မှာ အေဒီ–၂၅၀နန့် ၃၀၀ကြားမှာ စတင်ရီးသား ခပြီး သက္ကတဘာသာအရီးအသားကို အေဒီ–၄၅၀ခန့်မှာ စတင်ရီးသားခရေလို့ ယူဆရပါရေ။

**ကိုးကားသောကျမ်းများ**


(၁) ဦးစံသာအောင် — အေဒီ–၆ရာစုနှင့် ယင်းမတိုင်မီရခိုင်ပြည်သုံးအက္ခရာ

(၂) ထွန်းရွှေခိုင် — ရခိုင်ဝေသာလီခေတ်ဗုဒ္ဓအနုပညာ

(၃) ဦးဘရှင် — ဗိသနိုးမြို့ဟောင်းနှင့်သမိုင်းအမြင်(တက္ကသိုလ်ပညာပဒေသာစာစောင် အတွဲ–၁၊အပိုင်း–၃)

(၄) မောင်ပြူး — ရခိုင်ပြည်ဗုဒ္ဓသာသနာ့သမိုင်းဦး(၁၉၈၂–စာစစ်တွေကောလိပ်မဂ္ဂဇင်း)

(၅) ငြိမ်းကျော် — ငွေတောင် (စာသဘင်စာအုပ်တိုက်–၁၉၇၃)

(၆) ရှင်ဇာဂရာဘိဝံသ(ပြန်)အိန္ဒိယစာပေသမိုင်း(ဗုဒ္ဓစာပေကဏ္ဍ)

(၇) U San Tha Aung — The Buddhist Art of Ancient Arakan.
(၈) U San Shwe Bu — A Brief Note on the old Capitals of Arakan
(၉) Pamela Gutman — Ancient Arakan
(၁၀) S.:B.Qanungo — A History of Chittagong (Vol 1)
(၁၁) Christmas Humphreys — Buddgism (1964)
(၁၂) N.R. Ray — An Introduction to the study of Theravada Buddhism in Burma (1946)


# ဝေသာလီနှင့် ဗုဒ္ဓအမိတာဘ

အိန္ဒိယနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းကို လေ့လာကြည့်လျှင် မဟာယနဗုဒ္ဓသာသနာသည် ဘီစီ–၃ရာစုအတွင်းက သီရိဓမ္မာသောကမင်းကြီး တတိယသင်္ဂါယနာတင်ပွဲမတိုင်မီကပင် အစပြုခဲ့သည်ကို ကထာဝတ္ထုကျမ်းလာ အထောက်အထားများအရ သိရပါသည်။ အမှန်အားဖြင့် မဟာယနဗုဒ္ဓသာသနာအယူအဆသည် ကာလာသောက မင်းကြီးလက်ထက် ဒုတိယသင်္ဂါယနာတင်ပြီးနောက် ထေရဝါဒသာသနာဂိုဏ်းအပြင်၊ သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် မဟာသိံဃိကဂိုဏ်းတို့ စတင်၍ကွဲပြားခဲ့သည့်အချိန်မှအစပြုခဲ့ပါသည်။

သုတေသီတို့က အိန္ဒိယနိုင်ငံ မဟာယနဗုဒ္ဓသာသနာ့သမိုင်းကို ခေတ်ခွဲခြားရာ၌ အဆိုပါ သဗ္ဗတ္တိဝါဒ၊ မဟာသံဃိကဂိုဏ်းတို့ စတင်ကွဲပြား၍ ယင်းဂိုဏ်းများမှ (မဟာဝံသကျမ်းတွင် ပြဆိုထားသကဲ့သို့) ဂိုဏ်း(၁၈) ဂိုဏ်းအထိ ကွဲပြား၍ ယင်းဂိုဏ်းများ၏အယူအဆများ အိန္ဒိယတစ်နိုင်ငံလုံးကို ပျံ့နှံ့လာသည့်အချိန်ကာလအထိကို မဟာယန ဗုဒ္ဓဘာသာ၏ ပထမခေတ်ဟုလည်းကောင်း၊ အဆိုပါသဗ္ဗတ္တိဝါဒဂိုဏ်းကွဲများနှင့် မဟာသံဃိကဂိုဏ်းကွဲများပေါင်းစည်း၍ မဟာယနဗုဒ္ဓသာသနာဟု အထင်အရှားဖြစ်ထွန်းလာကာ အမိတာဘုရား၊ ဝေရောစနဘုရားစသည့် ဈာနီဗုဒ္ဓများ၊ အလောကိတေသွာရ၊ လောကနာထ၊ မဥ္ဇူသီရိ၊ ပညာပါရမီတာနတ်သမီး စသည့် ဘုရားများ၊ ဘုရာမများ၊ ဗောဓိသတ္တများ၊ နတ်သမီးများတီထွင်ကိုးကွယ်ခဲ့သည့် ဘီစီ–၁ရာစုခန့်က အေဒီ–၈ရာစု ခန့်ထိကာလကို မဟာယနဗုဒ္ဓသာသနာ၏ဒုတိယခေတ်ဟုလည်းကောင်း၊ တန္တြ၊ မန္တြများတီထွင်၍ မဟာဂန္ဓရီ နှင့် မှော်ပညာများရောထွေးလာသည့် အေဒီ–၉ရာစုနှင့် နောက်ပိုင်းကာလကို မဟာယန ဗုဒ္ဓဘာသာ၏တတိယ ခေတ်ဟုလည်းကောင်း သတ်မှတ်ပါသည်။

စာရေးသူသည် ဗုဒ္ဓသာသနာ့သမိုင်းစဉ်ကို ကျောက်စာများ၊ ဆင်းတုများ၊ ကြေးနီပြားစာများကို အခြေခံ၍ ဝေသာလီနှင့် ခေတ်ပြိုင် အိန္ဒိယ၊ တရုတ်ရဟန်းတော်များ၏ မှတ်တမ်းများ၊ ခေတ်သစ်သုတေသီ၊ သမိုင်းပညာရှင်တို့၏အယူအဆများကို ညှိနှိုင်းဆင်ခြင်၍၊ ရခိုင်ပြည်သို့ ပထမဦးစွာအားဖြင့် ထေရဝါဒသာသနာရောက်ရှိထွန်းကားခဲ့ကြောင်း၊ ရခိုင်ပြည်ဝေသာလီခေတ်တွင် ထေရဝါဒသာသနာကို ကိုးကွယ်ယုံကြည်မှုနှင့် မဟာယနဗုဒ္ဓသာသနာကိုးကွယ် ယုံကြည်မှုမှာ ယှဉ်တွဲနေခဲ့ကြောင်း အစဉ်တစိုက်ရေးသားခဲ့ပါသည်။

ဤဆောင်းပါးတွင် ရခိုင်ပြည်၌တွေ့ရသောဆင်းတုတော်၊ ရုပ်ပွားတော်များကိုအခြေခံ၍၊ ခေတ်ပြိုင်မှတ်တမ်းအချို့နှင့် ခေတ်သစ်သုတေသီတို့၏အယူအဆများကို ညှိနှိုင်းဆင်ခြင်၍ ရခိုင်ပြည်၌ထေရဝါဒသာသနာနှင့်ယှဉ်၍ ရာစုနှစ်တစ်ခုသို့မဟုတ် နှစ်ခုခန့် ထွန်းကားနေခဲ့ဘူးသော ခေတ်လယ်မဟာယနဗုဒ္ဓသာသနာ၏အကြောင်းအရာကို အနည်းငယ်တင်ပြမည်ဖြစ်ပါသည်။ ဤသို့ရေးသားရာတွင် အချို့နေရာများ၌ အတိအကျ၊ ပြတ်ပြတ်သားသားယူဆတင်ပြမှုများပါရှိမည်ဖြစ်သဖြင့် သုတေသီများဆင်ခြင်ကြရန်ဖြစ်ပါသည်။

ဝေသာလီခေတ်တွင် ယေဓမ္မာဂါထာတော်ကို ကျောက်ပြားများ၊ ကြေးနီပြားများတွင်လည်းကောင်း၊ ရုပ်တုတော်များ၊ စေတီပါများ၏အောက်ခြေတွင်လည်းကောင်း ရေးထိုးခဲ့ကြပါသည်။ ဝေသာလီခေတ်အတွင်းရေးထိုး

ခဲ့သော ယေဓမ္မာဂါထာကို ပါဠိဘာသာနှင့်လည်းကောင်း၊ သက္ကတဘာသာနှင့်လည်းကောင်းတွေ့ရပါသည်။ ပါဠိဘာသာနှင့် ရေးထိုးခဲ့သည်ထက် သက္ကတဘာသာနှင့် ရေးထိုးခဲ့သည်က ပိုမိုများပါသည်။ ပါဠိဘာသာသည် ထေရဝါဒဂိုဏ်းသုံးဘာသာဖြစ်၍ သက္ကတဘာသာမှာ မဟာယနဂိုဏ်းသုံးဘာသာဖြစ်ပါသည်။ ထို့ကြောင့် ဝေသာလီ ခေတ်က မဟာယန လွှမ်းမိုးမှုပိုမိုကြီးမားသည်ဟုဆိုပါမည်။ ဝေသာလီခေတ်၊ မင်း၊ မိဖုရားများရေးထိုးခဲ့ကြသည့် ဒင်္ဂါးစာ၊ ကြေးနီပြားစာ၊ ကျောက်စာများပင်လျှင် သက္ကတဘာသာနှင့် ရေးထိုးခဲ့သည်ကိုတွေ့ရသဖြင့်၊ အုပ်စိုးသူမင်းများပင်လျှင် မဟာယနဗုဒ္ဓဘာသာကိုသက်ဝင်သည်ဟု ဆိုရပါမည်။ ယေဓမ္မာဂါထာသည် ပါဠိဝိနယပိဋကတ်တွင်ပါရှိသကဲ့သို့ မဟာယနဝိနယကျမ်းဖြစ်သော မဟာဝတ္ထုအ္ဝဒါနကျမ်းတွင် သက္ကတဘာသာဖြင့်ရှိပါသည်။ ယေဓမ္မာဂါထာတရားတော်သည် ဗုဒ္ဓသာသနာ၏အဆီအနှစ်ဖြစ်သည်ကို ထေရဝါဒီများကဲ့သို့ မဟာယနတို့ကလည်း နားလည်ကြ၊ လက်ခံကြပါသည်။ သို့သော် မဟာယနတို့အယူအဆတွင် မဂ္ဂကျင့်စဉ်သည် တကိုယ်ကောင်းကျင့်စဉ်ဖြစ်ပါသည်။ ကျဉ်းမြောင်းသော လမ်းစဉ်ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြခဲ့သော ဘုရားများ၊ ဗောဓိသတ္တများကိုတီထွင်၍ သတ္တဝါအားလုံးအားနိဗ္ဗာန်သို့ခေါ်ဆောင်မည့် ဗောဓိသတ္တကျင့်စဉ်ကို တည်ထွင်ပါသည်။ ထေရဝါဒလမ်းစဉ်ကို ဟိနယနဝါဒ) ကျဉ်းမြောင်းသော၊ ယုတ်နိမ့်သော၊ သေးငယ်သိမ်ဖျင်းသောလမ်းစဉ်)ဟု ပြောကြပါသည်။

ခေတ်ဦးမဟာယနဗုဒ္ဓဘာသာရောက်ရှိထွန်းကားနေသော ဝေသာလီခေတ်အတွင် အေဒီ–၆ရာစု ဒုတိယပိုင်းကာလမှစ၍ အမိတာဘုရားနှင့် ဗောဓိသတ္တအဝလောကိတေသွာရကိုးကွယ်မှုဖြစ်သော ခေတ်လယ်မဟာယနဝါဒ ပျံ့နှံ့လာသည်ဟု ယူဆရပါသည်။

အေဒီ –၆၀၀တွင် ဝေသာလီကိုမဟာဝီရ တိုက်ခိုက်မင်းပြုချိန်မှစ၍ စန္ဒြမင်းဆက်ပြတ်တောက်ခဲ့သည်။ ယင်းအချိန်မှစ၍ ရခိုင်ပြည်တွင် ယေဓမ္မာဂါထာရေးထိုးသော အလေ့အထစတင်၍ မှေးမှိန်ခဲ့ပါသည်။ အေဒီ–၆၀၀နောက်ပိုင်းတွင် ရေးထိုးသော ယေဓမ္မာဂါထာဟူ၍ ရှားပါးလှသည်။ သံတွဲခရိုင်တွင်မူ အေဒီ–၇ ရာစုအစပိုင်းအထိ ရေးထိုးခဲ့ကြပါသေးသည်။ ရခိုင်ပြည်မြောက်ပိုင်းထက် နှစ်အနည်းငယ်နောက်ကျ၍ ပျောက်ကွယ်သည်ဟု ဆိုလိုပါသည်။ ဤသို့သက္ကတဘာသာ ယေဓမ္မာဂါထာ ရေးထိုးမှုဓလေ့ပျောက်ကွယ်လာခြင်းမှ ဖွံ့ဖြိုးတိုးပွားပျံ့နှံ့လာသော ဗောဓိသတ္တာယနနှင့် အခြားသော မဟာယနဝါဒများလွှမ်းမိုးလာသောကြောင့်ဟု ပင်မလာဂတ္တမင်သုံးသပ်ဖူးသည်။

ဂျွန်စတင်က အာနန္ဒစန္ဒြကျောက်စာဂါထာ ၄၇နှင့် ၅၄တို့ကို ကိုးကား၍ အာနန္ဒစန္ဒြမင်းသည် မဟာယနဗုဒ္ဓဘာသာကိုးကွယ်သူဟု ယူဆပါသည်။ ကျောက်စာတွင် ဖော်ပြထားသော စန္ဒထေရ်သည် မဟာယနဝိဉာဏဝါဒဂိုဏ်းမှကိုးကွယ်သူ ရဟန္တာတစ်ပါးဖြစ်၍ ထိုစဉ်က ဘင်္ဂလားတွင် ထွန်းကားနေသော ဝိဉာဏဝါဒဂိုဏ်းသည် ရခိုင်ပြည်သို့ ပျံ့နှံ့ခဲ့ကြောင်းဆိုပါသည်။ ပင်မလာ ဂတ္တမင်က ဒေဝစန္ဒြမင်းသည် မဟာယနဗုဒ္ဓဘာသာကို ကိုးကွယ်သူဖြစ်ပြီး၊ မဟာယနတို့၏ (အမိတာဘဘုရား စံမြန်းရာ) သုခဝတီအနောက်နိဗ္ဗာန်ပြည်ကို ယုံကြည်သူဖြစ်ကြောင်း ဆိုပါသည်။ ယင်းအပြင် အေဒီ –၆၃၈ခန့်မှစ၍ နာလန္ဒာနှင့် မဟာမုနိသည် ဗုဒ္ဓသာသနာ၏ဗဟိုဌာနများဖြစ်ခဲ့ကာ ပါလအင်ပါယာ၏ မဟာယနအမွေကို ဆက်ခံခဲ့သည်ဟု ဆိုပါသည်။ ဗုဒ္ဓအမိတာဘ(ဝါ) ဗုဒ္ဓအမိတာယုသည် မဟာယနဗုဒ္ဓဘာသာတွင် ထင်ရှားသောဘုရားဖြစ်ပါသည်။ ပင်မလာဂတ္တမင်က ဆရာကြီးဦးစံသာအောင်၏ THE BUDDHISH ART OF ANCIENT ARAKANစာအုပ်ပါ ဝေသာလီခေတ်ဆင်းတုတော်များ၊ ပုံများမှ Plate-47တွင် ဖော်ပြထားသည့်ပုံကို ဗုဒ္ဓအမိတာဘဖြစ်သည်ဟုဆိုသည်။ သူကဝေသာလီခေတ်တွင် ဗုဒ္ဓအမိတာဘ ကိုးကွယ်မှုရှိခဲ့ကြောင်းလည်းဆိုသည်။

ထို့ကြောင့် ကျွန်တော်တို့ ဗုဒ္ဓအမိတာဘအကြောင်းလေ့လာ၍၊ ဝေသာလီခေတ်တွင်သွန်းလုပ်ခဲ့သော ဗုဒ္ဓအမိတာတဆင်းတုတော်များနှင့် ယင်းတို့နှင့် ပတ်သက်သောအစဉ်အလာအယူအဆများကို နှိုင်းယှဉ်ဆုံးဖြတ်ရန်လိုအပ်လာပါသည်။ အမိတာဘဘုရားသည် မဟာယန တီထွင်လိုက်သောဝေရောစနဘုရား၊ အက္ခောဘဘုရား၊ ရတနသမ္ဘဝဘုရား၊ အမိတာဘဘုရား၊ အမောဃသိဒ္ဓိဘုရား၊ ဝဇိသတ္တဘုရားဟူသော ဈာနီဗုဒ္ဓ(၆)ဆူအနက်တစ်ဆူ ဖြစ်ပါသည်။ အမိတာဘဘုရားကို ယခုအခါ တရုတ်ပြည်နှင့် ဂျပန်ပြည်တို့တွင် ကိုးကွယ်သူ

ပေါ်များပါသည်။

ဗုဒ္ဓအမိတာဘနှင့် သုခဝတီအနောက်နိဗ္ဗာန်ပြည်အကြောင်းကို အေဒီ–၁ရာစုအတွင်းက စတင်ရေးသားခဲ့သည့် မဟာယနသုတ္တန် ကျမ်းတစ်စောင်ဖြစ်သော သုခဝတီဗျူဟာကျမ်းတွင် အကျယ်တွေ့ရပါသည်။ ကိုယ်ခန္ဓာမှရောင်ခြည်တော် အတိုင်းအဆမရှိ ကွန်မြူးဖြာဝေသောကြောင့် အမိတာဘဟူသော အမည်ကိုရတော်မူ၍ သက်တော်သည်အတိုင်းအဆမရှိ ရှည်တော်မူသောကြောင့်အမိတာယုဟူသောအမည်ကိုလည်း ရတော်မူပါသည်။

ရခိုင်ပြည်တွင်တွေ့ရသော ဝေသာလီခေတ် ဗုဒ္ဓဆင်းတုတော်များအနက် ဆရာကြီးဦးစံသာအောင်၏ THE BUDDHIST ART OF ANCIENT ARAKAN စာအုပ်တွင် Plate 36, 37, 38, 39, 40, 41, 42 နှင့် 43တို့တွင်ဖော်ပြထားသော ပုံတို့မှာ ဗုဒ္ဓအမိတာဘ၏ဆင်းတုတော်များဖြစ်ပါသည်။ ယင်းဆင်းတုတော်များမှာ ရောင်ခြည်တော် အတိုင်းအဆမရှိကွန်မြူးနေသော ဗုဒ္ဓအမိတာဘ၏ဆင်းတုတော်များဖြစ်ပါသည်။ သရဖူဆောင်း၍၊ နားကွင်း၊နားဋ္ဌောင်း၊ လည်ဆွဲ၊ ဘယက်၊ လက်ကျပ်၊ လက်စွပ်များနှင့် ပုခုံးတော်ပေါ်တွင် မီးလျှံများ၊ ရောင်ခြည်တော်များကွန့်မြူးဖြာဝေနေသောဆင်းတုတော်များသည် တရုတ်၊ တိဗက်ပြည်များတွင် သွန်းလုပ်ခဲ့သော အမိတာဘ ဗုဒ္ဓဆင်းတုတော်များနှင့် လက္ခဏာချင်းဆင်တူသည်။ ရခိုင်တွင်တွေ့ရသည့် ဤအစောဆုံးမကိုဋ်သရဖူဆောင်း ဆင်းတုတော်များမှာ ခေတ်ဦးမဟာယန၏ဆင်းတုတော်များဖြစ်သည်ဟု ပင်မလာဂတ္တမင်ကဆိုပါသည်။ ဤဆင်းတုတော်များ သည် ထေရဝါဒဂိုဏ်းမှ သွန်းလုပ်သောဆင်းတုတော်များနှင့် လွန်စွာခြားနားပါသည်။ ဆင်းတုများမှာ ကြေးနီ နှင့် ခဲမဖြူရောစပ်၍ သွန်းလုပ်ထားသဖြင့် နီညိုရောင်ဖြစ်ပေသည်။ အချို့ဆင်းတုများမှာ ကြေးဝါနှင့် ခဲမဖြူရောစပ်သွန်းလုပ်သည်ဟု ယူဆရပြီး၊ အဝါရောင်ကြီးစိုးသော်လည်း နီကျန်ကျန်ဖြစ်သည်ကို တွေ့ရပါသည်။ ဤဆင်းတုတော်များ၏အရောင်ကွဲပြားမှုနှင့် ပတ်သက်၍ စူးစမ်းလေ့လာသောအခါ "ဘတ္တာစရိယ"၏ "အိန္ဒိယပဋိမာသိပ္ပံကျမ်း"တွင်ဝေရောစနေ၊ ရတနသမ္ဘဝ၊ အမိတာဘ၊ အမောဃသိဒ္ဓိ၊ အက္ခောဘဟူသော ဈာနီဗုဒ္ဓများ၏ အရောင်အဆင်းကို "ဝဏ္ဏောတေသံ၊ သေတောပီတော၊ ရတ္တော၊ ဟရိတ မေစကာ"ဟု အမိတာဘဗုဒ္ဓ၏ဆင်းတုတော်အရောင်ကို အနီညိုရောင်ဖြင့် သွန်းလုပ်ကြောင်းပြဆိုပါသည်။ မုဒြာနှင့်ပတ်သက်၍ "ဗောဓျင်္ဂီဧရဒေါ ဈာနံ၊ မုဒြာအဘယဘူဖသ"ဟု၊ အမိတာဘဘုရား၏လက်ဟန်ကို ဈာနမုဒြာဖြစ်သည်ဟု ပြဆိုပါသည်။ ရခိုင်ပြည်တွင်တွေ့ရသော ဗုဒ္ဓအမိတာဘဆင်းတုတော်များမှာလည်း ဈာနမုဒြာဟန်များဖြစ်ကြပါသည်။

အချို့သုတေသီများက ဆင်းတုတော်များကို ဇမ္ဗူပတိမင်းချွတ်ခန်းကို ရည်မှန်း၍သွန်းလုပ်ခဲ့သော ဆင်းတုတော်များဖြစ်သည်ဟု ဆိုကြပါသည်။ စာရေးသူကား ယင်းသို့မယူဆမိပေ။ ယနေ့ကျွန်တော်တို့ ဖတ်ရှုနေရသည့် ဇမ္ဗူပတိမင်းချွတ်ခန်းပါဝင်သော ဝတ္ထုကြောင်းသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အကြောင်းရပ်မဟုတ်ပေ။ ဇမ္ဗူပတိမင်းချွတ်ခန်းအကြောင်းနှင့်ပတ်သက်၍ ဒီပဲယင်းဆရာတော်ဘုရားကြီး၏ တထာဂတ ဒီပနီကျမ်းအခန်း(၁၅၃)တွင် ပါဝင်သောဝတ္ထုကြောင်းသည် (ဇမ္ဗူပတိချွတ်ခန်းဝတ္ထုအကြောင်းကို အများအားဖြင့် သိကြပြီးဖြစ်၍ ဤနေရာတွင် ဖော်မပြတော့ပါ)သမန္တ စက္ခုဒီပနီကျမ်းနှင့်လည်းကောင်း၊ ဂုဋ္ဌတ္တဝိနိစ္ဆယကျမ်းလာအဖြေနှင့်လည်းကောင်း မကိုက်ညီဟုဆိုပါသည်။ ဤဝတ္ထုသည် ဇင်းမယ်မှပေါ်ထွက်လာသော ဝတ္ထုအမှန်ပင်ဖြစ်ပြီး၊ ဇင်းမယ်သို့ မွန်မှတဆင့် ရောက်ရှိလာကြောင်း ဒေါက်တာဖီနိုးကဆိုပါသည်။ ယင်းအပြင် တထာဂတ ဒီပနီကျမ်းလာ ဝတ္ထုသည် ရာဇဝင်၊ ဂန္ထဝင်တို့နှင့်လည်း ကိုက်ညီသည်မဟုတ်ချေ။ သင်္ဂါယနတင်ဝိနယပဋိကတ်၊ ဓမ္မပဒနှင့် နိကာယ်ငါးရပ်အတွင်း ဗုဒ္ဓုပ္ပတ္တိဆိုင်ရာ သုတ္တန်များတွင် ရှာဖွေကြည့်သော်လည်း မတွေ့ရပါ။ အရေးတကြီးမှတ်သားအပ်သောအချက်မှာ ဤဇမ္ဗူပတိမင်းချွတ်ခန်းအကြောင်းပါဝင်သည့် ဝတ္ထုသည်မဟာယနဗုဒ္ဓဘာသာ၏ဗုဒ္ဓအမိတာဘအယူအဆ ပေါ်ပေါက်သည့် ဘီစီ–၁ရာစုခန့်အထိ ရှေးကျသောဝတ္ထုကြောင်းမဟုတ်သည့်ပြင်၊ ရခိုင်ပြည်၏ရှေးအကျဆုံးဖြစ်သော အထက်ကဆိုခဲ့သည့်မကိုဋ်၊ သရဖူဆောင်း ဆင်းတုတော်များသွန်းလုပ်သည့် အေဒီ–၆ရာစုအထိရှေးကျသော အထောက်အထားလည်းမရှိပေ။ ဗုဒ္ဓဝင်၊ မဟာဝင်ကျမ်းများတွင်လည်း ဤဝတ္ထုကြောင်းမပါရှိသည်ကို ထောက်ရှု၍ ဤဝတ္ထုကြောင်းသည် နှောင်းခေတ် ဗုဒ္ဓဘာသာဝတ္ထုရေးဆရာတို၏လက်ရာဖြစ်ရပေမည်။ အမှန်စင်စစ်၊ ဗုဒ္ဓဝင်၊ ရာဇဝင်ကျမ်းများကိုလေ့လာသောအခါ ဤဝတ္ထုကြောင်းတွင်ပါဝင်သော စကြာဝတေးမင်းအယူအဆမျိုးသည်

ဗုဒ္ဓလက်တော်အခါ ရှိခဲ့ဘူးသည်ကိုလည်း မတွေ့ရပါ။ ထို့ကြောင့် ရခိုင်ပြည်တွင် တွေ့ရသည့် အထက်ဖော်ပြပါ ဆင်းတုတော်များမှာ ဓမ္မပတိမင်းချွတ်ခန်းကို ရည်ညွှန်း၍သွန်းလုပ်ခဲ့သော ဆင်းတုတော်များ မဖြစ်နိုင်ပါ။

မဟာယနဗုဒ္ဓသာသနမှ ဗုဒ္ဓအမိတာယုံကြည်မှုသည် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသမှ စစ်တကောင်းနယ်မြေကိုဖြတ်၍ လက်ရှိရခိုင်ပြည်နယ်အတွင်း ရောက်ရှိခဲ့ပေမည်။ စစ်တကောင်းဒေသနှင့် ရခိုင်ဒေသသည် ပထဝီအနေအထားအရ ရေကြောမြေကြောတစ်ခုတည်းဖြစ်ပြီး၊ ထိုစဉ်ကလူနေမှုအဖွဲ့အစည်းတစ်ခုတည်းအဖြစ် ရပ်တည်ခဲ့သည်ကို ပညာရှင်များအသိပင်ဖြစ်သည်။ ဒေါက်တာကနန်ဂိုက စစ်တကောင်းသည် မဟာယနဗုဒ္ဓသာသနာ၏ အချက်အခြာဒေသလည်း ဖြစ်ခဲ့ဘူးသည်ဟုဆိုပါသည်။ စစ်တကောင်းဒေသတွင် မဟာယနဗုဒ္ဓသာသနာဆိုင်ရာသာသနိက အဆောက်အဦးများ၊ ရုပ်ဝတ္ထုအထောက်အထားများတွေ့ရှိရပေရာ ယင်းမှတစ်ဆင့် ရခိုင်ပြည်သို့ရောက်ရှိခဲ့ပေမည်။ ပင်မလာဂတ္တမင်က ဝေသာလီတွင် စန္ဒြမင်းဆက်ပျက်သုဉ်းပြီးနောက်၊ ဗုဒ္ဓအမိတာဘကိုးကွယ်မှုသည် မပြောပလောက်ရုံမျှသာကျန်ရှိနေခဲ့ပြီး၊ သုခဝတီဂိုဏ်း၏ဝါဒမှာ မေးမှိန်ခဲ့ပြီး၊ မေတ္တယျဗောဓိသတ္တနှင့် တုသီတာနတ်ပြည်ယုံကြည်မှုပြန်လည် လွှမ်းမိုးလာသည်ဟုဆိုပါသည်။ အေဒီ–၁၀ရာစုတွင် သီရိစန္ဒြမင်းကြီး သင်္ဂါယနာတင်ပွဲကြောင့် မဟာယနဗုဒ္ဓဘာသာချုတ်ယုတ်၍ ထေရဝါဒသာသနာ ပြန်လည်လွှမ်းမိုးလာသည်ကို ရည်ရွယ်ခြင်းဖြစ်သည်ဟု ယူဆရပါသည်။

ရခိုင်ပြည်သင်းကျစ်တော်တောင်၏ အရှေ့ဖက်စတူပါတစ်ခုမှ ရရှိ၍၊ ယခုအခါ မြောက်ဦးပြတိုက်အတွင်းရှိ သရဖူဆောင်းဆင်းတုတော်ကိုလေ့လာ၍ ပင်မလာဂတ္တမင်က ဤသရဖူဆောင်းဆင်းတုတော်များမှာ မဟာယနတို့၏တရားတော်ကိုးကျမ်းတွင် အပါအဝင်ဖြစ်သော သဒ္ဓရိမပုဏ္ဍရိကကျမ်းမှ တရားတော်လာ ဖွင့်ဆိုချက်များ အတိုင်းပင်ဖြစ်ကြောင်း၊ ဤဆင်းတုတော်များမှာ ဗုဒ္ဓ၏ကာယသုံးပါးအနက် သမ္ဘောဂကာယကို ကိုယ်စားပြုသော ဗုဒ္ဓအမိတာဘ၏ပုံတော်ကို ရည်ညွှန်းသည်ဟုဆိုပါသည်။

ယောဂါစာရဂိုဏ်းခေါ် ဝိဉာဏဝါဒဂိုဏ်းက ဗုဒ္ဓတွင် ကာယသုံးပါးရှိသည်ဟုဆိုပါသည်။ ယင်းတို့မှာ ဓမ္မကာယ၊ သမ္ဘောဂကာယနှင့် နိမ္မာနကာယတို့ဖြစ်ကြပါသည်။ ဓမ္မကာယဆိုသည်မှာ ပညာတစ်မျိုးတည်းဖြင့် သာတည်ဆောက်ထားသော ကာယဖြစ်ပါသည်။ ဖြူစင်မြင့်မြတ်သော ဉာဏ်သက်သက်မျှကို ဓမ္မကာယဟုခေါ်သည်။ ဓမ္မကာယသည် အလွန်သိမ်မွေ့သဖြင့် ဗောဓိသတ္တများ၏ ဉာဏ်ဖြင့်ပင်လျှင် မတွေ့မြင်နိုင်ပေ၊ သမ္ဘောဂကာယဆိုသည်မှာ ဈာန်ချမ်းသာကို ခံစားနေသော ဗုဒ္ဓဖြစ်ပါသည်။ သမ္ဘောဂကာယကို ဗောဓိသတ္တများသာလျှင် မြင်နိုင်ကြပါသည်။ နိမ္မာနကာယမှာ ဖန်ဆင်းထားသောကာယ၊ လူတို့အား တရားဟောသောကာယဖြစ်သည်။ လူတို့မြင်ရသော ဂေါတမဗုဒ္ဓသည် နမ္မာနကာယဖြစ်ပါသည်။ လူသားတို့ကိုကယ်တင်ရန် မွေးခြင်း၊ သေခြင်း၊ အစာစားခြင်း၊ တရားဟောခြင်းများပြုလုပ်ပါသည်။ရခိုင်ပြည်တွင်တွေ့ရသောအမိတာဘဗုဒ္ဓဆင်းတုများမှာလည်း ဈာန်ဝင်စားနေဟန် သမ္ဘောဂကာယကို ရည်ညွှန်း၍ သွန်းလုပ်သောဆင်းတုတော်များဖြစ်ကြပါသည်။ ပင်မလာဂတ္တမင်က ရခိုင်ပြည်တွင်တွေ့ရသောဆင်းတုတော်များတွင် ခန္ဓာကိုယ်ပေါ်၌ ရတနာများစီချယ်ထားပုံ၊ သရဖူပုံ၊ အဝတ်တန်ဆာဆင်ပုံများနှင့် ထပ်တူညီသော ဖော်ပြချက်များကို ယခုအခါ ကင်းဗရစ်တက္ကသိုလ်စာကြည့်တိုက်အတွင်းရှိ အဋ္ဌသာဟသတိကာ ပညာပါရမီ တာကျမ်းတွင် တွေ့ရသည်ဟုဆိုသည်။ အကယ်၍ ဓမ္မပတိချွတ်ခန်းကိုရည်ညွှန်း၍ သွန်းလုပ်ခဲ့သည်ဆိုလျှင် ဤဆင်းတုတော်များ၏ ပုံသဏ္ဌာန်နှင့် ပညာပါရမီတာကျမ်းလာအချက်တို့ကိုက်ညီဘွယ်ရာမရှိချေ။ ဂျွန်စတင်ကမူ သီရိဓမ္မဝိဇယမင်းအား မဟာယနဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်သူဖြစ်ပြီး၊ ဗောဓိသတ္တအယူဝါဒကိုလည်း ယုံကြည်သူဖြစ်ကြောင်း ဆိုခဲ့ပါသည်။

ဗုဒ္ဓအမိတာဘယုံကြည်မှုသည် ထေရဝါဒနှင့်ယှဉ်၍ထွန်းကားနိုင်ခဲ့သည့် အကြောင်းမှာ သာမန်လူတို့နှစ်သက်ဖွယ်ရာအကြောင်းအချက်များပါဝင်သောကြောင့်ပင် ဖြစ်ဟန်ရှိပါသည်။ ဗုဒ္ဓအမိတာဘနှင့် သုခဝတီအနောက်နိဗ္ဗာန်ပြည်အကြောင်းရေးသားထားသော သုဆတီဗျူဟကျမ်းဟူ၍ သက္ကတဘာသာဖြင့် ယခုအခါကျမ်းနှစ်စောင်ရှိပါသည်။ ဤသုခဝတီဗျူဟကျမ်းများတွင် ကောင်းမှုကိုသိုလ်ကိုများစွာ ပြုလုပ်သူ၊ သဗ္ဗညုဉာဏ်တော်ကို မှန်းဆ၍အာရုံပြုသူ၊ သေခါနီးတွင် ဗုဒ္ဓအမိတာဘကိုသတိရအောက်မေ့သူတို့သည် သုခဝတီရွှေပြည်တော်သို့ ရောက်ကြကြောင်း ရေးသားထားပါသည်။

သုခဝတီရွှေပြည်တော်တွင် လူဖြစ်လာကြရသောသူများသည် ကိုယ်အရေအဆင်းအားဖြင့်လည်း အလှအပ အတင့်အတယ်ဆုံး၊ စိတ်နေစိတ်ထားအားဖြင့်လည်း အဖြူစင်အဖြောင့်မတ်ဆုံးဖြစ်ကြကုန်၍ စိတ်ကူးတွင်ပေါ်လာသမျှ ပျော်မွေ့ဘွယ်ရာမျိုးစုံကိုလည်း ခံစားပျော်မွေ့နိုင်ကြကုန်၏။ လူနှင့်နတ်ဟူ၍ အထူးအခြားမရှိကြကုန်။ နေ့ဟူ၍လည်းကောင်း၊ ညဟူ၍လည်းကောင်းမရှိ၊ မည်သည့်အခါမျှ မှောင်မိုက်သည်ဟူ၍မရှိ။ ဤရွှေပြည်တော်တွင် ဗုဒ္ဓအမိတာဘကို ရိုသေမြတ်နိုးအမြဲတမ်းသတိရနေသော အပြုအမူဟူသမျှကို ကောင်းမွန်နေစေသော ဉာဏ်အလင်းရရှိရေးအတွက်သာ မိမိစိတ်ကိုစေ့ဆော်တိုက်တွန်းနေသော ဤသုခဝတီရွှေပြည်တော်တွင် လူပြန်ဖြစ်လာရေးအတွက် လေးလေးနက်နက်ဆုတောင်းသော မည်သူမဆိုန စုတေ့မနေ သေလွန်ခါနီးသောအခါ ဗုဒ္ဓအမိတာဘသည် ရှေ့မှောက်သို့ရောက်လာမြဲဖြစ်၍ ဤရွှေပြည်တော်တွင် တဖန်ပြန်၍ လူဖြစ်လာကြရကုန်၏။

သုခဝတီရွှေပြည်တော်ကြီးတွင် ဖြစ်လာကြကုန်သောသူတို့တွင် မိန်းမဟူ၍မရှိကြ။ ဗုဒ္ဓအမိတာဘ၌ လေးနက်စွာ ယုံကြည်၍ ဖြစ်လာသူတို့သည် ကြာပွင့်များပေါ်တွင်ထိုင်လျက်သား ပေါ်ပေါက်ဖွားမြင်လာကြ၍၊ လေးနက်စွာ ယုံကြည်မှုမရှိသောသူတို့သည်ကား ကြာပွင့်ချိုင့်ခွက်ထဲတွင် ဖြစ်လာကြရကုန်၏။ ဤမင်္ဂလာရွှေပြည်တော်ကြီးတွင် ဖြစ်လာကြရသော သူတို့သည် ပျော်ရွှင်ခြင်း၊ ငြိမ်သက်ချမ်းမြေ့ခြင်း၊ ချွတ်ချော်တိမ်းပါးမှုမရှိသော ပညာ၊ အကုသိုလ်ဟူသမျှ ကင်းခြင်းတို့နှင့် ပြည့်စုံကြကုန်၏။

ဤရွှေပြည်တော်ကြီး၌ မပြတ်မွှေးကြိုင်သော ရနံ့တို့ဖြင့် လှိုင်၍နေ၏။ အရောင်အမျိုးမျိုးရာထောင်မက ကွဲပြားဆန်းကြယ်၍နေသော ရတနာသစ်ပင်များနှင့် အံ့သြဘွယ်လှပလန်းဆန်းနေသော ကြာများသည်လည်း ပေါက်နေကြကုန်၏။ တောင်ဟူ၍မရှိပဲ မြေမျက်နှာပြင်သည် လက်ဝါးပြင်ကဲ့သို့ညီညာ၏။ လှပတင့်တယ်သော မြစ်များတွင် ကြည်လင်ချိုအေးသောရေများသည် တသွင်သွင်စီးဆင်းလျှက်ရှိကြရာ၊ ငှင်းရေစီးသံများသည် သာယာနာပျော်ဘွယ်အရှိဆုံး တူရိယာသံများဖြစ်ကုန်၏။

သုခဝတီဗျူဟကျမ်းတွင် ဖော်ပြထားသောဗုဒ္ဓအမိတာဘအား ယုံကြည်ကိုးကွယ်မှုနှင့် သုခဝတီရွှေပြည်တော်ကြီးသည်ကား ထေရဝါဒသာသနာထက်ပင် ပို၍လူအများ၏စိတ်ကိုဆွဲဆောင်နိုင်သည့် အခြေအနေကို တွေ့မြင်ရပေသည်။ ဗုဒ္ဓအမိတာဘအား ဖူးမျှော်လိုမှုသုခဝတီရွှေပြည်တော်၏ သာယာပုံတို့နှင့် ၊ ထေရဝါဒကဲ့သို့ တင်းကြပ်သော ပညတ်ချက်များမပါဝင်ပဲ၊ လွယ်လွယ်နှင့်ပင် ဉာဏ်အလင်းကို ရရှိသည်ဟု ဖော်ပြချက်တို့သည်ကား မဟာယနကိုပို၍ လူကြိုက်များသောဂိုဏ်းဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်ပေသည်။

အာသံ၊ စစ်တကောင်း၊ ရခိုင်၊ မြန်မာပြည်အောက်ပိုင်းဒေသများကို တိဗက်ရာဇဝင်ဆရာ တာရာနာထက ကိုကိတိုင်းပြည်များဟုဆိုခဲ့၏။ ဒေါက်တာရေးက ဤတိုင်းစပြည်များတွင် အသောကမင်းလက်ထက်မှစ၍ ထေရဝါဒသာသနာထွန်းကားနေခဲ့ပြီး၊ ဝသုဗန္ဓု၏တပည့်များရောက်ရှိ သာသနာပြုချိန်မှစ၍ မဟာယနသာသနာထွန်းကားလာသည်။ ဓမ္မပါလ၏ခေတ်မှစ၍ မဟာယနဝါဒီများစွာရှိသည်။ အထူးသဖြင့် သေနမင်း(၄)ဆက်ခန့်အတွင်း၌၊ မဂဓတိုင်းတွင်ရောက်ရှိနေသော၊ သာသနာ့ဝန်ထမ်းများ၏ ထက်ဝက်မှာ ဤတိုင်းပြည်များမှဖြစ်၏။ ဤတိုင်းပြည်များတွင် ထေရဝါဒနှင့် မဟာယနဝါဒယှဉ်၍ထွန်းကားနေခဲ့၏။ အဘယကာယမင်းလက်ထက်မှစ၍ မဟာယနတို့ ပို၍လွှမ်းမိုးလာ၏။ မဂဓတိုင်းအား တုရုရှသိမ်းပိုက်ချိန်မှစ၍ မဇ္ဈိမဒေသမှ ပညာရှင်အများအပြားသည် ဤတိုင်းပြည်များသို့ရောက်ရှိခဲ့ပြီးနောက် မဟာယနဗုဒ္ဓသာသနာထွန်းကားမှု ပိုမိုကျယ်ပြန့်လာခဲ့သည်ဟု ဆိုပါသည်။

ပါလမင်းများအားပေးခဲ့သော မဟာယနဗုဒ္ဓသာသနာသည် ပါလမင်းတို့ ဘုန်းတန်ခိုးကြီးမားချိန်၌လည်း စစ်တကောင်းဒေသသို့ရောက်ရှိခဲ့၏။ စစ်တကောင်းဒေသအားလက်အောက်ခံအဖြစ် သိမ်းသွင်းထားခဲ့သော ရခိုင်ပြည်စန္ဒြမင်းများ(အေဒီ–၇၈၈မှ ၉၅၇)သည်လည်း မဟာယနဗုဒ္ဓဘာသာဝင်များဖြစ်ကြပေမည်ဟု ဒေါက်တာကနန်ဂိုက ဆိုပါသည်။ ဤအတိုင်းမှန်ပါက မဟာယန ဗုဒ္ဓသာသနာသည် အေဒီ–၁၀ရာစုတိုင် ထေရဝါဒနှင့်ယှဉ်၍ရခိုင်ပြည်တွင် ထွန်းကားခဲ့သည်ဟု မှန်းဆပါသည်။

ဗုဒ္ဓအမိတာဘ ကိုးကွယ်ယုံကြည်မှုသည် ရခိုင်ပြည်သို့ပျံ့နှံ့လာခဲ့ဘူးသော်လည်း၊ သဗ္ဗတ္ထိဝါဒ၊ မဟာယနသံဃိက တို့ကဲ့သို့ ခေတ်ဦးမဟာယနဝါဒလောက် ကျယ်ပြန့်၊ ကြာရှည်စွာတည်တံ့ခဲ့ဟန်မတူပေ။ ဗုဒ္ဓအမိတာဘ

ယုံကြည်မှုသည် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသများမှ ဝင်ရောက်လသော အင်ဒိုမွန်ဂိုလွိုက်တို့နှင့်အတူရောက်ရှိလာပြီး၊ ဗုဒ္ဓအမိတာဘ၏ဆင်းတုတော်ကြေးသွန်းအနုပညာ အဆင့်အတန်းမြင့်မားခဲ့သည်ကို တွေ့ရပါသည်။ ဤကြေးသွန်းဆင်းတုတော်များကို အင်ဒိုမွန်ဂိုလွိုက်တို့ကိုယ်တိုင် သွန်းလုပ်ခဲ့ခြင်းဖြစ်ပေမည်။ အင်ဒိုအာရိယန်တို့၏ ယဉ်ကျေးမှုလွှမ်းမိုးခဲ့ရသည့် မွန်ဂိုလွိုက်တို့ သွန်းလုပ်ခဲ့ကြသည်ဆိုခြင်းကို၊ ဗုဒ္ဓအမိတာဘ၏ တန်ဆာဆင်မှုမျိုးဖြင့် တန်ဆာဆင်ထားသော်လည်း ဆင်းတုတော်များ၏ မျက်နှာဟန်မှာ မွန်ဂိုလွိုက်တို့၏မျက်နှာဟန်ပေါက်နေခြင်းက သက်သေခံနေပေသည်။

ဗုဒ္ဓအမိတာဘ သက်ဝင်ယုံကြည်မှုသည် ဝေသာလီရွှေနန်းတော်ထိပေါက်ရောက်နိုင်ခဲ့သော်လည်း၊ အခြေခိုင်မာပြီးဖြစ်သော ထေရဝါဒသာသနာတော်ကြောင့် ကာလကြာရှည်ထွန်းကားခဲ့ဟန် မရှိချေ။ မဟာယနဗုဒ္ဓသာသနာ ရခိုင်ပြည်သို့ မပြန့်ပွားခဲ့ပဲ ထေရဝါဒ သာသနာသာလျှင်တည်ရှိနေခဲ့မည်ဆိုလျှင်သီရိစန္ဒြမင်းကြီးသည်သီဟိုဠ်မှသံဃာတော်(၁၀၀၀)ပင့်၍ သံဃာယနာတင်စရာအကြောင်းလည်းရှိမည်မဟုတ်ချေ။ မဟာယန ဗုဒ္ဓသာသနာသည် သီရိစန္ဒြမင်း၏ သင်္ဂါယနာတင်ပွဲနောက်ပိုင်းတွင်မှ ရခိုင်ပြည်တွင် တစတစတိမ်ကောလာဟန် ရှိပါသည်။


ကျမ်းကိုး

| | | |
|---|---|---|
| (၁) | မောင်အုံ | ဗုဒ္ဓသာသနာတော် ၂၅၀၀ခရီး(ပတွဲ) |
| (၂) | ရှင်ဇာဂရာဘိဝံသ(ပြန်) | အိန္ဒိယစာပေသမိုင်း(ဗုဒ္ဓစာပေကဏ္ဍ) |
| (၃) | ငြိမ်းကျော် | ငွေတောင် |
| (၄) | P.Gutman | Ancient Arakan |
| (၅) | N.R.Ray | Sankrit Buddhism in Burma |
| (၆) | S.B. Qanuango | A History of Chittagong |
| (၇) | E.H. Johnston | Some Sankrit Inseriptions in Arakan |
| (၈) | San Tha Aung | The Buddhist Art of Ancient Arakan |


## ဝေသာလီစန္ဒြမင်းများ၏ ဘာသာရေးကိုးကွယ်ယုံကြည်မှု

၂၀၀၀–ပြည့်နှစ်၊ ဇူလိုင်လထုတ် "ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း"(အတွဲ၁၆၊အမှတ်–၇)တွင် ဒေါက်တာသန်းထွန်း၏ "ရခိုင်မြောက်ဦးရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာ"ဆောင်းပါးကိုဖတ်ရပါသည်။ ဆရာကြီး၏ရေးသားချက်တွင် ကျောက်စာရေးထိုးနှစ်၊ အက္ခရာအရေးအသား၊ မင်းဆက်၊ နန်းတက်၊ သက္ကရာဇ်စသည်တို့နှင့် ပတ်သက်၍ ရှေးသုတေသီများ၏ဖော်ပြချက်အတိုင်းပင် တွေ့ရပါသည်။

၂၀၀၀–ပြည့်နှစ်၊ ဩဂုတ်လ "ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း"(အတွဲ–၁၆၊အမှတ်–၈)တွင် တဖန် ဆရာကြီးပင်ရေးသားသော "အာနန္ဒစန္ဒြကျောက်စာအကဲဖြတ်"ဆောင်းပါးကို ဖတ်ရပါသည်။ ဆရာကြီး၏ရေးသားချက်တွင် 'ဒွင်စန္ဒြ'မင်းကြီးစတင်တည်ထောင်အုပ်စိုးသော ခရစ်နှစ်–၃၇၀မှစ၍ ရခိုင်ဝေသာလီမြို့တွင် ခရစ်နှစ်၆၀၀ထိ နန်းစံခဲ့သော 'ဓွတိ'စန္ဒြမင်းအထိ ဝေသာလီပထမမင်းဆက်ကို မင်းအမည်၊ နန်းတက်ခုနှစ်။ နန်းစံနှစ်များကို ဖော်ပြပြီး "ဒီမင်းတွေဟာ ဗြဟ္မဏအယူရှိတယ်၊ သီဝကိုဏ်းဖြစ်မယ်ထင်တယ်။ ဆူပူလှုပ်ရှားမှုတွေကြောင့် တိုင်းပြည်ပျက်ပြီး မြို့သစ်၊ မင်းဆက်သစ်စရပါတယ်"ဟု အကဲဖြတ်ထားသည်ကို တွေ့ရပါသည်။

ဆရာကြီး၏အထက်ပါ အကဲဖြတ်ချက်နှင့် စပ်လျဉ်း၍ပြန်လည်၍ တင်ပြဖွယ်ရှိနေပါသည်။ ဆရာကြီးနှင့် တကွ ရှေးသုတေသီများက ရခိုင်ဝေသာလီမြို့တော်ကို ခရစ်နှစ်–၃၇၀တွင် "ဒွင်စန္ဒြ"မင်းကြီး စတင်တည်ထောင်နန်းစံခဲ့ပြီး ဝေသာလီပထမမင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော "ဒွတိစန္ဒြ"မင်းသည် ခရစ်နှစ်၆၀၀–တွင် နန်းစံ

သည်ဟု ဆိုကြပါသည်။ ဤမင်းဆက်တွင် မင်း(၁၃)ပါးပါဝင်ပြီး ၎င်းတို့၏အမည်နှင့် နန်းတက်သက္ကရာဇ်များမှာ ဗြဟ္မဏင်စန္ဒြ”(ခရစ်–၃၇၀)၊ “ရာဇစန္ဒြ”(ခရစ်–၄၂၅)။“ကာလစန္ဒြ”(ခရစ်–၄၄၅)“ဒေဝစန္ဒြ”(ခရစ်–၄၅၄)၊ “ယဠစန္ဒြ”(ခရစ်–၄၇၆)“စန္ဒြဗန္ဓု”(ခရစ်–၄၈၃)၊ “ဘူမိစန္ဒြ”(ခရစ်–၄၈၉)၊“ဘူတိစန္ဒြ”(ခရစ်–၄၉၆)၊“နီတိစန္ဒြ”(ခရစ်–၅၂၀)၊ “ဝီရစန္ဒြ”(ခရစ်–၅၇၅)၊ “ပြီတိစန္ဒြ”(ခရစ်–၅၇၈)၊“ပြတိစန္ဒြ”(ခရစ်–၅၉၀)၊“ဓွတိစန္ဒြ”(ခရစ်–၅၉၇)ဟူ၍ ဖြစ်ပါသည်။(ကိုးကား–၂၊ စာ–၁၅၉)။

ဤမင်းဆက်မတိုင်မီ ခရစ်နှစ်၃၇၀–မတိုင်မီမင်းများ၏ ဂုဏ်ပုဒ်များတွင် ဆရာကြီး၏ဖော်ပြချက်များတွင် ပါဝင်သည့် “သူတော်ကောင်းအပေါင်းတို့ နှစ်လိုသောမင်း”၊ “ပေးကမ်းရက်ရောသောမင်း”၊ “သာသနာရေးတွင် မွေ့လျော်သောမင်း”၊ “သာသနာကိုအစဉ်တစိုက်ချီးမြှောက်သောမင်း”၊ “သာသနာ့အတိုင်းအုပ်စိုးသောမင်း”၊ “ပေးကမ်းစွန့်ကြဲရာ၌မရောင်ရဲနိုင်သောမင်း (ကိုး–၁။စာ–၉၂။၉၃)စသည်ဖော်ပြချက်များသည် ဗုဒ္ဓဘာသာမင်းကောင်း မင်းမြတ်များ၏လက္ခဏာများပင်ဖြစ်ပါသည်။ ဦးစံသာအောင်၏ အာနန္ဒစန္ဒြကျောက်စာမြန်မာပြန်ဆိုချက်တွင်လည်း“သူတော်စင်ဟု သမုတ်ထိုက်သော”(ကိုးကား– ၊စာ–၉၇)၊“အလှူဒါနကိုအထူးထူးအပြားပြားအားဖြင့် ပေးလှူကာ” (ကိုးကား–၂၊စာ–၉၈)၊ “သီလမြဲခြင်း”(ကိုးကား ၊ စာ–၉၉)။“အလှူဒါနများစွာပြုလုပ်လျှင်” (ကိုးကား–၂၊စာ–၁၀၀)။ ဟူ၍ဗုဒ္ဓဘာသာမင်းများ၏ ကောင်းမြတ်သောလက္ခဏာများကို တွေ့ရပါသည်။ ဆရာကြီးနှစ်ဦး ဘာသာပြန်ဆိုချက်များသည် စကားအားဖြင့်ကွဲပြားနေသော်လည်း ဆိုလိုချက်မှာအတူတူပင်ဖြစ်ပါသည်။ ဤအချက်များကို ဖော်ပြပြီးနောက်ဆရာကြီးက“အဲဒါတွေဟာ ရှင်ဘုရင်တိုင်းမှာရှိအပ်တဲ့ အရည်အချင်းတွေပဲ”ဟု (ကိုးကား–၁။စာ–၉၂/၉၃)အကဲဖြတ်ပါသည်။ ဗုဒ္ဓဘာသာဝင်မင်းများဟု မဆိုပါ။

ယင်းနောက် ဝေသာလီတွင်စိုးစံခဲ့ကြသည့် ‘ဒွင်စန္ဒြ’မှ ဓွတိစန္ဒြထိ’(ခရစ်–၃၇၀မှ ၆၀၀ထိ) မင်းဆက်ကို ဗြဟ္မဏအယူရှိသော မင်းများအဖြစ် အကဲဖြတ်ပါသည်။ ဤမင်းဆက်ပါ ဝေသာလီစန္ဒြမင်းများ၏ဂုဏ်ပုဒ်များကို ကျောက်စာမြန်မာပြန်တွင် လေ့လာကြည့်သောအခါ “ဒွင်စန္ဒြမင်း”၏ ဂုဏ်ပုဒ်ကို“ကုသိုလ်ကောင်းမှုပြုခြင်း” (ကိုးကား–၂။စာ–၁၀၆)။ “ဘူမိစန္ဒြ”မင်း၏ ဂုဏ်ပုဒ်ကို “ကုသိုလ်ကောင်းမှုကံကြောင့် (ကိုးကား–၂။စာ–၁၁၃)။ “ပြထွီစန္ဒြမင်း”၏ ဂုဏ်ပုဒ်ကို “တရားတော်ကိုအမြဲလိုက်နာကျင့်သုံးလေ့ရှိသော” (ကိုးကား–၂၊စာ–၁၁၇)ဟူ၍ ဗုဒ္ဓဘာသာဝင်တို့၏ လက္ခဏာများဖြင့်ဖော်ပြဝိသေသပြုထားသည်ကိုတွေ့ရပါသည်။

ဤမင်းဆက်ပါမင်းများသည် ဆရာကြီးအကဲဖြတ်ထားသကဲ့သို့ ဗြဟ္မဏအယူရှိသူများမဟုတ်ကြသည့် သက်သေအထောက်အထားများရှိကြပါသည်။ ကျောက်စာ၌ ဤမင်းဆက်အဆုံးတွင် “သီဝနတ်မင်းအနွယ်မှ ဆင်းသက်လာခဲ့ကြသော . . . မင်း(၁၆)ပါး”ဟုပါဝင်နေသည့်အတွက် ဆရာကြီးက “သီဝဂိုဏ်းဖြစ်မယ်ထင်တယ်”ဟု အကဲဖြတ်လိုက်ခြင်းဖြစ်ဟန်တူပါသည်။ ရခိုင်ဒေသသည် အိန္ဒိယယဉ်ကျေးမှုလွှမ်းမိုးရာဒေသဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် အာရိယန်မျိုးနွယ်မှ ဆင်းသက်ခဲ့သည် ဗုဒ္ဓဘာသာဝင်မင်းများသည်လည်းကောင်း၊ အင်ဒိုမွန်ဂိုလိုက်နွယ်ဝင်မင်းများသည်လည်းကောင်း၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြလင့်ကစား အာရိယန်ယဉ်ကျေးမှု၊ ယုံကြည်မှုဖြစ်သော “သီဝနတ်မင်းအနွယ်မှ ဆင်းသက်လာသည်”ဟူသော ယုံကြည်မှုရှိခဲ့ကြသည့် အထောက်အထားများရှိပါသည်။ အဆိုပါမင်းများ ခပ်နှိပ်ခဲ့သည့်ဒင်္ဂါးများ တည်ဆောက်ခဲ့ကြသည့် သာသနိကအဆောက်အဦးများတွင်ပင် အာရိယန်ယုံကြည်မှုလက္ခဏာအစွန်းအစများကို သက်သေအထောက်အထားများအဖြစ် တွေ့ရပါသည်။

အာရိယန်ယဉ်ကျေးမှုနှင့် ဗုဒ္ဓယဉ်ကျေးမှုရောထွေးထွန်းကားခဲ့သည့် ရခိုင်ဝေသာလီခေတ်တွင်လည်း စန္ဒြမင်းများသည် ယင်းကဲ့သို့ လက်ခံရေးသားခဲ့ကြခြင်းဖြစ်နိုင်လေသည်။

## (ပုံ)နီတိစန္ဒြမင်းမိဖုရားကျောက်စာ

ယခုတင်ပြထားသောကျောက်စာသည် ရခိုင်ဝေသာလီတွင် ခရစ်နှစ် ၅၂၀–မှ ၅၇၅–ထိစိုးစံခဲ့သည့် နီတိစန္ဒြမင်း၏မိဖုရား“သာဝီတာစန္ဒြ ယာ” ရေးထိုးခဲ့သည့် ကျောက်စာဖြစ်ပါသည်။ (ဤကျောက်စာကို ကိုးကား–၃မှ ပုံ–၁၅ကို ကူးယူဖော်ပြခြင်းဖြစ်ပါသည်။) ခရစ်နှစ် ၆–ရာစုအတွင်းစက ဂုပ္ပတအက္ခရာဖြင့် ရေးထိုးထားသော

ကျောက်စာဖြစ်ပါသည်။ ပါဠိအနည်းငယ်ရောနှောနေသော သက္ကတဘာသာဖြင့် ရေးထိုးထားပါသည်။ ဤကျောက်စာတွင် ဗုဒ္ဓသာသနာတော်၏အနှစ်ချုပ်၊ သစ္စာလေးပါးတရားတော်၏အနှစ်ချုပ်ဖြစ်သော "ယေဓမ္မာဂါထာ" တော်ကို ထည့်သွင်းရေးထိုးထားပါသည်။ ကျောက်စာမြန်မာပြန်အပြည့်အစုံမှာ–

"မြတ်စွာဘုရားသည် ရှေးကပြုခဲ့ဖူးသော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာကုန်သော အကျိုးတရားတို့ကို ဟောတော်၏။ ထိုအကြောင်းအကျိုးတရားတို့၏ ချုပ်ငြိမ်းရာတရားကိုလည်း ဟောတော်မူ၏။

ဤ(စေတီတော်)သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသောနီတိစန္ဒြမင်း၏ သာဝီတာစန္ဒြယာအမည်ရှိ မိဖုရား၏ဒေယျဓမ္မဒါတဗ္ဗအလှူတော်ဖြစ်၏။ ထိုမိဖုရားသည် မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်း ပြည့်စုံသော ဒါယိကာမဖြစ်သည့်အလျှောက် သတ္တဝါအပေါင်းတို့သည် အမြတ်ဆုံးသော (အသိဉာဏ်တရားကို) ရကြစေခြင်းအကျိုးငှာ ဤအလှူကိုပြုလုပ်လှူဒါန်းတော်မူသည်"ဟု ဖြစ်ပါသည်။(ကိုးကား–၃၊စာ–၁၀၃) (ကိုးကား–၄၊စာ–၂၀)(ကိုးကား–၅။စာ–၃၅၇/၈)။ (ကိုးကား–၇၊စာ–၈၄)။

အခြားတင်ပြလိုသည်မှာ ဤဝေသာလီစန္ဒြမင်းဆက်တွင် ပါဝင်ပြီး ရခိုင်ဝေသာလီတွင်(ခရစ်နှစ်–၅၇၅မှ ၅၇၈ထိ)စိုးစံခဲ့သည့် ဝီရစန္ဒြမင်းရေးထိုးခဲ့သောကျောက်စာဖြစ်ပါသည်။ ဤကျောက်စာကို ဝေသာလီမြို့ဟောင်းအနီး သင်းချပ်တော်တောင်၊ အာနန္ဒစန္ဒြစေတီမှ ရရှိခြင်းဖြစ်ပါသည်။ ဂုပ္ပတအက္ခရာဖြင့် ရေးထိုးထားပြီး ပါဠိရောနှောနေသော သက္ကတဘာသာဖြစ်ပါသည်။

## (ပုံ) ဝီရစန္ဒြမင်းကျောက်စာ

(ဤကျောက်စာကို ကိုးကား–၃၊ ပုံ –၁၆မှ ကူးယူဖော်ပြခြင်းဖြစ်ပါသည်)

ဤကျောက်စာ မြန်မာပြန်အပြည့်အစုံမှ

"ဓမ္မနသမေန၊ တရားသဖြင့် ထီးနန်းကိုဆက်ခံစိုးစံသော သူတစ်ပါး၏ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ရန် ရည်သန်လျက်ရှိသော သီရိဝီရစန္ဒြဒေဝမင်းသည် မိမိပိုင်ငွေကြေးတို့ကို အကုန်အကျခံ၍ သစ္စာတရားကို သက်ဝင်ယုံကြည်သည့်အလျောက် ကမ္ဘာ၏အဆင်တန်ဆာဖြစ်သော စေတီတော်အဆူပေါင်းတစ်ရာကို တည်ဆောက်တော်မူသည်။(ကိုးကား–၃။စာ–၁၀၄)၊ (ကိုးကား–၄၊စာ–၂၀)၊ (ကိုးကား–၆။စာ–၁၀၉)၊ (ကိုးကား–၇၊စာ–၈၄)။

အခြားတစ်ခုတင်ပြလိုသည်မှာ "ဝေသာလီဘုရားကြီးကုန်း ကျောက်စေတီမှ ကျောက်စာဖြစ်ပါသည်။ ဝေသာလီမင်းတစ်ပါးတည်ထားခဲ့သည့် ကျောက်စေတီပျက်တစ်ဆူမှ ထွက်ကျလာသောကျောက်စာဖြစ်ပါသည်။ ဂုပ္ပတအက္ခရာကို အသုံးပြု၍ ပါဠိဘာသာသက်သက်ဖြင့် ရေးထိုးထားပါသည်။ စာကြောင်းရေ ၄ကြောင်းပါရှိပါသည်။

## (ပုံ) ဝေသာလီဘုရားကြီးကုန်းကျောက်စာ

(ဤကျောက်စာကို ကိုးကား–၃။ပုံ–၂၂ကို ကူးယူဖော်ပြခြင်းဖြစ်ပါသည်)

ရေးထိုးထားသောအကြောင်းအရာမှာ "ယေဓမ္မာဂါထာ"ပင်ဖြစ်ပါသည်။(ကိုးကား–၃၊ စာ–၁၁၆)ဤယေဓမ္မာဂါထာတော်သည် ထေရဝါဒဝိနယကျမ်းတွင် ပါဠိဘာသာနှင့် တွေ့ရှိရသကဲ့သို့ မဟာယနဝိနယကျမ်းဖြစ်သော မဟာဝတ္ထုအဝါဒါနကျမ်းတွင် သက္ကတဘာသာဖြင့် ပါရှိပါသည်။ ရခိုင်တွင်တွေ့ရသော သက္ကတဘာသာရေးကျောက်စာကို ထောက်ထား၍ဝေသာလီခေတ်တွင် ထေရဝါဒနှင့် မဟာယန(သို့မဟုတ်) သက္ကတဗုဒ္ဓဘာသာလည်း ထွန်းကားခဲ့ဖူးသည်ဟု အခိုက်အတန့်အားဖြင့် ယူဆရပါသည်။

အထက်တွင်ဖော်ပြခဲ့သော ဝေသာလီနီတိစန္ဒြမင်း၏ မိဖုရားကျောက်စာ ဝီရစန္ဒြမင်းကျောက်စာနှင့် ဝေသာလီမင်းတစ်ပါးတည်ထားခဲ့သည့် ကျောက်စေတီမှ ကျောက်စာများအထောက်အထားအားဖြင့် ရခိုင်ဝေသာလီတွင် ခရစ်နှစ် ၃၇၀–မှ ၆၀၀ထိနန်းစံခဲ့ကြသည့် စန္ဒြမင်းများသည် ဗြဟ္မဏအယူရှိသူများမဟုတ်ဘဲ ဗုဒ္ဓဘာသာဝင်မင်းများသာ ဖြစ်သည်ဟု တင်ပြလိုပါသည်။

အခြားတင်ပြလိုသည့်အချက်မှာ"ဆူပူလှုပ်ရှားမှုတွေကြောင့် တိုင်းပြည်ပျက်ပြီး၊ မြို့သစ်မင်းသစ်စရပါတယ်"

ဟူသောအချက်ဖြစ်ပါသည်။ ကျောက်စာတွင် ခရစ်နှစ်၆၀၀တွင် "မဟာဝီရ"နန်းတက်သည့်ကိစ္စနှင့် ပတ်သက်၍ "ထို့နောက်ပူရေပူရမှလူတို့၏အရှင်မင်းမဟာဝီရသည် တရားတော်နှင့် အညီ ၁၂–နှစ်တိုင်အောင်မင်းပြုလေ၏။ ဟု(ကိုးကား–၂။စာ–၁၂၀)ဖော်ပြထားပါသည်။ မဟာဝီရမင်းသည် ပူရေပူရမှ ဝေသာလီကိုလာရောက်တိုက်ခိုက် သိမ်းယူနန်းယူသည်ဖြစ်၍ ဆူပူလူပ်ရှားမှုဖြစ်သည်မှတ်ယူနိုင်ပါသည်။ မဟာဝီရသည် မင်းမျိုးရိုးမဟုတ်သဖြင့် မင်းသစ် စရသည့်အထောက်အထားသဲလွန်စမရှိပါ။ မတွေ့ပါ။ ကျောက်စာအထောက်အထားအရဆိုလျှင် မဟာဝီရသည် ဝေသာလီ၌ပင် နန်းစံခဲ့သည်ဟု ယူဆပါသည်။ မြို့သစ်တည်သောအထောက်အထားမတွေ့ပါ။ ထို့ကြောင့် မဟာဝီရမှ အစပြုသော မင်းဆက်သည်လည်း ဝေသာလီတွင် စိုးစံခဲ့သောမင်းဆက်ဖြစ်သည်ဟု တင်ပြအပ်ပါသည်။

**ကိုးကားသောစာအုပ်များ**


(၁) ဒေါက်တာသန်းထွန်း — "အာနန္ဒစန္ဒြကျောက်စာအကဲဖြတ်" (ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၂၀၀၀–ခုနှစ်၊ ဩဂုတ်လ)

(၂) စံသာအောင် — "အာနန္ဒစန္ဒြ"(ရှစ်ရာစုရခိုင်ဝေသာလီမင်း) အထက်တန်းပညာဦးစီးဌာန၊ ရန်ကုန်–၁၉၇၅)

(၃) စံသာအောင် — "အေဒီ ၆–ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ (ဥမ္မာအောင်စာပေ၊ အင်းစိန်၊ နိုဝင်ဘာ ၁၉၇၄)

(၄) ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန် နှစ်ချုပ်အစီရင်ခံစာ(၁၉၅၆/၅၇ ခုနှစ်)

(၅) JOHNSTON E.H — Sanskrit Inscri ptions of Arakar (B.S.O.A.S, XI.II. 357-385)

(၆) SIRCAR DC — Inscription of Chandars of Arakar(Ephigraphia India.xxxii,iii. July 1957-pp103-109)

(၇) PAMELA Gutman — Ancient Arakar (Ph-D Thesis, Australlian National University-1976)


## ဝေသာလီခေတ် ရခိုင်ပြည်ဗုဒ္ဓသာသနာစစ်တမ်း

ရခိုင်ရာဇဝင်စာပေသည် ဝေသာလီခေတ် အာနန္ဒစန္ဒြကျောက်စာကြောင့်သာလျှင် စာပေအလင်းရောင်ခေတ်သို့ရောက်ရှိခဲ့ရသည်ဟူသော ယူဆချက်ကို လေ့လာသုံးသပ်ရန် ကျွန်ုပ်တို့လက်မနှေးခဲ့ပေ။ အမှန်လည်းတွေ့ရှိရသမျှသော ရခိုင်ရာဇဝင်ကျမ်းစာများကို ညှိနှိုင်း၍ မှုန်ဝါးဝါးဖြစ်နေသော ရခိုင်ရာဇဝင်သည် အာနန္ဒာစန္ဒြားကျောက်စာကြောင့်သာလျှင် အတော်ပီပြင်ကြည်လင်သော အခြေအနေသို့ ရောက်ရှိနိုင်ခဲ့ပေသည်။ ရာဇဝင်လာအဆိုများ၊ ကျောက်စာပါအချက်အလက်များ၊ တွေ့ရှိသမျှဒင်္ဂါးများကို တိုက်ဆိုင်ညှိနှိုင်းခြင်းဖြင့် ရခိုင်ရာဇဝင်သည် အတော်ပီပြင်နေပြီဟု ဆိုရမည်ဖြစ်ပေသည်။ သုတေသီတို့ ဟိုတစ်စသည်တစ်စ ကောက်ယူရရှိသော ကျောက်စာအကျိုးအပဲ့တို့ကို ကောက်ယူဆက်စပ်ကြည့်ခြင်းဖြင့် ရာဇဝင်ရုပ်လုံးသည် တဖြည်းဖြည်း ထင်ပေါ်လာနေပြီ ဖြစ်ပါသည်။

သို့သော်ပြဿနာကား ကျန်ရှိနေဆဲပင်ဖြစ်ပါသည်။ ရှေးဟောင်းခေတ်ကို လေ့လာလျှင် သုတေသီတို့သည် ယဉ်ကျေးမှုကို ဦးစားပေးလေ့လာလေ့ရှိကြ၏။ ယဉ်ကျေးမှုကိုလေ့လာသောအခါ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာယဉ်ကျေးမှုသည် ချန်ထား၍မရနိုင်လောက်အောင် ဆက်စပ်နေရကား ဝေသာလီယဉ်ကျေးမှုကိုလေ့လာလျှင် ဝေသာလီခေတ်ဘာသာရေးကို မလွှဲမရှောင်သာလေ့လာခဲ့ကြရ၏။ သို့ရာတွင် ဝေသာလီခေတ် ဘာသာရေးဆိုင်ရာ အယူအဆ၌ သုတေသီတို့ တစ်စိတ်တစ်ဝမ်းတည်းရှိနေပြီဟူ၍ကား မဆိုသာပေ။

ဤသို့အယူအဆကွဲပြားနေသောအခါ ဝေသာလီသမိုင်းပြုစုရေးအတွက် အခက်အခဲနှင့် ရင်ဆိုင်လာ၏။

သို့သော် ဤပြဿနာကား ဖြေရှင်း၍မရနိုင်ကောင်းသောပြဿနာမဟုတ်ပေ။ စာရေးသူအနေဖြင့် ဤပြဿနာကို ဖြေရှင်းလိုရင်းမဟုတ်ဘဲ သုတေသီတို့အတွက် အုတ်တစ်ချပ်သံတစ်ပွင့်မျှ ထောက်ကူလိုသောစေတနာဖြင့် တင်ပြခြင်းသာဖြစ်ပေသည်။

## သင်္ဂါယနာပွဲများ

ဂေါတမဗုဒ္ဓကို ဘီစီ၅၆၃–ခုနှစ်တွင် မွေးဖွားသည်။ အသက်၂၉နှစ်တွင် တောထွက်၍ ရဟန်းပြုသည်။ သက်တော်၃၅နှစ်တွင် ဗုဒ္ဓအဖြစ်ရောက်ရှိသည်။ ဘီစီ၄၃၈–ခု၊ သက်တော်၈၀–တွင် ပရိနိဗ္ဗာန်ပြုသည်ဟူသော ၏ Mde z-Wickremsingh ၏အဆိုပြုချက်ကို သုတေသီအများစုလက်ခံထားကြပြီးဖြစ်ပါသည်။

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် အိန္ဒိယမြေပေါ်တွင် ဗုဒ္ဓဝါဒဂိုဏ်းအသီးသီးသည် အကြိမ်ကြိမ်သင်္ဂါယနာတင်ခဲ့ကြ၏။ သို့သော်ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက်တွင် ကျင်းပသော ပထမသင်္ဂါယနာတင်ပွဲ၊ ကာလာသောကမင်းကြီးလက်ထက်တွင် ကျင်းပသော ဒုတိယသင်္ဂါယနာတင်ပွဲ၊ သီရိဓမ္မာသောကမင်းကြီးလက်ထက်ကျင်းပသော တတိယသင်္ဂါယနာတင်ပွဲများမှအပ အခြားအိန္ဒိယမြေပေါ်မှ သင်္ဂါယနာပွဲများကို ထေရဝါဒီတို့ အသိအမှတ် မပြုပေ။

ကနိဿျှမင်းကြီးလက်ထက် သင်္ဂါယနာတင်ပွဲမှာ သဗ္ဗတိကဝါဒဂိုဏ်း၏ သင်္ဂါယနာပွဲဖြစ်သည်။ သဗ္ဗတိကဂိုဏ်းသည် ဟိနယနဟု အမည်ခံခဲ့သော်လည်း နောက်ပိုင်းတွင် မဟာယနတို့၏လွှမ်းမိုးမှုကိုခံခဲ့ရ၏။ သင်္ဂါယနာသမိုင်းတွင် ဒုတိယသင်္ဂါယနာပွဲကပင် ထေရဝါဒ၊ သဗ္ဗတိကဝါဒနှင့် မဟာသံဃိကဝါဒဂိုဏ်းတို့ ကွဲပြားခဲ့ပြီးဖြစ်ပါသည်။ မဟာသံဃိကတို့သည် စင်ပြိုင်သင်္ဂါယနာပွဲများပင် ကျင်းပခဲ့ကြောင်း မဟာဝင်၊ ဒီပဝင်တို့ကဆိုပါသည်။

## မဟာယန၏အစ

ဒုတိယသင်္ဂါယနာပွဲတွင် ဖော်ပြပါအတိုင်း ဂိုဏ်းကွဲပြီးနောက် တတိယသင်္ဂါယနာတင်သည့် အာသောကမင်းကြီး ကွယ်လွန်ပြီးနောက် မောရိယအင်ပါယာကြီး ပြိုကွဲသွားသောအခါ အိန္ဒိယမြေပေါ်တွင် မဟာသံဃိကဂိုဏ်းနှင့် သဗ္ဗတိကဂိုဏ်းတို့ လွှမ်းမိုးခဲ့ပြီး ထေရဝါဒသာသနာပျောက်ကွယ်ခဲ့လေသည်။

ထေရဝါဒဂိုဏ်းမှာ အားနည်းသဖြင့် သီဟိုဠ်နိုင်ငံသို့ ဆုတ်ခွာခဲ့ရပေသည်။ သဗ္ဗတိကဂိုဏ်းသည် အစပိုင်းတွင် ဟိနယနဟုအမည်ခံခဲ့သော်လည်း အေဒီ ပထမရာစုတွင် စတုတ္ထသင်္ဂါယနာတင်ပြီးနောက် ကူရှန်မင်းတို့အင်အားမှေးမှိန်သွားသောအခါ မဟာသံဃိကဂိုဏ်း၏ လွှမ်းမိုးမှုကိုခံရပြီး အေဒီ–၄ရာစုတွင် မဟာယနအဖြစ်ပြောင်းလဲခဲ့ပေသည်။ ဤတွင် ဟိနယနအမည်ခံ သဗ္ဗတိကဝါဒနှင့် မဟာသံဃိကတို့၏အယူအဆသည်မည်မျှတူညီသည်ကို ဒေါက်တာဝင်တာနစ်က အောက်ပါအတိုင်းမှတ်ချက်ချထားခဲ့ပေသည်။

ဤအသစ်တည်ထွင်ခဲ့သော အတွေးအခေါ်နှင့် မဟာယနတို့၏ ကိုးကွယ်မှုဆိုင်ရာသည် ဟီနယနဂိုဏ်းအတွင်း အခြေတည်၍ ပြင်ဆင်မှုရှိပြီး ဖြစ်စေကာမူ ၎င်း၏တစ်ဆင့်ကိုးကွယ်မှုအောက်တွင် ဖြစ်ခဲ့ရ၏။ ထို့အတူပင် ၎င်း၏အဘိဓမ္မာပိုင်းဆိုင်ရာသည် ဗြဟ္မဏအဘိဓမ္မာ၏ဩဇာလွှမ်းမိုးမှုအောက်တွင် ဖြစ်ခဲ့ရ၏။ ထို့အတူပင် ၎င်း၏အဘိဓမ္မာပိုင်းဆိုင်ရာသည် ဗြဟ္မဏအဘိဓမ္မ၏ဩဇာလွှမ်းမိုးမှုအောက်တွင် ဟိနယနတရားတော်များကို သင့်တော်အောင်ပြုပြင်ထာရုံမျှသာဖြစ်၏။

ရှေးဟောင်းသဗ္ဗတိက ဝါဒဂိုဏ်း၏မဟာဝတ္ထုကျမ်းသည် ၎င်းကိုယ်တိုင်ပင်လျှင် မဟာသံဃိကတို့၏ကျမ်းနှင့် ညီညွတ်သောဝိနယကျမ်းစာဖြစ်ကြောင်းဆိုထား၏။ မဟာဝတ္ထုကျမ်းတွင် လိုရင်းအစိတ်အပိုင်းကြီးဖြစ်သော ဗုဒ္ဓ၏အတ္ထုပ္ပတ္တိသည် အံ့ဖွယ်သရဲများဖြင့် ဝေဆာစွာတန်ဆာဆင်ထားရကား မဟာသံဃိကတို့၏ တရားတော်နှင့် ထပ်တူဖြစ်နေ၏။

သဗ္ဗတိကဝါဒီတို့၏ ဗုဒ္ဓဘာသာသက္ကဋစာပေဟုဆိုရမည်ဖြစ်သော ဤစာပေစုများစွာသော အစိတ်အပိုင်း

တို့သည် မဟာယနစာသို့သော်လည်းကောင်း၊ မဟာယနသြဇာလွှမ်းမိုးမှုခံရသောစာပေများကိုလည်းကောင်း သက်ဝင်နေကြ၏။

အေဒီ ၃–ရာစုတွင် အိန္ဒိယတစ်နိုင်ငံလုံး မဟာသံဃိကခေါ် မဟာယနတို့လွှမ်းမိုးသည့် အခြေအနေကို အမရဝတီနှင့်နာဂဂျူနီကုဏ္ဍလကျောက်စာများမှတစ်ဆင့် သိရှိရပေသည်။ သဗ္ဗတိကဝါဒီဂိုဏ်းနှင့် မဟာသံဃိက ဂိုဏ်းတို့ကို ခေတ်ဦးမဟာယနဂိုဏ်းများအဖြစ် သတ်မှတ်ကြပြီး ယင်းခေတ်ဦးမဟာယနဝါဒသည် အေဒီ၇ရာစု တိုင် ထွန်းကားခဲ့ပြီးနောက်ပိုင်း၌ တန္တြ၊မန္တြများ၊ ဟိန္ဒူနတ်များ၊ ဗောဓိသတ္တများ၊ ဘုရားများ၊ ဘုရားမများကို တီထွင်ကိုးကွယ်လာသော ခေတ်နှောင်းမဟာယနထွန်းကားလာခဲ့လေသည်။ ခေတ်ဦးမဟာယနဝါဒသည် ဗောဓိ သတ္တဘုရားလောင်းများကို ကိုးကွယ်မှုရှိသော်လည်း ခေတ်နှောင်းမဟာယနဝါဒနှင့် ကွဲပြားကြောင်းနားလည် သင့်ပါသည်။

## ကွဲလွဲချက်များ

အေဒီ ပထမရာစုမတိုင်မီကပင် ထေရဝါဒသည် မဟာယနဂိုဏ်းနှင့် လုံးဝကွဲပြားမှုရှိနေပြီးဖြစ်သည်။ သို့သော် ထေရဝါဒစာပေသည်ပင်လျှင် ပူရာမ်ကျမ်းများ၊ မဟာဘာရတကျမ်း၊ ဘဂဝါဂီတကျမ်း စသည်တို့နှင့် စာပေကူးလူးဆက်ဆံမှုရှိခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။

မဟာယနဂိုဏ်းသည် ဗုဒ္ဓတရားတော်အတိုင်း လိုက်နာကျင့်ကြံရေးထက် ဗုဒ္ဓ၏ကိုယ်ရည်ကိုယ်သွေးကို ကိုးကွယ်သောဂိုဏ်းဖြစ်ပါသည်။ ဗုဒ္ဓအားအမြဲတစေ မသေမပျောက်သူ၊ ကောင်းကင်ဘုံတွင် မသေမပျောက်စံနေ သူဟု ယူဆကြသည်။ ဗုဒ္ဓအားနတ်ဘုရားတစ်ဆူအဖြစ် ပြောင်းလဲကိုးကွယ်လာကြသည်။ ဗောဓိသတ္တ ဘုရားလောင်းများ တီထွင်၍ ရုပ်တုများသွန်းလုပ်ကိုးကွယ်လာကြသည်။ တန္တြ၊ မန္တြများတီထွင်၍ ဟိန္ဒူဘာသာမှ နတ်ဘုရားများကိုလည်း ဗုဒ္ဓနှင့်တန်းတူထားကိုးကွယ်ကာ ဘုရားအလောင်းနတ်သားများ၊ ဘုရားလောင်းနတ်သမီး များ၊ ဘုရားများ၊ ဘုရားမများတီထွင်ကိုးကွယ်လာကြသည်။

အေဒီပထမရာစုနှစ် သဗ္ဗတိကဝါဒီတို့ အစပျိုးလိုက်သော ရုပ်ပွားဆင်းတုတော်ကိုးကွယ်မှုသည် အခြား သော ဂိုဏ်းများသို့စိမ့်ဝင်ပျံ့နှံ့ခဲ့ပါသည်။ ဤတွင် မှတ်သားဖွယ်တစ်ချက်မှာ ရှေးအခါက ထေရဝါဒီတို့သည် ဗုဒ္ဓဆင်းတုတော်ကို သင်္ကေတရုံထားသော သဏ္ဍာန်သာထုလုပ်ကိုးကွယ်ကြပြီး ခေတ်ဦးမဟာယနတို့ကမူ မကိုင်မှု သရဖူဆောင်းသောရုပ်ပွားများ၊ ဗောဓိသတ္တရုပ်ပွားများကိုလည်း ထုလုပ်ကိုးကွယ်ကြပါသည်။ ထေရဝါဒီတို့ကမူ ဘုရားလောင်းအဖြစ် အရိမေတ္တာယျတစ်ဆူကိုသာ ယုံကြည်ကြပါသည်။

မဟာယနတို့သည် ဗုဒ္ဓရုပ်ပွားတော်သွန်းလုပ်ကိုးကွယ်ခြင်း၊ ရုပ်ပွားတော်ကို ပူဇော်ပသခြင်းဖြင့် ဘုရားလောင်းအဖြစ်လည်းကောင်း၊ ဘုရားအဖြစ်လည်းကောင်း ရောက်ရှိနိုင်သည်ဟု ယင်းတို့၏မဟာဝတ္ထုကျမ်း သဒ္ဓမပုဏ္ဍရီက ကျမ်းများတွင် ပြဆိုထားသော်လည်း ထေရဝါဒကမူ မဂ္ဂလမ်းစဉ်ကို ကျင့်ကြံနိုင်ပါမှ သံသရာမှ လွတ်မြောက်နိုင်မည်ဟု ယုံကြည်သည်။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်များကို ရှောင်ကျဉ်ခြင်း၊ သုစရိုက်ဆယ်ပါးပုညကြိယာဝတ္ထုဆယ်ပါးနှင့် ပြည့်စုံခြင်း၊ လောဘဒေါသမောဟတည်းဟူသော အညစ်အကြေး တို့ ကင်းရှင်းစေခြင်း စသည့်ဓမ္မပဒကျမ်းလာ ဗုဒ္ဓ၏အဆုံးအမကိုသာ ယုံကြည်ကြပါသည်။

အခြားအရေးကြီးသည့် ကွဲလွဲချက်တစ်ခုမှာ ထေရဝါဒဂိုဏ်းသည် ပါဠိစာပေကိုသာ အသုံးပြုသောဂိုဏ်း ဖြစ်၍ သက္ကဋစာပေနှင့် ပါဠိသက္ကဋရောနှောနေသော ရောရာသက္ကဋစာပေသည် မဟာယနဂိုဏ်းသုံးစာပေဖြစ် သည်ဟူသော ကွဲလွဲချက်ပင်ဖြစ်သည်။ အမှန်လည်း သဗ္ဗတိကဝါဒဂိုဏ်းသည် အေဒီ ပထမရာစုသင်္ဂါယနာတင် ပွဲတွင် သက္ကဋဘာသာကိုအသုံးပြုခဲ့ပြီး ပတ်ဝန်းကျင်နိုင်ငံများသို့ သဗ္ဗတိကဝါဒနှင့် လောကုတ္တရာဝါဒတရားတော် များကို ပျံ့နှံ့စေခဲ့သည်။ ထေရဝါဒဂိုဏ်းမှာမူ သီဟိုဠ်နိုင်ငံတွင် ပါဠိဘာသာဖြင့် သင်္ဂါယနာတင်ခဲ့ပေသည်။

## ဝေသာလီခေတ်

အထက်ပါအကြောင်းအချက်ကို တင်ပြခြင်းမှာ ဝေသာလီခေတ် သာသနာရေးအခြေအနေကို ရှင်းလင်းစွာ အကဲခတ်နိုင်ရန်ဖြစ်ပါသည်။ ရခိုင်ပြည်တွင် ဝေသာလီခေတ်၌ တွေ့ရှိရသောအထောက်အထားများကို လေ့လာ၍ ဝေသာလီခေတ်သာသနာရေးအခြေအနေကို အကဲခတ်နိုင်ပါသည်။ အချို့သုတေသီတို့ကမူ ဗြဟ္မဏဝါဒနှင့် မဟာယနဗုဒ္ဓဘာသာလော သို့မဟုတ် ရခိုင်တို့ယခုကိုးကွယ်နေကြသော ထေရဝါဒဗုဒ္ဓဘာသာမျိုးလော ဆိုသည်မှာ ဆက်လက်ဖြေရှင်းရဦးမည့် ပြဿနာဖြစ်သည်ဟု ယူဆထားဆဲပင်ရှိပါသည်။

ဝေသာလီကို အေဒီ ၃၂၀တွင် တည်ထောင်သည်ဟု ဂျွန်စတင်က အခိုင်အမာသက်သေထူပြခဲ့ပါသည်။ ရာဇဝင်နှင့်သမိုင်းမှတ်တမ်းများအရ အေဒီ ၉၅၇တွင် ပျက်စီးခဲ့သည်။ ဝေသာလီကို စတင်ထူထောင်သူမှာ ဒွင်စန္ဒြားမင်းကြီးဖြစ်သည်။ ဝေသာလီသည် စူလစန္ဒြားမင်းလက်ထက်တွင် မွန်ဂိုများဝင်ရောက်တိုက်ခိုက်၍ ပျက်စီးခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ အယူအဆကွဲလွဲမှုအနည်းငယ်ရှိသော်လည်း ဝေသာလီခေတ်သည် အေဒီ ၄ရာစုအစပိုင်းမှ ၁၀ရာစုနှောင်းပိုင်းအထိ နှစ်ပေါင်း ၆၀၀ကျော်ခန့် ကြာရှည်အောင် တည်တံ့ခဲ့သည်ဟူသော အချက်တွင် သမိုင်းသုတေသီတို့ တစ်စိတ်တစ်ဝမ်းတည်းရှိကြပါသည်။

## ထေရဝါဒီ

မောရစ်ကောလစ်သည် ဝေသာလီဒင်္ဂါးများ၊ အခြားရုပ်ဝတ္ထုပစ္စည်းအထောက်အထားများကို လေ့လာ၍ ဝေသာလီပြည်သူများနှင့် အုပ်စိုးသူများသည်ဟိန္ဒူများဖြစ်ကြောင်း ဝေသာလီတွင်မဟာယနဗုဒ္ဓဘာသာနှင့် ဟိန္ဒူဝါဒတို့ယှဉ်၍ထွန်းကားခဲ့ကြောင်း အဆိုပြုခဲ့ပါသည်။ သို့သော် ယင်းအဆိုများသည် မပြည့်စုံကြောင်း ထေရဝါဒသာသနာထွန်းကားခဲ့ကြောင်း ဆရာကြီးဦးစံသာအောင်က အဆိုပြုခဲ့ပါသည်။ ဝေသာလီတွင်တွေ့ရှိရသော ရုပ်ထုများမှာ ခေတ်နှောင်းမဟာယနရုပ်ပွားများမဟုတ်ကြောင်း၊ ယင်းရုပ်ထုများမှာ အေဒီ ၄–၅ရာစု လက်ရာများဖြစ်ပြီး ယင်းအချိန်က ခေတ်နှောင်းမဟာယနဝါဒလည်း မပေါ်ပေါက်သေးကြောင်းကိုလည်း တင်ပြခဲ့ပါသည်။

ဦးစံသာအောင်သည် ဝေသာလီမြို့ဟောင်းစေတီပျက်များမှ ရရှိသောကျောက်စာများ၊ ဝေသာလီမြို့ဟောင်းအတွင်းမှရရှိသော ယေဓမ္မာဂ္ဂါထာထိုးကျောက်စာတစ်ချပ်၊ သက္ကဋဘာသာဖြင့် ရေးထိုးထားသော ကျောက်စာနှစ်ချပ်၊ သင်းကျစ်တော်တောင်ခါးပန်းမှရရှိသော ယေဓမ္မာဂါထာထိုးကျောက်စာ၊ ဝေသာလီမြို့ဟောင်း အရှေ့ဘက်ရှိ ဥဏှိသကတောင်ပေါ်စေတီပျက်မှရရှိသည့် ယေဓမ္မာဂါထာပါသော နိတိစန္ဒြားမင်းမိဘုရားကျောက်စာ၊ ကျောက်ဖြူနှင့်သံတွဲတို့မှ ရရှိသောယေဓမ္မါဂါထာထိုးကျောက်စာများ စသည့်အေဒီ ၄–၅ရာစုက ကျောက်စာများ သက်သေထူပြခဲ့ပါသည်။

ယေဓမ္မာဂါထာသည် ထေရဝါဒဝိနယပိဋကတွင်ပါဝင်သည်။ ဓမ္မစကြာတရားတော်၏ အဆီအနှစ်ဖြစ်သဖြင့် ထေရဝါဒီတို့ အလေးအမြတ်ပြုကြသည်။ ယင်းဂါထာကို အကြောင်းပြု၍ ထေရဝါဒသာသနာထွန်းကားခဲ့ကြောင်း ဦးစံသာအောင်က အဆိုပြုခဲ့သည်။

အခြားတစ်ခုမှာ ဝေသာလီရွာ အနောက်ဘက်အုတ်ကုန်းကြီး တစ်ခုမှရရှိသောစေတီတည်ကျောက်စာဖြစ်သည်။ ထိုကျောက်စာပါ စကားအသုံးအနှုန်းများမှာ ထေရဝါဒစာပေအထူးသဖြင့် ဓမ္မပဒကျမ်းလာစကားအသုံးအနှုန်းအတိုင်းပင်ဖြစ်ပါသည်။

သတ္တဝါအပေါင်းတို့သည် (လောဘ စသော) အညစ်အကြေးသုံးပါးကို ဖယ်ရှားအပ်ကုန်သည်ဖြစ်၍ တဏှာတည်းဟူသော လှိုင်းတန်ပိုးတို့ပြင်းထန်စွာ လှုပ်ရှားရိုက်ခတ်သည့် အသံမြည်ဟည်းလျက်ရှိသည့် ဘဝတည်းဟူသော သမုဒ္ဒရာမှ (နိဗ္ဗာန်တည်းဟူသော) ကမ်းတစ်ဘက်သို့ ချမ်းသာစွာရောက်ကြပါစေသတည်းဟူသော အသုံးအနှုန်းများပင်ဖြစ်သည်။ ဦးစံသာအောင်သည် ဝေသာလီပြည်သူတို့ ပြုလုပ်လေ့ရှိသော အောက်ပါအလေ့အထများကို ထုတ်ဖော်ခဲ့သည်။

ဝေသာလီပြည်သူတို့သည်–
(၁) စေတီတည်ကြသည်။
(၂) ဘုရားတည်ကြသည်။(ကျောက်ဆင်းတုကြေးဆင်းတု)
(၃) ဘုန်းကြီးကျောင်းဆောက်သည်။
(၄) မြေလှူကြသည်။
(၅) မိဘများအားလည်းကောင်း၊ အခြားသတ္တဝါများအားလည်းကောင်း ရည်စူး၍ အမျှပေးဝေကြသည်။
(၆) ဆီမီးပူဇော်ကြသည်
(၇) ယေဓမ္မာဂါထာ ရေးထိုးကြသည်။

ဤအထောက်အထားများသည် ယခုခေတ် ရခိုင်ပြည်ထေရဝါဒဗုဒ္ဓဘာသာဝင်များပြုလုပ်သောဓလေ့နှင့် တူညီသဖြင့် ယင်းခေတ်အခါကလည်း ယခုကဲ့သို့ ထေရဝါဒသာသနာထွန်းကားခဲ့ကြောင်း ရေးသားခဲ့ပါသည်။

ထို့ပြင် ရခိုင်ပြည်ဝေသာလီခေတ်နှင့် ခေတ်ပြိုင်သီဟိုဠ်နိုင်ငံတွင် ထေရဝါဒသာသနာထွန်းကားနေခဲ့ပါသည်။ အာနန္ဒစန္ဒြားကျောက်စာဂါထာအမှတ်(၆၁)၌ ဂိလာမေဃမင်း တိုင်းပြည်ရှိ အရိယာသံဃာတော်များထံသို့ တရားပလ္လင်၊ ကောင်းမြတ်သောဆင်မယဉ်သာတစ်စီးနှင့် ပိုးသင်္ကန်းတို့ကို ပို့လွှတ်တော်မူအပ်ပြီဟု ပါရှိပါသည်။ ဂိလာမေဃမင်းသည် အေဒီ၇၂၇–၇၆၆အတွင်း သီဟိုဠ်တွင် နန်းစံခဲ့သော မင်းတစ်ပါးဖြစ်ပါသည်။ ဤအထောက်အထားအရ သီဟိုဠ်ကျွန်းတွင်ထွန်းကားနေသော ထေရဝါဒဗုဒ္ဓသာသနာသည် ဝေသာလီသို့ရောက်ရှိခဲ့သည်ကို သံသယရှိစရာမလိုပေ။

ထို့ပြင်ကျောက်စာဂါထာ အမှတ်(၆၁)၌ သူတော်ကောင်းတရားဆိုင်ရာ ကျမ်းဂန်များကို ကူးယူစေအပ်ပြီးဟုပါရှိရာ သီဟိုဠ်မှ ထေရဝါဒကျမ်းစာများကူးယူခြင်းဖြစ်နိုင်ပါသည်။ အကြောင်းကြောင်းကိုထောက်ဆလျှင် ဝေသာလီခေတ် ရခိုင်ပြည်တွင် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားခဲ့သည်ကို ငြင်းဆိုဖွယ်မရှိပါ။ ထို့ကြောင့် ရခိုင်ပြည်သည် ပုဂံလက်အောက်ရောက်သောအခါမှ ထေရဝါဒသာသနာထွန်းကားခဲ့ကြောင်း၊ စာအရေးအသားသည်လည်း ၁၁–၁၂–ရာစုတွင်းမှ ပုံဂံပြည်မှ ရရှိကြောင်းဆိုသော မောရစ်ကောလစ်၏ ယူဆချက်သည် မခိုင်လုံပါ။ ထို့ပြင်ရှေးကျသော ထေရဝါဒရုပ်ပွားတော်များကိုလည်း ရခိုင်ပြည်တွင် တွေ့ရှိရပြီးဖြစ်ပါသည်။

## မဟာယာန

ထေရဝါဒသာသနာသည် ရခိုင်ပြည်သို့အစောဆုံးအနေဖြင့် ဘီစီ –၃ရာစုကပင် ရောက်ရှိခဲ့ကြောင်း၊ အေဒီ–၃ရာစုစန္ဒြောဒယမင်းလက်ထက်ရောက်ရှိလာသော သာသနာမှာ ကူရှန်မင်းတို့ဖြန့်ဖြူးခဲ့သည့် သဗ္ဗတိကဗုဒ္ဓသာသနာဖြစ်နိုင်ကြောင်း၊ ထေရဝါဒသည် ဦးစွာရောက်ရှိပြီးမှ နောက်နောင်မှ ရောက်လာကြသော မဟာယာနနှင့် ရောထွေးခဲ့ဟန်ရှိကြောင်း (၁၉၈၃)ခုနှစ်ထုတ် စစ်တွေကောလိပ်မဂ္ဂဇင်းတွင် ကျွန်တော်တင်ပြခဲ့ပါသည်။ ကျော်စံသာ(သမိုင်း)သည်လည်း စန္ဒြောဒယမင်း လက်ထက်ရောက်ရှိလာသောသာသနာကို ကူရှန်မင်းတို့ဖြန့်ဖြူးခဲ့သော သာသနာဖြစ်ကြောင်း ယူဆပါသည်။

ရခိုင်ပြည်ဝေသာလီခေတ်တွင် ထေရဝါဒအပြင် မဟာယာနဗုဒ္ဓသာသနာရောက်ခဲ့သည်မရောက်ခဲ့သည် ဟူသော ပြဿနာမှာ အငြင်းပွားဖွယ်ဖြစ်နေပေရာ တွေ့ရှိရသမျှသော အထောက်အထားများဖြင့်သာ ကျွန်ုပ်တို့ ခန့်မှန်းရပေမည်။ ကျွန်ုပ်တို့သည် ကျောက်စာလက်ရေးလက်သားနှင့်အသုံးပြုသော ဘာသာစကားတို့ကိုလေ့လာ၍ အချိန်ကာလနှင့် ဗုဒ္ဓဘာသာဂိုဏ်းကို ခန့်မှန်းနိုင်ပါသည်။

အကယ်၍ဝေသာလီတွင်ထေရဝါဒသာသနာတစ်ခုတည်းသာထွန်းကားခဲ့သည်ဆိုပါလျှင်ဝေသာလီဘုရားကြီးမှရသော ထေရဝါဒဂိုဏ်းသုံးပါဠိဘာသာကျောက်စာများအပြင် သဗ္ဗတိကဝါဒမဟာယာနဂိုဏ်းသုံး သက္ကဋဘာသာနှင့် ရောရောသက္ကဋဘာသာကျောက်စာများကို အဘယ်ကြောင့် တွေ့ရသနည်းဆိုသည်ကို ဖြေရှင်းရပေဦးမည်။

ဝေသာလီမင်းအဆက်ဆက်သည် ခိုင်မာသောအထောက်အထား(ဥပမာ–နိတိစန္ဒြားမင်းမိဖုရားကျောက်စာ) များအရ ထေရဝါဒဗုဒ္ဓသာသနာကို ကိုးကွယ်ယုံကြည်ကြသူများ ဖြစ်ခဲ့ကြသော်လည်း အရေးကြီးသော ရာဇဝင်ကျမ်းတစ်စောင်ဖြစ်သည့် အာနန္ဒစန္ဒြားကျောက်စာကို ပါဠိဘာသာဖြင့်မဟုတ်ဘဲ သက္ကတ္ထဘာသာဖြင့် ရေးထိုးထားသည်ကို ထောက်ဆလျှင် ဝေသာလီခေတ်အစဉ်အလာတွင် သက္ကတ္ထဘာသာသည် မည်မျှထိသြဇာလွှမ်းမိုးခဲ့သည်ကို ခန့်မှန်းနိုင်ပါသည်။

ဤသက္ကတ္ထဘာသာအရေးအသားသည် အိန္ဒိယပြည်မှ ရခိုင်ပြည်မြောက်ပိုင်းသို့ ကုန်းလမ်းခရီးဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ပေရာ မဟာယနဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အတူ ဝင်ရောက်လာခဲ့ခြင်းမဟုတ်လျှင် အခြားမည်သည့်ဆက်သွယ်မှုမျိုးဖြင့် ဝင်ရောက်လာခဲ့သနည်းဆိုသည်ကို ခြေရာခံ၍လိုက်စရာရှိနေပါသည်။ သမိုင်းဆိုင်ရာကျမ်းစာများ၏အဆိုအရ ဆိုပါလျှင် ပါဠိစာပေ အရေးအသားနှင့် သက္ကတ္ထစာပေအရေးအသားသည် အရှေ့တောင်အာရှနိုင်ငံများသို့ ဗုဒ္ဓယဉ်ကျေးမှုနှင့်သာလျှင် အတူရောက်ရှိခဲ့၏။

သက္ကတ္ထဘာသာသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ မဟာယနယဉ်ကျေးမှုနှင့်အတူရောက်ရှိခဲ့သည်မဟုတ်ဟုဆိုပါလျှင် ထိုခေတ်က ဝေသာလီယဉ်ကျေးမှုသည် အိန္ဒိယယဉ်ကျေးမှုနှင့် အဆက်အသွယ်မရှိဟုဆိုရာရောက်ပါမည်။ သက္ကတ္ထစာပေသည် ရခိုင်ပြည်အနှံ့တွေ့ရကြောင်းကို ဦးစံသာအောင်ထုတ်ဖော်ခဲ့၏။

အေဒီ ၆–ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာစာအုပ်တွင် စာပေအမျိုးအစား ၁၃မျိုးကို တင်ပြထားပေရာ ပါဠိဘာသာဖြင့် သုံးမျိုးသာပါဝင်ပြီး အခြား ၁၀မျိုးမှာ သက္ကတ္ထစာပေများဖြစ်ပါသည်။ အဖြစ်နိုင်ဆုံးသောအချက်မှာ ထေရဝါဒသာသနာထွန်းကားလျက်ရှိသော ဝေသာလီခေတ်တွင် သက္ကတ္ထအရေးအသားနှင့်အတူ ခေတ်ဦးမဟာယနလည်း ဝင်ရောက်ခဲ့သည်ဟူသောအချက်ပင်ဖြစ်ပါသည်။

ရခိုင်ပြည်တွင်တွေ့ရှိရသော အက္ခရာတို့သည် အိန္ဒိယမြောက်ပိုင်းသုံး အက္ခရာများနှင့်အနီးစပ်ဆုံးတူညီပါသည်။ ပါဠိဘာသာအရေးအသားသည် ထေရဝါဒဂိုဏ်းနှင့်အတူ အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်နိုင်ငံများသို့ ရွှေ့လျားသွားပြီး သက္ကတ္ထစာပေအရေးအသားသည် မြောက်ပိုင်းသာသနာနှင့်အတူ ကျန်ရှိနေခဲ့၏။ ရခိုင်ပြည်နှင့် အိန္ဒိယမြောက်ပိုင်းတို့သည် ပထဝီအနေအထားအရ အလွန်နီးကပ်စွာ ဆက်စပ်နေရကား ယဉ်ကျေးမှုအဆက်အသွယ်မှာ ပိုမိုဝေးလံလှသည့် သီဟိုဠ်နိုင်ငံထက်ပို၍ အဆက်အသွယ်ရှိခဲ့မည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတွင် အေဒီ–၃၀၀ခန့်မှ အေဒီ၆၀၀ကျော်ကာလထိဂုပ္ပတအနုပညာထွန်းကားခဲ့၏ ရခိုင်ပြည်တွင်တွေ့ရသောအက္ခရာတို့သည် ဂုပ္ပတအင်ပါယာမှမဟာယနဗုဒ္ဓဘာသာရောက်ရှိခဲ့ပေမည်အခြားဖြစ်နိုင်သောအချက်တစ်ခုမှာဝေသာလီခေတ်နှောင်းကာလဖြစ်သော အေဒီ ၈ရာစုခန့်တွင် ထုတ်လုပ်ခဲ့သည်ဟု ယူဆရသော ရှစ်ခန်းဗုဒ္ဓဝင်၊ ဆယ်ခန်းဗုဒ္ဓဝင်တို့ပါဝင်သည့်ဗုဒ္ဓဆင်းတုတော်များသည် ဂုပ္ပကလက်ရာများနှင့်အလွန်နီးစပ်ပါသည်။ သုတေသီ ဦးမြင့်အောင်ကလည်း ဂုပ္ပတအနုပညာ၏အမွေအနှစ်များအဖြစ် ယူဆပါသည်။

အိန္ဒိယပြည်အလယ်ခေတ်ကာလ၌ ရှစ်ရာစုမှ ၁၂ရာစုတိုင်အောင် ဗီဟာနှင့် ဘင်္ဂလားနယ်တွင် ပါလမင်းများအုပ်စိုးခဲ့စဉ်က ဗီဟာနယ်တွင် နာလန္ဒာ တက္ကသိုလ်ကြီးပေါ်ပေါက်ခဲ့သည်။ ယင်းဒေသမှမဟာယန အယူဝါဒများကိုပတ်ဝန်းကျင်နိုင်ငံများသို့ ဖြန့်ဖြူးခဲ့သည်။ ရခိုင်ပြည်သည် နယ်မြေချင်းမဝေးလံလှသဖြင့် ယင်းဒေသမှ မဟာယနဝါဒသည် ရောက်ရှိခဲ့ပေဦးမည်။ ထို့ကြောင့် အာနန္ဒစန္ဒြားကျောက်စာဂါထာအမှတ်(၅၀)ပါ သူတော်ကောင်းတရားဆိုင်ရာကျမ်းဂန်များ ကူးယူခြင်းလည်းဖြစ်နိုင်ပါသည်။ အနောက်တိုင်းသုတေသီအချို့က မြန်မာနိုင်ငံအနှံ့အပြားတွေ့ရသော သက္ကတ္ထစာပေအရေးအသားသည် မဟာယနဗုဒ္ဓဘာသာရောက်ရှိခဲ့ဖူးသည့် အထောက်အထားများဖြစ်သည်ဟုဆိုပါသည်။

ကျောက်စာဂါထာအမှတ်(၄၇)တွင် ဘုရားလောင်း(ဗောဓိသတ္တ)နှင့် စုန္ဒမထေရ်စသောတန်ခိုးကြီးရဟန်းများ၏ ဆင်းတုတော်များကိုလည်းကောင်းဟုပါရှိပါသည်။ ဤဂါထာပါစုန္ဒမထေရ်သည် သဗ္ဗတိကဝါဒီတို့ အထူးကိုးကွယ်ခဲ့သောသာဝကကြီးတစ်ပါးဖြစ်သည်။ ထေရဝါဒဂိုဏ်းက ထုလုပ်သောရုပ်ပွားတော်များအပြင် ဂန္ဓာရအနုပညာခေတ်၏ အမွေအနှစ်ဖြစ်သော မကိုဋ်သရဖူဆောင်းရုပ်ပွားတော်များ ဝတ်ရုံသင်္ကန်းကို တန်ဆာဆင်ထားသော ရုပ်ပွားတော်များ၊ ဗုဒ္ဓ၏ဥဏ်တော်ကို ဖော်ကျူးသည့်အဓိပ္ပါယ်ဖြစ်သော များစွာသော ကြာပန်းများ

မီးလျှံများဖြာထွက်နေသည့် တန်ဆာဆင်မှုကို သရဖူပေါ်တွင် သရုပ်ဖော်ထားသောရုပ်ပွားတော်များကိုလည်း ရခိုင်ပြည်တွင်တွေ့ရှိရပြီးဖြစ်ပါသည်။ ၎င်းတို့အပြင် ခန္ဓာကိုယ်ပေါ်တွင် ရတနာများဖြင့် တန်ဆာဆင်ထားသည့် သရုပ်ဖော်ပုံ ဗောဓိသတ္တရုပ်ပွားများ၊ ယခုအခါ ဝေသာလီရွာဘုန်းတော်ကြီးကျောင်းတည်ရှိရာ လက်ခတ်တောင်ကုန်းပေါ်ရှိနတ်ရုပ်များ၊ဗောဓိသတ္တရုပ်များသည် ဝေသာလီခေတ်၌မဟာယနဗုဒ္ဓဘာသာအမွေအနှစ်မကင်းကြောင်း ပြောပြနေသကဲ့သို့ပင်ဖြစ်ပါသည်။

အချို့သုတေသီတို့သည် အေဒီ ၃–ရာစုဝန်းကျင်က ထွန်းကားခဲ့သော အမရဝတီနှင့် နာဂဂျုနီကုဏ္ဍလ အရပ်ဒေသရှိ ကစ္စနာမြစ်ဝကျွန်းပေါ်ဒေသသည် သီဟိုဠ်နှင့် အဆက်အသွယ်ရှိခဲ့ပြီး၊ ယင်းမှတစ်ဆင့် ဘင်္ဂလား၊ ဘင်္ဂလားမှတစ်ဆင့် ရခိုင်ပြည်သို့ဗုဒ္ဓသာသနာရောက်ရှိလာကြောင်း ဆိုပါသည်။ ဤအရပ်ဒေသမှ ဖြန့်ဖြူးသော သာသနာကို ခြေရာခံ၍လိုက်စရာရှိနေပါသည်။ မဟာသံဃိကဂိုဏ်းသည် တတိယသံဂါယနာမတိုင်မီက ထေရဝါဒဂိုဏ်းကိုမယှဉ်ပြိုင်နိုင်ပေ။ နောက်ပိုင်းကာလများတွင် အခြားဂိုဏ်းများကိုစုစည်း၍ ပါဋိလိပုတ်နှင့် ဝေသာလီပြည်ကို ခြေကုတ်ယူကာ သာသနာပြုခဲ့ရာ အိန္ဒိယတစ်နိုင်ငံလုံးကို လွှမ်းမိုးနိုင်ခဲ့သည်။ အမရဝတီနှင့် နာဂဂျုနီကုဏ္ဍလကျောက်စာများတွင် မဟာသံဃိကဂိုဏ်း၏ ဗဟိုဌာနချုပ်ဖြစ်ခဲ့၏။ ဤကျောက်စာများကို ဩဏ္ဍာကမင်းများရေးထိုးခဲ့၏။ ကျောက်စာ၌ အေဒီ –၂ရာစုအတွင်းဘင်္ဂလားနယ်သို့ သာသနာပြုရဟန်းများ စေလွှတ်ကြောင်းဆိုပါသည်။ ထို့ပြင်ရခိုင်အရပ်ဒေသဘက်သို့လည်း သီဟိုဠ်မှ သာသနာပြုရဟန်းများကြွသွားကြောင်းလည်း ပါရှိပါသည်။ အိန္ဒိယတောင်ပိုင်းမှ ဘင်္ဂလားနယ်သို့ရောက်ရှိလာသော သာသနာမှာ မဟာယန သာသနာပင်ဖြစ်ပေသည်။

အာနန္ဒာစန္ဒြားကျောက်စာဂါထာအမှတ် (၆၂)တွင် တာမြပတ္တန ပြည်ရှင်မင်းက အာနန္ဒစန္ဒြားမင်းအား သမီးတော်ဆက်သကြောင်းဆိုပါသည်။ သမိုင်းဆရာတို့က တာမြပတ္တနပြည်ကို ထိုအချိန်က ဘင်္ဂလားနယ်၏မြို့ တစ်မြို့ဖြစ်ခဲ့ဟန်ရှိသော ယခုတန်လုပ်မြို့ဖြစ်နိုင်ကြောင်း သတ်မှတ်အဆိုပြုကြသည်။ ထို့ကြောင့် ဘင်္ဂလားနယ်မှ ရောက်လာသော သာသနာသည် မဟာယနသာသနာသာဖြစ်ရပေမည်။ ဤသို့ဆိုလျှင် ဝေသာလီခေတ် ရခိုင်ပြည်တွင် ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယနဗုဒ္ဓဘာသာရောထွေး ထွန်းကားနေခဲ့ပေမည်။ ကျော်ဇံသာ(သမိုင်း)ကမူ မဟာယနဂိုဏ်းသည် ရခိုင်တွင်အားကောင်းခဲ့ရုံမျှမက ပုဂံသို့တိုင်ပျံ့နှံ့သော အထောက်အထားတွေ့ရကြောင်း ဆိုပါသည်။ ပုဂံတွင်တွေ့ရသော ဗောဓိသတ္တရုပ်များသည် ရခိုင်နှင့်ဘင်္ဂလားတွင် တွေ့ရသောဗောဓိသတ္တရုပ်များ ဒေသအလိုက် ပြောင်းလဲမှုအနည်းငယ်သာရှိပါသည်။ နိုင်ပန်းလုကမူ အနော်ရထာမင်းကိုးကွယ်ခဲ့သော အဝလောကီတေသွရ ဘုရားလောင်းသည် ရခိုင်မှတစ်ဆင့်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဆိုပါသည်။ အဆိုပါဗောဓိသတ္တသည် မဟာယနဂိုဏ်းမှအမိတာဘဘုရားနှင့် ကြင်ယာတော်ပဏ္ဍာရာဘုရားမတို့မှ မွေးဖွားသော ဂုဏ်ရှိတရားတော်၏ရုပ်သွင်ဖြစ်သည်။ သူသည်ဂေါတမဘုရားနှင့် အရိမေတ္တယျတို့ ကြားကာလတွင် လောကကိုစောင့်ရှောက်သူအဖြစ် မဟာယနတို့က ယုံကြည်ကြသည်။ မဟာယနသုတ္တန်သဒ္ဓမ္မပုဏ္ဍရီကကျမ်း၌ကား အဝလောကီတေသွာရ၏ ခန္ဓာကိုယ်သည် မိုင်ပေါင်းအသင်္ချေရှစ်သန်းရှိ၏။ မွေးညှင်းပေါက်တစ်ခုသည် စကြာဝဠာလောကဓာတ်တစ်ခုလုံးကို ဖုံးလွှမ်းနိုင်၏။ နေနှင့်လသည် သူ၏မျက်လုံးများဖြစ်၏။ သူ၏ပါးစပ်မှကမ္ဘာလေထုထွက်ပေါ်လာ၏။ ကမ္ဘာမြေကြီးသည် သူ၏ဖဝါးဖြစ်သည်ဟုဖော်ပြထား၏။ သူသည်သတကမ္ဘရီဘုရားလောင်း၊ လောကေသရ ဘုရားလောင်း၊ လောကနာထဘုရားလောင်း သီဟနာဒဘုရားလောင်း၊ ခသပ္ပဏဘုရားလောင်း ဟလာ ဟလဘုရားလောင်း၊ စသည်ဖြင့် နာမည်အမျိုးမျိုးနှင့် ရုပ်သွင်(၁၀၈)မျိုးရှိ၏။ ထိုဘုရားလောင်း၏ ရုပ်သွင်(၁၀၈) မျိုးကို နီပေါပြည်ခတ္တမန္တုမြို့ရှိ မစ္ဆာန်ဒါ ဘုရားရှိခိုးကျောင်းတိုက်သစ်သား မှန်ကူကွက်များတွင် ပုံဖော်၍ဆေးခြယ် လျက်ရှိသေးကြောင်းသိရ၏။

ထိုဘုရားလောင်းသည် လောကနာထဟူသောရုပ်သွင်ဖြင့် ပုဂံခေတ်ပန်းချီများ၌ တွေ့ရ၏။ လောကနာထဘုရားလောင်းပူဇော်မှုသည် ပုဂံခေတ်တွင်ခေတ်စားခဲ့၏။ အနော်ရထာမင်းကိုယ်တိုင် ပြုလုပ်သည်ဆိုသော လောကနာထအုတ်ခွက် ဘုရားများလည်း တွေ့ရ၏။ ရခိုင်ပြည်တွင်တွေ့ရသော ဗောဓိသတ္တရုပ်များအနက် အတော်များများမှာ ခြေလက်တို့ကျိုးပဲ့ပျက်စီးနေပြီဖြစ်သဖြင့် ရုပ်သွင်(မုဒြာ)ကို အတိအကျမသိနိုင်တော့ပေ။

အကယ်၍ မုဒြာကိုသိရပါလျှင် အဝလောကီတေသွာရသည်ရခိုင်ပြည်တွင်မည်သည့်အမည်ဖြင့်ထင်ရှားခဲ့သည်ကို သိရပါမည်။ သို့သော်ပုဂံ၊ ဘင်္ဂလားနယ်မှရုပ်ထုများနှင့်ဆင်တူသဖြင့် လောကနာထဟူသောအမည်နှင့်ပင်ထင်ရှားခဲ့သည်ဟု ခန့်မှန်းရပါသည်။ အဝလောကီတေသွာရ အလွှမ်းမိုးဆုံးနယ်မြေကား ဘင်္ဂလားနယ်မြေပင် ဖြစ်သည်။

ဤတွင်ရှင်းလင်းစရာရှိနေပါသည်။ အဝလောကီတေသွာရသည် တန္တြ၊ မန္တြများတီထွင်လာသည့် အေဒီ(၇) ရာစုခေတ်မှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အေဒီပဥ္စမရာစုနှစ်များကပင် ရှိနေပြီးဖြစ်သော ဗောဓိသတ္တဖြစ်သည်။ ဦးစံသာအောင်ကလည်း ဗောဓိသတ္တအယူအဆသည် ဗုဒ္ဓဘာသာခေတ်ဦးပိုင်းကပင် ရှိနေပြီဖြစ်ကြောင်းရေးသားခဲ့ဖူး၏။ ဒေါက်တာဝင်တာနစ်က အောက်ပါအတိုင်းရေးသားထား၏။

'ဗောဓိသတ္တအဝ လောကီတေသွာရ၏။ ဂုဏ်တော်ကိုချီးကျူးထားသည့် သဒ္ဓမ္မပုဏ္ဍရီကကျမ်းကို အေဒီ-၂ရာစုတွင်နေသွားသည့် နာဂအဇ္ဈုနသည် ၎င်း၏ကျမ်းများတွင် ကိုးကားခဲ့ရာ ယင်းကျမ်းများ၏ အမှန်တကယ်ရှေးကျမှုကိုလည်းကောင်း၊ အေဒီပဥ္စမရာစုထိ စောစီးစွာတည်ရှိနေမှုကိုလည်းကောင်း အမှန်အတိုင်းလက်ခံရပေမည်။ ဗောဓိသတ္တအဝလောကီတေသွာရ၏ ရုပ်တုများကိုမူ အေဒီ(၅)ရာစုတွင် အစောဆုံးတွေ့ရ၏။'

စာရေးသူဆိုလိုသည့် ရခိုင်ပြည်ရောက်မဟာယနဗုဒ္ဓဘာသာသည် နှောင်းခေတ်မဟာယနကိုဆိုလိုခြင်းမဟုတ်ပါ။ရခိုင်ပြည်တွင်နှောင်းခေတ်မဟာယနဗုဒ္ဓဘာသာ၏အထောက်အထားများကိုယနေ့တိုင်မတွေ့ရသေးပါ။ ရခိုင်ပြည်တွင်တွေ့ရသော ဗောဓိသတ္တရုပ်များမှာလည်း အိန္ဒိယနှင့်ခေတ်ပြိုင် ၅-၆ရာစုများတွင် ထုလုပ်သော ဗောဓိသတ္တရုပ်များသာဖြစ်ပေသည်။

အကြောင်းကြောင်းကိုထောက်ဆလျှင် ရခိုင်ပြည်တွင် ထေရဝါဒနှင့်အပြိုင်မဟာယနဗုဒ္ဓဘာသာလည်း ထွန်းကားခဲ့သည်ဟုဆိုရပါမည်။ သို့သော်နိတိစန္ဒြားမင်း မိဖုရားကြေးနီပြားစာ၊ ဓမ္မာစန္ဒြားမင်းစေတီတည် မှတ်တမ်းများကိုထောက်ရှု၍ ဝေသာလီမင်းများသည် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ကြောင်းကို သံသယဖြစ်စရာ မလိုပါ။

ဝေသာလီခေတ်တွင် မဟာယနရှိနေခဲ့သည့်အခြားအထောက်အထားများလည်း ရှိနေပါသေးသည်။ ရခိုင်ရာဇဝင်လာ ဝေသာလီမင်းဆက် သီရိစန္ဒြားမင်းလက်ထက်တွင် သာသနာနှစ်(ဓာတုဋီကာ) ၁၁၆၉-ခုနှစ် တန်ခူးလပြည့်ကျော်(၁)ရက်နေ့မှစ၍ ဝေသာလီမြို့ရွှေတောင်(ယခုသရက်တောင်ထိပ်)၌ အရှင်သံဃရာဇာစူဠရေဝထေရ်ဦးစီး၍ ရခိုင်ပြည်မှသံဃာတော်(၁၀၀၀)ပင့်၍ ပါဠိတော်(၁)နှစ်အဋ္ဌကထာ(၂)နှစ်သင်္ဂါယနာတင်ခဲ့လေသည်။ သင်္ဂါယနာတင်ရခြင်းအကြောင်းမှာ ထေရဝါဒတွင်းသို့ဝင်ရောက်လာသော မိစ္ဆာဝါဒများကို တားမြစ်ရန်ဖြစ်ပါသည်။ မဟာယနဝါဒ ဗြဟ္မဏဝါဒကိုတားမြစ်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ အကယ်၍ဝေသာလီတွင် မဟာယနဗုဒ္ဓဘာသာမရောက်ရှိခဲ့လျှင် ဗောဓိသတ္တရုပ်ပွားများကို တွေ့ရမည်မဟုတ်သည့်ပြင် သင်္ဂါယနာတင်ပွဲကိုလည်း ကျင်းပရန်လိုအပ်လိမ့်မည်မဟုတ်ပေ။ ဤမဟာယနဝါဒသည် လောင်းကြက်ခေတ်တိုင်အောင် ရှိခဲ့တည်တန့်ခဲ့သော အထောက်အထားများရှိနေ၏။ အဘယ်ကြောင့်ဆိုသော် လောင်းကြက်ခေတ်၌လည်း ဤကဲ့သို့သော သင်္ဂါယနာပွဲများ မကြာခဏကျင်းပခဲ့သောကြောင့်ပင် ဖြစ်ပေသည်။

ဝေသာလီခေတ်တွင် ထေရဝါဒ၊ မဟာယနများအပြင်ဗြဟ္မဏဝါဒ ကိုးကွယ်သူအချို့လည်းရှိခဲ့သေး၏။ အာနန္ဒစန္ဒြားကျောက်စာဂါထာအမှတ် (၅၅)နှင့် (၅၆)တွင် မင်းကြီးသည် ဗြဟ္မဏပုဏ္ဏားတို့အား မြေယာ၊ ကျေးကျွန်၊ တူရိယာပစ္စည်းများ ကျောင်းတိုက်ကြီးများလှူဒါန်းကြောင်းပါရှိသည်။ ဤအထောက်အထားများကြောင့် အချို့က ဝေသာလီမင်းများသည် ဗြဟ္မဏဝါဒကို ကိုးကွယ်သူများဖြစ်ကြောင်း မှတ်ယူလိုဟန်ရှိကြ၏။ သို့သော်ထိုသို့ဖြစ်နိုင်ဖွယ်ရာမရှိပါ။ အမှန်မှာနိုင်ငံစည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းသာယာရေးအတွက်လည်းကောင်း၊ ဂါထာအမှတ်(၅၄)တွင် ပါဝင်သကဲ့သို့ ကျွန်ုပ်၏ဒါနပါရမီသည် သတ္တဝါများအပေါ်၌ မချို့တဲ့စေသတည်းဟူသောခံယူချက်မျိုးဖြင့်လည်းကောင်း၊ ထေရဝါဒ၊ မဟာယနဝါဒနှင့် ဗြဟ္မဏဝါဒတို့ကိုလွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခဲ့၍ ဒါနပြုခဲ့သည်ဟု မှတ်ယူသင့်ပေသည်။ အာနန္ဒစန္ဒြားမင်းသည် မိမိကိုယ်တိုင် ထေရဝါဒသာသနာကိုကိုးကွယ်ခဲ့သော်လည်း မဟာယနဂိုဏ်းသုံး သက္ကဋဘာသာကို အထက်ပါရည်ရွယ်ချက်နှင့်ပင် ကျောက်စာရေးထိုးရာ၌ အသုံးပြုခဲ့ခြင်းဖြစ်တန်ရာပါသည်။

**ကိုးကားသောကျမ်းများ**

| | | |
|---|---|---|
| ၁။ | မဟာဝင်ဝတ္ထုတော်ကြီး(ဇမ္ဗူဒီပစာတမ်း) | ကျီးသဲလေးထပ်ဆရာတော် |
| ၂။ | အိန္ဒိယစာပေသမိုင်း | ရှင်ဇာဂရာဘိဝံသမြန်မာပြန် |
| ၃။ | သာသနာ ၂၅၀၀ခရီး | မောင်အံ့ |
| ၄။ | အေဒီ ပထမရာစုမတိုင်မီဗုဒ္ဓဆင်းတုတော် (ကိုးကွယ်မှုမရှိခြင်းကိုလေ့လာခြင်း (၁၉၇၀)ခုနှစ် ရန်ကုန်တက္ကသိုလ်သုတေသန ဆွေးနွေးပွဲတွင် တင်ပြသောစာတမ်း) | ဦးသိန်းထွန်း |
| ၅။ | ဝေသာလီသမိုင်းပြုစုရေး(ရခိုင်ပြည်နယ်စာစောင်) | မောင်ဗသိန်း |
| ၆။ | အာနန္ဒစန္ဒြား(ရှစ်ရာစုရခိုင်ဝေသာလီမင်း) | ဦးစံသာအောင် |
| ၇။ | အေဒီ ၆ရာစုနှင့်ယင်းမတိုင်မီရခိုင်ပြည်သုံးအက္ခရာ | ဦးစံသာအောင် |
| ၈။ | အေဒီ ၁၀၀၀မတိုင်မီ ရခိုင်ပြည်ဗုဒ္ဓဘာသာ (ရခိုင်ပြည်နယ်စာစောင်) | ဦးစံသာအောင် |
| ၉။ | ခေတ်ဦးရခိုင်ပြည်သို့ဗုဒ္ဓဘာသာရောက်ရှိပျံ့နှံ့ပုံ | ကျော်ဇံသာ(သမိုင်း) |
| ၁၀။ | ရခိုင်ရာဇဝင်သစ် | ရှင်စန္ဒမာလာလင်္ကာရ |
| ၁၁။ | BUDDHISM | CHRISTMAS HUMPHREYS |
| ၁၂။ | THE BUDDHIST ART OF ANCIENT ARAKAN | U SAN THA AUNG |
| ၁၃။ | THE ARAKANESE STELES AND THEIR SIGNIFICANCE (The Working People's Daily-15th Dec., 1980) | MYINT AUNG |

ညှိနှိုင်းသောကျမ်းများ

| | | |
|---|---|---|
| ၁။ | ပါဠိစာပေသမိုင်း | ဒေါ်အုံး |
| ၂။ | ဗုဒ္ဓဘာသာစစ်တမ်း | ရှင်မုနိန္ဒ |
| ၃။ | စင်ကြယ်သောဗုဒ္ဓဘာသာ | ရှင်ပညိန္ဒာဘိဝံသ |
| ၄။ | ဝေသာလီယဉ်ကျေးမှု | ဦးအောင်သာဦး |
| ၅။ | မဟာယနဗုဒ္ဓဝါဒ | ဦးသော်ဇင် |
| ၆။ | SANSKRIT BUDDHISM IN BURMA | N.RAY |
| ၇။ | 2500 YEARS OF BUDDHISM | P.V. BAPAT |


# ဝေသာလီဗုဒ္ဓသာသနာနဲ့ အာနန္ဒစန္ဒြ

၂၀၀၀–ခုနှစ်၊ ဩဂုတ်လ်ထုတ်ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ ဆရာကြီးဒေါက်တာသန်းထွန်းတို့ရဲ့ "အာနန္ဒစန္ဒြကျောက်စာအကဲဖြတ်"ဆောင်းပါးမှာ ရခိုင်ဝေသာလီ စန္ဒြမင်းတွေနဲ့ပတ်သက်ပြီး "ဒီမင်းတွေဟာဗြဟ္မဏအယူရှိတယ်။ သီဝဂိုဏ်းဖြစ်မယ်ထင်တယ်၊ ဆူပူလှုပ်ရှားမှုတွေကြောင့် တိုင်းပြည်ပျက်စီးပြီး မြို့သစ်၊ မင်းသစ်စရပါတယ်"ဆိုတဲ့ အကဲဖြတ်ချက်နဲ့ပတ်သက်ပြီး ဝေသာလီစန္ဒြမင်းတွေဟာ ဗုဒ္ဓဘာသာဝင်မင်းတွေဖြစ်ကြောင်း၊ မင်းသစ်စရပေမဲ့ မြို့သစ်မတည်ခဲ့ရကြောင်း၊ ၂၀၀၁–ဧပြီလ၊ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ "အာနန္ဒစန္ဒြကျောက်စာအကဲဖြတ်တုန့်ပြန်ချက်"ဆောင်းပါးနဲ့ ၂၀၀၁–ခု၊ ဇွန်လရွှေအောင်လံမဂ္ဂဇင်းမှာ "ဝေသာလီစန္ဒြမင်းများ၏ ဘာသာရေးယုံကြည်မှု"ဆောင်းပါးတို့မှာ ကျွန်တော်ပြန်လည်တင်ပြခဲ့ပါတယ်။ နောက်ပြီးတော့ ၂၀၀၀–ခု၊ စက်တင်ဘာလ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှာ ဆရာကြီးရဲ့ "ကျွန်တော်လဲအဖြေမသိပါ"ဆောင်းပါးမှာရေးသားခဲ့တဲ့ "ပျူကခရစ်နှစ်ရှစ်ရာစုဆိုရင် ဟိနယနဖြစ်နေပြီ၊ ရခိုင်ကဘယ်တုန်းက ဟိနယနဖြစ်ခဲ့ပါသလဲ"ဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး (ဒီနေရာမှာ ဟိနယနနဲ့ထေရဝါဒဗုဒ္ဓသာသနာဟာ မတူညီပေမဲ့ ဆရာကြီးရဲ့ဆိုလိုချက်ဟာ ထေရဝါဒသာသနာ

ကို ရည်ညွှန်းပြောဆိုတာဖြစ်တဲ့အတွက်) ထေရဝါဒသာသနာဟာ ရခိုင်ကိုခရစ်မပေါ်မီနှစ်၃၀၀လောက်ကစပြီး ရောက်ခဲ့တယ်လို့ယူဆရကြောင်း၊ ခရစ်နှစ်–၂၀၀ကျော်မှာ အိန္ဒိယတောင်ပိုင်း၊ နာဂဂျုနိကွန်ဒါဒေသက မဟာဝိဟာရဝါသီဂိုဏ်းရဲ့ထေရဝါဒသာသနာထပ်မံရောက်ရှိခဲ့ကြောင်း၊ ခရစ်နှစ် ၂၀၀လောက်က နာဂဂျုနိကွန်ဒါဒေသမှာ သုံးတဲ့ဗြဟ္မီအက္ခရာအရေးအသားကို ရခိုင်မှာတွေ့ရကြောင်း ခရစ်နှစ် ၆၀၀လောက်မှာ ရခိုင်မှာထေရဝါဒသာသနာထွန်းကားနေခဲ့တဲ့ အထောက်အထားအဖြစ် ပါဠိဘာသာနဲ့ရေးထိုးခဲ့တဲ့ "ယေဓမ္မာဂါထာ"ကျောက်စာတွေ့ရကြောင်း၊ ၂၀၀၁–ခုမှာ မေလထုတ် ရွှေအောင်လံမဂ္ဂဇင်းမှာ "ရခိုင်ထေရဝါဒသာသနာမူလဘူတ"ဆောင်းပါးနဲ့ ကျွန်တော်တုန့်ပြန်တင်ပြခဲ့ပါတယ်။ ကျွန်တော့်ရဲ့တင်ပြခဲ့ချက်တွေဟာ ဆရာကြီးတို့ လက်ခံနိုင်လောက်တဲ့ သုတေသနနည်းနဲ့ တင်ပြခဲ့ခြင်းတွေဖြစ်ပါတယ်။

ဆရာကြီးရဲ့ရေးသားချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တုန့်ပြန်ရေးသားတင်ပြလိုတဲ့အချက်တစ်ချက်ရှိနေပါသေးတယ်။ အဲဒါကတော့ "အာနန္ဒစန္ဒြကျောက်စာအကဲဖြတ်"ဆောင်းပါးမှာ ဆရာကြီးရေးသားခဲ့တဲ့ "ဒီနေရာမှာသတိထားစရာတစ်ခုကတော့ ပုဂံမှာကျန်စစ်သား(၁၀၈၄–၁၁၁၃)လက်ထက်မှ ပိဋကကူးရတယ်။ အဲဒီရခိုင်မှာ ပုဂံထက်နှစ်–၃၀၀စောပြီး ကူးတယ်ဆိုတဲ့အချက်ဖြစ်တယ်။ ဟိနယာနပိဋကအစုံကို အက္ခရာတင်တာ သီဟိုဠ်မှာ ခရစ်မပေါ်မီ ၃၃–နှစ်ကဖြစ်တော့ သီဟိုဠ်မူကို ရခိုင်ကခရစ်–၈ရာစုနှစ်ကပဲ ရေးကူးနေပြီလားလို့ စဉ်းစားစရာဖြစ်ပါတယ်။ အာနန္ဒစန္ဒြမင်းဟာ မဟာယနဂိုဏ်းဝင်သာဖြစ်ရိုးမှန်ရင် ရေးကူးတဲ့ပိဋကဟာ မဟာယနကျမ်းစာတွေပဲဖြစ်တယ်လို့ ထင်စရာဖြစ်ပါတယ်"ဆိုတဲ့ရေးသားချက်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဆရာကြီးကိုကြားဖြတ်ပြောကြားလိုတာတစ်ခုရှိပါတယ်။ ဆရာကြီးကိုအခုလို တုန့်ပြန်ရေးသားနေတာဟာ ဆရာကြီးအပေါ်အငြိုးအတေး၊ အာဃာတနဲ့ရေးသားနေခြင်းမဟုတ်ပါ။ ပညာရှိသတိဖြစ်ခဲ ဆိုသလို၊ သတိမမူဂူမမြင်ဆိုတဲ့ သဘောသဘာဝအရ ဆရာကြီးမှားယွင်းနေခြင်းသာဖြစ်မယ်လို့ ယူဆပါတယ်။ ပြီးတော့ ဆရာကြီးတို့လို ပုဂ္ဂိုလ်ကြီးတွေရေးလိုက်ရင် နောက်ပညာရှင်တွေက အမှန်ယူပြီးကိုးကားရေးသားကြတဲ့အခါ ရခိုင်သမိုင်းဦးနဲ့ ပတ်သက်ပြီး အမှားအယွင်းတွေဖြစ်မှာကို စိုးရိမ်တဲ့အတွက် အချိန်မီတုန့်ပြန်တင်ပြနေခြင်းဖြစ်ပါတယ်။

အာနန္ဒစန္ဒြမင်းဟာ မဟာယနဂိုဏ်းဝင်လား၊ ထေရဝါဒဂိုဏ်းဝင်လား၊ အာနန္ဒစန္ဒြမင်းရေးကူးတဲ့ ပိဋကဟာ ပါဠိပိဋကလား၊ သက္ကတပိဋကလားဆိုတာကို အာနန္ဒာစန္ဒြကျောက်စာအပြင် ဝေသာလီခေတ်တစ်လျှောက်လုံး ရခိုင်နဲ့ဆက်ဆံခဲ့ကြတဲ့ ပျူမြို့တော်သရေခေတ္တရာ၊ အရှေ့ဘင်္ဂလားနဲ့အိန္ဒိယမြောက်ပိုင်း၊ အိန္ဒိယတောင်ပိုင်း၊ နာဂဂျုနိကွန်ဒါဒေသတွေရဲ့အခြေအနေတွေနဲ့နှိုင်းယှဉ်လေ့လာပြီး တင်ပြလိုပါတယ်။

ရခိုင်မှာဝေသာလီခေတ်ဟာ ခရစ်–၃၇၀က ၉၅၇ထိရှည်ကြာခဲ့ပါတယ်၊ဒီခေတ်မှာကျောက်စာ၊ကြေးနီပြာစာ၊ ခေါင်းလောင်းစာတွေကို သက္ကတဘာသာနဲ့ အများအပြားတွေ့ရပြီး ပါဠိဘာသာနဲ့အနည်းအကျဉ်းပဲတွေ့ရပါတယ်။

သာသနာ့သမိုင်းမှာ ပါဠိဘာသာထေရဝါဒဂိုဏ်းရဲ့တစ်ခုတည်းသော ဘာသာစာပေဖြစ်ပြီး၊ သက္ကတဘာသာကတော့ မဟာယနဂိုဏ်းတွေနဲ့ ဝဇီရာယဂိုဏ်းက သုံးစွဲခဲ့တဲ့ဘာသာဖြစ်ပါတယ်။(Ricnard.A.Gard, 'Buddhism' 'New York, 1963.PP-3)။ရခိုင်ဝေသာလီခေတ်မှာ သက္ကတ ဘာသာစာပေတွေအပြင် မဟာယနဗောဓိ သတ္တဆင်းတုတွေလဲတွေ့ရတယ်ဆိုတော့ (ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၈/၅၉ခု နှစ်ချုပ်အစီရင်ခံစာ၊ စာ–၂၄၊ပုံ(၃၃)ရခိုင်ဝေသာလီခေတ်မှာ ထေရဝါဒနဲ့ယှဉ် ပြီးမဟာယနဗုဒ္ဓဘာသာလဲထွန်းကားခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။

ရခိုင်ဒေသဟာ သမိုင်းဦးကာလကပဲ အိန္ဒိယမြောက်ပိုင်းနဲ့ အဆက်အသွယ်ရှိနေခဲ့ပါတယ်။ ဂုပ္ပတအင်ပါယာက ထင်ရှားတဲ့ နာလန္ဒာတက္ကသိုလ်ကြီးက မဟာယနသက္ကတဗုဒ္ဓဘာသာ ရခိုင်ကိုပျံ့နှံ့ခဲ့ပါတယ်။ ရခိုင်ဝေသာလီခေတ်မှာ သက္ကတဘာသာအရေးအသားဟာ ပိုပြီးတွင်ကျယ်ခဲ့တယ်။ မဟာယနယုံကြည်ကိုးကွယ်မှုက ပိုပြီးကျယ်ပြန့်မယ်လို့အခိုက်အတန့်အားဖြင့်ဆိုနိုင်ပါတယ်။

ရခိုင်ဝေသာလီဟာ ထေရဝါဒမဟာယနနှစ်မျိုးလုံးထွန်းကားခဲ့တဲ့ သရေခေတ္တရာနဲ့ အဆက်အသွယ်တွေ အများကြီးရှိခဲ့ပါတယ်။ သရေခေတ္တရာမှာတွေ့ရတဲ့ အချို့အက္ခရာတွေဟာ ရခိုင်ဝေသာလီက အက္ခရာတွေနဲ့

ဆင်တူတယ်။ သရေခေတ္တရာ ဒင်္ဂါးတွေဟာ ခရစ်နှစ် ၄-ရာစုလို့ခန့်မှန်းရတဲ့ ဝေသာလီစန္ဒြမင်းဒင်္ဂါးတစ်ချို့နဲ့ အခြေခံပုံစံတူညီနေတာ တွေ့ရပါတယ်။ (စိန်မောင်ဦး၊ 'သရေခေတ္တရာမြို့ဟောင်း၊ တက္ကသိုလ်ပညာပဒေသာ စာစောင်၊ အတွဲ(၃)၊ အပိုင်း(၁)စာ-၂၀၂)။ ဒီတော့ ရခိုင်ဝေသာလီမှာ ပါဠိဗုဒ္ဓဘာသာဂိုဏ်းနဲ့ သက္ကတဗုဒ္ဓဘာသာ ဂိုဏ်းတွေဟာ ဘယ်လိုအခြေအနေမျိုးနဲ့ထွန်းကားနေခဲ့ကြသလဲဆိုတာ လေ့လာကြည့်ဖို့လိုအပ်ပါမယ်။

ရခိုင်ဝေသာလီခေတ်ဦးက ဗုဒ္ဓဘာသာကျောက်ဆစ် အနုပညာလက်ရာတွေဟာ နာဂဂျုနိကွန်ဒါက လက်ရာတွေနဲ့ဆင်တူဖြစ်နေတာတွေ့ရပါတယ်။ (Pamela Gutman, "Ancient Arakan"Ph.D Thesis, Australlian National University , 1976, PP-222)။နာဂဂျုနိကွန်ဒါထင်ရှားစဉ်က အဲဒီဒေသမှာ ဗုဒ္ဓဝါဒဂိုဏ်း(၄)ဂိုဏ်းထွန်းကားခဲ့ ပါတယ်။ မဟာဝိဟာရဝါသီဂိုဏ်း၊ မဟိ ံသကဂိုဏ်း၊ဗဟုသုတိကဂိုဏ်းနဲ့ အပရမဟာဝိနာသေလိယဂိုဏ်းတွေ ပါပဲ။(H. Sarkar, 'Some Aspects of the Buddhist Monuments at Nagajunikonda, 1966, PP-68/69။ ဟာဝိဟာရဝါသီ ဂိုဏ်းဟာ ထေရဝါဒဂိုဏ်းဖြစ်ပြီး သီဟိုဠ်မှာဩဇာလွှမ်းမိုးပါတယ်။ဒီဂိုဏ်းဟာတစ်ခုတည်းသောပါဠိဗုဒ္ဓဝါဒဂိုဏ်း ဖြစ်ပြီး ဒီဂိုဏ်းရဲ့ပါဠိပိဋကတ်တော်တွေဟာ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဇနိုင်ငံတွေကို ပျံ့နှံ့ရောက်ရှိခဲ့ပါတယ်။ (S.C Eliot, 'Hinduism and Buddhism' Vol-1, PP-276)။

အဲဒီဂိုဏ်းတွေထွန်းကားနေခဲ့တဲ့ နာဂဂျုနိကွန်ဒါဒေသမှာ ကျောက်ထွင်းရုပ်ကြွတွေကို ဇာတကကျမ်း၊ နိဒါနကထာကျမ်း၊ လလိတ္တဝိတ္တာရကျမ်း၊ သုမင်္ဂလာဝိလာသိနီကျမ်း၊ မဟာပရိနိဗ္ဗာနသုတ်နဲ့ ဓမ္မပဒအဋ္ဌကထာ ကျမ်းတွေက ဇာတ်လမ်းဇာတ်ကွက်တွေနဲ့ သရုပ်ဖော်ထွင်းထုထားပါတယ်။ ဒါကြောင့် နာဂဂျုနိကွန်ဒါမှာ ပါဠိဗုဒ္ဓဝါဒဂိုဏ်းနဲ့ သက္ကတဂိုဏ်းတွေအတူတကွ နေခဲ့ကြတာသိရပါတယ်။ မဟာဝတ္ထုနဲ့ ဒိဗျာဝါဒါနကျမ်းဟာ အဲဒီနေရာမှာ ထင်ရှားပါတယ်။ ပါဠိနဲ့သက္ကတဂိုဏ်းတွေ အယူအဆကွဲပြားကြပေမဲ့ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ဆက်ဆံရေးမပြတ်တောက်ခဲ့ပါ(ငြိမ်းကျော်၊"ငွေတောင်"၊ ၁၉၇၃၊ရန်ကုန်၊ စာ-၅၀)။

သီဟိုဠ်ထေရဝါဒဂိုဏ်းက ထင်ရှားတဲ့အဋ္ဌကထာ ဆရာရှင်ဗုဒ္ဓဃောသဟာ၊ အတ္ထဒဿီ၊ ဗုဒ္ဓမိတ္တနဲ့၊ ဗုဒ္ဓဒေဝ ဆိုတဲ့မထေရ်တို့ရဲ့တောင်းပန်ချက်အရ ဇာတက အဋ္ဌကထာကျမ်းကို ရေးသားခဲ့ပါတယ်။ (ဇာတက အဋ္ဌကထာ ခုဒ္ဒကနိကာယ-ပထမဘာဂေါ) ဗုဒ္ဓသာသနာအဖွဲ့ ရန်ကုန်၊ ၁၉၅၉၊၁-၂)။ ဒီတော့ သက္ကတဗုဒ္ဓဝါဒဂိုဏ်းဖြစ်တဲ့ မဟိ ံသကဂိုဏ်းခေါင်းဆောင် ဗုဒ္ဓဒေဝနဲ့၊ မဟာဝိဟာရဝါသီဂိုဏ်းက အဋ္ဌကထာဆရာရှင် ဗုဒ္ဓဃောသတို့ရဲ့ ပုဂ္ဂိုလ်ရေးဆက်ဆံမှု၊ အဲဒီဂိုဏ်းတွေကြားမှာ အာဃာတမရှိမှုတွေကို တွေ့ရပါတယ်။ ဒါ့အပြင် ဝါသုဗန္ဓုအတ္ထု ပ္ပတ္တိကို စီရင်ခဲ့တဲ့ အရှင်ပရမတ္ထ(ခရစ် ၄၉၉-၅၆၉)ရဲ့ ရဟန်းတစ်ပါးဟာ ဂိုဏ်းအားလုံးရဲ့ ပိဋကတ်တွေကို နှံ့စပ်ရတယ်၊ အသေးစိပ်ပါမကျန် လေ့လာဆည်းပူရတယ်လို့ သိရပါတယ်။ (S. Dutt, 'Buddhist Monks and Monasteries. 'London, 1962, PP-176)။ဒီတော့နာဂဂျုနိကွန်ဒါဒေသမှာ သက္ကတဗုဒ္ဓဝါဒဂိုဏ်းနဲ့ ပါဠိဗုဒ္ဓဝါဒဂိုဏ်း ဟာ အဆင်ပြေပြေဆက်ဆံကြပြီး၊ တစ်ဂိုဏ်းကပုဂ္ဂိုလ်တွေဟာ တစ်ခြားတစ်ဂိုဏ်းကစာပေတွေကို လေ့လာကြ တယ်။ အုပ်စိုးသူမင်းတွေကလဲ လွတ်လပ်စွာကိုးကွယ်ခွင့်ပြုတာကို တွေ့ရပါတယ်။ ဒါဟာရခိုင်နဲ့ကူးသန်း ဆက်ဆံမှုရှိတဲ့ နာဂဂျုနိကွန်ဒါဒေသမှာရဲ့၊ ပါဠိဗုဒ္ဓဝါဒဂိုဏ်းနဲ့ သက္ကတဗုဒ္ဓဝါဒဂိုဏ်းတို့ရဲ့ အနေအထားပါ။

ပြီးတော့ဘုရားသခင်လက်ထက်တော်အခါက သူ့ရဲ့ဆင်းတုတော်သွန်းလုပ်ကိုးကွယ်မှုကို ခွင့်ပြုခဲ့တာမရှိဘူး လို့ ပညာရှင်တွေက ပြောပါတယ်။ (S.B.Qanungo, 'A History of Chittagong 'Vol 1, Chittagong University, 1988, Pp-82)။ ဆရာကြီးကလဲဆင်းတုတော်ကိုးကွယ်မှုဟာ ခရစ်-၇၆ထက်မစောဘူးလို့ ဆိုပါတယ်။ (သန်းထွန်း "ကျွန်တော်လဲအဖြေမသိပါ" ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း၊ စက်တင်ဘာလ၊၂၀၀၀-ခုနှစ်၊ စာ-၄၆)။ ဆရာတိုက်စိုး ကလဲ ခရစ်-၁ရာစုမှာ ကူရှန်မင်းတွေလက်ထက်မှ အစပြုတယ်လို့ဆိုပါတယ်။ (တိုက်စိုး'ကပိလဝတ်ရှာပုံတော်' ရတနာမွန်မဂ္ဂဇင်း၊ ၂၀၀၀-ခု၊စာ-၃၉)။ အဲဒီနောက်ပိုင်းမှာ နာဂဂျုနိကွန်ဒါဒေသကို ဆင်းတုတော်ကိုးကွယ်မှုတွေ ပျံ့နှံ့လာတဲ့တိုင်အောင်၊ ရှေးဦးပိုင်းအပရမဟာဝိနသေလိယဂိုဏ်းနဲ့ မဟိ ံသကဂိုဏ်းတို့ဟာ ဆင်းတုတော် ကိုးကွယ်မှုကို ဘယ်တုန်းကမှလက်မခံခဲ့ကြပါ။ (H/Sarkar, 'Some Aspects ...at Nagajunikonda, Pp-84)။ ဒါပေမယ့် ဒီဂိုဏ်းနှစ်ဂိုဏ်းဟာ ဆင်းတုတော်သွန်းလုပ်ကိုးကွယ်ကြတဲ့ တစ်ခြားဂိုဏ်းတွေနဲ့အတူ ယှဉ်တွဲနေထိုင်ပြီး ဆက်ဆံရေးပြေပြစ်ချောမွေ့ခဲ့တာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံကိုရောက်လာတဲ့ သက္ကတဗုဒ္ဓဝါဒဂိုဏ်းဟာ သဗ္ဗတ္တိဝါဒဂိုဏ်းဖြစ်တယ်။ ဒီဂိုဏ်းရဲ့မူလဒေသကတော့ အိန္ဒိယအရှေ့မြောက်ပိုင်းဖြစ်တယ်လို့ တစ်ချို့ပညာရှင်တွေကပြောပါတယ်။ (N.R. Ray, 'Sanskrit Buddhism in Burma, Calcutta, 1936, PP-88)။ အမှန်တော့ အိန္ဒိယတောင်ပိုင်းကလဲ ရောက်ရှိလာနိုင်ပါတယ်။ ဒီနေရာမှာ သက္ကတပိဋကတ်တော်နဲ့ ပါဠိပိဋကတ်တော်ကိုနှိုင်းယှဉ်ပြီး နည်းနည်းတင်ပြလိုပါတယ်။ Dr. Winternitz က "စကားသုံးနှုန်းမှုနဲ့ကျမ်းစာစီစဉ်မှုတွေမှာ သက္ကတပိဋကတ်တော်ဟာ ပါဠိပိဋကတ်တော်နဲ့ တူညီမှုတွေအများကြီးရှိပါတယ်။ ကွဲလွဲချက်တွေလဲရှိပါတယ်။ ပိဋကတ်တော်နှစ်ခုလုံးဟာ ပျောက်ကွယ်သွားပြီလို့ ယူဆရတဲ့ မဂဓိပိဋကတ်ကို အတူတူမှီးယူကူးချခဲ့ကြလို့ ဒီလိုတူညီချက်တွေရှိနေတယ်ဆိုတာ ယုတ္တိတန်တယ်။ အဲဒီ မဂဓိပိဋကတ်တော်က ပါဠိပိဋကတ်တော်ဟာ အိန္ဒိယပြည်ဒေသတစ်ခုကို ယူဆောင်ခွဲထွက်သွားပြီး သက္ကတပိဋကတ်တော် အဲဒီထက်နောက်ကျပြီး အိန္ဒိယပြည်တစ်ခြားဒေသတစ်ခုကို ခွဲထွက်သွားတာဖြစ်မယ်"လို့ ဆိုပါတယ်။ (ရှင်ဇာဂရာဘိဝံသ(ပြန်)'အိန္ဒိယစာပေသမိုင်း'(ဗုဒ္ဓစာပေကဏ္ဍ)'၊ ရန်ကုန်၊ စာ-၃၅၅)။ ဒါ့အပြင် ပါဠိပိဋကတ်တော်လာ နိကာယတွေနဲ့ အလားတူနာမည်တွေဟာ သက္ကတပိဋကတ်မှာ "အာဂမ"လို့ တွေ့ရပါတယ်။ ဒီဃာဂမဟာ ဒီဃနိကာယ၊ မဇ္ဈိမာဂမဟာ မဇ္ဈိမနိကာယ၊ သံယုတ္တာဂမဟာ သံယုတ္တနိကာယ၊ ဧကုတ္တရာဂမဟာ အင်္ဂုတ္တရနိကာယဆိုပြီး တွေ့ရတယ်လို့ဆိုပါတယ်။ Dr. Winternitzကတော့ သက္ကတ အာဂမတွေနဲ့ ပါဠိကာယာတွေကို မူရင်းတစ်ခုထဲက ကူးယူစုဆောင်းခဲ့ပေမယ့် မတူတဲ့ဂိုဏ်းတွေမှာ မတူတဲ့အစီအစဉ်တွေနဲ့ ပြုစုထားတာလို့ ပြောပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက အဲဒီခေတ်က သက္ကတပိဋကတ်တော်ထဲက ဒေသနာတော်တွေဟာ ပါဠိပိဋကတ်တော်နဲ့သိပ်ပြီး ကွဲလွဲချက်မရှိသေးဘူးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒါကြောင့်အတူယှဉ်တွဲနေနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ခရစ်-၆ရာစုအတွင်းက ရခိုင်ဝေသာလီမှာ စန္ဒြမင်းတစ်ပါးရေးထိုးခဲ့တဲ့ ကျောက်စာမှာ ပါဠိဝိနယကျမ်းထဲက ယေဓမ္မာဂါထာကို ပါဠိဘာသာနဲ့တွေ့ရသလို၊ သက္ကတမဟာဝတ္ထုကျမ်းထဲက ယေဓမ္မာဂါထာကိုလဲ နီတိစန္ဒြမင်း မိဖုရားကျောက်စာမှာ သက္ကတဘာသာနဲ့တွေ့မြင်ရတာဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ဝေသာလီမှာ သက္ကတဂိုဏ်းနဲ့ ပါဠိဂိုဏ်းဟာ အတူယှဉ်တွဲထွန်းကားခဲ့တာ ထင်ရှားပါတယ်။

ရခိုင်မှာ ဝေသာလီခေတ်ထွန်းကားနေချိန်မှာ ရခိုင်နဲ့နယ်မြေချင်းဆက်စပ်နေတဲ့ အိန္ဒိယအရှေ့ဖျားနယ်ကိုလေ့လာကြည့်တော့ 'ဘင်္ဂလားနယ် သမဋတမှာ နတ်ကျောင်းတွေကကြီးစိုးနေခဲ့တယ်။ ဒါပေမဲ့ ထေရဝါဒဂိုဏ်းဝင်ဘုန်းတော်ကြီးကျောင်း(၃၀)နဲ့သံဃာ(၁၀၀၀)ရှိတယ်လို့ တရုတ်ခရီးသည် ရွှင်ကျင်ရဲ့မှတ်တမ်းမှာ တွေ့ရပါတယ်။ တရုတ်ရဟန်းတော် ယိကျင့်ကိုယ်တိုင် တစ်နှစ်ကြာအောင် သီတင်းသုံးခဲ့တဲ့ အရှေ့ဘင်္ဂါနယ်က ဟာရိကေလမြို့အပါအဝင်၊ အိန္ဒိယအရှေ့ပိုင်းတစ်ခွင်လုံးမှာ ထေရဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း၊ သဗ္ဗတိဝါဒဂိုဏ်းနဲ့ သမ္မတိယဂိုဏ်းတွေ ထွန်းကားနေပါတယ်။

အဲဒီဒေသမှာလဲ သံဃာတော်အားလုံးတို့ဟာ မိမိတို့ရဲ့ပါရမီဉာဏ် ရင့်သန်ရေးအတွက်နဲ့ လူတွေဟာလဲ ပညာဉာဏ်စွမ်းရည် မြင့်မားရေးအတွက် ဂိုဏ်း(၁၈)ဂိုဏ်းလုံးရဲ့ စာပေကျမ်းဂန်တွေကို ညှိနှိုင်းဆွေးနွေးလေ့ရှိကြပါတယ်။ (G.H. Luce, 'Countries Neighbouring Burma', B.R.S.F.A.P. Vol-II, Rangon, 1960,PP-302/303)

ရခိုင်ဝေသာလီမှာ ပါဠိဂိုဏ်းနဲ့ သက္ကတဂိုဏ်းတို့ဟာ အာဃာတမရှိကြဘဲ နာဂရျုနိကွန်ဒါနဲ့၊ အိန္ဒိယအရှေ့ပိုင်းဒေသတွေမှာလိုပဲ၊ အပြန်အလှန်လေ့လာဆွေးနွေးမှုရှိပြီး၊ ငြိမ်းချမ်းစွာနေခဲ့ကြပါတယ်။ မင်းတွေကလဲ လွတ်လပ်စွာကိုးကွယ်ခွင့်ပေးပြီး ကူညီစောင့်ရှောက်ပေးကမ်း လှူဒါန်းမှုတွေရှိနေခဲ့တယ်ဆိုတာ အာနန္ဒစန္ဒြမင်းရဲ့ ဆောင်ရွက်ချက်တွေက ဖော်ပြနေပါတယ်။ အဲဒီအချိန်(ခရစ်၈-ရာစုအစောပိုင်းမှာ ရခိုင်အက္ခရာ၊ ရခိုင်စာပေမပေါ်ပေါက်သေးတော့ ဂုပ္ပတပွါးအက္ခရာနဲ့ သက္ကတဘာသာက ပိုပြီးတွင်ကျယ်ခဲ့လေတော့ ရခိုင်မှာ သက္ကတဘာသာကို အများသုံးစာပေဘာသာအဖြစ် အသုံးပြုခဲ့ကြပါတယ်။

အာနန္ဒစန္ဒြမင်းဟာ ကျောက်စာကိုသက္ကတဘာသာနဲ့ ရေးထိုးတာလဲ မှန်ပါတယ်။ ဗြဟ္မဏဝါဒီပုဏ္ဏားတွေအတွက် ရေတွင်း၊ ရေကန်၊ မြေ၊ ကျောင်း၊ နေရာတွေအများကြီး လှူခဲ့တာလဲမှန်ပါတယ်။ ဒါ့အပြင်ဗုဒ္ဓဆင်းတုတော်တွေ၊ ရှင်စုန္ဒတို့လို ရဟန္တာတွေရဲ့ဆင်းတုတော်တွေ၊ ဗောဓိသတ္တဘုရားလောင်း ဆင်းတုတော်တွေ သွန်းလုပ်ပြီး မဟာယနဗုဒ္ဓဘာသာဆိုင်ရာ ဆောင်ရွက်မှုတွေပြုလုပ်ခဲ့တာလဲ မှန်ပါတယ်။ ဒါကြောင့် သူ့ကို Dr. Johnston

က ဝိဥာဏဝါဒဂိုဏ်းဝင်ဖြစ်တယ်လို့ (Some Sanskrit Inscriptions of Arakan', Bull, S.O.A.S. Vol-XI, Pt-2, PP-357-85)ပြောဖူးခဲ့သလို သူဟာ "သဒ္ဓရ်မ္မပုဏ္ဍရိကကျမ်း"ကို သင်အံလေ့ကျက်ခဲ့မယ်လို့ P.Gutmanက (Ancient Arakan PP-248)ရေးခဲ့တယ်။ အမှန်တော့ အာနန္ဒစန္ဒြမင်းဟာ သက္ကတဗုဒ္ဓဝါဒဂိုဏ်းတွေကို ကူညီစောင့်ရှောက် ခဲ့ပြီး၊ သက္ကတစာပေကျမ်းဂန်တွေကိုပါ နှံ့စပ်အောင်လေ့လာခဲ့ပါလိမ့်မယ်။ ဒါပေမဲ့ သူဟာထေရဝါဒဗုဒ္ဓဘာသာ ကို ကိုးကွယ်တဲ့မင်းတစ်ပါးဖြစ်ပါတယ်။

ဗြဟ္မဏဘာသာနဲ့ မဟာယနဗုဒ္ဓဘာသာကို ကိုးကွယ်ခွင့်ပြုပြီး ကူညီလှူဒါန်းစောင့်ရှောက်ခဲ့လို့ အာနန္ဒစန္ဒြမင်းကို မဟာယနဗုဒ္ဓဘာသာဝင်လို့ပြောကြစတမ်းဆိုရင် ဆရာကြီးပြောတဲ့ ခရစ်–၁၁ရာစုပုဂံမှာ ပါဠိပိဋကတ် ကူးရေးတဲ့ကျန်စစ်သားမင်းကို ဘယ်လိုပြောရပါမလဲ။ ကျန်စစ်သားမင်းနဲ့ပတ်သက်ပြီး နည်းနည်းတင်ပြလိုပါတယ်။

ပုဂံကို သထုံက ပါဠိပိဋကတ်တော်ရောက်တာ ခရစ်နှစ် ၁၀၅၇လို့ ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင်တွေကဆိုပါတယ်။ ဒါပေမယ့် သထုံ ဗုဒ္ဓဝါဒဟာ ထေရဝါဒသန့်သန့်မဟုတ်ဘူးလို့ ပါမောက္ခ Luceကပြောပါတယ်။ ("Mons of Pagon Dynasty" J.B.R.S. XXXVi, i, August, 1953, P-8)။ ဘာကြောင့်လဲဆိုတော့ အနော်ရထာမင်းလက်ထက်မှာ ပုဂံမှာမဟာယနဗုဒ္ဓဘာသာထွန်းကားနေသေးပြီး အနော်ရထာမင်းကိုယ်တိုင်လဲ ဒီဝါဒကိုနှစ်သက်လိုက်နာနေခဲ့သေးလို့ပါ။ (N.R.Ray, "Sanskrit Buddhism in Burma", Calculta, 1936,PP-42)။

ပုဂံမှာ ပါဠိထေရဝါဒရောက်လာလို့ သက္ကတဘာသာနဲ့ မဟာယန၊ တန္တရဝါဒတွေ အကြွင်းမဲ့ပျောက်မသွားခဲ့ပါဘူး။ ကျန်စစ်သားမင်းလက်ထက်မှာ အယူဝါဒအမျိုးမျိုးတွေ ကိုးကွယ်ခဲ့ကြတာ ဆရာကြီးသိပါတယ်။ ဆရာကြီး ဦးဖေမောင်တင်ကဆိုရင် ကျန်စစ်သားမင်းလက်ထက်မှာ ဗုဒ္ဓဝါဒမှာ ဗိဿနိုးဝါဒ၊ နတ်နဂါးကိုးကွယ်မှုတွေ ဘယ်လောက်အထိရောနှောနေခဲ့တယ်ဆိုတာ ကျန်စစ်သားမင်းရေးထိုးခဲ့တဲ့ မွန်ကျောက်စာတွေကဖော်ပြနေပါတယ်လို့ ဆိုခဲ့ပါတယ်။ (U Pe Maung Tin, "Buddhism in the Inscriptins of Pagan."B.R.S.F.A.P Vol-11, 1960)။ ကျန်စစ်သားမင်းဟာ သူ့ရဲ့မိဖုရားခေါင်ကြီး ကိုးကွယ်တဲ့မဟာယန ဝါဒ၊ မြန်မာပြည်တောင်ပိုင်းက ဗိဿနိုးကိုးကွယ်မှု၊ မြန်မာပြည်မြောက်ပိုင်းမှာထွန်းကားနေတဲ့ နဂါးနတ်ကိုးကွယ်မှုတွေကို ခွင့်ပြုခဲ့ပါတယ်။ (G.H.Luce, "The career of Htilaing Min (Kyansittha, J.R.A.S,1966,PP-62) ။ဒါတင်မက ကျန်စစ်သားမင်းဟာ အိန္ဒိယမြောက်ပိုင်းက မဟာယနရဟန်းတွေကို ကောင်းကောင်းမွန်မွန်ဝတ်ပြုပူဇော်ခဲ့ပါသေးတယ်။ G.E Harvey, "History Of Burma", London1967, PP-40)။ပုဂံဟာ ရခိုင်လိုပဲ အိန္ဒိယတောင်ပိုင်း၊ သီဟိုဠ်၊ အိန္ဒိယမြောက်ပိုင်းနဲ့ပါ အဆက်အသွယ်ရှိခဲ့တာပါ။

အိန္ဒိယကုန်သည်တွေ၊ စွန့်စားသွားလာသူတွေ၊ ပညာရှင်တွေ၊ ရဟန်းတွေဟာ နတ်ကိုးကွယ်မှု၊ ဗြဟ္မဝါဒ၊ ဝိဇ္ဇာယနနဲ့ တန္တရဗုဒ္ဓဘာသာတွေကို ပုဂံကိုယူဆောင်ခဲ့ကြပါတယ်။ (N.R.Ray "Theravada Buddhism in Burma", Calcutta, 1946, PP-148။ ဒါတင်မကသေးပါ။ ဗြဟ္မဏဘာသာဝင်တွေ အလေးအမြတ်ပြုကြတဲ့ ရာမယနကဗျာကြီးဟာ ပုဂံကိုရောက်ခဲ့ပြီး၊ ကျန်စစ်သားမင်းကိုယ်တိုင်က ယုံကြည်လက်ခံခဲ့ပါတယ်။ (ကိုယ်မောင်မောင်ကြီး "မြန်မာပြဇာတ်ရေစီးကြောင်း"၊ တ၊ပ၊စ အတွဲ(၄)၊ အပိုင်း(၁)၊ ဇန်နဝါရီ ၁၉၆၉၊ စာ–၂၁၆–၂၂၇)။ဒါကြောင့် ပုဂံမှာ မဟာယနနဲ့တန္တရဗုဒ္ဓဝါဒီတွေရဲ့ သက္ကတပိဋကတ်တွေရှိတယ်လို့ ပညာရှင်တွေကဆိုပါတယ်။ (Le May, "The Development of Buddhist Art in Burma". J.R.S.A, June, 1949, P-544)။ တာရာနာထရဲ့ရေးသားချက်အရလဲ ပုဂံ၊ရခိုင်နဲ့ပဲခူးတို့မှာ မဟာယနဝါဒီတွေ အများကြီးရှိတယ်လို့ သိရပါတယ်။ (N.R.Ray, "Sanskrit Buddhism in Burma."Pp-74)။ ကျန်စစ်သားမင်းဟာ မဟာယန ဗုဒ္ဓဘာသာကိုဘယ်လောက်အထိ အားပေးခဲ့သလဲဆိုရင် သူတည်ထားခဲ့တဲ့ အပယ်ရတနာလိုဏ်ဂူဘုရား၊ နဂါးရုံဘုရား၊ သူနတ်ရွာစံပြီးမှတည်တဲ့ ဂူပြောက်ကြီးဘုရား၊ ပုထိုးသားများဘုရား၊ ၁၂–ရာစုမှာတည်တဲ့ လောကဉသျှောင်ဘုရား၊ ၁၃–ရာစုမှာတည်တဲ့ နန္ဒမညာဘုရား၊ ဘုရားသုံးဆူ၊ သမ္ဗျုလဘုရားတွေဟာ သက်သေပါ (S.C. Eliot "Hindusm and Buddhism" Vol-11, London, 1954, PP-86-89။ အပယ်ရတနာဘုရားဆိုရင် ကျန်စစ်သားမင်းနဲ့ အပယ်ရတနာမိဖုရားဟာ အရှေ့ဘင်္ဂါနယ်ကရောက်ရှိလာ တဲ့ တန္တရဗုဒ္ဓဝါဒီတွေအတွက် သီးသန့်ဆောက်လှူဒါန်းခဲ့တာပါ။(G.H.Luce, "The Career of Htilaing Min (J.R.A.S,1966,PP-

56)။ဒီအထောက်အထားတွေအရဆိုရင် ကျန်စစ်သားမင်းဟာ မဟာယနဂိုဏ်းမင်းတစ်ပါးလို့ ယူဆစရာ ဖြစ်ပါတယ်။ ဒါပေမယ့်သမိုင်းပညာရှင်တွေက အဲဒီလိုမဆုံးဖြတ်ခဲ့ကြပါ။ ရှင်အရဟံကို လက်ျာထား ဆရာတင်ပြီး ပါဠိပိဋကတ်သုံးကို စုဆောင်းသိမ်းဆည်းပြီး သန့်ရှင်းတည့်မှန်အောင် ရေးသားစေခဲ့တဲ့အချက်ကို ထောက်ပြီး (ဦးချစ်သိန်း (တည်ဖြတ်၊ မြန်မာပြန်)၊"မွန်ကျောက်စာပေါင်းချုပ်"၊ ရန်ကုန်ရွှေဟောင်းသုတေသန ဌာန၊ ၁၉၆၅၊စာ–၅၁) ကျန်စစ်သားမင်းကို ထေရဝါဒဂိုဏ်းဝင် မင်းတစ်ပါးလို့သတ်မှတ်ကြပါတယ်။

အာနန္ဒစန္ဒြမင်းဟာလဲ ဗြဟ္မဏပုဏ္ဏားတွေအတွက် အလှူတွေပေးပြီး မဟာယနအတွက် သာသနိကပစ္စည်း တွေ တည်ဆောက်ပြုပြင်ပေးခဲ့ပေမယ့် သူဟာ မဟာယနဂိုဏ်းဝင်မဟုတ်ပါဘူး။ ထေရဝါဒဂိုဏ်းဝင် မင်းတစ်ပါး သာလျှင် ဖြစ်ပါတယ်။ ဒီအတွက်လဲ ကျောက်စာမှာ ခိုင်မာတဲ့ အထောက်အထားပါရှိပါတယ်။

အာနန္ဒစန္ဒြကျောက်စာ၊ ဂါထာအမှတ်(၆)မှာ သူဟာ "ဇိလာမေဃမင်းရဲ့ တိုင်းပြည်က အရိယာ ရဟန်း သံဃာတွေအတွက် တရားပလ္လင်၊ ကောင်းမြတ်တဲ့ဆင်မယဉ်သာတစ်ကောင်နဲ့ ပိုးသက်န်းတွေ ပေးပို့လှူဒါန်းတယ် လို့ ရေးထိုးထားခဲ့တယ်။ (ဦးစံသာအောင် "အာနန္ဒစန္ဒြ(ရှစ်ရာစု ရခိုင်ဝေသာလီမင်း)" ၁၉၇၅–ရန်ကုန်၊စာ– ၁၄၉)။ ကျောက်စာက ဂိလာမေဃမင်းရဲ့ တိုင်းပြည်ဆိုတာ အဲဒီအချိန်က "ဂိလာမေဃဝဏ္ဏမင်း"အုပ်စိုးနေတဲ့ သီဟိုဠ်ကျွန်းဖြစ်ပါတယ်။ (ဦးစံသာအောင် "အာနန္ဒ'စာ–၂၁၃)(သန်းထွန်း'ခေတ်ဟောင်း မြန်မာရာဇဝင် ၁၉၆၉၊ စာ–၇၅)၊(E.H. Johnston, Bull S.O.A.S Vol-xi, pt2, PP-357-85)(P.Gutman, "Ancient Arakan" PP-48)။

ရခိုင်ဟာ သီဟိုဠ်နဲ့ခရစ်နှစ်ဆန်းစကပဲ အဆက်အသွယ်ရှိခဲ့ပြီး ရှစ်ရာစုတိုင်အဆက်အသွယ်မပြတ်ခဲ့တာ တွေ့မြင်ရပါတယ်။ ပြည်တွင်းမှာ ဗြဟ္မဏဝါဒ၊ မဟာယနဝါဒ၊ ထေရဝါဒဘာသာဝင်တွေအားလုံးအတွက် ကူညီ ထောက်ပံ့မှုတွေ ပြုခဲ့ပေမယ့် ပြည်ပသာသနာ့ ဆက်ဆံရေးမှာ၊ သီဟိုဠ်ကျွန်းက ထေရဝါဒရဟန်းသံဃာတော် တွေအတွက် တရားပလ္လင်၊ ပိုးသက်န်း၊ အစရှိတဲ့လှူဖွယ်ဝတ္ထုတွေကို ပေးပို့လှူဒါန်းတယ်ဆိုတဲ့အချက်က အာနန္ဒ စန္ဒြမင်းဟာ ထေရဝါဒဂိုဏ်းဝင် ဗုဒ္ဓဘာသာမင်းတစ်ပါး ဖြစ်တယ်ဆိုတာထင်ရှားပါတယ်။

ဒါကြောင့် ပုဂံမှာ ကျန်စစ်သား ပိဋကတ်ရေးကူးချိန်ထက်၊ နှစ်–၃၀၀စောပြီး၊ ရခိုင်မှာ အာနန္ဒစန္ဒြမင်း ရေးကူးတဲ့ပိဋကတ်ဟာ မဟာယနကျမ်းစာတွေ မဟုတ်ဘဲ၊ သီဟိုဠ်က ကူးရေးတဲ့ ထေရဝါဒပါဠိပိဋကတ်တော် သာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

# ရခိုင်ပြည် ဗုဒ္ဓသာသနာအစဉ်အလာ စစ်တမ်း

ရှေးခေတ်ရခိုင်ပြည်၏ ဗုဒ္ဓသာသနာသမိုင်းနှင့်ပတ်သက်သက်၍ စာရေးသူသည်မိမိလေ့လာတွေ့ရှိချက်များကို အစဉ်တစိုက်ရေးသားလာခဲ့သည်မှာ ၁၇–နှစ်ခန့်ကြာမြင့်လာခဲ့ပါပြီ။ ရခိုင်ခေတ်ဦးက ဗုဒ္ဓသာသနာထွန်းကားခဲ့ပုံများကို ခေတ်အလိုက်၊ ရာစုနှစ်များအလိုက်ခွဲခြား၍ အတန်အသင့်တင်ပြခဲ့ပါသည်။ ရုပ်ဝတ္ထုအထောက်အထားများကို အခြေပြု၍ ခေတ်ပြိုင်အထောက်အထားများ၊ မှတ်တမ်းများ၊ပြည်တွင်းပြည်ပသုတေသီများ၏ရေးသားချက်များ၊ သာသနာ့သမိုင်းဆိုင်ရာမှတ်တမ်းများကို ကိုးကားညှိနှိုင်း၍၊ယထာဘူတကျကျတင်ပြရေးသားလာခဲ့ပါသည်။

ယခုအခါ အချို့ရဟန်းပုဂ္ဂိုလ်များက ရခိုင်ပြည်နယ်၏သာသနာသည် မဟာယနအစဉ်အလာမှ ဆင်းသက်လာသော သာသနာဖြစ်သည်ဟုလည်းကောင်း **(ကျော်ကျော်လှ၊ "ထေရဝါဒသာသနာရခိုင်မှာထွန်းကားလာပုံ" ရခိုင်သဟာယမဂ္ဂဇင်း(၃)၊ ၁၉၉၆၊ စာ–၄၅)၊** မြန်မာ့သမိုင်းပညာရှင်တစ်ဦးက "အာနန္ဒစန္ဒြကျောက်စာလာ ပထမ စန္ဒြမင်းဆက်သည် ဗြဟ္မဏဝါဒီ၊ သီဝဂိုဏ်းဝင်များဖြစ်ကြသည်။ ပုဂံတွင် ကျန်စစ်သားမင်း ပိဋကတ်ရေးကူးချိန်ထက် နှစ်–၃၀၀စော၍၊ ရခိုင်ဝေသာလီတွင် အာနန္ဒစန္ဒြမင်းရေးကူးသော ပိဋကတ်သည် မဟာယနကျမ်းစာများသာ ဖြစ်စရာရှိသည်ဟုလည်းကောင်း **(သန်းထွန်း၊"အာနန္ဒစန္ဒြကျောက်စာအကဲဖြတ်" ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၂၀၀၀–ခု ဩဂုတ်လ်၊ စာ–၉၃)၊**"ခရစ်ရှစ်ရာစုဆိုလျှင် ပျူကဟိနယနဖြစ်နေပြီ၊ ရခိုင်က ဘယ်အချိန်ကစပြီး ဟိနယနဖြစ်ခဲ့ပါသလဲဟုလည်းကောင်း **(သန်းထွန်း၊"ကျွန်တော်လဲအဖြေမသိပါ"၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၂၀၀၀–ခု၊ စက်တင်ဘာလ၊ စာ–၄၆)**ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ထို့ကြောင့်ရှေးခေတ်ရခိုင်ပြည်၏ ဗုဒ္ဓသာသနာသမိုင်းကန့်လန့်ဖြတ်ပုံ ကားချပ်ကိုအတတ်နိုင်ဆုံးအကျဉ်းချုပ်၍၊ ရိုးသားစွာတင်ပြလိုက်ရပါသည်။ ယခုတင်ပြချက်သည် စာရေးသူ၏ သုတေသနအမြင်ဖြစ်ပါသည်။

ဤဆောင်းပါးကို ရေးသားရာ၌ "ဗုဒ္ဓသည်အိန္ဒိယပြည်မြောက်ပိုင်း ဂင်္ဂါမြစ်ဝှမ်းကိုကျော်လွန်၍ သာသနာပြုခရီးမထွက်ခဲ့ဟုလည်းကောင်း၊ (S.B. Qanungo, "A History of Chittagong" Vol-(1),Chittagong, 1988, P-82) ။ ဗုဒ္ဓသည် ၄၅–နှစ်ပတ်လုံး အိန္ဒိယပြည်မြောက်ပိုင်းတွင်သာ လှည့်လည်၍သာသနာပြုခဲ့သည်ဟုလည်းကောင်း၊ (Christmas Humphreys, "Buddhism" Penguin Books, 1964, P-34) ၊ဗုဒ္ဓဆင်းတုတော်ကိုးကွယ်မှုစတင်ချိန်သည်ခရစ်–၇၆ထက်ရှေးမကျဟုလည်းကောင်း **(သန်းထွန်း၊"ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၂၀၀၀–ခု၊ စက်တင်ဘာလ၊ စာ–၄၆)၊** အေဒီ–၁ရာစု ကူရှန်မင်းတို့လက်ထက်တွင်မှ အိန္ဒိယဆင်းတုရုပ်ပွားအတတ်ပေါ်ပေါက်လာသည်ဟုလည်းကောင်း **(တိုက်စိုး၊"ကပိလဝတ်ရှာပုံတော်" ရတနာမွန်မဂ္ဂဇင်း၊ ၂၀၀၀–ခု၊ လ၊ စာ–၃၉)**ဆင်းတုတော် ကိုးကွယ်မှုသည်၊ဗုဒ္ဓအားနတ်ဘုရားအဖြစ် ယုံကြည်ကိုးကွယ်မှုပြောင်းလဲလာချိန်တွင် စတင်ခဲ့သည်ဟုလည်း ကောင်း၊ (San Tha Aung , "The Buddhist Art of Ancient Arakan," Rangoon, 1979, P-61)၊ဗုဒ္ဓဆင်းတုတော် ကိုးကွယ်မှုသည် ရခိုင်စစ်တကောင်းဒေသသို့ အေဒီ–၂ရာစုတွင် စတင်ရောက်ရှိခဲ့သည်ဟုလည်းကောင်း၊ (Quanungo A History of Chittagong, P-82)၊မဟာမုနိဆင်းတုတော်ကြီးကို သွန်းလုပ်ခဲ့သည်မှာခရစ်–၂၂၅တွင် ဖြစ်သည်ဟုလည်းကောင်း **(ဦးသာထွန်းအောင်၊"ရခိုင်ရာဇဝင်ဟောင်း များရှာဖွေစုဆောင်းရေးအသင်း၏မှတ်တမ်း" အမှတ်(၁)၊ ၁၉၂၀၊ ရန်ကုန်)၊** ရခိုင်ပြည်မှ မဟာမုနိ ဆင်းတုတော်ကြီးမှာ ပုဂံရာဇဝင်နှင့် မဟာရာဇဝင်တော်ကြီးများတွင် ဖော်ပြချက်အရ အရိမေတ္တေယျဘုရားလောင်းနတ်သား၏ဆင်းတုတော်ဖြစ်သည်ဟုလည်းကောင်း၊ (N.R.Ray, "Sanskrit Buddhism in Burma, 1936, P-43)၊**စသည်ဖြင့် တွေ့ရှိရပါသဖြင့် ဓညဝတီပြည်သို့ ဘုရားရှင် ကြွလာတော်မူခြင်းနှင့်ပတ်သက်၍၊ အငြင်းပွားဘွယ်မဖြစ်စေရန် ချန်လုပ်ခဲ့ပါသည်။**

**သုတေသနအမြင်အားဖြင့် ရှေးခေတ်ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိပျံ့နှံ့လာခဲ့သည်မှာ ဘီစီ–၃ရာစုအတွင်းက ဖြစ်သည်ဟုတွေ့ရှိရပါသည်။**

**၁၆–ရာစုအတွင်းက တိဘက်ရာဇဝင်ဆရာ ဘုန်းတော်ကြီး**Taranath ရေးသားခဲ့သည့်၊ အိန္ဒိယ

ဗုဒ္ဓသာသနာ သမိုင်းတွင်၊ ရခိုင်၊ ပုဂံ၊ ဟံသာဝတီပြည်များကို Kuki ပြည်များဟုခေါ်ဆိုထားပြီး၊ ထို Kuki ပြည်များသို့ အာသောကမင်းကြီးလက်ထက်ကပင် မောရိယအင်ပါယာမှ၊ ထေရဝါဒဗုဒ္ဓသာသနာပျံ့နှံ့ခဲ့ကြောင်း၊ ဝသုပန္ဓု (အေဒီ–၃၂၀–၄၀၀)၏ တပည့်များခေတ်သို့ရောက်မှ Kuki ပြည်များသို့ မဟာယနဗုဒ္ဓဘာသာပျံ့နှံ့ခဲ့ကြောင်း ရေးသားခဲ့ပါသည်။ **(N.R.Ray, "Sanskrit Buddhism in Burma, P-80)** မြန်မာပြည်မြောက်ပိုင်းကိုဖြတ်သွားသော တရုတ်၊အိန္ဒိယလမ်းမကြီးမှာ ဘီစီ–၁၂၈တွင် တွင်ကျယ်စွာအသုံးပြုနေပြီဖြစ်ပါသည်။ **(Luce and Pe Maung Tin, "Burma Doun to the Fall of Pagan" J.B.R.S.F.A.P, NO.2, Rangon, 1960, P-385)**။ အိန္ဒိယပြည်၊ မဂဓတိုင်း မှ ၊အာသံမဏိပူရနှင့် မြန်မာပြည်မြောက်ပိုင်းကိုဖြတ်၍ ယူနန်နယ်သို့ရောက်သောလမ်းဖြစ်ပါသည်။

ဤလမ်းမှ ရခိုင်ပြည်သို့ဝင်လာနိုင်သော လမ်း(၂)သွယ်ရှိပါသည်။ စစ်တကောင်း၊ ကော့ပဇား၊ ရာမူးကမ်းခြေဘက်မှဝင်လာသောလမ်းနှင့် ကုလားတန်မြစ်ဖျားပိုင်းမှ တောင်ကြားလမ်းအတိုင်းစုန်ဆင်းလာနိုင်သောလမ်း ဖြစ်ပါသည်။ ၁၆၁၁–ခုနှစ်က၊ ပေါ်တူဂီဘုန်းတော်ကြီး Manrique သည် ဤဒုတိယလမ်းဖြင့် ဝင်ရောက်ခဲ့ပြီး၊ မြောက်ဦးမြို့တော်သို့ရောက်ရှိခဲ့ပါသည်။ ဤလမ်းသည် နာလန္ဒာနှင့်လည်း တိုက်ရိုက်ဆက်သွယ်နိုင်သောလမ်း ဖြစ်သည်။ သက်၊မြို၊ခမီး၊ ချင်း၊ရခိုင်တို့သည် ရခိုင်ပြည်တွင်းသို့ ဤလမ်းများမှတဆင့် ဝင်ရောက်ခဲ့ကြသည်။ **(ထွန်းရွှေခိုင်“ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ”ရန်ကုန်၊ ၁၉၉၀၊စာ–၄)**။ မောရိယအင်ပါယာမှ ဗုဒ္ဓသာသနာသည် ဤလမ်းများမှတဆင့် ဝင်ရောက်ပျံ့နှံ့လာသည်ဟု ယူဆရပါသည်။

မြန်မာရာဇဝင်မှတ်တမ်းများအရ အလွန်ရှေးကျသော အချိန်ကာလကပင် အိန္ဒိယမှမြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသူများသည် ချင်းတွင်းမြစ်ဝှမ်းအထက်ပိုင်းကို ဖြတ်သွားသည်ဟု ဤတရုတ် အိန္ဒိယလမ်းမကြီး အတိုင်း ရောက်ရှိခဲ့သည်ဟု ဖော်ပြကြပါသည်။ **(S.Buddhism in Burma, P-15**။

အသောကကျောက်စာနှင့် သီဟိုဠ်မဟာဝင်မှတ်တမ်းများတွင် ဘီစီ–၃ရာစုအတွင်း တတိယသင်္ဂါယနာပွဲ အပြီးတွင်၊ “မဟိံသကတိုင်း”သို့ ရှင်မဟာရေဝတထေရ်နှင့် ရဟန္တာငါးပါး သာသနာပြုကြွချီခဲ့ကြောင်း မှတ်တမ်း တင်ထားပါသည်။ V.A.Smith ကဲ့သို့သော သမိုင်းဆရာများကမူ မဟိံသကတိုင်းသည် အိန္ဒိယတောင်ပိုင်းမှ Mysore နယ်ဖြစ်သည်ဟု ဖော်ပြကြပါသည်။ ရခိုင်ပြည်တွင်တွေ့ရသော “အဟိံသကသူဇဝံသ” နှင့် “ဝေသာလီ ရာဇဝင်”ရှေးဟောင်းပေမူများတွင် ထိုခေတ်ကရခိုင်ပြည်ကို‘မဟိံသကတိုင်း’ဟု ခေါ်ဆိုကြောင်းတွေ့ရပါသည်။ ရမ်းပြည်မြို့တောင်ကျောင်းဆရာတော်ကြီး၏ ‘အိန္ဒိယနယ်ပုံကျမ်းတွင်ကား၊ ရာဇဂြိုဟ်ပြည်၏တောင်ဘက်၊ မဒရပ် မြောက်ဘက်ဖြစ်သော၊ မဟိံသက၊ အန္ဓကဝိဒ၊ ဩရိယန၊ ဘင်္ဂလား၊ စစ်တကောင်း၊ ဖလောင်ချိတ်၊ ပန်းဝါနှင့် တောင်ဘက်ရခိုင်ပြည်တဝှန်းလုံးကို မဟိံသကမဏ္ဍလဟုဖော်ပြထားပါသည်။ ဦးအောင်သာဦးကမူ ရခိုင်ပြည် သည် မဟိံသကမဏ္ဍလ၏အစိတ်အပိုင်းဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ **(ဦးအောင်သာဦး၊“ဗုဒ္ဓသာသနာနှင့်ရခိုင်ပြည်”၊ ၁၉၇၄၊စာ–၉)**။ တဖန်၊ဓညဝတီ၊ ဝေသာလီခေတ်များအတွင်းက ရခိုင်ပိုင်နယ်မြေတဝှန်းလုံးကို၊ တိုင်း(၁၂) တိုင်းခွဲခြားသတ်မှတ်၍ အုပ်ချုပ်ခဲ့ရာတွင်“နာဂသုန္ဒရတိုင်း” “ကမ္ဗရူပတိုင်း” “မဟိံသကတိုင်း” “ဒွါရာဝတီတိုင်း” “ရမ္မာဝတီတိုင်း” စသည်ဖြင့် တွေ့ရှိရပါသည်။ **(ဂေါယာမြေစောဝင်း၊“ရခိုင်ခေတ်မြို့ပြနိုင်ငံအုပ်ချုပ်ရေး”၊ ရခိုင် တန်ဆောင်မဂ္ဂဇင်း(၁၈)၁၉၉၅၊စာ–၁၇)**။ ရခိုင်ပြည်၏ဓညဝတီခေတ်နယ်မြေသည် မြောက်ဘက်မှပလက်ဝတောင် ကုန်းဒေသ၊ ကမ္ဗရူပ(အာသံ)နယ်နိမိတ်နှင့် ဆက်စပ်လျှက်ရှိပါသည်။ ဝေသာလီခေတ်တွင်မူ ဂင်္ဂါမြစ်အရှေ့ဘက် ကမ်းမှ နတ်မြစ်ဝထိ၊ ယခုဘင်္ဂလားနယ်မြေသည် ရခိုင်ပြည်အတွင်းပါဝင်သည် **(ဦးဘစံ၊“ရခိုင်နယ်နိမိတ်” ၊ ရခိုင်သဟာယမဂ္ဂဇင်း(၂)၊ ၁၉၉၆၊စာ–၄၃)**။ တိဘက်ဘုန်းတော်ကြီး Taranath က၊ အသောကမင်းကြီးလက်ထက်က ပင် ဗုဒ္ဓသာသနာပျံ့ပွားခဲ့သည်ဟု ဖော်ပြသောရခိုင်ပြည်ဟုဆိုရာတွင် အာသံနယ်မှအစ၊ စစ်တကောင်းနယ်လည်း ပါဝင်သည်။ **(A. History of Chittagong, P-83)**။ထို့ကြောင့် ဓညဝတီနှင့်ဝေသာလီခေတ် ရခိုင်ပြည်ဆိုရာ၌ ဂင်္ဂါမြစ် အရှေ့ဘက်ကမ်းမှ မော်တင်စွန်းအထိကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

စစ်တကောင်းဒေသတွင် နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များတွင်လည်း ဗုဒ္ဓသည်စစ်တကောင်းဒေသသို့

ကိုယ်တော်တိုင်ကြွရောက်ခဲ့ပြီးလျှင် Chakaria, Chakrasala, Hastigrama, Chandranatha, Mahamuni, Shakpura ဒေသများသို့လှည့်လည်၍ သာသနာပြုခဲ့သည်ဟု အစဉ်အလာအယူအဆရှိပါသည်။ ရခိုင်စစ်တကောင်းဒေသမှ ဤအယူအဆများသည် ဗုဒ္ဓသာသနာပြုအဖွဲ့ လာရောက်သာသနာပြုခဲ့ခြင်းကို အခြေခံ၍အစဉ်အလာပြောဆိုလာခဲ့ကြခြင်းဖြစ်ပါသည် **(A History of Chittagong , P-81/82)**။

ဘီစီ–၃ရာစုအတွင်းက ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာပျံ့နှံ့ခဲ့သည့် အထောက်အထားကိုရှာဖွေသောအခါ၊ မြောက်ဦးမြို့ရှစ်သောင်းဘုရား ကုန်းတော်ပေါ်မှ ကျောက်ချပ်ကို သက်သေအဖြစ်တွေ့ရပါသည်။ ကျောက်ချပ်သည်အလျားစပေ၊ ၆လက်မ၊ အနံ၂ပေ၊၅လက်မ၊ ထု ၁ပေ၄လက်မရှိပါသည်။ ကျောက်ချပ်၏အောက်ဖက်အစွန်း၌ ထွင်းထုထားသော လက်ျာရစ်ခရုသင်းပုံပါရှိသည်။ ယင်းခရုသင်းထိပ်မှ ကြာပွင့်တစ်ပွင့်ထိုးထွက်လာပြီး၊ ကြာပွင့်၏အဖျားများသည် ဓမ္မစကြာအဝိုင်းကို ထိနေသည့် ပုံကိုထွင်းထုထားပါသည် **(ဦးစံသာအောင်၊ "အာနန္ဒ(ရှစ်ရာစုရခိုင်ဝေသာလီမင်း)" ၁၉၇၅။ပုံ–၇)**။

**ဒေါက်တာ**Forchammarက ဤပုံသည် ဗြဟ္မဏဝါဒကို ကိုယ်စားပြုသော ခရုသင်းမှ၊ ဗုဒ္ဓ၏ကိုယ်စား ကြာပွင့်ပုံပေါ်လာပြီး၊ ဓမ္မစကြာတရားတော်အထိမ်းအမှတ်၊ဓမ္မစကြာအပိုင်းကိုထိနေသည့်ပုံကို ထွင်းထုထား ဟုဆိုပါသည်။ **(E.Forchammer, "Arakan", Chapter II, Mrohaung, P-20/21)**။

အိန္ဒိယနိုင်ငံတွင် အသောကမင်းကြီးလက်ထက်၌ ဗုဒ္ဓဆင်းတုတော်သွန်းလုပ်ကိုးကွယ်မှုမရှိပါ။ စေတီပုထိုးလိုဏ်ဂူနှင့် သာသနိကအဆောက်အဦးများတွင် ဗုဒ္ဓဝင်ခန်းများ၌၊ ဗုဒ္ဓဆင်းတုတော်ထုလုပ်ကိုးကွယ်မှုကိုဂရုတစိုက်ရှောင်ကျဉ်ခဲ့ပါသည်။ ဗုဒ္ဓကိုယ်တော်တိုင် ခွင့်ပြုထားချက်မရှိခဲ့သည့်အပြင်၊ အတုမရှိမြင့်မြတ်သော၊ ဗုဒ္ဓ၏ပုံတူဆင်းတုကို မထုလုပ်အပ်၊ မနှိုင်းယှဉ်အပ်၊ မကိုးကွယ်အပ်ဟုယူဆခဲ့သောကြောင့်ပင်ဖြစ်ပေမည်။

ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က မိမိ၏ဆင်းတုကိုသွန်းလုပ်ရန် မည်သူ့ကိုမျှခွင့်ပြုခဲ့ခြင်းမရှိပါ **(A History of Chittagong , P-82)**။ ထို့ကြောင့်ပင် အိန္ဒိယနိုင်ငံတွင် ဆင်းတုတော်ကိုးကွယ်မှု တွင်ကျယ်လာသည့်တိုင် ရှေးဦး အပရမဟာဝိနသေလိယဂိုဏ်းနှင့်မဟိံသာသကဂိုဏ်းတို့သည် ဆင်းတုတော်ကိုးကွယ်မှုကိုမည်သည့်အခါမျှလက်မခံခဲ့ပေ။ **(H.Sarkar "Some Aspects of the Buddhist Monuments ata Nagajunikonda, 1960, P-84**။

အသောကခေတ် ဗုဒ္ဓဝင်ခန်းများတွင် ဆင်းတုတော်ထုလုပ်ရမည့်နေရာ၌ ဗောဓိပင်ပုံ၊ ဓမ္မစကြာဝိုင်းပုံ၊ ထူပါပုံ၊ ကြာပန်းပုံနှင့် အမရဝတီတွင် ခြေတော်ရာပုံများကို တွေ့ရပါသည်။ ဤသင်္ကေတကိုးကွယ်မှုဓလေ့သည် ဆင်းတုတော်ကိုးကွယ်မှု မထွန်းကားမီက၊ ဗုဒ္ဓနှင့်ဗုဒ္ဓတရားတော် အမှတ်အသားအဖြစ်၊ ထွင်းထုကိုးကွယ်ခဲ့ကြသည့် အမှတ်အသားများဖြစ်ကြပါသည်။ ရှစ်သောင်းဘုရားကုန်းတော်ပေါ်မှ ဖေါ်ပြပါကျောက်ချပ်သည် မောရိယအင်ပါယာမှ ထေရဝါဒဗုဒ္ဓသာသနာနှင့်အတူရောက်ရှိခဲ့သော ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကိုယ်စားပြုသင်္ကေတများတွင် ထွင်းထုထားသောကျောက်ချပ်ဖြစ်ပါသည်။

အခြားတစ်ခုမှာ ရှစ်သောင်းဘုရားဂူအတွင်းမှ ခြေတော်ရာဖြစ်ပါသည်။ ခြေတော်ရာသည် ရခိုင်ပြည်အနံ့တွေ့ရသော အခြားခြေတော်ရာများနှင့်မတူပဲ တမူထူးခြားပါသည်။ အလွန်ရှေးကျသော သာမာန်ခြေတော်ရာသက်သက်ဖြစ်၍၊ နှောင်းခေတ်ခြေတော်ရာများကဲ့သို့ ဖြစ်တော်စဉ်များထွင်းထုထားမှု မပါရှိပေ။ ဤကဲ့သို့ခြေတော်ရာမျိုးကို နာဂဂျူနိကွန်ဒါအနီးမှ အမရဝတီတွင်တွေ့ရပါသည်။

ဗုဒ္ဓသာသနာ့သမိုင်းတွင် ဗုဒ္ဓအားရည်မှန်း၍ ခြေတော်ရာတွင် ထွင်းထုကိုးကွယ်မှုသည်၊ ဆင်းတုတော်သွန်းလုပ်ကိုးကွယ်မှုထက် ပို၍ရှေးကျပါသည် **(W. Zwarf, "Buddhism, Art and Faith" The Buddha Legend, P-91)**။

အေဒီ–၅၀ခန့်က Ponponious Mela ၏မှတ်တမ်းတွင် ဂင်္ဂါမြစ်ဝှမ်းမှ အရှေ့ဘက်သို့ဆက်သွားလျှင်၊ ရွှေကျွန်း၊ငွေကျွန်းများသို့ရောက်သည်။ အနီးအနားကျွန်းများတွင် လူမည်းများနေထိုင်ကြသည်ဟု ဖော်ပြခဲ့သည်။ **(လမ်းစဉ်ပါတီ၊ "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" ပ–တွဲ၊၁၉၇၀၊ စာ–၂၁၆)**။ အေဒီ–၁ရာစု ဒုတိယပိုင်းတွင် Periplus of the Enythraean Seaမှတ်တမ်း၌မူ၊ ယင်းရွှေကျွန်းနှင့် ဂင်္ဂါမြစ်ဝှမ်းဒေသများသို့ ရွက်လွှင့်သွားလာနေသော Kalandiophontaဟုခေါ်သောရွက်လှေကြီးများကိုအိန္ဒိယတောင်ပိုင်းတွင်တွေ့ခဲ့ရသည်ဟုမှတ်တမ်းတင်ထားပါသည်။ **(Luce and Pe Maung Tin , J.B.R.S.F.A.P, Vol-II, Rangoon, 1960, P-386)**။

အေဒီ ၁၅၀ခန့်က Ptolemy ၏မှတ်တမ်းတွင် ဂင်္ဂါမြစ်ဝှမ်းမှ အရှေ့ဘက်သို့သွားပါက ပထမ Kiradia နှင့် **Barakura** သို့ရောက်သည်။ ထိုမှဆက်သွားလျှင် Argyre (ငွေမြေ)သို့ရောက်သည်။ Argyre တွင် **Syrnbyra Sada, Beraboona, Temela** မြို့များရှိသည်။ ထိုမှလွန်လျှင် ပင်လယ်အငူသို့ရောက်သည်။ Argyre ဆိုသည်မှာရခိုင်ဒေသဖြစ်ပြီး၊ ပင်လယ်အငူမှာ မော်တင်စွန်းဖြစ်ပေမည်။ **(အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ ပ–တွဲ–စာ–၂၁၆)**။ အာနန္ဒစန္ဒြကျောက်စာဂါထာ–၃၃တွင် ဖော်ပြထားသော ပူရေပူရမြို့သည် Ptolemy ၏ပထဝီမြေပုံ၌ Barakura မြို့ဖြစ်ပြီး၊ ဂင်္ဂါမြစ်အရှေ့ဘက်ကမ်းခြေ၌တည်ရှိပြီး၊ ကူးသန်းရောင်းဝယ်ရေးဆိပ်ကမ်းမြို့ဖြစ်သည်။ ယင်းမြို့သည် ရခိုင်နယ်နမိတ်အတွင်းတည်ရှိပြီး ထိုမြို့၌မြို့စားအဖြစ်အုပ်ချုပ်ရသော မဟာဝီရမင်းသည်ဝေသာလီကျောက်လှေကားစန္ဒြမင်းဆက်ကို ဆက်ခံခဲ့သည်။**(ဦးဘစံ၊ "ရခိုင်သဟာယမဂ္ဂဇင်း(၂)–စာ–၄၃)**။ Pamela Gutman ကမူ Coedes နှင့် Bradell တို့၏မှတ်တမ်းများကို ကိုးကားရေးသားရာတွင် Barakura သည် နတ်မြစ်ဝတွင်ရှိသည်။ Argyre မှ Symbyra သည် မယုမြစ်ဝတွင်ရှိသည်။ Sada ဆိုသည်မှာ သံတွဲမြို့ (Sandoway) ဖြစ်မည်။ သံတွဲနှင့်အိန္ဒိယ အရှေ့ဘက်ကမ်း၊ ယခု Kistna နှင့် Yadavari မြစ်အကြားဒေသရှိ Paloura ဒေသနှင့် ရေကြောင်းဆက်သွယ်မှုများရှိခဲ့သည်ဟုဆိုသည်။ **(Pamela Gutman, "Ancient Arakan" Ph-D Thesis, Australlian National University 1976, P-57)**။ ရခိုင်နှင့်အိန္ဒိယကမ်းခြေဒေသများသည် မည်သည့်အချိန်ကစတင်၍ ဆက်သွယ်ခဲ့သည်ကို အတိအကျမသိရသော်လည်း၊ ခရစ်နှစ်ဆန်းစအချိန်တွင် ဆက်သွယ်မှုတွင်ကျယ်နေပြီ ဖြစ်သည် **(P. Gutman, "Ancient Arakan, P-7/8)**။

အေဒီ–၃ရာစုအတွင်းက အိန္ဒိယအရှေ့တောင်ပိုင်း၊ နာဂရျုနိကွန်ဒါဒေသတွင် အုပ်စိုးခဲ့သည့် Iksvaku မင်းဆက်မှ "မဒ္ဒရိပုတ္တသီရိဝီရပုရိသဒတ္တ"မင်းသည် ယင်း၏(၁၄)နှစ်မြောက်နန်းစံနှစ်တွင်၊ ရေးထိုးခဲ့သောကျောက်စာ၌၊ အိန္ဒိယပြည်တောင်ပိုင်းမှ ထေရဝါဒရဟန်းများသာသနာပြုထွက်ခဲ့သည့်ဒေသများကို ဖော်ပြရာတွင် Cilata ဟုတွေ့ရပါသည်။(N.R. Ray, "An Introduction to the Study of Theravada Buddhism in Burma", University of Calcutta, 1946, P-14)။ ဤကျောက်စာမှ Cilata ဆိုသည်မှာ မဟာဘာရတ၊ ဟရိဝံသ၊ ပူရာဏနှင့် ပဥ္စတန္တရစသည့်သက္ကတကျမ်းများတွင်ဖော်ပြသော Kirata ဒေသပင်ဖြစ်ပါသည်။ Ptolemy မှတ်တမ်းတွင်၊ ဂင်္ဂါမြစ်ဝှမ်းအလွန်ဒေသများမှ လူများကိုဖော်ပြသော Tiladai ဆိုသည်မှာ Cilata ကို ဂရိသံဖြင့် ဖလှယ်၍ပြောထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် Ptolemy ၏ Tiladai ၊ကျောက်စာမှ Cilata နှင့်၊ သက္ကတကျမ်းများမှ Kirata တို့သည်အတူတူပင်ဖြစ်ကြပါသည် **(N.R.Ray, Theravada Buddhism in Burma", P-15)**။

မာကဏ္ဍေးယျပူရမ်ကျမ်းအလိုနှင့် နှိုင်းချိန်၍၊ သက္ကတကျမ်းများတွင် ဖော်ပြထားသော အိန္ဒိယအရှေ့ဖျားဒေသမှ Kinata ဒေသဆိုသည်မှာ၊ ရခိုင်ပြည်နှင့် မြန်မာပြည်အောက်ပိုင်း၊ မွန်ဂိုလွိုက်တို့နေထိုင်ရာဒေသဖြစ်သည်ဟု N.R.Ray ကဆိုပါသည်။**(Theravada Buddhism in Burma, P-16)**။ဒေါက်တာ S.B Qanungo ကမူ စစ်တကောင်းနှင့် ရခိုင်ဒေသများကိုဆိုလိုသည်ဟု ယူဆပါသည် **(A History of Chittagong , P-51)**။

မြန်မာပြည်၏ရှေးဟောင်းမြို့ပြနိုင်ငံများဖြစ်သော၊ ကိရာတပြည်၊ ကျင်လင်ပြည်၊ လင်ယန်ပြည်တို့ကို ဗုဒ္ဓဝါဒရောက်ရှိထွန်းကားခဲ့ပါသည်**(ငြိမ်းကျော်၊ "ငွေတောင်"ရန်ကုန်၊ ၁၉၇၃၊ စာ–၄၉)**။ လင်ယန် (Lin-Yang) ပြည်ကို ဒေါက်တာ Luce က မြန်မာပြည်မြောက်ပိုင်း(သို့မဟုတ်) အလယ်ပိုင်းဟုဆို၍ **(J.B.R.S. Vol XIV, Part II, P-154) N. R. Ray** ကမူ သရေခေတ္တရာဟုဆိုလိုပါသည် **(Theravad Buddhism in Burma, P-25)**။သုတေသီဦးဘရှင်ကမူ ဗိဿနိုးပျူဒေသဟုယူဆပါသည် **(ဦးဘရှင်၊ 'ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်"၊ တ၊ပ၊စ၊အတွဲ(၁)၊ အပိုင်း(၃)၊ ၁၉၆၆၊ စက်တင်ဘာလ၊စာ–၁၉၆)**။ အရပ်ရပ်အထောက်အထားများအားဖြင့် လက်ရှိရခိုင်ပြည်နယ် သည် Kirata ဒေသ၏အစိတ်အပိုင်းဖြစ်သည်မှာ ထင်ရှားပါသည်။

နာဂရျုနိကွန်ဒါဒေသမှ ရှေးခေတ်ဗုဒ္ဓဘာသာအဆောက်အဦးများသည် အေဒီ–၃ရာစု၊ ၄–ရာစုအတွင်းမှ အဆောက်အဦးများဖြစ်၍၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့တွင် ယင်းဗိသုကာလက်ရာများ လွှမ်းမိုးသည်ကိုတွေ့ရသည်**(စိန်မောင်ဦး၊ "သရေခေတ္တရာမြို့ဟောင်း" တ၊ပ၊စ၊အတွဲ(၃)၊အပိုင်း(၁)၊ ၁၉၆၀၊စာ–၁၇၇)**။ ပျူတို့သည် အိန္ဒိယကမ်းခြေမှ၊ အန္ဒြနယ်၊ ဩရိသနယ်များနှင့် ဆက်သွယ်ရာတွင် ရခိုင်ကမ်းခြေဒေသမှတဆင့် စခန်းချ၍

ဆက်သွယ်ခဲ့သည် (Ancient Arakan, P-110) ရခိုင်ဝေသာလီကျောက်ဆစ်အနုပညာလက်ရာများမှာနာဂဂျုနိကွန်ဒါမှ လက်ရာများနှင့်ဆင်တူသည်ကို တွေ့ရပါသည်။ (Ancient Arakan, P-222)။ ထို့ကြောင့်ထေရဝါဒသာသနာနှင့် ဗုဒ္ဓအနုပညာသည် အိန္ဒိယတောင်ပိုင်းဒေသများမှ အေဒီ၃ရာစုကပင်ရောက်ရှိပျံ့နှံ့လာခဲ့သည်ဟုယူဆရပါသည်။

နာဂဂျုနိကွန်ဒါထင်ရှားခဲ့စဉ်က ဗုဒ္ဓဝါဒဂိုဏ်း (၄)ဂိုဏ်းထွန်းကားခဲ့ပါသည်။ ယင်းတို့မှာ မဟာဝိဟာရဝါသီဂိုဏ်း၊ မဟိံသာသကဂိုဏ်းနှင့် အပရမဟာဝိနသေလိယဂိုဏ်းများဖြစ်ကြသည်။ (H. Siarkar, "...at Nagajunikonda, P-68/69)။ မဟာဝိဟာရဝါသီဂိုဏ်းသည် ထေရဝါဒဂိုဏ်းဖြစ်၍၊သီဟိုဠ်တွင် ဩဇာအလွှမ်းမိုးဆုံးဂိုဏ်းဖြစ်ပါသည်။ ဤဂိုဏ်းသည် တစ်ခုတည်းသော ထေရဝါဒဂိုဏ်းဖြစ်၍၊ ဤဂိုဏ်း၏ပါဠိပိဋကတ်တော်များသည်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဇနိုင်ငံများသို့ ပျံ့နှံ့ခဲ့ပါသည် (S.C. Eliot, "Hinduism and Buddhism. Vol (1) , P-276)။

အာနန္ဒစန္ဒြကျောက်စာအရ ဝေသာလီခေတ်မတိုင်မီ ဓညဝတီခေတ်မင်းများဟု ယူဆရသော စန္ဒြောဒယမင်း (အေဒီ–၂၀၂–၂၂၉)၊ အဏ္ဏဝေတမင်း(အေဒီ–၂၂၉–၂၃၄)၊ ရိဘျပွေါ(အေဒီ၃၁၀–၃၃၄)၊ ကုဝေရာမိဒေဝ (အေဒီ–၃၃၄–၃၄၁) (D.C. Sircar, "Inscriptions of Chandras of Arakan, 1957)။တို့၏ဂုဏ်ပုဒ်များကိုဖော်ပြရာတွင် "သူတော်စင်ဟုသမုတ်အပ်သော""အလှူဒါနများစွာပြုလုပ်သော""ဒါန၊သီလ..."စသည်ဖြင့် ဖော်ပြထားပါသည် **(ဦးစံသာအောင်၊ "အာနန္ဒစန္ဒြ"စာ–၉၇–၁၀၁)**။ ယင်းအပြင် ဗိဿနိုးမြို့ဟောင်းမှ တူးဖော်ရရှိသည့် "သံဃသီရိ"ဟု ဗြဟ္မီအက္ခရာ၊ ပါဠိဘာသာဖြင့်ရေးထိုးထားသော စာတမ်းနှင့် တခေတ်တည်းဖြစ်သော၊ အေဒီ–၂ရာစုအတွင်းက အိန္ဒိယတောင်ပိုင်းတွင် အသုံးပြုခဲ့သည့် ဗြဟ္မီအက္ခရာဖြင့် "သစ္စကပရဇ္ဇာကဇိန"ဟူသော ပါဠိစာရေးထိုးထားသည့် ကျောက်ဆင်းတုတစ်ဆူကို ရခိုင်ပြည်တွင်တွေ့ရှိပြီးဖြစ်ပါသည်။ ဗြဟ္မီအက္ခရာအရေးအသားနှင့်ပါဠိစာပေသည် အေဒီ–၃ရာစုထက်နောက်မကျပဲ ရခိုင်ပြည်သို့ရောက်ရှိခဲ့ပါသည်။သို့သော် အေဒီ–၂ရာစုခန့်ကရေးထိုးခဲ့သည်ဟု သတ်မှတ်နိုင်သည့် သက္ကတဘာသာစာပေ အရေးအသားကို ရခိုင်ဒေသတွင်မတွေ့ရပါ။ ထို့ကြောင့်နာဂဂျုနိကွန်ဒါဒေသနှင့်၊ အိန္ဒိယတောင်ပိုင်းမှ ရခိုင်ပြည်သို့ရောက်ရှိခဲ့သော ဗုဒ္ဓသာသနာသည်၊ မဟာဝိဟာရဝါသီဂိုဏ်း၏ ပါဠိဗုဒ္ဓဝါဒဖြစ်သည်ဟု ယူဆပါသည်။ ထို့ကြောင့် သီဟိုဠ်တွင် ဘီစီ–၃၃၌အပြည့်အစုံအက္ခရာတင်ခဲ့သော ပါဠိပိဋကတ်တော်သည် **(သန်းထွန်း၊"ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊၂၀၀၀၊ ဩဂုတ်လ၊စာ–၉၃)** နှစ်ပေါင်း(၃၀၀)ခန့်အတွင်း၊ ခရစ်နှစ်ဆန်းစအချိန်တွင် အိန္ဒိယတောင်ပိုင်းဒေသများနှင့် ကူးသန်းဆက်သွယ်မှုတွင်ကျယ်နေပြီဖြစ်သော ရခိုင်ပြည်သို့ရောက်ရှိခဲ့မည် ဖြစ်ပါသည်။

ဗြဟ္မီအက္ခရာကို အိန္ဒိယပြည်တွင် ဘီစီ–၃ရာစုမှ၊ အေဒီ –၂ရာစုထိသုံးစွဲခဲ့ပါသည် **(ဦးစံသာအောင်၊ "အေဒီ–၆ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ"ရန်ကုန်၊၁၉၇၄၊ စာ–၁၆)**။ နာဂဂျုနိကွန်ဒါဒေသသည် မေရိယ အင်ပါယာတွင် ပါဝင်ခဲ့ပါသည်။ ရခိုင်ပြည်ရောက် ဗြဟ္မီအက္ခရာအရေးအသားသည်၊ အိန္ဒိယတောင်ပိုင်းနှင့် နာဂဂျုနိကွန်ဒါဒေသမှရောက်ရှိလာခြင်း ဖြစ်ပါသည်။ D.G.E.Hallက နာဂဂျုနိကွန်ဒါအနီး၊ အမရဝတီဗုဒ္ဓယဉ်ကျေးမှုသည် အရှေ့တောင်အာရှတွင်၊ အေဒီ ၁၅၀နှင့် ၂၅၀အကြားတွင် အထူးသဖြင့် ပျံ့နှံ့ခဲ့သည်ဟိုဆိုပါသည် (Hall, "History of South East Asia, P-20)။ ယင်းအပြင်နာဂဂျုနိကွန်ဒါတွင် စိုးစံခဲ့သော Iksvaku မင်းဆက်အတွင်း၌၊ ဗုဒ္ဓဆင်းတုတော်ကိုးကွယ်သွန်းလုပ်မှုသည် "သန္တမူလမင်း"(အေဒီ ၂၂၅–၂၅၀)လက်ထက်တွင်မှစတင်လာပါသည်။ ဗေဟုဝလသန္တမူလမင်းလက်ထက်(အေဒီ–၂၈၅–၃၃၄)တွင်နာဂဂျုနိကွန်ဒါ၌၊ ဗုဒ္ဓရုပ်ပွားတော်ကိုးကွယ်မှုသည် အထွတ်အထိပ်သို့ရောက်ရှိခဲ့သည် (H.Sarkar, ...at Nagajuni Konda, P-84)။ ထို့ကြောင့် ဗြဟ္မီအက္ခရာ၊ ပါဠိစာပေအရေးအသားသည်နာဂဂျုနိကွန်ဒါဒေသမှ ဆင်းတုတော်ကိုးကွယ်မှုနှင့်အတူ ရခိုင်ပြည်သို့ရောက်ရှိလာခြင်းဖြစ်ပြီး အေဒီ–၃ရာစုထက်ရှေးကျဘွယ်မရှိပါ။ ပါဠိစာပေအရေးအသားသည် ရခိုင်ပြည်သို့ အေဒီ–၂၅၀ခန့်တွင် ရောက်ရှိထွန်းကားခဲ့ပြီး၊ သက္ကတစာပေအရေးအသားမှာ အေဒီ ၄၅၀ခန့်တွင် ရောက်ရှိထွန်းကားခဲ့သည်ဟု ယူဆရပါသည် **(မောင်ပြုး၊ "ရခိုင်ပြည်သို့ပါဠိနှင့် သက္ကတအရေးအသားစတင်ရောက်ရှိခြင်း" ရခိုင်ရိုးမမဂ္ဂဇင်း(၁)၊ ၁၉၉၆၊စာ–၁၃၅)**။

ဂုပ္ပတခေတ်သည် အေဒီ ၃၀၀မှ ၆၀၀ထိ ဖြစ်ပါသည် **(Christmas Humphreys, "Buddhism", 1964, P-210)**။ ထိုခေတ်အတွင်း ဂုပ္ပတအက္ခရာနှင့် သက္ကတစာပေသည် ပတ်ဝန်းကျင်နိုင်ငံများသို့ ပျံ့နှံ့ခဲ့သည်။ ဂုပ္ပတ ခေတ်သည် အိန္ဒိယနိုင်ငံတွင် မဟာယနဗုဒ္ဓဘာသာအထွတ်အထိပ်သို့ ရောက်ရှိခဲ့သောခေတ်ဖြစ်ပြီး၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်နိုင်ငံများသို့ မဟာယနဗုဒ္ဓဘာသာကို အများဆုံးဖြန့်ဖြူးခဲ့သောခေတ်ဖြစ်ပါသည်။ တိဘက် ဘုန်းတော်ကြီး Taranathဖော်ပြခဲ့သည့်၊ ဝသုဗန္ဓု၏ တပည့်များ Kukiပြည်များသို့ မဟာယနဗုဒ္ဓသာသနာဖြန့်ဖြူးခဲ့သည်မှာ ဤဂုပ္ပတခေတ်အတွင်းကဖြစ်ပါသည်။

ဗုဒ္ဓသာသနာသမိုင်းတွင် ပါဠိဘာသာသည် ထေရဝါဒဂိုဏ်းသုံးဘာသာဖြစ်၍၊ သက္ကတဘာသာမှာ မဟာယနဂိုဏ်းများသုံးစွဲသော ဘာသာဖြစ်ပါသည် **<u>(Richard A-Gard, "Buddhism" New York, 1963, P-3)</u>**။အေဒီ–၅ရာစုအတွင်း၌ ရခိုင်ပြည်တွင် ဂုပ္ပတအက္ခရာ၊ သက္ကတစာပေများကိုတွေ့ရှိရသဖြင့်၊ အေဒီ–၅ရာစုတွင် ဂုပ္ပတ အင်ပါယာမှ မဟာယနဗုဒ္ဓဘာသာသည် ရခိုင်ပြည်သို့ရောက်ရှိသည်ဟု ဆိုရပါမည်။ ဦးအောင်သာဦးက မဟာယနဗုဒ္ဓဘာသာသည် ရခိုင်ပြည်သို့ မဂဓတိုင်းမှဝင်ရောက်လာသည်ဟု ယုံကြည်ရသော်လည်း၊ အေဒီ–၅ရာစုထက် ပို၍ရေးမကျနိုင်ဟု ဆိုပါသည် **<u>(ဦးအောင်သာဦး၊ ''ဗုဒ္ဓသာသနာနှင့် ရခိုင်ပြည်''၊ ရခိုင်ယဉ်ကျေးမှုအဖွဲ့၊ရန်ကုန်၊၁၉၇၄၊ စာ–၁၂)</u>**။

**<u>တရုပ်ရဟန်းတော်</u>**Fa-Hsien၏မှတ်တမ်းတွင် ဖော်ပြခဲ့ချက်အရဆိုလျှင် အေဒီ–၃၈၀မှ ၄၁၅တွင်စိုးစံခဲ့သော စန္ဒြဂုပ္ပတမင်းလက်ထက်၊ ဂုပ္ပတအင်ပါယာသည်၊ ဂင်္ဂါမြစ်အရှေ့ဘက်နယ်သို့ကျော်လွန်ခဲ့ပြီး၊ အေဒီ ၃၇၀–၄၂၅ တွင် စိုးစံသောရခိုင်ဝေသာလီပြည့်ရှင် ဒွင်စန္ဒြမင်းကြီး၏နယ်နိမိတ်နှင့်ထိစပ်နေသည်ကို တွေ့ရပါသည်။ အေဒီ–၅ရာစု၊ ၆–ရာစုအတွင်း ရခိုင်ပြည်တွင်ကျောက်စာရေးထိုးသော ဓလေ့ထွန်းကားခဲ့ရာ တွေ့ရှိရသမျှ ကျောက်စာများ၏ရှစ်ဆယ်ရာနှုန်းမှာ ဂုပ္ပတအက္ခရာ သက္ကတဘာသာများဖြစ်ပေရာ၊ ဂုပ္ပတအင်ပါယာနှင့် ရခိုင်ပြည်၏ဆက်ဆံရေး မည်မျှထိတွင်ကျယ်ခဲ့မည်ကို မှန်းဆနိုင်လောက်ပါသည်။ ဂုပ္ပတအင်ပါယာမှ နာလန္ဒာ တက္ကသိုလ်ကြီးသည်၊ အေဒီ–၆ရာစုအတွင်းကကြီးကျယ်ခန်းနားခဲ့ပြီး၊ မဟာယနဗုဒ္ဓသာသနာ၏ ပင်မအချက်အချာဖြစ်ခဲ့၏။ ဂုပ္ပတအင်ပါယာနှင့် ရခိုင်ပြည်သည် ဆက်သွယ်နိုင်သောလမ်း အများအပြားပင်ရှိခဲ့ရာ၊ ဂုပ္ပတ အက္ခရာ၊ သက္ကတဘာသာအရေးအသားသည်၊ ရခိုင်ပြည်သို့အင်အားကြီးမားစွာ ဝင်ရောက်ခဲ့ပြီး၊ ထေရဝါဒဗုဒ္ဓသာသနာထက်ပင် ပိုမိုတွင်ကျယ်ခဲ့သည်ဟု အထောက်အထားများက ညွှန်ပြနေပါသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ဗုဒ္ဓသာသနာသည် ဂင်္ဂါမြစ်ဝှမ်းကိုဖြတ်ကျော်ကာ၊ ရခိုင်ပြည်သို့စောစီးစွာကပင် ရောက်ရှိခဲပြီး၊ မဟာမုနိကိုမဏ္ဍိုင်ပြု၍၊ မြန်မာနိုင်ငံ၏ရှေးကျသော ဗုဒ္ဓသာသနာနယ်မြေအဖြစ် ထင်ရှားခဲ့ပါသည်။ **<u>(Forchammar, Arakan, P-1)</u>**။ ရခိုင်ဝေသာလီခေတ်တွင် အိန္ဒိယတောင်ပိုင်းဗုဒ္ဓယဉ်ကျေးမှုနှင့် မြောက်ပိုင်းဗုဒ္ဓယဉ်ကျေးမှုနှစ်မျိုးလုံးကို တွေ့ရပါသည်။ **<u>(P. Gutman, "Ancient Arakan" P-184)</u>**။ ရခိုင်ပြည် တွင် ဗုဒ္ဓအနုပညာလက်ရာအများအပြားသည် ဂုပ္ပတခေတ်ဦးမှ မတူရာလက်ရာများနှင့် တူညီသည်လည်းရှိပါ သည်။ **<u>(San Tha Aung, "The Buddhist Art of Ancient Arakan, Rangon, 1979, P-115)</u>**။ ကျောက်တော်မြို့ မဟာမုနိကုန်းမှတွေ့ရှိရသော ဗောဓိသတ္တဆင်းတု **<u>(စိန်မောင်ဦး၊ တ၊ပ၊စ၊တွဲ(၃)၊ ပိုင်း(၁)–စာ–၂၀၂)၊ ဗောဓိသတ္တဝါဓိသွာရဆင်းတု</u>** **<u>(Ancient Arakan, P-257)</u>**တို့ကလည်း ရခိုင်ပြည်တွင် မဟာယနဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း ညွှန်ပြနေကြပါသည်။

N.R. Ray ကမူ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သော သက္ကတဗုဒ္ဓဝါဒဂိုဏ်းသည်၊ မူလသဗ္ဗတ္တိဝါဒဂိုဏ်းဖြစ်၍ အိန္ဒိယအရှေ့မြောက်ပိုင်းမှဝင်ရောက်လာခြင်းဖြစ်သည်ဟု ဆိုပါသည် **<u>(Sanskrit Buddhism in Burma, P-88)</u>**။ ဗောဓိသတ္တဝါဒကို မဟာယနဂိုဏ်းများသာမဟုတ် သဗ္ဗတ္တိဝါဒဂိုဏ်းကလည်းဦးစားပေးခဲ့သည် **<u>(မောင်အုံ၊ "သာသနာ၂၅၀၀ခရီး"ရန်ကုန်၊ ၁၉၈၉၊ စာ–၁၃၀)</u>**။ အာနန္ဒစန္ဒြမင်းသည် ဗောဓိသတ္တဆင်းတုတော်များထုလုပ်ကြောင်း **<u>(ဦးစံသာအောင်၊ "အာနန္ဒစန္ဒြ"၊ စာ–၁၃၅)သိရပါသည်</u>**။ **<u>P.Gutman</u>**ကမူ ဗုဒ္ဓအမိတာဘ၏ သုခဝတီ အနောက်နိဗ္ဗာန်ပြည်ကို သက်ဝင်ယုံကြည်သူဖြစ်ကြောင်းနှင့် **<u>(Ancient Arakan, P-184)</u>**။မဟာယနတရားတော်မှ ကျမ်းတစ်ဆူဖြစ်သော သဒ္ဓရ်မ္မပုဏ္ဍရိကကျမ်းကို ဆည်းပူးလေ့လာသူဖြစ်သည့်အကြောင်းကို **<u>(Ancient</u>**

Arakan, P-248)မှတ်ချက်ချထားပါသည်။ E.H Johnstonကမူ ဝေသာလီခေတ်အတွင်းက ရခိုင်ပြည်တွင် အရှေ့ဘင်္ဂလားမှ ဝိဥာဏဝါဒဂိုဏ်းရောက်ရှိထွန်းကားခဲ့သည်ဟု ဆိုပါသည်။ အထက်ပါအကြောင်းအချက်များကို အခြေခံ၍ အာနစန္ဒြမင်းသည် မဟာယနဗုဒ္ဓဘာသာဝင် သပသကာတစ်ဦးဖြစ်သည်ဟု သုတေသီများက ယူဆကြပါသည်။

မဟာယနကျမ်းများတွင် ပါဝင်သော ယေဓမ္မာဂါထာတော်သည် ရခိုင်ပြည်သင်းကျစ်တော်တောင်မှရရှိ သောယေဓမ္မဂါထာနှင့်အတူတူပင်ဖြစ်ပါသည် (Ancient Arakan , P-77)။ ဝေသာလီတွင်တွေ့ရသော နီတိစန္ဒြမင်း၏မိဖုရားကျောက်စာတွင် ပါရှိသောယေဓမ္မဂါထာမှာ မဟာယနဝိနယကျမ်းဖြစ်သော မဟာဝတ္ထုအဝဒါနကျမ်းလာဂါထာနှင့် တပုံစံတည်းတူညီနေပါသည် (Ancient Arakan, P-84)။ သင်းကျစ်တော်တောင်ကျောက်စာပါယေဓမ္မာဂါထာသည်၊ အေဒီ–၇ရာစု၊ ၈–ရာစုအတွင်းက ယူနန်ပြည်မှ ကျောက်ချပ်စတူပါများတွင် ပါဝင်သည့်ယေဓမ္မာဂါထာနှင့် ဂါထာပုံစံရော၊ လက်ရေးလက်သားပါ တူညီသည့်အပြင် ရခိုင်၊ ဘင်္ဂလား၊အာသံ၊ ယူနန်နှင့်ပျူမြို့တော်များတွင် သာသနာပြုများ အပြန်အလှန်သွားလာကူးသန်းမှုများ ရှိခဲ့ပါသည် (Ancient Arakan, P-78)။

ရခိုင်ပြည်တွင်တွေ့ရသော မကိုဋ်သရဖူဆောင်းဆင်းတုတော်များ၏ မူလဘူတသည် သဒ္ဓရ်မ္မပုဏ္ဍရိကကျမ်းဖြစ်ပါသည်။ ဤဆင်းတုတော်များမှာ မဟာယနဗုဒ္ဓဝါဒလာ ဗုဒ္ဓ၏ကာယသုံးပါး(တြိကာယ)အနက်မှ ကောင်းကင်ဘုံတွင် စံမြန်းနေသော သံဘောဂကာယကိုရည်မှန်း၍ သွန်းလုပ်ထားခြင်းဖြစ်ပါသည် (Ancient Arakan, P-284)။ ရခိုင်ပြည်တွင် သရဖူဆောင်းဆင်းတုတော်များသည် ဗုဒ္ဓအမိတာဘကိုးကွယ်မှုနှင့် ဆက်စပ်နေပြီး၊ ဤဆင်းတုတော်များတွင် ရောင်ခြည်တော်များ ကွန့်မြူး၍၊ လည်ရွဲ၊ ဘယက်၊ လက်ကောက်၊ မကိုဋ်၊ လက်ကျပ်၊လက်စွပ်စသည်တို့ ဆင်မြန်းထားပုံများသည်၊ ကင်းဗရစ်တက္ကသိုလ်စာကြည့်တိုက်အတွင်းရှိ "အဋ္ဌသဟသတိကပညာပါရမီတာကျမ်း" ပေမူတွင် ဖော်ပြထားသည့်အတိုင်း သရုပ်ဖော်သွန်းလုပ်ထားသည်ဟု သိရပါသည် (Ancient Arakan, P-249)။

ဒ

ဤဆင်းတုတော်အများစုသည် ခေတ်ဦးမဟာယနဗုဒ္ဓဘာသာမှ ဗုဒ္ဓအမိတာဘ၏ဆင်းတုတော်များဖြစ်ကြပါသည်။ **Batta Caria**၏ 'အိန္ဒိယပဋိမာသိပ္ပံ'ကျမ်းအရ အမိတာဘဘုရားသည် အရောင်အဆင်းအားဖြင့် နီကြင်ကြင်အရောင်ရှိပြီး၊ ဈာနမုဒြာဖြစ်သည်ဟု သိရပါသည် **(မောင်အုံ့၊သာသနာ–၂၅၀၀ခရီး၊ စာ–၁၇၄)။ ရခိုင်တွင်တွေ့ရသော ဗုဒ္ဓအမိတာဘဆင်းတုတော်များမှာ နီကြင်ကြင်အရောင်ရှိပြီး၊ ကြေးနီနှင့် ခဲမဖြူသတ္တုရောစပ်သွန်းလုပ်ခြင်းဖြစ်၍ အနည်းငယ်အဝါရောင်သန်းနေသည်။ မုဒြာမှာဈာနမုဒြာပင်ဖြစ်ပါသည်။**

**ဤဆင်းတုတော်များနှင့် စပ်လျဉ်း၍ အနည်းငယ်တင်ပြလိုပါသည်။ အချို့သောသုတေသီများက ဆင်းတုတော်များအား ဇမ္ဗူပတိမင်းချွတ်ခန်းကို ရည်မှန်း၍သွန်းလုပ်ခဲ့ကြသည်ဟု ဆိုပါသည်။ သို့သော်စာရေးသူ၏လေ့လာချက်အရမူ (၁)ဇမ္ဗူပတိမင်းချွတ်ခန်းဖြစ်သော ဝတ္ထုကြောင်းသည် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အကြောင်းရပ်မဟုတ်ခြင်း၊ (၂)တထာဂတ ဒီပနီကျမ်းလာဝတ္ထုကြောင်းသည် သမန္တ စက္ခုဒီပနီကျမ်းနှင့်လည်းကောင်း၊ ဂုဋ္ဌတ္တဝိနိစ္ဆယကျမ်းအဖြေနှင့်လည်းကောင်း မကိုက်ညီခြင်း၊(၃)ဤဝတ္ထုသည် ဇင်းမယ်မှပေါ်ထွက်လာသော ဝတ္ထုဖြစ်ပြီး၊ ဇင်းမယ်သို့မွန်မှတဆင့်ရောက်လာခြင်း၊ (၄)ဤဝတ္ထုကြောင်းသည် ရာဇဝင်၊ ဂန္ထဝင်တို့နှင့်မကိုက်ညီခြင်း၊ (၅) သင်္ဂါယနာတင်ဝိနယပိဋကတ်၊ ဓမ္မပဒနှင့် နိကာယ်ငါးရပ်အတွင်းရှိ ဗုဒ္ဓပ္ပတ္တိဆိုင်ရာ သုတ္တန်များတွင် မပါဝင်ခြင်း၊(၆)ဇမ္ဗူပတိမင်းဝတ္ထုကြောင်းသည်၊မဟာယနဗုဒ္ဓဘာသာ၌ ဗုဒ္ဓအမိတာဘစတင် ပေါ်ပေါက်သည့် ဘီစီ(၁)ရာစုထိရှေးကျသောဝတ္ထုကြောင်း မဟုတ်ခြင်း(၇)ဗုဒ္ဓဝင်မဟာဝင်ကျမ်းများတွင် ဤဝတ္ထုကြောင်း မပါရှိခြင်း(၈)သာသနာ့သမိုင်းတွင် စကြာဝတေးမင်းအယူအဆသည် အသောကခေတ်နောက်ပိုင်းတွင်သာ ပေါ်ပေါက်လာသောအယူအဆဖြစ်ခြင်း၊ စသည်တို့ကြောင့် ဤဈာနမုဒြာ ဆင်းတုတော်များသည် ဇမ္ဗူပတိမင်းချွတ်ခန်းကို ရည်ညွှန်း၍သွန်းလုပ်ခဲ့သည့် ဆင်းတုတော်များ မဖြစ်နိုင်ဟုယူဆပါသည်။**

**ရခိုင်ဝေသာလီခေတ်တွင် မဟာယနဗုဒ္ဓဘာသာသည်လည်း ထေရဝါဒနှင့်အပြိုင်ထွန်းကားခဲ့ပါသည်။ ရခိုင် ဝေသာလီမင်းများသည် မိမိပိုင်နယ်မြေအတွင်း၌ လွတ်လပ်စွာကိုးကွယ်ခွင့်ပြုခဲ့ပေသည်။ သို့သော်ဓညဝတီခေတ်မှ ဆင်းသက်လာခဲ့သော ထေရဝါဒသာသနာတော်မှာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ခြင်း မရှိပါ။ မဟာယနသာသနာသည် ဂုပ္ပတအင်ပါယာမှရောက်ရှိလာသည့် အင်ဒိုအာရိယန်များ၊ အင်ဒိုမွန်ဂိုလွိုက်များသည်ဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။**

**အေဒီ(၆)ရာစုနှောင်းပိုင်းတွင်** ထေရဝါဒသာသနာ ရခိုင်ပြည်တွင်ထွန်းကားနေသည့် အထောက်အထားအဖြစ်၊ ဂုပ္ပတအက္ခရာပါဠိဘာသာဖြင့် ရေးထိုးထားသည် ကျောက်စာတစ်ချပ်မှာ၊ ဝေသာလီမင်းတစ်ပါးတည်ထားခဲ့သည့် ကျောက်စေတီတစ်ဆူမှရရှိသည့် ကျောက်ချပ်ဖြစ်ပါသည်။ ကျောက်စာတွင် ယေဓမ္မာဂါထာတော်ကို ရေးထိုးထားပါသည်။**(ဦးစံသာအောင်၊"---ရခိုင်ပြည်သုံးအက္ခရာ"၊ စာ-ပုံ(၂၂))။**

**ဝေသာလီစန္ဒြမင်းများသည်** M.Collis၊ ဒေါက်တာသန်းထွန်းစသည့် ပုဂ္ဂိုလ်များရေးသားသကဲ့သို့ ဟိန္ဒူမင်းများ၊ သီဝဂိုဏ်းဝင်များမဟုတ်ကြပါ။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြကြောင်းတွေ့ရပါသည်။ ဤသို့ဆိုလျှင် ဝေသာလီခေတ် ရခိုင်ပြည်တွင် ယှဉ်၍ထွန်းကားနေခဲ့သည့် ပါဠိဗုဒ္ဓဝါဒဂိုဏ်းနှင့် သက္ကတဗုဒ္ဓဝါဒဂိုဏ်းများ၏အခြေအနေကို ဆန်းစစ်ကြည့်ပါမည်။

နာဂဂျုနိကွန်ဒါမှ ကျောက်ထွင်ရုပ်ကြွများကို၊ ဇာတကကျမ်း၊နိဒါနကထာကျမ်း၊လလိတ္တဝိတ္ထာရကျမ်း၊ မဟာဝတ္ထုကျမ်း၊ ဗုဒ္ဓစရိတကျမ်း၊ သုဒ္ဓစရတကျမ်း၊ သုန္ဒရနန္ဒကာဗျကျမ်း၊ဒိဗျာဝဒါနကျမ်း၊ သုမင်္ဂလာဝိလာသိနီကျမ်း၊မဟာပရိနိဗ္ဗာနသုတ်နှင့် ဓမ္မပဒအဋ္ဌကထာကျမ်းများမှ ဇာတ်လမ်းဇာတ်ကွက်များကို သရုပ်ဖော်ထွင်းထုထားပါသည်။ နာဂဂျုနိကွန်ဒါတွင် ပါဠိဂိုဏ်းနှင့် သက္ကတဂိုဏ်းများအတူတကွနေထိုင်ကြပါသည်။ ပါဠိဂိုဏ်းနှင့် သက္ကတဂိုဏ်းများ ဆက်ဆံရေးမပြတ်တောက်ပါ**(ငြိမ်းကျော် "ငွေတောင်"၊ ၁၉၇၃-ရန်ကုန်-စာ-၅၀)**။

ထင်ရှားသောအဋ္ဌကထာဆရာရှင်ဗုဒ္ဓဃောသသည် အတ္တဒဿီ၊ ဗုဒ္ဓမိတ္တနှင့် ဗုဒ္ဓဒေဝဟူသော မထေရ်သုံးပါးတောင်းပန်၍ ဇာတကအဋ္ဌကထာကို စီရင်ပါသည်**(ဇာတကအဋ္ဌကထာ(နုဒ္ဒကနိကာယ၊ ပထမဘာဂေါ) ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့ ၁၉၅၉၊၁-၂)**။ ထို့ကြောင့် မဟိံသကဂိုဏ်းခေါင်းဆောင် ဗုဒ္ဓဒေဝနှင့် မဟာဝိဟာရဝါသီဂိုဏ်းဝင် ရှင်မဟာဗုဒ္ဓဃောသတို့၏ ပုဂ္ဂိုလ်ရေးဆက်ဆံမှု၊ ယင်းဂိုဏ်းများအကြားအာဃာတမရှိမှု၊ မိမိယုံကြည်သောဝါဒကို ငြိမ်းချမ်းစွာကိုးကွယ်လိုက်နာကြသည်ကို တွေ့ရပါသည်။ ယင်းအပြင်ဝသုဗန္ဓု၏အတ္တာပ္ပတ္တိကိုရေးသားခဲ့သည့် အရှင်ပရမတ္ထ(အေဒီ-၄၉၉-၅၆၉)၏ရေးသားချက်အရ နာဂဂျိုနိကွန်ဒါတွင် ရဟန်း တစ်ပါးသည်၊ ဂိုဏ်းအားလုံး၏ပိဋကတ်များကို နံ့စုပ်ရသည်။ အသေးစိတ်လေ့လာဆည်းပူးရသည်ဟု သိရပါသည်။ <u>**(S. Dutt, "Buddhist Monks and Monasteries", London, 1962, P-176**</u>။ဒေါက်တာ Winternitzကပါဠိပိဋကတ်တော်နှင့် သက္ကတပိဋကတ်တော်တို့သည် မူလမဂဓီပိဋကတ်တော်မှကူးယူခဲ့ကြခြင်းဖြစ်၍၊ ပါဠိပိဋကတ်တော်လာနိကာယများကို သက္ကတပိဋကတ်တော်တွင်'အာဂမ'ဟူသောအမည်ဖြင့်ရှိကြောင်းဆိုပါသည်**(ရှင်ဇာဂရာဘိဝံသ(ပြန်)၊'အိန္ဒိယစာပေသမိုင်း(ဗုဒ္ဓစာပေကဏ္ဍ)**၊ရန်ကုန်-စာ-၃၅၅)။ ရှေးဦးပိုင်းသက္ကတပိဋကတ်တော်သည် သုတ္တန် စီစဉ်ပုံများ၊ မာတိကာစီစဉ်ပုံမှလွဲ၍ ပါဠိပိဋကတ်တော်နှင့် ကွဲလွဲမှုများစွာမရှိသေးသည်ဟုလည်း သိရပါသည်။**<u>Hsuen-Tsang</u>**၏မှတ်တမ်းအရမူ ဝေသာလီနှင့်ခေတ်ပြိုင်အရှေ့ဘင်္ဂလားနယ်သမဋတတွင် နတ်ကျောင်းများစွာ ရှိပါသည်။ ထေရဝါဒဂိုဏ်းဝင်သံဃာကျောင်း(၃၀)နှင့် သံဃာ(၂၀၀၀)ရှိသည်ဟုသိရပါသည်။ I-tsingကိုယ်တိုင်တစ်နှစ်ကြာနေထိုင်ခဲ့သည့် အရှေ့ဘင်္ဂလားနယ်ဟာရိကေလမြို့အပါအဝင်၊ အိန္ဒိယအရှေ့ပိုင်းတခွင်၌ ထေရဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်းကွဲများနှင့် သမ္မတိယဂိုဏ်း များထွန်းကားနေပါသည် **(၂Takakusu, "I-tsing's Reords of the Buddhist Religion", Introduction, 1896, London)**။ထေရဝါဒသာသနာ သည် သီဟိုဠ်တွင်ခိုင်မာစွာထွန်းကားနေခဲ့သော်လည်း၊ အိန္ဒိယမြောက်ပိုင်းတွင်လည်း မကွယ်ပျောက်ခဲ့ပါ **(R.A. Gard, "Buddhism"P-11)**။အိန္ဒိယမြောက်ပိုင်းဒေသများတွင် သံဃာတော်အားလုံးသည် မိမိ၏ပါရမီဉာဏ်ရင့်သန် ရေးနှင့် လူအများသည်လည်း မိမိတို့အသိတရားရင့်သန်မြင့်မားရေးအတွက်၊ ဂိုဏ်းအားလုံး၏စာပေကျမ်းဂန် များကို ဆွေးနွေးလေ့ရှိကြပါသည်။**(H.E. Luce, J.B.R.S.F.A.P Vol (II), P-302-303)**။ တိဘက်ဘုန်းတော်ကြီး **<u>Taranath</u>**ကမူ

မဟာယနနှင့် ထေရဝါဒတို့ယှဉ်၍ထွန်းကားနေခဲ့ပြီး၊ ခွဲခြားမှုမရှိသဖြင့်ပါဠိဂိုဏ်းနှင့်သက္ကတဂိုဏ်း များအကြားတွင် ပြဿနာတစုံတရာမရှိကြောင်း၊ Kukiပြည်များတွင် မဟာယနဝါဒသည် ဂိုဏ်းအမျိုးမျိုးကွဲပြား သွားသော်လည်း၊ ထေရဝါဒဝိနယနှင့် အဘိဓမ္မာများမှာ ဆက်လက်၍တည်တံ့ခိုင်မြဲခဲ့သည်ဟုရေးသားခဲ့၏။**(S.B.Qanungo, "A History of Chittagong", P-84)**။

ဝေသာလီခေတ်တွင် အိန္ဒိယတောင်ပိုင်း၊ အမရဝတီ၊နာဂဂျုနိကွန်ဒါ၊ ဒေသများနှင့်အိန္ဒိယမြောက်ပိုင်း၊ အရှေ့ဘင်္ဂါဒေသများမှထေရဝါဒသာသနာနှင့် မဟာယနသာသနာတို့ရောက်ရှိထွန်းကားခဲ့ပြီး၊ ယင်းဒေသများမှာကဲ့သို့ပင်၊ ပါဠိဗုဒ္ဓဝါဒဂိုဏ်းနှင့် သက္ကတဗုဒ္ဓဝါဒဂိုဏ်းတို့သည် အာဃာတတရားမရှိကြပဲ၊ စာပေအယူဝါဒများကို အပြန်အလှန်ဆွေးနွေးလေ့လာ ညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းစွာကိုးကွယ်ခဲ့ကြပါသည်။ ဝေသာလီမင်းများကလည်း တိုင်းပြည်အတွင်းလွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြုထားပြီး၊ ဘာသာရေးဂိုဏ်းတစ်ခုနှင့်တစ်ခု၊ ယိုင်းပင်းကူညီမှု၊ လှူဒါန်းစွန့်ကြဲမှုများရှိနေခဲ့ကြသည်ကို အာနန္ဒစန္ဒြမင်း၏ဆောင်ရွက်ချက်များက သက်သေပြလျက်ရှိပါသည်။

ရခိုင်ပြည်သည် တိုင်းသူပြည်သားတို့အား လွတ်လပ်စွာကိုးကွယ်ခွင့်ပြုသော တိုင်းပြည်ဖြစ်သည်။ ထို့ကြောင့်ဂိုဏ်းကွဲများပေါ်လာပြီးနောက်တွင်၊ ဟိနယနဂိုဏ်းဝင်၊ မဟာယနဂိုဏ်းဝင်ဟုခွဲခြားမှုမရှိချေ။ ဝေသာလီခေတ်တွင် ထေရဝါဒီများ၊ မဟာယနဝါဒီများ၊ ဗြဟ္မဏဝါဒီများရှိကြပါသည်။ ထိုသူတို့အားလုံးကိုလွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားခြင်းဖြစ်၍၊ ရောယှက်နေကြခြင်းမဟုတ်ပါ**(ဦးအောင်သာဦး "ဗုဒ္ဓသာသနာနှင့် ရခိုင်ပြည်"၊စာ-၁၂)**။

ဝေသာလီခေတ်တွင် ပါဠိဗုဒ္ဓဝါဒဂိုဏ်းနှင့်ယှဉ်၍ သက္ကတဗုဒ္ဓဘာသာဂိုဏ်းများလည်း ထွန်းကားနေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော်ဝေသာလီခေတ်တွင်၊ ယေဓမ္မာဂါထာကဲ့သို့ ပါဠိသက္ကတကျမ်းများတွင်ပါရှိသော သာသနာရေးဆိုင်ရာစာပေများအပြင် မိမိတို့၏အလှူဒါနကိစ္စများ၊ လောကီ၊ လောကုတ္တရာဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မှတ်တမ်းရေးထိုးရာတွင် သက္ကတဘာသာကိုသာ ရွေးချယ်ရေးထိုးလေ့ရှိကြသည်ကိုထောက်ရှုလျှင် မဟာယနဗုဒ္ဓဘာသာသည် ထေရဝါဒထက်ပို၍တွင်ကျယ်ခဲ့မည်ဖြစ်သည့်အပြင်၊ သက္ကတဘာသာကိုပြည်သူသုံးဘာသာအဖြစ်သတ်မှတ်သုံးစွဲခဲ့သည်ဟု ယူဆရပါသည်။

နီတိစန္ဒြမင်းမိဖုရားကျောက်စာတွင် မဟာယနကျမ်းများတွင် လာရှိသည့် သက္ကတဘာသာ'ယေဓမ္မာဂါထာ' ကို ရေးထိုးထားပါသည်။ သို့သော်စေတီတော် လှူဒါန်းရသည့်ရည်ရွယ်ချက်ကို သက္ကတဘာသာဖြင့်ပင်ရေးထိုးရာ၌ "သတ္တဝါအပေါင်းတို့သည် အမြတ်ဆုံးသောအသိဉာဏ်တရားကို ရရှိကြစေခြင်းအကျိုးငှါ"ဟု **(ရှေးဟောင်းသုတေသနနှစ်ချုပ်အစီရင်ခံစာ-၁၉၅၆။၅၇။စာ-၂၀)**။ဖော်ပြထားပါသည်။ ထေရဝါဒီတို့၏အဓိကပန်းတိုင်သည် အမြင့်မြတ်ဆုံးသောအသိဉာဏ်ဖြစ်သည့် အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရည်မှန်းကြပါသည်။ နီတိစန္ဒြမင်းမိဖုရား ကျောက်စာတွင် ထေရဝါဒအယူအဆကိုလည်းတွေ့မြင်ရပါသည်။

ဝေသာလီမင်းများသည် ဘာသာအယူဝါဒ၊ ဂိုဏ်းဂဏခွဲခြားမှုမရှိပဲ၊ လှူဒါန်း၍ အားပေးအားမြောက်ပြုကြသူများဖြစ်ကြပါသည်။ အာနန္ဒစန္ဒြမင်း၏ဆောင်ရွက်ချက်များတွင် ဗြဟ္မဏ၊ မဟာယနဘာသာဝင်များအတွက်၊ လှူဒါန်းစောင့်ရှောက်မှုများရှိခဲ့သော်လည်း သူသည်မဟာယနဥပသကာတစ်ဦးဖြစ်သည်ဟု ဆိုနိုင်ဦးမည်မဟုတ်ပေ။ အားလုံးသောဘာသာ၊ သာသနာကိုကူညီစောင့်ရှောက်သူဖြစ်ပါသည်။ ဝေသာလီခေတ်အထောက်အထားများအရ ပါဠိနှင့်သက္ကတစာပေနှစ်မျိုးလုံးရှိခဲ့ရာ၊ ဝေသာလီခေတ်စန္ဒြမင်းများသည်၊ အိန္ဒိယတောင်ပိုင်းဒေသနှင့်၊ အိန္ဒိယအရှေ့မြောက်ပိုင်းဒေသများတွင်ကဲ့သို့၊ မိမိတို့အသိဉာဏ်၊ ပါရမီရင့်သန်မြင့်မားရေးအတွက်၊ ပါဠိသက္ကတကျမ်းစာများကိုလည်း ဆည်းပူးလေ့လာခဲ့ကြမည်ဟု ယူဆရပါသည်။ အာနန္ဒစန္ဒြမင်းသည် ထိုသို့ကောင်းမှုများပြုခြင်းကြောင့်ပင်၊ တာမြပတ္တနပြည်(ယခုဘင်္ဂလားနယ် Tamlukမြို့)**(ရှေးဟောင်းနှစ်ချုပ်အစီရင်ခံစာ-၁၉၅၆/၅၇။ အ-၁၉)**ပြည့်ရှင်မင်းက သမီးတော်ပင်ဆက်သခြင်းခံရပါသည်။

အာနန္ဒစန္ဒြမင်းသည် ဂိလာမေဃမင်း၏တိုင်းပြည်(သို့မဟုတ်) သီဟိုဠ်ကျွန်း**(သန်းထွန်း၊"ခေတ်ဟောင်းမြန်မာရာဇဝင်စာတမ်း(၁)၊စာ-၇၅။ ဦးစံသာအောင်"အာနန္ဒစန္ဒြ" စာ-၂၁၃။ 'P.Gutman, "Ancient Arakan, P-48)**မှ ရဟန်းတော်များအတွက် တရားဟောပလ္လင်များ၊ ပိုးသက်န်းများကိုပေးပို့လှူဒါန်းပါသည်။ အာနန္ဒစန္ဒြမင်း

သည် မဟာယနဂိုဏ်းသုံးသက္ကတဘာသာကို ကျောက်စာရေးထိုးရာတွင် အသုံးပြုခဲ့သော်လည်း၊ ရဟန်းတော်များအတွက် လှူဒွယ်ပစ္စည်းများကို၊ ဝေးလံသောသီဟိုဠ်ကျွန်းမှ ထေရဝါဒရဟန်းများအတွက် ပေးပို့လှူဒါန်းသည်ကို ကျောက်စာရေးထိုးခဲ့ပါသည်။ ဝေသာလီခေတ်ပြည်ပသာသနာဆက်ဆံရေးနှင့် ပတ်သက်၍ ဤအချက်တစ်ခုသာ ကျောက်စာတွင်တွေ့ရှိရပါသည်။ ဤအထောက်အထားအားဖြင့်ဆိုလျှင် အာနန္ဒစန္ဒြမင်းသည် ထေရဝါဒဗုဒ္ဓဘာသာဝင်အဖြစ်ယူဆဘွယ်ဖြစ်ပါသည်။ အာနန္ဒစန္ဒြမင်းသည်၊ ခရစ်နှစ်အစပိုင်းကပင် အိန္ဒိယတောင်ပိုင်း၊ သီဟိုဠ်ကျွန်းတို့နှင့် သာသာနာရေးဆက်ဆံမှုအစဉ်အလာကို ထိန်းသိမ်း၍ ထေရဝါဒသာသနာတော်အတွက် ကြိုးပမ်းဆောင်ရွက်မှုကိုဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ပုဂံတွင် ကျန်စစ်သားမင်းပိဋကတ်တော်ရေးကူးချိန်ထက် နှစ်-၃၀၀ခန့်စော၍၊ ရခိုင်ပြည်တွင်၊ အာနန္ဒစန္ဒြမင်းရေးကူးသော ပိဋကတ်တော်သည် သီဟိုဠ်မှပါဠိပိဋကတ်တော်ဖြစ်သည်ဟု ယူဆသင့်ပါသည်။

အေဒီ-၇၂၉-ခန့်တွင် အာနန္ဒစန္ဒြမင်းနတ်ရွာစံပြီးနောက် ရခိုင်ပြည်သည် နိုင်ငံရေးမငြိမ်မသက်မှုများဖြင့်၊ နှစ်-၅၀ခန့်ကာလကို ဖြတ်သန်းခဲ့ရပြီး၊ အေဒီ ၇၈၈တွင် မဟာစန္ဒြမင်းသည် ဝေသာလီမြို့တော်ကို ပြန်လည်ပြုပြင်၍ နန်းစံခဲ့၏။ သူသည်ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်သောမင်းတစ်ပါးဖြစ်၍၊ မဟာမုနိဆင်းတုတော်ကြီးအား ရွှေဖြင့်ပြုလုပ်သောမကိုဋ်သရဖူကို ဆက်ကပ်လှူဒါန်းပါသည်**(စန္ဒမာလလင်္ကာရ၊"ရခိုင်ရာဇဝင်ကျမ်း" ပ-တွဲ၊ ၁၉၉၇၊ရန်ကုန်၊စာ-၂၈၄)**။ ရာဇဝင်များတွင် ဖော်ပြချက်အရ အေဒီ၇၈၈မှ ၉၅၇ထိစိုးစံခဲ့ကြသော ဝေသာလီစန္ဒြမင်း(၉)ပါးသည်၊ ထေရဝါဒသာသနာတော်ကို သက်ဝင်ယုံကြည်ကြသည်။ အချို့သောမင်းများတည်ထားကိုးကွယ်ခဲ့သည့်၊ ဘုရား၊ ပုထိုးအချို့ကို ယခုတိုင်တွေ့မြင်ရပါသေးသည်။

သို့သော် အိန္ဒိယနိုင်ငံတွင် နာလန္ဒာတက္ကသိုလ်ကြီး ပြိုလဲသွားပြီးနောက်၊ အိန္ဒိယအရှေ့မြောက်ပိုင်းဘင်္ဂလားနယ်မြေ၌ ရခိုင်နယ်နမိတ်အတွင်း အပါအဝင်ဖြစ်သော စစ်တကောင်းဒေသသည် မဟာယနဗုဒ္ဓဘာသာဖြန့်ဖြူးရာဗဟိုလ်ဌာနဖြစ်လာခဲ့ပါသည် (A History of Chittagong, P-84)။ ဒေါက်တာN.N. Lawက ဘင်္ဂလားတွင်ပါလမင်းများတန်ခိုးထွန်းတောက်ချိန်၌ စစ်တကောင်းတွင် မဟာယနဂိုဏ်းများထွန်းကားခဲ့သည်ဟု ဆိုပါသည်။ စစ်တကောင်းတွင် အေဒီ ၉-ရာစုမှ၊ ၁၀-ရာစုအတွင်း မဟာယနဂိုဏ်းများထွန်းကားခဲ့သည့် အထောက်အထားများတွေ့ရပါသည်။ အဝလောကိတေသွာရ၊ ပဒမပါဏိ၊မဥ္ဇုသီရိ၊ လောကနာထ၊ မေတ္တေယျ၊ တာရာ(သို့မဟုတ်) ဗုဒ္ဓသတ္တိ၊ ဇမ္ဘာလ၊ ဘသုဝါရ၊ စသည့်ဘုရားလောင်းနတ်သားနတ်သမီးများ၏ ဆင်းတုများသည်၊ မဟာယနဗုဒ္ဓဘာသာ၏ အထောက်အထားများပင် ဖြစ်ကြပါသည် (**A History of Chittagong , P-86)**။ M. Collisကမူ အေဒီ ၇၈၈မှ ၉၅၇ထိ စိုးစံခဲ့ကြသည့် ရခိုင်ဝေသာလီမင်းများသည် စစ်တကောင်းကို စိုးမိုးခဲ့ကြပြီး၊ မဟာယနဗုဒ္ဓဘာသာကို အားပေးခဲ့ကြသည်ဟုဆိုသည့်အပြင်၊ မဟာယနဗုဒ္ဓဘာသာသည်လည်း ဝေသာလီသို့ရောက်ရှိခဲ့ကြောင်း ဆိုကြသည်အပြင်၊ ဝေသာလီမှ တန္တရရုပ်ကြွများက သက်သေဖြစ်ကြောင်းဆိုပါသည်။ သို့သော် Taranathကမူ ထေရဝါဒသာသနာကွယ်ပျောက်ခြင်းမရှိခဲ့ဟုဆိုပါသည် (**Sanskrit Buddhism in Burma, P-89)**။

တန္တရဝါဒသည် အေဒီ-၈ရာစုမှစ၍၊ အာသံနှင့် ဘင်္ဂလားနယ်များမှ စတင်ပေါ်ပေါက်ခဲ့ပြီး ယင်းဒေသများတွင် အများဆုံးထွန်းကားခဲ့ပြီး၊ ပတ်ဝန်းကျင်နိုင်ငံများသို့ ပျံ့နှံ့ခဲ့သည်ဟု **(အိန္ဒိယစာပေသမိုင်း(ဗုဒ္ဓစာပေကဏ္ဍ)"၊ စာ-၅၈၄)**ယူဆသော်လည်း၊ နီပေါ၊ တိဘက်နှင့် တရုပ်ပြည်တို့အပြင်၊ မြန်မာနိုင်ငံအလယ်ပိုင်းသို့ များစွာပျံ့နှံ့ခဲ့ပုံရပါသည်။ ရခိုင်ပြည်တွင်မူ တန္တရဗုဒ္ဓဘာသာအရောင်သန်းရုံမျှသာရှိခဲ့မည်ဟု ယူဆရပါသည်။

ဆရာကြီးဦးစံသာအောင်က ဝေသာလီတွင် အေဒီ-၈ရာစုအတွင်းက စေတီအလှူမှတ်တမ်းပါကျောက်စာတစ်ချပ်ကိုဖော်ပြ၍၊ ဤကျောက်စာတွင် စေတီတော်လှူရသည့်ကောင်းမှုကြောင့်၊ လောဘ၊ဒေါသ၊မောဟတရားတို့ ချုပ်ငြိမ်းရာမြတ်သောနိဗ္ဗာန်ကို ရပါလို၏ဟုဆုတောင်းထားကြောင်း၊ ထို့ကြောင့် ဤကာလတွင် ရခိုင်ပြည်၌ထွန်းကားခဲ့သော ဗုဒ္ဓသာသနာသည် နှောင်းမဟာယနလည်းမဟုတ်၊ တန္တရဗုဒ္ဓဘာသာလည်းမဟုတ်ဟု ရေးသားခဲ့၏။ ဆရာကြီးက တန္တရဗုဒ္ဓဘာသာသည် ရခိုင်ပြည်တွင်မထွန်းကားခဲ့ပေ။ တန္တရဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံတွင် အေဒီ-၈ရာစုမှ ထင်ထင်ရှားရှားပေါ်ပေါက်လာပါသည်။ ပညာရှင်များက ဘင်္ဂလားဒေသကို မူစလင်များတိုက်ခိုက်သည့်အခါ၊ တန္တရရဟန်းများသည်၊ ရခိုင်ဘက်သို့ ဦးမလှည့်ခဲ့ပဲ နီပေါဘက်သို့ထွက်ခွါသွားခဲ့ကြပါ

သည်။ ဤအချက်က ရခိုင်တို့သည် တန္တရဝါဒကိုလက်မခံခဲ့ကြသကဲ့သို့ ရခိုင်ပြည်တွင် တန္တရဝါဒအခြေချရန် နေရာလပ်ပင်မရှိကြောင်း သက်သေပြခြင်းဖြစ်ပါသည်။ မဟာမုနိကုန်းတော်ပေါ်တွင် ရုပ်တု၊ ရုပ်ကြွ၊အမျိုးအစား အများအပြားရှိသည်။ ဤရုပ်လုံးရုပ်ကြွများ၏ခေတ်က ရခိုင်ပြည်၏ဗုဒ္ဓသာသနာကို မလေ့လာသူသာလျှင်၊ ဤရုပ်လုံးရုပ်ကြွများအား တန္တရဗုဒ္ဓဘာသာအထောက်အထားများဟု ယူဆပေမည်ဟု ရေးသားခဲ့ပါသည်__(The Buddhist Art of Ancient Arakan, P-111)__။သို့သော်လည်း အချို့ကမူ ဝေသာလီရှိရုပ်ကြွများတွင် တန္တရရုပ်ကြွ များ ပါဝင်ကြောင်း၊ စန္ဒြမင်းများလက်ထက် ရခိုင်ပြည်တွင် တန္တရဝါဒသည် အခြေခိုင်မာစွာထွန်းကားခဲ့ပြီး စန္ဒြမင်းများကပင် အားပေးအားမြှောက်ပြုခဲ့ကြကြောင်း ဆိုကြပါသည် (J.B.R.S. Soth Ann. Publi(1960), P-487)။ ပုဂံတွင် အနော်ရထာမင်းသည် တန္တရဝါဒကို ချေမှုန်းသုတ်သင်ခဲ့သော်လည်း တစိတ်တဒေသသာလျှင် အောင်မြင်ခဲ့ပြီး၊ ကျန်စစ်သားလက်ထက်တွင်မှ အပြီးပိုင်ချေမှုန်းကာ ထေရဝါဒသို့ပြောင်းလဲနိုင်ခဲ့သည်ဟု D.G.E.Hall ကရေးသားခဲ့ဖူးသည်။ ရခိုင်တွင် တန္တရဝါဒပျံ့နှံ့ခဲ့ဖူးသည် သို့မဟုတ် မပျံ့နှံ့ခဲ့ဟူသောအချက်နှင့် ပတ်သက်၍ ကျွန်တော်တို့ထည့်သွင်းစဉ်းစားသင့်သည်မှာ၊ တန္တရဝါဒသည် ရခိုင်နယ်အတွင်း(သို့မဟုတ်)ရခိုင် နယ်နှင့် ဆက်စပ်နေသော အရှေ့ဘင်္ဂလားနှင့် အာသံနယ်များတွင် အေဒီ၈–ရာစုတွင် စတင်ထွန်းကားအားကောင်း ခဲ့ခြင်း၊ ရခိုင်ဝေသာလီမင်းများသည် လွတ်လပ်စွာကိုးကွယ်ခွင့် ပေး၍ အခြားဘာသာများကို အားပေးကူညီခဲ့ ကြခြင်း၊ ရခိုင်ပြည်အတွင်း တန္တရဝါဒခြေကုတ်ယူရန် နေရာကွက်လပ်မရှိနိုင်တော့ခြင်းနှင့် တန္တရဝါဒသည်၊ နီပေါ၊ တိဘက်၊ တရုပ်ပြည်များဘက်သို့ ပျံ့နှံ့ခဲ့ခြင်းစသည့်အချက်များပင်ဖြစ်ပါသည်။

ရခိုင်ပြည်တွင် ထေရဝါဒသာသနာအစစ်အမှန်ထွန်းကားစေလို၍လည်းကောင်း၊ ဗြဟ္မဏဝါဒနှင့် မဟာယနဗုဒ္ဓဘာသာတို့၏ အန္တရာယ်ကိုကာကွယ်လို၍လည်းကောင်း၊ ရခိုင်ပိုင်စစ်တကောင်းနယ်မြေအတွင်းမှစ၍ ကြီးထွားလာနေသော တန္တရဝါဒအန္တရာယ်ကို ကာကွယ်လို၍လည်းကောင်း၊ ဝေသာလီပြည်၊ သီရိစန္ဒြမင်း(အေဒီ ၉၀၃–၉၃၅)သည် “သီဟဠနှင့် ဝါဒတူဘိ”ဆိုသည့်အတိုင်း သီဟိုဠ်မှ သံဃာတော်(၁၀၀၀)ပင့်ဖိတ်၍၊ ရခိုင်ပြည်မှ သံဃာတော်(၁၀၀၀)နှင့်အတူ၊ ဝေသာလီတွင် ထေရဝါဒပိဋကတ်တော်နှင့် အဋ္ဌကထာကျမ်းအချို့ကို သင်္ဂါယနာ တင်တော်မူခဲ့ပါသည်**__(ရခိုင်ပြည်နယ်ပြည်သူကောင်စီ၊“ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း(ပဉ္စမတွဲ)”၊ စာ–၁၈၆။မေဓ ပညာမော်ကွန်းလက်ာရှ)__**။ ထိုသင်္ဂါယနာတင်ကုန်းတော်ပေါ်မှ ကျောက်ဆစ်အနုပညာလက်ရာများကို အိန္ဒိယ တောင်ပိုင်းနာဂဂျုနိကွန်ဒါမှလက်ရာများနှင့်တူညီကြောင်း Gangolyက မှတ်ချက်ချဖူးကြောင်းသိရသည်**__(ရခိုင် ဝေသာလီခေတ်ဗုဒ္ဓအနုပညာ”၊ စာ–၁၅)__**။

အေဒီ ၁၀၁၈တွင် လေးမြို့ခေတ်စတင်ပါသည်။ လေးမြို့ခေတ်အတွင်း၊ ပဉ္စာမြို့တတိယမြောက်မင်းဖြစ်သော မင်းရင်ဖြူ(အေဒီ–၁၀၃၉–၁၀၄၉)လက်ထက်တွင် ရဟန္တာအရှင်မြတ် (၈၀၀)တို့ စုဝေး၍ ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်ခဲ့ကြသေးသည်ဟု ရခိုင်ရာဇပုံကျမ်းတွင် တွေ့ရပါသည်။အကြောင်းရင်းမှာဝေသာလီခေတ်မှဆင်းသက် လာသောရခိုင်မူကြိုးတမ်းပိဋကတ်တော်အား၊ဖြည့်စွက်ခြင်း၊ပယ်နှုတ်ခြင်း၊မပြုပဲခိုင်မြဲစွာ၏ထိန်းသိမ်းနိုင်ရန်ဖြစ်ပါ သည်။ အာနန္ဒစန္ဒြကျောက်စာဂါထာ(၅၀)တွင် ပါရှိသကဲ့သို့ ရွှေရေးမင်းရေး ကညစ်ရေးအားဖြင့် အငယ်စားရေး ကူးတင်သော သင်္ဂါယနာပွဲငယ်မျိုးကား မင်းရင်ဖြူလက်ထက်ထိ ရခိုင်ပြည်တွင် (၁၁)ကြိမ်မျှရှိခဲ့သည်ဟု သိရပါ သည်**__(အောင်ချစ်စိန်၊“ရခိုင်ပြည်ဗုဒ္ဓသာသနာနှင့် သာသနာပြုလုပ်ငန်းကြီး”၊ ရခိုင်မဂ္ဂဇင်း(၄)၊ ၁၉၇၇၊စာ– ၁၃၀)__**။

အေဒီ–၁၀ရာစုအတွင်းမှစ၍ ရခိုင်ပြည်တွင် မဟာယနနှင့် တန္တရဝါဒတို့ လျှင်မြန်စွာ တိမ်ကောပပျောက် သွားပါသည်။ ထေရဝါဒသာသနာမှာ ပိုမိုစည်ပင်ထွန်းလင်းလာပါသည်။ အေဒီ(၁၂)ရာစုတွင် သီဟိုဠ်ကျွန်း၌ အဓမ္မဝါဒီများ နှောက်ယှက်ဖျက်ဆီးမှုကြောင့် ရခိုင်ပြည်ဒသရာဇာမင်း(အေဒီ–၁၁၅၃–၁၁၆၅)လက်ထက်၌၊ အကုလဝိဇယဂဏပါမေက္ခအရှင်သူမြတ်သည် နောက်ပါရဟန်း(၂၆)ပါးနှင့်အတူ၊ သီဟိုဠ်သို့ကြွရောက်ကာ ထေရဝါဒသာသနာတော်ကို ပြန်လည်ပြုစုတော်မူခဲ့ရပါသည်။ နေရဉ္ဇရာတောင်ငူခေတ် ငရမန်မင်းလက်ထက်၌ လည်း ဥတ္တရဓမ္မသံဃာ့ဓိပတိဆရာတော်သည် တပည့်သံဃာ(၃၆)ပါးနှင့်အတူ သီဟိုဠ်သို့ သာသနာပြုကြွရောက် ခဲ့ကြပါသည်။

လောင်းကြက်မြို့ကိုတည်သော အလောမာဖြူမင်းသည် အေဒီ–၁၂၅၆–ခုတွင်၊ ရခိုင်ရေတပ်မတော်သင်္ဘောများဖြင့် သီဟိုဠ်ကျွန်းသို့ မဟာမိတ်အဖြစ်သွားရောက်ခဲ့သောကြောင့်၊ အလောမာဖြူကျောက်စာတွင် "သိန်းယိုဠ်ရောက်မင်းဟု ရေးထိုးထားသည်။**(မောင်ကြီးစိန်၊"လောင်းကြက်ခေတ်ရခိုင်ပြည်"ရခိုင်မဂ္ဂဇင်း(၄)၊ စာ–၁၁၉)။**
အေဒီ–၁၂၇၉တွင် လောင်းကြက်မြို့၌နန်းတက်သော ဘုရင်မင်းထီးသည်၊ အိန္ဒိယနိုင်ငံဗုဒ္ဓဂယာသို့ကြွရောက်တော်မူခဲ့ပြီး၊ ဗုဒ္ဓဂယာမှ မဟာဗောဓိပုထိုးတော်ကြီးနှင့် ဂူဘုရားများကိုမွမ်းမံပြုပြင်ကာ အလှူဒါနများစွာပြုလုပ်ခဲ့ပါသည်။ ဗုဒ္ဓဂယတွင် ကျောက်စာရေးထိုးခဲ့ပြီး အေဒီ–၁၂၉၅–တွင် ရခိုင်ပြည်သို့ပြန်ခဲ့ပါသည်။

မြောက်ဦးခေတ် ဘစောဖြူမင်းလက်ထက်(အေဒီ၁၄၅၀–၁၄၈၁)တွင် ရခိုင်ပြည်မှ သိဒ္ဓတ္တထေရ်သည် သံဃာ ၅၀ဖြင့် အဖေါ်ပြု၍ သီဟိုဠ်သို့ကြွရောက်ခဲ့ပါသည်။ မင်းဗာဘုရင် သံတွဲတွင်စိုးစံစဉ်က၊ သံတွဲမှအရှင်တောဇောသာရနှင့် မြောက်ဦးမှ အရှင်ဓမ္မဝိလာသတို့သည် သီဟိုဠ်သို့ကြွရောက်ခဲ့ပြီး၊ အပြန်တွင် အံတော်တစ်ဆူပင့်ဆောင်ခဲ့၍ မင်းဘာကြီးသည် သံတွဲမြို့အံတော်စေတီတွင် ဌာပနာခဲ့ကြောင်း ရာဇဝင်များကဖော်ပြပါသည်။

ယင်းနောက်သီဟိုဠ်တွင် အင်္ဂလိပ်ရန်ကြောင့် ဂိုဏ်းပြည့်ရုံမျှပင် သံဃာများစုဝေး၍ မရနိုင်သောကြောင့် မဟာဝိဇယဗာဟုမင်းလက်ထက်၌၊ ရာမညတိုင်းမှ သံဃာကိုလည်းကောင်း၊ ဝိမလဓမ္မသူရိယမင်းနှင့် ဝိမလမဟာရာဇာတို့လက်ထက်တွင် ရခိုင်ပြည်မှသံဃာတော်များပင့်ဆောင်၍ သာသနာတော်ကိုပြန်လည်ပြုစုတော်မူကြရပါသည်**(မဟာစမ္မသကြိန်"သာသနာလင်္ကာရစာတမ်း"ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၆၊ရန်ကုန်၊စာ–၃၆)**။

မြောက်ဦးခေတ် မင်းရာဇာကြီးလက်ထက် (အေဒီ–၁၅၆၃–၁၆၁၂)တွင် သီဟိုဠ်ကျွန်းမှ မထေရ်ကြီးတစ်ပါးသည် နောက်ပါများနှင့်အတူရောက်ရှိလာပြီး သာသနာပြုပေးပါရန် စာသဝဏ်ဆက်လာသဖြင့်၊ မြောက်ဦးမြို့မြောက်ဘက်တန်ဆောင်းဆရာတော်နှင့် အရှင်စန္ဒိဝိလာသနှစ်ပါးသည် သံဃာတော်(၂၀)နှင့် အတူ သီဟိုဠ်သို့သာသပြုကြွသွားကြောင်းနှင့် တဖန်သာသနာ–၂၂၂၇–ခုတွင်လည်း ရခိုင်ပြည်မှသံဃာ(၃၃)ပါးကို ပင့်ဆောင်၍သီဟိုဠ်တွင် သာသနာပြုစေသည်ဟု၊ဟသ်ာတမြို့၊ အဂ္ဂမဟာပဏ္ဍိတအရှင်ဓာဘဏာ၏ "မဟာဒွါရနိကာယသာသနာ့ဒီပနီကျမ်း"တွင် တွေ့ရပါသည်။

မြောက်ဦးမြို့တွင် မာရပွိယမင်းနန်းစံချိန်တွင် သီဟိုဠ်ကျွန်း၊ ဒုတိယဝိမလဓမ္မသူရိယမင်း' ထံမှ သံအဖွဲ့သည် သင်္ဘောနှစ်စီးနှင့်ရောက်လာပြီး၊ သာသနာပြုပေးပါရန် လျှောက်ထားသဖြင့်၊ အေဒီ–၁၆၉၅–တွင်၊ သတ္တဌာနဆရာတော်ကြီးအရှင်ဣန္ဒမဥ္ဇူနှင့်လောင်းကြက်ဆရာတော်အရှင်နန္ဒိစက္ကတို့သည်၊ ဇကစာရ၊ ဗဟုစာရ၊ နောက်ပါရဟန်း(၄၀)နှင့်၊ သီဟိုဠ်သို့ကြွရောက်၍ သာသနာပြုခဲ့ပါသေးသည်။ **(ဦးတင်ဖေ၊"ရခိုင်ပြည်နယ်အတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေး၊"ရခိုင်သဟာယမဂ္ဂဇင်း(၃)၊ ၁၉၉၆၊စာ–၉၆)**။

အထက်တွင်စာရေးသူတင်ပြခဲ့သည့်အတိုင်း၊ ဓညဝတီခေတ်မှ မြောက်ဦးခေတ်ထိ၊ ရခိုင်ပြည်ဗုဒ္ဓသာသနာအစဉ်အလာ၏ကန့်လန့်ဖြတ်ပုံကားချပ်စစ်တမ်းအကျဉ်းမျှကိုလေ့လာခြင်းဖြင့်၊ရခိုင်တို့သည် ပျူလူမျိုးများထက်ပိုမိုရှေးကျသောကာလကပင်၊ ထေရဝါဒဗုဒ္ဓသာသနာကိုလက်ခံရရှိခဲ့ကြပြီး၊ မပျောက်ပျက်အောင်ထိန်းသိမ်းလာခဲ့သည့်အပြင်၊ ရခိုင်ပြည်နယ်၏လက်ရှိ ဗုဒ္ဓသာသနာသည်၊ မဟာယနမှဆင်းသက်လာသော သာသနာမဟုတ်ပဲ၊ ဓညဝတီဝေသာလီခေတ်မှပင် အစဉ်အဆက်ထိန်းသိမ်းလာခဲ့သည့် ထေရဝါဒသာသနာတော်စစ်ဖြစ်ကြောင်း တွေ့မြင်ရပါသည်။

## သက်သူဇာ ရှာပုံတော်

သက်သူဇာဟူသောအမည်ကို ရခိုင်လူမျိုးတိုင်းလိုလို ရခိုင်ရာဇဝင်ကို အတန်အသင့်လေ့လာသူတိုင်း ကြားဖူးသည်။ သို့သော်အများအားဖြင့် သိထားကြသည်မှာ သက်သူဇာသည်၊ အိန္ဒိယမှရခိုင်ပြည်သို့ရောက်ရှိခဲ့သော မဂိုမင်းသမီးတစ်ပါးဖြစ်သည်ဟု သိထားကြပါသည်။ သက်သူဇာသည် အလွန်လှပသော ကုလားမင်းသမီးဖြစ်၍၊ ရခိုင်ဘုရင်က သိမ်းယူမြောက်စားတော်မူသည်ဟု စာရေးသူတို့ငယ်စဉ်က ဘိုးဖွားမိဘများထံမှ ကြားခဲ့ရဘူးပါသည်။

ရခိုင်ရာဇဝင်များတွင်လာရှိသော သက်သူဇာမင်းသမီးအလှဘွဲ့၊ ရတုကဗျာများမှာ အလွန်ပင်ဖတ်ကောင်းပါသည်။ သို့သော်ရခိုင်ရာဇဝင်အစောင်စောင်တို့ကို လက်လှမ်းမီသမျှ လေ့လာကြည့်သောအခါ၊ သက်သူဇာနှင့်ပတ်သက်၍ မတူခြားနားသောဖော်ပြချက်များကို တွေ့လာရပါသည်။ ဖော်ပြချက်အများအပြားကို စုစည်းလျှင် ပဓာနကျသောဖော်ပြချက်နှစ်ရပ်ကို တွေ့ရပါသည်။ ပထမဖော်ပြချက်များမှာ ဆရာငမည်း၏ရခိုင်ရာဇဝင်နှင့် ညီညွတ်သောဖော်ပြချက်များဖြစ်ကြသည်။

သက်သူဇာအား ခေတ်ပြိုင်မှတ်တမ်းအချို့နှင့် တိုက်ဆိုင်ဆန်းစစ်ခြင်းမပြုမီ ရာဇဝင်လာခြားနားသော ဖော်ပြမှုများကို ဦးစွာတင်ပြပါမည်။

ဆရာငမည်း၏ရခိုင်ရာဇဝင်၌ "ပဆာမင်း၊ မင်းခေါင်းရောင်ကွယ်လွန်လျှင်၊ ပဆာမင်းသားသက်သူဇာနှင့် ညီတော်နရောင်ဆီတို့ မင်းအဖြစ်ကို လုကြသော်၊ အစ်ကိုသက်သူဇာမနိုင်သောကြောင့် ရခိုင်ပြည်သို့ သကြစ်–၁၀၂၂–ခု၊ ဝါခေါင်လတွင်ရောက်လာ၏။ ပဆာမင်းသားသက်သူဇာသည် ရခိုင်ဘုရင်စန္ဒသုဓမ္မရာဇာမင်းတရားထံ နမတော်'စမွေပီ'ကို ကိုယ်လုပ်တော်ပေး၍၊ လေ့စင်းတစ်ထောင်မကသောလှေတို့ကိုထည့်တော်မူ၍၊ စစ်ကူရန်ပါ၊ရှေးဘေးလောင်းတော်တို့ပိုင်စိုးခဲ့သော တစ်ဆယ့်နှစ်ပုညာကို ယူတော်မူပါဟုလျှောက်လာသော်" ဟုတွေ့ရပါသည်။ ဤရာဇဝင်အရ သက်သူဇာသည် မင်းသမီးတစ်ပါးမဟုတ်ပဲ၊ နရောင်ဆီ၏နောင်တော်မင်းသားတစ်ပါးဖြစ်ပါသည်။ ယင်းညီနောင်နှစ်ပါးထီးနန်းလုရာစစ်ပွဲဖြစ်၍၊ သက်သူဇာရှုံးနိမ့်ကာ ရခိုင်မြောက်ဦးမြို့တော်သို့ ထွက်ပြေးလာခဲ့ရာ၊ ခရစ်–၁၆၆၀ခုဩဂုတ်လတွင်ရောက်ရှိလာသည်။ သက်သူဇာသည်အတူပါလာသောနမတော် 'စမွေပီ'ကို စန္ဒသုဓမ္မရာဇာမင်းအားဆက်သ၍ စစ်ကူတောင်းခဲ့သည်ဟု သိရသည်။ ဆရာငမည်းရာဇဝင်တွင် "ဤသို့စန္ဒသုဓမ္မရာဇာမင်းကြီးသည် သက်သူဇာကို ချီးမွမ်းတော်မူ၏"ဟု ရတုကဗျာအဆုံးတွင်ဖော်ပြထားသည့်အတိုင်း သက်သူဇာနမတော်စဇွေပီကိုလည်းကောင်း၊ သက်သူဇာ၏သမီးတော်ကိုလည်းကောင်း အဖွဲ့အနွဲ့ဖြင့် ဖော်ပြထားမှုတစုံတရာမပါရှိပါ။ သက်သူဇာ၏ရင်သွေးသမီးတော်နှစ်ဦးကို သိမ်းပိုက်၍၊ မောင်းမမိဿံများနှင့် ခမ်းနားစွာထားရှိကြောင်းသာလျှင် ပါရှိပါသည်။

အင်းစောက်ရာဇဝင်အဆိုမှာ နရပတိမင်းကြီးစိုးစံတော်မူသောအခါ၊ အနောက်ပစ္စိမဒေသပဆာပြည်၌ 'မင်းခေါင်းရောင်' မင်းပြုတော်မူ၍၊ အိုမင်းလတ်သော်သားတော်ကြီး အိမ်ရှေ့မင်းတလသောကျူကို တိုင်းပြည်အပ်နှင်းမင်းပြုတော်မူစေ၏။ ထိုမင်းသားတလသောကျူသည် မတရားပြုကျင့်သဖြင့်၊ ညီတော်နရောင်ဆီသည် ပုန်ကန်သောင်းကျန်း၍မရနိုင်သဖြင့်၊ နမတော်သက်သူဇာတို့နှင့်တကွ ထွက်ပြေးဝင်ရောက်လာသည်ကို သာယာငြိမ်းချမ်းစွာနေထိုင်စေ၍၊ သက်သူဇာကိုသိမ်းပိုက်တော်မူလျှက်၊ အရောင်အဆင်းကိုချီးမွမ်းသောအားဖြင့် နရပတိမင်းကြီးက အလှဘွဲ့ကိုဖွဲ့တော်မူကြောင်း လာရှိပါသည်။ အင်းစောက်ရာဇဝင်အရ၊ တလသောကျူ၏ဘေးရန်ကြောင့် ထွက်ပြေးလာရခြင်းဖြစ်ပြီး မြောက်ဦးမြို့တော်သို့ ရခိုင်သက္ကရာဇ် ၁၀၀၁(ခရစ် ၁၆၃၉)ခုတွင် ရောက်လာကြသည်။ ဤရာဇဝင်အရ သက်သူဇာသည် မင်းသမီးတစ်ပါးဖြစ်သည်။

ရာဇဝင်များတွင်လာသော အယူအဆနှစ်မျိုးကို နှိုင်းယှဉ်ကြည့်သောအခါ–

(၁)ဆရာငမည်းရာဇဝင်အရ၊ ပဆာမင်းသားသက်သူဇာနှင့် ညီတော်နရောင်ဆီ ထီးနန်းလု၍၊ သက်သူဇာရှုံးနိမ့် ရခိုင်ပြည်သို့ပြေးလာခြင်းဖြစ်ပြီး(သို့သော်ဆရာငမည်း၏ရာဇဝင်လာရတုတွင် 'တလသောက်ကျူ' ထီးနန်းရသည် ဟုလည်းပါရှိသည်။ အင်းစောက်ရာဇဝင်အရ၊ ပဆာအိမ်ရှေ့မင်းသား တလသောကျူနှင့် ညီတော်နရောင်ဆီတို့ စစ်ပွဲဖြစ်၍၊ နရောင်စီရှုံးနိမ့်သဖြင့်၊နမတော်သက်သူဇာကိုခေါ်ကာ ရခိုင်ပြည်သို့ ထွက်ပြေးလာခဲ့သည်။

(၂)ဆရာငမည်းရာဇဝင်အရ၊ သက်သူဇာမင်းသားသည် ရခိုင်ပြည်သို့ စန္ဒသုဓမ္မရာဇမင်းလက်ထက် ခရစ်–၁၆၆၀–ခုနှစ်တွင် ရောက်ရှိခဲ့ပြီး၊ အင်းစောက်ရာဇဝင်အရ၊ နရောင်ဆီနှင့် နမတော်သက်သူဇာတို့သည်၊ နရပတိမင်းလက်ထက် ခရစ်၁၆၃၉နှစ်တွင် ရောက်ရှိလာပါသည်။

(၃)ယင်းရာဇဝင်များတွင် ပါရှိသော သက်သူဇာဘွဲ့လင်္ကာများကို နှိုင်းယှဉ်ကြည့်သောအခါ၊ ဆရာငမည်းရာဇဝင်လာသက်သူဇာဘွဲ့ရတုလင်္ကာနှင့် အင်းစောက်ရာဇဝင်လာသက်သူဇာဘွဲ့ရတုလင်္ကာတို့သည် ထပ်တူထပ်

မှု တူညီကြသည်ကားမဟုတ်ပါ။ ဆရာငမည်း၏ရခိုင်ရာဇဝင်တွင် လင်္ကာရတု(၅)ပိုဒ်ပါဝင်၍ အင်းစောက်ရာဇဝင်တွင် ရတု(၇)ပိုဒ်ပါရှိပါသည်။ ဆရာငမည်းရာဇဝင်လာ ရတုလင်္ကာအပိုဒ်(၁)သည် အင်းစောက်ရာဇဝင်တွင် မပါရှိပါ။ ထိုကဲ့သို့ပင်အင်းစောက်ရာဇဝင်လာလင်္ကာအပိုဒ်(၅)(၆)နှင့် (၇)တို့သည်၊ ဆရာငမည်း၏ရခိုင်ရာဇဝင်တွင် မပါရှိပါ။ ဆရာငမည်းရာဇဝင်မှလင်္ကာအပိုဒ်(၂)မှ(၅)အထိသည်၊ အင်းစောက်ရာဇဝင်လာအပိုဒ်(၁)မှ(၄)အထိနှင့် စကားလုံးပါဒ အနည်းငယ်ကွဲလွဲသည်မှလွဲ၍ အတူတူပင်ဖြစ်ပါသည်။ ခြုံ၍သုံးသပ်လျှင် အင်းစောက်ရာဇဝင်လာရတုလင်္ကာများသည် ဆရာငမည်း၏ရခိုင်ရာဇဝင်လာရတုလင်္ကာများထက်ပို၍ အဖွဲ့အနွဲ့ကောင်းသည်၊ပို၍လှပသည်ကို တွေ့ရပါသည်။

ထူးခြားသည်မှာ ဆရာငမည်းရာဇဝင်တွင် မင်းသမီးဘွဲ့မဟုတ်ဘဲ မင်းသားဘွဲ့ဖြစ်နေခြင်းပင်ဖြစ်သည်။ ယင်းရာဇဝင်တွင်"ဒေဝရာဇာ၊ သူဇာတမျှ၊ နှိုင်းမရသည့်၊ ဒီပပတ်ကုံး၊ မင်းအားလုံးတို့၊ ရှင်ပြုံးကြည်ဖြူ၊ရှုတော်မူလည်း၊ သည်းအုပြတ်ခေါင်၊ ကြေလုအောင်လျှင်၊ နတ်ယောင်ပမာ၊ သက်သူဇာကား"ဟုလည်းကောင်း၊ "မင်းပဆာကား၊ကညာဆင်းသွင်၊ သင်လည်းရှေးက၊ ဘယ်သီလကြောင့်၊ရူပလက္ခဏာ၊ ငါးဖြာကြန်အင်၊ စုံအင်ညီစွာ"ဟုလည်းကောင်း၊ သက်သူဇာမင်းသားသည် ကြန်အင်ငါးဖြာနှင့် ပြည့်စုံသော ကညာပျိုကလေးအသွင် နုနယ်ချောမွတ်လှပသော မင်းသားတစ်ပါးဖြစ်သည်ဟု ရေးဖွဲ့ထားပါသည်။ လင်္ကာ၏အဆုံးတွင် "ဤသို့စန္ဒသုဓမ္မရာဇာမင်းကြီးက သက်သူဇာအားချီးမွမ်းတော်မူ၏"ဟုလည်း ဖော်ပြထားပါသည်။ သက်သူဇာအား ဖွဲ့နွဲ့သော ဤရတုပိုဒ်သည် အင်းစောက်ရာဇဝင်တွင် မပါရှိပါ။ အင်းစောက်ရာဇဝင်လာ လင်္ကာပထမပိုဒ်သည်၊ ငမည်းရာဇဝင်လာ ဒုတိယအပိုဒ်ဖြစ်ပါသည်။

တဖန် ဆရာငမည်း၏ရာဇဝင်တွင်၊ နုရောင်ဆီနှင့် သက်သူဇာတို့ရန်စစ်ဖြစ်ပွားသည်ဟု ဖော်ပြပြီးမှ ၊ ရတုလင်္ကာအပိုဒ်(၂)တွင်"အင်းစောက်ရာဇဝင်လာလင်္ကာအပိုဒ်(၁)ပါအတိုင်း၊"မင်းခေါင်ရာဇာ၊ ပြည်သာတည်ထောင်၊ မြင့်အောင်ရှည်လျား၊ အိုလတ်ငြား၍၊ သားသြရသ၊ တလသောက်ကျူ၊ မင်းမူသည့်ခါ၊ ကျင့်ရာမသင့် . . . .သက်သူဇာတို့၊ ငယ်စွာတညီ၊ နုရောင်ဆီနှင့် ၊ တူပြိုမကွာ"ဟုတလသောက်ကျူမင်းပြုပြီး မတရားကျင့်သဖြင့် သက်သူဇာမင်းသားသည် ၊ ညီဖြစ်သနုရောင်ဆီနှင့် သားမယားတို့ပါမကျန် ထွက်ပြေးလာကြောင်း၊ ရှေ့နောက်မညီဆိုထားပါသည်။ ဤရတုပိုဒ်သည် အင်းစောက်ရာဇဝင်တွင် အပိုဒ်(၁)အဖြစ်ပါဝင်နေရာ၊ သက်သူဇာသည် လင်္ကာအရ၊ နုရောင်ဆီ၏အစ်ကိုဖြစ်နေသဖြင့်၊ နရပတိမင်းကြီးအား နမတော်သက်သူဇာကို ဆက်သသည်ဟူသောအဆိုနှင့် ဆန့်ကျင်နေသဖြင့် အင်းစောက်ရာဇဝင်အတွင်း၌လည်း ရှေ့နောက်မညီညွတ်မှုပါဝင်နေသည်ကို တွေ့ရပါသည်။ နောင်တော်ကြီးတလထောကျူမင်းပြု၍ ရန်စစ်ဖြစ်ပွားကြသည်ဟူသည်ကိုမူ ရတုလင်္ကာကဖော်ပြနေပါသည်။ ရခိုင်ရာဇဝင်များအရ၊ ကုလားပဆာမင်းကြီး"မင်းခေါင်ရောင်(သို့မဟုတ်) မင်းခေါင်ရာဇာ"ကသားတော်ကြီး တလသောကျူကို ထီးနန်းအပ်သဖြင့်၊ နန်းလုပွဲရန်စစ်ဖြစ်ပွားရာ၊ စစ်မနိုင်သော သက်သူဇာ၊ နုရောင်စီနှင့်မိသားစုများအပြင်၊ နမတော်၊ "စမွေပီ"နှင့် ရဲမက်အများအပြား ရခိုင်ပြည်သို့ ထွက်ပြေးရောက်ရှိခဲ့သည်ဟု ကောက်ချက်ချ၍ရပါသည်။ သို့သော် ရခိုင်ရာဇဝင်များအရ'သက်သူဇာ'သည် မင်းသားဖြစ်သည်(သို့မဟုတ်) မင်းသမီးဖြစ်သည်ကိုကား မဆုံးဖြတ်နိုင်ပေ။ ယင်းအပြင်၊ ရာဇဝင်နှစ်စောင်လုံးတွင် ပါဝင်သောည လင်္ကာတစ်ပိုဒ်တွင် "ဘုရားဆုယူ၊ မျှော်တော်မူ၍၊ သက်သူဇာသွေး၊ အထွေးအကြီး၊ မင်းသမီးကို၊ ထံနီးမကွာ၊ စေပါတော်သား၊ မိသံများနှင့်"ဟု လင်္ကာတွင် ပါရှိသောအချက်ကိုထောက်၍၊ ရခိုင်မင်း၏အဖွဲ့အနွဲ့သည်၊ သက်သူဇာ၏နမတော် စမွေပီကိုလည်းကောင်း၊ သက်သူဇာမင်းသမီးကိုလည်းကောင်း၊ ဖွဲ့ဆိုသီကုံးခြင်းမဟုတ်ပဲ၊ သက်သူဇာ၏သမီးတော်မင်းသမီးကို ဖွဲ့နွဲ့သီကုံးမှုသာဖြစ်သည်ဟု ယူဆရပါသည်။

ဆရာကြီးဦးစံသာအောင်က ရှာရှုဂျာအကြောင်းနှင့်ပတ်သက်၍ ရခိုင်ရာဇဝင်တွင် မပီမပြင်ဖြစ်နေသည်။ ရှာရှုဂျာကိုပင် မင်းသမီးဟုထင်မှတ်နေကြသည်။ ရှာရှုဂျာဟူသောအမည် မြန်မာမှုပြုရာတွင် 'သက်သူဇာ' ဟုပြုထားသည်။အမှန်တကယ်မှာ ရှာရှုဂျာသည် မဂိုဘုရင်ရှဂျဟန်၏သားပင်ဖြစ်သည်။ ရခိုင်ရာဇဝင်များတွင် ပါရှိသာရှာရှုဂျာ၏သမီးအလှကို ဖွဲ့ဆိုသည့်ရတုမှာ အလွန်ဖတ်၍ကောင်းပေသည်။ ယင်းရတုတွင်"သက်သူဇာ

သွေး”ဟုရေးပါလျက်၊ ရာဇဝင်ဆရာများမှားယွင်းနေကြသည်ဟု ရေးသားခဲ့ပါသည်။

သက်သူဇာဆိုသည်မှာ မဂိုစစ်ပြေးမင်းသားရှာရှုဂျာဖြစ်ကြောင်းကို ၊အိန္ဒိယ၊ ဘင်္ဂလားရာဇဝင်များနှင့်၊ ခေတ်ပြိုင်မှတ်တမ်းများ၊သမိုင်းပညာရှင်များရေးသားချက်များအရ သိရှိရပြီးဖြစ်ပါသည်။

အိန္ဒိယနိုင်ငံမဂိုအင်ပါယာခေတ်သမိုင်းတလျှောက်လုံးတွင် ခရစ်နှစ် ၁၆၂၇–၁၆၅၈ထိစိုးစံခဲ့သော ရှဂျဟန်ဘုရင်ကြီးလက်ထက်တွင် အကြွယ်ဝဆုံးဖြစ်သည်ဟု သမိုင်းပညာရှင်များမှတ်တမ်းတင်ကြသည်။ ရှဂျဟန်ဘုရင်ကြီးတွင် သားတော်(၄)ပါးရှိပါသည်။ ယင်းသားတော်များ၏အမည်များမှာ “ဒါရာရှီကိုး”၊“ရှာရှုဂျာ”၊“အော်ရန်ဇစ်” နှင့် “မူရတ်ဘတ်”တို့ဖြစ်ကြသည်။ သားတော်(၄)ပါးစလုံးသည် ပြည်နယ်များ၏ဘုရင်ခံများဖြစ်ကြ၍၊ ရှာရှုဂျာမင်းသားမှာ ဩရိသနှင့် ဘင်္ဂလားနယ်၏ဘုရင်ခံဖြစ်ပါသည်။

၁၆၅၇–ခုနှစ်တွင်ရှာဂျဟန်ဘုရင်ကြီး နာမကျန်းဖြစ်သောအခါ ညီနောင်လေးပါးတို့ထီးနန်းလုပွဲဖြစ်ပွားကြသည်။ နန်းလုစစ်ပွဲများတွင် ဒက္ကန်ပြည်နယ်ဘုရင်ခံ အော်ရန်ဇစ်သည်နောင်တော်(၂)ပါးနှင့် ညီတော်ကို စစ်နိုင်ပြီး မဂိုအင်ပါယာရှင် ဖြစ်လာခဲ့လေသည်။ ရှာရှုဂျာသည်၊ မဂိုအင်ပါယာရှင်ဖြစ်ရေးအတွက် အော်ရန်ဇစ်အားအကြိမ်ကြိမ်စစ်ပြုခဲ့သော်လည်း မအောင်မြင်ပဲ၊ ၁၆၅၇–ခုနှစ် ဇန္နဝါရီလတွင်ဘင်္ဂလားသို့တိမ်းရှောင်ခဲ့ရလေသည်။ သူသည်စစ်တကောင်းမှတဆင့် ရခိုင်ပြည်မြောက်ဦးမြို့တော်သို့ရောက်ရှိလာခဲ့သည်ဟု အိန္ဒိယသမိုင်းမှတ်တမ်းများက ဖော်ပြပါသည်။ အော်ရန်စစ်သည် ဗိုလ်ချုပ်ကြီး ဂျမ္မလာအား၊ ရှာရှုဂျာကို ရခိုင်ပိုင်နက်ထိ လိုက်လံဖမ်းဆီးရန် ညွှန်ကြားခဲ့၏။ သို့သော် ဂျမ္မလာရုတ်တရက်ကွယ်လွန်သွားသဖြင့်၊ အော်ရန်ဇစ်သည် မိခင်ဘက်မှ ဦးလေးတော်စပ်သူ“ရှစ္စတာခန်”အား ဘင်္ဂလားပြည်နယ်ဘုရင်ခံအဖြစ်ခန့်အပ်ခဲ့လေသည်။

ရှာရှုဂျာမင်းသား ရခိုင်ပြည်သို့လာရာလမ်းခရီးကို၊ ရေလမ်းခရီးဖြစ်သည်ဟု ဖော်ပြသူများရှိသကဲ့သို့ ကုန်းလမ်းခရီးဖြစ်သည်ဟု ဖော်ပြသူများလည်း ရှိကြပါသည်။ဒတ်ချ်နှင့် အင်္ဂလိပ်ကုန်သည်အချို့၏မှတ်တမ်းများ၊ ဘန်နီယာနှင့်မန်နူစီတို့၏မှတ်တမ်းများ၊ ခါဖိဆန်၏ရေးသားထားချက်များ၊ အဗ္ဗူဆလမ်၏မှတ်တမ်းနှင့် ခေတ်ပြိုင်အင်္ဂလိပ်လူမျိုးတစ်ဦး၏မှတ်တမ်းများအရ ရှာရှုဂျာသည် ဘင်္ဂလားမှ ဒီယင်းဂါးသို့ ရခိုင်ရေတပ်မတော်၏သင်္ဘောဖြင့်ရောက်ရှိခဲ့သည်ဟု ဖော်ပြကြပါသည်။သို့သော် RIYAZ US SALATIN မှတ်တမ်းကိုရေးသားသူ အပါအဝင်၊ ချားလ်စတီးဝပ်၊ ဆလာဆန်ဒိုးနှင့်ခေတ်သမိုင်းဆရာများဖြစ်ကြသည့် အာသာဖေယာနှင့် ဂျီအီးဟာဗီးတို့ကမူ၊ ရှာရှုဂျာသည် ဘင်္ဂလားမှ ၊ အာသံ၊ မဏိပူရဘက်မှ ကြမ်းတမ်းသောလမ်းခရီးကို ဖြတ်သန်း၍ စစ်တကောင်းသို့ရောက်ရှိခဲ့သည်ဟု အတိအကျဆိုကြပြန်ပါသည်။

သက်သူဇာခေါ်ရှာရှုဂျာသည် စစ်တကောင်းတွင် ခရီးတထောက်နားခဲ့သည်ဟူသောအချက်ကို မှတ်တမ်းအားလုံးကဖော်ပြကြပါသည်။ ရှာရှုဂျာသည် ဘင်္ဂလားမှထွက်ခွါလာစဉ်က မြောက်ဦးမြို့တော်သို့အရောက်လာရန် ရည်ရွယ်ချက်မပါရှိခဲ့ဟု ယူဆရပါသည်။ မဂိုအင်ပါယာကို ပြန်လည်တိုက်ခိုက်ရန် စစ်တကောင်းအား စစ်အခြေခံစခန်းအဖြစ်တည်ဆောက်ရန်နှင့် ယင်းသို့မအောင်မြင်ပါက အာရပ်သို့ စစ်တကောင်းမှ သင်္ဘောဖြင့် ခရီးဆက်ရန်ဖြစ်ပါသည်။ ဒေါက်တာကနန်ဂိုကမူ စစ်တကောင်းဒေသသည် စစ်အခြေခံနယ်မြေတည်ဆောက်ရန် မသင့်တော်ခြင်း၊ စစ်တကောင်းတွင် မဂိုစစ်တပ်၏အန္တရာယ်ကိုစိုးရိမ်ရခြင်း၊ စစ်တကောင်းသို့ရောက်ရှိချိန်သည် မုတ်သုန်မိုးဦးဖြစ်၍၊ မုတ်သုန်နှင့်ဆိုင်ကလုန်လေတို့ကြောင့် အာရပ်သို့သင်္ဘောမထွက်နိုင်သေးခြင်းတို့ကြောင့်၊ စစ်တကောင်းတွင်ကြာရှည်မနေခဲ့ပဲ မြောက်ဦးသို့ ခရီးဆက်ခဲ့သည်ဟုဆိုပါသည်။

ဥရောပခရီးသွားများ၏မှတ်တမ်းများအရ၊ ယင်းခေတ်က စစ်တကောင်းမှ မြောက်ဦးသို့သွားရန် အများအားဖြင့် အသုံးပြုနေကြသည့်လမ်းမကြီးတစ်ခုရှိခဲ့ကြောင်း သိရပါသည်။ ကနာဖူလီမြစ်ကမ်းမှ လူများက ယင်းလမ်းကို ရှာရှုဂျာလမ်းဟုခေါ်ကြပါသည်။ယင်းလမ်းသည် “ဆာကာနီးယား”အနီးတွင် ရခိုင်လမ်းမကြီးနှင့်ဆုံသည်။ ရဲနယ်လ်၏ ၁၇၈၃–ခုနှစ်ကရေးဆွဲခဲ့သောမြေပုံစာအုပ်တွင် ဤလမ်းဆုံမှရာမူးသို့သွားသောလမ်းတခုပါရှိသည်။ သူဖော်ပြခဲ့သောလမ်းမှာ ယခုအခါ စစ်တကောင်းမှ ကော့ပဇားသို့သွားသောလမ်းမကြီးနေရာနှင့် ကိုက်ညီနေပါသည်။ မည်သို့ပင်ဖြစ်စေ၊ ရှာရှုဂျာနှင့် နောက်ပါများသည် စစ်တကောင်းမှမြောက်ဦးသို့ကုန်းလမ်းခရီးဖြင့် လာခဲ့ကြသည်ဟု မှတ်တမ်းအားလုံးကို ကိုးကား၍သိရပါသည်။ ရှာရှုဂျာနှင့် နောက်ပါများသည် မြောက်ဦးမြို့

တော်သို့၊ ခရစ်နှစ် ၁၆၆၀–ခုနှစ်၊ ဩဂုတ်လ ၂၆ရက်နေ့တွင် ရောက်ရှိခဲ့ကြပါသည်။

ထို့ကြောင့် မြောက်ဦးနန်းတွင် ခရစ်–၁၆၅၂–၁၆၇၄ထိစိုးစံခဲ့သော စန္ဒသုဓမ္မရာဇာမင်းကြီးလက်ထက်တော်တွင် ရှာရှုဂျာသည် နောက်ပါများနှင့်အတူ မြောက်ဦးသို့ရောက်ရှိခဲ့သည်ဆိုသော ဆရာငမည်း၏ရာဇဝင်သည် အမှန်ပင်ဖြစ်နေပါသည်။

စစ်တကောင်းဒေသကျေးလက်တေးတစ်ပုဒ်တွင် ရှာရှုဂျာမြောက်ဦးမြို့တော်သို့ ထွက်ခွါလာရာတွင် ဇနီးဖြစ်သူ "ပါရီဘန်နူး"နှင့်သမီးနှစ်ဦးပါလာခဲ့သည်ဟု ဖော်ပြထားပါသည်။ မစ္စတာဆီဒစ်ခန်က ရှာရှုဂျာတွင် 'ဂုလ်ရုခ်ဘန်နူး'၊'ရောရှန်အာရ်ဘီဂန်'၊'အမီနာဘန်နူး'ဟူ၍ သမီးသုံးဦးအနက်၊ သမီးတော်အကြီး 'ဂုလ်ရုခ်ဘန်နူး'သည် ရခိုင်သို့လာရာတွင် မပါဝင်ခဲ့ဟုဆိုပါသည်။ ခေတ်ပြိုင်ရခိုင်မှတ်တမ်းတစ်စောင်ကို ကိုးကား၍ ၁၉၆၆–ခု၊ ပါကစ္စတန်အာရှတော်ဝင်အသင်းဂျာနယ်အတွဲ–၆တွင်၊ မစ္စတာဆီဒစ်ခန်ရေးသားခဲ့သည့်အတိုင်းဆိုလျှင် ရှာရှုဂျာမြောက်ဦးသို့လာရာတွင် 'ဆာဗေဘီ' အမည်ရှိနှမတော်တစ်ဦးလည်း ပါရှိခဲ့သည်ဟု ယူဆရပါသည်။ဤမင်းသမီးသည် ဆရာငမည်းရာဇဝင်တွင် ဖော်ပြထားသည့်၊ ရှာရှုဂျာက စန္ဒသုဓမ္မရာဇာမင်းအားဆက်သသည်ဆိုသော သက်သူဇာမင်းသား၏နှမတော် 'စမွေပီ'မှ တခြားမဖြစ်နိုင်ပေ။

အဗ္ဗဒူဆလမ်က ရှာရှုဂျာ၏သားတော်(၃)ဦးအမည်တို့ကို 'ဇာအင်ဥဒင်'၊ 'ဘူလန်အက္ခတာ'နှင့် 'ဇာနီယယ်အာဘက်ဒင်'ဟုဖော်ပြခဲ့သော်လည်း သူတို့သည် မြောက်ဦးမြို့တော်သို့ ပါလာသည်မပါလာသည်ကို မဖော်ပြခဲ့ပေ။ 'ဘန်နီယာ' 'မန်နူဆီ' 'ဘောဝရီး' တို့ကမူ "စူလ်တန်ဘန်း"ဟူသော သားတစ်ဦးပါလာသည်ဟုဆိုပါသည်။ မြောက်ဦးမြို့နေဒတ်ချ်ကုန်သွယ်ရေးကိုယ်စားလည် ဖူးဘာစ့်ကမူ၊ရှာရှုဂျာနှင့် အတူပါလာသောသားတော်၏အမည်ကို 'ဘွန်စူလ်တန်'ဟု ဖော်ပြခဲ့ပါသည်။ မစ္စတာအလာဆန်ဒိုးနှင့် မစ္စတာဘီးလ်တို့၏ဖော်ပြချက်တွင်ရှာရှုဂျာ၌ 'ပီးယာရီဘန်နူး'ခေါ် ဒုတိယမယားတစ်ဦးရှိသေးသည်ဟု တွေ့ရပါသည်။

သမိုင်းမှတ်တမ်းများကို နှိုင်းယှဉ်ကြည့်လျှင် ရခိုင်ရာဇဝင်များတွင် လာရှိသောမင်းခေါင်းရောင်(ဝါ) မင်းခေါင်ရာဇာဆိုသူမှာမဂိုအင်ပါယာရှင်၊ 'ရှဂျဟန်'ဘုရင်ကြီးကို ဆိုလိုခြင်းဖြစ်ကြောင်းတွေ့ရသည်။သားတော်ကြီး အိမ်ရှေ့မင်းတလသောကျူဆိုသည်မှာ ရှဂျဟန်၏အကြီးဆုံးသားတော် ပန်ဂျပ်နှင့်ကာဗူးနယ်ဘုရင်ခံဖြစ်သော 'ဒါရာရှီကိုး'ကိုဆိုလိုရင်းဖြစ်ပါသည်။ သက်သူဇာမင်းသားနှင့် ထီးနန်းလုပွဲစစ်ဖြစ်ခဲ့သော ရခိုင်ရာဇဝင်တွင် ဖော်ပြသော ညီတော်'နရောင်ဆီ'ဆိုသည်မှာ အိန္ဒိယသမိုင်းမှတ်တမ်းများတွင် ဖော်ပြသည်၊ နောင်တော်နှစ်ပါးနှင့် ညီတော်တစ်ပါးကို စစ်အောင်နိုင်၍၊ ဒါကိုရှီကိုးလက်မှ ထီးနန်းသိမ်းပိုက်ကာ မဂိုအင်ပါယာရှင်ဖြစ်လာခဲ့သည့်"အော်ရန်ဇစ်"ကိုဆိုလိုခြင်းဖြစ်ပါသည်။ ညီတော်အငယ်ဆုံးဖြစ်သော မူရတ်ဘက်မှာ အော်ရန်ဇစ်၏ဖမ်းဆီးခြင်းကိုခံလိုက်ရသည်ဟု အိန္ဒိယသမိုင်းမှတ်တမ်းများကဆိုပေရာ၊ ရှာရှုဂျာနှင့်အတူ ညီတော်တစ်ဦးတယောက်မျှ မြောက်ဦးမြို့တော်သို့ပါလာနိုင်ဘွယ်မရှိပါ။

သမိုင်းမှတ်တမ်းများကို ညှိနှိုင်း၍၊ ရှာရှုဂျာနှင့်အတူမြောက်ဦးမြို့တော်သို့ရောက်ရှိလာသူများကို ရှာဖွေသောအခါ၊ ရှာရှုဂျာ၏ပထမဇနီး၊ 'ပါရီဘန်နူး'၊ ဒုတိယသမီး'ရောရှန်အာရ်ဘီဂန်'၊ တတိယသမီး 'အမီနာဘန်နူး'၊ နှမတော် 'ဆာဗေဘီ'နှင့် အမည်မဖော်ပြနိုင်သော သားတော်နှစ်ပါးတို့ကို တွေ့ရပါသည်။

စန္ဒသုဓမ္မရာဇာသည် ရှာရှုဂျာ၏နှမတော် 'ဆာဗေဘီ(ဝါ) စမွေပီ"ကို သိမ်းပိုက်ပြီး ရှာရှုဂျာ၏စစ်ကူတောင်းမှုကြောင့် မဂိုစစ်တပ်ကိုတိုက်ခိုက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ဂျီအီးဟာဗီး၏ရေးသားချက်အရမူ၊ စန္ဒသုဓမ္မရာဇာသည် ရှာရှုဂျာအား၊ အာရပ်သို့သွားရန်သင်္ဘောစီစဉ်ပေးမည်ဟု ကတိပြုခဲ့ပြီး၊ ရှစ်လကြာသည့်တိုင်စီမံမပေးခဲ့သဖြင့် ရှာရှုဂျာမကြေနပ်ဖြစ်ခဲ့ရကြောင်း၊ စန္ဒသုဓမ္မရာဇာသည် ရှာရှုဂျာ၏သမီးတော်အကြီးကိုဆက်သရန် တောင်းခံခဲ့ကြောင်း သိရပါသည်။ ရခိုင်သို့ရောက်ရှိလာရာတွင်ပါလာသော သမီးတော်ဆိုသည်မှာ ရှာရှုဂျာ၏ သမီးတော်'ရောရှန်အာရ်ဘီဂန်'ကိုဆိုလိုခြင်းဖြစ်ပါသည်။

ရာဇဝင်လင်္ကာများတွင်ပါရှိသော "သက်သူဇာသွေး"ဟူသောစကားကိုထောက်၍ ဦးစံသာအောင်က ရှာရှုဂျာ၏သမီးကိုရေးဖွဲ့ခြင်းဖြစ်သည်ဟုဆိုသဖြင့် ရှာရှုဂျာ၏နှမတော် စမွေပီကိုရေးဖွဲ့ခြင်းမဟုတ်ပဲ၊ သမီးတော်'ရောရှန်အာရ်ဘီဂန်'ကို ရေးဖွဲ့ခြင်းဖြစ်ရပေမည်။ ရှာရှုဂျာကသမီးတော်ကို မဆက်သသဖြင့်၊ စန္ဒသုဓမ္မ

ရာဇာသည် 'ရောရှန်အာရ်ဘီဂန်'နှင့်'အမီနာဘန်နူး'သမီးတော်နှစ်ပါးစလုံးကို သိမ်းပိုက်တော်မူ၍၊ မောင်းမမိသံများဖြင့် မြောက်စားတော်မူကြောင်းကို "သက်သူဇာသွေး၊ အထွေးအကြီး၊မင်းသမီးကို ၊ ထံနီးမကွာ၊ စေပါဘက်သား၊ မိသံများနှင့်" ဟူသောရတုလင်္ကာက ဖေါ်ပြနေပါသည်။ ဤအချက်များကို ထောက်၍ စန္ဒသုဓမ္မရာဇာသည် မင်းသမီး 'စမွေပီ'ထက်၊ 'မင်းသမီးရောရှန်အာရ်ဘီဂန်'ကို ပိုမို၍နှစ်သက်မြတ်နိုးတော်မူသည်ဟု ယူဆရပါသည်။

ရှာရှုဂျာ၏နှမတော် 'စမွေပီ'၊ သမီးတော် 'ရောရှန်အာရ်ဘီဂန်'နှင့် သမီးထွေး 'အမီနာဘန်နူး'ဤသုံးဦးအနက်တွင် စန္ဒသုဓမ္မရာဇာမင်းကြီး ချစ်ကြင်မြတ်နိုးတော်မူခဲ့သည်ကား မင်းသမီး'ရောရှန်အာရ်ဘီဂန်'ပင်ဖြစ်ပါသည်။

မဂိုမင်းသမီး'ရောရှန်အာရ်ဘီဂန်'၏အလှကို တစိမ့်စိမ့်ကြည့်ရှု့ယင်း၊ နှလုံးသားမှပေါက်ပွားလာသော မေတ္တာဖြင့်၊ စန္ဒသုဓမ္မရာဇာမင်းသည်၊ မင်းသမီး၏အလှကို ရတုလင်္ကာဖြင့်မှတ်တမ်းပြုခဲ့ပေသည်။ မဂိုမင်းသမီးရောရှန်အာရ်ဘီဂန်၏အလှကိုဖွဲ့ဆိုသော

ပလ္လှမ်းထင်၍၊ ထိပ်ပြင်ဦးစွန်း၊ လရောင်ထွန်းသို့၊ တို့ကျွန်းအားလုံး၊ ကိုယ်ရောင်ဖုံးသည်၊ တင့်ဆုံးဝင်းပြောင်၊လှထွတ်ခေါင်မူ၊ ဖြူရောင်ပြာထွား၊ ရွှေအသားနှင့်၊ မြလားစိန်သွယ်၊ လကိုယ်နယ်သို့၊ ကြင်ဖွယ်လှတင့်၊ ခြောက်ပြစ်လွင့်၍၊ လှချင့်အရည်၊ ခြောက်ထပ်ပြည်လည်း၊ရှိမည်မထင်၊ မြင်လျှင်ကိုယ်လုံး၊ သက်ဆုံးတိမ်းမတ်၊ ခန္တာပြတ်လိမ့်၊ နတ်လည်းမတူ၊ လူလည်းမက၊ ဘယ်ဒါနကြောင့်၊ အလှသို့စင်လွန်သနည်း။

ညဥ့်မှောင်တွင်း၌၊ အပြင်ဆယ့်လေး၊ ဝင်းရောင်ပြေသား၊ ငယ်သွေးရှိန်းရှိန်း၊ ဆင်မြစိမ်းကို၊ ခပ်သိမ်းရှင်လူ၊ နှလုံးမူလိမ့်၊ မဥ္စူပန်းမြတ်၊ပွင့်ရောင်လွှတ်သို့၊ မိပြတ်ပြာစင်၊ သက်လုံးကျင်မျှ၊ ဥဒကုံရ၊ တွင်မှုသညာ၊ မြဂေါယာနှင့်၊ ပြဗ္ဗာရပ်တောင်၊ တောင်ညာဇမ္ဗူ၊ ကျွန်းလေးဆူတွင်၊ ရှင်လူပြိုင်ဘက်၊ ရမည်ခက်၏၊ ပြိုးပျက်ရောင်သွယ်၊ သော်တာနှယ်သို့၊ နှိုင်းဆွယ်မလျော်၊ အစုပေါ်တွင်၊ သက္ကော်ဒေဝ၊ နှုတ်ကပြတ်ပြတ်၊ သံချို လွှတ်သည်၊ ဘယ်နတ်သင့်ကိုဖန်သနည်း။

လှစံတင့်၍၊ ကေသျှင့်မြနှစ်၊ ထုံးကျစ်လျစ်နှင့်၊ ရေသစ်မွှမ်းဖျင်း၊ မြူတေဝင်းမျှ၊ အဆင်းရွှေရောင်၊ ခန်းလုံးပြောင်သား၊ တန်ဆောင်အတူ၊ ထွားပြာဖြူလျှင်၊ မိုးသူနတ်ရပ်၊ နှိုင်းမစပ်သည့်၊ ခြောက်ထပ်တံခွန်၊လှတင့်ဟန်နှင့်၊ ယုဂန်ထိပ်ဖျား၊ ဘယ်သိကြားသည်၊ မှတ်သားနောင်ဖို့ရန်သနည်း။

ဟူသောအလှဘွဲ့ရတုလင်္ကာများသည် မဂိုမင်းသမီး၏အလှအပကို ဖော်ပြနိုင်စွမ်းရှိပြီလျှင်၊ ဂုဏ်အလင်္ကာရသတို့နှင့်ပြည့်စုံသော၊ စန္ဒသုဓမ္မရာဇာမင်း၏၊ ဂန္တဝင်မြောက်သောအဖွဲ့အနွဲ့ဖြစ်ကြောင်း၊ မြန်မာစာပေသမိုင်းတွင် မှတ်တမ်းတင်သင့်လှပေသည်။


ရည်ညွှန်းကိုးကားသောကျမ်းများ

(၁) ရခိုင်ရာဇဝင် — ဆရာငမည်း(စစ်တွေမြို့ကြားကျောင်းပေမူ)

(၂) အင်းစောက်ရာဇဝင် — သုတေသီပညာစာရမူ(မဟာမုနိဓမ္မရက္ခိတကျောင်း၊ စစ်တွေမြို့)

(၃) ရခိုင်ရာဇဝင်သစ်(ဒု–တွဲ) — ရှင်စန္ဒမာလာလင်္ကာရ(ဒု–ကြိမ်–၁၉၉၇၊ ရန်ကုန်)

(၄) ရခိုင်ဒင်္ဂါးများ — ဦးစံသာအောင်(၁၉၇၉–ရန်ကုန်)

(၅) The Story of Indo-Pakistan by S.F. Mahmud ( Karachi , 1966, P-152, 154, 157)

(၆) A History of Chittagong by S.B. Qanungo. (Chittagong, 1988, P 300 to 360)

(၇) History of Burma by G.E Harvey (London, 1925, P-147-148)

(၈) A History of South East Asia by D.G.E. Hall (London, 1968 အုန်းမောင်(ပြန်)စာ–၁၄၀၊၁၄၁၊ ၁

# ရှာရှုဂျာ၏ ရခိုင်ပြည်ခရီး

ရခိုင်ရာဇဝင်ကို အတော်အသင့်လေ့လာဖူးသူတိုင်း 'ရှာရှုဂျာ' သိကြပါသည်။ ရခိုင်ရာဇဝင်များတွင် ရှာရှုဂျာအား 'သက်သူဇာ'ဟု ဖော်ပြလေ့ရှိပါသည်။ အချို့ရာဇဝင်များက 'သက်သူဇာမင်းသမီး'ဟုပင်ဖော်ပြကြပါသည်။ သက်သူဇာမင်းသမီး၏အလှကိုဖွဲ့ဆိုသော လင်္ကာများလည်း ထင်ရှားပါသည်။သို့သော်သမိုင်းပညာရှင်များ၏လေ့လာချက်အရသက်သူဇာဆိုသည်မှာမင်းသမီးမဟုတ်ပဲမြောက်ဦးခေတ်စန္ဒသုဓမ္မရာဇမင်းကြီးလက်ထက်၌ ရခိုင်ပြည်သို့ရောက်ရှိလာသော မဂိုအင်ပါယာမှ စစ်ပြေးမင်းသားတစ်ဦးဖြစ်ကြောင်းသိလာကြရပါသည်။ သူသည် ၁၆၅၉ခုနှစ် ဇန္နဝါရီလတွင် အိန္ဒိယနိုင်ငံ 'ခတ်ဂျဝါး'အရပ်၌ ဖြစ်ပွားသောစစ်ပွဲ၌ရှုံးနိမ့်ပြီး အရှေ့ဘင်္ဂလားမှတဆင့်ထွက်ပြေးခိုလှုံလာသူဖြစ်ပါသည်။ မြောက်ဦးမြို့တော်တွင် စန္ဒသုဓမ္မမင်းနန်းစံသော ၁၆၅၂မှ ၁၆၇၄ အတွင်း ရခိုင်ပြည်သို့ပြည်ပမှ စစ်ပြေးနှစ်ဦးရောက်ရှိခဲ့ဖူးပါသည်။ ရှာရှုဂျာအပြင် အခြားစစ်ပြေးတစ်ဦးမှာ တြိပူရပြည့်ရှင်ဘုရင် 'ဂိုဗင်ဒါမင်နိကျ'ဖြစ်ပါသည်။ သူသည် ထီးနန်းလုခံရပြီး ဖမ်းဆီးရန်လိုက်ခံရသဖြင့် ညီဖြစ်သူနှင့်အတူ စစ်တကောင်းမှတဆင့် မြောက်ဦးမြို့တော်သို့ ရှောင်တိမ်းလာခဲ့သူဖြစ်ပါသည်။ သူသည် နောက်ပိုင်းတွင် တြိပူရပြည်သို့ပြန်ခွင့်ရပြီး ဘုရင်အဖြစ်ပြန်လည်စိုးစံခဲ့ရပါသည်။ မြောက်ဦးမြို့တော်သို့ ရှာရှုဂျာလာခဲ့သည့်ခရီးလမ်းနှင့်ပတ်သက်၍ ယနေ့တိုင်မည်သူတစ်ဦးတစ်ယောက်မျှ အတိအကျမပြောနိုင်ပေ။ သမိုင်းမှတ်တမ်းအသီးသီးတို့က အမျိုးမျိုးဖော်ပြထားကြပါသည်။ ဤတွင်မြောက်ဦးမြို့တော်သို့ရှာရှုဂျာရောက်ရှိလာပုံသမိုင်းမှတ်တမ်းအဆိုများကို မဖော်ပြမီ ရှာရှုဂျာ၏နောက်ကြောင်းရာဇဝင်ကို အနည်းငယ်ဖော်ပြပါမည်။

အိန္ဒိယနိုင်ငံသမိုင်းတွင် မဂိုတို့အုပ်စိုးခဲ့သောကာလတစ်လျှောက်၌ အေဒီ၁၆၂၇မှ ၁၆၅၈ထိအုပ်စိုးခဲ့သော ရှာဂျဟန်ဘုရင်ကြီးလက်ထက်ကာလသည် အကြွယ်ဝဆုံးဖြစ်ပါသည်။ သူသည်အိန္ဒိယပြည်တွင် ထင်ရှားသောအဆောက်အဦးများစွာကို တည်ဆောက်ထားခဲ့သည်။ ကမ္ဘာကျော်တပ်ချ်မဟာအဆောက်အဦးကြီးမှာ ရှာဂျဟန်ဘုရင်ကြီးက မိမိ၏ချစ်လှစွာသောမိဖုရား'မန်တပ်ဇ်မဟာ'အား သင်္ဂြိုဟ်သောဂူကို လွှမ်းခြုံ၍တည်ဆောက်ခဲ့သောအဆောက်အဦးကြီးဖြစ်ပါသည်။

ရှာဂျဟန်ဘုရင်ကြီးတွင် သားတော်(၄)ပါးရှိသည်။ အေဒီ ၁၆၅၇ခုနှစ်၌ ရှာဂျဟန်ဘုရင်ကြီးသက်တော်(၇၀)ပြည့်သောအခါ သားတော်ကြီး'ဒါရာရှီကိုး'မှာ (၄၃)နှစ်၊ ဒုတိယသားတော်'ရှာရှုဂျာ'မှာ (၃၉)နှစ်၊ အငယ်ဆုံးသားတော် 'မူရတ်ဘတ်'မှာ (၃၃)နှစ်အသီးသီးဖြစ်ကြသည်။ သားတော်ကြီးဒါရာရှီကိုးမှာ ပန်ဂျပ်နှင့် ကာဘူးနယ်ဘုရင်ခံဖြစ်သော်လည်း၊ ဖခင်ဘုရင်ကြီးနှင့်တိုင်းရေးပြည်ရေးဆောင်ရွက်ရင်း ဒေလီတွင်အနေများသည်။ သူသည်ပညာတတ်ပြီး ဘာသာရေးကိုင်းရှိုင်းသော်လည်း မာနခက်ထန်၍ နှုတ်ကြမ်းလျှာကြမ်းပြောဆိုတတ်သူဖြစ်သည်။ ရှာရှုဂျာမှာ ဘင်္ဂလား၊ ဩရိသ၊မူရတ်နယ်များ၏ဘုရင်ခံဖြစ်သည်။ သဘောကောင်း၍ ရဲရင့်သော်လည်း စည်းစိမ်ဥစ္စာအလွန်မက်မောသူဖြစ်သည်။ အော်ရန်ဇစ်မှာ ဒက္ကန်ပြည်ဘုရင်ခံဖြစ်၍ လိမ္မာပါးနပ်သည်။ ရဲရင့်၍စွမ်းရည်သတ္တိရှိသူဖြစ်သည်။ အငယ်ဆုံးသားတော်မူရတ်ဘတ်မှာ သောက်စားမူးယစ်ခြင်းကိုခုံမင်သော မိုက်ရူးရဲဖြစ်သည်။ သူတို့(၄)ဦးစလုံးသည် အရိုက်ရာကိုမျှော်မှန်းထားကြသူများဖြစ်ကြသည်။

အေဒီ ၁၆၅၇တွင် ရှာဂျဟန်ဘုရင်ကြီး အပြင်းအထန်နာမကျန်းဖြစ်သည်။ အခြေအနေကိုရိပ်မိသည်နှင့် သားတော်ကြီး ဒါရာရှီကိုးသည် ဒေလီနန်းတော်ကိုသိမ်းပိုက်သည်။ တစ်ချိန်တည်းမှာပင် ရှာရှုဂျာသည် ရာ့ဂျ်မဟာတွင် ထီးနန်းတက်၍ မိမိအမည်ဖြင့် ဒင်္ဂါးသွန်းထုတ်ဝေလေသည်။ ညီအငယ်ဆုံးမူရတ်ဘတ်ကလည်းမိမိပိုင်နယ်မြေကို လွတ်လပ်သောနယ်မြေအဖြစ် ကြေငြာကာ ဒင်္ဂါးသွန်းလုပ်သည်။ အော်ရန်ဇစ်ကမူ တစ်စုံတစ်ရာ မလှုပ်ရှားပဲ ဒက္ကန်ပြည်နယ်မှ ငြိမ်သက်စွာစောင့်ကြည့်နေခဲ့သည်။

ရှာရှုဂျာသည် မိမိ၏စစ်တပ်ဖြင့် ဒေလီကိုသိမ်းပိုက်ရန်ချီတက်ခဲ့သော်လည်း ဒါရာချီကိုး၏သား သူလီမန်ရှီကိုးဦးစီးသော ဒေလီစစ်တပ်၏နှိမ်နင်းမှုကို ခံရသည်။ နောက်ပိုင်းတွင် ဒါရာချီကိုးသည်လည်း အော်ရန်ဇစ်နှင့်မူရတ်ဘတ်တပ်များ၏ နှိမ်နင်းမှုကိုခံရသည်။ ယင်းနောက်မူရတ်ဘတ်သည် နောင်တော်အော်ရန်ဇစ်အား ပုန်ကန်

ခြားနားသော်လည်း အော်ရန်ဇစ်ကနိုမ်နင်းပြီး မူရတ်ဘတ်အားဖမ်းဆီးလိုက်လေသည်။ ထိုအခါ အော်ရန်ဇစ်သည် မဂိုအင်ပါယာ၏ဧကရာဇ်အဖြစ် ရောက်ရှိခဲ့လေသည်။

ရှာရှူဂျာသည် နောက်တစ်ကြိမ်အင်အားစုစည်း၍ အော်ရန်ဇစ်အားတိုက်ခိုက်ပြန်ရာ ၁၆၉၇ ဇန္နဝါရီလတွင် စစ်ရှုံးပြီး ဘင်္ဂလားသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုမှတဆင့် မြောက်ဦးမြို့တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။အော်ရန်ဇစ်သည် စစ်ဗိုလ်ချုပ်ကြီး ဂျမ္မလာအား ရှာရှူဂျာကို လိုက်လံဖမ်းဆီးရန် ဖြစ်နိုင်လျှင် ရခိုင်ပိုင်နက်အထိဝင်၍ ဖမ်းဆီးရန်ညွှန်ကြားထားခဲ့လေသည်။ ဂျမ္မလာသည် ရခိုင်ပိုင်အရှေ့ဘင်္ဂလားနှင့် ရခိုင်နယ်မြေထဲအထိဝင်ရောက်တိုက်ခိုက်ရန် စီမံချက်ရှိသော်လည်း ဂျမ္မလာရုတ်တရက်ကွယ်လွန်သွားသဖြင့် စီမံချက်အကောင်အထည်မပေါ်ခဲ့ပေ။ ဂျမ္မလာကွယ်လွန်သောအခါ မဂိုဧကရာဇ်အော်ရန်ဇစ်သည် သူ၏မိခင်ဘက်မှ ဦးလေးတော်စပ်သူ 'ရှစ္စတာခန်'အား ဘင်္ဂလားနယ်၏ဘုရင်ခံအဖြစ် ခန့်အပ်ခဲ့လေသည်။

ရှာရှူဂျာသည် ဘင်္ဂလားမှမြောက်ဦးမြို့တော်သို့ မည်သို့မည်ပုံရောက်ရှိလာခဲ့သည်ကို မည်သူမျှ ကျေနပ်အောင် ဖော်မပြနိုင်ကြသော်လည်း ခေတ်ပြိုင်မှတ်တမ်းများကမူ ဒါဂါမှ သင်္ဘောဖြင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြကြပါသည်။ အဗ္ဗဒူဆလမ်းအလိုအားဖြင့်ရှာရှူဂျာနှင့်နောက်လိုက်များသည် ဒါဂါမှစတင်ထွက်ခွါခဲ့ပြီး နောက်လမ်းခရီး၌ တစ်နေ့တွင် ရခိုင်ပေါ်တူဂီစစ်သင်္ဘောများနှင့်တွေ့ရ၏။ ယင်းစစ်သင်္ဘောများမှာ ရခိုင်ဘုရင်စစ်တကောင်းစားအား ရှာရှူဂျာနှင့် နောက်လိုက်များကို ကူညီခေါ်ဆောင်ရန်စေလွှတ်ခိုင်း၍ စစ်တကောင်းစားက စေလွှတ်လိုက်သော စစ်သင်္ဘောများဖြစ်ကြောင်း ရေးသားထားခဲ့၏။ ခါပီခန်ကမူ ရှာရှူဂျာသည် သင်္ဘောနှစ်စင်းဖြင့် ကိုယ်ပိုင်ပစ္စည်းများ၊ အခြားသောရွှေငွေကျောက်သံပတ္တမြားတို့ကို သယ်ဆောင်ခဲ့သည်ဟု ဆိုပါသည်။ ဘန်နီယာနှင့်မန်နုစီတို့ကမူ ရှာရှုဂျာတို့အားပေါ်တူဂီများလှော်ခတ်သည့် သင်္ဘောဖြင့် တင်ဆောင်ခဲ့သည်ဟု ရေးသားထားခဲ့ကြပါသည်။ မန်နုစီက ရှာရှူဂျာတွင်ပါသည့် ရတနာပစ္စည်းများကို ရခိုင်ပိုင်စစ်တကောင်းကမ်းခြေတလျှောက်တွင် ပေါ်တူဂီဓပြများကြီးစိုးနေချိန်ဖြစ်ပေရာ မန်နုစီ၏ရေးသားချက်မှာ အတော်ပင်ယုတ္တိတန်နေပေသည်။ ခေတ်ပြိုင်အင်္ဂလိပ်ကုန်သည် တစ်ဦး၏မှတ်တမ်းတွင်မူ ရှာရှုဂျာသည် ဩဂုတ်လကုန်လောက်တွင် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီးနောက် ရခိုင်ဘုရင်၏နယ်ခြားတပ်စခန်းတစ်ခုသို့ ရောက်လာခဲ့သည်ဟုဆိုသည်။ ယင်းစခန်းမှာ ဒီယင်းဂါးသို့မဟုတ် စစ်တကောင်းပင်ဖြစ်ပေမည်။ ဒတ်ချ်နှင့် အင်္ဂလိပ်ကုန်သည်အချို့၏ မှတ်တမ်းများတွင်မူ ရှာရှုဂျာအား ဘင်္ဂလားမှဒီယင်းဂါးသို့ ရခိုင်ဘုရင်၏ရေတပ်မတော်မှ သင်္ဘောဖြင့်တင်ဆောင်ခဲ့သည်ဟု အတိအလင်းရေးသားထားခဲ့ကြပါသည်။

သို့သော်ဖြစ်နိုင်ဖွယ်ရှိသောအခြားတစ်ချက်မှာ ရှာရှုဂျာနှင့်နောက်လိုက်များသည်။အာသံစစ်တကောင်းဒေသဘက်မှတောတောင်များကိုဖြတ်ကျော်၍ ကုန်းလမ်းခရီးဖြင့်တိမ်းရှောင်လာခဲ့သည်ဟူသော ဖော်ပြချက်ဖြစ်ပါသည်။ RIYAZ US SALATINစာအုပ်ရေးသားသူက စူလ်တန်ရှာရှူဂျာနှင့်နောက်လိုက်များသည်အာသံသို့ ကုန်းလမ်းခရီးဖြင့် တိမ်းရှောင်ခဲ့ကြပြီး၊ ယင်းမှတဆင့် ရခိုင်ပြည်သို့ခရီးဆက်ကြခြင်းဖြစ်သည်ဟုဆိုပါသည်။ ချားလ်စတီးဝပ်ကလည်း သူတို့သည် အာသံပြည်မှာ ကြမ်းတမ်းခက်ထန်လှသော တောင်ကုန်းတောင်တန်းများကိုဖြတ်ကျော်ပြီး ငြီးငွေ့ဖွယ်ကောင်းလှသော ခရီးရှည်ကြီးကိုဖြတ်သန်းခဲ့ပြီးနောက် စစ်တကောင်းသို့ဆိုက်ရောက်ခဲ့သည်ဟုဆိုပါသည်။ အလာဇန်ဒိုးကလည်း ရှာရှူဂျာနှင့်နောက်လိုက်များသည် အာသံပြည်မှကြမ်းတမ်းခက်ထန်လှသော တောတောင်များကို မိုင်(၅၀၀)ခန့် လှည့်ပတ်ကျော်ဖြတ်ပြီးနောက်ပါအနည်းငယ်ဖြင့်သာ ပြည်ရခိုင်သို့ ရောက်ရှိခဲ့တော့သည်ဟုရေးသားထားပါသည်။ ဤအချက်ကို ဖေယာနှင့်ဟာဖေးတို့ကဲ့သို့သော ပုဂ္ဂိုလ်များကလည်း ထောက်ခံထားပေသည်။

ရှာရှူဂျာသည် စစ်တကောင်းတွင် စခန်းတစ်ထောက်နား၍နေထိုင်ခဲ့သေးသည်ဟူသောအချက်နှင့် ပတ်သက်၍မူ မှတ်တမ်းအားလုံးတစ်သံတည်း ထွက်ဆိုကြပါသည်။ သို့သော်ရှာရှူဂျာသည် စစ်တကောင်းတွင် မည်မျှကြာကြာနေထိုင်ခဲ့သည်၊ မည်သို့လှုပ်ရှားခဲ့သည်၊ မည်သည့်အကြံအစည်နှင့် အစီအမံများချမှတ်ခဲ့သည်ဟူသောအချက်များနှင့်ပတ်သက်၍မူ အထောက်အထားမရှိသလောက် ရှားပါးလှ၏။ အဗ္ဗဒူဆလမ်က သူတို့သည် ရခိုင်နယ်စပ်စခန်းသို့ရောက်ရှိပြီးနောက် ခက်ထန်ကြမ်းတမ်းသောခရီးကို ဖြတ်သန်းခဲ့ရသေးသည်ဟူသော

အချက်မှတပါး စစ်တကောင်းတွင် နေထိုင်ခဲ့မှုအခြေအနေများကို မဖော်ပြခဲ့ပေ။

၁၆၆၁ခုနှစ်က မြောက်ဦးမြို့တွင်နေထိုင်ခဲ့သော ဒတ်ချ်အရှေ့အိန္ဒိယကုန်သွယ်ရေးကိုယ်စားလှယ်လီဖူးဆာ့ခ်ကရေးပို့လိုက်သော စာရှည်(၃)စောင်တွင် သူသည်ဟိုတစ်စသည်တစ်စကောက်ယူရရှိသည့် အကြောင်းအရာများကိုဖော်ပြရာတွင် ရှာရှူဂျာအား ဘင်္ဂလားမှဒီယင်းဂါးသို့ ရခိုင်ဘုရင်၏ရေတပ်မတော်မှ စစ်သင်္ဘောဖြင့် တင်ဆောင်ခဲ့ကြသည်ဟု ဖော်ပြထားပါသည်။ ဒတ်ချ်တို့၏မှတ်တမ်းကလည်း စစ်တကောင်းတွင် ရှာရှူဂျာ၏လှုပ်ရှားမှုများကိုဖော်ပြမထားပေ။ ဖော်ပြသမျှမှာလည်း အဗ္ဗဒူဆလမ်၊ ဘန်နီယာ၊မန်နုစီတို့၏ဖော်ပြချက်များနှင့် မကွာခြားလှပေ။

ခါဖီခန်ကမူ ရှာရှူဂျာသည် စစ်တကောင်းတွင် နေထိုင်စဉ်ကာလ၌ ရခိုင်နယ်စပ်၌၊ ရခိုင်နယ်စပ်မှ ရခိုင်ဘုရင်၏ စစ်စခန်းတစ်ခုကို တိုက်ခိုက်သိမ်းပိုက်ရန်ပင် စီစဉ်ခဲ့သေးသည်ဟုဆိုသည်။ သူ၏ရေးသားချက်အရ ရှာရှူဂျာသည် စစ်တကောင်းနယ်မြေကို ရခိုင်ဘုရင်လက်မှသိမ်းယူ၍ မဂိုအင်ပါယာအားပြန်တိုက်ခိုက်မည့် စစ်အခြေခံစခန်းရည်ရွယ်ခဲ့သည်ဟု ယူဆရပေသည်။ အဗ္ဗဒူဆလမ်၏အရေးအသားအရလည်း သူသည်ရခိုင်ပိုင်နယ်မြေအတွင်းသို့ဝင်ရောက်ခဲ့သည့်အချိန်ကပင် 'ဘလုဝါ' စစ်စခန်းကို သိမ်းပိုက်ရန်ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ဟုသိရသည်။ ဤအချက်ကိုထောက်ဆလျှင် ခါဖိခန်၏အရေးအသားမှာ အခြေအမြစ်မရှိဟုမဆိုသာချေ။ သို့သော်ရှာရှူဂျာသည် ဤရည်မှန်းချက်ကို မည်သို့မျှအကောင်အထည်မဖော်နိုင်ပေ။

အခြေအနေအရ ရှာရှူဂျာသည် စစ်တကောင်းမှမြောက်ဦးမြို့တော်သို့ ရှာရှူဂျာခရီးဆက်ခဲ့ရသည့် အကြောင်း(၃)ခုရှိသည်ဟု ဒေါက်တာကနန်ဂိုက ရေးပါသည်။ ပထမအချက်မှာ စစ်တကောင်းဒေသသည် မဂိုအင်ပါယာကိုအံတုရန် စစ်အခြေခံစခန်းတည်ဆောက်ရန်မသင့်တော်ခြင်း၊ ဒုတိယအချက်မှာ ဂျုမ္မလာ၏စစ်တပ်မှာ အင်အားကြီးမားပြီး မိမိအားလိုက်လံရှာဖွေနေသည့် သတင်းကိုရရှိပြီးဖြစ်ခြင်းနှင့် တတိယအချက်မှာ ထိုအချိန်သည် မိုးရာသီဖြစ်၍ အာရပ်သို့သွားမည့်သင်္ဘောများ စစ်တကောင်းတွင်မရှိခြင်း၊ သို့မဟုတ် မုတ်သုံလေနှင့် ဆိုင်ကလုန်းလေပြင်းတို့ကြောင့် သင်္ဘောများအာရပ်သို့ မထွက်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်ဟုရေးသားထားပါသည်။

ကနန်ဂို၏ဖော်ပြချက်အရဆိုလျှင် ရှာရှူဂျာသည် ထွက်ပြေးလွတ်မြောက်လာကတည်းက ရည်မှန်းချက်(၂)ခုသာရှိခဲ့ရမည်ဖြစ်သည်။ ပထမအချက်မှာ စစ်အခြေခံစခန်းကောင်းတစ်ခုရလျှင် အခြေခံခြေကုပ်စခန်းတစ်ခုပြုလုပ်ပြီး အင်အားစုဆောင်းကာ ဒေလီကိုပြန်တိုက်၍ မဂိုဧကရာဇ်အဖြစ်ရရှိအောင် ကြိုးစားမည်ဟူသောအချက်ဖြစ်ပေသည်။ ဤရည်မှန်းချက်ကြောင့်ပင် ခါဖီခန်ရေးသားသကဲ့သို့ ရခိုင်နယ်စပ်စခန်းတစ်ခုကိုသိမ်းပိုက်ရန်နှင့်စစ်တကောင်းဒေသကို စစ်အခြေခံစခန်းပြုလုပ်ရန် ကြံစည်ခဲ့ခြင်းဖြစ်ပေသည်။ ဒုတိယရည်မှန်းချက်မှာ ရှာရှူဂျာအနေဖြင့် မဂိုဧကရာဇ်ဖြစ်ရန်နည်းလမ်းမရှိပါကစစ်တကောင်းမှမက္ကာသို့ ခရီးဆက်ရန်ဖြစ်သည်။ ထို့ကြောင့်ပင် အထက်က 'ကနန်ဂို'ဖော်ပြခဲ့သည့် အကြောင်းများကြောင့် မြောက်ဦးသို့ခရီးဆက်ခဲ့ရသော်လည်း မြောက်ဦးသို့ရောက်သည့်တိုင် ရခိုင်ဘုရင်ထံတွင် မိမိအားမက္ကာသို့ပို့ရန် တောင်းဆိုခဲ့ခြင်းဖြစ်ပေသည်။

ရှာရှူဂျာသည် ထွက်ပြေးလွတ်မြောက်လာကတည်းက မြောက်ဦးသို့ရောက်အောင်သွားမည်ဟူသောရည်မှန်းချက်ပါရှိခဲ့ဟန်မတူပေ။ ဤသို့ဆိုလျှင် သူသည်စစ်တကောင်း၌ မိုးရာသီကုန်ဆုံးအောင်နေပြီးဆောင်းဦးရာသီတွင် စစ်တကောင်းမှခရီးဆက်နိုင်သည်မဟုတ်လောဟု တွေးဆဖွယ်ရှိပါသည်။ သို့သော် သူသည်(၁)မိမိရောက်ရှိနေသော စစ်တကောင်းသည် ရခိုင်ပိုင်နယ်မြေဖြစ်နေခြင်း၊ (၂)အော်ရန်ဇစ်က ဂျုမ္မလာအား လိုအပ်လျှင် ရခိုင်နယ်မြေအထိ တိုက်ခိုက်ရှာဖွေရန် အမိန့်ပေးထားသဖြင့် ဂျုမ္မလာ၏အန္တရာယ်ကို စိုးရိမ်နေရခြင်း၊(၃)မိုးရာသီကုန်ဆုံးအောင် နောက်ထပ်(၄)လတိုင်အောင် စစ်တကောင်းတွင် နေရဦးမည်ဖြစ်ခြင်းစသည့်အကြောင်းများကြောင့် မြောက်ဦးမြို့တော်ထိ ခရီးဆက်၍စန္ဒသုဓမ္မရာဇာမင်းကြီးထံတွင် ခိုလှုံခဲ့ခြင်းဖြစ်ပါသည်။

စစ်တကောင်းဒေသ ကျေးလက်တေးတစ်ပုဒ်တွင် ရှာရှူဂျာမြောက်ဦးသို့ထွက်ခွာရာတွင် ဇနီးဖြစ်သူ'ပါရီဘန်ဒူး'နှင့်အတူ သမီးနှစ်ဦးလိုက်ပါလာကြောင်း ပါရှိသည်။ ရှာရှူဂျာတွင် သမီး(၃)ဦးရှိရာ 'ဂုလ်ရခ်ဘန်နူး' *(သူသည်ရခိုင်သို့လာရာတွင် ပါလာဟန်မတူပေ)*။'ရောရှန်အာရ်ဘီဂန်'နှင့်'အမီနာဘန်နူး'တို့ဖြစ်ပေသည်။ မှတ်တမ်းတစ်စောင်ကမူ 'ရှိတ်ဘီ'အမည်ရှိ နှမတစ်ဦးလည်း ပါလာသည်ဟု ဖော်ပြပါသည်။ ရှာရှူဂျာနှင့်အတူ ပါလာသောသားများနှင့်အမည်များကို ဖော်ပြရာတွင် မှတ်တမ်းတစ်စောင်နှင့် တစ်စောင်မတူညီကြပေ။ အဗ္ဗဒူဆလမ်က

ရှာရှုဂျာ၏သား(၃)ဦးကို 'ဇာအင်ဥဒင်"ဘူလန်အက္ခတာ'၊ 'ဇာနီယဲအဂ္ဂဒင်'ဟုဖော်ပြသော်လည်း ရခိုင်ပြည်သို့ တိမ်းရှောင်လာရာတွင် မည်သူပါလာသည်ဟု ဖော်ပြမထားပေ။ ဘန်နီယာ၊ မန်နုစီနှင့်ဘောဝရီးတို့ကမူ 'စူလ်တန်ဘန်း'ဟူသောသားတစ်ဦးသည် ရှာရှုဂျာတို့နှင့်တိမ်းရှောင်ရာတွင် ပါဝင်ခဲ့သည်ဟုဆိုကြပါသည်။ မြောက်ဦးမြို့နေ ဒတ်ချ်ကုန်သွယ်ရေးကိုယ်စားလှယ် ဗူးဘာ့ခ်ကမူ ရှာရှုဂျာ၏သားအကြီးဆုံးအမည်ကို 'ဘွန်ဟူလ်တန်'ဟု ဖော်ပြထားပါသည်။

ဥရောပခရီးသွားများ၏မှတ်တမ်းအရ ယင်းခေတ်က စစ်တကောင်းမှ မြောက်ဦးမြို့တော်သို့သွားရန် လူအများအသုံးပြုနေခဲ့သည့် လမ်းမကြီးတစ်ခုရှိခဲ့ကြောင်း သိရသည်။ ရှာရှုဂျာသည် ဤလမ်းအတိုင်းပင် လာခဲ့ခြင်းဖြစ်ပေမည်။ ကနာဖူလီမြစ်ကမ်းမှ လူများက ယင်းလမ်းကို 'ရှာရှုဂျာလမ်း'ဟုခေါ်ကြ၏။ ယင်းလမ်းသည် 'ဆာကားနီးယား'အနီးတွင် ရခိုင်လမ်းမကြီးနှင့်ဆုံသည်။ ရယ်နဲလ်၏ ၁၇၈၃ခုနှစ်ကရေးဆွဲခဲ့သော ဘင်္ဂလားမြေပုံစာအုပ်တွင် ဤလမ်းဆုံမှ ရာမူးသို့သွားရာလမ်းကြောင်းတစ်ခုပါရှိသည်။ သူဖော်ပြခဲ့သောလမ်းမှာ ယခုအခါ စစ်တကောင်းမှ ကော့ဇားသို့သွားသောလမ်းမကြီးနေရာနှင့် ကိုက်ညီနေပါသည်။ ဘင်္ဂလားရာဇဝင်ကျမ်းပြုဆရာချားလ်စတီဝပ်နှင့် ဆာအာသာဖေယာတို့က ရှာရှုဂျာနှင့် နောက်လိုက်များသည် မြောက်ဦးသို့ ခရီးထွက်ရာတွင် နတ်မြစ်ကိုဖြတ်ကူးခဲ့ရသည်ဟုဆိုသော်လည်း မည်သည့်နေရာကဖြတ်ကျော်ခဲ့ရသည်ဆိုသည်ကိုမူ ဖော်မပြခဲ့ကြပေ။ ဒေသအတွင်း ရိုးရာသီချင်းတစ်ပုဒ်တွင် သူတို့သည် မြစ်ဆိပ်ကမ်းသို့ရောက်အောင် (၁၃)ရက်(၁၃)ညဉ့်တိုင် ခရီးပြင်းနှင်ခဲ့ရကြောင်း သီဖွဲ့ထားပါသည်။ သူတို့သည် နတ်မြစ်ဆိပ်ကမ်းတွင် (၃)ရက်ကြာအနားယူအပန်းဖြေခဲ့ကြ၏။ သူတို့သည် မြောက်ဦးမြို့တော်သို့ ၁၆၆၀ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်နေ့တွင် ရောက်ရှိခဲ့ကြပေသည်။

ရခိုင်ရာဇဝင်တွင် ရှာရှုဂျာသည် စန္ဒသုဓမ္မရာဇာမင်းထံ နမတော်ကိုဆက်သ၍ စစ်ကူတောင်းရာ ရခိုင်မင်းစစ်ကူပေးသော်လည်း မဂိုစစ်တပ်ကိုမနိုင်ကြောင်း နောက်တွင်ရှာရှုဂျာသည် မဟာမေဒင်များကို စည်းရုံး၍ ရခိုင်ဘုရင်ကို ပုန်ကန်ကြောင်း၊ ထို့ကြောင့် ရခိုင်ဘုရင်ကကွပ်မျက်လိုက်ကြောင်းတို့ကို ဖော်ပြထားပါသည်။ ဟာဗီးကမူ ရခိုင်ဘုရင်က ရှာရှုဂျာအား အာရေဗျသို့သွားရန် သင်္ဘောစီမံပေးမည်ဟု ကတိပြုခဲ့သော်လည်း၊ ရှစ်လကြာသည်အထိ စီမံမပေးပဲ ရှာရှုဂျာ၏သမီးတော်အကြီးအား ဆက်သရန်တောင်းသဖြင့် ရှာရှုဂျာသည်ဒေါသပြင်းစွာထွက်ခဲ့ကြောင်း ခိုကိုးရာမဲ့ဖြစ်၍ မြောက်ဦးမှထွက်ခွာရန်လည်း မဖြစ်နိုင်တော့သဖြင့် ရခိုင်ဘုရင်အား ပုန်ကန်ရန်ဆုံးဖြတ်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ဆက်လက်၍ ရှာရှုဂျာတွင် နောက်လိုက်(၂၀၀)ရှိသည်။ သူသည်မဟာမေဒင်များကို တိတ်တဆိတ်စည်းရုံးထားသည်။ ထိုသတင်းသည် ရခိုင်ဘုရင့်နားသို့ပေါက်ကြားသွားသည်။ နောက်လိုက်များသည် နန်းတော်ကို မီးရှို့ကြသည်။ ရှာရှုဂျာသည် သီတင်းတစ်ပတ်ခန့်လွတ်မြောက်နေပြီး နောက်တွင်ပြန်လည် အဖမ်းခံရကာ ကွပ်မျက်ခံရသည်ဟု ရေးသားထားပါသည်။

ဒီဂျီအီးဟောလ်ကမူ မဂိုအစိုးရက ရှာရှုဂျာအားပြန်အပ်ရန် ရခိုင်ဘုရင်ထံတွင် တောင်းထားစဉ်ရှာရှုဂျာ၏နောက်လိုက်များသည် နန်းတော်ကိုမီးရှို့သဖြင့် ရှာရှုဂျာအားချုပ်နှောင်ထားကာ နောက်လိုက်များကို ကွပ်မျက်လိုက်သည်။ နောက်ထပ်၍ဖေဖော်ဝါရီလတွင် ကွပ်မျက်မှုထပ်မံဖြစ်ပွားပြီး ရှာရှုဂျာလည်းပျောက်ကွယ်သွားသည်ဟုဆိုပါသည်။ ဂျီဘူးဘာ့ခ်၏အဆိုအရမူ ရှာရှုဂျာသည် အချုပ်နှောင်မှလွတ်မြောက်ရန် ကြိုးစားစဉ်ကျဆုံးသွားသည်ဟု သိရပါသည်။

ရှာရှုဂျာ၏မြောက်ဦးမြို့တော်တွင် နေထိုင်စဉ်အဖြစ်အပျက်များကို ဖော်ပြရာ၌ မှတ်တမ်းတစ်စောင်နှင့်တစ်စောင်တူညီကြသည်မဟုတ်သော်လည်း အရပ်ရပ်အထောက်အထားများအရ ရှာရှုဂျာသည် မြောက်ဦးမြို့တော်တွင်နေစဉ်၌ နောက်ပါအင်အားနှင့်အတူ မြောက်ဦးနယ်အတွင်းရှိ မဟာမေဒင်များကို လျှို့ဝှက်စည်းရုံးကာ၊ ရခိုင်ဘုရင်အားဆန့်ကျင်နန်းချကာ မြောက်ဦးနန်းကိုသိမ်းပိုက်ရန် ကြံစည်ခဲ့သည်ကိုလည်းကောင်း၊ ရှာရှုဂျာသည် မြောက်ဦးမြို့တွင်ပင်ကွယ်လွန်ခဲ့သည်ကိုလည်းကောင်း ဖော်ပြရာတွင် အတူတူပင်ဖြစ်ကြပါသည်။

ရှာရှုဂျာသည် ရခိုင်ပြည်မြောက်ဦးမြို့တွင် ကွယ်လွန်ခဲ့ရသည်ကိုအကြောင်းပြု၍ ၁၆၆၆ခုနှစ်တွင် မဂိုအင်ပါယာ၏ဘင်္ဂလားဘုရင်ခံသည် ရခိုင်မင်းလက်အောက်မှ စစ်တကောင်းနယ်မြေကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်

ဟု သမိုင်းဆရာများကဆိုကြပါသည်။ ဒီဂျီအီးဟောလ်က ဘင်္ဂလားဘုရင်ခံသည် ရခိုင်ဘုရင်ထံသို့ ရှာရှုဂျာအား မဂိုဘုရင်လက်သို့ပြန်ပေးရန်သဝဏ်လွှာပို့ခဲ့ကြသော်လည်း ရခိုင်ဘုရင်သည် သဝဏ်လွှာကိုဂရုမစိုက်ခဲ့သည့်အပြင် မဂိုသံတမန်ကိုလည်း ချုပ်နှောင်ထား၏ဟုဆိုသည်။ ယင်းအချိန်တွင် ရှာရှုဂျာသည် ရခိုင်တို့လက်တွင်း၌ကျဆုံးသွားသည်။ ယင်းအချိန်တွင် ဒီယင်းဂါးရှိ ပေါ်တူဂီရခိုင်စစ်တပ်များသည် ဒါဂါထိဆန်တက်၍ မဂိုစစ်သင်္ဘော (၂၆၀)ကို ကစဥ့်ကလျားဖြစ်အောင်ပြုလုပ်ခဲ့သည်။ ဘင်္ဂလားဘုရင်ခံရှစ်စတာခန်သည် သောင်းတီး(ဆင်းဒွစ်)ကျွန်းပေါ်မှ ပေါ်တူဂီကင်းစခန်းများကို ဦးစွာတိုက်ခိုက်ဖျက်ဆီးပြီးနောက် စစ်တကောင်းဆိပ်ကမ်းကိုလည်း သိမ်းပိုက်လိုက်သည်ဟု ဆိုပါသည်။

ဟာဗီးလည်း ရှစ်စတာခန်သည် ၁၆၆၅ခုနှစ်တွင် သောင်းထီးကျွန်းမှ ပေါ်တူဂီစခန်းများကို တိုက်ခိုက်ဖျက်ဆီးလိုက်ပြီး ၁၆၆၆ခုနှစ်တွင် စစ်တကောင်းကို (၃၆)နာရီကြာပိတ်ဆို့တိုက်ခိုက်ပြီး ရာမူးအထိသိမ်းယူခဲ့ကြောင်း ဖော်ပြသည်။ မောရစ်ကောလစ်ကမူ ရခိုင်–မဂိုစစ်ပွဲသည် ရခိုင်ပေါ်တူဂီပင်လယ်ဓါးပြများက အရှေ့ဘင်္ဂလားတွင် စိတ်ကြိုက်ထကြွနေကြပြီ ရခိုင်ပိုင်နက်အရှေ့ဘင်္ဂလားကို အခြေခံ၍ မူရှီဒါဘက်ထိနယ်ကျော်၍ ကျွန်ဖမ်းခြင်း၊ လုယက်ခြင်းများကြောင့် မဂိုဧကရာဇ်အော်ရန်ဇစ်သည် အနောက်ဘင်္ဂလားလုံခြုံရေးကို စိုးရိမ်မကင်းဖြစ်ကာ ပင်လယ်ဓားပြများကို ရှင်းလင်းရာမှပေါ်ပေါက်လာရသည်ဟု သုံးသပ်ပါသည်။

စစ်တကောင်းနယ်မြေကို မဂိုတို့သိမ်းပိုက်နိုင်မှုသည် အော်ရန်ဇစ်လက်ထက်၌ ဂုဏ်ယူစရာအောင်ပွဲတစ်ရပ်အဖြစ် မဂိုတို့ယူဆခဲ့ကြသည်။ ဘင်္ဂလားနယ်မြေကို မဂိုတို့သိမ်းပိုက်မှုသည် မဂိုဧကရာဇ်အက္ကဘာဘုရင်ကြီး ၁၅၇၆ခုတွင် ရာဇ်မဟာကို သိမ်းပိုက်မှုက အစပြုခဲ့သည်။ မဂိုဧကရာဇ်ဂျမင်ဂျီလက်ထက်တွင် စစ်တကောင်းကို ရခိုင်တို့လက်မှတိုက်ယူရန် စီမံခဲ့ဖူး၏။ ရှာဂျဟန်ဘုရင်ကြီးလက်ထက်တွင် ရခိုင်ပြည်နှင့် မကျူးကျော်ရေးသဘောတူညီမှုထားရှိခဲ့၏။ အော်ရန်ဇစ်လက်ထက်သို့ရောက်သောအခါ မဂိုများသည် အရှေ့ဖျားနယ်များကို ကျူးကျော်စစ်ဆင်နွှဲမည့်စီမံချက်များ ပြန်လည်ရေးဆွဲခဲ့သည်။

အကြောင်းကြောင်းကို ထောက်ဆကြည့်လျှင်

(၁)စစ်တကောင်းနှင့် ရခိုင်ကမ်းခြေကို အမှီပြု၍ပေါ်တူဂီရေတပ်အင်အား တစ်နေ့တစ်ခြားကြီးထွားလာနေခြင်းကြောင့် မဂိုအင်ပါယာအတွက် စိုးရိမ်နေရခြင်း။

(၂)မဂိုအင်ပါယာကို အရှေ့ဘက်ရခိုင်ဒေသအထိ တိုးချဲ့လိုခြင်း။

(၃)မဂိုမင်းသားရှာရှုဂျာသည် ရခိုင်တို့လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်း။

ဟူသောအကြောင်းများကြောင့် အော်ရန်ဇစ်သည် ရှစ်စတာခန်အား စစ်တကောင်းကို တိုက်ခိုက်သိမ်းပိုက်စေခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ဘန်နီယာကမူ မဂိုတို့စစ်တကောင်းကို သိမ်းပိုက်ခြင်းမှာ ရှာရှုဂျာအားရခိုင်တို့ကွပ်မျက်လိုက်သည်ဟုယူဆသော မဂိုဧကရာဇ်အော်ရန်ဇစ်၏ပြင်းထန်သော လက်စားချေတုန့်ပြန်မှုဖြစ်သည်ဟု ဖော်ပြခဲ့သေး၏။ သို့သော်မဂိုတို့သည် ရခိုင်နယ်မြေ၏အစိတ်အပိုင်းဖြစ်သော စစ်တကောင်းဒေသကို သိမ်းပိုက်နိုင်ခဲ့သော်လည်း ရခိုင်စစ်တပ်၏ပြင်းထန်စွာခုခံတိုက်မှုကြောင့် ယင်းတို့၏ရည်ရွယ်ချက်ရှိခဲ့သည့် မြောက်ဦးမြို့တော်အနီးသို့ မကပ်ရောက်နိုင်ခဲ့ကြောင်း မောရစ်ကောလစ်က ရေးသားခဲ့လေသည်။

## ရည်ညွှန်းကိုးကားသောကျမ်းများ


(၁) ရခိုင်ရာဇဝင်ကြီး — ဆရာငမည်း(စစ်တွေမြို့ကြားကျောင်းပေမူ) (ထူ–(ဝမ်း)၊တေ(ဝမ်း)၊တေ(ကြော)

(၂) ရခိုင်ဒင်္ဂါးများ — ဦးစံသာအောင်(စာ–၅၂)

(၃) The Story of Indo-Pakistan by S,F.Mahmud (Karachi-1696)(P-152, 154, 157)

(၄) A History of Chittagong by S.B. Aanungo (Chittagong 1988)(P-300 to 360)

(၅) History of Burma by G.E. Harvey (London 1925) (P-147, 148)

(၆) A History of South East Asia by D.G.E. Hall (London-1968)(အုန်းမောင်(ပြန်)စာ–၁၄၀မှ ၁၄၂)

(၇) Arakan's Place in the Civilization of the Bay by M.Collis, (B.R.S.F.A.P No-2, 1960, Rangon)

# မာဂဓီ ပါဠိနှင့် ယင်း၏မူလဘူတ

ဗုဒ္ဓဟောကြားတော်မူခဲ့သည့်တရားတော်များကို စုစည်းထားသည့်၊ ပိဋကတ်တော်များကို ပါဠိတော်ဟူ၍ မြန်မာဗုဒ္ဓဘာသာအစဉ်အလာက အထွဋ်အမြတ်ထားပါသည်။ ဗုဒ္ဓဘုရားရှင် တရားဟောကြားတော်မူခဲ့သည့် ဘာသာစကားကိုလည်း မာဂဓီ(သို့မဟုတ်) ပါဠိဘာသာစကားဖြစ်သည်ဟု ယုံကြည်ကြပါသည်။

ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က မဂဓတိုင်း၊ ကောသလတိုင်းစသောဒေသများတွင် ပြောဆိုသုံးစွဲခဲ့ကြသော ဘာသာစကားကို မာဂဓီဘာသာဟုခေါ်ကြသည်။ ဗုဒ္ဓသည် ယင်းမာဂဓီဘာသာဖြင့်ပင် တရားဟောကြားတော်မူခဲ့ပါသည်။ ထေရဝါဒအစဉ်အလာက ဘုရားရှင်၏စကားတော်၊ ဒေသနာတော်အစဉ်ကို ပါဠိဟုဆိုရာမှ၊ မာဂဓီဘာသာကိုလည်း ပါဠိဘာသာဟုခေါ်ဆိုခဲ့ကြသည်ဟုလည်းကောင်း၊ ဘုရားဟောပါဠိဘာသာသည် လွန်ခဲ့သောနှစ် ၂၅၀၀ ကျော်ကမူရင်းအတိုင်း ဆက်လက်တည်ရှိနေသည်ဟုလည်းကောင်း ယုံကြည်ကြပေသည်။

ဗုဒ္ဓဂိုဏ်းသုံး မာဂဓီဘာသာကို၊ ဂျိန်းဘာသာပိဋကတ်တော်များရေးသားထားသည့် အဒ္ဓမာဂဓီဘာသာနှင့် ခွဲခြားနိုင်ရန်အတွက် သုဒ္ဓမာဂဓီဟုရေးသားကြသည်လည်းရှိပါသည်။ ပါဠိအဘိဓါန်တွင် ပါဠိ၏အနက်အဓိပ္ပါယ်ကို ၊ ဗုဒ္ဓ၏စကားစဉ်ကို စုစည်းထားသောကြောင့် ပါဠိဟုခေါ်ဆိုကြောင်းဖွင့်ဆိုပါသည်။ အမှန်အားဖြင့် ပါဠိဟူသည် ကျမ်းစာ၊ ဘုရားရှင်၏စကားတော်ဟုဆိုလိုပါသည်။ထေရဝါဒအစဉ်အလာက ပါဠိကိုမာဂဓနိရုတ္တိဘာသာဟုခေါ်ကြသည်။ ဗုဒ္ဓဘာသာအခြားအစဉ်အလာတစ်ခုမှာ ပါဠိပိဋကတ်တော်ကို ဗုဒ္ဓကိုယ်တိုင်ဟောကြားခဲ့သောဘာသာစကားဖြင့် စုစည်းထားသည်ဟူသောအယူအဆဖြစ်ပါသည်။ သို့သော်ယခုအခါ၊ ပိဋကတ်တော်သုံး ပါဠိဘာသာသည်မူလမာဂဓီဘာသာဟုတ်မဟုတ်၊ ပါဠိဘာသာသည်မည်သည့်ဒေသသုံးဘာသာစကားဖြစ်သနည်း ဟူသောအချက်တွင် ပညာရှင်များအယူအဆကွဲပြားလျှက်ပင်ရှိကြပါသည်။

Westergaardနှင့်E. Kuhnတို့က ပါဠိဘာသာကို ဥဇ္ဇေနီပြည်သုံးဘာသာစကားဖြစ်သည်ဟု ယူဆထားကြ၏။ အဘယ်ကြောင့်ဆိုသော် ပါဠိဘာသာသည် Gujratရှိအသောကကျောက်စာများတွင် အသုံးပြုထားသောဘာသာစကားနှင့်အနီးစပ်ဆုံးတူညီသောကြောင့်ဖြစ်ပေသည်။ အခြားအကြောင်းပြချက်တစ်ရပ်မှာ ဥဇ္ဇောနီပြည်သုံးဘာသာစကားသည်၊ သီဟိုဠ်သို့ဗုဒ္ဓသာသနာတော်စတင်ဖြန့်ချိခဲ့သော၊ ရှင်မဟိန္ဒကိုယ်တိုင်ပြောကြားသော ဘာသာစကားဖြစ်သောကြောင့်ပင်တည်း။ R.O.Frankeကလည်း အခြားအကြောင်းပြချက်တစ်ခုဖြင့် ပါဠိဘာသာသည် ဥဇ္ဇေနီပြည်သုံးဘာသာစကားဖြစ်သည်ဟူသောအဆိုကို ထောက်ခံထားပါသည်။ သူကပါဠိဘာသာစကား၏မူလဒေသသည် ဝိန္ဓျ(Vindya)တောင်တန်းအလယ်ပိုင်းမှ အနောက်ဘက်နယ်တလျှောက်ဒေသတခွင်ဟူ၍ရေးသားထားပေရာ ဥဇ္ဇေနီပြည်သုံးဘာသာစကားဖြစ်သည်ဟူသောအချက်နှင့် ကိုက်ညီနေ၏။StenKonowသည်လည်း Vindya တောင်တန်းဒေသကို ပါဠိဘာသာ၏မူလဒေသဖြစ်သည်ဟု ဆုံးဖြတ်ထားလေသည်။ ဤVindyaတောင်တန်းဒေသသည် Westergard နှင့် E.Kuhnတို့ ညွှန်ပြပြီးဖြစ်သည့် ဥဇ္ဇေနီပြည်ရှိခဲ့ရာဒေသဖြစ်သော ဥဂျိန်Ujjeinခရိုင်ပင်ဖြစ်နေပေရာ၊ ယင်းတို့၏အယူအဆများတထပ်တည်းကျနေပေသည်။

Oldenbergနှင့် E. Mullerတို့ကမူ၊ ကလိင်္ဂတိုင်းကို ပါဠိဘာသာ၏မူလဒေသဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။Oldenbergက ပါဠိပိဋကတ်တော်သုံးပုံအပါအဝင် ဗုဒ္ဓဝါဒသည် သီဟိုဠ်ကျွန်းသို့ သီဟိုကျွန်းနှင့် အိမ်နီးချင်းနိုင်ငံများ ကာလကြာရှည်ဆက်ဆံပြီးမှ ရောက်ရှိလာသည်ဟုဆို၏။ E.Mullerယူဆသောအခြေခံအချက်မှာ သီဟိုဠ်ကျွန်းတွင် ရှေးအကျဆုံးအခြေချနေထိုင်သူများသည်၊ ကလိင်္ဂတိုင်းမှ ပြောင်းရွှေ့လာကြသူများဖြစ်သည် ဟူသောအချက်ပင်ဖြစ်ပါသည်။ ကလိင်္ဂတိုင်းမှာ သီဟိုကျွန်းနှင့်တဖက်တကမ်းဖြစ်ပြီး၊ သီဟိုဠ်သို့ဘင်္ဂလားနှင့်

ဘီဟာနယ်မှလူများလာရောက်နေထိုင်ခဲ့ကြမှုရှိခဲ့သည်မဟုတ်ဟုယူဆသည်။ သို့သော် ဤအယူအဆကို Maurice Winternitz က လက်မခံချေ။

ယင်းအပြင် M.Winternitz က ဗုဒ္ဓသည်ကောသလနှင့်မဂဓတိုင်းတို့မှာ လူအများပြောဆိုကြသည့် မဂဓီဘာသာဖြင့် တရားဟောခဲ့သည်ဟုဆိုသည်။ ဗုဒ္ဓသာသနာပြုခဲ့ရာဒေသများ၌ ဥတ္တရာပရာဒေ့ရှ်နှင့်နီပေါနယ်တို့ ပါဝင်သည်။ ထို့ကြောင့် ယင်းဒေသ၌ အများသုံးဘာသာစကားဖြင့် သာသနာပြုခဲ့ပေမည်။ Welhelm Geiger ကပါဠိသည် မာဂဓီပွားဖြစ်သည်ဟု ဆိုပါသည်။ မာဂဓီဘာသာကို အခြေခံသောအများသုံးဘာသာစကားဖြစ်၍၊ ဗုဒ္ဓကိုယ်တိုင်လည်း ပါဠိဘာသာဖြင့်ပင် သာသနာပြုခဲ့သည်ဟု ယူဆသူဖြစ်သည်။ သာမန်လူတို့ကိုယင်းတို့ နားလည်နိုင်သောဘာသာစကားဖြင့်ပင် တရားတော်ကို ဟောကြားဖြန့်ချီခဲ့ပေမည်။ မာဂဓဒေသအများသုံးဘာသာစကားဖြစ်သော ပါဠိဘာသာသည်ပင်လျှင် ဗုဒ္ဓကိုယ်တော်တိုင်အသုံးပြုခဲ့သော ဘာသာစကားဖြစ်သည်။ ယင်းအပြင် W. Geiger ၏အယူအဆအရ လက်ရှိပါဠိပိဋကတ်တော်သည် ပါဠိလိပုတ်ပြည်၊ တတိယသင်္ဂါယနာ ပိဋကတ်တော်နှင့် အဓိပ္ပါယ်သဘောသွားသာမက၊ သုံးနှုန်းသောဘာသာစကားရပ်တွင်လည်း တထပ်တည်းဖြစ်ပေသည်။E.Windisch ကမူမာဂဓီဘာသာသည် ပါဠိ၏အခြေခံအုတ်မြစ်ဖြစ်သည်ဟုအခိုင်အမာယူဆခဲ့လေသည်။

Luders ၏အလိုအရမူ ရှေးဟောင်း အဒ္ဓမာဂဓီဘာသာကို ပါဠိ၏အခြေခံဖြစ်သည်ဟု ယူဆရမည်ဖြစ်ပေသည်။ ဤဘာသာစကားသည် အသောကကျောက်စာများမှ လာသောမာဂဓီနှင့်လိုရင်းအချက်များတွင် တူညီနေ၏။ သို့သော်တစိတ်တဒေသအားဖြင့်မူ တဖြည်းဖြည်းတိုးတက်၍ ပိုမိုခေတ်မီသော အခြေအနေသို့ရောက်နေပြီဟုလည်း သူကမှတ်ချက်ချထားခဲ့၏။ သို့သော် B.P. Bapat က အဒ္ဓမာဂဓီသည် ပါဠိထက်ပြာကရစ်ဘာသာတိုးတက်လာမှု၏နောက်ပိုင်းအဆင့်ကို ညွှန်ပြနေ၍၊ ဂျိန်းဘာသာတွင် အသုံးပြုသော အဒ္ဓမာဂဓီကိုသာ ညွှန်ပြနေပေရာ ပါဠိသည် အဒ္ဓမာဂဓီမှဆင်းသက်လာခြင်း မည်သို့မျှမဖြစ်နိုင်ဟု အတိအကျဆိုထားခဲ့လေသည်။

မြန်မာပညာရှင် မောင်အံ့ကမူ ပါဠိသည် မာဂဓီပင်ဖြစ်သည်။ ဗုဒ္ဓသည် မာဂဓီဘာသာဖြင့်ပင် သာသနာပြုခဲ့ပြီး၊ ယင်းဘာသာစကားသည် ပိဋကတ်တော်အတွင်း စုစည်းထည့်သွင်းသည့်အခါမှ ဗုဒ္ဓ၏စကားတော်ကို ပါဠိဟုခေါ်ဝေါ်သုံးစွဲလာသည်ဟု ယူဆထားပါသည်။ သို့သော် မန္တလေးတက္ကသိုလ်ပါဠိကထိက ဒေါ်ခင်ခင်လှိုင်ကမူ၊ ပါဠိသည် သက္ကတဘာသာမှဆင်းသက်လာသော ပြာကဋ္ဌဘာသာအမျိုးအစားတို့တွင် အကျုံးဝင်သည့်အပြင်၊ ပဲသာစီ၊ အဒ္ဓမာဂဓီ၊ မာဂဓီ၊ဂေါရဆေနီ၊ မဟာရတ္တိ၊ စသောပြာကဋ္ဌဘာသာအုပ်စုတွင် ရှေးအကျဆုံးပြာကဋ္ဌဘာသာဖြစ်သည်ဟု အတိအကျဆိုထားပါသည်။ ဤအဓိပ္ပါယ်အရဆိုပါမူ ပါဠိဘာသာသည် သက္ကဋ္ဌမှဆင်းသက်လာပြီး၊ မာဂဓီ(သို့မဟုတ်) ဂျိန်းဘာသာသုံးအဒ္ဓမာဂဓီနှင့် ကွဲပြားစေရန် အမည်မှည့်ထားသော သုဒ္ဓမာဂဓီကို ပင်ဆိုလိုဟန်ရှိသည်ကို တွေ့ရပေသည်။

ပါဠိပါမောက္ခဒေါ်အုန်းသည် မာဂဓီဘာသာအား ပါဠိဘာသာ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဆိုသောအချက်ကို မငြင်းပယ်သော်လည်း၊ပါဠိသည်မာဂဓီမှ အဓိကနေရာများတွင် ကွဲလွဲမှုရှိကြောင်း သက်သေပြထားခဲ့၏။ Greerson ကမူ ပါဠိဟူသည် မာဂဓီဘာသာစကား၏ စာသုံးပေသုံးအသွင်တစ်မျိုး ဆုံးဖြတ်ထားခဲ့လေသည်။

လန်ဒန်ပါဠိအသင်းတော်မှထုတ်ဝေသော အဘိဓါန်တွင် T.W. RhysDavids က ပါဠိသည် ဘီစီ၆–ရာစု၊ ၇–ရာစုအတွင်းက ကောသလတိုင်း၌ လူအများပြောဆိုသုံးစွဲနေသော ဘာသာစကားကို အခြေခံ၍ပေါ်ထွန်းလာသောဘာသာဖြစ်သည်ဟုဆိုထား၏။ Max Walleser ကမူ ပါဋလိမှ ပါဠိဆင်းသက်လာသည်ဟု ယူဆကာ၊ ပါဠိဟူသည် ပါဋလိပုတ်ပြည်သူများပြောဆိုသုံးစွဲသော ဘာသာစကားဖြစ်သည်ဟု စကား၏အရင်းအမြစ်ကို လိုက်သောနည်းဖြင့် ကြံဆတွေးတောခဲ့ပါသည်။

ပါဠိဘာသာသည် အိန္ဒိယနိုင်ငံမှ မူလအခြေပြု၍ပြန့်ပွားခဲ့သောဘာသာစကားဖြစ်၏။ သို့သော်သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာပြန့်ပွားပြီး၊ ဗုဒ္ဓစာပေကို ပေထက်အက္ခရာတင်ပြီးမှသာလျှင် ထင်ရှားကျော်ကြားခဲ့၏။ ပါဠိသည် သီဟိုဠ်တွင်သာ စတင်ကျယ်ပြန့်ခဲ့မှုကြောင့် အချို့သုတေသီများက ပါဠိဘာသာကို မာဂဓီဘာသာမှခွဲထုတ်ကာ၊ ပါဠိ၏မူလဘူတသည် သီဟိုဠ်ကျွန်းဖြစ်သည်ဟု ယူဆခဲ့ကြ၏။ သို့သော် M.Winternitz ကမူ ပါဠိဘာသာသည် သီဟိုဠ်ကျွန်းတွင် စတင်ပေါ်ပေါက်ခြင်းလုံးဝမဖြစ်နိုင်ဟု ကန့်ကွက်ခဲ့၏။ သီဟိုဠ်ဘာသာသည် ပါဠိနှင့်

နီးစပ်သည်မှာအမှန်ဖြစ်၏။ သို့သော်Winternitz နှင့် Geigerနှစ်ဦးလုံးက ပါဠိဘာသာသည် သီဟိုဠ်ဘာသာကို လွှမ်းမိုးသွားသဖြင့် သီဟိုဠ်ဘာသာသည် ပါဠိနှင့်ဤမျှနီးစပ်စွာတူညီခြင်းဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။

သီဟိုဠ်ဗုဒ္ဓဘာသာအစဉ်အလာက လက်ရှိပိဋကတ်တော်သည် ပါဋလိပုတ်ပြည်တွင် စုဆောင်းခဲ့သော ပိဋကတ်တော်နှင့်အတူတူပင်ဖြစ်သည်။ မာဂဓီဘာသာဖြင့်ပင် စုဆောင်းခဲ့ပြီး၊ ပါဠိသည်မာဂဓီနှင့်အတူတူဟုဆိုပါသည်။ သို့သော်ပါဠိသည် မာဂဓီပင်ဖြစ်သည်ဟူသောအဆိုကို ဗုဒ္ဓစာပေသုတေသီအများအပြားပင် ငြင်းဆိုလျှက်ရှိကြပေသည်။ ပါဠိဟူသောပုဒ်သည် မူရင်းကျမ်း၊ အဘိဓမ္မသပါဠိ၊ ဗုဒ္ဓ၏စကား၊ ဗုဒ္ဓ၏ဒေသနာ၊ တရားတော်အစဉ်အတန်းစသည့် အဓိပ္ပါယ်မျိုးဖြင့် သုံးနှုန်းလျှက်ရှိရာ၊ ဤအဓိပ္ပါယ်အရဆိုလျှင် ပါဠိဘာသာသည် မာဂဓီမှအပ သီးခြားဘာသာရပ်မဟုတ်ဟု အဓိပ္ပါယ်ထွက်နေ၏။ ပါဠိသည် မာဂဓီဘာသာ၏ဒုတိယအမည်နာမတစ်ခုအသွင်ရှိနေ၏။

သို့သော်အိန္ဒိယအရှေ့ပိုင်းမှတွေ့ရသော ကျောက်စာများ၊ မာဂဓီပိုဒ်များပါဝင်သော နှောင်းခေတ်သက္ကတစာပေများအရ၊ ပါဠိသည် မာဂဓီမှကွဲလွဲကြောင်းအထင်အရှားဖြစ်သည်ဟု ပါမောက္ခဒေါ်အုန်းက ရေးသားထားခဲ့၏။ ဥပမာ–ကတ္တုကာရက ဧကဝုစ်ကိန်းပုလ္လိင်နာမ်များအတွက် မာဂဓီတွင်‘ဧ’နှင့် ဆုံး၍၊ ပါဠိတွင် ‘ဩ’ သို့မဟုတ်‘အံ’တို့ဖြင့်ဆုံး၏။ မာဂဓီပုတ္တေမှာ ပါဠိပုတ္တောဖြစ်၍၊ မာဂဓီ‘သုခေ’မှာ ပါဠိ‘သုခံ’ဖြစ်လေသည်။ ၎င်းအပြင် ဤဘာသာနှစ်ရပ်လုံးပင် သက္ကဋမှဆင်းသက်လာခြင်းဖြစ်ပြီး၊ သက္ကဋ‘သ’သုံးမျိုးကို၊ ပါဠိတွင် ဒန္တဇ(သွားသံ)‘သ’တစ်လုံးတည်းဖြင့်ဆုံးပြီး၊ မာဂဓီတွင်မူ‘သ’မှာ မုဒ္ဓဇ(အာခေါင်ဦး)သံတစ်ခုတည်းဖြစ်သည်။”ဟု ဒေါ်အုန်းက ခွဲခြားပြခဲ့၏။

ဤအထောက်အထားအရ ပါဠိသည် မာဂဓီပင်ဖြစ်သည် တထစ်ချယူဆရန်မဖြစ်နိုင်ချေ။ သို့သော်ပါဠိသည် အိန္ဒိယအနောက်ပိုင်း တွင်တွေ့ရသည့် အသောကကျောက်စာသုံးဘာသာနှင့် များစွာဆင်တူသည်ကိုလည်း ပညာရှင်များလက်ခံကြပါသည်။ ဤအချက်က ပါဠိသည်ဥဇ္ဇေနီပြည်သုံးဘာသာစကားဖြစ်၍၊ ဥဇ္ဇေနီတိုင်းဖွားရှင်မဟိန္ဒ၏ဖြန့်ချီမှုကြောင့် သီဟိုဠ်တွင် လွှမ်းမိုးခဲ့သည်ကို ထောက်ပြနေပေသည်။

အထောက်အထားများအရ ပါဠိသည် မာဂဓီနှင့် အတူတူမဟုတ်သော်လည်း၊ အကြီးအကျယ်ကွဲလွဲသည်တော့မဟုတ်ပေ။ ဒေါက်တာ Winternitz ကပါဠိသည် မာဂဓီနှင့်ကွဲလွဲသည်ဆိုသော်လည်း၊ အခြားမည်သည့်ဘာသာမှ ပါဠိနှင့်မာဂဓီလောက်မကိုက်ညီဟုဆိုကာ၊ ပါဠိပိဋကတ်တော်သည်ပင်၊ မာဂဓီပိဋကတ်တော်ဖြစ်သည်ဟူသောသီဟိုဠ်၊ မြန်မာအစဉ်အလာကိုထောက်ခံထားလေသည်။ သို့သော်ပါဠိပိဋကတ်တော်သည် မူလမာဂဓီပိဋကတ်တော်ကို ဦးစွာကူးယူပြီး အိန္ဒိယဒေသတစ်ခုသို့ ခွဲထွက်သွားခြင်းဖြစ်သည်ဟူသော သူ၏စကားအရ ရှေ့နောက်မညီညွတ်မှုရှိနေသည်ကို တွေ့ရ၏။

အကြောင်းကြောင်းကိုထောက်ဆလျှင် အိန္ဒိယပြည်အနောက်ပိုင်း ဥဇ္ဇေနီပြည်သုံးဘာသာစကားမဟုတ်လျှင် မဂဓနှင့် ကောသလသုံးမာဂဓီဘာသာအခြေခံ၍ ဖွံ့ဖြိုးတိုးတက်လာသော စကားဖြစ်ရပေမည်။ ပါဠိဘာသာသည် အိန္ဒိယအနောက်ပိုင်းဥဇ္ဇေနီပြည်သုံးဘာသာစကားအမှန်ပင်ဖြစ်ခဲ့စေဦးတော့။ မဂဓကောသလတိုင်းသုံး မာဂဓီဘာသာနှင့် တစုံတရာဆက်နွယ်မှုရှိခဲ့ရပေလိမ့်မည်။ အဒ္ဓမာဂဓီမှကွဲလွဲစေရန် သုဒ္ဓမာဂဓီဟုခေါ်ဝေါ်ကြသည်ကိုလည်း သတိပြုရပေမည်။ သို့သော် ကလိင်္ဂတိုင်းသုံးဘာသာစကားကား မည်သို့မျှမဖြစ်နိုင်ပေ။ ပါဠိသည် မာဂဓီနှစ်များစွာတူညီမှုရှိသည်ကားမှန်၏။ သို့သော် အဓိကအချက်များတွင် ပါဠိသည် မာဂဓီမှကွဲလွဲသည့် အထောက်အထားများတွေ့ရသဖြင့် ပါဠိသည် မာဂဓီမဟုတ်သည်ကားသေချာ၏။ သို့သော်ပါဠိဘာသာသည် မာဂဓီဘာသာနှင့် အတူညီဆုံးဖြစ်ရကား၊ ပါဠိပိဋကတ်တော်သည် မာဂဓီပိဋကတ်တော်နှင့်များစွာ မကွဲလွဲနိုင်ချေ။

**ကိုးကားသောစာအုပ်စာတမ်းများ**


(၁) The Home of Pali(The Light of Majjhimadesa)(Nalanda University, India) U Razinda

(၂) M. History of Indian Literature Vol II — M. Winternitz

(၃) R.O. Franke — Pali and Sanskrit

(၄) ပါဠိစာပေသမိုင်း ပါမောက္ခဒေါ်အုံး
(၅) အသွင်ထူးတဗ္ဗာဝပါဠိပုဒ်များ ဒေါ်ခင်ခင်လှိုင်
(တ၊ပ၊စ၊ တွဲ(၁)၊ ပိုင်း(၂)။ ၁၉၆၆)

# လေး မိမြစ်ကမ်း အလွမ်းပြေ

"စာဥ္စနမြစ်နဒီ. . .ရီကြိုင်တမြမြနဲ့. . .တသွင်သွင်စီးကျ . . အီးမြလှပါရေ . . .ဇီဇဝါခွါညို . . .နွယ်ချိုရိုးမ . . .မိုးမခနန့်လေ . . . စိမ်းမြညိုမှောင် . . . ရိုးမထိုတောင် . . . တောင်စွယ်တောင်ကြားတိက ဖြတ်ကျော်စီးဆင်းလာ . . .မဟာသုန္ဒရီ နဒီမြစ်မှာ လေးမြို့မြစ်အလှချေ . . ."

ကိုဦးမောင်သိန်းသီဆိုသည့် လေးမြို့မြစ်ကမ်းအလွမ်းပြေသီချင်းကို ကျွန်တော်အလွန်နှစ်သက်သည်။ အဖန်ဖန်အလီလီနားထောင်ပြီ။ သို့သော် ကျွန်တော့်အာရုံတွင်ရိုးသွားသည်မရှိ။ ဆန်းသစ်နေမြဲပင်ဖြစ်ပါသည်။

သီချင်းတစ်ပုဒ်ကို ကျွန်တော်လွယ်လွယ်နှင့်မနှစ်သက်တတ်ပါ။ ကျွန်တော်နှစ်သက်မိလျှင်လည်း စွဲစွဲမြဲမြဲဖြစ်တတ်သည်။ သီချင်း၏စကားလုံးအသုံးအနှုန်း၊ အဖွဲ့အနွဲ့၊ ပါဒအစပ်အဟပ်၊ ရည်ရွယ်ရင်းသို့ရောက်အောင် ပို့ဆောင်မှု၊ သီဆိုသူ၏အသံသာမှု၊ အသံအနိမ့်အမြင့်အတက်အကျ၊ သံစဉ်အကူးအပြောင်း၊ သီချင်းအကြောင်းအရာနှင့်ကိုက်ညီသောတူရိယာပစ္စည်း၊ တီးလုံးအဖျောက်အဖေါ်စသည်ဖြင့် ချိုင့်သုံးသပ်ပြီးမှ ကျွန်တော်ကြိုက်နှစ်သက်တတ်သည်။ မိမိနားလည်သမျှအတိုင်းအတာနှင့် ဖြစ်ပါသည်။

အနုပညာပစ္စည်းတစ်ခုကို ဟာကွက်မရှိအောင်၊ ဘက်ပေါင်းစုံမှပြည့်ပြည့်ဝဝ သုံးသပ်တတ်သည်တော့ မဟုတ်။ ထို့ကြောင့်ပင် မိမိနားလည်သမျှအတိုင်းအတာနှင့် ဖြစ်သည်ဟုဆိုခြင်းဖြစ်သည်။ ကျွန်တော်နှစ်သက်သည့်သီချင်းများတွင် ရာသီဘွဲ့၊ မယ်ဘွဲ့၊မောင်ဘွဲ့၊အလွမ်းဘွဲ့၊မေတ္တာဘွဲ့၊ ဇာတိမာန်ဘွဲ့၊ စသည်ဖြင့် အမျိုးမျိုးရှိတတ်သော်လည်း၊ ကျွန်တော်နှစ်သက်သည့်သီချင်းကား အလွန်နည်းပါသည်။

ဤသီချင်းကိုကြိမ်ဖန်များစွာနားထောင်ခဲ့သော်လည်းလေးမြို့မြစ်ကမ်းသို့တစ်ကြိမ်တစ်ခါမျှမရောက်ထူးခဲ့ပါ။ သီချင်းကိုနားထောင်ရင်းဖြင့်ပင် စိတ်ကူးအိပ်မက်ဖြင့်သာ လေးမြို့မြစ်ကမ်းကိုမှန်းဆနေခဲ့ပါသည်။

လေးမြို့မြစ်၏အရှေ့ဘက်ကမ်းသို့ လှမ်းမျှော်ကြည့်မည်ဆိုလျှင်၊ ဟို. . .အဝေးဆီ၌ မှိုင်းညို့ညို့ရိုးမတောင်စဉ်တန်းများသည်၊ တောင်စဉ်အထပ်ရစ်ပတ်လျှက်၊ နံနက်ခင်းနေရောင်ခြည်အောက်တွင်၊ ရွှေတစ်ရစ်မြတစ်ရစ် စီခြယ်လျှက်လှပနေပေမည်။ရှည်လျှားသည့်တောင်စဉ်တောင်တန်းများ မြောက်မှတောင်သို့သွယ်တန်းနေပေမည်။ ရိုးတောင်တန်းများ၏ ဟိုမှာဘက်တွင် ပြာလဲ့လဲ့ကောင်းကင်ပြင်ကို မြင်တွေ့ရမည်။ နံနက်နေခြည်သွေးစ၊ ရွှေရည်ဆေးအလှပက်ဖျန်းချိန်၌ သည်တောင်စဉ်အထပ်ထပ်သည် မည်မျှလှပနေမည်နည်း။ ဟို အဝေးဆီမှ သည်မှာဖက်သို့ တဖြည်းဖြည်းနိမ့်၍နိမ့်၍လာနေသော တောင်စဉ်အထပ်ထပ်ကို ဆေးပန်းချီခြယ်ထားသကဲ့သို့ ရှုမြင်ရပေမည်။ ဇီဇဝါ၊ ခွါညို၊နွယ်ချို၊ မိုးမခတောင်များကား ထိုတောင်စဉ်တောင်တန်းများအတွင်း၌ပါဝင်မည်။ ထိုတောင်စဉ်များအကြားမှ မြစ်ဖျားခံ၍စီးဆင်းလာသော လေးမြို့မြစ်ကြောင်းသည် မြွေတစ်ကောင်ပမာကောက်ကွေ့ရစ်ပတ်၍ စီးဆင်းနေမည်။ ရှည်လျားစွာကောက်ကွေ့စီးဆင်းလာနေသည့် လေးမြို့မြစ်ရေသည်လည်း ကြည်လင်အေးမြနေပေမည်။

လေးမြို့မြစ်ကမ်း၏တစ်ဖက်စီတွင် ကျယ်ပြန့်သောလယ်ကွင်းပြင်ကြီးများရှိမည်။ သည်ကွင်းပြင်ကြီးများကို စိမ်းမြမြတောင်တန်းများဖြင့် ဝိုင်းရံနေမည်။ သည်တောင်စွယ်တောင်တန်းများဝန်းကျင်၌ လေးမြို့ခေတ်

ရခိုင်ဘုရင်များ နန်းစံခဲ့ရာနန်းတော်ဟောင်းများ တည်ရှိပေမည်။ လေးမြို့မြစ်ဝှမ်းတလျှောက် ဝဲယာကမ်းနှစ်ဖက်တွင် ရာသီအလိုက်စိုက်ပျိုးသီးနှံများ၊ စိုက်ပျိုးဥယျာဉ်ခြံများဖြင့် စိမ်းစိုနေမည်။ ကျွန်တော်ကြားဖူးသည်ကား လေးမြို့မြစ်ဝှမ်းသည် မြေသြဇာထက်သန်၏။ သီးနှံဖြစ်ထွန်း၏။ လေးမြို့မြစ်ဝှမ်းသည် ရခိုင်ပြည်၏စပါးကျီတစ်ခုဖြစ်၏။

လေးမြို့မြစ်ကမ်းတောင်တန်းများပေါ်တွင် ကြည်ညိုဘွယ်ရာပုထိုးစေတီများကို စိတ်ကူးဖြင့်ဖူးမြင်မိ၏။ ထိုပုထိုးစေတီများမှ ဆည်းလည်းသံများ၊ လေးမြို့ပြည်သူတို့၏ အမျှဝေသံများ၊ သာဓုခေါ်သံများ၊ ကြေးစည်သံများသည် လေးမြို့ရေစီးသံနှင့်အတူ ပျံ့လွင့်နေပေမည်။ တသွင်သွင်စီးဆင်းနေသည့် လေးမြို့မြစ်ပြင်တွင် သစ်ဖောင်၊ ဝါးဖောင်များမျောနေကြပေမည်။ လောင်းလှေများအစုန်အဆန်လှော်ခတ်သွားလာနေကြပေလိမ့်မည်။ ထိုလောင်းလှေခတ်သူများ၏တေးသံများကိုလည်း ကြားကောင်းကြားရပေမည်။

လေးမြို့ရေကြည်မြစ်ကမ်းနံဘေးတွင်၊ ကြိုးကြာစက္ကဝက်။ ပိန်ညင်းငှက်တို့ ဟိုမှသည်မှ လူးလာပျံသွားနေကြသည်ကိုလည်းကောင်း၊ ဟင်္သာဖိုမမောင်နှံ၊ တောင်ပံယှက်၍၊ ဖော်ချင်းငယ်ဖက်ပျော်ပွဲဖွဲ့နေကြပုံကိုလည်းကောင်း၊ ဟိုမှာဖက်နှင့်သည်မှာဖက်ကမ်းသို့ ဖြတ်သန်းပျံလွှားနေကြသည့် တင်ကျီးငှက်တို့ကိုလည်းကောင်း၊ နေဝင်ဆည်းဆာအချိန်၌မြစ်ပြင်ကိုဖြတ်၍ အိပ်တန်းပျံနေကြသည့် ငွေဗျိုင်းဖြူတို့ကိုလည်းကောင်း မြင်ယောင်နေမိခဲ့ပါသည်။

နွေဦးရာသီ၊ လေရူးပွေစဆိုလျှင် လေးမြို့မြစ်ကမ်းတောတန်းတောင်စွယ်များ၌ ဥဩငှက်၏အလွမ်းဘွဲ့တေးသံကိုကြားလိုက ကြားနိုင်ရာသည်။ လေးမြို့ကမ်း၏နွေလယ်နေတွင် ရွှေဖီးခေါင်၏ကူသံကို ကြားလိုက ကြားနိုင်ရာသည်။ ကျေးငှက်တို့၏အလွမ်းတေးသံကို နားထောင်ရင်းဖြင့် ချစ်သူကိုလွမ်းလိုကလည်း လွမ်းနိုင်ရာသည်။ လေးမြို့ကမ်းဆီ၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့် လွမ်းဘွယ့်တွေတွေ၊ မြူခိုးဝေစဉ်အလွမ်းတေးသီကျူးလိုက သီကျူးနိုင်ရာသည်။

လေးမြို့မြစ်ဝန်းကျင်သည် နွေတွင်ကြွေလွင့်သော ရွက်ဝါများဖြင့်လည်းကောင်း၊ မိုးတွင်လွင့်စင်သည့် မိုးစက်ကလေးများဖြင့်လည်းကောင်း၊ ဆောင်း၏ပုလဲငွေနှင်းရည်ဥများဖြင့်လည်းကောင်း လှပနေပေမည်။

ဤသို့ဖြင့် လေးမြို့မြစ်ကမ်း၏အလှအပကို ဂီတမှတဆင့်စိတ်ကူးဖြင့် မှန်းဆမြင်ယောင်ခဲ့ဖူးပါသည်။ ယခုတော့လေးမြို့မြစ်ကမ်းတစ်နေရာကို ကျွန်တော်ရောက်ခဲ့ပါပြီ။ စစ်တွေမြို့မှ ဆရာမောင်ဗသိန်းက “ဆရာကို ကျွန်တော်ခေါ်စွာသုံးကြိမ်ယိုပါဗျာယ်၊ အေခေါက်၊ ကျောက်တော်၊ မြောက်ဦး၊ လေးမြို့၊ သီတင်းတစ်ပတ်လေ့လာရေးတို့ဆရာလိုက်ရပါဖို့၊ ကျွန်တော်၊ ဆရာရွှေသာခိုင်၊ ဆရာမပံသုခင် ရို့ဆရာ့ကိုစောင့်နိန်ပါရေ” ဟုခေါ်ဆောင်သဖြင့်၊ လေးမြို့မြစ်ကမ်းကို ကျွန်တော်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

နံနက် ၇-နာရီတွင် မြောက်ဦးမြို့မြနန်းသိင်္ဂီတည်းခိုရိပ်သာရှေ့မှ တရေလာဂျီကားကလေးဖြင့် ကျွန်တော်တို့ထွက်ခဲ့ကြသည်။ ကားကလေးသည် မြို့တွင်းလမ်းများအတိုင်း ကွေ့၍ထွက်လာခဲ့ပြီး၊ တဝဂူ၊ မျှော်တော်ယောင်စေတီများတည်ထားရာ တောင်ခြေမှ ညာဘက်သို့ချိုးကွေ့လိုက်သည်။ တဖက်တောင်ခြေတွင် ပရင့်စ်တည်းခိုရိပ်သာနှင့် ဝေသာလီဟိုတယ်တို့ကိုတွေ့ရသည်။ ဟိုတယ်ရှေ့ကျယ်ဝန်းသောရေအိုင်ကြီးတစ်ခု၌ ဖြူ၊နီ၊ဝါ၊ပြာ ရောင်စုံဖူးပွင့်နေကြသည့်ပန်းများဖြင့် ရှုမငြီးအောင်လှပနေသည်ကိုတွေ့ရပါသည်။ရောင်စုံပန်းများပွင့်နေကြကန်တဖက်၌တောင်ပေါ်မှစေတီတစ်ဆူကိုနောက်ခံပြုထားသောဝေသာလီဟိုတယ်မှာအလွန်ပင်လှပနေတော့သည်။

“ဆရာပြူး . . .အေးစေတီကို ရွှေတောင်စေတီဟု ခေါ်ပါရေ” ဟုပံသုခင်ကပြောပါသည်။

နိုဝင်ဘာလအတွင်းသို့ ဝင်ရောက်နေပြီဖြစ်သော်လည်း ကောင်းကင်၌မိုးရိပ်တို့မကင်းနိုင်သေးပေ။ နေခြည်နှင့်တိမ်တိုက်တို့ကောင်းကင်တွင် အားပြိုင်နေကြဆဲပင်။ မိုးလည်းမညီတော့။ ဆောင်းလည်းမပီသေး။ ကားကလေးက လျှင်မြန်စွာပြေးလွှားနေသဖြင့်၊ အေးမြမြခံစားရသည်။ အရာရာသည် ကျွန်တော့်အဖို့ အမြင်သစ်ဖြစ်နေသဖြင့် အေးချမ်းမှုကိုဂရုမပြုနိုင်။ လှပသောရှုခင်းများကိုသာ ကြည့်ရှုလိုက်ပါလာခဲ့မိပါသည်။

ကားလမ်းက ဖြောင့်ဖြူးလှသည်။ လမ်းဘေးတစ်ဖက်စီတွင် နိုင်ငံခြားပိတောက်ပင်များညီညာစွာ စိုက်ပျိုး

ထားသဖြင့် လုပစိမ်းစိုနေသည်။ မြောက်ပြန်လေကတော့ နိဒါန်းပျိုးနေပါပြီ။ အတန်ကြာသောအခါ ကားလမ်း၏ ဝဲယာတို့တွင် အလွန်ကျယ်ပြန့်သောလယ်ကွင်းများကို တွေ့ရသည်။ ကွင်းပြင်များအဆုံး မိုးကုတ်စက်ဝိုင်းအောက် ဟို . . .အဝေးကြီးတွင် တောင်တန်းများကို တွေ့ရပါသည်။

"အေဘက်ကလွင်ပြင်ကို ပုရိမ်လွင်ပြင်လို့ခေါ်ရေ။ ဟိုဘက်ကလွင်ပြင်ကတော့ လောင်းကြက်လွင်ပြင်ပါ၊ အေလွင်ပြင်တိစွာ နှစ်၂၀–လောက်မာ တစ်ခါစီရီလွှမ်းတတ်ပါရေ"

ဆရာမောင်ဇသိန်းပြသောလွင်ပြင်များကို ကြည့်မိသည်။ စပါးရိပ်သိမ်းခြင်းမပြုရသေးသဖြင့် လွင်ပြင်ကြီးများရွှေဝါရောင်လွှမ်းနေကြသည်။ လွင်ပြင်များကို တောင်တန်းငယ်များဖြင့် အကန့်လိုက်အကန့်လိုက်ပိုင်းခြားထားသည်။ ကောင်းကင်ဓါတ်ပုံအရ ပုရိန်မြို့တော်ဟောင်းနေရာသည် မြောက်ဦးမြို့၏အရှေ့ဘက်၄မိုင်အကွာ၊ စမ္ဗဝက်မြို့တော်ဟောင်း၏မြောက်ဘက် ၁၁မိုင်ခန့်တွင် ရှိပါသည်။ လေးမြို့မြစ်ဝှမ်းတွင် တည်ဆောက်ထားသော်လည်း ကုလားတန်မြစ်ဝှမ်းဒေသကိုထိန်းချုပ်နိုင်သောနေရာဖြစ်ပါသည်။ လောင်းကြက်မြို့တော်ဟောင်းနေရာနှင့်လည်း များစွာမကွာဝေးလှပေ။ မြို့တော်နှစ်ခုလုံးသည် အရှေ့ဖက်၌လေးမြို့မြစ်ကို မျက်နှာမူ၍တည်ဆောက်ခဲ့ကြသည်။

လေးမြို့ခေတ်တွင် ပုရိန်မြို့သည် ဒုတိယမြို့တော်ဖြစ်သည်။ သို့သော်ပုရိန်ခေတ်ဆိုသည်မှာ အေဒီ–၁၁၀၃တွင် လက်ျာမင်းနန်းတည်သည့် ပထမပုရိန်မြို့၊ အေဒီ–၁၁၂၃တွင် ဒသရာဇာတည်သော ဒုတိယပုရိန်မြို့၊ အေဒီ–၁၁၄၂တွင် မင်းဖုန်းစားတည်ထားခဲ့သည့် ခြိပ်မြို့၊ အေဒီ–၁၁၅၅တွင် ဓနုရူပေါမင်းတည်သော ဒုတိယစမ္ဗဝက်မြို့များကို ခြုံ၍ပုရိန်ခေတ်ဟုခေါ်ဆိုကြခြင်းဖြစ်ပါသည်။ လောင်ကြက်မြို့ကား လေးမြို့ခေတ်နောက်ဆုံးမြို့တော်ဖြစ်ပြီး အေဒီ–၁၂၅၀တွင်အလောမာဖြူမင်း စတင်တည်ထောင်ခဲ့ပြီး၊ အေဒီ–၁၄၀၄ခုနှစ်၊ မင်းစောမွန်လက်ထက်ထိ မင်း(၁၈)ပါးစိုးစံခဲ့ကြသည်။ လောင်းကြက်ခေတ်တွင် ထင်ရှားသောမင်းတို့ကား အလောမာဖြူ၊ မင်းတီးနှင့် မင်းစောမွန်တို့ဖြစ်ကြပါသည်။ လေးမြို့ခေတ်ရခိုင်မင်းများသည် စီးပွားရေးတောင့်တင်းမှု၊ နေရာဒေသလုံခြုံမှုကိုနောက်ခံပြု၍ လက်နက်နိုင်ငံငယ်များတည်ဆောက်ခဲ့ကြသည်။ ဗုဒ္ဓသာသနာတော် နေလို၊လလို ထွန်းပခဲ့ပြီး လေးမြို့မြစ်ဝှမ်းတခွင် ကြေးစည်သံလွင်၍ သာခုခေါ်သံလွှမ်းခဲ့သည်။ ပုရိန်ခေတ်ကကောလိယမင်းနှင့် သားတော်ဒသရာဇာတို့က သာသနာ့ဒါယကာသူရဲကောင်းများဖြစ်ကြသည်။ မဟာထီးဘုရားနှင့်ကျောက်စာတို့ကိုကြည့်လျှင် ကောလိယမင်း၏စွမ်းဆောင်မှုများကို အကဲခတ်နိုင်၏။ လောင်ကြက်တောင်မော်ကျောက်စာကိုလည်း ကောလိယမင်းရေးထိုးခဲ့သည်ဟု ဆရာရွှေသာခိုင်ပြောပြပါသည်။ ကောလိယမင်း၏သားတော်ဒသရာဇာမင်းကား ပျောက်ဆုံးနေသော မဟာမုနိဆင်းတုတော်ကို ပြန်၍ရှာဖွေသူ၊ မဟာမုနိသိမ်တော်ကိုပြန်လည်တည်ဆောက်သူ၊ သိကြားမင်း၏လက်နက်လုံ့ပျံကိုရရှိသူအဖြစ် ရခိုင်ရာဇဝင်တွင်ထင်ရှား၏။ အနူမင်းညို၏ ရခိုင်မင်းသမီးဧချင်းတွင် အလှူဒါနပြုရာ၌ သီရိဓမ္မာသောကမင်းနှင့် ဒသရာဇာမင်းနှစ်ပါးသာရှိသည်ဟု "ဘုရားမည်သာ၊ သာသနာ့ဝယ်၊ ဓမ္မာသောက၊ ဒသရာဇာ၊ ဤနှစ်ခါသည်၊ မျက်နှာမင်းချင်းဖူးတည့်လေ"ဟု ရေးဖွဲ့ထားခဲ့ပါသည်။

ပဥ္စမြို့တွင် အေဒီ–၁၀၄၃တွင် နန်းတက်သောမင်းယဉ်ဖြူသည် ရခိုင်ထေရဝါဒပိဋကတ်တော်ကို သင်္ဂါယနာတင်ခဲ့သေး၏။ လောင်းကြက်မြို့တော်တွင် ၉–ဆက်မြောက်သောမင်းထီးသည် အိန္ဒိယပြည်ဗုဒ္ဓဂါယာ၌၊ စေတီပုထိုးများပြုပြင်၍၊ ကျောင်းဇရပ်များဆောက်လုပ်လှူဒါန်းကြောင်း ဗုဒ္ဓဂါယာမဟာဗောဓိ ကျောက်စာသက်သေရှိပါသည်။

လောင်းကြက်ခေတ်နောက်ဆုံးဖြစ်သော မင်းစောမွန်ကား ရခိုင်သမိုင်းတိုးတက်ရေးအတွက် အလှည့်အပြောင်းကိုဆောင်ရွက်သူဖြစ်၏။ လေးမြို့ကိုခွါ၍မြောက်ဦးကိုတည်ဆောက်သူဖြစ်၏။ ထိုထိုသောမင်းများလက်ထက်က လေးမြို့မြစ်ဝှမ်းသည် မည်မျှစည်ပင်ဝပြောခဲ့လေမည်နည်း။ သည်တောင်တန်းတောင်စွယ်များတွင် ပုထိုးစေတီများဖြင့် မည်မျှတင့်တယ်၍၊ ဆည်းလည်းသံမည်မျှလွင်နေခဲ့မည်နည်း။ သို့သော်ယခုအခါ လေးမြို့မြစ်ဝှမ်း၌ ပုထိုးစေတီအပြိုအပျက်များ ဆင်းတုရုပ်ပွားအကျိုးအပဲ့များ၊ မြို့ရာနန်းရာအပျက်အစီးများသာ

လေးမြို့ခေတ်၏သမိုင်းအမွေအနှစ်များအဖြစ်မြင်တွေ့ရတော့၏။ သဘာဝရာသီဥတုဒဏ်၊ မြစ်ရေ၏တိုက်စားမှုဒဏ်၊ အနီးအဝေးရန်သူတို့၏တိုက်ခိုက်ဖျက်ဆီးမှုဒဏ် တို့ကိုကာလကြာရှည်ခံခဲ့ရပြီဖြစ်၍၊ လေးမြို့ခေတ်သမိုင်းအမွေအနှစ်များကို အခိုင်အမာမတွေ့ရတော့ပေ။

ဓညဝတီခေတ်၊ ဝေသာလီခေတ်၊လေးမြို့ခေတ်၊ မြောက်ဦးခေတ်၊ အင်္ဂလိပ်ခေတ်၊ လွတ်လပ်ပြီးခေတ် ဟူသောရခိုင်လူ့အဖွဲ့အစည်း ဖြစ်ထွန်းတိုးတက်မှုသမိုင်းစဉ်တွင် လေးမြို့ခေတ်သည်မည်သည့်အဆင့်သို့ ရောက်ရှိခဲ့သနည်း။ လေးမြို့ခေတ်သည်သမိုင်းစဉ်၏တိုးတက်မှုကို ဆောင်ခဲ့သလော။ သို့မဟုတ်ကျဆင်းမှုကိုဆောင်ခဲ့သလော။ သမိုင်းစဉ်ကိုယထာဘူတကျကျသုံးသပ်လျှင် လေးမြို့ခေတ်သည် သမိုင်းစဉ်တွင် ရခိုင်တို့အဖို့ တိုးတက်သောသမိုင်းခေတ်ဖြစ်၏။ အာရိယန်ယဉ်ကျေးမှုနှင့် မွန်ဂိုလွိုက်ယဉ်ကျေးမှုများမှ ရခိုင်ယဉ်ကျေးမှုစစ်စစ်ကို ဆန်ခါချယူသောခေတ်ဖြစ်၏။ သမိုင်းစဉ်အရ ရခိုင်လူမျိုးစု၊ ရခိုင်လူ့အဖွဲ့အစည်းဟူ၍ ပီပီပြင်ပြင်ဖြစ်ထွန်းတိုးတက်သောခေတ်ဖြစ်၏။ ကျောက်စာအထောက်အထားအရ ရခိုင်အက္ခရာ၊ ရခိုင်စာပေအရေးအသားတို့ကို ဝေသာလီမှအမွေဆက်ခံ၍ ပိုမိုကျယ်ပြန့်စွာဖြင့်၊ ခိုင်ခိုင်မာမာသုံးစွဲလာသောခေတ်ဖြစ်၏။ လေးမြို့ခေတ်သည် အေဒီ၁၁ ရာစုမှ ၁၅ရာစုအလယ်ပိုင်းထိ နှစ်ပေါင်း၄၀၀ကျော်ကြာမြင့်ခဲ့၏။

ရခိုင်နယ်မြေတွင် (အာနန္ဒစန္ဒြကျောက်စာအထောက်အထားအရ) ဘီစီ–၆ရာစုကပင် မြို့ပြနိုင်ငံထူထောင်ခဲ့၏။ ယင်းအချိန်မှအစပြုခဲ့သည့် ရခိုင်နယ်မြေ၏လူမှုစီးပွားရေး၊ ယဉ်ကျေးမှုတို့၏သမိုင်းစဉ်အဆက်ဆက်ကိုလေ့လာသောအခါ၊ သမိုင်းသည်တိုးတက်ချိန်နှင့် ကြုံခဲ့ရသကဲ့သို့ ကျဆင်းချိန်နှင့်လည်းကြုံခဲ့ရ၏။ လူ့ဘောင်တစ်ရပ်၏ပြောင်းလဲမှုဖြစ်စဉ်သည် တိုးတက်သည်ဆိုရာ၌ ယေဘုယျသဘောကိုသာ ပြောဆိုခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် လူနေမှုဘဝ၏အဓိကကျသော ကဏ္ဍများတွင် အဆင့်ဆင့်တိုးတက်မှုကိုတွေ့ရ၍၊ သမိုင်းသည်ယေဘုယျအားဖြင့် တိုးတက်သည်ဟုကောက်ချက်ချခြင်းဖြစ်ပေသည်။ ဤအချက်သည် သမိုင်းဖြစ်စဉ်၏ပြောင်းလဲမှုဖြစ်စဉ်ကို ရှုမြင်သောသမိုင်းဒဿနတရား၏အခြေခံသဘောတရားလည်းဖြစ်၏။

စီးပွားရေးအမြင်ပညာဖြင့်ကြည့်လျှင် တိုးတက်ဖြစ်ထွန်းလာသော ကုန်ထုတ်စွမ်းအားစု၏တောင်းဆိုချက်ကို၊ တည်ဆဲကုန်လုပ်ဆက်ဆံရေးကမလိုက်လျောနိုင်သည့်အခါ လူ့သမိုင်းတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ တည်ဆဲကုန်လုပ်ဆက်ဆံရေးကို တည်တံ့စေလိုသည့် အင်အားစုများက အသာစီးရနေလျှင် သမိုင်စဉ်တိုးတက်မှုနှောင့်နှေးမည်ဖြစ်သည်။ သို့သော်ထိုနှေးကွေးမှုသည် သမိုင်းစဉ်ကိုကြာရှည်ရပ်တန့်သွားအောင်နောက်ပြန်ဆုတ်သွားအောင် မစွမ်းဆောင်နိုင်ပေ။ အဟောင်းသည်ချုပ်ငြိမ်းရမည်ဖြစ်ပေသည်။

အထောက်အထားများအရ ဘီစီ–၂၀၀၀ခန့်က ရခိုင်မြေတွင် သမိုင်းဦးဘုံမြေခေတ်ဖြစ်၏။ ကျောက်ခေတ်နှောင်းဖြစ်၏။ ဆွေမျိုးစု၊ လူအုပ်စု၊ ကျေးရွာလူ့အဖွဲ့အစည်းမှ အစပျိုး၍၊ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမှု၊ ကုန်ဖလှယ်မှုနှင့်၊ ပုဂ္ဂလိကပိုင်ဆိုင်မှုတိုးတက်လာသည့်အခါ၊ ဓညဝတီမြို့ပြနိုင်ငံနှင့် နိုင်ငံတော်အာဏာပေါ်ပေါက်လာ၏။ ရခိုင်မြေသမိုင်းစဉ်တွင် ကျွန်ပိုင်ရှင်စနစ်နှင့် မြေရှင်စနစ်တို့ရောထွေးထွန်းကားခဲ့၏။ ဓညဝတီခေတ်နှင့် နှိုင်းစာလျှင် ဝေသာလီခေတ်နိုင်ငံတော်၊ ကုန်ထုတ်စွမ်းအားစု၊ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ကုန်ထုတ်လုပ်မှု။ ကုန်ဖလှယ်မှုတို့သည် များစွာသာလွန်တိုးတက်ခဲ့၏။ ကျယ်ပြန့်လာ၏။ နိုင်ငံတော်အာဏာ၏သက်ရောက်ရာနေရာ ပိုမိုကျယ်ဝန်းလာ၏။ ရခိုင်လူ့အဖွဲ့အစည်း၏ သမိုင်းဖြစ်စဉ်သည် လူ့သမိုင်းတိုးတက်မှု၏နိယမအတိုင်းပင်ဖြစ်သော်လည်း မညီညာသောတိုးတက်မှုဖြစ်စဉ်ဖြစ်၏။ ဓညဝတီပျက်ဆီးချိန်၊ ဝေသာလီကိုပူရေပူရမှ မဟာဝီရတိုက်၍ သိမ်းယူချိန်၊ အေဒီ–၇၃၀ခန့်မှ ၇၉၀ခန့်အထိ ပြည်တွင်းမငြိမ်မသက်ဖြစ်ခဲ့ချိန် ဝေသာလီခေတ်အဆုံး၊ မြောက်ဖက်မှမွန်ဂိုလွိုက်တို့အလုံးအရင်းနှင့် ဝင်ရောက်ခဲ့ချိန်များကား သမိုင်းစဉ်တိုးတက်မှုနှေးကွေးချိန်၊ နောက်ဆုတ်ချိန်များဖြစ်၏။ နောက်ပြန်ဆုတ်သည်ဆိုသည်မှာ စနစ်တကျကုန်ထုတ်လုပ်မှုမှ ပရမ်းပတာကုန်ထုတ်လုပ်မှု အသွင်ပြောင်းလဲခြင်း၊ အာဏာပိုင်စိုးမှုပြောင်းလဲ၍ ပြည်တွင်းမငြိမ်မသက်မှုဖြစ်ပွားခြင်းတို့၊ စစ်ပွဲများဆင်နွှဲရခြင်းတို့ကို ရည်ရွယ်ခြင်းဖြစ်ပေသည်။ သို့သော်ဤဆုတ်ယုတ်မှုသည် သမိုင်းစဉ်တွင် ယာယီမျှသာဖြစ်ပါသည်။

၁၁–ရာစုစသည်နှင့် လေးမြို့ခေတ်၏။ ပဥ္စာမြို့ကို အေဒီ–၁၀၁၈တွင် တည်ဆောက်၏။ လေးမြို့ခေတ်စသည်နှင့် ရခိုင်လူ့ဘောင်အဖွဲ့အစည်းသည် ရှေးကထက်ပိုမိုပီပြင်လာ၏။ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ စာပေ၊ သိပ္ပံပညာ၊ စီးပွားရေးကုန်ထုတ်လုပ်မှု ကဏ္ဍများတွင် ရှေ့သို့တဆင့်ခုန်တက်နိုင်ခဲ့၏။ သို့သော်လေးမြို့ခေတ်အတွင်း မြို့တော်များသည် မကြာခဏနေရာပြောင်းလဲမှုကို ထောက်ရှု၍ နိုင်ငံတော်အာဏာမတည်ငြိမ်သောခေတ်၊ နိုင်ငံတော်အာဏာ၏သက်ရောက်ရာနယ်မြေမတည်ငြိမ်သောခေတ်ဟု မှတ်ချက်ချရပေမည်။ လေးမြို့ခေတ်တွင် လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ကုန်ထုတ်စွမ်းအားစုများကို နိုင်ငံတော်ကစုစည်းထိန်းချုပ်နိုင်မှု ရှိခဲ့ဟန်မတူပေ။ သို့သော်ကုန်ထုတ်လုပ်မှုဖြစ်စဉ်တွင် လေးမြို့ခေတ်သည် ရခိုင်လူ့အဖွဲ့အစည်း၏တိုးတက်သောခေတ်ဖြစ်ပေသည်။ သို့သော်လေးမြို့ခေတ်နှင့်ပတ်သက်၍ တွေ့ရှိရသမျှအထောက်အထားများအရသုံးသပ်လျှင် လေးမြို့ခေတ်၏သမိုင်းစဉ်တိုးတက်မှုသည် တပြေးညီမရှိသော၊ မတည်ငြိမ်သော တိုးတက်မှုဖြစ်၏။ လူ့သမိုင်းတွင် ကုန်ထုတ်အရင်းအနှီးများ ပိုင်ဆိုင်လိုမှု၊ ကုန်ထုတ်စွမ်းအားစုများ အင်အား ပြိုင်လိုမှုဖြင့် ကျွန်ပိုင်ရှင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်တလျှောက် ကမ္ဘာ့မြေပြင်အနှံ့စစ်ပွဲများဆင်နွှဲခဲ့ကြ၏။ လေးမြို့ခေတ်တွင် အရှေ့နှင့်လည်းကောင်း၊ အနောက်နှင့်လည်းကောင်းဖြစ်ပွားခဲ့ရသောစစ်ပွဲကလေးများမှာ အခြေခံအားဖြင့် ယင်းကဲ့သို့သောစစ်ပွဲများပင်ဖြစ်ပေသည်။

ထေရဝါဒဗုဒ္ဓသာသနာသည် ဓညဝတီ၊ လေးမြို့ခေတ်များအပြင်၊ လေးမြို့ခေတ်၏အပေါ်ထပ်အဆောက်အအုံကိုရော၊ လူမှုအခြေခံဘဝကိုပါ၊ လူမှုရေးကိုယ်ကျင့်တရားနယ်၌ ဥပဒေများပြဋ္ဌာန်းခဲ့ပေသည်။ ထို့ကြောင့် လေးမြို့ခေတ်ရခိုင်ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုဖြစ်၏။ ထို့ကြောင့်ကျွန်ပိုင်ရှင်စနစ်၊ မြေရှင်စနစ် ရောထွေးထွန်းကားခဲ့သော လေးမြို့ခေတ်နိုင်ငံစနစ်သည် နူးညံ့ပျော့ပြောင်း၏။ လေးမြို့ခေတ်သည် ရခိုင်တို့အဖို့ ကုန်ထုတ်လုပ်မှုအသစ်၊ အတွေးအခေါ်အသစ်၊ သိပ္ပံပညာအသစ်၊ ဗုဒ္ဓဘာသာအခြေခံသော ယဉ်ကျေးမှုအသစ်တို့ကို ဖြစ်ထွန်းစေခဲ့၏။ တစ်ခါတရံအနည်းငယ်မျှသော ဆုတ်ယုတ်မှုများကို ကြုံတွေ့ရသည်မှအပ ယေဘုယျခြုံကြည့်လျှင် လေးမြို့ခေတ်သည် ရခိုင်တို့၏တိုးတက်သောခေတ်ဖြစ်၏။ ထို့ကြောင့်ပင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ယဉ်ကျေးမှုတို့၌ ပိုမိုအင်အားတောင့်တင်းသော မြောက်ဦးခေတ်သို့ခုန်ပျံတက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပေသည်။

နံနက်၈–နာရီကျော်ခန့်တွင် လောင်းကြက်ရွာသို့ရောက်သည်။ ကျွန်တော်တို့စီးနင်းလာသော ကားကလေးသည် ကွေ့ကောက်သောလောင်းကြက်ရွာလည်လမ်းအတိုင်း မောင်းနှင်ခဲ့၏။ လောင်းကြက်ရွာကားမြောက်ဦးမင်းပြားကားလမ်းပေါ်တွင် အသင့်အတင့် စည်ကားသောရွာငယ်ဖြစ်သည်။ ဈေးတန်း၊ဈေးဆိုင်၊ လက်ရည်ဆိုင်၊ မူလတန်းကျောင်း၊ ဗီဒီယိုရုံများဖြင့် ၊ လူအများသွားလာလှုပ်ရှားလျှက် သိုက်သိုက်မြိုက်မြိုက်ရှိသည်။ လောင်းကြက်ရွာလွန်လျှင် လယ်ကွင်း၏အရှေ့ဘက်၌ တောင်ကုန်းငယ်များတွေ့ရသည်။ ယင်းတောင်ကုန်းငယ်ကို လောင်းကြက်တောင်မော်ဦးခေါ်ကြောင်း၊ ယင်းတောင်ပေါ်တွင် ကောလိယဘုရားကြီးနှင့် လောင်းကြက်တောင်မော်ကျောက်စာရှိကြောင်း ဆရာရွှေသာခိုင်က ပြောပြသည်။ ဆယ်မိနစ်လယ်ကွင်းများကို ဖြတ်ကျော်ခဲ့သော ကားသည် တောင်မော်ဦးခြေရင်းတွင် ရပ်တန့်လိုက်သည်။ တောင်ကုန်းပေါ်တွင် ဘုန်းတော်ကြီးကျောင်းတစ်ဆောင်ကိုတွေ့ရသည်။ သစ်ပင်သစ်ရိပ်များဖြင့် အုံ့ဆိုင်၍နေချင်စဘွယ်ကောင်းသည်။ တောင်ကုန်းပေါ်သို့တက်သည့်လမ်းဘေး၌ လေးမြို့ခေတ်၌ထင်ရှားသော ဘုရင်မင်းထီး၏ရုပ်တုတစ်ခုကိုတွေ့ရပါသည်။ တောင်ကုန်းပေါ်သို့တက်၍ ကျောင်းကိုလွန်လျှင် ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူကို ပျက်စီး၍အကာအရံမဲ့နေသော သိမ်ပျက်တစ်ခုအတွင်း၌တွေ့ရပါသည်။ ရခိုင်သက္ကရာဇ် ၄၈၀–တွင် ပုရိန်ခေတ်က ကောလိယမင်းထုလုပ်ကိုးကွယ်ခဲ့ သဖြင့် ကောလိယဘုရားကြီးဟုခေါ်ဆိုပါသည်။ ပျက်စီး၍ပြုပြင်ထားသဖြင့် မူလလေးမြို့ခေတ်လက်ရာအစစ်အမှန်မဟုတ်တော့ကြောင်း ဆရာရွှေသာခိုင်ကပြောပြသည်။ ဆင်းတုတော်ကြီးမှာ ကျောက်တုံးကြီးတစ်တုံးကို ထုလုပ်ထားခြင်းဖြစ်ပြီး ဘူမိဗဿမုဒြာဖြစ်သည်။ ဉာဏ်တော်အမြင့် ပေရှိပါသည်။

"ဆရာပြူး . . .ဆရာပြူး အလွမ်းဖြေချင်နိန်ရေ လေးမြို့မြစ်ကမ်းလေ . . .အေမာကလာကြည့်ပါ"ဟု

ဆရာမပံသုခင်ကပြောပါသည်။ လေးမြို့မြစ်ကမ်း အလွမ်းပြေသီချင်းကို ကျွန်တော်နှစ်သက်ကြောင်း ဆရာမပံသုခင်အားပြောပြဖူးသဖြင့် ဆရာမကဤသို့ပြောခြင်းဖြစ်ပါသည်။ ကောလိယဘုရားကြီးသိမ်တော်နံရံကိုလက်တင်၍အရှေ့ဖက်သို့လှမ်းမျှော်ကြည့်လိုက်ပါသည်။

လေးမြို့မြစ်၏ရှုခင်းကို ကျွန်တော်မြင်တွေ့ရပါပြီ။ လောင်းကြက်တောင်မော်မှ လှမ်းမြင်နေရသောလေးမြို့မြစ် မြင်ကွင်းကားအလွန်လှပပါသည်။ တောင်မော်ဦးတောင်ခြေမြစ်ကမ်းတွင် ဆောင်းသီးနှံများစိုက်ပျိုးထားသည့် ကိုင်းကျွန်းမြေများကို စိမ်းစိမ်းလန်းလန်းမြင်ရသည်။ သည်ကိုင်းကျွန်းမြေများတွင် မြေပဲ၊ မတ်ပဲ၊ လက်ညှိုးတောင်ပဲ၊ ကောက်ညင်းပဲ၊ အာလူး၊ ငရုတ်၊ခရမ်း၊ ပြောင်း၊ မုံညင်းစသည်ဖြင့် ရာသီသီးနှံအစုံ စိုက်ပျိုးကြောင်းသိရသည်။ သည်စိုက်ခင်းများလွန်လျှင် မြောက်မှတောင်သို့မြွေတစ်ကောင်ပမာ ကွေ့ကောက်စီးဆင်းနေသောလေးမြို့မြစ်ပြင်ကိုမြင်ရပါသည်။ မြစ်လယ်တွင် ကျွန်းငယ်တစ်ခုကိုတွေ့ရပြီး ယင်းကျွန်းငယ်ပေါ်တွင်လည်းသီးနှံစိုက်ပင်များဖြင့် စိမ်းစိုနေသည်။ မြစ်ကြောင်းကို မြောက်ဘက်ရှိဟု အဝေးမှတောင်ကြားအထိမြင်ရပြီးတောင်ဘက်သို့ ရှုခင်းတဆုံးထိမြင်တွေ့ရသည်။

မြစ်၏အရှေ့ဘက်ကမ်းတွင် ကျယ်ပြန့်သောလယ်ကွင်းပြင်ကြီးရှိသည်။ သည်လယ်ကွင်းပြင်သည် မြစ်ကမ်းခြေမှအရှေ့ဖက်တောင်ခြေသို့ ငါးမိုင်ခန့်ကျယ်မည်ဟုခန့်မှန်းရပြီး တောင်မြောက်၂၅မိုင်ခန့်ရှည်လျားကြောင်း မောင်ဗသိန်းပြောပြပါသည်။ လယ်ကွင်းပြင်၏အရှေ့ဘက်တောင်ကုန်းငယ်ကလေးများအပေါ်တွင် ထုံးဖြူဖြူဖွေးစေတီများကို ကြည်ညိုဘွယ်ရာလှမ်းမြင်ရပါသည်။ ယင်းတောင်တန်းငယ်များ၏အရှေ့ဖက်သို့ကား တစ်ဆင့်ပြီးတစ်ဆင့်မြင့်၍မြင့်၍တင်သွားသော မှိုင်းညိုညိုတောင်တန်းများကား ဝေး၍ဝေး၍သွားပြီး၊ အဝေးဆုံးနေရာတွင်၊ အာကာကိုကြောခိုင်း၍ မားမားမတ်မတ်ရပ်တည်နေသော ရိုးမတောင်တန်းကြီးကို မြင်တွေ့နေရပါသည်။ ရိုးမ၏အထက်တွင်ကား ရေလှိုင်းပမာတိမ်ညွှန့်ကလေးများဖြင့် အလှဆင်နေသည်။ သည်မြစ်ကမ်းသည် မြစ်ပြင်နှင့်သည်တောင်စဉ်တန်းများအလှအပကို သရုပ်ပေါ်အောင်ကျွန်တော်မရေးဖွဲ့တတ်ပါ။ နံနက်နေခြည်နုနုပက်ဖျန်းထားသော သည်မြင်ကွင်းသည် မယုံဝံ့မယုံရဲစရာလှပနေသည်။ မြင်ရသူအဖို့ ဆွတ်ပျံ့ကြည်နူးဖွယ်ဖြစ်ပါသည်။ ကိုဦးမောင်သိန်း၏ဂီတသံဖြင့် ကျွန်တော်မြင်ယောင်နေခဲ့သည့်စိတ်ကူးအိပ်မက်ထဲမှ ရှုခင်းထက်ပင်ပို၍ လှပနေသည်ကို တွေ့ရသည်။

သည်သို့သောမြင်ကွင်းမျိုးကြောင့်ပင် မြောက်ဦးခေတ်အစောပိုင်းက အင်းဝမှရောက်ရှိခဲ့ဘူးသည့် မြန်မာစာဆိုရှင်မဟာရဋ္ဌသာရသည် “ဆောင်းဆောင်းဆိုင်းဆိုင်း၊ ပြိုင်းရရိုင်းတည့်၊ မှိုင်းမှိုင်းအုပ်တွေ၊ ဝေဝေမို့မို့၊ ညို့ရရို့နှင့် ၊ မြသို့ရှိမ်းရှိမ်း၊ ခပ်သိမ်းတောတောင်၊ကုန်အောင်ပတ်ကုန်း၊ မြော်မဆုံးသည်၊ နှလုံးများဘွယ်ရှိလှသည်” ဟု“ရခိုင်ဒေသရေမြေတောတောင်သဘာဝ၏ အလှအပဖြင့် ဇာတိဌာနီအင်းဝပြည်ကိုလွမ်းခဲ့ဘူးပါသည်။

“ရောက်ဖူးသူတိုင်းသိပါလိမ့်မေ့၊အဝီကပင်ဆိုင်းဆိုင်းရိပ်သွင်ချေ၊ တောင်ပြာပြာကရံဆီးလို့ ရှီးရှီးကသမိုင်းဝင်နယ်မြေ . . .ပဥ္စာပုရိန်နရဋ္ဌရာ တောင်ငူလောင်းကြက်မြို့တည်ခဖူးရေး . . .အဥ္စနရွှေမျိုးထွက်ဖူးခရေမြေ . . .ဒေမြစ်ကမ်းတစ်ဖက်တစ်ချက်မှာ . . . သမိုင်းဝင်ဘုရားတိနန့် . . .ဉယျဉ်ခြံမြေ သာယာစိုပြေ”

နိဝင်ဘာဆောင်းဦး၏ ချိုမြိန်သောကောက်သစ်ရနံ့ သင်းပျံ့ပျံ့ကို အာရုံခံစားလျှက် စမ္ပာဝက်လွင်ပြင်နှင့်တောင်ငူလွင်ပြင်ကို ငေးမောကြည့်ရှု့နေသော ကျွန်တော်သည် ကိုဦးမောင်သိန်း၏တေးသံကို ကြားယောင်လာပြန်ပါသည်။

“ရခိုင်မင်းသမီးဇချင်းမာ ရှေ့ဆီပြုဗ္ဗာ အာကာမှီခိုင်း တောင်ပြိုင်းပြိုင်း၌ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး–မွှန်ကြယ်မြူးသို့ . . . မြောက်ဦးရွှေနန်း၊ တည့်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူတူးတည့်လေ” ဆိုစွာ အေပိုင်ရှုခင်းတိကို ကြည့်ပနာအဒူမင်းညိုရီးခစွာပါ။ ရှေ့ဆီပြုမှာ–အာကာမှီခိုင်း–တောင်ပြိုင်းပြိုင်း၌ ဆိုင်းဆိုင်းမဏ္ဍိုင်’ ဆိုရေအဖွဲ့အနွဲ့စွာအေသဘာဝအလှကို ဖော်နိုင်ရေအပြင်။ အားလေးအလွန်ယိုရေစကားလုံးတိကို ရှီးပနာဖွဲ့ခစွာပါ” ဟု မောင်ဗသိန်းက ကျွန်တော်အားပြောပြပါသည်။

လောင်းကြက်တောင်မော်ကျောက်စာသို့ ကျွန်တော်တို့ရောက်သောအခါ နေအတော်ပွင့်လာနေပြီ။

ကောင်းကင်တွင်မိုးရိပ်များကင်းရှင်းသွားပေပြီ။ သည်ကျောက်စာတွင် 'သကြစ် ၄၈၀ ကောလိယမင်း'ဟုပါရှိသည်ဟု မောင်ဒေဝ(မြောက်ဦး)ရေးဖူးသည်။ ဆရာရွှေသာခိုင်ကလည်း ကောလိယမင်းကျောက်စာဟုပြောပါသည်။ ကျောက်စာအများစုမှာ ဖတ်၍ပင်မရနိုင်တော့ပေ။အလျား၂၀ပေ၊ အမြင့်၁၅ပေ၊ ထု–၂၀ပေခန့်ရှိသဘာဝကျောက်ဆောင်ကြီးတွင် ရေးထိုးထားခြင်းဖြစ်ပြီး၊ နှစ်ပေါင်း၈၀၀ကျော်သဘာဝရာသီဥတုဒဏ်ကို ဖြတ်သန်းလာရသဖြင့် စာများပျက်စီးနေပြီ။

ကျောက်စာရေးထိုးခဲ့သော သဏ္ဌာန်မှာ လေးထောင့်အလုံးများဖြစ်သည်။"ငါနှင့်တူသူလူတွင်မဟိ"ဟူသော အရေးအသားများကို နေရာအနှံ့တွေ့ရသည်။ ကျွန်တော်ဖတ်၍ရသလောက်"အရှေ့ကိုလည်းငါပိုင်၏။အနောက်ကိုလည်း ငါပိုင်၏။ ငါနှင့်တူသူလူတွင်မဟိ။ ဘုရားကိုလည်းကြည်ညို၏။ တရားကိုလည်းကြည်ညို၏။ငါနှင့်တူသူလူတွင်မဟိ။ အရှေ့ကိုလည်း တသိန်းလှူ၏။ အနောက်ကိုလည်း တသိန်းလှူ၏။ ငါနှင့်တူသူလူတွင်မဟိ" ဟုတွေ့ရပါသည်။

ဤကျောက်စာတွင် တွေ့ရှိရသောအချက်များသည် ရာဇဝင်များတွင်ဖော်ပြသော ကောလိယမင်း၏ စာကြောင်းနှင့် ကိုက်ညီနေသည်ကို တွေ့ရပါသည်။ကျောက်စာသည်ပုရိန်နှင့်လောင်းကြက်နယ်မြေအတွင်း၌တည်ရှိသည်။ ဤကျောက်စာသည် ကောလိယမင်းတည်ထားခဲ့သော ကောလိယဘုရားကြီးအနီးတွင်တည်ရှိသည်။ အက္ခရာအရေးအသားမှာ လေးမြို့ခေတ်အစောပိုင်းကာလက အရေးအသားမျိုးဖြစ်သောကြောင့် ဤကျောက်စာသည် သက္ကရာဇ်–၄၈၀တွင်နန်းတက်သော ကောလိယမင်း ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။

လေးမြို့ခေတ်တွင် ရခိုင်မင်းတို့ဘုန်းမင်းနေလတောက်ပခဲ့ကြ၏။ ဗုဒ္ဓသာသနာတော် နေလို၊ လလိုထွန်းပခဲ့၏။ လေးမြို့ခေတ်သည် ရခိုင်သမိုင်းတွင် ရခိုင်လူ့အဖွဲ့အစည်း၊ ရခိုင်ယဉ်ကျေးမှု၊ ရခိုင်စာပေဟုပီပီပြင်ပြင်ပေါ်ပေါက်ခဲ့သောခေတ်ဖြစ်၏။ သည်မြေ၊ သည်ရေ၊ သည်ဝန်းကျင်တွင်လေးမြို့ပြည်သူတို့ အေးချမ်းသာယာခဲ့၏။ အမှန်တော့လေးမြို့ခေတ်သည် ရခိုင်တို့အဖို့အောက်မေ့ဘွယ်ရာခေတ်ဖြစ်၏။

လေးမြို့ကမ်းသည်လွမ်းစရာကမ်းဖြစ်၏။

"လေးမြို့ကမ်းကို သတိရပါကေလေး . . . တေးခြင်းဆိုလို့အလွမ်းကိုဖြေပါရေ . . . (အယင်ခေါက်ရခိုင်မြေ . . .အယင်ခေါက်ရခိုင်မြေ . . .ပဖောင်ပဖောင်သာယာခရေ . . .စိတ်မှာမှန်းလို့ လွမ်းမိပါယင့်လေ . . ."

ကိုဦးမောင်သိန်း၏တေးသံကို ကျွန်တော်ကြားယောင်လာမိပါသည်။

လေးမြို့ခေတ်သည် ရခိုင်တို့၏ခေတ်။ လေးမြို့ခေတ်သမိုင်းသည် ရခိုင်တို့၏သမိုင်း၊ လေးမြို့ခေတ်ယဉ်ကျေးမှုသည် ရခိုင်တို့၏ယဉ်ကျေးမှု။ လေးမြို့ခေတ်စာပေသည် ရခိုင်တို့၏စာပေဖြစ်၏။ သမိုင်းအမွေအနှစ်အနည်းအကျဉ်းသာတွေ့ရသေးသည့်၊ လေးမြို့ခေတ်၏သမိုင်းသည် ပိုမိုပီပြင်လာစေရန်၊ ကျွန်တော်တို့ကြိုးစားကြရပေဦးမည်။

လောင်းကြက်တောင်မော်ဦးကျောက်စာအနီးမှ အရှေ့ဖက်လေးမြို့မြစ်ရှုခင်းကို ကြည့်ရှုမိပါသည်။ ရှေ့ဆီပြုဗ္ဗာအာကာမှိုင်း၊တောင်ပြိုင်းပြိုင်းတို့ကား ရှုမငြီးနိုင်လောက်အောင်လှပနေသည်။ ကျွန်တော့်အာရုံတွင် စာရေးဖေါ်မိတ်ဆွေကြီး မောင်ခိုင်အောင်၏ လေးမြို့ကဗျာတစ်ပိုင်းတစ်စကို သတိရလိုက်သည်။

မတ်စောက်တဲ့ ကမ်းပါးထိပ်ကနေ အရှေ့ဖက်ကိုမျှော်ကြည့်မိတယ်။

စာအုပ်ရှားပါးတဲ့သည်မြေမှာ ၊ ဝါးတောတွေပိန်းပိန်းထပ်လို့ပေါ့

သည်ဝါးတွေကို စက္ကူလုပ်ပြီး

အဲဒီစက္ကူပေါ်မှာ၊ ငြိမ်းချမ်းလှပတဲ့လေးမြို့သမိုင်းသစ်ကို

ဘယ်သူရေးပါ့မလဲ . . .တဲ့။

# “ရမ်းပြည့် တောင်ကျောင်းဆရာတော်၏ သမိုင်းဒဿန”

ရခိုင်လူမျိုးများတွင် အစဉ်အဆက်ရေးသားလာခဲ့ကြသည့် ရာဇဝင်ကျမ်း(၄၈)စောင်ရှိသည်ဟု ကြားဖူး ဖတ်ဖူးပါသည်။ ယင်းကျမ်းများအားလုံးလေ့လာပါမှ ရခိုင်ရာဇဝင်ကို ပြည့်ပြည့်စုံစုံသိရှိနိုင်သည်ဟုလည်း မှတ်သားဖူးပါသည်။ ရာဇဝင်(၄၈)စောင်းဆိုသည်မှာ ရာဇဝင်ကျမ်မျာအပြင် အရေးတော်ပုံကျမ်းများ၊ ဘုရား သမိုင်းများ၊ မော်ကွန်းများ၊ ရာဇဝင်လင်္ကာများ၊ မြို့တည်ခန်းများ၊ ပျို့များ၊ ရာဇဝင်သားခြင်းများနှင့် ဧချင်းများကို ပါထည့်သွင်းရေတွက်ခြင်းဖြစ်မည်ဟု အချို့သုတေသီများက ပြောဆိုကြပါသည်။

ကျွန်တော်တို့ယခုအခါ ရှာဖွေရရှိထားသမျှတွင်၊ ရာဇဝင်သမိုင်းကျမ်းဟုဆိုနိုင်လောက်သည့် ကျမ်း(၈)စောင်မျှသာတွေ့ရပါသေးသည်။ ထိုရခိုင်ရာဇဝင်ကျမ်းများကို ရဟန်း၊ ပုဂ္ဂိုလ်၊ အသီးသီးတို့ရေးသားခဲ့ ကြပါသည်။ ယခုအခါ ရရှိထားသည့် ရခိုင်ရာဇဝင်ကျမ်းများအနက် ရခိုင်သမိုင်းသုတေသီများ၊ အများဆုံးအသုံး ပြုနေကြသည့် သမိုင်းကျမ်းမှာ၊ ရမ်းပြည့်တောင်ကျောင်းဆရာတော် ရှင်စန္ဒမာလာလင်္ကာရရေးသားပြုစုခဲ့သည့် “ရခိုင်ရာဇဝင်သစ်ကျမ်း”ပင်ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် မူအမျိုးမျိုးကွဲပြားနေသော ရှေးရခိုင်ရာဇဝင်ကျမ်းများစွာကို စုစည်း၍၊ ရာဇဝင် ကျမ်းများကို တိုက်ဆိုင်ညှိနှိုင်းကာ ရခိုင်ရာဇဝင်သစ်ကျမ်းကိုပြုစုတော်မူခဲ့သည်။ ဆရာတော်၏ရခိုင်ရာဇဝင်သစ် ကျမ်းတွင် ရှေးပဝေဏီကာလမှစ၍ ရခိုင်ပြည်ကိုဗြိတိသျှတို့အုပ်စိုးသည့်ကာလတိုင်အောင် သမိုင်းဖြစ်ရပ်များ ကို မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။

သမိုင်းကျမ်းတစ်စောင်ကို ရေးသားပြုစုရာတွင် ကျမ်းဆရာသည် မိမိကသတိထားသည်ဖြစ်စေ၊ သတိမ ထားသည်ဖြစ်စေ၊ မိမိယုံကြည်သည့်ဒဿနအမြင်တစ်ရပ်ကို အခြေပြု၍ရေးသားတတ်မြဲဖြစ်ပါသည်။ ပြုစုရေး သားသည့် ကျမ်းဆရာ၏သမိုင်းဒဿနအမြင်ကို သမိုင်းစဉ်ဖော်ပြချက်အရေးအသားအတွင်း၌လည်းကောင်း၊ ယင်းကျမ်း၏နိဒါန်းပိုင်းတွင်လည်းကောင်း တွေ့ရှိရတတ်ပါသည်။ စာရေးသူသည် သမိုင်းဒဿနပညာရပ်ကို သင်ယူလေ့လာခဲ့သည့်အလျှောက် ဤဆောင်းပါးတွင် ဆရာတော်ဘုရားကြီး၏ သမိုင်းဒဿနအမြင်ကို ရှာဖွေဖော် ထုတ်ရန်ကြိုးစားထားပါသည်။ ယင်းသို့မဖော်ပြမီ ဆရာတော်ဘုရားကြီးနှင့်ခေတ်ပြိုင်အနောက်တိုင်းသမိုင်းဒဿန ပညာရှင်အချို့၏သမိုင်းအမြင်ကို အကျဉ်းငယ်မျှတင်ပြထားပါသည်။ အနောက်တိုင်းပညာရှင်များ၏ သမိုင်း အမြင်နှင့် ဆရာတော်ဘုရားကြီး၏သမိုင်းအမြင်မည်သို့ကွဲပြားခြားနားသည်ကို ခွဲခြားသိမြင်နိုင်ရန် ဖြစ်ပါသည်။

လူ့သမိုင်းသည် လူတန်းစားတိုက်ပွဲများ၏သမိုင်းဖြစ်သည်ဟု Kara Marx(1818-1883)ကရေးသားခဲ့ပါ သည်။ လူ့သမိုင်းသည် တစ်ခါတစ်ရံကြီးမားသော နောက်ဆုတ်ခြင်းများမရှိပဲ ရှေ့သို့သာချောမောပြေပြစ်စွာ အစဉ်တိုးတက်နေသည်ဟု ယူဆလျှင်၊ ယင်းသည်ယထာဘုတမကျသော၊ သိပ္ပံနည်းမကျသော၊ သဘောတရား ရေးအရမှားယွင်းသော အယူအဆတစ်ရပ်ဖြစ်သည်ဟု V.I, Lenin (1870-1924)ကဆိုခဲ့သည်။

ကမ္ဘာ့ဒဿနသမိုင်းတွင် သမိုင်းဒဿနဆိုင်ရာအတွေးအခေါ်များကို ရှေးဟောင်းဂရိခေတ်ကပင် စတင်တွေ့ ရှိရသော်လည်း၊သမိုင်းဒဿနပညာရပ်တစ်ခုအနေဖြင့်ထင်ရှားလာသည်ကား ဉာဏ်သစ်လောင်းခေတ် (The Age of Renaissance)တွင်မှဖြစ်ပါသည်။ St. Augustine (354-430)၏ခေတ်မှ Thomas Aquinus(1225-1274)၏ခေတ်အထိ၊ ခရစ်ယန်ကျောင်းတော်ဝါဒ (Scholasticism)လွှမ်းမိုးခဲ့သော၊ နှစ်တစ်ထောင်ခန့်ရှည်လျား သည့် ဉရောပသမိုင်းကာလကို၊ သမိုင်းပညာရှင်များက ဉရောပအမှောင်ခေတ်(TheDarkAge)ဟုသတ်မှတ်ရေးသား ကြပါသည်။ ၁၈–ရာစုအတွင်း၌ Montesquieu (1689-1755), Voltaire (1694-1778), Rousseau (1712-1778) စသည့် တွေးခေါ်ရှင်များက အမှောင်ခေတ်ကျောင်းတော်ဝါဒ၏သမိုင်းဒဿနများကို ဆန့်ကျင်တော်လှန်ခဲ့ကြပါသည်။

၁၉–ရာစုအစပိုင်းတွင် ဉရောပသမိုင်းဒဿနလောက၌ ဩဇာကြီးမားခဲ့သူကား ဂျမန်ဒဿနပညာရှင် ပါမောက္ခ G.W.F. Hegel (1770-1831)ဖြစ်၏။ သူ၏သမိုင်းဒဿနကို Reason in History စာအုပ်တွင် အပြည့်စုံဆုံး တွေ့ရ၏။ သူ၏သမိုင်ဒဿနအနှစ်ချုပ်မှာ လူ့သမိုင်းသည် နိယမတရားနှင့်အညီ၊ ဒိုင်ယာလက်တစ်နည်းကျကျ

ပြောင်းလဲတိုးတက်နေသည်။ လူ့သမိုင်းပြောင်းလဲတိုးတက်မှုဖြစ်စဉ်သည် အနန္တဝိဉာဉ်တော်ကြီး(Absolute Idea)၏ဖြစ်စဉ်၊ အနန္တဝိဉာဉ်တော်ကြီး၏စိတ်ကူး(ဝါ)ဆင်ခြင်တုံတရားအတွင်း၌ အကျုံးဝင်သည်။ လူ့သမိုင်းသည် ထိုအနန္တဝိဉာဉ်တော်ကြီး၏အလိုဆန္ဒအတိုင်း၊အနန္တဝိဉာဉ်တော်ကြီးဆီသို့ ရွေ့လျားနေသည်။

Hegel ၏သမိုင်းဒဿနများသည် လွှမ်းစွာနက်နဲ၍သြဇာလွှမ်းမိုးခဲ့သော်လည်း၊ ၁၉–ရာစုအတွင်းသူ၏ဒဿနများကို ဆန့်ကျင်သောဒဿနပညာရှင်များပေါ်ပေါက်ခဲ့၏။ ယင်းတို့အနက်ထူးခြားသူနှစ်ဦးမှာKarl Marx နှင့် F.Engels(1820-1895)တို့ဖြစ်ကြ၏။ ယင်းတို့နှစ်ဦး၏ဒဿနကို ၂၀–ရာစုအထိသယ်ဆောင်၍ ကမ္ဘာတဝှန်းသြဇာကြီးမားလာစေရန်ဆက်ခံခဲ့သူကား V.I.Lenin ဖြစ်ပါသည်။ သူတို့သည် သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒကို စတင်ဖော်ထုတ်သူများအဖြစ်လည်းကောင်း၊ လူ့သမိုင်း၏လူမှုတိုးတက်ရေးဥပဒေသများကို သိပ္ပံနည်းကျတင်ပြနိုင်ခဲ့သူများအဖြစ်လည်းကောင်း၊ ဂုဏ်ပြုခံရသူများဖြစ်၏။ သူတို့ကလူ့သမိုင်းသည် လူတန်းစားတိုက်ပွဲသမိုင်းဖြစ်၍၊တစ်ခါတစ်ရံကြီးမားသော နောက်ဆုတ်မှုများရှိသော်လည်း၊ ကြောင်လိမ်လှေကားပမာတိုးတက်နေသည်။ လူအဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတိုးတက်မှုနှုန်းကွဲပြားသည်။ လူ့သမိုင်းသည် ဆိုရှယ်လစ်လူ့ဘောင်သို့သွားနေသည်။ လူတန်းစားမဲ့သော လူ့ဘောင်ကြီးသို့ ရွေ့လျားနေသည်ကို တိုးတက်နေသည်ဟု ယူဆခဲ့ကြသည်။

သို့သော်ယင်းတို့အသက်ထင်ရှားရှိစဉ်အတွင်း၌လည်းကောင်း၊ ယင်းတို့ကွယ်လွန်ပြီးမှလည်းကောင်း၊ ယင်းတို့၏သမိုင်းဒဿနများကို ဆန့်ကျင်တွေးခေါ်ပညာရှင်အများအပြားပင်ပေါ်ထွန်းခဲ့၏။ ယင်းတို့အနက်သမိုင်းဆိုင်ရာအဆိုးမြင်ဝါဒကို တင်ပြခဲ့ကြသည့် Schopenhauer (1788-1860), Nietzsche (1844-1900),နှင့် Rickert (1863-1936)တို့သည်လည်းကောင်း၊ ဆုံလည်စက်ဝိုင်းသမိုင်းအမြင် (The Cycle Theory of History) ကိုတင်ပြခဲ့ကြသည့် Spenglar(1880-1936) နှင့် Arnold Toynbee (1889-1975) တို့သည်လည်းကောင်း၊ သမိုင်းဆိုင်ရာပေါင်းဆုံခြင်းသီအိုရီ(Convergence Theory) ကို တင်ပြလျှက်ရှိကြသည့် Raymond Aron, Drucker, P.A. Sonokin တို့မှာ ထင်ရှားသူများဖြစ်ကြပါသည်။

ပေါင်းဆုံခြင်းသီအိုရီသမိုင်းဒဿနကိုတင်ပြသော Raymond Aron က "စက်မှုလူ့အဖွဲ့အစည်းသည်ပို၍ယေဘုယျကျသည်။ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်ဆိုသည်မှာ စက်မှုလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းများသာဖြစ်သည်။"ဟုဆိုပါသည်။ Drucker က "စက်မှုထွန်းကားသောလူ့အဖွဲ့အစည်းသည် အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်တို့နှင့်တူ။ ယင်းစနစ်နှစ်ရပ်လုံးထက်ပို၍အဆင့်မြင့်မားသော လူ့အဖွဲ့အစည်းအသစ်ဖြစ်သည်"ဟုရေးသားထားပါသည်။Sorokin က "စနစ်နှစ်ရပ်သည် တဖြည်းဖြည်းပေါင်းစည်းလာသည်။ အရင်းရှင်စနစ်၊ ကွန်မြူနစ်စနစ်တို့နှင့်မတူ၊ တမူကွဲပြားသောအလယ်အလတ်ပုံစံလူ့အဖွဲ့အစည်းသို့ရွေ့လျားနေသည်"ဟု သူ၏သမိုင်းအမြင်ကိုဖော်ပြပါသည်။

ယင်းတို့၏ဒဿနအမြင်များနှင့်ပတ်သက်၍ "အမေရိကန်နှင့်အနောက်အုပ်စု ဥရောပသမိုင်းဒဿနပညာရှင်များသည် လူမှုတိုးတက်ရေးဒဿနများကို ဆန့်ကျင်ကြသည်။ ယင်းတို့သည် မိမိတို့၏ခေါင်းဆောင်မှုကို အခြားသူများလက်တွင်းသို့လွှဲအပ်ရမည်ဆိုသောအခါ မည်သို့မျှဘဝင်မကျနိုင်တော့ပေ"ဟုပါမောက္ခ E.H. Carr ကဝေဖန်ခဲ့သည်။ ပါမောက္ခ Sidney Pollard ကလည်း၊ "အရင်းရှင်လူတန်းစားသည် လူ့သမိုင်းတွင် မိမိတို့အခန်းကဏ္ဍကျဆုံးတော့မည်ကို သိလာသောအခါ၊ လူမှုတိုးတက်ရေးဥပဒေများကို တိုက်ခိုက်လာပြီး၊ သမိုင်းဆိုင်ရာအဆိုးမြင်ဝါဒကို ဆုတ်ကိုင်လာကြသည်"ဟုရေးသားထားပါသည်။

၁၈–ရာစုအတွင်းကထင်ရှားခဲ့သည့် အင်္ဂလိပ်သမိုင်းဆရာကြီးGibborne (1737-1794) က "သမိုင်းဆိုသည်မှာလူ့လောကကြီး၏ရာဇဝတ်မှုများ၊ မကောင်းမှုများကိုမှတ်တမ်းတင်ထားခြင်းသာဖြစ်သည်"ဟုဆိုပေသည်။သူ သည်သက်ရှိထင်ရှား ရှိစဉ်က အမေရိကန်တော်လှန်ရေး၊ ပြင်သစ်ပြည်တွင်းစစ်ပွဲများကို မြင်တွေ့ခဲ့ရသည့်အပြင်၊ သြစတြီးယားထီးနန်း ဆက်ခံရေးစစ်ပွဲ၊ အင်္ဂလိပ်စပိန်(၇)နှစ်ကြာရေကြောင်းစစ်ပွဲတို့ကိုလည်း ကြုံတွေ့ခဲ့ရသည်။ သူသည်ရောမသမိုင်း ကို လေ့လာခဲ့စဉ်က လင်ကြီးကိုသတ်၍ လင်ငယ်ကိုနန်းတင်သောမိဖုရား၊ သစ္စာမဲ့စစ်သူကြီးများ၊ အကျင့်ပျက် လဒ်စားသောအမှုထမ်းများ၊ အကျင့်ပျက်၍ သေရည်မူးနေသောဘုရင်များ၊သွေးချောင်းစီးစစ်ပွဲများ၊ အာဏာလုပွဲများကို တွေ့ခဲ့ရသည်။ ယင်းနောက်သူသည် "ရောမလက်နက်နိုင်ငံတော်ကြီး

ပျက်စီးခြင်း”ကျမ်းကိုရေးခဲ့သည်။ သူသည်လူ့သမိုင်းတွင် မကောင်းမှုများနှင့်ရာဇဝတ်မှုများကိုတွေ့ခဲ့ရသည်။ ထိုအခါသူ၏ဒဿနတွင် သမိုင်းသည် မကောင်းမှုများ၏မှတ်တမ်းဖြစ်ခဲ့ရသည်။ ၁၉–ရာစုထင်ရှားသော ဒဿနပညာရှင် Nietzsche ကလည်း လူသမိုင်းသည် အနိဋ္ဌာရုံများ၏ သမိုင်းဖြစ်သည်ဟုဆိုခဲ့ဖူးပါသည်။

ဥရောပတွင် ဘူဇွာတော်လှန်ရေးနောက်ပိုင်း အရင်းရှင်စီးပွားရေးစနစ်နှင့် စက်မှုသိပ္ပံပညာရပ်များတိုးတက်လာသောအခါ၊ သမိုင်းဒဿနပညာရှင်များက လူ့သမိုင်းသည် ဘုရားသခင်အလိုတော်ကျပြောင်းလဲတိုးတက်နေသည်ဟုရှုမြင်ခဲ့ကြသည်။ ဆိုရှယ်လစ်သမိုင်း ဒဿနများထွန်းကားလာပြီးနောက်၊ ၁၉၁၇–ခုနှစ်တွင် ရုရှားတော်လှန်ရေးအောင်မြင်ပြီး၊ ဆိုရှယ်လစ်စနစ်သည် ၁၉၃၇–ခုနှစ်တွင် ကမ္ဘာ့အကျယ်အဝန်း၏ ၂၅.၉ရာခိုင်နှုန်း၊ ကမ္ဘာ့လူဦးရေ၏ ၃၅ရာခိုင်နှုန်းဖြစ်လာသည်။ ကမ္ဘာ့စက်မှုကုန်ထုတ်လုပ်မှုတွင် ၁၉၃၇–ခုနှစ်က ၁၀ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၁၉၅၀–ခုနှစ်တွင် ၂၀–ရာနှုန်း၊ ၁၉၅၅–တွင် ၂၇ရာနှုန်း၊ ၁၉၆၀တွင် ၃၆ရာနှုန်းအထိတိုးတက်လာသည်။ ထိုအခါအနောက်ဥရောပနိုင်ငံများမှ သမိုင်းဒဿနပညာရှင်များသည် ပေါင်းဆုံခြင်းသီအိုရီကိုဖော်ထုတ်လာကြသည်။ ဆိုရှယ်လစ်တော်လှန်ရေးများ၊ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးများ၊ ကမ္ဘာစစ်နောက်ပိုင်း၌နိုင်ငံများလွတ်လပ်လာခြင်း၊ ဆိုရှယ်လစ်နိုင်ငံများတိုးတက်များပြားလာခြင်းများကြောင့်၊ လူ့သမိုင်းသည် ရာဇဝတ်မှုများ၊ အနိဋ္ဌာရုံများ၏မှတ်တမ်းဖြစ်သည်ဟု သမိုင်းဆိုင်ရာအဆိုးမြင်ဝါဒကို လက်ကိုင်ပြုလာကြပါသည်။

ယင်းအထဲတွင် ဆုံလည်စက်ဝိုင်းသမိုင်းအမြင်ကို တင်ပြခဲ့ကြသည့် Spenglar နှင့် Toynbee တို့မှာ ကမ္ဘာကျော်သမိုင်းဒဿနပညာရှင်များဖြစ်ကြပါသည်။

Spenglar ကလူ့သမိုင်းသည် ရှေ့သို့တစ်လှမ်းတိုးတိုင်းတိုးတိုင်း ပျက်စီးရန်နီးကပ်လာနေသည်ဟုဆိုသည်။ ကြောင်းကျိုးဆက်နွယ်မှုဟူသော ဝိဘာဂကိုလူမှုရေးဘဝတွင် အသုံးချ၍မရ။ ကြောင်းကျိုးဆက်တရားသည် သဘာဝလောကကြီးတွင်သာ ကြီးစိုးသည်။ လူမှုလောကတွင်မူ ဘုရားသခင်ကဖန်တီးသောကံကြမ္မာ(Fate) အရသာဖြစ်ကြရ၏။ လူမှုလောကကိုသိပ္ပံနည်းကျလေ့လာ၍မရ။ လူသား၏ပကတိသမိုင်းစဉ်တွင် မည်သည့်ဥပဒေ၊ မည်သည့်နိယာမမျှမရှိ။ ကံကြမ္မာကသာလူ့သမိုင်းကို ပြဋ္ဌာန်းထားသည်ဟုဆိုပါသည်။ ၁၉၂၃–ခုနှစ်တွင် ထုတ်ဝေသောသူ၏“အနောက်တိုင်း၏ကျဆုံးခြင်း(The Decline of the West)” သမိုင်းဒဿနကျမ်း၌ “စာနာထောက်ထားမှု၊ ကြည့်ရှုလေ့လာမှု၊ နှိုင်းယှဉ်မှု၊ အတွင်းစိတ်မှပေါ်လာသောဘုရားသခင်အားယုံကြည်မှု၊ အတွေ့အကြုံနှင့်ယှဉ်သောအသိဉာဏ်တို့ဖြင့်သာလျှင် ဖြစ်ပျက်ပြောင်းလဲနေသောသင်္ခါရလောကကို နားလည်နိုင်သည်။ဤနည်းများသည် လူ့သမိုင်းကိုရှု့မြင်ရမည့် ယေဘုယျနည်းများဖြစ်သည်။ ဤနည်းများအပြင် အခြားနည်းလမ်းမရှိ” ဟုရေးသားခဲ့ပါသည်။ မျက်မှောက်ခေတ်တွင် ထင်ရှားသောဟော်လန်နိုင်ငံမှ ဒဿနပညာရှင် D.V. Rhuesက Spenglar၏သမိုင်းဒဿနကို “ကြေကွဲဖွယ်ကံယုံဝါဒ (Tragic Fatalism)” ဟုဝေဖန်ခဲ့ပေသည်။

Arnold Toynbeeသည် သူ၏သမိုင်းကိုလေ့လာခြင်း (A Study of History )သမိုင်းဒဿနကျမ်း(၁၀)တွဲအနက် ပထမ(၃)တွဲကို ၁၉၃၄–ခုနှစ်တွင် ထုတ်ဝေခဲ့လေသည်။

သူကသမိုင်းတွင် အခြေပြုလေ့လာရမည်မှာ လူပုဂ္ဂိုလ်များ၊ လူများ၊ နိုင်ငံများ၏သမိုင်းမဟုတ်။ ယဉ်ကျေးမှုများသာဖြစ်သည်။ ယဉ်ကျေးမှုများ၏သမိုင်းသည် လူ့သမိုင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ယခုအချိန်အထိ ယဉ်ကျေးမှုပေါင်း–၂၉ခုပေါ်ထွန်းခဲ့ပြီဟုဆိုပါသည်။ ယင်းတို့အနက်သန္ဓေသားဘဝတွင် ကျဆုံးသွားသောယဉ်ကျေးမှု ၃–ခု၊ မွေးဖွားပြီးမကြီးထွား၊ မဖွံ့ဖြိုးခဲ့သောယဉ်ကျေးမှု–၅ခုရှိခဲ့ပြီး၊ ယဉ်ကျေးမှု–၂၁ခုသာ ကြီးထွားဖွံ့ဖြိုးခဲ့သည်ဟုဆိုပါသည်။ ယဉ်ကျေးမှုတိုင်းသည် မွေးဖွားခြင်း၊ ကြီးထွားခြင်း၊ ပြိုကွဲခြင်း၊ ပျက်စီးခြင်းဟူသောအဆင့်(၄)ဆင့်ကိုဖြတ်သန်းရသည်။ လွန်ခဲ့သည့် နှစ် –၅၀၀ခန့်မှစ၍ အနောက်တိုင်းယဉ်ကျေးမှုပြိုကွဲလာသည်။ သူသည်ဤနှစ်–၅၀၀ အတွင်း လူသားတို့တွေ့ကြုံခဲ့ရသည့် စစ်နှင့် ငြိမ်းချမ်းရေးသံသရာကိုရေတွက်ပြခဲ့ပါသည်။

အင်အားချိန်ခွင်လျှာကို ထိန်းပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးကိုထိန်းသိမ်းနိုင်သည်။ အင်အားချိန်ခွင်လျှာ မညီတော့သည့်အခါ အထွေထွေစစ်ပွဲကြီးဖြစ်လာသည်။ ယင်းနောက်ယာယီငြိမ်းချမ်းရေးကို ရရှိသည်။ ယင်းနောက်နောက်ဆက်တွဲစစ်ပွဲကလေးများနှင့် ကြုံရသည်။ ယင်းနောက်တွင် အထွေထွေငြိမ်းချမ်းရေးကာလကြီးသို့

ဆိုက်ရောက် သည်။ အထွေထွေငြိမ်းချမ်းရေးကာလကြီးကိုဖြတ်သန်းနေစဉ်ကာလအတွင်း ယဉ်ကျေးမှု အတွင်း စစ်ပွဲကလေးများ ပေါ်ပေါက်လာမည်။ နောက်ဆုံးတွင် အထွေထွေစစ်ပွဲကြီးဖြစ်လာမည်ဖြစ်သည်။ Toynbee ၏ အလိုအရ ဤစစ်ငြိမ်းချမ်းသံသရာတွင် ကျွန်ုပ်တို့သည် စစ်ငြိမ်းသံသရာစတုတ္ထကာလ၊ ကမ္ဘာ့နိုင်ငံ တော်အတွင်းသို့ ရောက်နေပါသည်။ ဤကာလတွင် ကမ္ဘာ့နိုင်ငံများအနည်းနှင့်အများ ငြိမ်းချမ်းမည်။ အင်အားကြီးနိုင်ငံများ အချင်းချင်း ထိန်းချုပ်ကြမည်။ ယင်းနောက်တွင်ရှေ့ပြေးစစ်ပွဲကလေးများမှတဆင့် အထွေထွေစစ်ပွဲကြီးဖြစ်လာပြီး၊ အနောက်တိုင်း ယဉ်ကျေးမှုကြီး လုံးဝပျက်ဆီးသွားမည်ဟု တင်ပြခဲ့သည်။

ရခိုင်ရာဇဝင်သစ်ကျမ်းကို ပြုစုရေးသားခဲ့သည့် တောင်ကျောင်းဆရာတော်ဘုရားကြီးအား ၁၈၆၁–ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ရမ်းပြည်မြို့ နော်ပုလဲကျေးရွာတွင် မွေးဖွားသည်။ ရခိုင်ပြည်ကို အင်္ဂလိပ်တို့သိမ်းပိုက်ထား ချိန်ဖြစ်ပါသည်။ ၁၂–နှစ်သားအရွယ်တွင်ရွာကျောင်းဆရာတော် ဦးဇောတထံတွင် ပညာသင်ကြားသည်။ ၁၆–နှစ်သားအရွယ်တွင် သာမဏေဝတ်၍ ပါဠိစာပေများကို သင်ယူသည်။ ၁၈၈၃–ခုနှစ်တွင် မြန်မာပြည်သရက်မြို့ သို့ကြွရောက်၍၊ တိုက်သုံးထပ်ကျောင်းတွင်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိများကို သင်ယူခဲ့ပါ သည်။ ၁၈၈၉–ခုနှစ်တွင် ရမ်းပြည့်မြို့သို့ပြန်လည်ကြွရောက်၍၊ ပညာသင်ခဲ့သေးသည်။ ဘွဲ့အမည်မှာ ရှင်စန္ဒမာလာ လင်္ကာရဖြစ်၍၊ ရွှေစေတီဆရာတော်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံသို့ကြွရောက်လေ့လာခဲ့သည်။ အိန္ဒိယသို့ သုံးကြိမ် ကြွရောက်ခဲ့ပြီး'ဇမ္ဗူဒီပအိန္ဒိယနယ်ပုံကျမ်း'ကိုလည်း ပြုစုခဲ့သည်။ ဆရာတော်ကြီးသည်(ယခုတွေ့ရှိရသမျှ) ကျမ်းပေါင်း (၁၈)ကျမ်းကို ရေးသားပြုစုတော်မူခဲ့ပြီး၊ ၁၉၃၁–ခုနှစ်တွင်ရမ်းပြည်တောင်ကျောင်း၌ပင် ပျံလွန်တော် မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသက်တော်ထင်ရှားရှိစဉ်ကာလသည်၊ ဥရောပတွင်နယ်ချဲ့အရင်းရှင်စနစ်ကြီးထွားနေ ချိန် ဖြစ်ပါသည်။ အနောက်နိုင်ငံများအရှေ့တိုင်းသို့ နယ်ချဲ့စစ်ပွဲများဆင်နွှဲနေချိန်ဖြစ်ပါသည်။ ရခိုင်ပြည်ကို အင်္ဂလိပ်တို့သိမ်းယူထားချိန်ဖြစ်ပြီး၊ အင်္ဂလိပ်မြန်မာတတိယစစ်ပွဲကိုလည်း မျက်ဝါးထင်ထင်မြင်ခဲ့ရပါသည်။ ပထမကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံများကို မြင်တွေ့ခဲ့ရသည်။ မြန်မာနိုင်ငံနယ်ချဲ့ဆန့်ကျင်ရေးသမိုင်းဦးလှုပ်ရှားမှု များ၊ Y.M.B.A နှင့် ၁၉၂၀–ကျောင်းသားသပိတ်လှုပ်ရှားမှုများကိုလည်း ကြုံတွေ့ခဲ့ဘူးပါသည်။ ယင်းတို့အပြင် ၁၉၁၇–ခုရုရှားနိုင်ငံဆိုရှယ်လစ်တော်လှန်ရေးကိုလည်း ကြားသိခဲ့ရသည်။ ကမ္ဘာနှင့်အဝှန်းဆိုရှယ်လစ်အတွေး အမြင်များပြန့်ပွားနေချိန်တွင်ဆရာတော်ကြီးသက်တော်ထင်ရှားရှိနေခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ရခိုင်ရာဇဝင်သစ်ကျမ်းကို ၁၉၃၀–ခု ဂျူလိုင်လတွင် အပြီးသတ်ရေးသားခဲ့ပြီး၊ ၁၉၃၁–ခုမေလတွင်မန္တလေးမြို့ဟံသာဝတီပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ Spenglar ၏ The Deeline of the West ကျမ်းထက် ၇–နှစ်နောက်ကျ၍၊ Toynbee ၏ A Study of History ကျမ်းထက် နှစ်စောပါသည်။

ဆရာတော်ဘုရားကြီးသည် လူ့သမိုင်းကို ရှုမြင်ရာ၌ လူမှုတိုးတက်ရေးဥပဒေသများ၊ နိုင်ငံရေးစနစ်များ၊ စီးပွားရေးတိုးတက်မှုများစသည့် လောကီပညာရပ်များအမြင်ဖြင့် ရှုမြင်ခဲ့သည်ကိုမတွေ့ရပေ။ သမိုင်းပညာရှင် တစ်ဦး၏သမိုင်းဒဿနလေ့လာသောအခါ ယင်းပညာရှင်၏ကိုယ်တွေ့သမိုင်းဖြစ်ရပ်များ၊ လေ့လာတွေ့ရှိခံစားရ မှုများ၊ ယင်းပုဂ္ဂိုလ်ပါဝင်လှုပ်ရှားခဲ့သည့် လူတန်းစားလူ့အဖွဲ့အစည်း၏ ခံစားရမှုများ၊ ကိုးကွယ်ယုံကြည်သည့် ဘာသာအယူဝါဒအဆိုအမိန့်များ၊ စသည့်အချက်တစ်ခုခုက ယင်းပုဂ္ဂိုလ်၏သမိုင်းဒဿနကို လွှမ်းမိုးတတ်သည် ကို အထက်တွင်ဖော်ပြခဲ့သည့် ဒဿနပညာရှင်များ၏ အဆိုအမိန့်များကဖော်ပြနေပါသည်။

ခရစ်ယန်ဘာသာကို သက်ဝင်ယုံကြည်သူတစ်ဦးသည် ခရစ်ယန်ယုံကြည်မှုကို အခြေခံသည့်သမိုင်းဒဿန ကို ဟောပြောပေမည်။ ဘာသာကိုးကွယ်ယုံကြည်မှုမရှိသူသည် ဘာသာရေးသြဇာမှကင်းလွတ်သည့် သမိုင်းအမြင် ဖြင့် ရှုမြင်ပေမည်။ တောင်ကျောင်းဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဘာသာထေရဝါဒရဟန်းပုဂ္ဂိုလ်တစ်ပါးဖြစ် သည်နှင့်အညီ လူ့သမိုင်းဖြစ်ထွန်းတိုးတက်မှုကို ရှုမြင်ရာ၌ ဗုဒ္ဓ၏ဒဿနတရားကို အခြေခံ၍ရှုမြင်ခဲ့ပါသည်။ ဆရာတော်ကြီး၏ သမိုင်းဒဿနကိုရှာဖွေသောအခါ ဆရာတော်ဘုရားကြီးပြုစုစီရင်ခဲ့သည့် ရခိုင်ရာဇဝင်သစ်ကျမ်း နိဒါန်းပိုင်းတွင် အောက်ပါအတိုင်းတွေ့ရပါသည်။

“ရခိုင်ရာဇဝင်အမည်ရှိသော ကျမ်းသည်ကား၊ မင်းတို့၏အမှုကိစ္စကိုလည်းကောင်း၊ တိုင်းပြည်တို့၏အမှုကိစ္စ၌လည်းကောင်း၊ အလုံးစုံသောသာသနာတော်အရေးကိစ္စ၌လည်းကောင်း၊ နှိုင်းယှဉ်ရာနှိုင်းယှဉ်ကြောင်း၊ အတိုင်းအရှည်ပမာဏဖြစ်၏။ အလေးတင်အပ်သောချိန်ခွင်ကြီးသဖွယ်လည်းဖြစ်၏။

ထိုသို့တိုင်းပြည်၏အမှုကိစ္စ၊ မင်းတို့၏အမှုကိစ္စ၊ အလုံးစုံသောသာသနာတော် အရေးကိစ္စတို့၌ ချိန်ခွင်ကြီးသဖွယ်ဖြစ်ပေထသော ဤရခိုင်ရာဇဝင်သစ်ကျမ်းသည် မင်းစကား၊ အမတ်စကား၊ သူခိုးသူပုန်စသောစကားတို့၌ အကယ်၍ကားမှီ၏ရှင့်၊ ထိုသို့မင်းစကား၊ အမတ်စကား စသည်တို့၌မှီငြားသော်လည်း၊ထိုရခိုင်ရာဇဝင်ကျမ်းစကားကို နားထောင်ကြားနာရကုန်သော သူတို့အား၊ ကံသာလျှင်မိမိတို့၏ဥစ္စာရှိသည်ဟုသိရသော ကမ္မဿကတဉာဏ်သည်လည်းကောင်း၊ သူတမယ၊ စိန္တမယအစရှိသော ဉာဏ်သည်လည်းကောင်း ဖြစ်ပေလတ္တံ့။

နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ပီတိမေဇ္ဇပွားများခြင်းသည်လည်း ဖြစ်ပေလတ္တံ့။ မဟာသမတ၊ ဝါသုဒေဝစသောမင်းတို့ဖြစ်ပေလျှက်လည်း၊ ပျက်စီးကုန်ဆုံးခြင်းသို့ ရောက်ရတုံသေး၏ဟူ၍၊ ကောင်းစွာပညာဖြင့်ရှုဆင်ခြင်လေ့ရှိကုန်သောသူတို့အား၊ ကမ္မဋ္ဌာန်းသည်လည်းဖြစ်ပေလတ္တံ့။

ရာဇဝင်သစ်ကျမ်းသည် မင်းစကား၊ အမတ်စကား၊ တိုင်းပြည်စကား၊ စသည်တို့ကို မှီသော်လည်း ထိုမဟာသမတမင်း၊ ဝါသုဒေဝမင်းစသောမင်းအပေါင်းတို့သည် ကောင်းမှုကုသိုလ်ကံရှိသောကြောင့် မင်းစိုးရာဇာဖြစ်တော်မူကြပေသည်ဖြစ်၍၊ သတ္တဝါတို့မှာ ကံသာလျှင်မိမိဥစ္စာရှိသည်ဟု သိရသော၊ ကမ္မဿကတဉာဏ်၊ သုတမယအစရှိသော ဉာဏ်ဖြစ်ပွားခြင်း၊ ကမ္မဋ္ဌာန်းဖြစ်ရခြင်း အကျိုးရှိသောကြောင့် သမာဓိတရားစိတ်ဝယ်ထား၍ ကြိုးစားဖတ်ရှုနာခံကြပါကုန်လော့”

ဤသို့ရေးသားခဲ့သောဆရာတော်ဘုရားကြီး၏အဆိုအမိန့်တွင်

(၁)မဟာသမတ၊ ဝါသုဒေဝမင်းတို့ဖြစ်ပေလျှက်လည်း၊ ပျက်စီးကုန်ဆုံးခြင်းသို့ရောက်ရတုံသေး၏ဟူ၍ မြင်သော ကမ္မဋ္ဌာန်းအမြင်။

(၂)ရာဇဝင်ကျမ်းသည်၊ မင်းစကား၊ အမတ်စကား၊ တိုင်းပြည်စကား၊ သူခိုးသူပုန်စကားစသည်တို့၌ မှီငြားသော်လည်း သတ္တဝါတို့၌ကံသာလျှင်မိမိဥစ္စာရှိသည်ဟုသိရသော“ကံအမြင်” ဟူ၍အမြင်နှစ်ချက်၌၊

မဟာသမတ၊ ဝါသုဒေဝမင်းတို့မှအစ သတ္တဝါအပေါင်းသည် တနေ့တွင် သေကြေပျက်စီးရခြင်းဟူသောတရားကို မလွဲမသွေကြုံတွေ့ရမည်ဟူသော ကမ္မဋ္ဌာန်းမှာ၊ သမာဓိအားဖြင့် ကြည့်ရှုရမည့် ဘာဝနာကမ္မဋ္ဌာန်းဖြစ်၍၊ ပုဂ္ဂိုလ်တစ်ဦးချင်း၏ကိစ္စဖြစ်ပြီး၊ သမိုင်းဟူသည် လူ့အဖွဲ့အစည်း၏ရှည်လျားသော မျက်မှောက်ဖြစ်စဉ်ဖြစ်သောကြောင့်၊ ထိုကမ္မဋ္ဌာန်းအမြင်သည် ဆရာတော်ဘုရားကြီး၏သမိုင်းဒဿနဟူ၍ မယူအပ်ပေ။

ရာဇဝင်ကမှီငြမ်းသောစကားသည် မင်းစကား၊ မှူးမတ်စကားမှအစ သူခိုသူပုန်စကားအထိပါဝင်သည်။ ထိုသို့မှီငြမ်း၍ပြုစုရေးသားရာတွင် ရာဇဝင်ကိုကြည့်လျှင် မင်းနှင့်တိုင်းပြည်(ပြည်သူ)တွင် ကံသာလျှင်မိမိတို့၏(မင်းနှင့်ပြည်သူများ၏)ဥစ္စာဖြစ်သည်ဟုဆိုပါသည်။

ဤတွင်ဆရာတော်ဘုရားကြီးဆိုလိုသောကံသည်၊ မင်းတစ်ပါးစီ၊ ပြည်သူတစ်ဦးချင်းစီ၏ရှေးရှေးဘဝများကပြုခဲ့သည်၊ကုသိုလ်၊အကုသိုလ်ကံကိုဆိုလိုသည်မဟုတ်။ မျက်မှောက်သမိုင်းစဉ်တွင်ပါဝင်လှုပ်ရှားသည့် ကာယကံ၊ ဝစီကံ၊မနောကံကိုဆိုလိုသည်။ ‘စေတနာကံဘိက္ခဝေကမ္မံဝဒါမိ’ဟု အင်္ဂုတ္တိုရ်ပါဠိတော်တွင်ဘုရားရှင် ဟောကြားရာ၌၊ စေတနာစေတသိက်သည် မနော၌ဖြစ်ပါက မနောကံ၊ နှုတ်၌ဖြစ်ပါကဝစီကံ၊ ကိုယ်၌ဖြစ်ပါက ကာယကံဟုဆိုသည်။ ထိုကံတို့ကိုတိကနိပါတ်၊ တိတ္ထာယတန(၃)ပါးမှ ပုဗ္ဗေကတဟေတုဒိဋ္ဌိမှလွတ်အောင်ကောက်ရမည်။ သို့မှသာဘုရားရှင်၏ ဒေသနာတော်နှင့်ကိုက်ညီမည်။ ဆရာတော်ကြီး၏ရည်ရွယ်ချက်နှင့်ကိုက်ညီမည်။

ထိုသို့ဖြစ်သောကြောင့် ရာဇဝင်အစဉ်အဆက်မင်းနှင့်ပြည်သူတို့၏ဖြစ်ပျက်ပြောင်းလဲမှု(သမိုင်းစဉ်၏တိုးတက်မှု၊ဆုတ်ယုတ်မှု)ဟူသမျှသည် မင်းနှင့်ပြည်သူတို့၏ ‘ကံ’ဟုခေါ်ဆိုသည့်အလုပ်သုံးပါးအပေါ်တွင်တည်မှီ သည်။ မင်းနှင့်ပြည်သူတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံကောင်းလျှင် သမိုင်းစဉ်တိုးတက်မြင့်မားလာမည်ဖြစ် ပြီး၊ ထိုအလုပ်(၃)ပါးမကောင်းလျှင် လူ့သမိုင်းကျဆင်းမည်ဖြစ်သည်။

ရခိုင်ရာဇဝင်သစ်ကျမ်းတွင် မင်း၏စကား၊ မှူးမတ်တို့၏စကားကို ဘုရားဟောဒေသနာ၊ ရှေးပညာရှိတို့၏ အဆိုအမိန့်၊ နီတိကျမ်းစသည်တို့နှင့် မကင်းလွတ်စေရန်၊ ထည့်သွင်းရေးသားခဲ့၏။ မင်းသည်မှူးမတ်ပြည်သူများ၏စကားကို အလေးထားသကဲ့သို့ မှူးမတ်ပြည်သူများကလည်း မင်း၏စကားကိုအလေးထား၏။ မင်းရေးမင်းရာကိစ္စ၊ ပြည်ရေးပြည်ရာကိစ္စတို့၌မင်းနှင့်ပြည်သူတို့အပြန်အလှန်ဆွေးနွေးပြောဆိုမှုများကို ထည့်သွင်းရေးသားထားပါသည်။ မင်းနှင့်ပြည်သူတို့ညီညွတ်လျှင် တိုင်းပြည်အေးချမ်းသာယာ၏။ ရတနာမိုးလည်းရွာ၏။ မင်းနှင့်ပြည်သူတို့မညီညွတ်လျှင် မင်းကျင့်တရားနှင့်မညီသောမင်းဖြစ်လျှင်၊ တိုင်းပြည်ဆူပူသောင်းကျန်း၍နေမည်ဆိုလျှင် မုဒိမ်းတန္တပေါများ၏။ ရတနာမိုးလည်းမရွာဟူသောအရေးအသားမျိုးဖြင့် သမိုင်း၏တိုးတက်မှု၊ ဆုတ်ယုတ်မှုကိုဖော်ပြခဲ့၏။

ဆရာတော်ဘုရားကြီး၏သမိုင်းအမြင်တွင် မင်း၊ မှူးမတ်စသည့်အုပ်စိုးသူလူတန်းစားသာလျှင် သမိုင်းပြောင်းလဲမှုဖြစ်စဉ်၏အဓိကသော့ချက်မဟုတ်။ ထို့အတူပြည်သူအများစုသာလျှင် သမိုင်းပြောင်းလဲမှုဖြစ်စဉ်၏အဓိကအင်အားစုအဖြစ်မတွေ့ရပေ။ မင်းနှင့်ပြည်သူနှစ်ဦးနှစ်ဖက်၏ကံ(၃)ပါးတို့၊ သဟဇာတဖြစ်မှုအပေါ်တွင်မူတည်၍၊ သမိုင်းစဉ်၏တိုးတက်မှု၊ ဆုတ်ယုတ်မှုဖြစ်သည်ဟူသောအယူအဆကိုတွေ့ရပါသည်။

ထို့ကြောင့်ဆရာတော်ဘုရားကြီး၏သမိုင်းဒဿနသည်Hegelယူဆသကဲ့သို့ ထာဝရဝိဉာဉ်တော်ကြီး၏ အလိုတော်အတိုင်းပြောင်းလဲဖြစ်ပျက်နေသည်ဟူသော အမြင်မျိုးမဟုတ်။ Karl Marx၏လူတန်းစားပဋိပက္ခသမိုင်းအမြင်နှင့်လူခြားနား၏။ ဘုရားသခင်ကပြဋ္ဌာန်းထားသောကံကြမ္မာလမ်းအတိုင်းပြောင်းလဲနေသည်ဆိုသော Spenglar၏သမိုင်းဒဿနနှင့်လည်း ဆန့်ကျင်၏။ ယင်းအပြင် Toynbee၏ဆုံလည်စက်ဝိုင်းသမိုင်းအမြင်နှင့်လည်းကွဲပြားပေသည်။ဆရာတော်ကြီး၏သမိုင်းဒဿနသည် လူမှုတိုးတက်ရေးဥပဒေသများ၊ သမိုင်းဆိုင်ရာနိယမများဖြင့်ရှုမြင်သောသမိုင်းဒဿနလည်းမဟုတ်ပေ။

ဆရာတော်ဘုရားကြီးသည် ထေရဝါဒရဟန်းတစ်ပါးဖြစ်၍ ဗုဒ္ဓဘာသာအမြင်ဖြင့် အခြေခံ၍သမိုင်းကိုရှုမြင်ခဲ့ပေသည်။ သမိုင်းစဉ်၏တိုးတက်မှု၊ ဆုတ်ယုတ်မှုသည် မင်းနှင့်ပြည်သူ၏ 'ကံ'အပေါ်တွင်မူတည်သည်(ဝါ) လူသမိုင်းသည် လူသားတို့ပြုမူစွမ်းဆောင်မှုအပေါ်တွင် တည်မှီ၍ဖြစ်ပျက်နေသည်ဟုဆရာတော်ကြီး ရှုမြင်ခဲ့သည်ဟု တွေ့ရပါသည်။

ထို့ကြောင့်ဆရာတော်ဘုရားကြီး၏သမိုင်းဒဿနသည် ပုဗ္ဗေကတဟေတုကဝါဒမှကင်းလွတ်၍ သိဒ္ဓိဋ္ဌိကော၊ အကာလိကောဂုဏ်တော်များနှင့်ကိုက်ညီသော'ကံ'အမြင်ပင်ဖြစ်ပေသည်။ ဤဒဿနသည်ပင်လျှင် ဆရာတော်ကြီး၏သမိုင်းဒဿနဖြစ်ပေသည်။ ဆရာတော်ဘုရားကြီးသည် ဤဒဿနအမြင်ဖြင့်ပင်လျှင်ရခိုင် ရာဇဝင်သစ်ကျမ်းကို ရေးသားခဲ့ပေသည်။

ယင်းအပြင် ဆရာတော်ဘုရားကြီး၏အရေးအသား၌ ဤရခိုင်ရာဇဝင်သစ်ကျမ်းကို ဖတ်ရှုကြားနာရသူ၊ တို့သည် နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ပီတိမောဒ္ဒပွားများခြင်းတို့ဖြစ်ပေလတ္တံ့ဟူသောအချက်ကို ထောက်ရှုလျှင်၊ မင်းနှင့်ပြည်သူတို့၏ကာယကံ၊ ဝစီကံ၊မနောကံအလုပ်သုံးပါးအပေါ်မူတည်၍၊ သမိုင်းတိုးတက်မှု ဆုတ်ယုတ်မှုရှိသည်ဖြစ်သော်လည်း၊ ယေဘုယျအားဖြင့် သမိုင်းစဉ်သည် တိုးတက်မှုကို ရှေးရှုပြောင်းလဲနေသည်ဟု အယူအဆရှိကြောင်းမှတ်ချက်ချရပေမည်။


**ကိုးကားသောစာအုပ်များ**

(၁) ရခိုင်ရာဇဝင်သစ်ကျမ်း(ပ–တွဲ)(ရခိုင်သားကြီးစာပေ) ရှင်စန္ဒမာလာ

(၂) သမိုင်းဖြစ်စဉ်နှင့် ဒဿနအမြင်(နဝရတ်စာပေ–၁၉၇၇–ရန်ကုန်) ဒေါက်တာသန်းနိုင်

(၃) ဒဿနိကဗေဒစတုတ္ထနှစ်သင်တန်းမှတ်စုများ

(၄) သမိုင်းစကား၊ ပန်းစကား(၁၉၈၂–ရန်ကုန်) မြသန်းတင့်

(၅) A Dictionary of Philosophy(Moscow-1967) Rosenthal and Yudin

(၆) What is History (London 1965) E.H. Carr

# ရခိုင်ပြည်နယ်အတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေး

ရခိုင်ပြည်နယ်အတွင်း၌ ဗုဒ္ဓသာသနာတော်တည်တံ့ထွန်းကားပြန့်ပွားရေးကို စာတမ်းပြုစုရမည်ဆိုလျှင် ရခိုင်ပြည်နယ်သို့ ဗုဒ္ဓသာသနာတော်မည်သည့်အချိန်ကစတင်ပျံ့နှံ့လာသည်ကိုလည်းကောင်း၊ ရခိုင်သမိုင်းတစ်လျှောက်မည်ကဲ့သို့ဆင်းသက်ထွန်းကားလာသည်ကိုလည်းကောင်း အကျဉ်းမျှဖော်ပြလျှင် ပိုမိုပြည့်စုံနိုင်မည်ဟု ယူဆပါသည်။

## ဘီစီဖြေရာစုကပင် သာသနာထွန်း

ရခိုင်ရာဇဝင်ကျမ်းအစောင်စောင်တို့၌ ရခိုင်သမိုင်းစဉ်ကို ဒွါရာဝတီခေတ်။ ပထမဓညဝတီခေတ်၊ ဒုတိယဓညဝတီခေတ်၊ တတိယဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်၊ ဗြိတိသျှခေတ်ဟူ၍ ခွဲခြားဖော်ပြထားကြပါသည်။ ရခိုင်ရာဇဝင်ကျမ်းများအလိုအရ ဗုဒ္ဓသာသနာတော်ထင်ရှားရှိစဉ်ကပင် တတိယဓညဝတီစန္ဒသူရိယမင်းကြီးလက်ထက်၌ ဗုဒ္ဓသာသနာတော်သည် ရခိုင်ပြည်သို့ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ဘိုးတော်အဥ္စနမင်းဖြိုကြွင်းသက္ကရာဇ်၁၂၃ခုနှစ်တွင် နောက်ပါရဟန်း ၅၀၀ဖြင့် ရခိုင်ပြည်သို့ကြွရောက်ခဲ့သည်။ ဓညဝတီမြို့တော်တွင် ဗုဒ္ဓသည်တရားဒေသနာများဟောကြားပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ်စေခဲ့သည့်အပြင် မိမိ၏တပည့်သာဝကရဟန္တာအရှင်ဇာကုလမထေရ်မြတ်ကို အရိယာသံဃာ၂၀နှင့်အတူ ရခိုင်ပြည်တွင် သာသနာပြုရန် ထားခဲ့သည်ဟု ရာဇဝင်များက ဖော်ပြပါသည်။ ထို့ကြောင့် ရခိုင်ရာဇဝင်ကျမ်းများအလိုအရဆိုလျှင် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ဘီစီဖြေရာစုကပင် ရခိုင်ပြည်၌ သာသနာတော်စတင်ထွန်းကားခဲ့သည်ဟု မှတ်သားရပါသည်။

ရခိုင်ပြည်၌ ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓ၏တပည့်သာဝကကြီးတို့၏ အဆက်အနွယ်ဖြင့် ထွန်းကားလာခဲ့ရာ စန္ဒသူရိယမင်း၏ဇီဝကကိန်း ၁၄၈ဖြိုကြွင်း၂၁၄ ခု၊ ၎င်းအနွယ်တော်ဖြစ်ဆက်မြောက် သူရိယစက္ကမင်းလက်ထက်တိုင် ခိုင်မြဲလာခဲ့ပါသည်။ သူရိယစက္ကမင်း ရခိုင်ပြည်၌စိုးစံချိန်သည် အိန္ဒိယနိုင်ငံ၊ မောရိယအင်ပါယာပါဋလိပုတ်ပြည်တွင် သီရိဓမ္မာသောကမင်းကြီးစိုးစံချိန်နှင့် တိုက်ဆိုင်နေပါသည်။ သီရိဓမ္မာသောကမင်းကြီးလက်ထက် သာသနာတော်နှစ် ၂၃၅ခုတွင် တတိယသင်္ဂါယနာတင်ပွဲအပြီး၌ ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿထေရ်သည် သာသနာပြုလုပ်ငန်းရပ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ပေရာ မဟာရေဝတထေရ်သည် နောက်ပါရဟန်းလေးပါးနှင့်အတူ သာသနာပြုရန်အတွက် မဟိံသကမဏ္ဍလတိုင်းသို့ ထွက်ခွာသွားခဲ့ကြောင်း မဟာဝံသကျမ်းတွင် ဖော်ပြထားပါသည်။

## မဟိံသကမဏ္ဍလတိုင်း

မဟိံသကမဏ္ဍလတိုင်းကို ခေတ်သစ်သုတေသီအချို့က အိန္ဒိယတောင်ပိုင်း မိုက်ဆိုးနယ်ကို ဖော်ပြကြပါသည်။ အိန္ဒိယကြေးမုံကျမ်းကြီးတွင်လည်း ၎င်းဒေသကိုပင်ဖော်ပြပြီး ရာဇဂြိုဟ်မှသုံးဂါဝုတ်မျှဝေးသော အန္ဓရဋ္ဌတိုင်း၊ သာဂလပြည်ကိုဆိုလေကြောင်းဖြင့်လည်း ဖော်ပြထားပါသည်။ ရမ်းဗြဲတောင်ကျောင်းဆရာတော်ဘုရားရေးသားသည့် အိန္ဒိယနယ်ပုံကျမ်းတွင်မူကား၊ ရာဇဂြိုဟ်တောင်ဘက် မဒရပ်ပြည်မှမြောက်ဘက်ဖြစ်သော မဟိံသကမဏ္ဍလတိုင်းဟုဆိုကြောင်း၊ အကျယ်ရှင်းပြထားပါသည်။ အဟိံသကသူဇဝံသနှင့် ဝေသာလီရာဇဝင်တို့တွင်လည်းကောင်း၊ မေဓပညာမော်ကွန်းစာတွင်လည်းကောင်း ရခိုင်ပြည်ကိုမဟိံသကမဏ္ဍလဟုခေါ်ဝေါ်ကြောင်းပြဆိုပါသည်။ ကွယ်လွန်သူ ရခိုင်သမိုင်းသုတေသီ ဦးအောင်သာဦးကလည်း ရခိုင်ပြည်သည် မဟိံသကမဏ္ဍလတိုင်း(သို့မဟုတ်) မဟိံသကမဏ္ဍလတိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အထောက်

အထားများစွာဖြင့် ဖော်ပြခဲ့ပါသည်။

## ဗုဒ္ဓဝါဒသင်္ကေတ

မြောက်ဦးမြို့ ရှစ်သောင်းဘုရားကုန်းတော်ပေါ်တွင် မြေခလျက်ရှိသော ကျောက်ပြားကြီးတစ်ခုတွင် အောက်ဖက်အစွန်း၌ ထွင်းထားသောလက်ျာရစ်ခရုသင်းပုံတစ်ပုံပါရှိသည်။ ထိုခရုသင်း၏ထိပ်မှကြာပွင့်တစ်ပွင့် ထိုးထွက်နေပါသည်။ ကြာပွင့်၏အဖျားနှင့်အနားများထိနေသော ဓမ္မစကြာစက်ဝိုင်းပုံပါရှိသည်။ဖော်ချမှုက ဤပုံ၏အဓိပ္ပါယ်မှာ ဗြဟ္မဏဝါဒကို ကိုယ်စားပြုသော ခရုသင်းမှ ဗုဒ္ဓဝါဒကိုကိုယ်စားပြုသော ကြာပွင့်ထွက်လာပြီးဓမ္မစကြာတရားတော်ဖြစ်ပေါ်လာသည်ကို ဖော်ပြသည်ဟုဆိုပါသည်။ ရခိုင်သမိုင်းကိုလေ့လာသူ မောင်ပြုံး (သံတွဲ)သည် အထက်ဖော်ပြပါကျောက်စာတွင် ပါရှိသောပုံများကိုလေ့လာ၍ အသောကမင်းကြီး အိန္ဒိယနိုင်ငံ တွင်တည်ထားခဲ့သည့် ဆန်ချီနှင့် ဘားရ်ဟုတ်ပုထိုးတော်ကြီးများမှ ဓမ္မစကြာပုံများနှင့် နှိုင်းယှဉ်ကာအသောက ခေတ်အိန္ဒိယမှ ဗုဒ္ဓဝါဒသင်္ကေတသည် ထိုခေတ်ကပင် ရခိုင်ပြည်သို့အမှန်ပင်ရောက်ရှိခဲ့ကြောင်း ထို့ကြောင့် အရှင် မဟာရေဝတထေရ်တို့ သာသနာပြုရောက်ရှိခဲ့သည့် မဟိ ံသကတိုင်းဆိုသည်မှာ ရခိုင်ပြည်ပင်ဖြစ်ကြောင်း ၁၉၈၄ခုနှစ်ထုတ် စစ်တွေကောလိပ်မဂ္ဂဇင်းတွင်ဖော်ပြဖူးပါသည်။ အထက်ပါအထောက်အထားများအရ ဘီစီ ၃ရာစုကပင် ရခိုင်ပြည်၌ဗုဒ္ဓသာသနာအခိုင်အမာအမြစ်တွယ်ထွန်းကားခဲ့ကြောင်း မှတ်ချက်ချနိုင်ပါသည်။

## ဝေသာလီမှာ သာသနာထွန်း

မြောက်ဦးမြို့ ရှစ်သောင်းဘုရားကုန်းတော်မှ အာနန္ဒစန္ဒြကျောက်စာအရ ရခိုင်ပြည်တွင် ဝေသာလီခေတ် တစ်လျှောက်လုံး၌လည်း ဗုဒ္ဓသာသနာတော်အစဉ်အဆက်ထွန်းကားလာခဲ့ကြောင်းသိရပါသည်။ ဝေသာလီခေတ် နီတိစန္ဒြမင်းကြီးသည် စတူပါစေတီငယ် ၁၀၀ကို ပြုလုပ်လှူဒါန်းခဲ့ကြောင်းသိရပါသည်။ နီတိစန္ဒြမင်း၏မိဖုရား ကြေးနီပြားစာအရလည်း ရခိုင်ပြည်တွင် ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့ကြောင်း သိနိုင်ပါသည်။ အာနန္ဒစန္ဒြမင်း၏ ဖခင်ဖြစ်သော ဓမ္မစန္ဒြမင်းကြီးသည် စေတီတော်တစ်ဆူတည်တော်မူ၍ ကျောက်စာရေးထိုးထားခဲ့ပါသည်။ အဆိုပါ ဓမ္မစန္ဒြမင်း၏စေတီကျောက်စာတွင် ပါရှိသော စာများမှာ ဓမ္မပဒကျမ်းလာဂါထာအချို့၏အဓိပ္ပါယ်အတိုင်း ရေးထိုးထားသည်ကို တွေ့ရပါသည်။ အာနန္ဒစန္ဒြမင်းသည်လည်းသူတော်ကောင်းတရားဆိုင်ရာ ကျမ်းဂန်များ ကို ကူးယူစေခဲ့ပြီး မိမိနှင့်ဝါဒတူညီသော သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ရှိ ထေရဝါဒရဟန်းတော်များအတွက် တရား ဟောပလ္လင်များ၊ ပိုးသင်္ကန်းများကို ပေးပို့လှူဒါန်း၍ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)နှင့် သာသနာဆက်ဆံရေးများ ပြုလုပ်ကာ ရခိုင်ပြည်အတွင်း သာသနာတော်ထွန်းကားရေးကို ဆောင်ရွက်ခဲ့ကြောင်း ကျောက်စာအထောက် အထားအရသိရှိရပါသည်။

အေဒီ ၇စစတွင်ဝေသာလီကျောက်လှေကားမြို့ကို ပြန်လည်ပြုပြင်အုပ်စိုးသော မဟာတိုင်းစန္ဒြမင်းကြီးသည် မဟာမုနိသိမ်တော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး မိဖုရားသုပညာဒေဝီသည် ယခုလက်ရှိ ဝေသာလီရုပ်ပွားတော် ကြီးကိုတည်ထားကိုးကွယ်ခဲ့ပါသည်။ ဓညဝတီခေတ်မှ အရှင်ရေဝတအဆက်အနွယ်များကို ဝေသာလီမြို့တော်သို့ ပင့်ဆောင်ကိုးကွယ်ခဲ့ပါသည်။

## ရခိုင်နယ်နိမိတ်

တရုတ်ရဟန်းတော် ဖာဟီယန်နှင့် ဟူယင်းဆင်တို့၏မှတ်တမ်းများအရ အေဒီ၅ရာစုမှ ၈ရာစုအတွင်း အိန္ဒိယမြောက်ပိုင်း ဘင်္ဂလားနယ်ထိဒေသများတွင် ထေရဝါဒသာသနာနှင့် သဗ္ဗတ္ထိဝါဒသာသနာတို့ ယှဉ်ပြိုင်

ထွန်းကားခဲ့ကြောင်း သိရပါသည်။ ဝေသာလီခေတ်က ရခိုင်ပြည်၏နယ်မြေသည် လက်ရှိအနေအထားထက် ကျယ်ဝန်း၍ အိန္ဒိယနှင့် တစ်စပ်တည်းရှိနေကြောင်းသိရပါသည်။ ယင်းအချိန်က ရခိုင်ပြည်၏အကျယ်အဝန်းကို ရှေးဟောင်းပေမူလကာ်၌ "ရှေးမြင်မူလ–ပထမက –ရှ္မသမိုင်း–ဤသည်တိုင်းကား"ဟူ၍ အစချီပြီးလျှင် "ကျယ်ဝန်းနေဆက်–အနောက်ဘက်မှာ–မဇ္ဈိမာနှင့် –ဒက္ကာမြစ်လျှောက်–မြောက်ကိုတောင်ညိုကုန်းကိုထိခံ–ဧသံချင်းတွင်း–ချောင်းဆင်းရေထွက်–ဧရာဝတီ–မြစ်ဆီးခြားတံ–ငဝန်ထိပ်မြောင်း–တောင်ကိုအင်္ဂ–ဒက္ခိဏသွင်–မော်တင်ရေလှုပ်–သမုတ်ဝင်လေ–ရခိုင်ပြည်လျှင်" ဟုဖော်ပြထားပေရာ အနောက်ဘက်တွင် ရခိုင်ပြည်၏နယ်နိမိတ်သည် ဒက္ကာမြစ်တစ်လျှောက်မှ မဇ္ဈိမဒေသထိကျယ်ပြန့်ကြောင်း သိရပါသည်။

ထေရဝါဒ–သင်္ဂါယနာတင်ပွဲ

ထို့ကြောင့် ထိုစဉ်က သဗ္ဗတ္တိဝါဒသာသနာလည်း ရခိုင်ပြည်သို့ပြန့်ပွားခဲ့မည်ဟု မှန်းဆရပါသည်။ ဝေသာလီခေတ်တစ်လျှောက်လုံးအများအားဖြင့် သုံးစွဲခဲ့သော သက္ကတဘာသာစာပေများကလည်း ဤအချက်ကို သက်သေပြနေပါသည်။ ရခိုင်ပြည်နှင့်ဆက်စပ်နေသော အိန္ဒိယမြောက်ပိုင်းတွင် ဗောဓိသတ္တယာန၊ သဗ္ဗတ္တိကဝါဒမှာ အလွန်အားကောင်းနေရုံမျှမက ရခိုင်ပြည်တွင်းသို့လည်း တစိမ့်စိမ့်ဝင်ရောက်လာနေပေရာ အစဉ်အဆက်ထွန်းကားလာခဲ့သည့်ထေရဝါဒသာသနာတော်အတွက် ကြီးစွာသောအန္တရာယ်ဖြစ်မည်ကို မြင်လေသောကြောင့်ဝေသာလီကျောက်လှေကားခေတ်မဟာတိုင်းစန္ဒြမှ၇ဆက်မြောက် သီရိတိုင်းစန္ဒြမင်းကြီး သည် ရခိုင်ပြည်၌ထေရဝါဒသာသနာတော်အတွက်သင်္ဂါယနာတင်ပွဲကျင်းပခဲ့ရလေသည်။ ရခိုင်ပြည် ဝေသာလီမြို့၊ မြို့ရှေ့တောင်(ယခုသရက်ချုံတောင်ထိပ်)တွင် သီရိတိုင်းစန္ဒြမင်းကြီးကို အမှီပြု၍ သံဃာ့ရာဇာ စူလရေဝတထေရ်ဦးစီးကာ ရခိုင်ပြည်မှသံဃာတော်၁၀၀၀နှင့် သီဟိုဠ်(သီရိလင်္ကာ)မှ သံဃာတော် ၁၀၀၀ပင့်ဖိတ်ကာ ပါဠိတော်နှင့် အဋ္ဌကထာများကို ၃နှစ်ကြာမြင့်အောင် သင်္ဂါယနာတင်ခဲ့ရပါသည်။ ပါဠိတော်နှင့် အဋ္ဌကထာများကို နှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ပြီး ကြေးဝါပြား၊ ကြေးနီပြားချပ်ရေ ၅၀၀၀ပေါ်တွင် ရေးထိုးခဲ့ သည်ဟု မေဓပညာမော်ကွန်းစာတွင် ရေးသားခဲ့ပါသည်။ ထို့ကြောင့် ဓညဝတီခေတ်မှပင်စတင်ခဲ့သော ထေရဝါဒဗုဒ္ဓသာသနာတော်သည် ဝေသာလီခေတ်ကုန်ဆုံးသည့်တိုင် ထွန်းကားစည်ပင်နေခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

## လေးမြို့ခေတ်

ရခိုင်ရာဇဝင်ကြီးအလိုအားဖြင့် လေးမြို့ခေတ်၏သက်တမ်းသည် အေဒီ ၁၀၁၈မှ ၁၄၃၀ထိနှစ်ပေါင်း ၄၁၂နှစ်ကြာမြင့်ခဲ့ပါသည်။ မြို့တော်ကို အသစ်ပြောင်းရွှေ့တည်ထောင်သော မင်းတို့သည် ဝေသာလီခေတ်မှ စူလရေဝတထေရ်၏အဆက်အနွယ်ဖြစ်သောရှင်သုမန ရဟန္တာရှင်မြတ်နှင့် ၎င်းတပည့်ဗန္ဓဝရဟန္တာ၊နိဒ္ဒိယရေဝတအရှင်သူမြတ်များ၊ သီလဝန်၊ ဂုဏဝန်ထေရ်ရှင်များကို ပင့်ဆောင်ကိုးကွယ်ခဲ့ကြပါသည်။ လေးမြို့ခေတ်၏ပထမမြို့တော် ဖြစ်သော ပဥ္စာမြို့၏တတိယမြောက်မင်း မင်းရင်ဖြူလက်ထက်တွင် ရဟန္တာရှင်မြတ် ၈၀၀ဖြင့် သင်္ဂါယနာတင်၍ပိဋကတ်နှင့် အဋ္ဌကထာကျမ်းစာများကို ရွှေပုရပိုက်ပေါ်တွင် ရေးထိုးခဲ့ကြပါသည်။ ဝေသာလီခေတ် ပျက်သုဉ်းပြီးနောက် နှစ်အတန်ပြန့်ကျဲနေသော ထေရဝါဒကြိုးတန်းပိဋကတ်ရခိုင်မူကို မပပျောက်စေရန် သင်္ဂါယနာတင်ခြင်းဖြစ်သည်ဟု သိရပါသည်။

အာနန္ဒစန္ဒြကျောက်စာဂါထာအမှတ်၅၀တွင် ပါဝင်သကဲ့သို့ ပိဋကတ်တော်များကို ရွှေမင်ရေး၊ ကညစ်ရေး အားဖြင့် အငယ်စားရေးကူး၍ ကျင်းပသော သင်္ဂါယနာပွဲမျိုးကား မင်းရင်ဖြူလက်ထက်ထိ ရခိုင်ပြည်တွင် ၁၁ပွဲမျှရှိခဲ့ကြောင်း ရခိုင်ရာဇဝင်ကျမ်းကျင်သော ဆရာကြီးများထံမှ သိရပါသည်။ လေးမြို့ခေတ်၏ဒုတိယမြို့ ဖြစ်သော ပထမပုရိန်မြို့တွင် နောက်ဆုံးစိုးစံခဲ့သော ကောလိယမင်း လက်ထက်၌ ဆန္ဒပဗ္ဗတတောင်ကုန်းပေါ်တွင် မဟာထီးဘုရားရုပ်ပွားတော်ကို တည်ထားကိုးကွယ်ခဲ့ပါသည်။ လေးမြို့ခေတ်၏စတုတ္ထမြို့ဖြစ်သော လောင်း

ကြက်မြို့ကို စတင်ထူထောင်သည့် အလော်မာဖြူမင်းသည် အေဒီ၁၂၅၆–ခုနှစ်တွင်ရခိုင်ရေတပ်မတော် သင်္ဘောများဖြင့် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ မဟာမိတ်အဖြစ် သွားရောက်၍ သာသနာရေးဆက်ဆံမှုများ ပြုလုပ်ခဲ့ပါသည်။ ဘုရင်မင်းထီးလက်ထက်၌ ဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီတော်ကြီး ပျက်စီးနေ၍ ကောဇာသက္ကရာဇ် ၆၅၇မှ ၆၆၀ထိ မွမ်းမံတည်ဆောက်ခဲ့ကြောင်း မဟာဗောဓိကျောက်စာအရ သိရပါသည်။

## ရခိုင်သမိုင်း ရွှေရောင်လွှမ်း

မြောက်ဦးခေတ်သည် အေဒီ ၁၄၃၀မှ ၁၇၈၄ထိနှစ်ပေါင်း ၃၅၄နှစ်အတွင်း မင်းဆက် ၄၈ဆက်အုပ်စိုးခဲ့သော ခေတ်ဖြစ်ပါသည်။ ရခိုင်သမိုင်း၏ရွှေရောင်လွှမ်းသောခေတ်ဖြစ်ပါသည်။ မြောက်ဦးမြို့တော်ကို စတင်တည်ဆောက်သောမင်းစောမွန်သည် မြို့တည်ပြီး ၂နှစ်ခန့်တွင် လောင်းကြက်မြို့တော်ဟောင်းမှ အရှင်ဇမ္ဗုဝရဟန္တာတို့၏ အဆက်အနွယ်ဖြစ်သော စန္ဒောရာမသာသနာပိုင်၊ ဒိသာပါမောက္ခဆရာတော်ကြီးအား တပည့် ၁၀၀၀နှင့်တကွ မြောက်ဦးမြို့တော်သို့ ပင့်ဆောင်ခဲ့ပြီး စန္ဒာရာမကျောင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းကိုးကွယ်ခဲ့ပါသည်။

မင်းပါကြီးလက်ထက်တွင် မြောက်ဦးမြို့၌ရှစ်ဆောင်းလေးထောင်သော ရပ်ပွားတော်များကိန်းဝပ်တော်မူရာ ရှစ်သောင်းပုထိုးတော်ကြီးကို တည်ဆောက်တော်မူပြီးလျှင် ထိုပုထိုးတော်ကြီး၏မြောက်ဘက်အနီး၌ ကျောင်းတိုက်ကြီးတည်ဆောက်စေပြီး ရဟန်းတော်များ ပင့်ဖိတ်ကိုးကွယ်ပြီးလျှင် အလှူတော်ကြီး ပေးခဲ့ပါသည်။ မင်းပါကြီးသည် စေတီများ၊ ပုထိုးတော်များ၊ ကျောက်တိုက်ကြီးများတည်ဆောက်လှူဒါန်းပြီးနောက် သက္ကရာဇ်၈၉၄ခုနှစ်တွင် ဂင်္ဂါသို့စစ်ချီလေသည်။ ဗုဒ္ဓဂါယာအနီး မဟာဗောဓိပင်ကြီးကို သွားရောက်ဖူးမြော်ပြီး ရွှေပန်း၊ ငွေပန်း၊ ထီး၊ တံခွန်တို့ဖြင့် ပူဇော်ကာ ကျောက်ဆင်းတု ၄၀ကို ထုလုပ်ပူဇော်ခဲ့လေသည်။ မင်းပါကြီး၏သားတော် မင်းတိက္ခာသည်လည်း ကိုးသောင်းဘုရားကို တည်ထားကိုးကွယ်ခဲ့လေသည်။ မင်းတိက္ခာ၏သား မင်းစောလှသည် ဗုဒ္ဓသာသနာတော်ကို ထူကဲစွာကြည်ညို၍ များစွာသောလှူဒါန်းမှုများပြုလုပ်ပြီးလျှင် ကျောင်းကြီးဗိမာန်ဆောက်လုပ်၍ သီလဝန်။ ဂုဏဝန်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့အား လှူဒါန်းသည့်အပြင် ဒုက္ကံသိမ်၊ ဒုက္ကံကျောင်း၊ နန်းတက်ကျောင်း၊ ဇိနဒါသကျောင်း၊ ဆင်စွယ်ကျောင်း၊ မြောက်တန်ဆောင်ကျောင်း၊ မိကျောင်းအိုင်ကျောင်း၊ တန့်တော်ကျောင်း၊ စည်မောင်းကျောင်း၊ ပန်းတောင်ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

စကြာဝတေးမင်းလက်ထက်တွင်မူ ကုလားမြို့ကျောင်း၊ မြတောင်ကျောင်း၊ အလယ်စေတီ၊ မြောက်စေတီ၊ ပွဲကျောင်း၊ ကျောက်ရစ်စေတီတို့ကို ဆောက်လုပ်လှူဒါန်းခြင်းဖြင့် သာသနာတော်ထွန်းကားရေးကို ဆောင်ရွက်ခဲ့ပါသည်။ မင်းဖလောင်းသည်လည်း စေတီတော်များတည်ထားကိုးကွယ်လိုသော ဆန္ဒပြင်ပြရကား သင်းကျစ်တော်စေတီ၊ ပါးမွေးတော်စေတီ၊ နားလိပ်တော်စေတီ၊ ချက်တော်စေတီ၊ ဇိဝှာတော်စေတီ၊ဂီဝါစေတီတော်၊ ပြိုင်တိုင်းစေတီ၊ ရင်ငုံတော်စေတီ၊ မေးငူတော်စေတီ၊ အဆုတ်တော်စေတီ၊ သလုံးတော်စေတီ၊ နားမွေးတော်စေတီ၊ စမြို့စေတီတော်၊ ဥကင်းတော်စေတီတို့ကို တည်ထားခဲ့ပါသည်။ ယင်းအပြင် သံတွဲမြို့ဆံတော်ရှင်စေတီကိုလည်း မွမ်းမံခဲ့ပါသည်။ ဦးရစ်တော်စေတီကိုလည်း တည်ထားခဲ့သည်ဟု ရခိုင်ရာဇဝင်သစ်ကျမ်းကပြဆိုပါသည်။

## ကျောင်း ကန် ပုထိုး လွန်များပြား

ဤသို့ဖြင့်မြောက်ဦးခေတ်၌ တည်ထားကိုးကွယ်ခဲ့သော ကျောင်း၊ သိမ်၊ စေတီ၊ ပုထိုး၊ ဆင်းတုတော်များမှာ များပြားလွန်းလှသဖြင့် ဤစာတမ်းတွင် ပြည်စုံစွာမဖော်ပြနိုင်ပါ။ မင်းစောမွန်ကဲ့သို့ပင် မင်းအဆက်ဆက်မင်းနှင့်ပြည်သူများသည် ကိုးကွယ်ခဲ့ကြရာ၊ ဓမ္မိကာရာမ၊ တေဇရာမ၊ တောင်ဖြူ၊ တောင်ညို၊ ရှစ်သောင်း၊ ဇိနမာန်အောင်၊ ပိဋကတောင်၊ ရတနာစံဦး၊ ပရက္ကမ၊ ဂုဏမဥ္ဇူ၊ ဘုရားပေါ်၊မြောက်တန်ဆောင်၊ အရိယဝံသ၊ သတ္တ

ဌာန၊ လောကမာန်အောင် အစရှိသောကျောင်းတိုက်ကြီးပေါင်း ၃၀နှင့် တောရကျောင်းအပါအဝင် ကျောင်းငယ်ပေါင်း ၃၇၀၀ထိတိုးပွားလာပြီး ဓညဝတီခေတ်မှဆင်းသက်လာသော ထေရဝါဒသာသနာတော်မှာ အလွန်ပင်စည်ပင်ခဲ့ပါသည်။ စေတီပုထိုးများမှာ ရခိုင်ပြည်တစ်ဝှမ်းလုံး၌ မြောက်များစွာတိုးပွားခဲ့၍ "သဇင်ပန်းနိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဟုပင် ဆိုစမှတ်ပြုခဲ့ကြရပေသည်။

## ဂိုဏ်းဂဏ ကွဲပြားမှုမပေါ်

ရခိုင်ပြည်တွင် သီရိစန္ဒြမင်း သင်္ဂါယနာတင်ပြီးနောက် ရခိုင်မှုကြိုတန်းပိဋကတ်တော်များနှင့် သီဟိုဠ်(သီရိလင်္ကာ)မူ ပိဋကတ်တော်များရှိခဲ့လေသည်။ မူအားဖြင့်ကျောက်ပန်းတူ(မယူလမ်း)သံဃာ့ရာဇာဆရာတော်၏မူများ၊ ပါဠိအဋ္ဌကထာရခိုင်နိသျှမူများ၊ မြောက်ဦးမြို့ နန်းဦးကျောင်းဆရာတော်၏မူများကိုတွေ့ရပါသည်။ အခြားဆရာတော်၏မူများကိုတွေ့ရပါသည်။ အခြားဆရာတော်များ၏မူများရှိသေးကြောင်းကိုလည်း သိရပါသည်။

တစ်ဖန်ရှေးခေတ်ရခိုင်ပြည် ဗုဒ္ဓသာသနာ့လောက၌ ယခုခေတ်သံဃာ့လောကကဲ့သို့ ဂိုဏ်းဂဏအဖွဲ့အစည်းဟူ၍မတွေ့ရပါ။ ရှေးခေတ်က ဂိုဏ်းဂဏကွဲပြားမှုမပေါ်ပေါက်စေရန် ဝိနည်းမိုရ်ဆရာတော်တို့က ဓမ္မစက်ဖြင့်လည်းကောင်း၊ မင်းများကအာဏာစက်ဖြင့်လည်းကောင်း ပူးပေါင်း၍သာသနာတော်၏အကျိုးကို ဆောင်ရွက်ခဲ့ကြပါသည်။ မြောက်ဦးခေတ်မင်းပါကြီး လက်ထက်တော်က ရှင်ငယ်ဆရာ ဦးမြဝါတင်ပြ၍ မင်းကြီးကအတည်ပြုပေးခဲ့ရသည့် ရွှေမျဉ်းဓမ္မသတ်တွင် ဂိုဏ်းဂဏကွဲများ မပေါ်ပေါက်စေရန် ရည်ရွယ်သောစည်းမျဉ်းများပြဋ္ဌာန်းထားသည်ဟုသိရပါသည်။ ထို့ကြောင့်ရခိုင်ပြည်သံဃာ့လောကတွင် ဝိပဿနာဓုရခေါ် ဇကေစာရပုဂ္ဂိုလ်များနှင့် အန္တဓုရခေါ်ဗဟုစာရပုဂ္ဂိုလ်များဟူ၍ လုပ်ငန်းအခေါ်အဝေါ်အရသာတွေ့ရပါသည်။ ဗဟုစာရဂိုဏ်း၊ ဇကေစာရဂိုဏ်းဟူ၍ ဂိုဏ်းဂဏအနေဖြင့် မတွေ့ရပါ။ ထို့ကြောင့်ပင် မူလထေရဝါဒသာသနာတော်သည် ရခိုင်သမိုင်းတစ်လျှောက် မညှိုးမှိန်ထွန်းပြောင်ခဲ့ခြင်းဖြစ်ပါသည်။

## သီဟိုဠ်(သီရိလင်္ကာ)နှင့် သာသနာဆက်ဆံရေး

ယခုထိတင်ပြခဲ့သည့် ရခိုင်ပြည်၌ထေရဝါဒသာသနာတော်သမိုင်းတစ်လျှောက်လုံးထွန်းကားခဲ့သည့် အကြောင်းကို ပိုမိုခိုင်မာစေရန်အတွက် ရခိုင်ပြည်သည် သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)နှင့် သာသနာဆက်ဆံရေး မည်မျှထိပြုလုပ်ခဲ့သည်ကို အကျဉ်းမျှတင်ပြလိုပါသည်။

ရှင်မဟိန္ဒထေရ်တို့ လက်ထက်မှစ၍ သာသနာတော်အခြေခိုင်မာခဲ့သော သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)တွင် ဝဋ္ဋဂါမဏိမင်းကြီးလက်ထက် စတုတ္ထသင်္ဂါယနာတင်ပွဲကျင်းပပြီးနောက် သာသနာနှစ်၆၀၀မတိုင်မီ မဟာဝိဟာရဝါသီဂိုဏ်းအပြင် စေတဝါနဝါသီဂိုဏ်း၊ အဘယဂီရိဝါသီဂိုဏ်း အစရှိသောဂိုဏ်းကွဲ၊ အယူဝါဒကွဲများပေါ်ပေါက်လာသဖြင့် ဝေါဟာရိကတိဿမင်းလက်ထက်၌ စေတုတျပိဋကတ်ကျမ်းများ မီးရှို့ခံရခြင်း၊ သာသနာနှစ် ၇၀၀ကျော်တွင် အဓမ္မဝါဒီဂိုဏ်းသားများက ရဟန်းတော်များအား သီဟိုဠ်(သီရိလင်္ကာ)မှ နှင်ထုတ်ခြင်း၊ မဟာဝိဟာရဝါသီထေရဝါဒီရဟန်းတော်များ ၉နှစ်တိုင်မိမိတို့ကျောင်းများမှ ထွက်ခွာနေစဉ်အချိန်၌ ကျောင်းတိုက်ပေါင်း ၃၆၄ကျောင်းမှာ ပျက်စီးခဲ့ရခြင်း စသည်ဖြင့် အဓမ္မဝါဒီဂိုဏ်းသားများလက်ချက်ကြောင့် သာသနာတော် ဆုတ်ယုတ်ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ညြက္ကာကုမင်းများရေးထိုးခဲ့ကြသော နာဂအတ္တုနကုဏ္ဍလကျောက်စာအရ ရခိုင်ပြည်နယ်သည် အေဒီ၂ရာစုကပင် သီဟိုဠ်(သီရိလင်္ကာ)မှ ထေရဝါဒသာသနာနှင့် အဆက်အသွယ်ရှိခဲ့ကြောင်း သိရပါသည်။ စန္ဒာသူရိယမင်းမှ၂၂ဆက်မြောက် သူရိယသီရိမင်းလက်ထက်တွင် ရခိုင်ပြည်နယ် ဓညဝတီမြို့မှဆရာတော် ဉာဏသီရိမိပတိထေရ်အရှင်မြတ်သည် အဖော်သံဃာ၁၂ပါးဖြင့် သီဟိုဠ်(သီရိလင်္ကာ)သို့ ပထမ

အကြိမ်သာသနာပြုကြွခဲ့သည်ဟု ရာဇဝင်တွင်တွေ့ရပါသည်။

တဖန် အဓမ္မဝါဒီဂိုဏ်းသားတို့ကြောင့် သီဟိုဠ်(သီရိလင်္ကာ)တွင် သာသနာညစ်နွမ်းပြန်ရာ ရခိုင်ပြည် ဒသရာဇာမင်းလက်ထက်(အေဒီ–၁၂ရာစု)တွင် အတုလဝိဇယဂဏ ပါမောက္ခဆရာတော်အရှင်သူမြတ်သည် ၂၆ပါးသော အဖော်ရဟန်းများနှင့် ကြွရောက်ကာ သီဟိုဠ်(သီရိလင်္ကာ)တွင် ထေရဝါဒသာသနာတော်ကို ပြန်လည်ပြုစုတော်မူခဲ့ကြပါသည်။ နေရဥ္စရာတောင်ငူခေတ် ဧရမာန်မင်းလက်ထက်တွင်လည်း ဥတ္တရဓမသံဃာ့ ဓိပတိဆရာတော်သည် တပည့်ရဟန်း ၃၆ပါးနှင့် သီဟိုဠ်(သီရိလင်္ကာ)သို့ သာသနာပြုကြွခဲ့ကြပါသည်။ မြောက်ဦးခေတ် ဘစောဖြူမင်းလက်ထက် (အေဒီ–၁၄၅၀–၁၄၈၁)တွင်လည်း ရခိုင်ပြည်မှ သိဒ္ဓတ္ထထေရ်ကျော် ဆရာတော်သည် အဖော်သံဃာ ၅၀ဖြင့် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွရောက်ကာ သာသနာပြုကြွခဲ့ကြရပါသည်။ သက္ကရာဇ် ၈၈၇ခုနှ ဘစောသီရိမင်းပါကြီးသည် အိမ်ရှေ့စံအဖြစ်ဖြင့် သံတွဲတွင်စိုးစံနေစဉ် သံတွဲမှ အရှင်တေဇောသာရဆရာတော်နှင့် မြောက်ဦးမြို့မှ အရှင်ဓမ္မဝိလာသနှစ်ပါးတို့သည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ သာသနာပြုကြွခဲ့ကြပြီး သီဟိုဠ်(သီရိလင်္ကာ)မှအပြန်တွင် အံတော်တစ်ဆူပင့်ဆောင်လာ၍ သံတွဲစားမင်းပါကြီးအား ပေးအပ်ကြောင်း ရာဇဝင်များတွင် တွေ့ရပါသည်။

ယင်းနောက် သီဟိုဠ်(သီရိလင်္ကာ)တွင် အင်္ဂလိပ်တို့ရောက်ရှိလာပြီး ဗုဒ္ဓသာသနာကိုချိုးနှိမ်ခဲ့သဖြင့် သာသနာပျက်စီး၍ ဂိုဏ်းပြည့်ရုံမျှပင် သံဃာများကို စုဝေး၍မရသောကြောင့် မဟာဝိဇယဗာတုမင်းလက်ထက်၌ ရာမညတိုင်းမှ သံဃာကိုလည်းကောင်း၊ ဝိမလဓမ္မသူရိယမင်းနှင့် ဝိမလမဟာရာဇာမင်းတို့လက်ထက်တွင် ရခိုင်ပြည်မှသံဃာများပင့်ဆောင်၍ သာသနာတော်ကိုပြန်လည်ပြုစုခဲ့ရကြောင်း၊ သာသနာလင်္ကာရစာတမ်း၌ ဖော်ပြထားပါသည်။

ဟသ်ာတမြို့အဂ္ဂမဟာပဏ္ဍိတအရှင်သောဘဏရေးသားသော “မဟာဒွါရနိကာယ သာသနာ့ဒီပနီ” ကျမ်း၌မူ သာသနာသက္ကရာဇ် ၂၁၃၅ခုတွင် နန်းတက်သော ဝိမလဓမ္မသူရိယမင်းလက်ထက်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ရဟန်းတို့ပင်အလျဉ်းမရှိလေသောကြောင့် ရခိုင်ပြည်မှရဟန်းတို့ကို ပင့်ဆောင်၍ သီရိဝဍ္ဎန မြို့၌ သီတင်းသုံးနေထိုင်စေလျက် ရှိသေစွာလုပ်ကျွေးသည်။ သာသနာနှစ်၂၁၄၀တွင်ဝါလုကမြစ်ကဏ္ဍမ္မဆိပ်၌ နှလုံးမွေ့လျော်ဖွယ်ရှိသော ဥဒကုက္ခေသသိမ်ကို ပြု၍ ရဟန်းတို့ကို ထိုအရပ်သို့ပင့်ဆောင်လျက် သီဟိုဠ် (သီရိလင်္ကာ)အမျိုးသားကောင်းတို့ကို ရဟန်းခံစေသည်။ ရှင်လည်းပြုစေ၍ သာသနာတော်မြတ်ကို စောင့်ရှောက်တော်မူသည်ဟု တွေ့ရပါသည်။သာသနာ၂၂၇တွင်နန်းတက်သောဒုတိယဝိမလဓမ္မသူရိယမင်းလက်ထက်၌လည်း ရခိုင်ပြည်မှရဟန်းသံဃာ ၃၃ပါးကို ပင့်ဆောင်၍ ရှေးနည်းတူ သာသနာပြုရကြောင်းလည်း ဖော်ပြထားပါသည်။

## သံအဖွဲ့များရောက်ရှိ

မြောက်ဦးခေတ် မင်းရာဇာကြီးလက်ထက် (အေဒီ ၁၅၆၃–၁၆၁၂)တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ဝိမလဓမ္မသူရိယမင်းထံမှ လက်ဆောင်ပဏ္ဏာ၊ သာမဏေကြီးတစ်ပါး၊ နောက်လိုက်နောက်ပါများနှင့် စေလွှတ်ပြီး သာသနာပြုစေလွှတ်ပေးပါရန် စာသဝဏ်ဆက်လာသောကြောင့် မင်းရာဇာကြီး၏လျှောက်ထားချက်အရ မြောက်ဦးမြို့မြောက်တန်ဆောင် ဆရာတော်အရှင်စန္ဒိဝိလာသသည် သံဃာတော်၂၀နှင့် အတူ သက္ကရာဇ်၉၆၈ တန်ဆောင်မုန်းလတွင် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွရောက်၍ သာသနာပြုခဲ့ကြပါသည်။ မြောက်ဦးခေတ် မဏိသုဓမ္မရာဇာမင်းလက်ထက်တွင် သာသနာပြုကြွရောက်ပါရန် ပင့်ဖိတ်သည့် သံအဖွဲ့ရောက်လာသော်ငြားလည်း ရခိုင်ပြည် ပြည်တွင်းရေးမငြိမ်သက်သဖြင့် သာသနာပြုစေလွှတ်ခြင်းမပြုခဲ့ပေ။ မြောက်ဦးနန်း၌ မာရမွိယမင်းစိုးစံစဉ် သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ဒုတိယဝိမလဓမ္မသူရိယမင်းထံမှ သံအဖွဲ့များ သင်္ဘောနှစ်စီးဖြင့်ရောက်ရှိလာပြီး သီဟိုဠ်(သီရိလင်္ကာ)သို့ သာသနာပြုကြွရောက်ရန် ထပ်မံတောင်းပန်သဖြင့် အေဒီ ၁၆၉၇ခုနှစ်တွင် မြောက်ဦးမြို့မှ သတ္တဌာနဆရာတော်ကြီး အရှင်ဣန္ဒမဥ္ဇူနှင့် လောင်းကြက်ဆရာတော် အရှင်နန္ဒိစက္ကတို့သည် ဇကေစာရ၊

ဗဟုစာရဖြစ်ကြသော နောက်ပါသံဃာ၄ဝနှင့်အတူ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ကြွရောက်တော်မူကြပြီး သာသနာပြုတော်မူကြပါသည်။

## သာသနာပြန်လည်ထွန်းကားလာပုံ

သာသနာတော်ကွယ်ပျောက်လုမတတ် ဖြစ်နေပြီ ရဟန်းသံဃာမျှပင် ကင်းဆိတ်နေသော သီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် ရဟန်း၄ဝဝဝသီဟိုဠ်(သီရိလင်္ကာ)အမျိုးသားတို့အား သွတ်သွင်းချီးမြှင့်ခဲ့က ရခိုင်ပြည်မှပင်မ မူလထေရဝါဒသာသနာတော်ကို ပြန်လည်ထွန်းလင်းစေခဲ့ပါသည်။ ဤသို့ဖြင့် ရခိုင်ပြည်သည်ဗုဒ္ဓသာသနာ၏ သမိုင်းဦးကပင် ထေရဝါဒသာသနာတော်ထွန်းပြောင်ခဲ့သည်ကို ရာဇဝင်အထောက်အထားများ၊ ကျောက်စာနှင့် ရုပ်ဝတ္ထုပစ္စည်းအထောက်အထားများက ဖော်ပြနေကြပါသည်။ ထေရဝါဒသာသနာတော်သည် ရခိုင်ပြည်တွင် ထွန်းကားခဲ့သည်သာမက အထက်ဖော်ပြပါ မှတ်တမ်းများအရဆိုလျှင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၏လက်ရှိ ထေရဝါဒသာသနာတော်သည် ရခိုင်ပြည်မှ သံဃာထေရ်မြတ်များ ပြန်လည်ပြုစုပျိုးထောင်ပေးခဲ့သော သာသနာတော်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## သာသနာနှစ်ရပ်ရှိနေသမျှ

မျက်မှောက်အခြေအနေတွင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟု ဆိုအပ်သော သာသနာတော်သုံးရပ်လုံးသည် ရခိုင်ပြည်နယ်အပါအဝင်ဖြစ်သော မြန်မာနိုင်ငံတွင် အပြည့်စုံဆုံးနှင့် အခိုင်မာဆုံးရပ်တည်လျက် ရှိပါသည်။ ရခိုင်ပြည်နယ်တွင် သာသနာ၏အဓိကဖြစ်သော ပရိယတ္တိသာသနာတော် ပြန့်ပွားရေးအတွက် မြို့ကြီးအချို့တွင် ပရိယတ္တိစာသင်တိုက်များတည်ထောင်ကာ သင်ကြားပို့ချလျက်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ပဋိပတ္တိသာသနာထွန်းကားရေးအတွက် ပဋိပတ္တိသာသနာပြု ဝိပဿနာကျောင်းတိုက်များလည်း တည်ရှိပါသည်။ ပရိယတ္တိနှင့် ပဋိပတ္တိသာသနာနှစ်ရပ်တည်ရှိနေသမျှ ကာလပတ်လုံး ယင်းတို့၏ အသီးအပွင့်ဖြစ်သော ပဋိဝေဓသာသနာတော်သည် မည်သည့်အခါမျှ ဆိတ်သုဉ်းမည်မဟုတ်ပါ။

## တည်တံ့ထွန်းကားရေး

သာသနာတော်တည်တံ့ရေးသည် သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် ခွဲခြား၍မရအောင်ဆက်စပ်နေပါသည်။ ထွန်းကားနေသောသာသနာကို တည်တံ့အောင်ဆောင်ရွက်ရပါမည်။ တည်တံ့နေသောသာသနာတော်ကို ပြန့်ပွားအောင်ဆောင်ရွက်ရပါမည်။

ဘုရင်ရှင်ပညတ်တော်မူခဲ့သော သိက္ခာပုဒ်၊ ဝိနည်းတော်များကိုတိတိကျကျ လိုက်နာသောရဟန်းသံဃာတော်များက သာသနာတော်အား သက်ဝင်ယုံကြည်ကြရသာ ရဟန်းရှင်လူအပေါင်းတို့အား၊ ဗုဒ္ဓ၏ဒေသနာတော်အစစ်အမှန်ကိုဟောကြားပြသဖြင်း၊ ရဟန်း၊ ရဟန်းမ၊ ဥပသကာ၊ ဥပသိကာမတို့အား မြတ်စွာဘုရားက အရှင်ကိမိလအားဟောကြားပြသောတရားတို့၌ ရိုသေတုပ်ဝပ်မှုရှိနေခြင်းတို့သည် အစဉ်အမြဲရှိနေပါက သူတော်ကောင်းတရားမပပျောက်ဘဲ (ဝါ) သာသနာတော်မဆိတ်သုဉ်းဘဲ အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေမည်ဟု ယူဆပါသည်။

အနာဂတ်ကာလ၌ သာသနာတော်မြတ်ကို လဇ္ဇီသူတော်ကောင်းများစောင့်ရှောက်ကြလိမ့်မည်ဟု သင်္ဂါယနာတင်အရှင်မဟာကဿပအစရှိသော မထေရ်မြတ်တို့အကြိမ်ကြိမ်မှာကြားခဲ့ကြသည်နှင့်အညီ ယခုအခါ မြန်မာနိုင်ငံတော်ဩဝါဒစရိယအဖွဲ့၊ နိုင်ငံတော်ဝိမည်းမိုရ်အဖွဲ့ဖွဲ့စည်း၍ စောင့်ရှောက်တော်မူလျက်ရှိကြပါသည်။ ထိုသို့စောင့်ရှောက်နိုင်ရန် နိုင်ငံတော်တွင် ၁၉၈၁–ခုနှစ်၌ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်း

စုံ သံဃာ့မဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုလ်သံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်ဩဝါဒစရိယအဖွဲ့၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့စသည်ဖြင့် ဖွဲ့စည်း၍ စောင့်ရှောက်တော်မူလျက်ရှိကြပါသည်။ ထိုသို့စောင့်ရှောက်နိုင်ရန် နိုင်ငံတော်တွင် ၁၉၈၀ခုနှစ်၌ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ခေါ်ယူကျင်းပကာ သာသနာတော်ရေရှည်တည်တံ့ရေးကို ဆောင်ရွက်နိုင်ရန် အထက်ဖော်ပြပါသံဃာ့အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ပါသည်။ ရခိုင်ပြည်နယ်၏သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက်လည်း ပြည်နယ်သံဃာ့နာယကအဖွဲ့၊ ပြည်နယ်သံဃာ့ဝန်ဆောင်အဖွဲ့ စသည်ဖြင့် ရခိုင်ပြည်နယ်အတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်တော်မူလျက်ရှိကြပါသည်။ မြို့နယ်အသီးသီးတွင်လည်း သံဃာ့ဝန်ဆောင်အဖွဲ့များဖွဲ့စည်း၍ သာသနာတော်စည်ပင်ပျံ့ပွားရေးကို ဆောင်ရွက်တော်မူလျက်ရှိကြပါသည်။

သို့သော်လည်း လက်ရှိအခြေအနေမျှဖြင့် ကျေနပ်နှစ်သိမ့်မနေသင့်ဟု မြင်မိပါသည်။ ရခိုင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲနေသော ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဆက်လက်၍ ထွန်းကားပြန့်ပွားစေလိုပါလျှင် ရဟန်းရှင်လူများ ဆောင်ရွက်နိုင်ရန် အောက်ပါအချက်များကို အကြံပြုတင်ပြလိုပါသည်။

ရခိုင်ပြည်နယ်အတွင်း သာသနာတော်ထွန်းကားပြန့်ပွားစေလိုလျှင်–

(၁) သာသနာ့အဆက်အနွယ်၊ သာသနာ့မြစ်ရင်းကို ဆင်းသက်ပွားစေခြင်း။

(၂) ပိဋကတ်တော်များ ပို့ချသင်ယူခြင်း၊

(၃) သာသနာတော်မထွန်းကားသေးသော အစွန်အဖျားဒေသများသို့ သာသနာပြုရဟန်းများစေလွှတ်၍၊ သာသနာပြုစေခြင်း။

(၄) ဗုဒ္ဓ၏တရားစစ်တရားမှန်ကို ဟောကြား၍ သာသနာပြုစေခြင်း၊

(၅) သာသနာတော်အား အဘက်ဘက်မှစောင့်ရှောက်မှုပေးခြင်း တို့ကိုဆောင်ရွက်သင့်ပါသည်။

## သာသနာ့မြစ်ရင်းကို ဆင်းသက်တိုးပွားရန်

(၁)သာသနာ့အဆက်အနွယ်၊ သာသနာ့မြစ်ရင်းကို ဆင်းသက်တိုးပွားစေခြင်းဆိုသည်မှာ အနာဂတ်သာသနာတော်၌ သာသနာတော်အား ဆက်လက်စောင့်ရှောက်မည့် သူတော်ကောင်း လဇ္ဇီပုဂ္ဂိုလ်များပေါ်ပေါက်ရေးအတွက် ရှင်သာမဏေရဟန်းငယ်များကို ပြုစုထိန်းသိမ်းရန်ပင် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် အထူးသဖြင့် ကလေးလူငယ်များတွင် ဘာသာရေးအသိတရား အထူးပင်လိုအပ်နေပါသည်။ ကလေးသူငယ်များအများဆုံးစုဝေးရာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ပြဋ္ဌာန်းပေးထားသော ဘာသာရပ်မရှိသေးပါ။ ကလေးသူငယ်များသည် မိရိုးဖလာ ဗုဒ္ဓဘာသာအမည်ခံကြသော်လည်း ဘာသာ ရေးအခြေခံအသိတရားလျော့နည်းနေခြင်းကြောင့် ဆရာသမား၊ မိဘ၊ သက်ကြီးရွယ်အိုများအပေါ် ဂါရဝတရား လျော့နည်းနေသည်ကို တွေ့ရပါသည်။ ယင်းမှာသာသနာတော်အားနည်းလာချက်များမှ တစ်ခုဖြစ်ပါသည်။ ယခုအခါကလေးသူငယ်များသည် ဘုရားတရားသံဃာ ဆရာမိဘအပေါ် မည်သည့်အတွက် ဂရုတရားထားရှိ သင့်သည်ကို အနှစ်ကျကျမသိကြပါ။ ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများမှ ကလေးများမှာ ဝါဝင်၊ ဝါထွက်၊ သင်္ကြန်အစရှိသည့်နေ့ရက်များတွင် ရွာရှိဘုန်းကြီးကျောင်းသို့ အစုလိုက်အပြုံလိုက်သွားကာ ပျော်ပါးဆော့ကစားခြင်း၊ မုန့်စားခြင်းမျှဖြင့်သာ အချိန်ကုန်နေကြပါသည်။ ကျောင်းခြံဝင်းအတွင်း သီလရှင်၊ သီလရှင်မများ၊ သာမဏေရဟန်း၊ ရှင်သာမဏေများအကြားတွင် ရိုင်းရိုင်းပြပြပြောဆိုခြင်း၊ ကရာတေး၊ သိုင်းကစားခြင်း များ ပြုလုပ်နေတတ်ကြသည်ကို တွေ့မြင်ရပါသည်။ ဤအမူအကျင့်များရရှိလာသည်မှာ ယခုအခါကျေးလက်ဒေသထိ ပျံ့နှံ့လာနေသော ဗွီဒီယိုများကြည့်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ နယ်တွင်ပြနေသော ဗွီဒီယိုများတွင် မြန်မာကားများအပြင် နိုင်ငံခြားကားများမှ မဖွယ်မရာသောအမူအရာများ၊ ရခိုင်ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော သရုပ်ဆောင်ကွက်များပါရှိသည်ကို ကလေးသူငယ်များအတုယူကြပါသည်။

အဆိုပါကလေးသူငယ်များသည် သာသနာ့ဘောင်ကိုဝင်ဖို့ဝေးစွ။ လောကီ၌ပင် သူတော်ကောင်းများဖြစ်လာရန် ခဲယဉ်းလှပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း ဝင်လာသောနိုင်ငံခြားဗီဒီယိုကားများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များက ဆင်ဆာ အဖွဲ့ဖြင့် တည်းဖြတ်ပြီးမှသာ ပြသခွင့်ပြုသင့်ပါသည်။

## ကလေးသူငယ်များစုဝေးရာ စာသင်ကျောင်းမှာ

ရခိုင်ပြည်နယ်အတွင်းသာသနာ့မြစ်ရင်းကို ဆင်းသက်တိုးပွားစေလိုလျှင်ကလေးသူငယ်များစုဝေးရာ စာသင်ကျောင်းများ၌ ဗုဒ္ဓသာသနာနှင့်ပတ်သက်သော ဘာသာရပ်တစ်ခုကို ပြဋ္ဌာန်းပေးသင့်ပါသည်။ သို့မှသာ သာသနာတော်အကြောင်းကို နားလည်သဘောပေါက်ပြီး သာသနာမြစ်ရင်း တိုးပွားလာနိုင်ပါမည်။ အခြေခံပညာ ကျောင်းများတွင် မြို့နယ်အလိုက် ထုတ်ဝေပေးသော ဗုဒ္ဓဝင်ရုပ်စုံစာအုပ်များ၊ ဗုဒ္ဓယဉ်ကျေးမှုစာအုပ်များ၊ မဟာမုနိဘုရားသမိုင်းစသည့်စာအုပ်များမှာ စာအုပ်စင်ပေါ်တွင်သာရှိနေကြပါသည်။ ကလေးသူငယ်များအတွင်း အသုံးကျသည်ကိုမတွေ့ရပါ။စာရေးသူတို့ငယ်စဉ်က ဗုဒ္ဓဘာသာကိုဘာသာရပ်တစ်ခုအဖြစ် သင်ယူခဲ့ရပြီး မူလ တန်းကျောင်းများစုစည်း၍ ဗုဒ္ဓဘာသာစာမေးပွဲပြိုင်ပွဲများပြုလုပ်ရာတွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုခဲ့ရဖူးသည်ကို သတိရမိပါသည်။ သာသနာ့မြစ်ရင်းအဆက်အနွယ်ကို ဆင်းသက်တိုးပွားခြင်းမပြုလုပ်နိုင်ပါက သာသနာတော် တည်တံ့ထွန်းကားရေးသည် မဖြစ်နိုင်ပါ။

ဒေဝါနံပိယတိဿမင်းကြီးက ရှင်မဟိန္ဒမထေရ်မြတ်အား သီဟိုဠ်တွင် သာသနာတော်တည်တံ့ပါပြီလော ဟု မေးသည့်အခါ ရှင်မဟိန္ဒမထေရ်က "ပတံဋ္ဌိတံခေါ မဟာရာဇသာသနံ၊ မူလာနိပနာဿနတာဝ ဩကရန္တိ" ဟုဟောပါသည်။ ယင်းအတိုင်းပင် မိမိနေထိုင်ရာ ရပ်ရွာဒေသ၌ မိမိကိုအမှီပြု၍ ကလေးသူငယ်များအား ဘာသာ ရေးအသိဉာဏ်တိုးပွားစေကာ သာသနာ့ဘောင်သို့ရောက်အောင် ပို့ဆောင်မှသာ သာသနာ့အဆက်အနွယ်ကို ဆင်းသက်တိုးပွားစေရန် ဆောင်ရွက်ခြင်းဖြစ်ပါမည်။

## သံသရာမှ လွတ်မြောက်ကြောင်းနည်းသင်ကြား

(၂)သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတော်သည် အဓိကဖြစ်ပါသည်။ ပရိယတ္တိ သာသနာ တော်ကို သင်ကြားပို့ချရာ၌ သံသာရဝဋ်မှထွက်မြောက်ကြောင်း နိဿရဏတ္တစာသင်နည်းဖြင့်ပို့ချခြင်း၊ ခေတ်အခြေ အနေအရ စာမေးပွဲဖြေဆိုရာ၌ အထူးစင်ကြယ်စွာဖြင့် သတိ၊ဝီရိယ၊ သဒ္ဓါ၊ပညာညီမျှစေခြင်းရှိမှသာ သာသနာ ထွန်းကားပါမည်။ ယခုခေတ်ကာလသည် ရှေးခေတ်ကနှင့်မတူတော့သည့်အတွက် ဗျာကရိုဏ်း၊ သဒ္ဒါနှင့် အဋ္ဌကထာ၊ ဋီကာတို့ကိုသင်ကြားပို့ချခြင်းဖြင့် အကုန်မကုန်လွန်စေသင့်ပါ။ ရဟန်းတော်များသင်ကြားရသော စာပေသည် ဗုဒ္ဓဝစနနှင့် နီးနိုင်သမျှနီးရန်လိုအပ်ပါသည်။

ရှေးရှေးအခါက သင်္ဂါယနာတို့၌ သင်္ဂါယနာပြီးဆုံးသည့်အခါ သံဃာထေရ်ကြီးများက "အာဝုသောဣဒံ တုယှံ နိဿိတကေဝါစေဟိ၊ ဣမံတုမှေပရိဟရထ" စသည်ဖြင့် ပိဋကတ်တော်ခွဲခြားသင်ကြားရေးကို ချမှတ်တော် မူခဲ့ကြပါသည်။ ယခုအခါနိုင်ငံတော်က ဦးဆောင်၍ နာယကဆရာတော်ကြီးများကလည်း မြတ်ဗုဒ္ဓပါဠိတော် နှင့်အညီ နီးစပ်နိုင်သမျှ နီးစပ်အောင် နိကာယ်စာမေးပွဲများကျင်းပလျက်ရှိရာ ရခိုင်ပြည်နယ်မှလည်း သာသနာ့ အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာနေသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။ အမှန်ဆိုလျှင် ပိဋကတ်စာပေ ပို့ချရာ၌ သံသရာမှလွတ်မြောက်ကြောင်းနည်းဖြင့် သင်ကြားပို့ချမှသာလျှင် သာသနာတော်၏အကျိုးအတွက် ဖြစ်ပါမည်။

## ကျောင်းထိုင် သံဃာတော်များ အရည်အချင်း

ရခိုင်ပြည်နယ်ရှိမြို့နယ် ၁၇မြို့နယ်၌ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနေထိုင်းတော်မူကြသော ရဟန်းပုဂ္ဂိုလ်များ၏ ပညာအရည်အချင်းမှာ တပြေးညီမရှိသည်ကို တွေ့ရပါသည်။ အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်းအောင်မှအစ ဓမ္မစရိယအပြင် သကျသီဟဘွဲ့ထိရရှိထားကြသော ပုဂ္ဂိုလ်များရှိကြောင်းသိရပါသည်။ ဤအချက်သည် ရခိုင်ပြည်နယ်အတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ရာတွင် အားနည်းချက်တစ်ခုဖြစ်လာနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုရဟန်းသည် မိမိပညာအလိုက်သာလျှင် တရားဒေသနာတော်ဟောကြားခြင်းဖြင့် သာသနာပြုနိုင်ကြသည်ဖြစ်ရာ၊ တရားတော်ကိုကြားနာရသောလူအများမှာ တရားတော်နှင့် ပတ်သက်၍ နားလည်မှုကွာဟပြီး သဘောထားအယူအဆကွဲပြားနိုင်၍ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းထိုင်သံဃာတော်များ ပညာအရည်အချင်းတစ်ပြေးညီရှိစေရန် ဆောင်ရွက်ပေးနိုင်လျှင် ပိုမို၍ကောင်းပါသည်။ သို့မှသာ ရခိုင်ပြည်နယ်အတွင်း သာသနာတော်ထွန်းကားရေး အဆင့်မြင့်မားလာနိုင်ပါမည်။ ကျောင်းထိုင်သီတင်းသုံး မည့်ရဟန်းများအတွက် ပညာအရည်အချင်းအဆင့်အတန်း တစ်ခုခုကိုသတ်မှတ်ပေးသင့်ပါသည်။

ယင်းသို့ပညာအရည်အချင်းတစ်ခုခုကို သတ်မှတ်ပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့တွင် ပရိယတ္တိစာသင်တိုက်တစ်ခု သီးခြားတည်ထောင်ရန်လိုအပ်ပါသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့၌ စစ်တွေမြို့တွင် "ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း" ဟူ၍ဖွင့်လှစ်မည်ဟု သိရပါသည်။ ဤကျောင်းသည်အမှန်ပင် ဆောက်လုပ်သင့်ပါသည်။ သို့သော်ဤ "ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း" ဟူသောအမည်ထက်"ကျောင်းထိုင်ဆရာတော်များ သာသနာ့သိပ္ပံ" သို့မဟုတ် "ကျောင်းထိုင်ရဟန်းတော်များ သာသနာ့ဗိမာန်" ဟူ၍သာအမည်ပေးသင့်ပါသည်။ ဤကျောင်းမှသတ်မှတ်ထားသော အရည်အချင်းကိုအောင်မြင်သော ရဟန်းတော်များကိုသာလျှင် ကျောင်းထိုင်သီတင်းသုံးစေသင့်ပါသည်။ ဤသာသနာ့ဗိမာန်သို့ တက်ရောက်သင်ကြားနိုင်ရန် အခြားသော ပရိယတ္တိစာသင်တိုက်များမှ သင်ကြား၍နိုင်ငံတော်မှ ကျင်းပသောစာမေးပွဲအောင် အဆင့်တစ်ခုကို သတ်မှတ်ထားသင့်ပါသည်။ သို့မှသာလျှင် ရခိုင်ပြည်နယ်အတွင်း ဗုဒ္ဓသာသနာအဆင့်အတန်း တစ်ပြေးညီတိုးတက်လာမည်ဖြစ်ပါသည်။

အခြားတစ်ခုမှာ ရခိုင်ပြည်နယ်အတွင်းစ ပရိယတ္တိစာသင်တိုက်အရေအတွက် နည်းပါးနေပါသေးသည်။ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦးစသည့်မြို့ကြီးများတွင် ပရိယတ္တိစာသင်တိုက်များ ယခုထက်ပိုမိုတိုးချဲ့သင့်ပါသည်။ သာသနာ့အဆက်အနွယ် အရင်းအမြစ်များကိုလည်း အဆိုပါစာသင်တိုက်များတွင် ပရိယတ္တိစာပေများပို့ချသင့်ပါသည်။

## အောင်လက်မှတ်ရမှုသာ

စာရေးသူဆိုလိုသည်မှာ ပရိယတ္တိစာသင်တိုက်များမှ "သာသနာ့ဗိမာန်"က သတ်မှတ်ထားသော အောင်လက်မှတ်ရရှိသော ရဟန်းသည် "သာသနာ့ဗိမာန်"သို့ တက်ရောက်သင်ကြားခွင့်ပြုသင့်ပါသည်။ "သာသနာ့ဗိမာန်"မှ သတ်မှတ်ထားသော အောင်လက်မှတ်ရရှိသော ရဟန်းအား ကျောင်းထိုင်ခွင့်ပြုလက်မှတ်ကို ရခိုင်ပြည်နယ် သံဃာ့ဝန်ဆောင်အဖွဲ့က ဆက်ကပ်သင့်ပါသည်။

အဆိုပါသာသနာ့ဗိမာန်တွင် မြန်မာစာပေဌာန၊ ပါဠိစာပေဌာနနှင့် အင်္ဂလိပ်စာပေဌာနဟူ၍ စာပေဌာနကြီးသုံးခုထားရှိကာ ဗုဒ္ဓသာသနာသမိုင်းဌာန၊ ဗုဒ္ဓစာပေသမိုင်းဌာန၊ ရခိုင်ပြည်သာသနာသမိုင်းဌာနဟူ၍ သမိုင်းဌာနငယ်သုံးမျိုးထားရှိကာ ဘာသာတွဲအလိုက် ပို့ချသင့်ပါသည်။

(၃) ရခိုင်ပြည်နယ်အတွင်း တောင်ကုန်းတောင်တန်းဒေသများ၌ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော်လည်း ဘုန်းတော်ကြီးကျောင်းမရှိသော ကျေးရွာများရှိနေကြောင်း သိရှိရပါသည်။ ယင်းအပြင်ရိုးရာအစဉ်

အဆက် နတ်ကိုးကွယ်ကြသောတိုင်းရင်းသားများ နေထိုင်ရာကျေးရွာငယ်များ ရှိနေသေးသည်ကိုလည်း သိရပါသည်။ ပင်လယ်ကမ်းရိုးတန်းရှိကျွန်းများတွင် တံငါရွာအချို့၌ ဘုန်းတော်ကြီးကျောင်းများမရှိသေးကြောင်း သိရပါသည်။ ထို့ကြောင့်ဖော်ပြပါဒေသများတွင် သာသနာဆိတ်သုဉ်းနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ အဆိုပါဒေသများတွင် သာသနာတော်အမြစ်တွယ် ထွန်းကားရန်ဆောင်ရွက်နိုင်ပါမှ ရခိုင်ပြည်နယ်အတွင်း သာသနာတော်ပိုမိုပြန့်ပွားလာနိုင်ပါမည်။ အဆိုပါဒေသများသို့ သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်နိုင်ရန်အတွက် ပြည်နယ်သံဃာ့ဝန်ဆောင်အဖွဲ့နှင့် မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့တို့က ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

မြတ်စွာဘုရားသခင်က "ချစ်သားရဟန်းတို့ နတ်နှောင်ကြိုး၊ လူနှောင်ကြိုးတို့မှ ငါဘုရားလွတ်မြောက်ခဲ့ပြီ၊ သင်တို့လည်းထိုနှောင်ကြိုးမှ လွတ်မြောက်ခဲ့ပြီ၊ လူများစု၏အကျိုးစီးပွားအလို့ငှာ ချမ်းသာသုခအလို့ငှာ ဒေသစာရီလှည့်လည်ကြကုန်လော့။ လမ်းကြောင်းတစ်ခုတည်းဖြင့် ရဟန်းနှစ်ပါးမသွားကြကုန်လင့်။ အစ အလယ် အဆုံးသုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသောတရားတော်ကို ဟောချေကြ။ သဘောတရားနှင့်အပြောစကား နှစ်ပါးလုံး ပြည့်စုံ၍ထက်ဝန်းကျင် စင်ကြယ်သောသာသနာတော်ကို ထင်ရှားအောင်ပြချေကြ။ ငါဘုရားကိုယ်တော်တိုင်လည်း ဥရုဝေလတော၊ သေနာနိဂုံးသို့ တရားဟောကြွတော့မည်"ဟု တပည့်ရဟန္တာများအား သာသနာပြုစေလွှတ်ကြောင်း၊ မဇ္ဈိမပဏ္ဏာသ၊ ဗောဓိရာဇကုမာရသုတ်၊ ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ မဟာဝဂ်၊ မဟာခန္ဓက၊ ပဋ္ဌဝဂ္ဂီယကထာ၊ ပဗ္ဗဇ္ဇကထာတို့၌ တွေ့ရပါသည်။

သာသနာပြုရာ၌ အချိန်အခါ၊ နေရာဒေသ၊ ဌာနနှင့် မိမိသာသနာပြု၊ တရားဒေသနာဟောကြားမည့်လူများ၏ အခြေအနေအလိုက် သာသနာတော်ကို သက်ဝင်ယုံကြည်လာစေရန် အချိန်ယူ၍ဟောကြားရပါမည်။

ဗုဒ္ဓဘုရားရှင်သည် ယသသူဌေးသား၊ ယသ၏ဖခင်သူဌေးကြီး၊ ယသ၏မိတ်ဆွေ တောသူဌေး–၅၅ဦးအစ ရှိသော အချို့သောလူများကို အချိန်ယူဆုံးမတော်မူရမည်ဖြစ်၍

| | | |
|---|---|---|
| – ဒါနကထာ | – | ဒါနကုသိုလ်နှင့်စပ်လျဉ်းသောတရားတော် |
| – သီလကထာ | – | သီလကုသိုလ်နှင့်စပ်လျဉ်းသောတရားတော် |
| – သဂ္ဂကထာ | – | နတ်ရွာစည်းစိမ်နှင့်စပ်လျဉ်းသောတရားတော် |
| – ကာမာနံ့အာဒီနဝကထာ | – | ကာမတရားတို့၌အပြစ်နှင့်စပ်လျဉ်းသောတရားတော် |
| – နေက္ခမ္မေအနိသံသကထာ | – | ဝဋ်ဆင်းရဲမှလွတ်မြောက်ခြင်းကြောင့် ရရှိနိုင်သော ကောင်းကျိုးများနှင့်စပ်လျဉ်းသောတရားတော် |

ဟူသောကထာစဉ် ၅မျိုးဖြင့် သာသနာပြုခဲ့ပါသည်။ မျက်မှောက်ခေတ်၌ ဗုဒ္ဓ၏တပည့်သားရဟန်းများသည် သာသနာပြုရာ၌ ဗုဒ္ဓ၏သာသနာပြုနည်းကိုလိုက်၍ ဗုဒ္ဓသာသနာ၏အဓိကဖြစ်သော မဂ္ဂရှစ်ပါးတရားတော်ကို ဦးစားပေး၍ဟောကြားသာသနာပြုပါမှ ဗုဒ္ဓ၏သာသနာကိုပြန့်ပွားစေခြင်းဖြစ်ပါမည်။ ကျွန်ုပ်တို့လေ့လာမိသမျှ စာပေများ၊ ပိဋကတ်တော်များနှင့် အဋ္ဌကထာများကို ခြုံငုံ၍သုံးသပ်ကြည့်ပါက ဗုဒ္ဓသာသာနာတော်တွင် မဂ္ဂကျင့်စဉ်သည် အဓိကဖြစ်ကြောင်းတွေ့ရပါသည်။ သည်ထက်အနည်းငယ်အကျယ်ဆိုရလျှင် ဗုဒ္ဓသာသနာ၏သစ္စာလေးပါးမူ၊ ဝိဘဇ္ဇဝါဒ၊ အနတ္တလမ်းစဉ်၊ ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့သည် ပင်မဖြစ်သည်ကို တွေ့ရပါသည်။

ဗုဒ္ဓသာသနာဆိုရာ၌ "သာသနာ"ဟူသောစကားသည် "အဆုံးအမ"ဟူ၍အနက်ရပါသည်။ ဗုဒ္ဓ၏အဆုံးအမသည် သံသရာလည်ရေး၊ နတ်စည်းစိမ်၊ ဗြဟ္မစည်းစိမ်၊ လူ့စည်းစိမ်ခံစားရေးမဟုတ်ပါ။ ထိုစည်းစိမ်များကို သုခဟုဗုဒ္ဓမဟောပါ။ ကိလေသာအနှောင်အဖွဲ့နှင့် ရှိနေသမျှသံသရာမှ မလွတ်နိုင်ပါ။ ဗုဒ္ဓသာသနာ၏အဓိကအချက်မှာ သံသရာမှလွတ်မြောက်သော "နိဗ္ဗာန်ချမ်းသာ"ဖြစ်ပါသည်။ ဗုဒ္ဓသည်သံသရာမှလွတ်မြောက်ကြောင်းကျင့်စဉ်ကိုသာ ဟောကြားပါသည်။ သံသရာမှလွတ်မြောက်ကြောင်းတရားမပါဘဲ သံသရာလည်ရေးတရားဖြစ်နေပါက ထိုတရားသည် ဗုဒ္ဓ၏သာသနာအတွင်းမှ တရားမဖြစ်နိုင်ပါ။

ယခုအခါလေ့လာမိသမျှ ရခိုင်ပြည်နယ်အနှံ့ဘုန်းတော်ကြီးကျောင်းများတွင် သာသနာ့တာဝန်ထမ်းဆောင်နေကြသော သံဃာတော်များသည် အများအားဖြင့်၊ ကုသိုလ်၊ အကုသိုလ်တရား၏အကျိုးအပြစ်နှင့်ကံတရား

အကြောင်းကိုသည်လျှင် ဦးစားပေးဟောကြားနေသည်ကို တွေ့ရပါသည်။ ကုသိုလ်ပြုခြင်း၊ ပေးလှူခြင်း၊ အကျိုးကိုသာ ဇာတ်ဝတ္ထုများဖြင့် ဟောကြားနေသည်ကိုတွေ့ရပါသည်။ ကမ္မသကတသမ္မာဒိဋ္ဌိလမ်းစဉ်ကိုသည် ဦးစားပေးဟောကြားကြသည်ကို တွေ့ရပါသည်။ ဤတွင် ကံကံ၏အကျိုးသည်မရှိ၊ ကောင်းမှုကုသိုလ်၏အကျိုးသည်မရှိ၊ ဤလမ်းစဉ်သည်မှားသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ (ဤလမ်းစဉ်သည်ဗုဒ္ဓ၏သာသနာမှအပ ဖြစ်သောလမ်းစဉ်ဖြစ်ကြောင်းသာဆိုလိုပါသည်။)

မဂ္ဂဖလသမ္မာဒိဋ္ဌိသည်သာ အလင်းထဲသို့ရောက်သည့် အရိယာလမ်းစဉ်၊ ဗုဒ္ဓလမ်းစဉ်ဖြစ်ပါသည်။ ဗုဒ္ဓ၏သာသနာနှင့် အခြားသောသာသနာတို့ကွဲပြားသော အဓိကအချက်မှာ ဗုဒ္ဓသာသနာ၌သာလျှင် မဂ္ဂလမ်းစဉ်ရှိခြင်းဖြစ်ပါသည်။

ဗုဒ္ဓသာသနာ၏ဦးတည်ချက်သည် သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်းလမ်းမှာ မဂ္ဂဖလသမ္မာဒိဋ္ဌိလမ်းစဉ်ဖြစ်သောကြောင့် ဗုဒ္ဓ၏မဂ္ဂသစ္စာတရားတော်ကို ဟောကြား၍သာသနာပြုမှသာလျှင် ဗုဒ္ဓ၏သာသနာအစစ်အမှန်ကို ထွန်းကားပြန့်ပွားစေခြင်းဖြစ်ပါမည်။

(၅)သာသနာတော်အား အဘက်ဘက်မှစောင့်ရှောက်မှုပေးရန်မှာ ဓမ္မနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟဟူသော ချီးမြှောက်မှု၊ ပဂ္ဂဟသာသနာပြုနည်းဖြင့်သာမက နှိပ်ကွပ်မှုဟူသော နိဂ္ဂဟနည်းအားဖြင့်လည်း သာသနာပြုမှသာလျှင် သာသနာတော်အားစောင့်ရှောက်မှု ပြည့်စုံနိုင်ပါမည်။ အိန္ဒိယရာဇဝင်၌ အဇာတသတ်မင်း၊ သီရိဓမ္မာသောကမင်း၊ သီဟိုဠ်(သီရိလင်္ကာ)ရာဇဝင်၌ ဒုဋ္ဌဂါမဏိမင်း၊ မြန်မာရာဇဝင်၌ အနော်ရထာမင်း၊ ဓမ္မစေတီမင်း၊ မင်းတုန်းမင်း၊ ရခိုင်ရာဇဝင်တွင် ဓမ္မစန္ဒြမင်း၊ သီရိစန္ဒြမင်း၊ မင်းရင်ဖြူစသောမင်းများနှင့် သံဃာ့ထေရ်မြတ်တို့သည် သာသနာတော်အားချီးမြှောက်မှု၊ သာသနာ့ရန်စွယ်များအား နှိပ်ကွပ်မှုတို့ဖြင့် အဘက်ဘက်မှစောင့်ရှောက်ခဲ့သည်ကို တွေ့ရပါသည်။ ထိုမင်းများ၏သာသနာတော်အား စောင့်ရှောက်မှုများမှာ အတုယူလောက်ပါသည်။ ထိုမင်းများဆောင်ရွက်မှုများသည် သာသနာတော်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ကြီးမားသော အထောက်အကူများ ဖြစ်ကွယ်သည်ကိုမငြင်းကွယ်နိုင်ပါ။

သာသနာ့သမိုင်း၌လည်း ပထမသင်္ဂါယနာမတင်မီက သုဘဒ်ရဟန်းကြီးပြောဆိုခဲ့ပုံ၊ ဒုတိယသင်္ဂါယနာမတင်မီက ဝဇ္ဇီတိုင်းသားရဟန်းများကျင့်ကြံခဲ့ပုံ၊ တတိယသင်္ဂါယနာတွင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က အဓမ္မဝါဒများကို ကထာဝတ္ထုဖြင့်ပယ်ခဲ့ရပုံ၊ အနော်ရထာမင်းကြီး အရည်းကြီးရဟန်းတို့အား ဖိနှိပ်ခဲ့ရပုံ၊ သီရိစန္ဒြမင်းကြီး ရခိုင်ပြည်ဝေသာလီတွင် ဝါဒဆိုးများပယ်ရန် သင်္ဂါယနာတင်ခဲ့ပုံတို့ကို တွေ့မြင်နိုင်ပါသည်။

သာသနာ့ရန်စွယ်ကို နှိပ်ကွပ်ရာတွင် ဓမ္မစက်နှင့် အာဏာစက်ပူးပေါင်း၍ ပဂ္ဂဟနည်းဖြင့်သာမက နိဂ္ဂဟနည်းဖြင့်လည်း စောင့်ရှောက်ပါမှ သာသနာတော်ကိုပြည့်စုံသော စောင့်ရှောက်မှုဖြစ်နိုင်ပါမည်။ သစ်တစ်ပင်ကို စိုက်ပျိုးရာ၌ စိုက်ပျိုးပြီးရေလောင်းရုံမျှဖြင့် မပြည့်စုံနိုင်သေးပါ။ သစ်ပင်တွင်ကျရောက်လာသည့် ရောဂါပိုးများကိုလည်း ကာကွယ်နှိပ်ကွပ်မှုပြုပါမှ ထိုသစ်ပင်ရှင်သန်ကြီးထွားနိုင်ပါမည်။

ထို့ကြောင့် "ဇဝံ အနုဂတ မဒ္ဒါနံ ပဋိပတ္တိ ဘဝိဿတိ" ဟူသော ဖုဿမထေရ်၏ ဗျာဒိတ်တော်စကားအတိုင်း အကျင့်ဖောက်ပြန်သူများပေါ်ပေါက်လာပါက နှိပ်ကွပ်နည်းအရတားဆီးပိတ်ပင်မှသာ သာသနာတော်ထွန်းကားနိုင်ပါမည်။"လဇ္ဇီနေရက္ခိသန္တိ"ဟူသော ဗျာဒိတ်တော်စကားနှင့်အညီ ရခိုင်ပြည်သံဃာ့နာယကဆရာတော်ကြီးများဦးဆောင်သောသံဃာတော်များသည် မိမိတို့သာလျှင် လဇ္ဇီပေသလသိက္ခာ ကာမများဖြစ်ရုံမျှဖြင့် ကျေနပ်တော်မမူကြဘဲ တပည့်ရဟန်းသာမဏေများကိုလည်း လဇ္ဇီပေသလသိက္ခာကာမများဖြစ်အောင် ဆောင်ရွက်တော်မူခြင်းဖြင့် သာသနာတော်ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြရန် လိုအပ်လှပါသည်။

# ရှေးဟောင်းသာသနိက ပစ္စည်းထိန်းသိမ်းရေး

အခြားတင်ပြလိုသောကိစ္စတစ်ခုမှာ ရှေးဟောင်းသာသနိက ပစ္စည်းထိန်သိမ်းရေးဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း၌ ရှေးဟောင်းစေတီပုထိုးများသည် ကျေးလက်ဒေသများ၌ များစွာရှိနေပါသည်။ သို့သော်အများစုမှာ ပြိုကျပျက်စီးလျက်ရှိနေကြပါသည်။ အချို့မှာ ပြုပြင်၍မရနိုင်တော့သကဲ့သို့ အချို့မှာပြုပြင်၍ ရနိုင်သည့်အခြေအနေတွင်ရှိပါသည်။ များစွာသောစေတီပုထိုးများမှာ မသမာသူတို့တူးဖော်၍ ပျက်စီးနေကြသည့်သတင်းများ မကြာခဏကြားနေကြရပါသည်။ လက်ရှိရခိုင်ပြည်နယ်အတွင်း စေတီပုထိုးအခြေအနေကိုကြည့်၍ တစ်ချိန်က “သဇင်ပန်းခိုင် တမြိုင်မြိုင်” ရခိုင်ဘုရားပေါင်းဟူသော စကားသည်ဟုတ်မှဟုတ်ပါလေစဟုသံသယဝင်စရာဖြစ်နေရပါသည်။ ရခိုင်ကျေးလက်ဒေသများ၌ ယင်းသို့သော စေတီပုထိုးများကိုပြန်လည်၍ ပြုပြင်သင့်လှပါသည်။ စေတီပုထိုးများကို ဖောက်ထွင်း၍ဌာပနာထားသော ရှေးဟောင်းရတနာများကို ခိုးယူ၍ဖြိုခွဲရောင်းဝယ်နေကြသည့် မသမာသူများကို သက်ဆိုင်ရာကျေးလက်မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူတို့ကပူးပေါင်း၍ ရှာဖွေဖော်ထုတ်ကာ တရားဥပဒေအရအရေးယူသင့်လှပါသည်။ သို့မှသာရခိုင်ပြည်နယ်အတွင်း၌ သာသနိက အဆောက်အအုံများနှင့် သာသနာတော်နှင့်ပတ်သက်သော ရှေးဟောင်းအမွေအနှစ်များ ကြာရှည်တည်တံ့နိုင်မည်ဖြစ်ပေသည်။

နိဂုံးအားဖြင့် အထက်တွင် ဖော်ပြခဲ့သောအချက်များကို အာဏာပိုင်အဖွဲ့အစည်းများ၊ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်ပြည်သူများ လက်တွဲ၍ညီညွတ်စွာ ဆောင်ရွက်ကြပါက ရခိုင်ပြည်နယ်အတွင်း ဗုဒ္ဓသာသနာတော်သည် ကမ္ဘာတည်သရွေ့ ထွန်းကားပြန့်ပွားနေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း ဗုဒ္ဓသာသနာတော် ပြန့်ပွားပါစေ။

(ဤစာတမ်းသည် ၁၉၉၄ခုနှစ် ဒီဇင်ဘာလ၁၅ရက်၊ နှစ် ၂၀ပြည့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာ စာတမ်းပြိုင်ပွဲ၌ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ပထမဆုရရှိခဲ့သော စာတမ်းဖြစ်ပါသည်)

# ဉစ္စံထဲကထွက်ကြည့်သူ

## (၁)

ရခိုင်ဆိုင်ရာစာမူတိကို စာအုပ်အဖြစ်ဖန်တီးထုတ်လုပ်သူ ဦးလှမြင့်(ရခိုင်သားကြီးစာပီ)က၊ "ဆရာမောင်ပြုံး (သံတွဲ)စာမူတိကို စာအုပ်ထုတ်ကတ်ပါမေ၊ ဆရာတချက်အကြောင်းကြားပီးပါ။" လို့ဆိုလာရေအတွက်နန့်၊အကျွန် ၏ စာရီးဖော်မိတ်ဆွေ၊ ဆရာဦးတင်ဖေပါးသို့ စာရီးအကြောင်းကြားလိုက်ပါရေ။ ဆရာကပေါက်တောမြို့နယ် ချောင်ကျကျရွာတစ်ရွာ(ကန်ဆိပ်ရွာ) မာကျောင်းဆရာ လုပ်နီစွာနှစ်၂၀–ပင်ကျော်လားယာ။ စာကိစ္စ ပီကိစ္စတစ်ခုခု ဆိုကေ အကျွန်ကစီ၊ ကြားခံလို့ဆက်သွယ်ကူညီရပါရေ။ အကျွန်အကြောင်းကြားလိုက်လို့ ဆရာလေးသော့မနီသာ ပဲ ရွာကုတို့ဘုတ်နန့် စစ်တွေကိုလိုက်ပါလတ်တေ။ အကျွန့်အိမ်က သူ့တဲခိုစခန်း။ဦလှမြင့်ကမ်းလှမ်းချက်ကိုဆရာ က ဝမ်းမြောက်ဝမ်းသာလက်ခံပနာ အကျွန့်ကို သူ့စာအုပ်မာ အမှာစာရီးပီးပါလတ်။

## (၂)

၁၉၈၁–ခုနှစ်မာထင်ပါရေ။ ဆရာကြီးဦးအောင်ကြီးသာ(ပေါက်တောမြို့နယ် ပညာရေးမှူး)က အကျွန့်ကို"ဘွဲ့ရ တစ်ယောက်မူလတန်းဆရာလျှောက်ထားလို့ အင်တင်ဗျူးလုပ်ရဖို့ဆရာ" လို့ပြောရေအတွက်၊ လက်ထောက်ဖြစ်သူ အကျွန်ကစီစဉ်ပီးရပါရေ။ ဗျူးခံဖို့လာသူ ဦးတင်ဖေကိုဆရာကြီးက "ဇာမေဂျာလေး"လို့ မီးရေခါ ''ဖီလော်ဆော်ဖီပါ'' လို့ ဖြေပါရေ။ ယေခါဆရာကြီးက ''ပညာရေးဌာနမာ ဖီလော်ဆော်ဖီ(ဒဿနိကဗေဒ)နန့်ကောင်းကောင်းမကိုက်၊ ယေလေးသော့ဘွဲ့ရဆိုကေခန့်လို့ရယင့်။" လို့ပြောပနာ၊ ဇာ၊ ညာ၊ဆက်မမီးပဲ အလုပ်ခန့်အမိန့်စာထုတ်ပီးလိုက်ဖို့ ညွှန်ကြားပါရေ။ အလုပ်ခန့်အင်တာဗျူးက တစ်မိနစ်လောက်ရာ ကြာပါရေ။ ပြီးကေ ဆရာကြီးလေးသော့ သူ့အကျင့်အတိုင်း လောကွတ်လုပ်မနီပဲ "စုတ်ကနဲ" ထလားခပါထော။

ဆရာဦးတင်ဖေကို အကျွန်ကပင် ဧည့်ခံစကားပြောဗျာ ရုံးခန်းမာကျန်ခပါရေ။ မီးမြန်းကြည့်ရေခါ မောင်ပြုံး(သံတွဲ)ကလောင်နာမည်နန့် ရခိုင်တန်ဆောင်၊ စစ်တွေကောလိပ် မဂ္ဂဇင်းရို့မာဝတ္ထုတို၊ ဆောင်းပါးတိရီးကြောင်း သိလှာရပါရေ။ ရခိုင်ပြည်သို့ဗုဒ္ဓဘာသာရောက်လှာပုံသမိုင်းကြောင်းကို စိတ်ဝင်စားရေလို့သိရပါရေ။"ယေကေ၊ ကိုယ်နန့်ဝါသနာတူစာသမားတစ်ယောက်ရာမလားယေ။ ကိုယ်နန့်လက်တွဲနိုင်အောင်ဆွဲခေါ်ယူလားရဖို့" လို့ အကျွန့်စိတ်ထဲမှာ လျှပ်စီးတစ်ခုလက်ကနဲပွင့်လားဗျာ၊ ရခိုင်ဆိုင်ရာစာဟောင်းပီဟောင်းတိကို ကိုယ့်ပါးကငှါးယူလေ့လာနိုင်ကြောင်း ဖွင့်ဟဆွဲခေါ်လိုက်ပါရေ။ ဆရာနန့်ယင်းခါကပင် စာပီမိတ်ဆွေရင်းအဖြစ် ခင်မင်လားကတ်စွာအေနိုထိဆိုပါဘိ။

## (၃)

ရခိုင်အကြောင်းရီးကတ်သားကတ်တေခါ ကိုယ့်ဝါသနာနန့်ကိုယ်စီပါရာ။ အကျွန်ကမြန်မာစာ ဆရာအဖြစ် ဒေါက်လျှောက်လုပ်လှာရေအတွက် မြန်မာစာ၊ မြန်မာစကားနန့် ရခိုင်စာ၊ ရခိုင်စကားတချို့ကို နှိုင်းယှဉ်လေ့လာရေ ဘာသာရပ်ကို ပိုလို့အားသန်ပါရေ။ ဆရာဦးတင်ဖေကတော့ ဘာသာရေးဒဿနကိုရာစိတ်ဝင်စားပါရေလတ်။ ယေဒါလေးသော့ ရခိုင်သမိုင်းကိုမဖြစ်မနီတွဲဖက်လေ့လာရဖို့"ဆိုရေအမြင်မာတော့ တူနီကတ်ပါထော။ မတူလို့လေးမဖြစ်ပါ။ ဇာဖြစ်ဆိုကေ၊ စာပီကိစ္စဖြစ်ဖြစ်၊ ကိုးကွယ်မှုကိစ္စဖြစ်ဖြစ် နိုင်ငံသမိုင်းကတွဲဗျာပါလှာရေမဟုတ်လား။ သမိုင်းကိုမသိကေ ခေတ်အလိုက်ဖြစ်ပျက်တိုးတက်လှာစွာတိကို နှိုင်းယှဉ်သုံးသပ်မပြနိုင်။ ယေဇူးနန် ရခိုင်သမိုင်းဆိုင်ရာတိကို ရရေဆီ စုဆောင်းလေ့လာရပါရေ။ စုဆောင်းရစွာထဲက ကိုယ်နန့်ဆိုင်ရေဘာသာရပ်ကို ဆွဲထုတ်ယူကတ်တေ။ ဆရာတင်ဖေက ရခိုင်ပြည်သို့ ဇာအချိန်ကပင် ဗုဒ္ဓဘာသာရောက်လှာလေး၊ ထေရဝါဒလား။ မဟာယာနလား။အရောရောလားဆိုစွာကို စူးစူးစိုက်စိုက်လေ့လာပါရေ။ ဂျာမန်လူမျိုးကျောက်စာဝန် ဒေါက်တာ ဂွျန်စတန်၏ "ရခိုင်ပြည်မှ သက္ကဋကျောက်စာများ" စာတမ်း၊ အိန္ဒိယနိုင်ငံသား ဒေါက်တာဆာကား ၏"ရခိုင်ပြည် စန္ဒြမင်းများ၏ကျောက်စာများ"ဆောင်းပါးရို့ကို အကျွန့်စာအုပ်စင်က ရှီးထုတ်ယူပနာ၊ ခါးအောင့်ခံ

ကူးယူပါရေ။ ဩစတြေလျနိုင်ငံသူ ပန်မလာဂတ်မန်၏“ရှိဟောင်းရခိုင်ပြည်”ကျမ်းကိုကူးယူရေခါ ပင်ပန်းအားကြီး လို့ ရောဂါကျပါလားပါလတ်။ ယင်းကျမ်းကစာမျက်နှာ (၃၀၀)ကျော်ပါရေ။ သမိုင်းပါရဂူဘွဲ့ယူကျမ်းပါ။ ယင်းပိုင်ယော့င်ဝိရိယ ထုတ်လေ့လာပါရေ။ ရလှာရေအသိသစ်တိကို ရခိုင်ရာဇဝင်နန့်နှိုင်းယှဉ်သုံးသပ်ကြည့်ရေ။ ပြည်ခြားက ဗုဒ္ဓဘာသာ သမိုင်းသုတေသီတိအဆိုနန့် ချိန်ထိုးကြည့်ရေ။ ကိုယ့်ထင်မြင်ချက် (အမြင်သစ်)ကို အစွဲမထားပဲ ပွင့်ပွင့်လင်းလင်း တင်ပြရေ။

သူ့တင်ပြချက်ကို ကြိုက်သူဟိရေပိုင်၊ မကြိုက်သူလေးသော့မကန်။ သူ့တင်ပြနည်းက တွိရရေအချက် အလက်မာမှီခိုဗျာ အမှန်နန့်အနီးစပ်ဆုံးခန့်မှန်းကောက်ချက်ချရေနည်းဖြစ်တေ။ ခေတ်သစ်သုတေသနနည်းလို့ ပြောနိုင်ဖို့ထင်ပါရေ။

သူ့ပိုင်တင်ပြဖူးသူရခိုင်အမျိုးသားတိ အင်္ဂလိပ်ခေတ်ကပင်ဟိခပါယာ။ မင်းပြားခြိတ်တောင်ဦဆရာတော် ဘုရား ဦးကိတ္တိ၊ ဂုဏ်ထူးဆောင်ကျောက်စာဝန် ဦးစံရွှေပု၊ ရှိနီကြီးဦးသာထွန်းအောင်ရို့ဖြစ်ပါရေ။ ဆရာတော် ဘုရား ဦးကိတ္တိကအိန္ဒိယတခွင် ကွင်းဆင်းဗျာ”အိန္ဒိယကြေးမုံကျမ်းကြီး” ကိုပြုစုခပါရေ။ ဆရာကြီး ဦးစံရွှေပု ကတော့ခါ ရခိုင်ဆိုင်ရာရှိဟောင်းသုတေသန(မြီပေါ်)တွိရစွာတိကို စာတမ်း၊ ဆောင်းပါးတိရီးဗျာတင်ပြခပါရေ။ အေသုံးဦးမာ နှစ်ဦးက၊ လက်တွိကွင်းဆင်းသုတေသနနန့်၊ စာအုပ်စာတမ်းအဆိုကို စီးစစ်သုံးသပ်တင်ပြရေနည်း ကိုသုံးပါရေ။ ဦးသာထွန်းအောင်ကတော့ခါ ကွင်းမဆင်းပဲ စာအုပ်စာတမ်းတိကို လေ့လာဗျာ နှိုင်းယှဉ်သုံးသပ် ကောက်ချက်ချရေနည်းကို သုံးပါရေ။ အေနည်းကို “စားပွဲသုတေသနနည်း”လို့ခေါ်ကတ်တေ။

ယင်းသုတေသီကြီးသုံးဦးရေ ကိုယ့်အမြင်ကို ရာဇဝင်စွဲ၊ အစဉ်အလာရိုးရာစွဲ၊ ပုဂ္ဂိုလ်စွဲမထားပဲ ဓမ္မဓိဋ္ဌာန် ကျကျတင်ပြခကတ်ပါရေ။

ဆရာဦးတင်ဖေတင်ပြရေနည်းက ဦးသာထွန်းအောင်နည်းနန့်တူပါရေ။အကျွန်က အားမရလို “ကွင်းဆင်းရ ဖို့ဆရာ” လို့စီဝေဖန်ပါရေ။ ဆရာခမျာ ကွင်းဆင်းချင်ကေလေးသော့အခွင့်မသာပါ။ သူ့တင်ပြချက်ကို မကြိုက်သူ တိက “ကွင်းဆင်းဖူးလို့လား”?“မဟာယာနဖက်သို့ အားသန်သူ”လို့လေး ကွယ်ရာမာပြောကတ်တယ်။ သူ့မာ ရခိုင်ပြည်ရောက် ဗုဒ္ဓဘာသာနန့်ပတ်သက်လို့ ထေရဝါဒဖြစ်ရဖို့၊ မဟာယာနဖြစ်ရဖို့” ဆိုစွာမျိုးမဟိ။ တွိစွာကို တွိရေအတိုင်းမတွန့်မဆုတ်တင်ပြရေဆိုစွာကို သူ့အဦးဆုံးဆောင်းပါး“ရခိုင်ပြည်ဗုဒ္ဓဘာသာသမိုင်းဦး”(ဧ၂– စစ်တွေကောလိပ်မဂ္ဂဇင်း)က သက်သီခံနီရေ။ အဂုသူ့စာစုမာ လေးသော့အစွဲမထားရေသုံးသပ်ချက်တိကို တွိကတ်ပါ လိမ့်မေ။

**(၄)**

စားပွဲသုတေသနအတွိအကြုံအင်တန်ရလှာရေခါ၊ ကိုယ့်ကိုယ်ကိုယုံကြည်လှာရေထင်ပါယင့်။ ၁၉၉၅–ခုနှစ် မာ “အမြင်သစ်ရခိုင်ပြည်ဗုဒ္ဓသာသနာ” စာတမ်းရီးဗျာ အကျွန့်ကိုပြပါရေ။ ဝေဖန်ပါလတ်။ ကိုယ့်ဘာသာရပ် မဟုတ်လို့ အကျွန့်ကမဝေဖန်တတ်။ “ပရိသတ်ရှိမာတင်ပြဝံ့ဖို့လား” လို့ မီးရေခါ“တင်ပြဝံ့ပါရေ”လို့ ဆိုပါရေ၊ ယေဗူးနန့်စစ်တွေက သုတေသီတိ၊ ကလောင်သျှင်တိရှိမှောက်မာ“ဆရာမောင်ပြုံးစာတမ်းဖတ်ပွဲ” တစ်ခုကို အကျွန်ရို့အိမ်အထက်ဆုံးထပ် (ညကျောင်းခန်းမ)မာလုပ်ပီးလိုက်ပါရေ။ အသံလေးသွင်းယူရေ။ တက်ရောက်သူ တိက ဝိုင်းဗျာ ဝေဖန်ကတ်တေ။ စာတမ်းသျှင်ကလေးသော့ပိုင်ပိုင်နိုင်နိုင် တုံ့ပြန်ယှင်းလင်းရေ။

အကျွန်ရို့အိမ်မာ စာတမ်းဖတ်ပွဲလုပ်စွာက အေတစ်ကြိမ်ကမဟုတ်ပါ။ အယင်လေးကြိမ်တောင်လုပ်ခယာ။ ပထမအကြိမ်မာ ဆရာဦးစံဘော် (မောင်စံဖော်)က “ရခိုင်နန့်ထားဝယ်ရို့၏သရစနစ်” (မဒမ်းဘာနို၏သဒ္ဒဗေဒ စာတမ်း)ကို ယှင်းလင်းပြပါရေ။ ဒုတိယအကြိမ်မာ၊ စစ်တွေမြို့နယ်ယဉ်ကျေးမှုအဖွဲ့၊ အခြေခံရခိုင်စာ“စံ”ဆပ် ကော်မတီက စာတမ်းဖတ်စွာကို ဝိုင်းဝန်းဆွေးနွေးကတ်ပါရေ။ တတိယအကြိမ်က ဝေသာလီပထမအကြိမ် တူဖော်မှုယှင်းလင်းပွဲဖြစ်တေ။ ဦးဆောင်တူဖော်သူဦးမြင့်အောင် (ရှေးဟောင်းသုတေသနဌာန အထက်တန်းအရာဟိ) ကယှင်းပြစွာပါ။ စတုတ္ထအကြိမ်မာ“အခြေခံရခိုင်စာစံဝေဖန်ချက်ဆောင်းပါး”ကို ဆောင်းပါးသျှင် အောင်မြထွန်းကယှင်းလင်းခဖူးပါရေ။

## (၅)

ဆရာ၏ဆောင်းပါးအချို့နန့် "အမြင်သစ်"စာတမ်းကြောင့် အမြင်မကြည်လင်ရေလူတိ၊ အပြန်ကြည့်ရေလူတိ အင်တန်ဟိပါရေ။ ဆရာကတော့မတုန်လှုပ်ပါ။ ကိုယ့်အလုပ်ကိုကိုယ်ဆက်လုပ်တေ။ ယင်းပိုင်အနီအထားမျိုးမာ ဆရာကြီးဒေါက်တာသန်းထွန်းက ရခိုင်ပြည်ဗုဒ္ဓသာသနာနန့်ပတ်သက်လို့ ဆောင်းပါးတစ်ခုနှစ်ခုရီးလီပါရေ။ ဆောင်းပါးတစ်ခုမာ "ဒီမင်း(အာနန္ဒစန္ဒြ)က ဗြဟ္မဏအယူရှိတယ်။ သီဝဂိုဏ်း ဖြစ်မယ်ထင်တယ်"။ လို့သုံးသပ်ပြပါရေ။ နောက်တစ်ခုမာ"ပျူဟာခရစ်နှစ် ၈–ရာစုဆိုရင် ဟိနယနဖြစ်နေပြီ။ ရခိုင်ကဘယ်တုန်းက ဟိနယနဖြစ်ခဲ့ပါသလဲ။" လို့မီးထားပါရေ။ အေယှင့်တိကို ရခိုင်ပြည်ဗုဒ္ဓသာသနာသမိုင်း သုတေသီတိက ပြန်ယှင်းဖို့တာဝန်မဟိပါလားယေ။ အကျွန်ကဆရာဦးတင်ဖေကို "ဆရာတုန့်ပြန်ရဖို့ယေ။ ဆရာ့ဘာသာရပ်မဟုတ်လား။"လို့တိုက်တွန်းပါရေ။ ဆရာကလေးသော့တာဝန်သိစိတ်နန့် ချက်ချင်းတုန့်ပြန်လိုက်ပါရေ။ ယင်းတုန့်ပြန်ဆောင်းပါးတိ မဂ္ဂဇင်းတိမာပါလှာရေခါ ဆရာ့ကိုအမြင်မကြည်လင်ခရေ လူတိအမြင်ယှင်းလားကတ်တေ။ အပြန်ကြည့်လူတိကလေး အသင့်ကြည့်လှာကတ်တေ။ အမှန်ကတော့ ဆရာဦးတင်ဖေမာ ကိုယ့်ခံယူချက်နန့်ကိုယ်၊ အစွဲမထားပဲ ပုံမှန်လုပ်လားစွာရာဖြစ်ပါရေ။

အေပိုင်တုန့်ပြန်တင်ပြနိုင်ရေးအတွက် ဆရာဦးတင်ဖေကို "ကောင်းဟုတ်ကား"လို့ မပြောသင့်ပါသီး။ ဇာဖြစ်ဆိုကေ ယင်းဆရာခမျာ စာကြည့်တိုက်ကောင်းတိကို လက်လှမ်းမမီပါ။ ကိုယ့်ပတ်ဝန်းကျင်မာ ဟိစွာ သျှေလောက်နန့်ရာ ကြိုးစားတင်ပြရစွာပါ။ ကွင်းဆင်းသုတေသနမျိုးဆိုကေ စပင်မစရသီး။

ယေဗူးနန့်ကွင်းမဆင်းဖူးသီးရေဆရာ ဦးတင်ဖေကို ၂၀၀၁–ခုအောက်တိုဘာလ ကျောင်းပိတ်ရက်မာ "ကွင်းဆင်းကတ်မေဆရာ။ ဖြစ်အောင်လာလတ်"လို့ စာပီးဆွဲခေါ်လိုက်ပါရေ။ ဆရာလေးမနီသာပဲ လိုက်လာလတ်တေ။ စစ်တွေအခြီစိုက်၊ မြောက်ဦးသားဆရာ ဦးရွှေသာခိုင်ကို "ကျွမ်းကျင်သူအဖြစ်လိုက်ပါကူညီပါ။"လို့ အကျွန်ကမေတ္တာရပ်ခံဆွဲခေါ်ပါရေ။ စစ်တွေသူမ ပံသုခင်ကိုလေးသော့ "အားကေလိုက်ပါလတ်ကား"လို့ သတင်းပီးခရေ။ သူကတစ်ရက်နောက်ကျပြီး မရာ မြောက်ဦးသို့ရောက်ပါလတ်တေ။

ကွင်းဆင်းခရီးကတော့ ပြောင့်လို့ပါရာ။ ယေဒါလေးသော့ အယင်ကကွင်းမဆင်းဖူးသူဆရာဦးတင်ဖေကို "ကွင်းမဆင်းပဲစာရီးစွာကောင်းမှားမဟုတ်လားယေ"လို့ ကွင်းထဲမာနီသူကလောင်သျှင်တစ်ယောက်က၊ သူကျွေးရေထမင်းဝိုင်းမာပင် ဝေဖန်လိုက်တေ။ ဆရာကတော့အာဂန်တုဖြစ်လို့ သည်းခံခပါရေ။ တည်းခိုခန်းသို့ရောက်ခါ မရာရင်ဖွင့်ပါရေ။ အေကိစ္စနန့်ပတ်သက်လို့ ကိုယ့်အမြင်ကို အေအမှာစာမာပင် ထုတ်ဖေါ်လိုက်ပါမေ။

ရခိုင်မြို့တော်ဟောင်းတိကို နီရာအနှံ့ကွင်းဆင်းဗျာ အဦးဆုံးမှတ်တမ်းတင်ခသူ ဒေါက်တာဖော်ခိုင်မာက "ရခိုင်သမိုင်းရေဒဏ္ဍာရီနှင်းမှုန်ထဲမာနစ်မြုပ်နီရေ။"လို့ရီးဖူးပါရေ။ ယင်းဒဏ္ဍာရီဆန်ရေသမိုင်းကို ဒေါက်တာဂျွန်စတန်က အာနန္ဒစန္ဒြကျောက်စာထဲက တူးဖော်ဆွဲထုတ်ဗျာ'တကယ့်သမိုင်းကား" လို့ဖော်ထုတ်ပီးခပါရေ။ ဒေါက်တာဂျွန်စတင်း ရခိုင်ပြည်သို့မရောက်ဖူးပါ။ ကျောက်စာမင်းကူးကို ကိုယ့်ရုံးခန်းမာဖတ်ပနာ အဓိပ္ပါယ်ဖော်ပီးစွာဖြစ်ပါရေ။ သူ့ဖော်ထုတ်ချက်ကို အိန္ဒိယနိုင်ငံသား သက္ကဋ္ဌပါရဂူ ဒေါက်တာဆာကားက "ဝှက်၊ မှန်ရေ" လို့ စီစစ်ထောက်ခံပါရေ။ နှစ် (၂၀)လောက်ရာပျင်ရေ။ သူလေးသော့ ရခိုင်ပြည်က သက္ကဋ္ဌကျောက်စာမင်ကူးတိကို သူ့ရုံးခန်းမာပင်ဖတ်စွာပါ။ ရခိုင်ပြည်သို့ရောက်ဖူးစွာမဟုတ်။ ယင်းပညာသျှင်နှစ်ဦးလုံး ကွင်းမဆင်းဖူးကေလေးသော့ ဝေသာလီသမိုင်းအစစ်အမှန်ကို ဖော်ထုတ်ပီးနိုင်ခကတ်ပါရေ။ ဇာအတွက်လေး။ သက်ဆိုင်ရေဘာသာရပ်ကို ကျွမ်းကျင်လို့ဖြစ်ပါရေ။ မကျွမ်းကျင်ကေ ကွင်းထဲမာနီကေလေးမသိပါ။ မျောက်အုန်းသီးရပိုင်ဖြစ်ပါရေ။ အုန်းသီးထဲကအုန်းရည်၊ အုန်းဆန်ရို့အရသာဟိစွာကိုတော့ သိပါယက်။ ယေဒါလေးသော့ မခွဲတတ်တေခါ မစားရတတ်ပါ။ ဒေသခံရခိုင်အမျိုးသားတိထဲမာ သုက္ကဋ္ဌကျောက်စာဖတ်တတ်သူမဟိပါသီး။ ယေဗူးနန့်သက္ကဋ္ဌကျောက်စာ(၃)ချပ် (၁။မင်းပြားကျိန်းတောင်၂။ဝေသာလီမြို့တော်ဟောင်း၃။ပါးတော်တောင်ခြီ)ကို နိုင်ငံခြားသို့ပို့ထားရရေလို့ ကြားရပါရေ။

ဆရာဦးတင်ဖေကို ကွင်းမဆင်းလို့ သရော်ဖို့အစား ကိုယ့်ကိုယ်ကိုဝေဖန်ရေးလုပ်ဗျာ ကိုယ့်ဘာသာရပ်ကို ကျွမ်းကျင်အောင်လုပ်ဖို့ လိုပါလိမ့်မေ။

ဆရာဦးတင်ဖေစာတိကို ဦးလှမြင့်က စာအုပ်အဖြစ်ဖန်တီးဗျာ ပရိသတ်လက်ထဲထည့်ပီးလိုက်ပါယာ။ သူ့စာတိကိုဖတ်ကြည့်ကေ သူ့ဆန္ဒ၊ သူ့စေတနာတိကို အကဲခတ်နိုင်ကတ်ပါဖို့ရာ။ အယင်ကွင်းမဆင်းဖူးခါ တောင် အေလောက်ရီးနိုင်ကေ၊ အဂု"မြို့တော်ဟောင်းနှစ်ပတ်၊ ခြီရာထပ်" ပျာလားထားလို့ အယက်ကထက် အားသွန်ဗျာရီးနိုင်လိမ့်မေလို့မျှော်လင့်ရပါရေ။

မောင်ဗသိန်း

၂၀၀၂–ခုစက်တင်ဘာ(၂၇)ရက်

## ရခိုင်နိဒါန်း

# မာတိကာ


စာရေးသူ၏ အမှာ

စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

### အခန်း(၁)ရခိုင်

(၁) သမိုင်းမတင်မီ ရခိုင်ခေတ်ဦး လူမျိုးနွယ်များ

(၂) အမြင်သစ် ရခိုင်နိဒါန်း

(၃) ရခိုင်၏ဇစ်မြစ် နှင့် လမ်းကြောင်း

(၄) ရခိုင်ရာဇဝင် အဆုံးအဖြတ်၊ ဓာပိုင်စွာလဲ

(၅) အာရိယန်လော၊ ပျူလော၊ ရခိုင်လော

### အခန်း(၂)ဓညဝတီ

(၁) ရခိုင်ဓညဝတီမြို့တော်ဟောင်း

### အခန်း(၃)ဝေသာလီ

(၁) ဒွင်စန္ဒြသည် မဟာတိုင်းစန္ဒြလော

(၂) ဝေသာလီခေတ် အမြင်သစ်

(၃) မဟာဝီရကို စစ်ရှုံးသူ

(၄) ဝေသာလီခေတ် သူရိယစန္ဒြမင်း ၂-ပါး

(၅) ပဥ္စာမြို့သက်တမ်းနှင့် မြို့တည်နှစ်

### အခန်း(၄)ရခိုင်ဗုဒ္ဓသာသနာ

(၁) ရခိုင်ပြည် ဗုဒ္ဓသာသနာသမိုင်းဦး

(၂) ရခိုင်ထေရဝါဒသာသန၏ မူလဘူတ

(၃) အေဒီ ၃-ရာစုက ရခိုင်ရောက် ဗုဒ္ဓသာသနာ

(၄) အန္တရာဒေသမှ ကိရာတဒေသသို့

(၅) အေဒီ ၅–ရာစုက ရခိုင်ရောက် ဗုဒ္ဓသာသနာ

(၆) ရခိုင်ပြည်သို့ ပါဠိနှင့် သက္ကတ အရေးအသားရောက်ရှိခြင်း

(၇) ဝေသာလီနှင့် ဗုဒ္ဓအမိတာဘ

(၈) ဝေသာလီစန္ဒြမင်းများ၏ ဘာသာရေးယုံကြည်မှု

(၉) ဝေသာလီခေတ် ဗုဒ္ဓသာသနာစစ်တမ်း

(၁၀) ဝေသာလီဗုဒ္ဓသာသနာနှင့် အနန္တစန္ဒြ

(၁၀) ရခိုင်ပြည် ဗုဒ္ဓသာသနာ အစဉ်အလာစစ်တမ်း

## အခန်း(၅)နောက်ဆက်တွဲ

(၁) သက်သူ့ဇာရှာပုံတော်

(၂) ရှာရှူဂျာ၏ရခိုင်ပြည်စရီး

(၃) ပါဠိ၊ မာဂဓီနှင့် ယင်းတို့၏မူလဘူတ

(၄) လေးမြို့မြစ်ကမ်းအလွမ်းပြေ

(၅) ရမ်းပြည့်တောင်ကျောင်းဆရာတော်၏သမိုင်းဒေသန

(၆) ရခိုင်ပြည်နယ်အတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေး။

(၇) ဥစ္စံထဲကထွက်ကြည့်သူ

# ရခိုင် နိဒါန်း

မောင်ဖြူး(သံတွဲ)